www.burmeseclassic.com

အမြင့်မြတ်ဆုံး ဘဝပန်းတိုင်ကို လမ်းညွှန်ပို့ဆောင်မည့်

# သံသရာလမ်းညွှန်ပညာ

# ဆုတူးပန်အဘိဓမ္မာ

(ပထမအဆင့်)

BURMESE CLASSIC .com

**ဆုတူးပန် ဆရာဟန်**

(B.A., Dip. Ed)

လေးအိမ်စု–အရှင်ဝိစိတ္တသာရ (ဓမ္မာစရိယ–အဂ္ဂမဟာအကျော်) တည်းဖြတ်သည်

"ပြောသလောက်မခက် ခက်သလောက်လွယ်အောင်"
ခေတ်မီ၍ မှတ်သားရလွယ်သော သင်္ကေတနည်းဖြင့် အဘိဓမ္မာ
သဘောသရုပ်ကို ပြည့်ပြည့်စုံစုံ ရှင်းလင်းထားသည်။

အဘိဓမ္မာ စာမေးပွဲ ဖြေဆိုလိုသူများနှင့် ဆရာလွတ် ဆည်းပူးလိုသူများ လက်စွဲ

သာသနာ–၂၅၄၆ ၂၀၀၂ ကောဇာ–၁၃၆၄

www.burmeseclassic.com

www.burmeseclassic.com

သံသရာလမ်းညွှန်ပညာ

# ဆုထူးပန်အဘိဓမ္မာ

(ပထမအဆင့်)

ဆုထူးပန် ဆရာဟန်

( B.A., Dip. Ed )

စာရေးသူမူပိုင်

စာအုပ်ကောင်းထွက်ရှိရေးသည် အစီက။

ပြည်မြန်မာ

ပြည်မြန်မာပုံနှိပ်ထုတ်ဝေရေးလုပ်ငန်း

အမှတ်-၀၀၊ ကျိုက္ကဆံလမ်း၊ တာမွေ၊ ရန်ကုန်မြို့။

(ဖုန်း - ၅၅၆၉၈၉၊ ၅၅၆၉၉၀)

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်စာတမ်း စာနယ်ဇင်း
ကြိုတင်ပုံနှိပ် ထုတ်ဝေခွင့် အမှတ် ၄၈၇/၂၀၀၁ (၇)

✱

စာအုပ်စာတမ်း မျက်နှာဖုံး
ကြိုတင်ပုံနှိပ် ထုတ်ဝေခွင့် အမှတ် ၄၂၄/၂၀၀၁ (၇)

✱

ပုံနှိပ်ခြင်း
ဒုတိယအကြိမ်
(၁၀၀၀)

✱

ထုတ်ဝေခြင်း
ဇူလိုင်လ ၊ ၂၀၀၁

✱

စာအုပ်ချုပ်
အောင်မြန်မာ

✱

ဦးကျော်ဟင်း (ယုံကြည်ချက်စာပေ)
၁၁၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ် က
ထုတ်ဝေ၍

✱

ဒေါ်တင်ရည် (၀၅၄၀၇)
ပြည်မြန်မာပုံနှိပ်တိုက်
အမှတ်-၈၀၊ ကျုံးတွဲဆဲလမ်း၊ တာမွေ၊ ရန်ကုန်မြို့က
မျက်နှာဖုံးနှင့် အတွင်းစာသားများကို ပုံနှိပ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **နိဒါန်း** | |
| ဆုတူးပန်အဘိဓမ္မာမြင်ကွင်း | (က) |
| ယောဆရာတော်၏ နိဒါန်းလမ်းညွှန် | (ဃ) |
| ဆရာကြီးဦးတက်တိုး၏ စကားဦး | (စ) |
| ပြုစုသူ၏ ကျေးဇူးဆပ်လွှာ | (ဇ) |
| ကျမ်းပြုဆရာအနုရုဒ္ဓါ၏ ရတနာသုံးပါးကိုရှိခိုးခြင်း | ၁ |
| အဘိဓမ္မ ဏ္ဍ သင်္ဂဟကျမ်း | ၃ |
| အဘိဓမ္မာသင်ရိုးသဂြိုဟ် (၉) ပိုင်း | ၄ |
| ဗုဒ္ဓအဘိဓမ္မာ | ၅ |
| အဘိဓမ္မာသင်ယူရခြင်းရည်ရွယ်ချက်နှင့်အကျိုးတရား | ၇ |
| **အဘိဓမ္မတ္ထ တရား (၅) ပါး** | ၉ |
| **ပရမတ္ထတရား (၄) ပါး** | ၉ |
| ပညတ်နှင့် ပရမတ် | ၉ |
| ဝေဒနာ (၅) မျိုး | ၁၁ |
| ၁။ **စိတ်ပိုင်း** | ၁၃ |
| **ကာမာဝစရစိတ်** | ၁၄ |
| (က) အကုသိုလ်စိတ် (၁၂) ပါး | ၁၄ |
| (ခ) အဟိတ်စိတ်-(၁၈)ပါး | ၂၅ |
| (ဂ) ကာမသောဘနစိတ်(၂၄)ပါး | ၃၆ |
| **ရူပါဝစရစိတ်** | ၄၈ |
| (က) ရူပါဝစရ ကုသိုလ်စိတ် (၅) ပါး | ၅၁ |
| (ခ) ရူပါဝစရဝိပါက်စိတ် (၅) ပါး | ၅၆ |
| (ဂ) ရူပါဝစရကြိယာစိတ် (၅) ပါး | ၅၇ |
| **အရူပါဝစရစိတ်** | ၅၇ |
| (က) အရူပါဝစရကုသိုလ်စိတ် (၄) ပါး | ၆၀ |
| (ခ) အရူပါဝစရ ဝိပါက်စိတ် (၄) ပါး | ၆၂ |
| (ဂ) အရူပါဝစရ ကြိယာစိတ် (၄) ပါး | ၆၂ |
| **လောကုတ္တရာစိတ်** | ၆၃ |
| (က) လောကုတ္တရာစိတ် အကျဉ်း (၈) ပါး | ၆၃ |
| (ခ) လောကုတ္တရာစိတ် အကျယ်(၄၀) ပါး | ၆၃ |


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| စိတ်အကျဉ်းအကျယ်ကိုသရုပ်ခွဲပုံ | ၇၂ |
| စိတ်ပိုင်းဆိုင်ရာမှတ်သားဖွယ်ရာများ | ၈၀ |
| စိတ်ပိုင်းမေးခွန်းဟောင်းများ | ၈၃ |
| **၂။ စေတသိက်ပိုင်း** | ၈၉ |
| စေတသိက်လက္ခဏာ (၄) ပါး | ၉၁ |
| ၁။ အညသမာန်းစေတသိက် | ၉၃ |
| ၂။ အကုသိုလ်စေတသိက် | ၁၀၀ |
| ၃။ သောဘနစေတသိက် | ၁၀၅ |
| **စိတ်နှင့် စေတသိက်ယှဉ်နည်း** | ၁၁၃ |
| ၁။ သမ္ပယောဂနည်း | ၁၁၃ |
| ၂။ သင်္ဂဟနည်း | ၁၂၂ |
| **နိယတ၊ အနိယတယောဂီ** | ၁၃၁ |
| အများဆုံး၊ အမြဲတမ်း၊ တစ်ပြိုင်နက် ယှဉ်နည်း | ၁၃၃ |
| စေတသိက်ပိုင်းမေးခွန်းဟောင်းများ | ၁၃၇ |
| **၃။ ပကိဏ်းပိုင်း** | ၁၄၄ |
| သင်္ဂဟ (၆) မျိုး | ၁၄၄ |
| ၁။ ဝေဒနာသင်္ဂဟ | ၁၄၅ |
| ၂။ ဟေတုသင်္ဂဟ | ၁၅၀ |
| ၃။ ကိစ္စသင်္ဂဟ | ၁၅၉ |
| ၄။ ဒွါရသင်္ဂဟ | ၁၆၈ |
| ၅။ အာရမ္မဏသင်္ဂဟ | ၁၇၆ |
| ၆။ ဝတ္ထုသင်္ဂဟ | ၂၀၁ |
| ပကိဏ်းပိုင်းမေးခွန်းများ | ၂၁၀ |
| **ကျမ်းကိုးစာရင်း** | ၂၁၈ |

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



# ဆုထူးပန်–အဘိဓမ္မာမြင်ကွင်း

* အဘိဓမ္မာကိုမှ အထိုက်အလျောက် နားမလည်လျှင် ကံကောင်းချင်ပါလျက်၊ ကံကောင်းအောင်လုပ်နည်းကိုပင် သိနိုင်မည်မဟုတ်။ (တိပိဋကဓရ အရှင်သိရိန္ဒာဘိဝံသ (ယော)

* အချောင်ကြီးပွားရေးအတွက် တန်ခိုးရှင်၊ ကယ်တင်ရှင်များနောက်သို့ တကောက်ကောက်လိုက်လို့၊ ငွေကုန်၊ လူပမ်း၊ အယူမမှားကြဘို့ ဆုထူးပန်အဘိဓမ္မာသင်တန်းကို ဖွင့်ထားတယ်။ အဘိဓမ္မာပညာအခံရှိမှ အခက်အခဲတိုင်းကို ရှင်းတတ်တယ်။ (ဆုထူးပန်– ဆရာတော်)

* အတွေ့အကြုံသည် သင်ခန်းစာ၊ အသက်အရွယ်သည် အဆုံးအမ၊ အဘိဓမ္မာပညာသည် ဆရာသမား။ (ဆုထူးပန်– ဆရာဟန်)

* ဆရာဟန် အသုံးပြုသောသင်နည်းမှာ ဆရာ အတတ်ပညာသင်ကြားသောနည်းစနစ် ဖြစ်ပေသည်။ အဘိဓမ္မာအချက်အလက်များကို သင်္ကေတ များ၊ စာရင်းဇယားများဖြင့် မွမ်းမံ၍ အဓိပ္ပာယ်တို့ကို လိုရင်းတိုရှင်းနည်းဖြင့် ရှင်းလင်းသင်ပြနည်းဖြစ် သောကြောင့် ခေတ်မီသည်ဟု ခေါ်ရမည်ကဲ့သို့ ဖြစ်ပါသည်။ (ခေတ်စကားဖြင့် ဆိုခွင့်ရပါမူ "သိပ္ပံနည်း" ဟု ခေါ်ရမည်ကဲ့သို့ပင်။) (စာရေးဆရာကြီး– ဦးတက်တိုး)

* အဘိဓမ္မာပညာအခံရှိမှ ဘဝတိုးတက်ရေးနှင့် လွတ်မြောက်ရေးအတွက် ကုသိုလ်ပြုတတ်မည်။ ဤသို့မဟုတ်လျှင် အကန်းလမ်းလျှောက်ရောက်ချင်ရာရောက်မည်။ (ဗိုလ်မှူးကြီးအုန်းခင် (အငြိမ်းစား) အကျိုးဆောင် ဥက္ကဋ္ဌ)

* ဆုထူးပန်အဘိဓမ္မာ၏ ကျေးဇူးကြောင့် ရရှိထားသော အဆင့်မြင့် နိုင်ငံခြားခေတ်ပညာကို ပါရမီ ကုသိုလ်ဖြစ်အောင် "အကျိုးသိမြင်ဉာဏ်နှင့် ယှဉ်၍" အသုံးချတတ်သွားပါသည်။ (ဒေါက်တာဦးဦးကျော် – ခွဲစိတ်ဆရာဝန်ကြီး ရန်ကုန်အလုပ်သမားဆေးရုံ)

* ဆုထူးပန်အဘိဓမ္မာ၏ ထူးခြားမှုကြောင့် အမြို့မြို့အနယ်နယ်သို့ ပြန့်ပွားရေးအတွက် ကြိုးပမ်းသင့်ပါသည်။ (ဦးစောမင်း၊ ဌာနမှူး၊ ပညာရေးတက္ကသိုလ်၊ မန္တလေး)

* ဆုထူးပန် အဘိဓမ္မာကို ဆည်းပူးရသည့် အကျိုးကြောင့် သာသနာအဆုံးအမကိုရ၍ မိမိ၏ အသိစိတ်ဖြင့် မကောင်းမှုကိုပြုတော့မည်မဟုတ်။ ဒေါ်သန်းရွှေ (တွဲဖက်ပါမောက္ခ၊ မန္တလေးပညာရေးတက္ကသိုလ်)

* ဘုရားသာသနာနှင့် ကြုံကြိုက်တုန်း "ကုလားစာမသင်ဘဲ၊ ဘုရားစာသင်ပါ" ဟု လယ်တီဆရာတော်ကြီး၏ ဩဝါဒကို ဆုထူးပန်အဘိဓမ္မာကို လေ့လာပြီးမှဘဲ ရှင်းသွားပါသည်။ (ဦးထိန်လင်း၊ ရန်ကုန်)

* အဘိဓမ္မာဆိုဒါ "နာရင်ငိုက်မယ်၊ ဖတ်ရင်လည်တယ်၊ ကျက်ရင်ခက်တယ်။" ဆုထူးပန် အဘိဓမ္မာကတော့ "နာရင်ထူးတယ်၊ ဖတ်ရင်လွယ်တယ်၊ ကျက်ရင်မြန်တယ်။" မောင်သော်တာဟုင့်၊ မန္တလေး။

www.burmeseclassic.com

www.burmeseclassic.com



* အဘိဓမ္မာဆိုတာ အင်မတန်ခက်ခဲတဲ့ ပညာကြီးရယ်လို့ ထင်မှတ်ခဲ့ပါတယ်။ သင်ဘို့ရန် မဝံ့ရဲခဲ့ပါ၊ ဒါပေမဲ့ ဆုထူးပန် အဘိဓမ္မာကို လေ့လာဖတ်ရှုရသောအခါ အဘိဓမ္မာပညာတောကြီးထဲမှာ သင်ပြီးရင်း၊ သင်ချင်ရင်းပါဘဲဆရာ။

ဒေါ်မိမိခိုင်၊ မန္တလေး။

* ဆုထူးပန် အဘိ ဓမ္မာကို တစ်မိသားစုလုံး ဆည်းပူးပြီးခါမှ "ရတနာ" အစစ်အမှန်ကို ခွဲခြားသိရှိကြပါသည်။ ဦးသန်းလွင်-ရတနာကုန်သည်၊

မိုလ်ချုပ်ဈေး၊ ရန်ကုန်၊

* ခက်ခဲနက်နဲ၍ သိမ်မွေ့သော အဘိဓမ္မာကို သင်္ကေတနည်းစနစ်ဖြင့် သင်ယူကြရသဖြင့် ခဏချင်း နားလည်ကျင့်သုံးနိုင်ကြပါသည်။ တွေ့ကြုံရသမျှ အခက်အခဲတွေသည် "ကောင်းဘို့ဖြစ်လာသည်ဟု" ယောနိသောမနသိကာရသွင်းတတ်ကြပါသည်။

(ဒေါ်တင်အေး၊ ဒေါ်မြင့်မြင့်သန်း၊ ဒေါ်ဝင်းရီ၊ ဒေါ်ခင်သန်းဌွေး၊ ဒေါ်ခင်ဌွေးမြင့်၊ စော်စက်မေ၊ ဒေါ်မြင့်မြင့်မာ၊ ဒေါ်ရီရီမာ (မန္တလေး))။

*အကုသိုလ်နှင့် အကုသိုလ်အလုပ်၊ ကုသိုလ်နှင့် ကုသိုလ်အလုပ်တို့ကို ခွဲခြားသိရလို့ ဘဝဟာပျော်စရာဖြစ်လာပါတယ်။ အဲဒါဆုထူးပန် အဘိဓမ္မာကြောင့်ပါဘဲ။

ဒေါ်ဆွေဆွေအောင်၊ ကလောမြို့။

* ဆုထူးပန် အဘိဓမ္မာကို လေ့လာဆည်းပူးကြည့်သောအခါ ကျမအတွက် အဘိဓမ္မာပညာသည်မရှိမဖြစ်လိုအပ်နေပါသည်။ နှင်းပွင့်ဖြူ (နန်းရှေ့မန္တလေး)

* ဆုထူးပန် အဘိဓမ္မာကို လေ့လာသင်ယူရတာကြောင့် ကျမအဖို့ ခုမှလူဖြစ်ရသလိုခံစားရပါတယ်။

(ဆရာလေး- မစန္ဒာထေရီ (၁၀) တန်းအောင်၊ လှိုက်ကော်မြို့)

* ပုထုဇဉ်လူသားပီပီ၊ လောကဓံ တရားနှင့်တွေ့ကြုံရလျှင် ပူဆွေး၊ ငိုကြွေး၍ ဖြေဆည်ခဲ့ပါသည်။ ငိုကြွေးခြင်းသည် အပြစ်မရှိဟု ယူဆခဲ့ပါသည်။ ဆုထူးပန်-အဘိဓမ္မာကို လေ့လာပြီးခါမှ ပူဆွေး၊ ငိုကြွေးခြင်းသည် "အကုသိုလ်စိတ်" ဟု သိရပြီး ငိုစရာနှင့် ကြုံလျှင် မငိုတော့ပါ။ ဆင်ခြင်တတ်လာသည်။ (ဒေါ်နွဲ့နွဲ့ရည် (ဆုထူးပန်- ဓမ္မဗိမာန်၊ ကျောင်းအမ)

* နေ့စဉ်ဘဝတွင် ကုသိုလ်စိတ်များများဖြစ်အောင် ကျင့်ကြည့်ရာ ပတ်ဝန်းကျင်နှင့် ပိုမိုအဆင်ပြေကြောင်းတွေ့ရပါသည်။ ဒါဟာ ဆုထူးပန် အဘိဓမ္မာရဲ့ လက်တွေ့ အကျိုးပါဘဲ။

(ဒေါ်ဝင်းငွေ၊ နန့်စီအောင်၊ မိုးညှင်း)

* ဘဝသံသရာ လမ်းရှည်ကြီးပေါ်မှာ လျှောက်လှမ်းနေတဲ့ ကျမဟာ,ဘဝသံသရာလမ်းတိုပေါ်သို့ ပြောင်းလဲ လျှောက်တတ်သွားခြင်းသည် ဆရာရဲ့ ဆုထူးပန်- အဘိဓမ္မာက ကူညီလို့ပါဘဲ။

ဒေါ်စိန်စိန်ဦး (ညံတော ပြင်ဦးလွင်မြို့)

* အဘိဓမ္မာ ပညာကို လွန်ခဲ့သော ၁၀ နှစ်လောက်ကထဲက တတ်ချင်နေပါတယ်။ ဆုထူးပန် အဘိဓမ္မာကို လေ့လာလို့ ကျင့်ကြံရမဲ့ စိတ်နေစိတ်ထား နည်းလမ်းကောင်း ရတနာကို, ရတဲ့နေ့ကို ကျမရဲ့ နေ့ထူး၊ နေ့မြတ်လို့ မှတ်လိုက်ပါပြီ။

ဒေါ်စန်းစန်းကြည် (B.Sc.ဆားမော်၊ မိုးကောင်းမြို့နယ်)

www.burmeseclassic.com

www.burmeseclassic.com



* ဆုထူးပန်၊ ဆရာဟန်၏ အဘိဓမ္မာကို လေ့လာခွင့်ရခြင်းကြောင့် အရသာပေါ်အောင် တရားနာတတ်ပါသည်။ အရသာပေါ်အောင် တရားစာပေများကို ဖတ်တတ်လာပါသည်။

ဦးညွန့်ဝေ (ဖဆပလ)၊ ရန်ကုန်

* ဆုထူးပန်– အဘိဓမ္မာကို လေ့လာပြီးနောက် ဒေါသကြီးတတ်သော ကျမအတွက် ဒေါသနည်းသွားတာ အမှန်ပင်ဖြစ်ပါသည်။

ဒေါ်ခင်မျိုးနွယ်၊ နန့်ပွန် (အင်းတော်ကြီး၊ ကချင်)

* အဘိဓမ္မာဆိုတာ ခန္ဓာထဲက ရတနာ၊ ထိုရတနာကို အသုံးချတတ်ရန် လမ်းညွှန်ပြသည်ကလည်း အဘိဓမ္မာ။

ဒေါ်စန်းမြင့် (ဖဆပလ– ရန်ကုန်)

* ဆုထူးပန်– အဘိဓမ္မာကို လေ့လာပြီးနောက် သံသရာကျွန်၊ တဏှာကျွန်ဘဝမှ လွတ်မြောက်ရန် တရားဘာဝနာကို ဆောက်ချလုပ်တော့မည်ဟု ဆုံးဖြတ်လိုက်ပါသည်။

ဒေါ်တင်မြ (ဟိုပင်– ကချင်)

* ကျမတို့ အသက်မွေးဝမ်းကျောင်းအတွက် သင်ယူထားသော လောကီပညာတို့သည် လောကီအကျိုးပြုလုပ်ငန်းသက်သက်ဟု ထင်မြင်ခဲ့ကြပါသည်။ ဆုထူးပန် အဘိဓမ္မာဉာဏ်မျက်စိပွင့်လာမှ အကျိုးသိမြင်ဉာဏ်နှင့်ယှဉ်၍လုပ်ကိုင်တတ်လျှင် ပါရမီကုသိုလ်ဖြစ်ကြောင်းသိရပါသည်။ ပိုမိုပျော်ရွှင်မှုဖြစ်ကြပြီး ပီတိကိုစားအားရှိနေကြပါသည်။

(ဒေါ်ရီရီလင်း (လ/ထ ကထိက)။ ဒေါ်ခင်ရီလင်း (နည်းပြ)၊ ဒေါ်စန်းစန်းမော် (နည်းပြ)။ ဒေါ်မိမိအေး (ဌာနစုမှူး)၊ ဦးတင်ဋ္ဌေ (စာရေးကြီး) (ပညာရေးတက္ကသိုလ်၊ မန္တလေး)။

* အဘိဓမ္မာကို မသိမီ မိမိခန္ဓာကိုယ်သည် **မြေဆိုင်နှင့်တူ၏**။ ဆုထူးပန် အဘိဓမ္မာကို လေ့လာပြီးသောအခါ မိမိခန္ဓာကိုယ်သည် **ပြည်တန်ဖိုးတိုက် ပစ္စည်းများနှင့်တူ၏**။

ဦးလှထွန်း (ဖဆပလ–ရန်ကုန်)

* လက်ငင်းချက်ခြင်း အနေတတ်၍ အသေတတ်အောင် ဆုထူးပန်အဘိဓမ္မာက အကျိုးပြုပါသည်။

(ဒေါ်ကြည်ကြည်မြင့်– ကန့်ဘလူ(စစ်ကိုင်း)၊ ဒေါ်ကြေည် ရေပ်မွန်၊ မန္တလေး)

* အချိန်တိုအတွင်း ဆုထူးပန် အဘိဓမ္မာ သင်တန်းကို ဆည်းပူးခွင့်ရသဖြင့် လျှောက်ရမည့်သံသရာလမ်း, တိုအောင် နေ့စဉ်နေ့တိုင်းလုပ်ငန်းတွင် အပြစ်ကင်းရမည်ကို သိမြင်ခွင့်ရသဖြင့် အကျိုးထူးပါသည်။

"တို့နယ်တစ်ဝှမ်း၊ နိုင်ငံအဝှမ်း၊ ကမ္ဘာအဝှမ်း၊ ဆုထူးပန် အဘိဓမ္မာကြိုင်လှမ်းပါစေ။

(ဒေါ်ချွန်ချွန်ဦး (BA) ဒေါ်အေးသ (LL . B) မိုးကောင်း၊ ကချင်)။

* ဆုထူးပန် ဆရာဟန်၏ အဘိဓမ္မာကို လေ့လာခွင့်ရပါသဖြင့် ဘဝလွတ်မြောက်ရေးအတွက် အထောက်အကူပြုသည့် ဘဝတိုးတက်ရေးလုပ်ငန်းများကို အချိန်မရွေးနေရာမရွေး လုပ်နိုင်ကြောင်းကို သိခွင့်ရပါသည်။

ဒေါက်တာ အောင်ကြည် (သုတေသန– ရန်ကုန်)

* အဘိဓမ္မာကို လေ့လာဖတ်ရှုနေခဲ့တာကြာပါပြီ။ ဆုထူးပန် အဘိဓမ္မာကို လေ့လာခွင့်ရမှဘဲ ရှင်းကနဲ လင်းကနဲဖြစ်ပြီး ကွင်းကွင်း ကွက်ကွက် သဘောပေါက်သွားလို့ "လူဖြစ်ရကျိုးနပ်ပါပြီ။"

(ဒေါ်ကျင်သန်း (BA, BEd) ရွှေလုံ၊ ရေစကြို၊ မကွေးတိုင်း။)

www.burmeseclassic.com

www.burmeseclassic.com



နိဒါန်း

# တိပိဋကဓရ ယောဆရာတော်၏ နိဒါန်းလမ်းညွှန်

**"တရားအသိ, လူမျက်စိ"**

* ရ–သိ, မှတ်–သိ၊ ခွဲ၍သိ၊ အသိ ၃–မျိုးပြ။
* ရှေ့ ၂–မျိုးမှု၊ မစုံဟူ၊ အပူ မကင်းကြ။
* ခွဲသိ ပညာ၊ ရှိမှသာ၊ မှန်စွာ အားထုတ်ကြ။
* တရားအသိ၊ လူမျက်စိ၊ အကြည့်မှန်၍ စိတ်အေးရ။
* အဘိဓမ္မာ၊ သိစရာ၊ သေချာ လမ်းညွှန်ပြ။

လူ၏ အသိသည် အာရုံကို ရယူရုံမျှသာသိသော အသိ (စိတ်သိ= ဝိညာဏ်သိ), အာရုံကို မှတ်သားရုံမျှသာသိသော အသိ (သညာသိ), အာရုံကို အရှိအတိုင်း ခွဲခြမ်းစိတ်ဖြာ ကောင်းစွာမြင်နိုင်သောအသိ (ပညာသိ) ဟု ၃– မျိုးရှိသည်၊ ထို ၃–မျိုးတွင် ရှေ့အသိ ၂–မျိုးမျှဖြင့် လူ့အသိမစုံလင်သေး၊ အပူလည်း မကင်းနိုင်သေး၊

**"ခွဲသိ ပညာရှိ"** မှ လူ့အသိစုံလင်မည်၊ ခွဲသိပညာတွင်လည်း ဘဝခန္ဓာထမ်းဆောင်ရေး ၁–ဖက်မြင်ပညာလောက်မျှဖြင့် လူ့အသိမပြည့်စုံနိုင်သေး၊ စိတ်လည်းမအေးရသေး၊ လူ၏ လုပ်ပိုင်ခွင့်ကိုလည်း ပြည့်ဝအောင် မသုံးနိုင်သေး၊ **"ဘဝခန္ဓာ အသုံးချရေးနှင့် ဘဝခန္ဓာလွတ်မြောက်ရေး"** ဆိုင်ရာ ၂–ဖက်မြင်ပညာထိ ရှိထားမှ လူ့အသိ ပြည့်စုံ၍ စိတ်အေးရမည်၊ လူ့လုပ်ပိုင်ခွင့်ကို ပြည့်ဝစုံလင် အကွက်စေ့အောင် သုံးနိုင်မည်ဖြစ်သည်။

သာသနာ့ လမ်းညွှန်တရားသည် ၁–စည်းကမ်းပိုင်း (ဝိနည်း) ၂–နည်းလမ်းပိုင်း (သုတ္တန်) ၃–သဘောတရားပိုင်း (အဘိဓမ္မာ) ဟု ၃–ပိုင်းရှိရာ **"ရှေ့ ၂ပိုင်းကို သဘောတရားပိုင်းဖြင့် ထိန်းကွပ်လမ်းညွှန်တိုင်းတာ ဆုံးဖြတ်ပေးပေသည်။** အဘိဓမ္မာလာ သဘောတရားများသည် အစဉ်ထင်ရှားရှိနေသည့် ကမ္ဘာ့အရိုးခံ တရားများဖြစ်သည် ရှိသော်လည်း လောကီခေတ်မီစက်ကိရိယာမျိုးစုံဖြင့် သုတေသနလုပ်ကာ စမ်းသပ်၍ သိနိုင်သော တရားများ မဟုတ်ကြ၊ အတွေးအခေါ်မျှဖြင့် နခမ်းသတ်, အောင်ခတ်၍ထားရမည့် တရားများလည်း မဟုတ်ကြ, **တကယ်သိအောင်, တကယ်လေ့လာ၍ တကယ်လေ့လာသလောက်, တကယ်သိကာ, တကယ်သိသလောက်, လက်တွေ့ချက်ခြင်း အသုံးချနိုင်သည့် တကယ့်သဘာဝစစ်စစ် တရားများဖြစ်သည်၊ သာသနာ့ကျေးဇူးကြောင့်သာ သိရခြင်းပေတည်း။**

အမှန်အားဖြင့် အဘိဓမ္မာကိုမှ အထိုက်အလျောက် နားမလည်လျှင် လူ့ဘဝအသုံးချရန် အပိုင်း၌ များစွာ နစ်နာလစ်ဟင်းဆုံးရှုံးသွားနိုင်ပေသည်။ **ကံကောင်းချင်ပါလျက် ကံကောင်းအောင် လုပ်နည်းကိုပင် သိနိုင်မည်မဟုတ်။** အဘိဓမ္မာကို အထိုက်အလျောက်တတ်သိ နားလည်ထားမှ လူ့ဘဝကို ပိုင်နိုင်စွာ အသုံးချတတ်မည်၊ တရားဆိုင်ရာ စာပေများကို အရသာပေါ်အောင် ဖတ်တတ်မည်၊ တရားနာကြားလျှင်လည်း အရသာပေါ်အောင် လေးနက်စွာ နာတတ်မည်၊ တရားအားထုတ်လျှင်

www.burmeseclassic.com

www.burmeseclassic.com



လည်း စိတ်နှင့်အာရုံ နေရာမှန်ထားတတ်၍ ဉာဏ်အမြင်ရှင်းလွယ်မည်။ အဘိဓမ္မာ၏ ခွမ်းရည် ကျေးဇူးကား များပြားလှပါ၏။

ဆုထူးပန်ဆရာဟန်၏ အဘိဓမ္မာ လမ်းညွှန်ကျမ်းသည် ခက်ခဲကျယ်ဝန်းသော အဘိဓမ္မာကို လူငယ်များပင် နားလည်နိုင်အောင် ခေတ်မီသရုပ်သဘော, ဇယား, သင်္ကေတ များဖြင့် ရှင်းလင်းစွာ ပြထားသဖြင့် အဘိဓမ္မာလေ့လာသူတိုင်း လက်စွဲပြုသင့်လှပေသည်။

အရှင်သီရိန္ဒာဘိဝံသ
(တိပိဋကဓရ ယောဆရာတော်)
မဟာဝိသုဒ္ဓါရုံ ရွှေကျောင်တိုက်သစ်၊
ဗဟန်း၊ ရန်ကုန်မြို့။
နေ့စွဲ ၁၉၉၆ ခု စက်တင်ဘာလ (၁၇) ရက်။

www.burmeseclassic.com

www.burmeseclassic.com



# စာရေးဆရာကြီး ဦးတက်တိုး၏

# စကားဦး

ဆရာဟန် (ဆုထူးပန်–ဆရာဟန်) က သူပြုစုထားသော "ဆုထူးပန်အဘိဓမ္မာ" စာအုပ်အတွက် စာမူ မိတ္တူတစ်အုပ်ကို ယူလာပြီးလျှင် အမှာစာရေးဖို့ ဆိုလာသည်။ ကျွန်တော်မိတ်ဆွေတစ်ယောက်၏ ဆန္ဒကို မငြင်းပယ်လိုသဖြင့် ချက်ခြင်းပင် ရေးပေးရန်ဝန်ခံလိုက်ပြီး အမှာစာမူကို ရက်သတ္တအတွင်းပေးရန် ချိန်းဆိုလိုက်ပါသည်။

ဆရာပြန်သွားပြီးခါမှ ကျွန်တော်တွေးမိသည်။ အဘိဓမ္မာပညာကို မည်သို့မျှ မကျွမ်းကျင်သော လူပြိန်းသက်သက်ဖြစ်သည့် ကျွန်တော့်ကို အမှာစာရေးခိုင်းသည်ကို ပြန်လည်တွေးတော ငေးမောနေမိပါသည်။

ကျွန်တော်သည် ဗုဒ္ဓစာပေ၌ မည်သည့်နည်းဖြင့်မျှ တတ်ကျွမ်းသည်ဟု မဆိုနိုင်ရုံမျှမက၊ သာမန်ပုဂ္ဂိုလ်တစ်ယောက်မျှသာဖြစ်ကြောင်း ကျွန်တော်သာ သိပါသည်။ သို့ပါလျက် ဆရာဟန်က ကျွန်တော့်ကို အမှာရေးခိုင်းသည်မှာ အံ့သြစရာဟု ထင်မိပါသည်။

ရက်ချိန်းပြည့်သောအခါ ဆရာရောက်လာပါသည်။ ကျွန်တော်က ဆီးကြို၍ အားနာစွာ၊ "ကျွန်တော်အဘိဓမ္မာနှင့်ပတ်သက်၍ သာမန်လူပြိန်းသက်သက်ဖြစ်ပါလျက်နှင့် ဆရာကဘာကြောင့် အမှာ ရေးခိုင်းပါသလဲဟု ပွင့်လင်းစွာ မေးလိုက်ပါသည်။ အဘိဓမ္မာအကြောင်းနှင့်စပ်လျဉ်းလျှင် ဘာသာရေး၌ ဆရာတစ်ဆူမှတ်ယူ ကြည်ညိုထိုက်သော ရဟန်းရှင်လူတစ်ဦးဦးကို ချဉ်းကပ်တောင်းပန် သင့်ကြောင်း ပြောပါသည်။"

ဆရာက ပြန်ပြောသည့်စကားမှာ၊ "အဘိဓမ္မာအကြောင်း နိဒါန်းရေးဖို့တော့ ဆရာတော်တစ်ပါးကို လျှောက်ထားလို့ ဆရာတော်က နိဒါန်းစာမူချီးမြှင့်ပြီးပါပြီ။ ကျွန်တော် ဆရာကြီးဆီက အမှာလိုချင်တာက သင်တန်းတက်ဖူးသူတစ်ဦးရဲ့ ရှုထောင့်မှ ရေးတဲ့အမှာစာပါ။ ဆရာကြီးနဲ့ဆရာမကြီးတို့က ဆုထူးပန်ကျောင်းမှ ပထမဦးစွာ ထိုသင်တန်းကို တက်ရောက်ကြတယ်လေ––။ ဒါကြောင့် ဆရာကြီးကို ကျွန်တော်ရဲ့သင်ပုံသင်နည်းကို လေ့လာသုံးသပ်မှုကို အခြေခံတဲ့ ဆရာရဲ့သင်တန်းသားတို့ရဲ့ အမြင်ကို ကိုယ်စားပြုပြီး အမှာရေးပေးစေချင်တာပါ၊" ဟူ၍ပင်။

ဆရာဟန်က သူကျွန်တော်ထံမှ လိုချင်သောစာမူမှာ နိဒါန်းမဟုတ်၊ အမှာလည်းမဟုတ်ပေ။ သူလိုချင်ရင်းမှာ ကျွန်တော်၏ "စကားဦး" သန်းမှုမျှသာ ဖြစ်သည်။ သူ့ဆန္ဒသည် လျော်ကန်လှပေ၏။

ဆရာဟန်က ကျွန်တော့်ကို "စကားဦးသန်း" စေချင်ကြောင်း သိရပါပြီ။ ကျွန်တော်က စကားဦးသန်းလိုက်လျှင် အခြားသူတို့က သူတို့၏ ထင်မြင်ချက်၊ ခံယူချက်တွေကို အနည်းဆုံးသူတို့ အချင်းချင်း သူတို့နည်းသူတို့ဟန်ဖြင့် အဘိဓမ္မာသင်တန်းအတွေ့အကြုံတွေကို ပြောပြ ဆွေးနွေးကြမည်။ သင်တန်းမတက်ဖူးသေးသူ၊ သူတို့မိတ်ဆွေတွေကို စကားစပ်မိတိုင်း သူတို့အတွေ့အကြုံတွေကို ပြောပြလိမ့်မည်။ ယင်းသို့ပင် စကားဖြင့် သတင်းဖြန့်ကြကောင်း ဖြန့်ကြပေလိမ့်မည်။ ယင်းသို့ပြုခြင်းသည်ပင်လျှင် ကုသိုလ်ကောင်းမှုတစ်ရပ် ဖြစ်ပေသည်။ ယင်းသို့သော ကောင်းမှု၏အကျိုးထူးကို ဗုဒ္ဓဘာသာဝင်အတော်များများအား မျှဝေနိုင်ပေလိမ့်မည်။

ကျွန်တော်စကားဦးသန်းလိုသည်မှာ ဤသို့ပင်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့်ဒေါ်နုယဉ်တို့သည် သာသနာရေး၌ စေတနာသဒ္ဓါထက်သန်ကြသော်လည်း လူ့ဘောင်လောကအကျိုးကို လောကီနည်းဖြင့် ဆောင်နေကြရသောကြောင့်တစ်ကြောင်း၊ လူမှုရေး ဗါဟီရလုပ်ငန်းတာဝန်များ၊ကြောင့်တစ်ကြောင်း၊ အချိန်မရလှသဖြင့် ဆုထူးပန်ပရိယတ္တိစာသင်တိုက်၌ ဖွင့်လှစ်သောအဘိဓမ္မာသင်တန်းသို့ သင်တန်းကာလတစ်ဝက်မျှသာ တက်နိုင်ခဲ့ပါသည်။ ကျန်ရှိနေသေးသောပို့ချချက်များကို စာအုပ်မှာသာ ဖတ်ရှုလေ့လာကြရပါသည်။

သင်တန်းသို့ တစ်ဝက်တစ်ပျက်တက်ရောက်လိုက်လျှင်ပင် ဆရာဟာန်၏ သင်ကြားမှုနည်းများနှင့်ဆရာ၏ သင်ကြားမှု စွမ်းရည်တို့ကို ကောင်းစွာ နားလည်လိုက်ပါသည်။ ဆရာဟာန်သည် ဝါရင့်အထက်တန်းပြ ကျောင်းဆရာတစ်ဦး ဖြစ်ခဲ့သည်။ ထို့ကြောင့် ဆရာဟာန်သည် အဘိဓမ္မာသင်တန်းမှာလည်း ကျောင်း၌စာသင်ပုံအတိုင်း သင်သည်။ အဘိဓမ္မာစာသင်နည်းကိုမူ သူ၏ဆရာထံမှသင်ယူ လေ့လာဆည်းပူးခဲ့ကြောင်း ပြောပြပါသည်။ ဆရာဟာန် အသုံးပြုသောသင်နည်းမှာ ဆရာအတတ်ပညာသင်ကြားသောနည်းစနစ် ဖြစ်ပေသည်။ အဘိဓမ္မာအချက်အလက်များကို သင်္ကေတများ၊ စာရင်းဇယားများဖြင့် မွမ်းမံ၍ အဓိပ္ပာယ်တို့ကို လိုရင်းတိုရှင်းနည်းဖြင့် ရှင်းလင်းသင်ပြနည်းဖြစ်သောကြောင့် ခေတ်မီသည်ဟု ခေါ်ရမည်ကဲ့သို့ ဖြစ်ပါသည်။ (ခေတ်စကားဖြင့် ဆိုခွင့်ရပါမူ "သိပ္ပံနည်း" ဟု ခေါ်ရမည်ကဲ့သို့ပင်။)

အခြားအခြားသော အဘိဓမ္မာသင်တန်းများတွင် ဗုဒ္ဓစာပေ၌ အထူးကျွမ်းကျင်သော ပညာရှင်ကြီးများ ပို့ချကြပေသည်။ ယင်းပုဂ္ဂိုလ်ကြီးတို့သည် ကျမ်းဂန်တတ်ကျွမ်းမှုတွင် ထင်ရှားကြပေသည်။ ယင်းတို့၏ ပို့ချချက် အချို့ကို စုစည်း၍ စာအုပ်များ ထုတ်ဝေဖြန့်ချိသဖြင့် အနည်းငယ် ဖတ်ဖူးပါသည်။ ပို့ချချက်များသည် ဘာသာရပ်နှင့်သက်ဆိုင်သည့် အကြောင်းအရာအချက်အလက်များကို ကျမ်းကိုးများဖြင့် ပြည့်စုံစွာ ပါရှိသဖြင့် သင်တန်းသားများနှင့် သင်တန်းပို့ချချက်များကို ဖတ်ရသူတို့အဖို့ အကျိုးထူးလှပေသည်။ ကျေးဇူးကြီးလှပေသည်။

ဆရာဟာန်၏ ပို့ချချက်များမှာ ပညာရှင်ကြီးများကဲ့သို့ ဝိတ္ထာရချဲ့ထွင်ခြင်းမရှိဘဲလိုရင်းကိုလိုအပ်သလောက်မျှသာ ကွက်ကွက်ကွင်းကွင်း ဖော်ပြချက်များသာဖြစ်သဖြင့် အဘိဓမ္မာစာမေးပွဲအတွက် အသုံးဝင်ကြောင်း သိရပါသည်။ ပညာဗဟုသုတအခြေခံနည်းသေးသည့်သူတို့အတွက်ဤကဲ့သို့ ခက်ခဲနက်နဲလှသည့်အဘိဓမ္မာတရားတော်ကို သိတန်သလောက် သိနားလည် သဘောပေါက်နိုင်ပေသည်။ ဆရာဟာန်၏ ပို့ချချက်တို့တွင် သင်ပြချက်များသာပါရှိလျက် ဟောပြောချက်များမပါရှိပေ။ ပွင့်လင်းစွာဆိုရပါမူ အဘိဓမ္မာစာမေးပွဲအတွက်သော်လည်းကောင်း၊ မိမိအတွက် သိနားလည်ဖို့သာလည်းကောင်း သင့်မြတ်လှပေသည်ဟု ကျွန်တော် ရိုကြိုစွာ အထင်ရရှိကြောင်း ဖော်ပြကာ ဆရာဟာန်၏ "ဆုထူးပန်အဘိဓမ္မာ" စာအုပ်အတွက် စကားဦး သန်းလိုက်ခြင်းပင် ဖြစ်ပါတော့သည်။

ဦးတက်တိုး

စာရေးဆရာ

ရန်ကုန်

နေ့စွဲ ၁၉၉၆ ခု စက်တင်ဘာလ (၂၇) ရက်

www.burmeseclassic.com

www.burmeseclassic.com



# ပြုစုသူ၏ ကျေးဇူးဆပ်လွှာ

## ဘုရားရှင်တော်၊ မပွင့်ပေါ်လျှင်

ဗုဒ္ဓစန္ဒေ အနုပ္ပန္နေ၊
ဗုဒ္ဓါဒိစ္စေ အနုဂ္ဂတေ၊
တေသံ သဘာဝ ဓမ္မာနံ၊
နာမမတ္တံ နနာယတိ။

ဗုဒ္ဓစန္ဒေ-မှုနိထွင့်ထား၊ မြတ်ဘုရားတည်းဟူသော လမင်းသည်၊အနုပ္ပန္နေ-ပွင့်တော်မမူသည်ရှိသော်၊ ဗုဒ္ဓါဒိစ္စေ-သုံးလောကထွင့်ထား မြတ်ဘုရားတည်းဟူသော နေမင်းသည်၊အနုဂ္ဂတေ-တက်လျက်မပေါ် မပွင့်ထွန်းသည်ရှိသော်၊ တေသံသဘာဝ ဓမ္မာနံ-ထိုဟုတ်မှန်လှစွာ အဘိဓမ္မာ ပရမတ္ထ- တရားတို့၏ နာမမတ္တံ-အနက်အဓိပ္ပာယ်အသွယ်သွယ်ကို သိဘို့ရန်မျှ မဆိုကြနှင့် ခန္ဓာ, အာယတန, ဓာတ်တို့၏ အမည် နာမ, ကိုမျှ၊ နနာယတိ-ဘယ်နတ်, ဘယ်ဗြဟ္မာ, ဘယ်သတ္တဝါတစ်ဦးတစ်ယောက်မျှ မသိနိုင်ကြပါကုန်။

## ဘုရားရှင်ကို၊ ဦးတင်မပြတ်၊ ကျေးဇူးဆပ်စို့

ဘုရားရှင်တော်၊ မပွင့်ပေါ်လျှင်၊ လူတော်အများ၊ စိတ်ကောင်းထားလည်း၊ ဤကား ကုသိုလ်၊ အကုသိုလ်နှင့်၊ ထိုထိုဘာ့ဘဝ၊ မသိရ၊ များလှအပြစ်တွေ။

ဘုရားရှင်တော်၊ ပွင့်ထွန်းပေါ်၍၊ ဟောဖော်ညွှန် ကြား၊ မြတ်တရားကြောင့်၊ ဤကားကုသိုလ်၊ အကုသိုလ်နှင့်၊ထိုထိုဘာ့ဘဝ၊ သိကြရ၊ များလှကျေးဇူးပေ။

ကျေးဇူးတော်ရှင်၊ ဘုရားရှင်ကို၊ ဦးတင်မပြတ်၊ ကျေးဇူးဆပ်ဖို့၊ အမြတ်ရတနာ၊ သာသနာ၏ နိုင်ရာဝန်ထမ်း၊ကိုယ်စီစွမ်း၊ ကြိုးပမ်းကြပါလေ။

## အသင်တတ်၍ မပန်းဘဲနှင့် ရခဲ့ပါသည်။

ဗုဒ္ဓအဘိဓမ္မာ ဉာဏ်ပညာကို တတ်သိနားလည်ကျင့်သုံးတတ်ရန် အရှင်အနုရုဒ္ဓါ၏ အဘိဓမ္မတ္ထ သင်္ဂဟကျမ်းကို နည်းမျိုးစုံဖြင့် သင်ကြားပို့ချပေးကြပါသည်။ အထူးသဖြင့် ပါဠိဘာသာမကျွမ်းကျင်သည့် လူပုဂ္ဂိုလ်များအတွက် ပါဠိကျက်၊ အနက်တက်၍ ပါဠိအဓိပ္ပာယ်ရှင်းရသော အဆင့်များကို ခုန် ကျော်ပြီး အချိန်တိုအတွင်း တတ်မြောက်ကြရန် ပညာရှင်ကြီးများက သင်ကြားနည်းစနစ်များကို တီထွင်ကြံဆနည်းလမ်းပြကြပါသည်။

ပြုစုသူသည် ဆရာကြီးဦးထွန်းတင် (သထုံ)၏ ခေတ်မီ၍ မှတ်သားရလွယ်ကူသော သင်္ကေတ နည်းဖြင့် အဘိဓမ္မာပညာရပ်ကို ဆည်းပူးလေ့လာခွင့်ရခဲ့ပါသည်။ ဆရာကြီး၏ တပည့်ရင်းများဖြစ် ကြသော ဆရာဦးစိုးလေး (ဦးမောင်မောင်လေး) က သဘောတရား၊ သရုပ်ခွဲအလုံးစုံပွင့်လင်းသွားအောင် ခွဲခြမ်းစိတ်ဖြာသင်ကြားပေးသည်မှာ ကျေးဇူးဆပ်မကုန်အောင်ပင်ဖြစ်ပါသည်။ ဆရာဦးသန်းရှိန်ကလည်း အဘိဓမ္မာနှင့် သုတ္တန်ဆက်စပ်သင်ယူပို့ချနည်း စနစ်များကို ပြသပေးပါသည်။

ပြုစုသူသည် ဆရာကြီး ဦးထွန်းတင် (သထုံ)၏ နည်းစနစ်မပပျောက်ရေးနှင့် ပိုမိုခေတ်မီ တိုးတက်ရေးအတွက်၊ အသက်အရွယ်ကြီး, ငယ်, လတ်များ ပညာအရည်အချင်းကွဲပြားသူများ၊ ဉာဏ်ရည်ခြားနားသူများကို အစု, အဖွဲ့ခွဲခြား၍ အကြိမ်ကြိမ်စမ်းသပ်, ထပ်မံတီထွင်ပို့ချပေးလျက်ရှိရာ

www.burmeseclassic.com

www.burmeseclassic.com



ထူးချွန်သူများထွက်ပေါ်ဆဲပင်ဖြစ်ပါသည်။ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်မောက်လမ်းသွယ်ရှိ ထူးချွန်သော သာမဏေကျော်များကို မွေးထုတ်ပေးနေသည့် ဆုထူးပန် ပရိယတ္တိစာသင်တိုက်ကြီး၏ ဆရာတော် (သဒ္ဓမ္မာအရှင်ပဏ္ဍိတ) ကလည်း သင်ကြားရမည့် အချက်အလက်များဆောင်ပုဒ်များကို သင်ကြားပြသပေးပါသည်။

ဆရာကြီး ဦးထွန်းတင် (သထုံ) ဆိုသည်မှာ မအူပင်မြို့နယ် ပဲတပွတ်ချောင်းကမ်းဘေးတွင် တည်ရှိသော လက်ခုပ်ပင်ရွာကလေးကို အခြေစိုက်၍ ခေတ်မီသော သင်္ကေတနည်းစနစ်ဖြင့် အဘိဓမ္မာ ပညာရပ်ကို သင်ကြားပို့ချပေးခဲ့ရာ အဘိဓမ္မာ, ဋီကာကျော်, ဝိသုဒ္ဓိမဂ်, သံယုတ် စာမေးပွဲများတွင် တစ်ပြည်လုံး ပထမ,ဒုတိယ စသဖြင့် ဂုဏ်ထူးရှင်များ အများအပြားထွက်ပေါ်ခဲ့၍ နာမည်ကျော်ကြား လူသိများခဲ့ပါသည်။

တိပိဋကဓရ မင်းကွန်းဆရာတော်ကြီး ကိုယ်တိုင် မအူပင်မြို့သို့ ကြွရောက်တိုင်း ဆရာကြီး ဦးထွန်းတင်၏ အဘိဓမ္မာသင်ကြားနည်းစနစ်ကို အားပေးသော အားဖြင့် ထိုရွာကလေးသို့ကြွရောက် ချီးမြှင့်ခဲ့ပါသည်။

ယခုအခါ ဆရာကြီး ဦးထွန်းတင် (သထုံ) ကွယ်လွန်ခဲ့ပြီဖြစ်ပါသည်။ ဆရာကြီး၏ နည်းစနစ်ကို အားပေးချီးမြှောက်ခဲ့သော တိပိဋကဓရ မင်းကွန်း ဆရာတော်ကြီးလည်း ပျံလွန်တော်မူခဲ့ပါပြီ။ သို့ရာတွင် ဆရာကြီး၏ သင်္ကေတနည်းစနစ်ကို ဆရာကြီး၏ တပည့်, သား, မြေး,များက ဆက်လက်ထိန်းသိမ်းလျက် လက်ဆင့်ကမ်းပြန့်ပွားအောင် ကြိုးပမ်းလျက်ရှိကြပါသည်။

## ကျေးဇူးဆပ်ဆုထူးပန်အဘိဓမ္မာ

ရန်ကုန်မြို့-တာမွေမြို့နယ်၊ နတ်မောက်လမ်းသွယ်ရှိ ဆုထူးပန်ပရိယတ္တိစာသင်တိုက်ကြီး၏ ဆုထူးပန်ဆရာတော်သည် ဆုထူးပန်ဒကာ၊ ဒကာမများကို ကျေးဇူးဆပ်လိုသော ရည်ရွယ်ချက်ဖြင့် ကျောင်းအမကြီး ဒေါ်နွဲ့နွဲ့ရည်၊ သမီး ဒေါက်တာယမင်းပပတင်, မောင် ဦးသန်းလွင်-မိသားစုတို့ ဆောက်လုပ် လှူဒါန်းထားသော ဓမ္မဗိမာန် ခန်းမတွင် ၁၉၉၃-ခုနှစ်မှစ၍ "ဆုထူးပန်အဘိဓမ္မာ သင်တန်း" ကို ဖွင့်လှစ်ခဲ့ပါသည်။ ပြည်သူအား အဘိဓမ္မာပညာရပ်ကို ပို့ချရန်တာဝန်ပေးအပ်ပါသည်။

ဆုထူးပန်-အဘိဓမ္မာသင်တန်းသို့ စစ်ဘက်၊ နယ်ဘက်မှ ပုဂ္ဂိုလ်ကြီးများ၊ ဆရာဝန်ကြီးများ၊ အင်ဂျင်နီယာများ၊ တက္ကသိုလ်ကထိကများ၊ ပါမောက္ခများ၊ အနုပညာရှင်များ၊ စာရေးဆရာကြီးများ၊ ပါရဂူဘွဲ့ရသူများ၊ နိုင်ငံကျော်လက္ခဏာဗေဒင်ပညာရှင်များ၊ တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြ၍ အချိန်တိုတိုနှင့် နားလည်သဘောပေါက်ကြသည်။ အဘိဓမ္မာ အကျိုးကျေးဇူး ကြီးမားကြောင်းကိုလည်း ကိုယ်တိုင်လက်တွေ့ခံစားကြရသည်။ စာမေးပွဲဖြေဆိုရာတွင် မပင်မပန်းဘဲနှင့် အောင်ပန်းကို ဆွတ်ခူးနိုင်ကြောင်းလည်း ဝန်ခံကြပါသည်။

ဆုထူးပန်-ပရိယတ္တိစာသင်တိုက်ကြီး၏ "သိမ်ဒကာ၊ ဒကာမကြီးများဖြစ်ကြသော စာရေးဆရာကြီး ဦးတက်တိုးနှင့် ကဗျာဆရာမကြီး ဒေါ်နယဉ်တို့ ကိုယ်တိုင်ပင်လျှင် သင်္ကေတနည်းဖြင့် ပြသသော သင်ကြားနည်းစနစ်ကို အားပေးချီးမြှင့်သောအားဖြင့် မကြာခဏကြွရောက်ခဲ့ကြပါသည်။ ခေတ်မီ, သိပ္ပံနည်းကျ၍ မှတ်သားရလွယ်ကူပါသဖြင့် အချိန်တိုတိုနှင့်တတ်မြောက်နိုင်သော နည်းဖြစ်သောကြောင့် ကျယ်ကျယ်ပြန့်ပြန့် ပို့ချပေးရန် တိုက်တွန်းကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## အဝေးသင်ဆုထူးပန်-အဘိဓမ္မာ

ဆုထူးပန်အဘိဓမ္မာ သင်တန်းကို တက်ရောက်၍ အဘိဓမ္မာစာမေးပွဲကို ဖြေဆိုအောင်မြင်ပြီးသူ ဗိုလ်မှူးကြီးအုန်းခင် (အငြိမ်းစား) သည် ဆုထူးပန်အဘိဓမ္မာသင်တန်း၏ အကျိုးဆောင် ဥက္ကဋ္ဌဖြစ်ပါသည်။ အဘိဓမ္မာတရား၏ အကျိုးကျေးဇူးကို "မျက်ရှင်မတွေ့မြား၊ လက်တင်ထား" သကဲ့သို့ ခံစားရသောကြောင့် ရပ်ဝေးမှ ပုဂ္ဂိုလ်များလည်း သူကဲ့သို့ပင် အချိန်တိုတိုနှင့် သိရှိခံစားနိုင်ကြရန် "အဝေးသင် အဘိဓမ္မာသင်တန်း" ပို့ချပေးမည်ဖြစ်ကြောင်းကို ၁၉၉၅ ခုနှစ်တွင် ကြေငြာခဲ့ပါသည်။

သင်တန်းသားများ၏ အခြေအနေပေးသော မြို့နယ်များသို့ အချိန်တိုသွားရောက်ပို့ချပေးခဲ့ရာ အထူးအောင်မြင်၍ စာမေးပွဲဖြေဆိုသူများ ကိုးဆယ်ကျော်ရာနှုန်းအောင်မြင်ကြရုံသာမက တစ်ပြည်လုံး ပထမရရှိသည့် ထူးချွန်သူများပါ ပေါ်ထွက်ခဲ့ပါသည်။

## ပြုစုသူ၏ဆန္ဒ

ပြုစုသူသည် ဗုဒ္ဓအဘိဓမ္မာ ရတနာသိုက်ကို "သင်္ကေတနည်းစနစ်သော့" ဖြင့် ဖွင့်၍ အဘိဓမ္မာ ရတနာများကို ရယူပိုင်ဆိုင်ထားပါ၏။ ထိုရတနာများကို **အမျိုး, ဘာသာ, သာသနာစည်ပင်** ရေးအတွက် လက်ဆင့်ကမ်းဖြန့်ဝေ ပေးရန် တာဝန်ကြီးတစ်ရပ်ရှိနေသည်ဟု မိမိကိုယ်မိမိခံယူထားပါ၏။ တာဝန်ရှိသူသည် တာဝန်မမဲ့ရန် ဘဝသံသရာခရီးတစ်ထောက်၌ "အမြင့်မြတ်ဆုံး အဘိဓမ္မာကုသိုလ်ရတနာများ" ကို ဓမ္မဒါနပေးလှူလျက် အမြင့်မြတ်ဆုံး ဓမ္မစေတီအဆူဆူတည်၍ အကြီးအကျယ်ဆုံးပါရ မီကို ဖြည့်ဆည်းသွားမည်ဟု ဆန္ဒာဓိပတိတပ်ထားပါ၏။

ထို့ကြောင့် သာသနာရေးဦးစီးဌာနက လူပုဂ္ဂိုလ်များအတွက် ကျင်းပသော အဘိဓမ္မာ စာမေးပွဲဖြေဆိုလိုသူများ, ကိုယ်ကျင့်အဘိဓမ္မာ,ဝိပဿနာ ဘာဝနာကို ကျင့်သုံးတတ်ရန်နှင့် အဘိဓမ္မာ အခြေခံပါရမီရယူလိုသူများက ဖိတ်ကြားသော တိုင်း, မြို့နယ်များနှင့် တက္ကသိုလ်များသို့ သွားရောက်၍ ရက်တိုဓမ္မဒါနပို့ချပေးလျက်ရှိပါသည်။

"ခေတ်မီ၍ မှတ်သားရလွယ်ကူသော သင်္ကေတနည်း" ဖြင့် ပို့ချပေးခြင်းကို ရက်တိုအတွင်း နားလည်သဘောပေါက်ကျင့်သုံးနိုင်ကြသဖြင့် ထပ်မံ၍ ဖိတ်ကြားကြပါသည်။

## ဆုထူးပန် အဘိဓမ္မာစာအုပ်

ပြုစုသူသည် ၁၉၉၄ ခု မေလ (၂၉) ရက်နေ့တွင် ဆရာကြီး ဦးထွန်းလှ (ညွှန်ချုပ်စက်မှု(၁) အငြိမ်းစား) နှင့်အတူ ရန်ကုန်မြို့ ပုဇွန်တောင်ရှိ သပြေကန်ဆရာတော်ကြီးထံသွားရောက်၍ ဖူးမျှော်ကန်တော့ကြရင်း အဘိဓမ္မာနှင့် ပတ်သက်သော အချို့မရှင်းလင်းသည့်အကြောင်းများကို လျှောက်ထားမေးမြန်းခဲ့ပါသည်။ ဆရာကြီး ဦးထွန်းတင် (သထုံ) ၏ သင်္ကေတနည်းစနစ်ကို မှီငြမ်း၍ လူပုဂ္ဂိုလ် သင်တန်းသားများအတွက် "ဆုထူးပန်- အဘိဓမ္မာစာအုပ်" ကို ရေးသားပြုစုနေကြောင်း လျှောက်ထားပါသည်။ ထိုအခါ ဆရာတော်ကြီးက ဦးထွန်းတင် (သထုံ) နှင့် ရင်းနှီးခဲ့၍ ထိုပုဂ္ဂိုလ် ပို့ချပေးခဲ့သော သင်္ကေတနည်းကို သိရှိခဲ့ကြောင်း၊ ထိုနည်းဖြင့် အဘိဓမ္မာစာအုပ်ပြုစုပြီး ပို့ချပေးလျှင် အလွန်သင့်မြတ်ကြောင်း မိန့်ကြားခဲ့ပါသည်။

ဆရာတော်ကြီး မိန့်ကြားချက်ကိုကြားသော ဆရာဦးထွန်းလှက အမြန်ဆုံးရေးသားထုတ်ဝေရန် ပြုစုသူအား တိုက်တွန်း၍ ကူညီအားပေးခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆုထူးပန်-အဘိဓမ္မာအကျိုးဆောင် အဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ ဗိုလ်မှူးကြီးအုန်းခင် (အငြိမ်းစား) ကလည်း ကွန်ပျူတာစာစီခအတွက် ဓမ္မဒါနပေးလှူမည်ဖြစ်၍ အမြန်ဆုံးထွက်ရှိရန် ကြိုးပမ်းပါသည်။ နိုင်ငံကျော်ကြား လူသိများသည့် ပြက္ခဒိန်ပညာရှင် ဦးအောင်ထွန်းနိုင် (ပြည်မြန်မာ) ကလည်း သင်တန်း တက်ပြီးနောက် အများအကျိုးပြုနိုင်မည့် စာအုပ်ဖြစ်၍ စာအုပ်ရိုက်နှိပ်ခအတွက်-ဓမ္မဒါနကုသိုလ်ပြုမည် ဖြစ်သောကြောင့် အမြန်ဆုံး ပြုစုရေးသားပါရန် တိုက်တွန်းပါသည်။

ဆုထူးပန်အကျိုးဆောင်အဖွဲ့ဝင်များ၊ သင်တန်းသားများနှင့် အဝေးရောက် သင်တန်းသားများ ကလည်း စာအုပ်ဖြင့် သင်ယူရပါက ပိုမိုတတ်မြောက်မည်ဖြစ်၍ အမြန်ဆုံးရေးသား ပြုစုပေးရန် နှိုးဆော်ကြပါသည်။

ဤကဲ့သို့ ပံ့ပိုးကူညီတိုက်တွန်းကြသော်လည်း ပို့ချသော သင်တန်းများ၏ အတွေ့အကြုံပေါ် မူတည်၍ ရေးသားနေသဖြင့် (၄) နှစ်တာကာလအထိ ကြာသော်လည်း အားရကျေနပ်မှုမရှိသောကြောင့် ကြံ့ကြာနေရခြင်းဖြစ်ပါသည်။ ထိုသို့အချိန်ကြာမြင့်နေသဖြင့် အကျိုးဆောင်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးအုန်းခင် (အငြိမ်းစား) နှင့် အကျိုးဆောင်များက ပြုစုသူအားရက်ချိန်းသတ်မှတ်ပေး၍ အပြီးရေးသားပါရန် ဆုံးဖြတ်လိုက်သဖြင့် "ဤဆုထူးပန်- အဘိဓမ္မာ" စာအုပ်ဖြစ်မြောက်ထွက်ရှိလာပါသည်။

အလွန်ခက်ခဲနက်နဲသိမ်မွေ့လှသော အဘိဓမ္မာဉာဏ်ပညာကို မိမိ၏ နုနယ်သော ဉာဏ်မိသမျှ ပြုစုထားပါသဖြင့် မှားယွင်းချွတ်ယွင်းချက်များ ကင်းမည်မဟုတ်ပါ။ မှားယွင်းမှုကို တွေ့ရှိပါက ပြင်ဆင်ဖတ်ရှု၍ ခွင့်လွှတ်ကြပါတန် အနူးအညွတ်ပန်ကြားအပ်ပါသည်။

## ကျေးဇူးတင်ထိုက်သူများကို ကျေးဇူးတင်ခြင်း

အဘိဓမ္မာမြတ်ပညာကို တန်ဘိုးထား၍ အဘိဓမ္မာ လူလိမ္မာများနှင့်တော်သူ, ကောင်းသူအာဂလူ များ တိုးပွားလာရေးကို ရည်သန်၍ "ဆုထူးပန်-အဘိဓမ္မာစာအုပ်" ဖြစ်မြောက်ရေးအတွက် ကြိုးပမ်းအားထုတ်မှုသည် အမျိုးဘာသာ, သာသနာ စည်ပင်ရေးအတွက် အလွန်မွန်မြတ်သော သာသနာပြုလုပ်ဆောင်ချက်တစ်ရပ်ဖြစ်ပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အစအဆုံးတိုင် ကြိုးဖမ်းသော အကျိုးဆောင် ဥက္ကဋ္ဌ ဗိုလ်မှူးကြီး အုန်းခင် (အငြိမ်းစား) အားလည်းကောင်း၊ ပြုစုသူ၏ သံသရာခရီးတစ်ထောက်၌ ပါရမီဖြည့်ဆည်း၍ ကူညီပေးသော ပါရမီဖြည့်ဖက်တို့ကိုလည်းကောင်း၊ အကျိုးဆောင်အဖွဲ့ဝင်များနှင့် ထောက်ပံ့လှူဒါန်းကြသော ဒါနရှင်များအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

စာရေးဆရာကြီး ဦးတက်တိုး ကဗျာဆရာမကြီး ဒေါ်နုယဉ်နှင့် မိသားစုတို့သည် ပြုစုသူအား ချီးမြှောက်သောအားဖြင့် "ဆုထူးပန် အဘိဓမ္မာသင်တန်းသို့ ကြွရောက်အားပေးရုံတွင်မက ဤ အဘိဓမ္မာစာအုပ်တွင် "စကားဦး" ရေးသားချီးမြှင့်ပေးသည့်အတွက် အထူးပင် ကျေးဇူးတင်ရှိပါသည်။

## ပူဇော်ထိုက်သူများကို ပူဇော်ခြင်း

"ဤဆုထူးပန် အဘိဓမ္မာစာအုပ်" ဖြင့် အောက်ဖော်ပြပါ "ပူဇော်ထိုက်သူများကို" ပူဇော် ကန်တော့ပါ၏။

၁။ အနန္တဂုဏ်ရှင် ကျေးဇူးရှင်များဖြစ်ကြသော မွေးမိခင်နှင့် ဘခင်၊

၂။ လောကီ၊ လောကုတ္တရာနှစ်ဖြာသော အတတ်ပညာကို သင်ကြားပေးခဲ့ကြသည့် ဦးမေဓာ (အဘိုး)၊ ဆရာတော် ဦးသောဘိတ (လကွဲတံကား) နှင့်တကွ ငယ်ဆရာ ကြီးဆရာများ။

www.burmeseclassic.com

www.burmeseclassic.com



၃။ အဘိဓမ္မာဉာဏ်ပွင့်လင်းအောင် ဖွင့်ပေး၍ ပြုစုသူ၏ ဘဝလမ်းကြောင်းကို ထာဝရဖြောင့်တန်းအောင် အဘိဓမ္မာစင်မြင့်ပေါ်သို့ တင်ပေးလျက်ချီးမြှင့်, ပြုစု, ပျိုးထောင်ပေးသော ရန်ကုန်မြို့ တာမွေမြို့နယ် ဆုထူးပန်ပရိယတ္တိစာသင်တိုက်ကြီး၏ ဆုထူးပန်ဆရာတော်(သဒ္ဓါအရှင်ပဏ္ဍိတ)

၄။ ဆုထူးပန် အဘိဓမ္မာစာအုပ်တွင် နိဒါန်းလမ်းညွှန်ရေးသား၍ ချီးမြှင့်ပေးပါသော တိပိဋကဓရ ယောဆရာတော်အရှင်သိရိန္ဒာဘိဝံသ။

၅။ သာသနာ့ ရောင်ခြည်အဖွဲ့၏ နာယက, အဘိဓမ္မာဆရာကြီး ဦးထွန်းတင် (သထုံ)။

၆။ အဘိဓမ္မာသဘောသရုပ်များကို အထူးသင်ကြားပြသပေးရုံသာမက သင်ကြားပို့ချတတ်ရန် ဆရာနှင့် တွဲဖက်သင်ကြားပို့ချခွင့်ပေးခဲ့သော ဆရာကြီး ဦးထွန်းတင်၏ လက်ရင်းတပည့်ကြီးများဖြစ်ကြသည့် ဦးစီလေး (ဦးမောင်မောင်လေး) နှင့် အဘိဓမ္မာနှင့် သုတ္တန်ဆက်စပ်သင်ကြားနည်းနှင့် ကျမ်းစာအုပ်များ ဖတ်နည်းကို လမ်းညွှန်ပြသသော ဆရာဦးသန်းရှိန်။

၇။ ပြုစုသူ၏ ဘဝပိုမိုထွန်းပရန်အတွက် ပရိယတ္တိနှင့် ပဋိပတ္တိကို ဆက်စပ်ပေးနိုင်သည့် ဝိပဿနာနယ်မြေပေါ်သို့ ဆွဲတင်ပေးခဲ့သည့် တရားပြဆရာမကြီး ဒေါက်တာဒေါ်ကြည်ကြည်ဝိန် (သြစတြေးလျ)။

၈။ အကြံဉာဏ်ကောင်းများကို ပေးသည့် မအူပင်မြို့ အ.ထ.က (၂) မှ အထက်တန်းပြ ဆရာမ (အဘိဓမ္မာ ဆရာမ) ဒေါ်ခင်ခင်အေး။

## အဘိဓမ္မာဂုဏ် သည်အာရုံဖြင့်

ဘုရားရှင်၏ အဘိဓမ္မာဂုဏ်၊ သည်အာရုံဖြင့်၊ မတုန်မလှုပ်၊ ငါ့ကိုယ်ရုပ်လည်း၊ ကြမ်းကြုတ်သည့်ရန် အောင်ပွဲခံလျက် ပူပန်မှုဘေး၊ ကင်းစင်ဝေးသည်၊ စိတ်အေးငြိမ်းချမ်းနေတကား။

ပြုစုသူ - ဆုထူးပန် - ဆရာဟန်
ရန်ကုန်
နေ့စွဲ - ၁၉၉၆ ခု အောက်တိုဘာ (၉) ရက်

www.burmeseclassic.com

www.burmeseclassic.com



# ဆုထူးပန် အဘိဓမ္မာ

* နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ*

ကျမ်းပြုဆရာ အနုရုဒ္ဓါမထေရ်၏ ရတနာသုံးပါးကို ရှိခိုးခြင်း။

သမ္မာ သမ္ဗုဒ္ဓ မတုလံ၊
သ-သဒ္ဓမ္မ ဂဏုတ္တမံ၊
အဘိဝါဒိယ ဘာသိဿံ၊
အဘိဓမ္မတ္ထ သင်္ဂဟံ။

(အဟံ = အရှင်အနုရုဒ္ဓါမထေရ်မြတ်) ငါသည်၊ အတုလံ- ပြိုင်ဖက်ရည်တူရှိတော်မမူသော၊ သမ္မာသမ္ဗုဒ္ဓံ- ခပ်သိမ်းသော တရားတို့ကို မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလိုသိတော်မူသော မြတ်စွာဘုရားကိုလည်းကောင်း၊ သသဒ္ဓမ္မံ-ပရမတ္ထအားဖြင့် ထင်ရှားရှိသော သူတော်ကောင်းတို့၏ တရားတော်(တရားဂုဏ်တော်) မြတ်ကို လည်းကောင်း၊ ဂဏုတ္တမံ = သုပ္ပဋိပ္ပန္န စသော ဂုဏ်တော်တို့ဖြင့်ပြည့်စုံတော်မူသော မြတ်သောအရိယာသံဃာတော်ကိုလည်းကောင်း၊ အဘိဝန္ဒာမိ-အန္တ ရာယ်ကင်းပျောက်၊ ကျမ်းပြီးမြောက်ဖို့ လွန်စွာကြည်နူးအထူးအားဖြင့် ရှိခိုးပါ၏။

အဘိဝါဒိယ- ကြည်ညိုမြတ်နိုး အထူးရှိခိုးပြီး၍ အဘိဓမ္မတ္ထ သင်္ဂဟံ- အဘိဓမ္မာဒေသနာတော်၏ လွန်စွာ ကျယ်ဝန်းအနက်ရင်းကို အကျဉ်းချုံးကာ၊ ဘာသိဿံ- စီရင်ရေးသားပါတော့အံ့။

### သမ္မာသမ္ဗုဒ္ဓ

(သမ္မာ - မဖောက်မပြန် + သံ = ကိုယ်တော်တိုင် + ဗုဒ္ဓ = သိတော်မူခြင်း)

မဖောက်မပြန် ကိုယ်တော်တိုင် သစ္စာ (၄) ပါးကို သိတော်မူသော သဗ္ဗညုတ ဘုရားရှင်ဟု သိစေလိုသောကြောင့် "သမ္မာသမ္ဗုဒ္ဓ" ဟူ၍ ဆိုသည်။

### ဗုဒ္ဓ

ဗုဒ္ဓ = သိခြင်း=သိသူဖြစ်၏။ အကြားအမြင်များသော ပုဂ္ဂိုလ်ကို သုတဗုဒ္ဓဟုဆိုရ၏။

### သမ္မာဗုဒ္ဓ

သာဝက အပေါင်းသည် သမ္မာဗုဒ္ဓဖြစ်၏။ သမ္မာဗုဒ္ဓ (၃) မျိုးရှိ၏။

(၁) အဂ္ဂသာဝက ။ ။ ပညာဧတဒဂ်ရှင် အရှင်သာရိပုတ္တရာနှင့် တန်ခိုးဧတဒဂ်ရှင် အရှင်မဟာမောဂ္ဂလ္လာန် (၂) ပါးသည် အဂ္ဂသာဝကများဖြစ်ကြသည်။ ဘုရားစကားတော်ကို နားထောင်ကြသူတို့တွင် အမြတ်ဆုံးဖြစ်သည်။ တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရ၏။ ဘုရားရှင်တိုင်းတွင် အဂ္ဂသာဝက (၂) ပါးသာရှိကြသည်။

(၂) မဟာသာဝက ။ ။ ရှင်မဟာကဿပ, ရှင်အာနန္ဒာ, ရှင်အနုရုဒ္ဓါ, ရှင်ဥပါလိ, ရှင်ရေဝတ, ရှင်ဗာကုလ စသည်ဖြင့် အသီတိ (ရှစ်ကျိပ်) ရှိ၏။ သက်ဆိုင်ရာစွမ်းရည်အလိုက် ဧတဒဂ်ရကြသည်။ ဘုရားစကားနားထောင်ကြသူတို့တွင် ကြီးမြတ်သူတို့ဖြစ်ကြသည်။ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



(၃) ပကတိသာဝက။ ။ ဂုဏ်ထူးသီးခြားမရဘဲ သာမန်ကျွတ်တမ်းဝင်သည့် ရဟန္တာအပေါင်းတို့ဖြစ်ကြသည်။ အနည်းဆုံး နှစ်ဘဝ, သုံးဘဝမှသည် အလွန်ဆုံး ကမ္ဘာရာ,ထောင် ပါရမီ ဖြည့်ရသည်။

## သမ္ဗုဒ္ဓ

**ပစ္စေကဗုဒ္ဓါ** = သီးခြားဘုရားရှင် (ဘုရားငယ်) သည် သမ္ဗုဒ္ဓဖြစ်သည်။ ပစ္စေကဗုဒ္ဓါ (၃) မျိုးရှိ၏။

၁။ **ပညာဓိက ပစ္စေကဗုဒ္ဓါ** ။ ။ ပညာလွန်ကဲသူ (ပါရမီဖြည့်စဉ်က ပညာဦးစီးသူ)။ နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းပါရမီဖြည့်ရ၏။

၂။ **သဒ္ဓါဓိက ပစ္စေကဗုဒ္ဓါ** ။ ။ သဒ္ဓါလွန်ကဲသူ၊ ပညာဓိက ပစ္စေကဗုဒ္ဓါထက် နှစ်ကမ္ဘာ၊ သုံးကမ္ဘာလွန်၍ ပါရမီဖြည့်ရ၏။

၃။ **ဝီရိယာဓိက ပစ္စေကဗုဒ္ဓါ**။ ။ ဝီရိယလွန်ကဲသူ။ သဒ္ဓါဓိက ပစ္စေက ဗုဒ္ဓါထက် နှစ်ကမ္ဘာ၊ သုံးကမ္ဘာလွန်၍ ပါရမီဖြည့်ရသည်။

## သဗ္ဗညုတဘုရား (၃) မျိုး

မြတ်စွာဘုရားသည် သမ္မာသမ္ဗုဒ္ဓဖြစ်သည်။ သမ္မာသမ္ဗုဒ္ဓဘုရား (၃) ပါးရှိသည်။

၁။ **ပညာဓိက ဘုရား** ။ ။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရ၏။ အသိဉာဏ်ဖြင့် အဆုံးအပိုင်းအခြားမရှိ သိတော်မူ၏။ ဂေါတမမြတ်စွာ ဘုရားသည် ပညာဓိကဘုရားဖြစ်၏။

၂။ **သဒ္ဓါဓိက ဘုရား** ။ ။ ရှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းပါရမီဖြည့်ရ၏။ အသိဉာဏ်ဖြင့် အဆုံးအပိုင်းအခြားမရှိသိတော်မူ၏။

၃။ **ဝီရိယာဓိက ဘုရား** ။ ။ ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရ၏။ အသိဉာဏ်ဖြင့် အဆုံးအပိုင်းအခြားမရှိ သိတော်မူ၏။

## အတုလတုလ

(အတုလ = အတုမရှိသူနှင့် + တုလ = တူသူ)

လူနတ်ဗြဟ္မာ အပေါင်းနှင့် သီလ, သမာဓိ, ပညာဂုဏ်အားဖြင့် တူတော်မမူသော ဝိပဿီ အစရှိသော ရှေးဘုရားများသည် အတုလဖြစ်၏။ ထိုရှေးဘုရားတို့နှင့်သာတူသော ဂေါတမမြတ်စွာ ဘုရားသည် အတုလတုလမည်၏။

## သမ္မာသမ္ဗုဒ္ဓဘုရားကိုသာ သိစေလို၍ ညွှန်ခြင်း

ပစ္စေကဗုဒ္ဓါသည် သစ္စာလေးပါးကို ကိုယ်တိုင်သိ၍ သံဗုဒ္ဓဖြစ်သည်။ ဘုရားရှင်၏ တပည့်သာဝက အရိယာ ပုဂ္ဂိုလ်တို့သည် ဘုရားရှင်ဟောသည့် သစ္စာ (၄) ပါးကို မဖောက်မပြန် မှန်မှန်ကန်ကန် သိကြ၍ သမ္မာဗုဒ္ဓဖြစ်ကြသည်။

အဘိဓမ္မာဒေသနာတော်သည် "သမ္မာသမ္ဗုဒ္ဓ" ဘုရားရှင်၏ အရာသာဖြစ်သည်။ ပစ္စေက ဗုဒ္ဓါ, အရိယာ သာဝကတို့၏ အရာမဟုတ်သည့်အတွက် ဘုရားမှလွဲ၍ မည်သည့် ပုဂ္ဂိုလ်ကမှ စတင် ထုတ်ဖော် ဟောကြားနိုင်ရိုးမရှိပါ။ ထို့ကြောင့် ရှင်ပစ္စေက ဗုဒ္ဓါ၊ အရိယာ သာဝကတို့နှင့် ခွဲပြား ခြားနားရန် "သဗ္ဗညုတဘုရားကိုသာ ရည်ညွှန်း၍ "သမ္မာ သမ္ဗုဒ္ဓမတုလံ" ဟူ၍ဆိုခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အဘိဓမ္မတ္ထ သင်္ဂဟကျမ်း

(အဘိ = လွန်ကဲထူးမြတ်သော + ဓမ္မ = တရားတော်၏ + အတ္ထ= အနက်အဓိပ္ပာယ် + သင်္ဂဟ = အနှစ်ချုပ်)

မဖောက်မပြန် မှန်ကန်သော ပရမတ္ထတရားတို့၏ အနက်အဓိပ္ပာယ်တို့ကို အနှစ်ချုပ်၍ ပြဆိုသော ကျမ်းကို "အဘိဓမ္မတ္ထသင်္ဂဟကျမ်း" ဟုခေါ်ဆိုသည်။

သက္ကတ၌ သင်္ဂဟကို "သံဂြဟ"ဟု ရေးလေ့ရှိ၍ "အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်း"ဟူ၍လည်းကောင်း, အဘိဓမ္မာပုဒ်ကိုဖြုတ်၍ "သင်္ဂြိုဟ်ကျမ်း" ဟူ၍ လည်းကောင်း ခေါ်ဆိုနိုင်ပါသည်။ အဓိပ္ပာယ်မှာ "အဘိဓမ္မာဒေသနာတော်၏ အလွန်ကျယ်ဝန်းသော အနက်အဓိပ္ပာယ်များကို အကျဉ်းချုံး၍ ပြဆိုသောကျမ်း" ပင်ဖြစ်သည်။

မြတ်စွာဘုရားအလောင်းတော်သည် မဟာသက္ကရာဇ် (၁၀၃) ခုနှစ် ကဆုန်လပြည့်နေ့တွင် သဗ္ဗညုတဗုဒ္ဓအဖြစ်သို့ ရောက်တော်မူပြီးနောက် သတ္တဌာနစံတော်မူ၏။ တစ်ဌာနစီ၌ ခုနစ်ရက်စီ ဖလသမာပတ်ဝင်စားတော်မူရာ ခုနစ်ရက် ခုနစ်လီ (သတ္တသတ္တာဟ) လေးဆယ့်ကိုးရက် ကြာတော်မူ၏။

"သတ္တာဟခုနစ်လီ၊ နေဝစာလီဝယ်၊ ချက်လည်ဖွေချာ၊ ရတနာဃရ၊ သတ္တာဟ၌ (ဓမ္မ, ဝိ, ဓာ, လ, က, ယ, ပဋ္ဌာန်း) အဘိဓမ္မာ (၇) ကျမ်းကို မဟာဉာဏ၊ သာဂရဖြင့်၊ ဗုဒ္ဓရှင်ပင်၊ သုံးဆင်ခြင်သည်" ဟုဆိုသည့်အတိုင်း ဗောဓိပင်နှင့် ရွှေပလ္လင်၏ အနောက်မြောက်အရပ်ဝယ် စတုတ္ထသတ္တာဟ ရတနာဃရ ရွှေအိမ်၌ သီတင်းသုံးတော်မူ၍ အဘိဓမ္မာ (၇) ကျမ်းကို သုံးသပ်ဆင်ခြင်၏။ အဘိဓမ္မာ (၇) ကျမ်းတို့မှာ (၁) ဓမ္မ = ဓမ္မသင်္ဂဏီ (၂) ဝိ= ဝိဘင်္ဂ (၃) ဓာ = ဓာတုကထာ (၄) လ = ပုဂ္ဂလပညတ္တိ (၅) က = ကထာဝတ္ထု (၆) ယ = ယမက (၇)ပဋ္ဌာန်း = ပဋ္ဌာနတို့ဖြစ်သည်။ ပဋ္ဌာန်းကို သုံးသပ်ဆင်ခြင်တော်မူသောအခါ (နီလ, ပီတ, လောဟိတ, ဩဒါတ, မဉ္ဇိဋ္ဌ, ပဘဿရ) ဟူသော ရောင်ခြည်တော် ခြောက်သွယ်ကွန့်မြူးပေါ်ထွက်တော်မူခဲ့သည်။

မြတ်စွာဘုရားသည် ပထမဝါကို မိဂဒါဝုန်၌လည်းကောင်း၊ ဒုတိယဝါ, တတိယဝါ, စတုတ္ထဝါတို့ကို ရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်းတော်ကြီး၌လည်းကောင်း, ပဉ္စမဝါကို ဝေသာလီပြည်၌လည်းကောင်း, ဆဋ္ဌမဝါကို မကုဋ္ဌတောင်၌လည်းကောင်း ဝါကပ်တော်မူသည်။

၆– ဝါအလွန် ၇ ဝါမြောက်တွင် သာဝတ္ထိပြည် ကဏ္ဍအမည်ရှိသော ဥယျာဉ်စောင့် စိုက်ပျိုးသော သရက်ဖြူပင်ရင်းတွင် တိတ္ထိတို့ကို ရေ, မီး, အစုံတန်ခိုး ပြာဋိဟာပြ၍ ချေချွတ်သော ပွဲပြီးလျှင် တာဝတိံသာနတ်ပြည်သို့ ကြွ၍ သတ္တမဝါကို တာဝတိံသာနတ်ပြည်၌ ဝါကပ်တော်မူ၏။ ပင်လယ်ကသစ်ပင်ရင်း သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာတွင် အဘိဓမ္မာတရားတော်ကို ဝါတွင်း (၃) လပတ်လုံး အသံတော်မစဲ ဟောကြားတော်မူ၏။

မယ်တော်ဖြစ်ခဲ့ဘူးသော သန္တုဿိတနတ်သားကို အမှူးပြု၍ စကြာဝဠာ တိုက်တစ်သောင်းမှ နတ်ဗြဟ္မာတို့အားဟောကြားရာတွင်အသေးစိတ် **အကျယ်ဝန်းဆုံး (ဝိတ္ထာရနယ) နည်းဖြင့်** ဟောကြား၏။

မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်တွင် အဘိဓမ္မာတရားတော်ကို ဟောကြားရခြင်းမှာ ဘုရားရှင်တိုင်း တာဝတိံသာနတ်ပြည်တွင် ဟောကြားခဲ့ခြင်း, မယ်တော်ကို ကျေးဇူးဆပ်လိုခြင်း မိဖကျေးဇူးကို သတ္တဝါတို့ နားလည်စေလိုခြင်း, အစအဆုံးဟောကြားနိုင်ခြင်းတို့ကြောင့်ဖြစ်ပါသည်။

မြတ်စွာဘုရားသည် နေ့စဉ်နေ့တိုင်း နံနက်ဆွမ်းခံချိန်တွင် နိမ္မိတကိုယ်ပွား မြတ်စွာဘုရားကို

www.burmeseclassic.com

www.burmeseclassic.com



ဖန်ဆင်းတော်မူပြီး တရားတော်ကို ဆက်လက်ဟောကြားရန် အဓိဋ္ဌာန်ပြု၍ ဟိမဝန္တာအနောတတ် ရေအိုင်၌ ရေသန့်စင်၏။ ထို့နောက် ဥတ္တရကုရု (မြောက်ကျွန်း) သို့ ဆွမ်းခံကြွတော်မူ၏။ အနောတတ်ရေအိုင်ဆိပ်ကမ်းသာတွင် ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် ဟိမဝန္တာစန္ဒကူးတောသို့ ကြွတော်မူ၍ အနားယူတော်မူ၏။ အရှင်သာရိပုတ္တရာမထေရ်သည် စန္ဒကူးတောသို့ ကြွလာတော်မူပြီး ဝတ်ကြီးဝတ်ငယ် ပြုစု၏။ ဘုရားရှင်သည် တာဝတိံသာ၌ ဟောကြားခဲ့သော အဘိဓမ္မာဒေသနာတော်ကို အရှင်သာရိပုတ္တရာအား **အကျဉ်းနည်း (သင်္ခေပနယ)** ဖြင့် နေ့ချင်းဟောတော်မူ၏။ အရှင်သာရိပုတ္တရာသည် ပညာ တေဒဂ်ရပုဂ္ဂိုလ်ဖြစ်၍ အကျဉ်းနည်းကို ပဋိသမ္ဘိဒါလေးပါးဖြင့် အကျယ်ချဲ့သိတော်မူသည်။

အရှင်သာရိပုတ္တရာသည် စန္ဒကူးတော၌ မြတ်စွာဘုရားထံမှ အကျဉ်းနည်းဖြင့် သင်ယူခဲ့သော အဘိဓမ္မာဒေသနာတော်ကို လင်းနို့သား ငါးရာဖြစ်ခဲ့ဖူးသော တပည့်ရဟန်းငါးရာတို့အားနေ့ချင်းပင် **မကျဉ်းမကျယ်နည်း (နာတိဝိတ္ထာရ-နာတိသင်္ခေပနယ)** ဖြင့် ပြန်လည်ဟောကြားခဲ့သည်။

ဤကဲ့သို့ အဘိဓမ္မာ ဒေသနာတော်သည် ဟောကြားနည်း (၃) နည်းဖြင့် လူ့ပြည်နတ်ရွာတို့၌ တစ်ပြိုင်နက်တည်း ပေါ်ထွန်းခဲ့သကဲ့သို့ တစ်ပြိုင်တည်း ပြီးဆုံးခဲ့သည်။

မြတ်စွာဘုရားလက်ထက်တော်မှစ၍ ဆရာစဉ်ဆက်သံဃာတော်တို့ ဆောင်ယူခဲ့ကြသော ဆဋ္ဌသံဂါယနာတင်မူ အဘိဓမ္မာ (၇) ကျမ်းတို့သည် အရှင်သာရိပုတ္တရာက မကျဉ်းမကျယ်နည်းဖြင့် ဟောကြားပို့ချခဲ့၍ မြတ်စွာဘုရား အတည်ပြုပေးတော်မူခဲ့သော ပို့ချချက်များပင်ဖြစ်သည်။

## အဘိဓမ္မာသင်္ဂြိုဟ် (၉) ပိုင်း

ကမ္ဘာကျော် အရှင်အနုရုဒ္ဓါ ဆရာတော်သည်သာသနာနှစ် (၁၅၀၀) ခန့်တွင် ပေါ်ထွန်းခဲ့သည်။ အိန္ဒိယတောင်ပိုင်း ကာဝေရီမြို့၌ မွေးဖွားခဲ့သည်။ ဆရာတော်သည် သီဟိုမဟာဝိဟာရကျောင်း၌ အဘိဓမ္မာစသော ပရိယတ္တိစာပေတို့ကို ဆည်းပူးခဲ့သည်။

အရှင်အနုရုဒ္ဓါ ဆရာတော်သည် ဒကာတော် နမ္မ၏ တောင်းပန်ချက်အရ ဒကာ၊ ဒကာမများ အဘိဓမ္မာတရားတော်ကို အလွယ်တကူ လိုရင်းတိုရှင်းနားလည်စေရန် "အဘိဓမ္မတ္ထသင်္ဂဟ"ကျမ်းကို ပြုစုရေးသားတော်မူခဲ့သည်။ ထိုကျမ်းကို သီဟိုကျွန်း မူလသောမကျောင်းတိုက်၌ သီတင်း သုံးနေစဉ် ရေးသားခဲ့ခြင်းဖြစ်သည်။

အဘိဓမ္မာ အကျဉ်းကျမ်းဖြစ်သော်လည်း အနှစ်ချုပ်၍ စနစ်တကျကဏ္ဍခွဲ၍ ပြုစုထားသဖြင့် "ပိဋကတ်နှစ်ပုံ၊ အကျဉ်းချုံ၊ နှုတ်ငုံသူတို့မှာ" ဟူ၍ လယ်တီဆရာတော်ဘုန်းကြီး၏ အဆိုအတိုင်း ထိုကျမ်းငယ်ကို တတ်ကျွမ်းပါလျှင် သုတ္တန်ပိဋက၊ အဘိဓမ္မာပိဋက နှစ်ပုံကို နားလည်နိုင်ပါသည်။

ဆရာတော် အရှင်အနုရုဒ္ဓါ မထေရ်သည် သင်္ဂြိုဟ်ကျမ်းကို စကားပြေ (စုဏ္ဏိယ)၊ ကဗျာ (ဂါထာ) နှစ်မျိုးဖြင့် စနစ်တကျ ကျစ်ကျစ်လစ်လစ်ရေးသားထား၍ စာသင်သား ရဟန်းသာမဏေတို့ အတွက် အဘိဓမ္မာ အခြေပြုကျမ်းအဖြစ် ဆရာစဉ်ဆက် သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။ "သဗ္ဗညုတဉာဏ အရာ၊ အဘိဓမ္မာ" ဖြစ်၍ ခက်ခဲနက်နဲ ကျယ်ဝန်းရကားဉာဏ်မီသမျှ သိလွယ်၊ နားလည်၊ သင်ယူနိုင်ကြရန် "အဘိဓမ္မတ္ထသင်္ဂဟကျမ်း" ကို အောက်ပါအတိုင်း (၉) ပိုင်းခွဲ၍ ရေးသားစီရင်တော်မူခဲ့သည်။

### ပထမဆင့်

၁။ **စိတ်ပိုင်း:** = အာရုံကို သိတတ်သော စိတ်သဘောတရားများကို ခွဲခြားပြဆိုသော အပိုင်း။

၂။ **စေတသိက်ပိုင်း:** = စိတ်၏ စွမ်းရည်သတ္တိထူးကိုဖြစ်ပေါ်စေသော စိတ်၌ မှီတွယ်စိတ်ကိုခြယ်လှယ်

www.burmeseclassic.com

www.burmeseclassic.com



သည့် သဘောတရားများကို ခွဲခြားပြဆိုသော အပိုင်း။

၃။ **ပကိဏ်း** = စိတ်, စေတသိက်များကို ဝေဒနာ, ဟိတ် စသဖြင့် ရောပြွမ်းပြဆိုပြီး ရုပ်, နာမ် ဆက်သွယ်ပုံကို ပြဆိုသော အပိုင်း။

## ဒုတိယဆင့်

၄။ **ဝီထိပိုင်း** = စိတ်, စေတသိက်တည်းဟူသော နာမ်တရားတို့၏ ဖြစ်ပုံအစဉ်ကိုပြသောအပိုင်း။

၅။ **ဝီထိမုတ်ပိုင်း (ဘုံပိုင်း)** = ပဋိသန္ဓေအခါ၊ စုတိအခါ စိတ်ဖြစ်ပုံ အစဉ်နှင့် (၃၁) ဘုံရှိ ပုဂ္ဂိုလ်၊ သက်တမ်းတို့ကို ပြဆိုသော အပိုင်း။

၆။ **ရုပ်ပိုင်း** = ဖောက်ပြန်တတ်သော ရုပ်သဘောတရားများကို ပြဆိုပြီး ရုပ်ပိုင်းအဆုံး၌ ရုပ်ဒုက္ခ၊ နာမ်ဒုက္ခ ကင်းဝေးသော နိဗ္ဗာန်ကို ပြဆိုသော အပိုင်း။

## တတိယဆင့်

၇။ **သမုစ္စည်းပိုင်း** = အထက်ပါ (၆) ပိုင်းဖြင့် ရုပ်နာမ်များကို နားလည်ပြီးနောက် ရုပ်, နာမ်တို့ကို သဘောတူပေါင်းစည်းပြသော အပိုင်း။

၈။ **ပစ္စည်းပိုင်း** = ပရမတ်တရားများ ကြောင်းကျိုးဆက်စပ်ဖြစ်နေခြင်းကို "ပဋိစ္စသမုပ္ပါဒ်နည်းနှင့် ပဋ္ဌာန်းနည်း" နှစ်မျိုးဖြင့် ဖော်ပြသော အပိုင်း:"။

၉။ **ကမ္မဋ္ဌာန်းပိုင်း** = နာမ်, ရုပ်တို့ကို သမထနည်း, ဝိပဿနာ နည်းတို့ဖြင့် လက်တွေ့ကျင့်ကြံအားထုတ်ရသော "ပဋိပတ္တိနည်း" ကို ပြသောအပိုင်း။

အဘိဓမ္မာ (၉) ပိုင်းကို ဆက်စပ်သုံးသပ်လျှင် စိတ်ပိုင်းမှ ပစ္စည်းပိုင်း အထိ (၈) ပိုင်းကို လေ့လာနားလည်ခြင်းကြောင့် ရုပ်၊ နာမ်တို့ကို ကွဲပြားစွာ သိရှိပြီး ရုပ်, နာမ်တို့၏ ဖြစ်ပျက်ပုံ, အပြန်အလှန်အကြောင်းအကျိုးဆက်စပ်ပုံတို့ကို သိရှိသဘောပေါက်နိုင်သည်။ ထိုသူသည် ပရိယတ္တိနည်းဖြင့် "နာမရူပ ပရိစ္ဆေဒဉာဏ်" ကို ရရှိပါသည်။

ကမ္မဋ္ဌာန်းပိုင်းဖြင့် နာမ်ရုပ်တို့ကို သိမြင်အောင် လက်တွေ့ကျင့်ရသော သမထနည်း, ဝိပဿနာနည်းကို ပြတော်မူ၍ ပရိယတ္တိမှ ပဋိပတ္တိအကျင့်သို့ ကူးပြောင်းပုံကို ပြဆိုထားသည်။

ထို့ကြောင့် အဘိဓမ္မာ (၉) ပိုင်းသည် ပရိယတ္တိ (ဂန္ထဓုရ)၊ ပဋိပတ္တိ (ဝိပဿနာဓုရ) နှစ်ပါးပြည့်စုံအောင် အစီအစဉ်ကျကျ ဖော်ပြထား၏။ ထိုပရိယတ်၊ ပဋိပတ် နှစ်ပါးစုံမှသာ, သာသနာကျင့်စဉ်မှန်ကန်၍ "ဘဝလွတ်မြောက်ရေး" နိဗ္ဗာန်ကိုရောက်ရှိနိုင်ပါမည်။

အဘိဓမ္မာဘာသာကို ပညာရပ်တစ်ခုအဖြစ် ဆည်းပူးလေ့လာရာတွင် ရှေးဦးစွာ ထိုပညာရပ်၏ သဘောအဓိပ္ပာယ် ရည်ရွယ်ချက် အကျိုးတရား စသည်တို့ကို သိရှိရန် လိုအပ်ပါသည်။

## ဗုဒ္ဓအဘိဓမ္မာ

ဗုဒ္ဓအဘိဓမ္မာဆိုသည်မှာ ဗုဒ္ဓကိုယ်တော်တိုင် ပုဂ္ဂိုလ်, သတ္တဝါမျက်နှာမလိုက် ၃၁-ဘုံနှင့် နိဗ္ဗာန်၏ သဘာဝကို ကြောင်းကျိုးဆက်စပ် သဘာဝကျကျ ဟောတော်မူထားသော ပရမတ်တရားများပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## မြတ်စွာဘုရားဟောကြားတော်မူသော တရားတော်များ

ဗုဒ္ဓရှင်တော်မြတ်ဘုရား (၄၅) ဝါ ပတ်လုံး ဟောကြားတော်မူခဲ့သော တရားတော်များအားလုံးကို ချုပ်လိုက်လျှင် အောက်ပါအတိုင်း ခွဲခြားရရှိမည် ဖြစ်ပါသည်။

၁။ ဝိမုတ္တိရသအားဖြင့် တစ်ပါးတည်းပင်ဖြစ်၏။

၂။ ဒုကနည်းအားဖြင့် ဓမ္မ၊ ဝိနယဟူ၍ (၂) မျိုး ရှိ၏၊ ဓမ္မတွင် သုတ္တန်ဓမ္မနှင့် အဘိဓမ္မာဓမ္မဟူ၍ (၂) မျိုး ပါဝင်၏။

၃။ ပိဋကတ်အားဖြင့် (၃) ပါးရှိ၏။

(က) သုတ္တန်ပိဋက = တရားတော်ကို နာယူမည့် ဝေနေယျတို့၏ အလိုဆန္ဒ ဣန္ဒြေအနအရင့်ကို ကြည့်၍ သင့်တင့်လျောက်ပတ်စွာ ဟောတော်မူသော ကောင်းခြင်းသုံးဖြာနှင့် ပြည့်စုံသည့် တရားတော်။

(ခ) ဝိနည်းပိဋက = ရဟန်းသံဃာတော်များအတွက် မပြုမကျင့် ရှောင်ကြဉ်ရမည့် အချက်များနှင့် ပြုကျင့်မိလျှင် မည်သည့်အပြစ်များ သင့်မည်ဟု စည်းမျဉ်းဥပဒေများ ထုတ်ပြန်ထားသော ဘုရားဥပဒေတော်။

(ဂ) အဘိဓမ္မာပိဋက = သုတ္တန်တရားများကဲ့သို့ သတ္တဝါတို့၏ အဇ္ဈာသယ, ဝါသနာ, စရိုက်တို့၏ အလိုသို့ မလိုက်ဘဲ မဖောက်မပြန် အမြဲမှန်ကန်သော သဘာဝတရား သက်သက် (ပရမတ္ထတရားများ) ကို သဗ္ဗညုတဉာဏ်တော်ဖြင့် အကြွင်းကျန်မထား ပြည့်စုံစွာဟောကြားသော တရားတော်။

၄။ နိကာယ်အားဖြင့် (၅) ပါး။

၅။ အင်္ဂါအားဖြင့် (၉) ပါး။

၆။ ဓမ္မက္ခန္ဓာ (တရားအစု) အားဖြင့် (၈၄၀၀၀) ဟူ၍ ရှိပါသည်။

## အဘိဓမ္မာဟူ၍ အမည်ရခြင်း

အဘိ = ဆိုသည်မှာ သာလွန်သော၊ ထူးဆန်းသော ဟူ၍ အဓိပ္ပာယ်ရပါသည်။

"ဓမ္မာ" ဆိုသည်မှာ တရားပင်ဖြစ်၏။ ဓမ္မတရားသည် သုတ္တန်၊ အဘိဓမ္မာ (၂) မျိုးလုံးနှင့် သက်ဆိုင်နေသောကြောင့် သုတ္တန်မဟုတ်သော တရားကို "အဘိ" ဟု အထူးပြု၍ "အဘိဓမ္မာ" ဟု ခေါ်တွင်ပါသည်။

ပိဋကတ် (၃) ပုံတွင် အဘိဓမ္မာပိဋကဌ် ဓမ္မက္ခန္ဓာ ပေါင်း (၄၂၀၀၀) ရှိ၍ သုတ္တန်ပိဋကဌ် ဓမ္မက္ခန္ဓာ ပေါင်း (၂၁၀၀၀)၊ ဝိနည်းပိဋကဌ် ဓမ္မက္ခန္ဓာပေါင်း (၂၁၀၀၀) ရှိ၏။ သုတ္တန်ပိဋက၊ ဝိနည်းပိဋက တို့ထက် ဓမ္မက္ခန္ဓာပိုများသောကြောင့် "အဘိ = သုတ္တန်ထက်သာလွန်သော၊ ဓမ္မ = တရားတော်" ဟု အမည်ထူးရ၏။

ထို့ပြင် တရားချင်းတူလျှင် သုတ္တန်ထက် ထူးကဲ ကျယ်ဝန်းသောကြောင့် "အဘိ = သုတ္တန်ထက် သာလွန်ထူးကဲသော ဓမ္မ = တရားတော်" ဟု အမည်ထူးပြုခြင်းဖြစ်သည်။ ဥပမာ– သုတ္တန်ဌ် ခန္ဓာ (၅) ပါးအကြောင်းကို အကျဉ်းမျှသာ ဟော၏၊ အဘိဓမ္မာဌ်ကား ခန္ဓာ (၅) ပါးကို နည်း (၃) နည်းဖြင့် ချဲ့ထွင်၍ အကျယ်ဟောတော်မူသည်။

သုတ္တန်တရားတော်ထက် ထူးဆန်းသည်ဆိုသည်မှာ အဘိဓမ္မာတရားတော်ကို ဟောကြားရာတွင် သုတ္တန်ပါဠိတော်ကဲ့သို့ သုတ္တန်နည်းတစ်နည်းတည်းဖြင့် ဟောကြားခြင်းသာမက သုတ္တန်နည်း၊ အဘိဓမ္မာနည်း၊ အမေးအဖြေနည်းဟူ၍ နည်း (၃) နည်းဖြင့် ဟောကြားတော်မူ၏။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



"အဘိ = သုတ္တန်ထက် ထူးဆန်းသော၊ ဓမ္မ = တရားတော်" ဟု အမည်ထူးပြု၍ အဘိဓမ္မာဟု ခေါ်ဆိုရသော တရားတော်ဖြစ်ပါသည်။

## အဘိဓမ္မာသင်ယူရခြင်း ရည်ရွယ်ချက်နှင့် အကျိုးတရား

အဘိဓမ္မာပညာကို ဆည်းပူးရခြင်း၏ အဓိက ရည်ရွယ်ချက်မှာ **"ဘဝတိုးတက်ရေးနှင့် ဘဝလွတ်မြောက်ရေး"** အတွက်ပင်ဖြစ်ပါသည်။

သတ္တဝါဟူသမျှတို့၏ ဘဝပန်းတိုင်သည် ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာ နိဗ္ဗာန်ကို ရောက်ရှိရေးပင်ဖြစ်သည်။ သို့ရာတွင် နိဗ္ဗာန်ကိုရောက်ရှိမည့် လောကုတ္တရာစိတ်ကို ရရှိရန်ကား မလွယ်ကူလှချေ။ သတ္တဝါ၏ အစကို မသိနိုင်အောင် သံသရာ ရှည်လျားခြင်းကပင် သက်သေပြသည်။

နိဗ္ဗာန်ကိုရောက်ရှိရန် တစ်ဘဝထက် တစ်ဘဝ, တစ်ဆင့်ထက် တစ်ဆင့် ရင့်သည်ထက် ရင့်အောင် နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ပါရမီကုသိုလ်များကို ဖြည့်ဆည်းတတ်ရန် အထူးလိုအပ်ပါသည်။ မိမိဖြည့်ဆည်းခဲ့သော ပါရမီကုသိုလ်များကြောင့် တစ်ဘဝထက် တစ်ဘဝ, တစ်ဆင့်ထက် တစ်ဆင့်, ရင့်သည်ထက်ရင့်ခြင်းကို **"ဘဝတိုးတက်"** သည်ဟုဆိုပါသည်။

ဘဝတိုးတက်မှသာလျှင် ပါရမီပြည့်လာ၍ **"ဘဝလွတ်မြောက်ရေး"** ဟူသော နိဗ္ဗာန်ကို ရောက်ရှိနိုင်မည်ဖြစ်သည်။

ဗုဒ္ဓအဘိဓမ္မာသည် သံသရာလမ်းညွှန်၊ ဘဝလမ်းညွှန် မီးရှူးတန်ဆောင် အလင်းရောင်ဖြစ်သည်။ ပါရမီကုသိုလ်များကို ဖြည့်ဆည်းတတ်ရန် "မီးမောင်းထိုးပြသည့် တရားတော်ကြီး" လည်းဖြစ်သည်။

အဘိဓမ္မာ ပညာကို ဆည်းပူးတတ်မြောက်ကျင့်သုံးခြင်းဖြင့် သံသရာ ဘဝခရီးတစ်ထောက်၌ အဆုံးအစ မရှိသော "အမြင့်မြတ်ဆုံးသော ကုသိုလ်ပါရမီထူး" များကို ရရှိပါသည်။ အမြင့်မြတ်ဆုံး ကုသိုလ်သည် အကြီးအကျယ်ဆုံး အကျိုးကို မုချဧကန်ပေးပါသည်။

ကဿပမြတ်စွာဘုရား လက်ထက်တော်တွင် တစ်ခုသော ဂူအတွင်း၌ တိရစ္ဆာန် လင်းနို့သား (၅၀၀) တို့သည် ထို လိုဏ်ဂူအတွင်း သီတင်းသုံးနေထိုင်သော ရဟန်းတော်နှစ်ပါး၏ အဘိဓမ္မာတရားတော် ရွတ်အံသရဇ္ဈာယ်သံကို နေ့တိုင်း ကြားနေကြသည်။ တိရစ္ဆာန်များဖြစ်ကြသော လင်းနို့သား (၅၀၀) တို့သည် ခန္ဓာ, အာယတန, ဓာတ်, သစ္စာ ဟူ၍ မသိကြ၊ တရားတော်၏ အနက်အဓိပ္ပာယ်ကို လည်း နားမလည်ကြ၊ နားထောင်ရန် ကောင်းသော အသံမျှဖြစ်သည်ဟုလောက်သာ သိရှိကြသည်။ အဘိဓမ္မာတရားတော်သံကို ကြားရသော ကုသိုလ်ကံကို ကမ္မနိမိတ်ယူ၍ သေလွန်ကြသောအခါ တာဝတိံသာနတ်ပြည်၌ နတ်သား (၅၀၀) ဖြစ်ခဲ့ကြသည်။ ကဿပမြတ်စွာဘုရားနှင့် ဂေါတမမြတ်စွာ ဘုရားနှစ်ဆူတို့၏ ဗုဒ္ဓန္တရ အသင်္ချေယျ ကာလပတ်လုံး အပါယ်လေးပါးမှ လွတ်ကင်းကြပြီး နတ်ပြည်၌သာ အကြိမ်ကြိမ်ဖြစ်ကြရသည်။

ဂေါတမ မြတ်စွာဘုရားပွင့်တော်မူသောအခါ သာဝတ္ထိပြည်၌ အမျိုးကောင်းသား (၅၀၀) ဖြစ်လာကြသည်။ မြတ်စွာဘုရား တာဝတိံသာသို့ မကြွမီ တိတ္ထိတို့ကို ချေချွတ်ပွဲ၌ သာသနာတော်ကို ကြည်ညိုကြပြီး အရှင်သာရိပုတ္တရာကို ဥပဇ္ဈာယ်ပြု၍ ရဟန်းပြုခဲ့ကြသည်။

ထိုရဟန်း (၅၀၀)တို့သည် ကဿပမြတ်စွာဘုရားလက်ထက် လင်းနို့သား ဘဝဖြင့် အဘိဓမ္မာ တရားတော်သံကို ကြားနာခဲ့ရသော ကုသိုလ်အကျိုးဆက်ကြောင့် လူ့ပြည်တွင် အရှင်သာရိပုတ္တရာ ပြီးလျှင် အဘိဓမ္မာတရားတော်ကို ရှေးဦးစွာ သင်ယူနာကြားခွင့်ရပြီး တရားထူးရကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓအဘိဓမ္မာကို ဆည်းပူးခွင့်ရရှိသူတို့သည် အန္ဓပုထုဇဉ်အဆင့်မှ ကလျာဏ ပုထုဇဉ်အဆင့်တို့ ရောက်ရှိ၍ အပါယ်လေးပါးမှ လွတ်ရန် အခွင့်အလမ်းသာလျက်ရှိသည်။

အန္ဓ ပုထုဇဉ်ဆိုသည်မှာ ခန္ဓာ, အာယတန, ဓာတ်စသော တရားတို့ကို သင်ယူမေးမြန်း၊ ကြားနာ၊ မှတ်သားခြင်းမရှိ၍ ရုပ်တရား၊ နာမ်တရားတို့နှင့် ပတ်သက်သော အသိဉာဏ် ကင်းမဲ့သော (ဝါ) အန္ဓ = ဉာဏ်ပညာမျက်စိကန်းနေသော ပုဂ္ဂိုလ်ဖြစ်သည်။ မံသ-စက္ခုနှစ်ကွင်းအလင်း ရပါလျက် ဉာဏစက္ခုကွယ်နေသောကြောင့် အကန်းလမ်းလျှောက် ရောက်ချင်ရာရောက်တတ်ပါသည်။

အဘိဓမ္မာပညာကို ဆည်းပူးရခြင်းကြောင့် မြတ်စွာဘုရားဟောကြားတော်မူခဲ့သော တရားစာပေများကို ကောင်းစွာ လေ့လာသဘောပေါက်နိုင်၍ အသိဉာဏ် ဗဟုသုတကြွယ်ဝလာပါသည်။ ရုပ်တရား၊ နာမ်တရား တို့ကို သုတမယဉာဏ်၊ စိန္တာမယဉာဏ်တို့ဖြင့် သိမြင်၍ ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်အဆင့်သို့ ရောက်ပါမည်။ ကုသိုလ်သဘော၊ အကုသိုလ်သဘောကို ကောင်းစွာ ခွဲခြမ်းစိတ်ဖြာ၍ သိရှိပြီး နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ကုသိုလ်မျိုးကို ပြုတတ်ပါမည်။ ဉာဏ်ပညာ မျက်စိကောင်းသော ကလျာဏ ပုထုဇဉ်မျိုးကူးပြောင်းသွား၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရရှိရန် အထုံတို့သည်လည်း အလုံးစုံ ပွင့်လင်းသွားပါသည်။

အဘိဓမ္မာကို လေ့လာလိုက်စား သင်ကြားဘူးသော ပါရမီအခံရှိခဲ့ပါမှ "ပဋိသမ္ဘိဒါဉာဏ်အတွက် ပါရမီမျိုးစေ့" ရရှိနိုင်ပါသည်။

ပဋိသမ္ဘိဒါဉာဏ်သည် အလွန်ရခဲသော ဉာဏ်ဖြစ်သည်။ ရဟန္တာဖြစ်သည်နှင့် တစ်ပြိုင်နက် (ဝါ) အရဟတ္တ မဂ်ဖိုလ်ကိုရသည်နှင့် တစ်ပြိုင်နက် **အကျိုးတရား၊ အကြောင်းတရား**တို့ကို သိမြင်ခြင်း၊ သဒ္ဒါအမျိုးမျိုး၊ ဘာသာအမျိုးမျိုး၊ ဝေါဟာရ ပညတ် အမျိုးမျိုးတို့ကို သိမြင်ခြင်း၊ အခါအခွင့်ကြုံလာလျှင် သက်ဆိုင်ရာ ဥပမာ ဥပမေယျတို့နှင့်တကွ ရှင်းလင်းပြနိုင်ရန် အလိုလိုထင်မြင်လာခြင်းဟူသော စွမ်းရည်တို့ကို ရရှိနိုင်သည်။

ဘုရားရှင် လက်ထက်တော်ကပင် ပဋိသမ္ဘိဒါဉာဏ်ရသူများ အလွန်နည်းပါးသည်။ ဈာန် အဘိညာဉ်တရားတို့ကို သာသနာပ၊ သာသနာတော်တွင်းအချိန်တို့၌ လေ့လာအားထုတ်နိုင်ကြ၏။ အဘိဓမ္မာ တရားတော်ကို သာသနာအတွင်း၌သာ လေ့လာလိုက်စားနိုင်သည်။ ထို့ကြောင့် ရဟန္တာဖြစ်တိုင်း ပဋိသမ္ဘိဒါဉာဏ်မရနိုင်။ ကျွတ်တမ်းဝင်ကြသော ရဟန်းရှင်လူအပေါင်းတွင် ပဋိသမ္ဘိဒါပတ္တဖြစ်ကြသူတို့သည် အထွတ်အထိပ်ဖြစ်ကြသည်။ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်အာနန္ဒာ၊ စိတ္တသူကြွယ်၊ ဓမ္မဒိန္နာထေရီတို့မှာ ပဋိသမ္ဘိဒါဉာဏ်ရသူများဖြစ်ကြသည်။

အဘိဓမ္မာ (၉) ပိုင်းသည် ပရိယတ္တိ (ဂန္ထဓုရ)၊ ပဋိပတ္တိ (ဝိပဿနာဓုရ) နှစ်ပါးပြည့်စုံအောင် သင်ယူရခြင်းဖြစ်၍ ပရိယတ်၊ ပဋိပတ်နှစ်ပါးစုံကို သင်ယူရသဖြင့် ဘဝလွတ်မြောက်ရေး နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ဖြစ်မည်မှာ ဧကန်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## အဘိဓမ္မတ္ထတရား (၅) ပါး

အဘိဓမ္မာပိဋက တရားအားလုံး၏ အချုပ်သည် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ပညတ်ဟူ၍ (၅) ပါး သာရှိသည်။

## ပရမတ္ထတရား (၄) ပါး

(Ultimate Reality)

(ပရမတ္ထ= ပရမ = မြတ်သော (ဝါ) မဖောက်မပြန်မှန်ကန်သော (ဝါ)
အချုပ်ပဓာန ဖြစ်သော + အတ္ထ=အနက်သဘော)

ပရမတ္ထတရားဆိုသည်မှာ မြတ်သောသဘောတရား၊ မိမိတို့ဆိုင်ရာသဘောလက္ခဏာများမှ မဖောက် မပြန် မှန်ကန်တည့်မတ်သော သဘောတရားဖြစ်၏။ စကြာဝဠာအနန္တ၌ ရေမြေတောတောင် သတ္တဝါစသည်ဖြင့် အထည်ဝတ္ထုပညတ်စုတို့ မည်မျှပင်များသော်လည်း လိုရင်းအချုပ်ပဓာနကို စစ်ထုတ်လျှင် **စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်**မှတစ်ပါး အခြားမရှိ။

ထို့ကြောင့် စိတ်၊ စေတသိက်၊ ရုပ်နှင့် နိဗ္ဗာန်တရား (၄) ပါးတို့ကို ပရမတ္ထတရား (၄) ပါးဟုခေါ်ဆိုသည်။

၁။ **စိတ်** (Citta = Consciousness)

စိတ်ဆိုသည်မှာ အာရုံကို သိတတ်သော သဘောတရားဖြစ်သည်။

၂။ **စေတသိက်** (Cetasika = Mental states or Mental properties)

စေတသိက်ဆိုသည်မှာ စိတ်၌ မှီတွယ်၊ စိတ်ကိုခြယ်လှယ်သော သဘောတရားဖြစ်သည်။

၃။ ရုပ် (Rupa = Matter)

ရုပ်ဆိုသည်မှာ အပူအအေးစသော ဆန့်ကျင်ဘက်အကြောင်းတရားများကြောင့် ရှေးအစဉ်နှင့် နောက်အစဉ် မတူအောင် ထင်ရှားဖောက်ပြန်တတ်သော သဘောတရားဖြစ်သည်။

၄။ **နိဗ္ဗာန် (Nirvana)**

ဒုက္ခခပ်သိမ်း လွတ်ငြိမ်းရာ, ချုပ်ငြိမ်းရာ သဘောတရား (သို့) ကံ စိတ် ဥတု အာဟာရ တည်းဟူသော အကြောင်းတရား (၄)ပါးတို့၏ ပြုပြင် ဖန်တီးမှုကင်းသော သဘောတရားဖြစ်သည်။

## ပညတ်နှင့် ပရမတ်

အဘိဓမ္မာဆိုသည်မှာ လောကသုံးပါးနှင့် နိဗ္ဗာန်တို့၏ အကြောင်းများကို ပရမတ္ထတရားတို့၏ စွမ်းရည်သတ္တိတို့ဖြင့် ခွဲခြမ်း၍ ဟောကြားသော "ပရမတ္ထဒေသနာ" တော်ဖြစ်ပါသည်။

အဘိဓမ္မာပညာကို လေ့လာသောအခါ ပညတ် (**Apparent reality**) သဘောတရားနှင့် ပရမတ် (**Ultimate reality**) သဘောတရားတို့ကို နားလည်ရန်လိုအပ်၏။

## ပညတ်တရား

(ပညတ္တိ = ပ = အထူးထူး အပြားပြားအားဖြင့် + ဉတ္တိ = သိစေခြင်း)

အထူးထူးအပြားပြားအားဖြင့် သိစေတတ်ခြင်းကို ပညတ္တိ = ပညတ်ဟူ၍ ခေါ်ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ပညတ်တရားသည် အမှန်အရှိ တရားမဟုတ်၊ အခြေအနေ ကာလ,ဒေသအရ လူတို့၏ သတ်မှတ်ချက် ခေါ်ဝေါ်ချက်များသာဖြစ်သည်။ ပြောင်းလဲတတ်သည့်သဘောလည်းရှိ၏။

လူ, နတ်, ဗြဟ္မာ, ငရဲ, တိရစ္ဆာန်, ပြိတ္တာ, မိန်းမ, ယောကျ်ား, အဖြူ, အနီ စသည်ဖြင့် အမျိုးမျိုး အစားစားကို ခွဲခွဲခြားခြားသိစေရန်အမည်နာမပေးသမုတ်ထားသည်ကိုပင် "ပညတ်" ဟုခေါ်ဆို သည်။ ဥပမာ ရွှံ့စေးဖြင့် လုပ်သောမင်းသမီးရုပ်ပြုလုပ်လိုက်လျှင် မင်းသမီးရုပ်ဟုခေါ်ဆို သမုတ်၏။ တစ်ဖန် မင်းသမီးရုပ်ကိုဖျက်၍ ထိုရွှံ့စေးဖြင့်ပင် ဘီလူးရုပ်, ဆင်ရုပ်, မြင်းရုပ် စသည်ဖြင့် ပြောင်းလဲ လုပ်ပြန်သောအခါ ဘီးလူးရုပ်, ဆင်ရုပ်, မြင်းရုပ်ဟုခေါ်ဆိုပြန်ပါသည်။ ထိုနည်းအတူ မေမြို့ကို ပြင်ဦးလွင်၊ အာလံမြို့ကိုမြေထဲမြို့၊ သီဟိုကို သီရိလင်္ကာ ဟူ၍ ပြောင်းလဲ ခေါ်နိုင်၏။

လူအများတို့၏ ထင်မြင်ချက်တွင် ပညတ်သဘောတရားများသည် အမှန်ရှိသောကြောင့် သမ္မုတိသစ္စာဟု ခေါ်၏။ ဤသို့ခေါ်ဝေါ်သုံးစွဲခြင်းကြောင့် မုသာဝါဒမဖြစ်ပါ။ သို့ရာတွင် ဉာဏ်ဖြင့် စိစစ်ကြည့်လျှင် မင်းသမီးရုပ်၊ ဘီလူးရုပ်၊ ဆင်ရုပ်တို့က မရှိတရား၊ ရွှံ့စေးက အရှိတရားဖြစ်၏။ ထိုနည်းအတူ မိန်းမ, ယောကျ်ား, သူငါဆိုသည်က သတ်မှတ်ချက်ဖြစ်သော ပညတ်တရား။ မူရင်းကို စိစစ်လိုက်လျှင် ရုပ်နာမ် (၂)ပါးသာ ထင်ရှားရှိသော တရားဖြစ်၏။

## ပရမတ္ထတရား

ပရမတ္ထတရားဆိုသည်မှာ အမှန်တကယ်ထင်ရှားရှိ၍ မဖောက်မပြန်မပြောင်းလဲသော သဘောတရားဖြစ်၏။

လောကသုံးပါးဝယ်ဖြစ်လေသမျှ သတ္တဝါတို့ သန္တာန်၌ ရုပ်နာမ်နှစ်ပါးထက်ပို၍ မရှိကြ၊ သတ္တဝါဟူ၍ မရှိ ပုဂ္ဂိုလ်ဟူ၍မရှိ။ သို့ရာတွင် သူသူငါငါ ပုထုဇဉ်အများတို့သည် အမှန်ရှိသော ရုပ်၊ နာမ်(၂) ပါးကို မမြင်၊ မိန်းမ, ယောကျ်ားဟူ၍သာ သိမြင်တတ်ကြသည်။

## ၁။ စိတ်ပရမတ်

စိတ်သည် အာရုံကိုသိတတ်သော (အာရမ္မဏဝိဇာနန) မိမိ၏ ပင်ကိုယ်သဘောမှ ပြောင်းလဲ ဖောက်ပြန်၍ မဖြစ်။ လူသန္တာန်၌ဖြစ်သော စိတ်သည် အာရုံကို သိတတ်သော သဘောရှိ၏။ အထက်တန်းကျသော နတ်ဗြဟ္မာ တို့ သန္တာန်၌ ဖြစ်သော စိတ်သည် အာရုံကို သိခြင်းသဘောမှ မပြောင်းလဲပေ။ ခွေးတိရစ္ဆာန်သန္တာန်၌ဖြစ်သော စိတ်သည်လည်း အာရုံသိခြင်းသဘောမှ မဖောက်ပြန်။

စိတ်သည်ဖြစ်ပြီးက ပျက်စီးမှု သဘောသည် သင်္ခါရတရား၏ ဓမ္မတာသာဖြစ်၏။ ထိုဖြစ် ချုပ်မှုသဘောကို ဖောက်ပြန်သည်ဟု မဆိုလိုပေ။ မိမိ၏ ကိုယ်ပိုင် သဘာဝသတ္တိမှ မဖောက်မပြန် မှန်ကန်စွာဖြစ်ခြင်းကိုသာ "ပရမတ္ထ" ဟုဆိုအပ်ပေသည်။

## ၂။ စေတသိက် ပရမတ်

မိန်းကလေးတစ်ဦးသည် နောက်ဆုံးပေါ် မော်တော်ကားကိုမြင်၍ လိုချင်သည်။ မော်တော်ကား ကို မြင်ခြင်းသည် စိတ်၏ သဘောဖြစ်သည်။ လိုချင်ခြင်းသည် "လောဘ" စေတသိက်၏ သဘော ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလောဘသည် လူနတ် ဗြဟ္မာ သတ္တဝါ အမျိုးမျိုးတို့၏ သန္တာန်၌ ဖြစ်သော်လည်း "လိုချင်ခြင်း" သဘောမှ မဖောက်ပြန်။ "ခွေးလောဘ" နှင့် "လူ့လောဘ"သည် သဘောချင်းတူ၏။ "လောဘ" သည် မိမိ၏ သဘာဝသတ္တိမပြောင်းလွဲ၊ အဖြစ်မှန်ကန်၍ ပ ရမတ္ထခေါ်သည်။

## ၃။ ရုပ်ပရမတ်

ရုပ္ပတီတိ ရူပံ = ရုပ်သည် ရှေ့အစဉ်နှင့် နောက်အစဉ်မတူအောင် ဖောက်ပြန်တတ်သော သဘောရှိ၏။ သို့ရာတွင် ပရမတ်တရားတွင် ထည့်သွင်းရခြင်းမှာ ရုပ်သည်အမှန်ရှိသော တရားတစ်ခု ဖြစ်သောကြောင့်ဖြစ်၏။ ရုပ်၏ ဖောက်ပြန်တတ်သောသဘောသည် အမြဲတမ်း မဖောက်မပြန် မှန်ကန်နေသောကြောင့် ပရမတ်ဟု သတ်မှတ်ရသည်။ တစ်နည်းအားဖြင့် ရုပ်သည် ဖောက်ပြန်တတ်သော ပင်ကိုယ်သဘောမှ ပြောင်းလဲ၍ မဖောက်ပြန်တတ်သောသဘောမရှိ။ မိမိ၏ ပင်ကိုယ်ဖောက်ပြန်တတ်သော သဘောအတိုင်းတည်ရှိနေခြင်းကိုပင် မဖောက်မပြန် မှန်ကန်သော ပရမတ်ဟုဆိုပါသည်။

ပထဝီ– ခက်မာမှုသဘောသည် မည်သူ့သန္တာန်၊ မည်သည့်ဌာန၊ မည်သည့် ဝတ္ထု၌ပင် ပါရှိ ဖြစ်ပေါ်သော်လည်း "ခက်မာမှု" သဘောသာဖြစ်နေ၏။ ခက်မာမှုမှ ဖောက်ပြန်၍ မဖြစ်။ ဤသို့ ပထဝီသည် မိမိ၏ သဘာဝသတ္တိမှ မဖောက်ပြန်သောကြောင့် "ပရမတ်" မည်၏။ ထိုနည်းအတူ ကျန်သော ရုပ်များသည်လည်း ပရမတ်ဖြစ်၏။

## ၄။ နိဗ္ဗာန်ပရမတ်

နိဗ္ဗာန်သည် ဒုက္ခခပ်သိမ်းချုပ်ငြိမ်းသဖြင့် သန္တိသုခချမ်းသာခြင်း သဘောရှိ၏။ ခန္ဓာ (၅) ပါး ရုပ်၊ နာမ် (၂) ပါးချုပ်ငြိမ်းသွားသဖြင့် လောဘစသော မီး (၁၁) ပါးသည်လည်း ချုပ်ငြိမ်းသွား၏။ ဒုက္ခအပူတတ်ကင်းသွားသဖြင့် သန္တိသုခအအေးဓာတ်သဘောသာရှိ၏။

နိဗ္ဗာန်သည် ဖြစ်ခြင်း ပျက်ခြင်းမရှိ။ သန္တိသုခချမ်းသာခြင်းသာ မဖောက်မပြန် မှန်ကန် နေသောကြောင့် ပရမတ်မည်၏။

## စိတ်နှင့် စေတသိက်တို့၏ သတ္တိများ

စိတ်သည် အချို့စေတသိက်များနှင့် ကင်း၍ အာရုံကို ယူနိုင်စွမ်းရှိသည်။ စေတသိက်သည် စိတ်၌ မှီတွယ်၍ဖြစ်ရသောကြောင့် စိတ်မဖြစ်လျှင် လုံးဝမဖြစ်နိုင်။ စိတ်နှင့် ကင်း၍ အာရုံကို မယူနိုင်။

## ဝေဒနာ (၅) မျိုး
## (The five kinds of Feeling or Vedana)

စိတ်တစ်ခုဖြစ်ဖို့ရန် ကေန်ရှိရမည့် အကြောင်းကား "အာရုံ (object)" ပင်ဖြစ်သည်။ အာရုံမရှိလျှင် မည်သည့်စိတ်မျှ မဖြစ်ပေါ်နိုင်။ စိတ်ဖြစ်ပေါ်လာသောအခါ အာရုံ၏အရသာကို ခံစားခြင်းသဘောသည် ဝေဒနာ (feeling)ပင်ဖြစ်သည်။ တွေ့ကြုံထိတွေ့ရသောအာရုံများကွဲပြားသည့် အလျောက် ဝေဒနာ (၅) မျိုး ကွဲပြား၏။

www.burmeseclassic.com

www.burmeseclassic.com



## ၁။ သောမနဿဝေဒနာ (Somanassa= mental pleasurable feeling)

တွေ့ကြုံရသည့် အာရုံသည် အလိုရှိအပ်, နှစ်သက်အပ်သည့် ကောင်းမြတ်သော အာရုံ (ဣဋ္ဌာရုံ=Pleasurable Object) ဖြစ်ပါက "သောမနဿဝေဒနာ" ဟူ၍ စိတ်၌ ရွှင်လန်းဝမ်းမြောက်သာယာဖွယ် ခံစားခြင်းသဘောဖြစ်ပေါ်၏။

## ၂။ ဒေါမနဿဝေဒနာ (Domanassa = mental unpleasurable feeling)

အလိုမရှိအပ် မနှစ်သက်အပ်သည့် အာရုံ (အနိဋ္ဌာရုံ= Unpleasurable Object) နှင့်တွေ့ကြုံရသည့်အခါ "ဒေါမနဿ ဝေဒနာ" ဟူ၍ စိတ်၌ မသာယာဖွယ် ခံစားခြင်းသဘောဖြစ်ပေါ်၏။

## ၃။ ဥပေက္ခာဝေဒနာ (Upekkha = indifference, equanimity or neutral feeling)

ဣဋ္ဌာရုံလည်းမဟုတ် အနိဋ္ဌာရုံလည်းမမည် အကောင်းအဆိုး အလယ်အလတ်ရိုးရိုးဖြစ်သော သာမန်အာရုံ (ဣဋ္ဌမဇ္ဈတ္တာရုံ = neither pleasurable object nor unpleasurable object) နှင့် ကြုံတွေ့ရသည့်အခါ "ဥပေက္ခာ ဝေဒနာ" ဟူ၍ မသိမသာ မထင်မရှား သာမန်ခံစားခြင်းသဘောဖြစ်ပေါ်၏။

ဥပေက္ခာဝေဒနာကို "အဒုက္ခ မသုခဝေဒနာ" ဟူ၍ လည်းခေါ်ဆိုသည်။

## ၄။ သုခဝေဒနာ (Sukha = physical happiness)

ခန္ဓာကိုယ်၌ အတွေ့အထိကောင်းသော အာရုံ (ဣဋ္ဌဖေါဋ္ဌဗ္ဗာရုံ = Tangible Object) နှင့် ထိတွေ့ရသည့်အခါ "သုခဝေဒနာ" ဟူ၍ ကိုယ်၌ ဖြစ်သော ချမ်းသာသည့် ခံစားခြင်းသဘောဖြစ်ပေါ်၏။

## ၅။ ဒုက္ခဝေဒနာ (Dukkha = physical pain)

ခန္ဓာကိုယ်၌ မကောင်းသော အထိအတွေ့ အာရုံ (အနိဋ္ဌဖောဋ္ဌဗ္ဗာရုံ = Intangible Object) နှင့် ထိတွေ့ရသည့်အခါ "ဒုက္ခဝေဒနာ" ဟူ၍ ကိုယ်၌ ဖြစ်သော မချမ်းသာသည့် ခံစားခြင်းသဘောဖြစ်ပေါ်၏။

သောမနဿ ဝေဒနာ၊ ဒေါမနဿဝေဒနာနှင့် ဥပေက္ခာဝေဒနာ (၃) မျိုးတို့သည် စိတ်၌ဖြစ်သော ခံစားမှု (စေတသိက ဝေဒနာ= Mental Feeling) ဖြစ်၏။

ဖောဋ္ဌဗ္ဗာရုံနှင့် တွေ့ထိ၍ ကိုယ်၌ ဖြစ်သော သုခဝေဒနာနှင့် ဒုက္ခဝေဒနာ (၂) မျိုးသည် ကာယိက ဝေဒနာ (Physical Feeling) ဖြစ်၏။

* ဥပေက္ခာ ဝေဒနာသည် စိတ်၌သာဖြစ်နိုင်၍ စေတသိက ဥပေက္ခာဟူ၍ တစ်မျိုးတည်းသာရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဝေဒနာ (၅) မျိုးကို သင်္ကေတအမှတ်လက္ခဏာဖြင့်ပြခြင်း
## (The five kinds of feeling are shown by means of the symbols.)

| စဉ် | ဝေဒနာ (၅) မျိုး<br>Five kinds of feeling | သင်္ကေတ<br>Signs | မှတ်ချက်<br>Remark |
|---|---|---|---|
| ၁ | သောမနဿ ဝေဒနာ<br>Pleasurable feeling | + | စိတ်၌ဖြစ်သော စေတသိက ဝေဒနာ<br>Purely Mental Feeling |
| ၂ | ဒေါမနဿ ဝေဒနာ<br>Unpleasurable feeling | > | |
| ၃ | ဥပေက္ခာ ဝေဒနာ<br>Neutral feeling | − | |
| ၄ | သုခ ဝေဒနာ<br>Physical happiness | ∧ | ကိုယ်၌ ဖြစ်သော ကာယိက ဝေဒနာ<br>Purely Physical Feeling. |
| ၅ | ဒုက္ခ ဝေဒနာ<br>Physical pain | ∨ | |

### ၁။ စိတ်ပိုင်း
### (CITTA = CONSCIOUSNESS)

သတ္တဝါတို့ဖြစ်တည်ရာဘုံဌာနအရ စိတ်အကျဉ်း (၈၉) ပါး၊ အကျယ် (၁၂၁) ပါးတို့ကို အကျဉ်းအားဖြင့် (၄) မျိုးခွဲခြားနိုင်၏။

### ဘုံအားဖြင့် စိတ်အကျဉ်း (၄) မျိုး
### (The Four classes of consciousness)

၁။ **ကာမာဝစရစိတ် (၅၄) ပါး** = ကာမ (၁၁) ဘုံ၌ အများအားဖြင့် သက်ဝင်၍ ဖြစ်သောစိတ်။
Consciousness pertaining to the Sensuous-Sphere

၂။ **ရူပါဝစရစိတ် (၁၅) ပါး** = အသညသတ်ကြဉ် ရူပ ၁၅ ဘုံ၌ အများအားဖြင့်သက်ဝင်၍ ဖြစ်သောစိတ်။
Consecciousness pertaining to the Form-Sphere.

၃။ **အရူပါဝစရစိတ် (၁၂) ပါး** = အရူပ (၄)ဘုံ၌ အများအားဖြင့် သက်ဝင်၍ ဖြစ်သောစိတ်။
Consciousness pertaining to the Formless-Sphere.

၄။ **လောကုတ္တရာစိတ် (၈/၄၀) ပါး** = လောကုတ္တရာ အဝတ္ထာဘုံ၌ဖြစ်သောစိတ်။ လောကသုံးပါးမှ လွတ်မြောက်သောစိတ်(ဝါ) လောကသုံးပါး ထက်လွန်ကဲမြင့်မြတ်သောစိတ်။
Supramundane consciousness.

www.burmeseclassic.com

www.burmeseclassic.com



## ၁။ ကာမာဝစရစိတ် (၅၄) ပါး
## (Kama Vacara-Cittani)
## (54- types of Consciousness of the Sensuous- Sphere)

(ကာမ = ကာမဘုံ၌ + အဝ= သက်ဝင်၍ + စရ = ဖြစ်သောစိတ်)

ကာမဘုံ၌ အများအားဖြင့်သက်ဝင်၍ဖြစ်သောစိတ်ကို "ကာမာဝစရစိတ်" ဟု ခေါ်ဆို၏။ "ကာမစိတ်" ဟူ၍လည်း ခေါ်ဆိုသည်။

ကာမဘုံ၌ အများအားဖြင့် ကျင်လည်စေတတ်သော ဖြစ်စေတတ်သော ကာမာဝစရစိတ်တို့ကို (၃) မျိုး ခွဲခြားနိုင်၏။

(က)အကုသိုလ်စိတ် ၁၂ ပါး (The twelve types of immoral consciousness)
(ခ) အဟိတ်စိတ် ၁၈ ပါး (The eighteen types of rootless consciousness)
(ဂ) ကာမသောဘနစိတ်၂၄ ပါး (The twenty-four types of beautiful consciousness in the sensesphere.)

"ကာမာဝစရစိတ် ၅၄ ပါး"

| စဉ် | စိတ် | ဦးရေ | သင်္ကေတ |
|---|---|---|---|
| (က) | အကုသိုလ်စိတ် | ၁၂ ပါး | အ +˙ + ÷ – > x ÷<br>သ +˙ + ÷ – > x ÷<br>} အကုသိုလ် ..၁၂ |
| (ခ) | အဟိတ်စိတ် | ၁၈ ပါး | – – – – V – –<br>– – – – Λ – + –<br>– – +<br>} အဟိတ် ၁၈ |
| (ဂ) | ကာမသောဘနစိတ် | ၂၄ ပါး | အ +˙ + ÷ –<br>သ +˙ + ÷ – } မဟာကု–၈<br>အ +˙ + ÷ –<br>သ +˙ + ÷ – } မဟာဝိ–၈<br>အ +˙ + ÷ –<br>သ +˙ + ÷ – } မဟာကြိ–၈<br>} ကာမသောဘန ၂၄ |
| ကာမစိတ်ပေါင်း | | ၅၄ ပါး | ကာမစိတ်ပေါင်း = ၅၄ |

## (က) အကုသိုလ်စိတ် ၁၂ ပါး
## (Akusala Citta) The twelve types of immoral consciousness.

(အကုသလ (ဝါ) = အကုသိုလ်စိတ် = Immoral Consciousness)

အကုသိုလ်စိတ်ဆိုသည်မှာ "မလိမ္မာသော, အပြစ်နှင့် တကွဖြစ်သော, မကောင်းသော အကျိုးကို ပေးခြင်း လက္ခဏာရှိသော (ဝါ) ကုသိုလ်နှင့် ဆန့်ကျင်ဘက်ဖြစ်သောစိတ်" ပင်ဖြစ်သည်။

အကုသိုလ်စိတ်သည် ပယ်ရမည့် (ပဟာတဗ္ဗ) တရားဖြစ်သည်။ အကုသိုလ်စိတ် (၁၂) ပါးကို

www.burmeseclassic.com

www.burmeseclassic.com



အောက်ပါအတိုင်း (၃) မျိုး ခွဲခြားသည်။

၁။ လောဘအရင်းခံဖြစ်ရသော "လောဘမူစိတ် (၈) ပါး။"
(The eight types of consciousness Rooted in Attachment)

၂။ ဒေါသအရင်းခံဖြစ်ရသော "ဒေါသမူစိတ် (၂) ပါး"
(The two types of consciousness Rooted in hatred or illwill)

၃။ မောဟအရင်းခံဖြစ်ရသော "မောဟမူစိတ် (၂) ပါး"။
(The two types of consciousness Rooted in delusion or ignorance)

### အကုသိုလ်စိတ် ၁၂ ပါး

| လောဘမူစိတ်– ၈ ပါး | ဒေါသမူစိတ် ၂ ပါး | မောဟမူစိတ် ၂ ပါး |
|---|---|---|
| အ +˙ + ∸ – | > | x ဝိ |
| သ +˙ + ∸ – | > | x ဥ |

### အကုသိုလ်စိတ် –၁၂– ပါး ဆိုရိုး

| | | | | | | |
|---|---|---|---|---|---|---|
| လောဘမူစိတ် (၈) ပါး | ၁ | အ+˚ | သောမနဿ သဟဂုတ်<br>+ | ဒိဋ္ဌိဂတသမ္ပယုတ်<br>( . ) | အသင်္ခါရိက<br>အ | စိတ် ၁ ပါး |
| | ၂ | သ+˚ | သောမနဿ သဟဂုတ်<br>+ | ဒိဋ္ဌိဂတသမ္ပယုတ်<br>( . ) | သသင်္ခါရိက<br>သ | စိတ် ၁ ပါး |
| | ၃ | အ+ | သောမနဿ သဟဂုတ်<br>+ | ဒိဋ္ဌိဂတဝိပ္ပယုတ်<br>( ) | အသင်္ခါရိက<br>အ | စိတ် ၁ ပါး |
| | ၄ | သ+ | သောမနဿ သဟဂုတ်<br>+ | ဒိဋ္ဌိဂတဝိပ္ပယုတ်<br>( ) | သသင်္ခါရိက<br>သ | စိတ် ၁ ပါး |
| | ၅ | အ–˚ | ဥပေက္ခာ သဟဂုတ်<br>– | ဒိဋ္ဌိဂတသမ္ပယုတ်<br>( . ) | အသင်္ခါရိက<br>အ | စိတ် ၁ ပါး |
| | ၆ | သ–˚ | ဥပေက္ခာ သဟဂုတ်<br>– | ဒိဋ္ဌိဂတသမ္ပယုတ်<br>( . ) | သသင်္ခါရိက<br>သ | စိတ် ၁ ပါး |
| | ၇ | အ– | ဥပေက္ခာ သဟဂုတ်<br>– | ဒိဋ္ဌိဂတဝိပ္ပယုတ်<br>( ) | အသင်္ခါရိက<br>အ | စိတ် ၁ ပါး |
| | ၈ | သ– | ဥပေက္ခာ သဟဂုတ်<br>– | ဒိဋ္ဌိဂတဝိပ္ပယုတ်<br>( ) | သသင်္ခါရိက<br>သ | စိတ် ၁ ပါး |
| ဒေါသမူစိတ် (၂) ပါး | | အ>˚ | ဒေါမနဿ သဟဂုတ်<br>> | ပဋိဃသမ္ပယုတ်<br>( . ) | အသင်္ခါရိက<br>အ | စိတ် ၁ ပါး |
| | | သ>˚ | ဒေါမနဿ သဟဂုတ်<br>> | ပဋိဃသမ္ပယုတ်<br>( . ) | သသင်္ခါရိက<br>သ | စိတ် ၁ ပါး |
| မောဟမူစိတ် (၂) ပါး | | ∸ဝိ | ဥပေက္ခာ သဟဂုတ် | ဝိစိကိစ္ဆာသမ္ပယုတ်<br>( . ) | | စိတ် ၁ ပါး |
| | | ˙ဥ | ဥပေက္ခာ သဟဂုတ် | ဥဒ္ဓစ္စသမ္ပယုတ်<br>( . ) | | စိတ် ၁ ပါး |

www.burmeseclassic.com

www.burmeseclassic.com



## လောဘမူစိတ် (၈) ပါး တို့၏ ဆိုရိုးအဓိပ္ပာယ်

၁။ ကာမဂုဏ်အာရုံကို နှစ်သက်တပ်မက်ရာ၌ ဝမ်းမြောက်ဝမ်းသာ အပြစ်မရှိဟု ခံယူလျက် တိုက်တွန်းမှုမပါဘဲ ဖြစ်ပေါ်သော လောဘမူစိတ် (၁) ပါး။

One consciousness, unprompted, accompanied with pleasure, and connected with wrong view.

၂။ ကာမဂုဏ်အာရုံကို နှစ်သက်တပ်မက်ရာ၌ ဝမ်းမြောက်ဝမ်းသာ အပြစ်မရှိဟု ခံယူလျက်၊ သူတစ်ပါးအားပေး တိုက်တွန်းမှုကြောင့် ဖြစ်ပေါ်သော လောဘမူစိတ် (၁) ပါး၊

One consciousness, prompted, accompanied with pleasure, and connected with wrong view.

၃။ ကာမဂုဏ် အာရုံကို နှစ်သက်တပ်မက်ရာ၌ ဝမ်းမြောက်ဝမ်းသာ အပြစ်ရှိမှန်းသိလျက်၊ တိုက်တွန်းမှုမပါဘဲဖြစ်ပေါ်သော လောဘမူစိတ် (၁) ပါး၊

One consciousness, unprompted, accompanied with pleasure, and disconnected with wrong view.

၄။ ကာမဂုဏ်အာရုံကို နှစ်သက်တပ်မက်ရာ၌ ဝမ်းမြောက်ဝမ်းသာ အပြစ်ရှိမှန်းသိလျက်၊ သူတစ်ပါးအားပေးတိုက်တွန်းမှုကြောင့် ဖြစ်ပေါ်သော လောဘမူစိတ် (၁) ပါး၊

One consciousness, prompted, accompanied with pleasure, and disconnected with wrong view.

၅။ ကာမဂုဏ်အာရုံကို နှစ်သက်တပ်မက်ရာ၌ ဝမ်းသာဝမ်းနည်းမဖြစ်ဘဲ အပြစ်မရှိဟုခံယူလျက် တိုက်တွန်းမှုမပါဘဲ ဖြစ်ပေါ်သော လောဘမူစိတ် (၁) ပါး၊

One consciousness, prompted, accompanied with indifference and connected with wrong view.

၆။ ကာမဂုဏ်အာရုံကို နှစ်သက်တပ်မက်ရာ၌ ဝမ်းသာဝမ်းနည်းမဖြစ်ဘဲ အပြစ်မရှိဟုခံယူလျက် သူတစ်ပါးအားပေး တိုက်တွန်းမှုကြောင့် ဖြစ်ပေါ်သော လောဘမူစိတ် (၁) ပါး၊

One consciousness, prompted, accompanied with in difference, and connected with wrong view.

၇။ ကာမဂုဏ်အာရုံကို နှစ်သက်တပ်မက်ရာ၌ ဝမ်းသာဝမ်းနည်းမဖြစ်ဘဲ အပြစ်ရှိမှန်းသိလျက် တိုက်တွန်းမှုမပါဘဲ ဖြစ်ပေါ်သော လောဘမူစိတ် (၁) ပါး၊

One consciousness, unprompted, accompanied with indifference, and disconnected with wrong view.

၈။ ကာမဂုဏ်အာရုံကို နှစ်သက်တပ်မက်ရာ၌ ဝမ်းသာဝမ်းနည်းမဖြစ်ဘဲ အပြစ်ရှိမှန်းသိလျက် သူတစ်ပါးအားပေးတိုက်တွန်းမှုကြောင့် ဖြစ်ပေါ်သော လောဘမူစိတ် (၁) ပါး၊

One consciousness, prompted, accompanied with indifference, and disconnected with wrong view.

www.burmeseclassic.com

www.burmeseclassic.com



## ရှင်းလင်းချက်

(လောဘ= လောဘနှင့် + သဟ = တကွ + ဂတ = ဖြစ်သည်။)

လောဘဆိုသည်မှာ ကာမဂုဏ်အာရုံကို လိုချင်ကပ်ငြိတပ်မက်မှုသဘော (attachment) ဖြစ်သည်။

လိုချင် ကပ်ငြိတပ်မက်မှု "လောဘ" နှင့်တကွ ဖြစ်၍ "လောဘနှင့်တကွဖြစ်သော စိတ်"ဟူ၍လည်းကောင်း။ "လောဘ" မူလရှိသောကြောင့် "လောဘမူစိတ်" ဟူ၍လည်းကောင်း ခေါ်ဆိုသည်။

တဖန် ထိုလောဘမူစိတ်သည် ဝေဒနာ, ယောဂ, သင်္ခါရဟူ၍ ကွဲပြားပြန်သောကြောင့် လောဘမူစိတ် ၈ ပါး ကွဲပြားသွား၏။

၁။ + = **သောမနဿ သဟဂုတ် (Accompanied with pleasure)**

သောမနဿ = ဝမ်းမြောက် ဝမ်းသာ + သဟဂတ = သဟဂုတ် = နှင့်တကွ = (ဝမ်းမြောက်, ဝမ်းသာနှင့်တကွ)

၂။ — = **ဥပေက္ခာ သဟဂုတ် (Accompanied with indifference)**

ဥပေက္ခာ = ဝမ်းသာ ဝမ်းနည်း မဖြစ်ဘဲ + သဟဂတ = သဟဂုတ် = နှင့်တကွ = (ဝမ်းသာ ဝမ်းနည်း မဖြစ်ဘဲ လျက်)

၃။ ( ˙ ) = **ဒိဋ္ဌိဂတသမ္ပယုတ် (Connected with wrong view)**

ဒိဋ္ဌိ = အယူလွဲမှားခြင်း + ဂတ = အနက်သီးခြားမရှိ + သမ္ပယုတ္တ = သမ္ပယုတ် = ယှဉ်လျက်။ အယူမှားခြင်းနှင့် ယှဉ်လျက် (ဝါ) ဒုစရိုက်တစ်ခုကို အပြစ်မရှိဟု ခံယူလျက်။

၄။ ( ) = **ဒိဋ္ဌိဂတဝိပ္ပယုတ် = အပြစ်ရှိမှန်းသိလျက် (Not connected with wrong view)**

၅။ **အ = အသင်္ခါရိက = (Unprompted)**

အ = မရှိ + သင်္ခါရိက = တိုက်တွန်းမှု၊ အသင်္ခါရိက = တိုက်တွန်းမှုမပါဘဲ = အားတက်သရော, စိတ်အားထက်သန်စွာ, မိမိဆန္ဒအလျောက်)

၆။ **သ = သင်္ခါရိက = (prompted)**

သ = ရှိ + သင်္ခါရိက = တိုက်တွန်းမှု၊ သသင်္ခါရိက = တိုက်တွန်းမှုပါရှိလျက်၊
(အားတက်သရောမရှိဘဲ, သူတစ်ပါးအားပေးတိုက်တွန်းမှုဖြင့်)

## ကျင့်စဉ်

အကုသိုလ်စိတ်တွင် ပါဝင်၍ မတင့်တယ်သော လောဘမူစိတ် (၈) ပါးကို လောဘမူစိတ်ဖြစ်တိုင်း သတိ, ပညာဖြင့် စောင့်ကြည့်လျှင် လောဘအစဉ်ပြတ်သွားမည်။ လောဘမူစိတ်ဖြစ်တိုင်း မှန်စွာသိနိုင်ရန် လောဘမူစိတ် ဖြစ်ပေါ်ပုံကို စီစစ်သိရှိရန်လိုအပ်၏။

### ဒွါရ (၆) ပါး၌ ထင်လာသော အာရုံများကို နှစ်သက်စွဲလန်း၍ လောဘမူစိတ်ဖြစ်ပေါ်ပုံ

စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရ၊ မနောဒွါရ ဟူသော ဒွါရ (၆) ပါး၌ ထင်လာသော ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ တည်းဟူသော ကာမဂုဏ် အာရုံတို့ကို နှစ်သက်တပ်မက်မိသောအခါ "လောဘမူစိတ်" ဖြစ်ပေါ်၏။

၁။ လောကီအာရုံကာမဂုဏ်ကို အားပေးသော ရုပ်ရှင်ဇာတ်လမ်းကို ကြည့်ရှုရာ၌လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



လှယဉ်ကျေးမယ်တို့ကို ကြည့်ရှုရာ၌လည်းကောင်း၊ ထိုရူပါရုံတို့ကို စွဲလန်းနှစ်သက် မက်မောသည့် အခါ "လောဘမူစိတ်" ဖြစ်၏။

၂။ နံနက်ချိန်ခါ တေးသံသာကို နားသောတဆင်ရာ၌ လည်းကောင်း၊ ပွဲလမ်းသဘင်၌ အဆိုတော်တို့၏ တေးသီချင်း သီဆိုမှုကို နားဆင်ရာ၌လည်းကောင်း၊ ထိုသဒ္ဒါရုံကို စွဲလန်းနှစ်သက် မက်မောသည့် အခါ "လောဘမူစိတ်" ဖြစ်၏။

၃။ မွှေးရနံ့သင်းပျံ့ကို နမ်းရှုရသည့်အခါ၊ ထို "ဂန္ဓာရုံ" ကို အစွဲပြု၍ "လောဘမူစိတ်" ဖြစ်၏။

၄။ သောမနဿသဟဂုတ် လက်ဘက်ကသုံးလေးလုပ် ကြက်သွန်ကြော်များများနှင့် ဗိုက်ကားအောင် တုတ်သည့်အခါ၊ ထို "ရသာရုံ" ကို စွဲလန်းနှစ်သက်မက်မောသည့်အခါ "လောဘမူစိတ်" ဖြစ်၏။

၅။ ကိုယ်လုံးပေါ် မှန်ရှေ့တွင် ဖီးလိမ်းခြယ်သဝတ်ကောင်းစားလှဝတ်ဆင်ရာ၌ ထိုဝတ်ကောင်းစား လှ၏ တွေ့ထိမှု ဖောဋ္ဌဗ္ဗာရုံကို စွဲလန်းနှစ်သက်မက်မောသည့်အခါ "လောဘမူစိတ်" ဖြစ်၏။

၆။ မြင်တွေ့၊ ကြား၊ သိတွေ့ထိမှု စသည်တို့ကို ပြန်လည် တွေးတော ကြံစည်ခြင်း ဓမ္မာရုံကို နှစ် သက်တွယ်တာသည့်အခါ "လောဘမူစိတ်" ဖြစ်၏။

ဤကဲ့သို့ ဒွါရ (၆) ပါး၌ ထင်လာသော အာရုံကို မြင်, ကြား, နံ့, စား, တွေ့ထိ,သိသောအခါ မိမိအထင်အားဖြင့် သာယာတပ်မက်နှစ်သက်မှု ရှိသောအခါ "အယောနိသောမနသိကာရ" အသင့်အတင့် နှလုံးမသွင်းနိုင်ဘဲ "လောဘမူစိတ်" ဖြစ်ပေါ်လာရသည်။

၇။ ပုထုဇဉ် လူသားတို့သည် အများအားဖြင့် လောဘမူစိတ်တို့ဖြင့် ကြည့်မြင်ကြ၏။ နားထောင်ကြ၏။ နမ်း ရှုကြ၏။ စားသောက်ကြ၏။ ဝတ်ဆင်ကြ၏။ တွေးတောကြံစည်ကြ၏။

နောက်ဆုံးပေါ် မော်တော်ကားလှလှကလေးကို လိုချင်သူ၊ တေးသီချင်းကို နားဆင်၍နှစ်မြော နေသူ၊ မွှေးရနံ့ထုံသင်းမှုကို မက်မောနေသူ။ သောမနဿ သဟဂုတ် လက်ဖက်က သုံးလေးလုပ် ကြက်သွန်ကြော်များများနှင့် ဗိုက်ကားအောင် တုတ်နေသူ။ နူးညံ့သော ဝတ်ကောင်းစားလှတို့၏ ထိတွေ့မှုဖြင့် သာယာနေသူတို့သည် လောဘမူစိတ်များဖြစ်နေကြသည်။

အပြစ်ရှိမှန်းမဆင်ခြင်မိဘဲ မိမိအလိုအလျောက် နှစ်သက်တပ်မက်နေမိလျှင် "သောမနဿ သဟဂုတ် ဒိဋ္ဌိဂတ သမ္ပယုတ် အသင်္ခါရိက" စိတ်ဖြစ်နေ၏။ သူတစ်ပါးတိုက်တွန်းမှုဖြင့် လိုချင် တပ်မက်နေမိလျှင် "သသင်္ခါရိက" စိတ်ဖြစ်နေ၏။ အပြစ်ရှိသည်ဟု ဆင်ခြင်မိသော်လည်း မိမိ အလိုအလျောက် နှစ်သက်တပ်မက်မိလျှင် "သောမနဿ သဟဂုတ် ဒိဋ္ဌိဂတ ဝိပ္ပယုတ် အသင်္ခါရိက" စိတ်ဖြစ်၏။

သူတစ်ပါးတိုက်တွန်း၍ တပ်မက်မိလျှင် "သသင်္ခါရိက" စိတ်ဖြစ်၏။

ဝမ်းမြောက်ဝမ်းနည်းမဖြစ်ဘဲ လောဘမူစိတ်များဖြစ်လျှင် "ဥပေက္ခာ သဟဂုတ်" စိတ်ဖြစ်၏။

## သောမနဿ သဟဂုတ်စိတ်နှင့် ဥပေက္ခာသဟဂုတ်စိတ်တို့၏ အကျိုးပေးပုံ

အကျိုးပေးရာ၌ သောမနဿ သဟဂုတ် စိတ်သည် ကာမာဝစရ် အရာဝယ်သာလွန်၍ လောကုတ္တရာ အရာဝယ် ဥပေက္ခာ သဟဂုတ်စိတ်က သာလွန်သည်။

မဟဂ္ဂုတ်အရာ၊ လောကုတ္တရာအရာ၌ ဝမ်းသာအားရ သောမနဿဖြစ်နေမှုသည် သမာဓိကို အားသေးစေ၏။ ဥပေက္ခာသည် သမာဓိကို အားတက်စေ၏။

www.burmeseclassic.com

www.burmeseclassic.com



## ဝိပ္ပယုတ်ထက် သမ္ပယုတ်ကထက်၏

မကောင်းမှု အကုသိုလ်ကို ကျူးလွန်ရာတွင် အပြစ်ရှိပါလျက် အပြစ်မရှိဟု ယူဆခြင်းသည် ဒိဋ္ဌိဂတသမ္ပယုတ်စိတ်ဖြစ်၏။ အကုသိုလ်လုပ်ငန်းကို အပြစ်ရှိမှန်းသိလျက် ကျူးလွန်သော စိတ်သည် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်ဖြစ်၏။

ရဲရဲတောက် ပူပြင်းနေသော သံတွေခဲကို ပူပြင်းမှန်း မသိသူသည် ကိုင်တွယ်ရလျှင် ပယ်ပယ်နယ်နယ် ဆုတ်ကိုင်မိ၍ ပြင်းထန်စွာ အပူလောင်ခံရ၏။ ထိုနည်းအတူ မကောင်းမှု အကုသိုလ်ကို အပြစ်မရှိဟု ယူဆ၍ ကျူးလွန်သူသည် ရက်ရက်စက်စက် ပြုကျင့်တတ်သဖြင့် ပိုမိုအပြစ်ကြီးလေး၏။ သံတွေခဲကို ပူမှန်းသိသူဖြစ်ပါက မလွဲသာ၍ကိုင်တွယ်ရသဖြင့် အပူသက်သာအောင် ကိုင်မည်ဖြစ်သကဲ့သို့ အပြစ် ရှိမှန်းသိသူ ကျူးလွန်ပါက ကြောက်ရွံ့တွန့်ဆုတ်၍ မလွဲမရှောင်သာ ပြုကျင့်ရသဖြင့် အပြစ်မရှိဟု ယူဆသူလောက် ရက်စက်မည်မဟုတ်။ ထို့ကြောင့် အပြစ်ကြီးလေးမှု ပေါ့သည်။

## သသင်္ခါရိကထက် အသင်္ခါရိက က ထက်မြက်သည်။

သူတစ်ပါးထုပေးမှ ထနိုင်လမ်းလျှောက်နိုင်သူသည် မိမိအလိုအလျောက် ထနိုင်လျှောက်နိုင်သူလောက် အင်အားမရှိနိုင်၊ ထို့အတူ လှုံ့ဆော်တိုက်တွန်းမှုကြောင့်သာဖြစ်သော စိတ်သည် တိုက်တွန်းမှု မရှိဘဲ အလိုအလျောက်ဖြစ်သော စိတ်လောက် စိတ်အားတက်ကြွထက်သန်မှု မရှိနိုင်။

ဒုစရိုက်မှုတစ်ခုခုကို ကျူးလွန်သူသည် တစ်ခါတစ်ရံ ကျူးလွန်ရန် စိတ်မပါဘဲ တွန့်ဆုတ်နေတတ်သည်။ သို့ရာတွင် အခြားသူများက တိုက်တွန်းလှုံ့ဆော်၍ဖြစ်စေ၊ မိမိဘာသာ အကြောင်းကြောင်းတို့ကို စဉ်းစား၍ဖြစ်စေ ပြစ်မှုများကို ကျူးလွန်ဖြစ်သွားတတ်သည်။ ထိုကျူးလွန်သော စိတ်ကား တိုက်တွန်းမှု အားပေးလှုံ့ဆော်မှုပါသဖြင့် (သသင်္ခါရိက) စိတ်ဖြစ်သည်။

တစ်ခါတစ်ရံ စိတ်အားထက်သန်စွာ သူတစ်ပါးတိုက်တွန်းမှုမပါဘဲ ပြစ်မှုကို အလိုအလျောက် ကျူးလွန်တတ်သည်။ ထိုစိတ်ကား တိုက်တွန်းမှု မပါသော (အသင်္ခါရိက) စိတ်ဖြစ်သည်။ စိတ်အားထက်သန်စွာ အသင်္ခါရိကစိတ်ဖြင့် ကျူးလွန်ပါက ပိုမိုအပြစ်ကြီးလေးသည်။

## လောဘမူစိတ် (၈) ပါးဖြင့် ကျူးလွန်မိတတ်သော ဒုစရိုက်(၇)ပါး

ဒုစရိုက် (၁၀) ပါးတို့အနက် သူပိုင်ဥစ္စာကိုခိုးခြင်း (အဒိန္နာဒါန)။ သူ့သားအိမ်ယာကို မှားယွင်းစွာကျင့်ခြင်း (ကာမေသု မိစ္ဆာစာရ)၊ မုသားလိမ်ညာပြောဆိုခြင်း (မုသာဝါဒ)၊ ကုန်းတိုက်စကားကို ပြောဆိုခြင်း (ပိသုဏာဝါစာ)၊ သိမ်ဖျင်းသောစကားကို ပြောဆိုခြင်း (သမ္ဖပ္ပလာပ)၊ သူတစ်ပါး၏စည်းစိမ်ကို မတရားယူလိုခြင်း (အဘိဇ္ဈာ) နှင့် အယူမှားခြင်း (မိစ္ဆာဒိဋ္ဌိ) တို့ကို လောဘမူစိတ်တို့ဖြင့် ပြုကျင့်ကြစည်ရပေသည်။

အပါယ်ကျနိုင်သည့် အဆိုပါဒုစရိုက်အမှုတို့ကို မကျူးလွန်မိရန် လောဘမူစိတ် အဖြစ်မခံဘဲ သတိ,ပညာဖြင့် ထိန်းသိမ်းထားနိုင်လျှင် အပါယ်ကျမည့်ဘေးမှ ကင်းဝေးနိုင်သည်။

အထက်ပါ ကာမဂုဏ်အာရုံတို့ကို နှစ်သက်တွယ်တာ၍ ဖြစ်ပေါ်သော "လောဘမူ"စိတ်ဖြစ်နေသူသည်-

- ဝမ်းမြောက်ဝမ်းသာ ခံစားဖြစ်ပေါ်လျှင် လောဘမူ **"သောမနဿသဟဂုတ်စိတ်"** ဖြစ်၏။
- ထိုအာရုံကို အပြစ်ရှိမှန်း မဆင်ခြင်မိလျှင် **"ဒိဋ္ဌိဂတသမ္ပယုတ်စိတ်"** ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



- စိတ်အားထက်သန်စွာ နှစ်သက်တပ်မက်မိလျှင် **"အသင်္ခါရိကစိတ်"** ဖြစ်၏။
- သူတစ်ပါး တိုက်တွန်း၍ နှစ်သက်တပ်မက်မိလျှင် **"သသင်္ခါရိကစိတ်"** ဖြစ်၏။
- ဝမ်းသာဝမ်းနည်းမဖြစ်ဘဲ အာရုံကို ခံစားလျှင် **"ဥပေက္ခာသဟဂုတ်စိတ်"** ဖြစ်၏။
- ထိုအာရုံကို အပြစ်ရှိသည်ဟု ဆင်ခြင်မိလျှင် **"ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ်"** ဖြစ်၏။

လောဘမူစိတ် (၈) ပါးသည် သီလ,သမာဓိ, ပညာ, ဖြင့် ပယ်ရမည့်တရားဖြစ်၏။

## ၁။ သီလဖြင့် ပယ်နိုင်သည့် ဝီတိက္ကမ ကိလေသာမျိုး

ကာယကံ၊ ဝစီကံမြောက် ကျူးလွန်သည့်အဆင့်အထိဖြစ်သော "ဝီတိက္ကမကိလေသာမျိုး ဖြစ်သည့်လောဘ"ကို ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလတို့ကို ခံယူဆောက်တည်စောင့်ထိန်းခြင်းအားဖြင့် "တဒင်္ဂပဟာန် အခိုက်အတန့်" ပယ်နိုင်သည်။

သီလတို့ကို ခံယူဆောက်တည်၍ စောင့်ထိန်းသူတို့သည် သူတစ်ပါးပစ္စည်းကို လိုချင်အားကြီးသော်လည်း ကာယကံမြောက် ခိုးယူသည့်အဆင့် မရောက်နိုင်၊ သူ့သားအိမ်ယာ မမှားနိုင်၊ လိမ်ညာလှည့်ဖြား မုသားဆိုမည်မဟုတ်၊ သတိလွတ်ကင်း ချွတ်ယွင်းမေ့လျော့ကြောင်းဖြစ်သော မူးယစ်သေစာတို့ကို သုံးစွဲမည်မဟုတ်။ ဤသို့ သီလကို ထိန်းသိမ်းဆောက်တည်ထားလျှင် ကာယကံမြောက်, ဝစီကံမြောက် ကျူးလွန်မှုခေါ်သည့် (ဝီတိက္ကမ တဏှာလောဘ) ကင်းငြိမ်းနေ၏။

သို့ရာတွင် သီလကို စောင့်ထိန်းနိုင်သည့်အခါ ကင်းငြိမ်း၍ မစောင့်ထိန်းနိုင်သည့်အခါ "ဝီတိက္ကမလောဘတဏှာ" ပြန်ဖြစ်နိုင်၏။ သီလကျင့်စဉ်ဖြင့်ပယ်၍ ကင်းငြိမ်းနေမှုသည် "တဒင်္ဂပဟာန်" အခိုက်အတန့်အားဖြင့် ပယ်ခြင်းသာဖြစ်၏။ အမှောင်ကိုဆီမီးရောင်ဖြင့် ပယ်သကဲ့သို့ ခဏ္တခဏပယ်ခြင်းမျိုးဖြစ်၏။ သစ်ပင်၏ အမြစ်နှင့်တကွ ပင်စည်တို့ကို မပယ်ဖြတ်ဘဲ အခက်အရွက်တို့ကိုသာ ခုတ်ထွင်ရှင်းလင်းသည့်သဘောနှင့်တူ၏။

**"အမြစ်မပယ်၊ အကိုင်းပယ်၊ ပြန်လည်ကြီးထွားမည်။"**

## ၂။ သမထသမာဓိဖြင့်ပယ်နိုင်သော ပရိယုဋ္ဌာန ကိလေသာမျိုး

ပထဝီကသိုဏ်းစသော အာရုံတစ်ခုတည်း၌ စိတ်ကို တည်ငြိမ်စွာထားခိုက်တွင် စိတ်သည် ကာမဂုဏ်အာရုံများကို လိုချင်တပ်မက် ကြံစည်မှုများမှ ကင်းငြိမ်းလျက်ရှိသည်။

ဈာန်သမာဓိကုသိုလ်သည် သီလကုသိုလ်ထက် အာနုဘော်စွမ်းပကား ကြီ [illegible]
လောဘတဏှာကို အချိန်ကြာကြာ ပယ်ခွာထားနိုင်သည်။ ထိုကဲ့သို့ အချိန်ကြာကြာ ပယ်ခွာနည်းကို (ဝိက္ခမ္ဘနပဟာန်ပယ်ခွာနည်း) ဟု ခေါ်ဆိုသည်။

ထိုပယ်ခွါနည်းသည် အမြစ်ကို အပြီးအပြတ် ပယ်သတ်နည်းမျိုးမဟုတ်။ ပင်လုံးပင်စည်မျှကိုသာ ခုတ်ထွင်ရှင်းလင်းလိုက်သည့်သဘောဖြစ်၏။ ဈာန်၏ ဆန့်ကျင်ဘက်တရားနှင့် တွေ့ကြုံလာလျှင် "ပရိယုဋ္ဌာနအဆင့်, ဝီတိက္ကမအဆင့်" သို့ ပြန်လည်လျှောကျနိုင်သေးသည်။ အမြစ်မပြတ်သေး။ ရေမှော်တောသို့ ရေအိုးကို ချလိုက်သည့်အခါ မှော်များ ဘေးသို့ အချိန်ကြာကြာ ဖယ်ရှားသွားသည်နှင့် အလားတူ၏။

**"အနုသယမပယ် ၊ ခုက္ခနပယ်၊ ပြန်လည်ဖြစ်ရသည်။"**

www.burmeseclassic.com

www.burmeseclassic.com



**၃။ ဝိပဿနာမဉာဏ်၊ မဂ်ပညာဖြင့် ပယ်သတ်ရသည့် အနုသယကိလေသာမျိုး**

စိတ်အစဉ်တွင် ပရိယုဋ္ဌာနတဏှာလောဘအသွင်ဖြင့် မဖြစ်သေးသော်လည်း အကြောင်းညီညွတ်လျှင် ဖြစ်ပေါ်လာနိုင်သည့် အနုစား လောဘတဏှာမျိုးကို "အနုသယကိလေသာ" ဟု ခေါ်ဆိုသည်။

ထိုအနုသယကိလေသာများသည် ဘဝပေါင်းများစွာ သတ္တဝါတို့ စိတ်အစဉ်တွင် ထပ်တစ်လဲလဲ အထုံဖြစ်၍ အင်အားကောင်းသောကြောင့် သီလ၊ သမာဓိတို့ဖြင့် မပယ်သတ်နိုင်၊ မဂ်ပညာ (၄)ပါးဖြင့်သာ ပယ်သတ်နိုင်ပါသည်။

အကြမ်းစား ဝီတိက္ကမ ကိလေသာသည် အကိုင်းအခက်အရွက်တို့နှင့်တူ၏။ အလတ်စား ပရိယုဋ္ဌာန ကိလေသာသည် ပင်စည်နှင့် အလားတူ၏။ **အနုစား အနုသယကိလေသာမျိုးသည်** သစ်ပင်၏ ရေသောက်မြစ်နှင့်တူ၏။

အသီးသီးလေ့ရှိသော သစ်ပင်ကို အဆိပ်စူးဖြင့် ထိုးသွင်းလိုက်လျှင် အသီးသီးစေတတ်သည့် ဓာတ်သတ္တိ ကုန်ခန်းသွား၏။ အသီးသီးချိန်ရောက်လျှင် လုံးဝအသီးမသီးနိုင်တော့၊ ထို့အတူ အနုသယကိလေသာဖြစ်ပေါ်သော စိတ်အစဉ်၌ မဂ်စိတ် ဖြစ်ပေါ်လာသည်နှင့်တစ်ပြိုင်နက် "အနုသယ ကိလေသာဓာတ်" သည် အမြစ်ပြတ်သွားတော့၏။ ဤသို့ ဖြစ်သည်ကို မဂ်ဖြင့် ပယ်သတ်သည်ဟု ခေါ်ပါသည်။ ထိုပယ်သတ်နည်းသည် အကြွင်းမဲ့ပယ်သတ်နည်း (သမုစ္ဆေဒပဟာန်)ပင်ဖြစ်သည်။ အနုသယ ကိလေသာများ နောက်ထပ်ပြန်လည် ဖြစ်နိုင်ခွင့်မရှိတော့ပေ။

မဂ်ပညာလေးပါးဖြင့် အနုသယကိလေသာကို ပယ်သတ်နိုင်သည်ဆိုရာ၌ မဂ်ပညာဆိုသည်မှာ အားထုတ်ပွားများမှုမရှိဘဲ ရုတ်တရက် အလိုအလျောက် ဖြစ်ပေါ်လာသည့်ပညာမျိုးမဟုတ်၊ ဝိပဿနာ ရှုမှတ်ပွားမှသာ ပေါ်ပေါက် ရရှိနိုင်ပေသည်။

**"အနုသယပယ်၊ ဒုက္ခနယ်၊ တကယ်လွတ်ကြသည်။"**

## ဒေါသမူစိတ် (၂) ပါးတို့၏ ဆိုရိုးအဓိပ္ပာယ်

၁။ စိတ်ဆင်းရဲခြင်း ခံစားမှုနှင့်တကွ အမျက်ဒေါသနှင့်ယှဉ်၍ တိုက်တွန်းမှုမပါဘဲ ဖြစ်ပေါ်သော ဒေါသမူစိတ် (၁)ပါး။

One consciousness, unprompted, accompanied with displeasure and connected with illwill.

၂။ စိတ်ဆင်းရဲခြင်းနှင့်တကွ အမျက်ဒေါသနှင့်ယှဉ်၍ တိုက်တွန်းမှုဖြင့် ဖြစ်ပေါ်သော ဒေါသမူစိတ်(၁)ပါး။

One consciousness, prompted, accompanied with displeasure and connected with illwill.

### ရှင်းလင်းချက်

(ပဋိဃ = အမျက်ဒေါသ + သမ္ပယုတ္တ = သမ္ပယုတ် = ယှဉ်သော + စိတ္တ= စိတ်)

ဒေါသဆိုသည်မှာ ခက်ထန်ကြမ်းတမ်းသည့်အမျက်ဒေါသ (Aversion or Illwill)ဖြစ်သည်။

"ခက်ထန်ကြမ်းတမ်းသည့် အမျက်ဒေါသနှင့်ယှဉ်သောစိတ်" ဟူ၍လည်းကောင်း၊ "ဒေါသ" မူလရှိသောကြောင့် "ဒေါသမူစိတ်" ဟူ၍လည်း ခေါ်ဆိုသည်။

ဒေါသမူစိတ်၌ ဒေါမနဿသဟဂုတ်ချည်း ဖြစ်သောကြောင့် "ဝေဒနာ" အားဖြင့် ကွဲပြားမှုမရှိ။

www.burmeseclassic.com

www.burmeseclassic.com



ဒေါသနှင့်ယှဉ်သော စိတ်ချည်း (ပဋိဃသမ္ပယုတ်သာရှိ၍ ပဋိဃဝိပ္ပယုတ်ဟူ၍မရှိ) ဖြစ်၍ "ယောဂ" အားဖြင့် ကွဲပြားမှုမရှိ။

အသင်္ခါရိကစိတ်၊ သသင်္ခါရိကစိတ်ဟူ၍ သင်္ခါရအားဖြင့် (၂)ပါးသာ ရှိ၍ ဒေါသမူစိတ် (၂) ပါး ပြား၏။

၁။ အ > အသင်္ခါရိက = ဒေါမနဿသဟဂုတ်ပဋိဃသမ္ပယုတ် = accompanied with displeasure and connected with illwill.

ဒေါမနဿ = စိတ်ဆင်းရဲခြင်းဝေဒနာနှင့် + သဟဂတ = သဟဂုတ် = နှင့်တကွ + ပဋိဃ= အမျက်ဒေါသနှင့် + သမ္ပယုတ္တ = သမ္ပယုတ် = ယှဉ်သော + စိတ္တ = စိတ်

= (unprompted) အ= မရှိ + သင်္ခါရိက = တိုက်တွန်းမှု၊အသင်္ခါရိက = တိုက်တွန်းမှုမပါဘဲ

၂။ သ > သသင်္ခါရိက = (prompted) သ = ရှိ + သင်္ခါရိက = တိုက်တွန်းမှု၊ တိုက်တွန်းမှုပါသော သသင်္ခါရိက

**ကျင့်စဉ်**

အကုသိုလ်စိတ်တွင် ပါဝင်၍ မတင့်တယ်သော ဒေါသမူစိတ် (၂) ပါး၊ ဒေါသစိတ်ဖြစ်တိုင်း မှန်စွာ သိနိုင်ရန် ဒေါသမူစိတ် ဖြစ်ပေါ်ပုံကို စိစစ်သိရှိရန် လိုအပ်၏။ ဒေါသမူစိတ်ဖြစ်တိုင်း သတိ,ပညာဖြင့် သိထားလျှင် ဒေါသအစဉ် ပြတ်သွားမည်။

**ဒွါရ(၆)ပါး၌ ထင်လာသော အာရုံများကို မနှစ်သက်လျှင် ဒေါသမူစိတ်ဖြစ်ပေါ်ပုံ**

ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံနှင့် ဖောဋ္ဌဗ္ဗာရုံတည်းဟူသော ကာမဂုဏ်အာရုံတို့ကို မနှစ်သက်လျှင် ဒေါသမူစိတ် ဖြစ်ပေါ်၏။

၁။ လင်သေ၊ သားဆုံး၊ မိဘမောင်ဘွား ပြုတ်ပြုတ်ပြုန်းသည်ကို တွေ့မြင်ရသောအခါ အရူးမကြီးဘ၀နှင့် ငိုကြွေးနေသူ မယ်ပဋာစာရီ၌ "ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ်" ဖြစ်နေသည်။

၂။ မိဘဆရာသမား ဆုံးမသည်ကို မကျေမနပ်ဖြစ်နေသူ၌ "ဒေါမနဿ သဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ်" ဖြစ်နေသည်။

၃။ အနံ့ဆိုးကို ရှူရှိုက်ရ၍ မနှစ်သက်သောအခါ "ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ်" ဖြစ်၏။

၄။ ပြည်ပန်းညို ချိုပါလျက် ဆားကဖျက်၍ အမျက်ထွက်သူ၌ "ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ်" ဖြစ်၏။

၅။ ခြေထောက်ကို ဆူးစူး၍ စိတ်ဆိုးသူ၌ "ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ်" ဖြစ်၏။

၆။ တွေ့ဘူး၊ ကြားဘူး၊ တွေ့ထိဘူးသည်တို့ကို ပြန်လည်တွေးတော၍ မကျေနပ်သူ၌ "ဒေါမနဿ သဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ်" ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



၇။ ဒေါသဖြစ်ကြောင်း တရား (၁၀) ပါးရှိ၏။

(က) မိမိ၏ အကျိုးစီးပွားမဲ့ကို ရှေးကလည်းပြုပြီး၊ ယခုလည်းပြုဆဲ၊ နောင်လည်းပြုမည်ဟူ၍ ရန်ငြိုးဖွဲ့မှု (၃) ပါး။

(ခ) မိမိချစ်ခင်သူ၏ အကျိုးစီးပွားမဲ့ကို ရှေးကလည်း ပြုပြီး၊ ယခုလည်းပြုဆဲ၊ နောင်လည်း ရန်ငြိုးဖွဲ့မှု (၃) ပါး။

(ဂ) မိမိရန်သူ၏ အကျိုးစီးပွားကို ရှေးကလည်း ပြုပြီး၊ ယခုလည်း ပြုဆဲ၊ နောင်လည်းပြုမည်ဟူ၍ ရန်ငြိုးဖွဲ့မှု (၃) ပါး။

ထို (၉) ပါးသော အကြောင်းတို့သည် ဒေါသဖြစ်ကြောင်းဖြစ်၏။

(ဃ) မိုးရွာလွန်းခြင်း၊ မိုးမရွာခြင်း၊ နေပူလွန်းခြင်း၊ စသည်တို့ကြောင့် အရာမဟုတ်ဘဲ အမျက်ထွက်ခြင်းကို ထည့်ပေါင်းလျှင် (၁၀) ပါး ဖြစ်သည်။

* သူတစ်ပါး တိုက်တွန်း၍ စိတ်ဆိုးစိတ်ကောက်ဖြစ်လျှင် သသင်္ခါရိကစိတ် ဖြစ်သည်။

### ဒေါသမူစိတ်(၂)ပါးဖြင့် ကျူးလွန်မိတတ်သော ဒုစရိုက်(၇)ပါး

ဒုစရိုက် (၁၀) ပါးတို့အနက် သက်ရှိသတ္တဝါကိုသတ်ခြင်း (ပါဏာတိပါတ)၊ သူပိုင်ဥစ္စာကို ခိုးယူခြင်း (အဒိန္နာဒါန)၊ လိမ်ညာပြောဆိုခြင်း(မုသာဝါဒ)၊ ကုန်းတိုက်စကားပြောဆိုခြင်း (ပိသုဏဝါစာ)၊ မကြားဝံ့ မနာသာ ကြမ်းတမ်းသောစကားကို ပြောဆိုခြင်း (ဖရုသဝါစာ)၊ သိမ်ဖျင်းသောစကားကို ပြောဆိုခြင်း (သမ္ဖပ္ပလာပ)၊ သူတစ်ပါးပျက်စီးသေကြေရန်ကြံစည်ခြင်း (ဗျာပါဒ) တို့ကို "ဒေါသမူစိတ်" တို့ဖြင့် ပြုကျင့်ကြံစည်ရပေသည်။

အပါယ်ကျနိုင်သည့် အဆိုပါ ဒုစရိုက်အမှုတို့ကို မကျူးလွန်မိရန် "ဒေါသမူစိတ်" အဖြစ်မခံဘဲ ထိန်းသိမ်းထားနိုင်လျှင် အပါယ်ကျမည့်ဘေးမှ ကင်းဝေးနိုင်သည်။

* မလိုလားမနှစ်သက်အပ်သော အနိဋ္ဌာရုံတို့နှင့်တွေ့ကြုံရသည့်အခါ စိတ်ဆိုးခြင်း၊ စိတ်ပျက်ခြင်း၊ စိတ် အနှောင့်အယှက်ဖြစ်ခြင်း၊ စိတ်ဆင်းရဲခြင်း၊ မကျေမချမ်းဖြစ်ခြင်း၊ ဝမ်းနည်းခြင်း၊ ငိုကြွေးခြင်း၊ စိတ်အားငယ်ခြင်း၊ ငြီးငွေ့ခြင်း၊ ရန်ပြုခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ မကောင်းကြံစည်ခြင်း၊ သတ်ချင်ဖြတ်ချင်စိတ် ဖြစ်ခြင်း စသည်တို့သည် "ဒေါသမူစိတ်" ဖြစ်သည်။

ဒေါသမူစိတ်ဖြစ်တိုင်း စိတ်ပူလောင်ဆွေးမြေ့ရသောကြောင့် "ဒေါမနဿဝေဒနာ" ဖြစ်ပေါ်ခံစားရပြီး၊ "ပဋိဃ" ခေါ် အမျက်ဒေါသ စေတသိက်ယှဉ်၍ ဖြစ်ပေါ်ရသည်။

လောက၌ ဒေါသကြီးသော ခေတ်ကာလတွင် တုတ်၊ ဓား၊ လက်နက်၊ သေနတ်၊ အမြောက်၊ အနုမြူ စသည့် လက်နက်ဆန်းမျိုးစုံဖြင့် သတ်ဖြတ်သေကြေသော "သတ္တန္တရကပ်" ဆိုက်ရောက်တတ်သည်။ ဒေါသစိတ်နှင့်သေလျှင် ချမ်းသာကင်းသော ငရဲ၌ဖြစ်တတ်လေသည်။

### အမျက်ဒေါသကို ပယ်သတ်နည်း

ဒေါသကို သီလ, သမာဓိ, ပညာဖြင့် ပယ်နိုင်၏။

၁။ သီလကို ခံယူဆောက်တည် စောင့်ထိန်းထားလျှင် ဒေါသစိတ်ဖြင့် ကျူးလွန်ရသော ပါဏာတိပါတကဲ့ စသည်တို့ကို ကျူးလွန်သည့်အဆင့် မရောက်နိုင်။

၂။ ဒေါသသည် "အဒေါသ" ခေါ်သည့် မေတ္တာတရား၏ ဆန့်ကျင်ဘက်ဖြစ်၏။ တစ်ဂူထဲတွင် ခြင်္သေ့(၂)ကောင် အတူမအောင်းနိုင်သကဲ့သို့ ဒေါသနှင့် မေတ္တာတို့သည် တစ်ချိန်တည်းတွင်

www.burmeseclassic.com

www.burmeseclassic.com



အတူ မဖြစ်နိုင်ကြ။ စိတ်အစဉ်တွင် ဒေါသစိတ်ဝင်လျှင် မေတ္တာရေဖြင့် ဆေးကြောနိုင်သည်။ ဒေါသမူစိတ် (၂) ပါးကို အနာဂါမိမဂ်ဖြင့် အပြီးပယ်သတ်နိုင်၏။

**မေတ္တာပွားနည်း**

(က) တန်းတူတွေ့လျှင်၊ မေတ္တာဝင်၊ မဝင်နိုင်က ပြိုင်တတ်တယ်။
ပြိုင်မည့်အစား၊ မေတ္တာပွား၊ စိတ်ထားပြုပြင်ပြောင်းပါ့မယ်။

(ခ) ကိုယ့်အောက်တွေ့လျှင်၊ ကရုဏာဝင်၊ မဝင်နိုင်က နိုင်တတ်တယ်။
နိုင်မည့်အစား၊ ကရုဏာပွား၊ စိတ်ထားပြုပြင် ပြောင်းပါ့မယ်။

(ဂ) ကိုယ့်ထက်သာလျှင်၊ မုဒိတာဝင်၊ မဝင်ကသာ ယှိုင်တတ်တယ်။
ယှိုင်မည့်အစား၊ မုဒိတာပွား၊ စိတ်ထားပြုပြင် ပြောင်းပါ့မယ်။

(ဃ) ရုပ်ကိုလည်းပြင် စိတ်လည်းပြင်၊ ပြင်ဆင်တိုင်းရ၊ ပြုတိုင်းလှ၊ သုခနိဗ္ဗာန်တိုင်လိမ့်မယ်။

၃။ ဒေါသမူစိတ် (၂) ပါးဖြစ်ပေါ်သော စိတ်အစဉ်၌ အနာဂါမိမဂ်စိတ် ဖြစ်ပေါ်လာသည်နှင့် တစ်ပြိုင်နက် ဒေါသမူစိတ်သည် အမြစ်ပြတ်သွားတော့၏။

**မောဟမူစိတ် (Ignorance) (၂) ပါးတို့၏ ဆိုရိုးအဓိပ္ပာယ်**

၁။ ဝမ်းသာဝမ်းနည်းမဖြစ်ဘဲ ရတနာသုံးပါးနှင့် ကံ၊ ကံ၏အကျိုးတရားတို့ကို ယုံမှားသံသယဖြစ်ခြင်းနှင့်ယှဉ်သော မောဟမူစိတ် (၁)ပါး၊
One consciousness, accompanied with indifference, and connected with doubts.

၂။ ဝမ်းသာဝမ်းနည်း မဖြစ်ဘဲပျံ့လွင့်ခြင်းနှင့်ယှဉ်၍ဖြစ်သောမောဟမူစိတ် (၁)ပါး၊
One consciousness, accompanied with indifference and connected with restlessness.

**ရှင်းလင်းချက်**

(မောဟ = အာရုံ၏ သဘောအမှန်ကို ဖုံးကွယ်ခြင်း)

မောဟမူလရှိသောကြောင့် "မောဟမူစိတ်" ဟု ခေါ်ဆိုသည်။ မောဟမူစိတ်၌ "ဥပေက္ခာသဟဂုတ်" ချည်း ဖြစ်သောကြောင့် ဝေဒနာအားဖြင့် ကွဲပြားမှုမရှိ။ အသင်္ခါရိက၊ သသင်္ခါရိကစိတ်ဟူ၍ "သင်္ခါရ" အားဖြင့် ကွဲပြားမှုမရှိ။ ဝိစိကိစ္ဆာသမ္ပယုတ်နှင့် ဥဒ္ဓစ္စသမ္ပယုတ်ဟူ၍ "ယောဂ" အားဖြင့်သာ "၂" ပါးပြား၏။

၁။ X ဝိ. = ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ်။
accompanied with indifference, and connected with doubts.
ဥပေက္ခာ = ဝမ်းသာဝမ်းနည်းမဖြစ်ဘဲ + သဟဂတ = သဟဂုတ် = နှင့်တကွ
+ ဝိစိကိစ္ဆာ = ဘုရား, တရား,သံဃာ, ကံတရားတို့ကို ယုံမှားသံသယဖြစ်ခြင်းနှင့်
+ သမ္ပယုတ္တ = သမ္ပယုတ် = ယှဉ်သော+ စိတ္တ = စိတ်။

၂။ X ဥ. = ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်။
accompanied with indifference, and connected with restlessness.

www.burmeseclassic.com

www.burmeseclassic.com



ဥပေက္ခာ = ဝမ်းသာဝမ်းနည်းမဖြစ်ဘဲ + သဟဂတ = သဟဂုတ် = နှင့်တကွ + ဥဒ္ဓစ္စ = ပျံ့လွင့်ခြင်းနှင့် + သမ္ပယုတ္တ = သမ္ပယုတ် = ယှဉ်သော + စိတ္တ = စိတ်။

### ကျင့်စဉ်

အကုသိုလ်စိတ်တွင် ပါဝင်၍ မတင့်တယ်သော"မောဟမူစိတ်၂ပါးသည်"သီလ, သမာဓိနှင့် ပညာဖြင့် ပယ်ရမည့်တရား ဖြစ်၏။ မောဟမူစိတ်ဖြစ်တိုင်း သတိ,ပညာဖြင့် စောင့်ကြည့်လျှင် မောဟအစဉ်ပြတ်သွားမည်။

မောဟမူစိတ်ဖြစ်တိုင်း မှန်စွာသိနိုင်ရန် မောဟမူစိတ် ဖြစ်ပေါ်ပုံကို စိစစ်သိရှိရန် လိုအပ်သည်။

၁။ အဘိဓမ္မာ ဉာဏ်ပညာကို သင်ယူခြင်းဖြင့် ကုသိုလ်အကျိုးရသည်ဆိုသည်မှာ ဟုတ်ပါသလော။ အချိန်ကုန်လူပမ်း အနားယူအချိန်ဖြုန်းရာ ကျလေသလောဟု ယုံမှားသံသယဖြစ်နေသူ၌ "ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ်စိတ်" ဖြစ်နေ၏။

၂။ ထွေရာလေးပါး အကြံတွေများနေသူ၌ "ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ်" ဖြစ်နေ၏။

### မောဟမူစိတ် (၂) ပါးကို ပယ်နည်း

ပထဝီကသိုဏ်း စသော သမထအာရုံ၌ စိတ်ကိုတည်ငြိမ်အောင် ထားနိုင်လျှင် စိတ်ပျံ့လွင့်ခြင်း ကင်းဝေး၏။ ဝိစိကိစ္ဆာသမ္ပယုတ် မောဟမူစိတ်ကို သောတာပတ္တိမဂ်ဖြင့် အပြီးပယ်သတ်နိုင်၍ ဥဒ္ဓစ္စသမ္ပယုတ် မောဟမူစိတ်ကိုမူ အရဟတ္တမဂ်ဖြင့်သာ အပြီးပယ်သတ်နိုင်သည်။

## (ခ) အဟိတ်စိတ် (၁၈) ပါး
## 18 Types of Rootless Consciousness

(အ = မယှဉ်+ ဟိတ် = အကြောင်းတရား)

အကုသိုလ် ကုသိုလ်တို့ကို ဖြစ်စေသော အကြောင်းတရားများဖြစ်ကြသည့် လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ တည်းဟူသော ဟိတ် (၆) ပါးလုံးတို့နှင့် မယှဉ်ကြသဖြင့် ယှဉ်ဖက် ဟိတ်ကင်းသော စိတ်များဖြစ်ကြ၍ **"အဟိတ်စိတ်"** ဟုခေါ်ဆိုသည်။

**"ဟိတ်"** ဆိုသည်မှာ "ဟေတု" (Hetu) ပါဠိသဒ္ဒါမှ ဆင်းသက်လာသည်။ "ဟေတု" ၏ အဓိပ္ပာယ်မှာ "အကြောင်းတရား" (Cause or Causal condition or Root-Condition) ပင်ဖြစ်သည်။

အကုသိုလ်ကို ဖြစ်စေသော "လောဘ, ဒေါသ, မောဟ, စေတသိက် (၃) ပါးတို့ကို **"အကုသိုလ်ဟိတ်"** (Unwholesome Root) (၃) ပါးဟုခေါ်ဆိုသည်။

ကုသိုလ်ကိုဖြစ်စေသော "အလောဘ, အဒေါသ, အမောဟ" စေတသိက် (၃) ပါးတို့ကို **"ကုသိုလ်ဟိတ်** (Wholesome Root) (၃) ပါးဟုခေါ်ဆိုသည်။

အဟိတ်စိတ် (၁၈) ပါးလုံးတို့သည် ထိုအကုသိုလ်ဟိတ် (၃) ပါးနှင့်သော်လည်းကောင်း ကုသိုလ်ဟိတ် (၃) ပါးနှင့် သော်လည်းကောင်း တစ်ပါးပါးနှင့်မျှ မယှဉ်ကြသော စိတ်များဖြစ်ကြသည်။

အဟိတ်စိတ် (၁၈) ပါးတို့ကို အောက်ပါအတိုင်း (၃) မျိုး ခွဲခြားနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



၁။ **အကုသလ ဝိပါက်စိတ်** (၇) ပါး
Immoral or Unwholesome Resultant Consciousness

၂။ **အဟိတ်ကုသလဝိပါက်စိတ်** (၈) ပါး
Moral or Wholesome Resultant Consciousness without Hetu

၃။ **အဟိတ်ကြိယာစိတ်** (၃) ပါး
Functional Consciousness without Hetu or Rootless Functional Consciousness.

**အဟိတ်စိတ် (၁၈) ပါး**

— — — — V — — = အကုသလဝိပါက်စိတ် (၇) ပါး
စက် သော ဃာ ဇိ ကာ သံ ဏ ဏ
— — — — Λ — + — = အဟိတ်ကုသလ ဝိပါက်စိတ် (၈)ပါး
ပ မ ဟ
— — + = အဟိတ်ကြိယာစိတ် (၃) ပါး

| | | | | |
|---|---|---|---|---|
| စက် | = | စက္ခုဝိညာဏ် | = | ရူပါရုံကို မြင်နိုင်သောစိတ်။ |
| သော | = | သောတဝိညာဏ် | = | သဒ္ဒါရုံကို ကြားနိုင်သောစိတ်။ |
| ဃာ | = | ဃာနဝိညာဏ် | = | ဂန္ဓာရုံကို နံနိုင်သောစိတ်။ |
| ဇိ | = | ဇိဝှါဝိညာဏ် | = | ရသာရုံကို ခံစားနိုင်သောစိတ်။ |
| ကာ | = | ကာယဝိညာဏ် | = | ဖောဋ္ဌဗ္ဗာရုံကို တွေ့သိနိုင်သောစိတ်။ |
| သံ | = | သမ္ပဋိစ္ဆိုင်းစိတ် | = | အာရုံကို လက်ခံသောစိတ်။ |
| ဏ | = | သန္တီရဏစိတ် | = | အာရုံကို စုံစမ်းသော၊ ထောက်လှမ်းသောစိတ်။ |
| ပ | = | ပဉ္စဒွါရာဝဇ္ဇန်းစိတ် | = | ပဉ္စဒွါရ၌ ဆင်ခြင်သောစိတ်။ |
| မ | = | မနောဒွါရာဝဇ္ဇန်းစိတ် | = | မနောဒွါရ၌ ဆင်ခြင်သောစိတ်။ |
| ဟ | = | ဟသိတုပ္ပါဒ်စိတ် | = | ဘုရား၊ ရဟန္တာတို့ ပြုံးရယ်သောစိတ်။ |

**နိဿယဘောဒစိတ် (၁၀) ပါး။**
ဒွေးပဉ္စဝိညာဏ်(၁၀) ပါး

**ကိစ္စဘေဒစိတ် (၈) ပါး။**
**သမ္ပဋိစ္ဆနာဒိ ကိစ္စဘေဒ။**
သမ္ပဋိစ္ဆိုင်းစိတ် ၂ ပါး
သန္တီရဏစိတ် ၃ ပါး
**အာဝဇ္ဇနာဒိကိစ္စဘေဒ**
အာဝဇ္ဇန်းစိတ် ၂ ပါး
ဟသိတုပ္ပါဒ်စိတ် ၁ ပါး
**ပေါင်း = ၈ ပါး**

www.burmeseclassic.com

www.burmeseclassic.com



## အဟိတ်စိတ် (၁၈) ပါးဆိုရိုး

| | | | | | | |
|---|---|---|---|---|---|---|
| အကုသလဝိပါက် စိတ် (၇) ပါး | ၁ | စက် | ဥပေက္ခာသဟဂုတ် | စက္ခု ဝိညာဏ် | အကုသလဝိပါက် | စိတ် ၁-ပါး |
| | ၂ | သော | ဥပေက္ခာသဟဂုတ် | သောတ ဝိညာဏ် | အကုသလဝိပါက် | စိတ် ၁-ပါး |
| | ၃ | ဃာ | ဥပေက္ခာသဟဂုတ် | ဃာန ဝိညာဏ် | အကုသလဝိပါက် | စိတ် ၁-ပါး |
| | ၄ | ဇိ | ဥပေက္ခာသဟဂုတ် | ဇိဝှါ ဝိညာဏ် | အကုသလဝိပါက် | စိတ် ၁-ပါး |
| | ၅ | ကာ V | ဒုက္ခသဟဂုတ် | ကာယ ဝိညာဏ် | အကုသလဝိပါက် | စိတ် ၁-ပါး |
| | ၆ | သံ | ဥပေက္ခာသဟဂုတ် | သမ္ပဋိစ္ဆိုင်း | အကုသလဝိပါက် | စိတ် ၁-ပါး |
| | ၇ | ဏ | ဥပေက္ခာသဟဂုတ် | သန္တီရဏ | အကုသလဝိပါက် | စိတ် ၁-ပါး |
| အဟိတ်ကုသလ ဝိပါက် စိတ် (၈) ပါး | ၁ | စက် | ဥပေက္ခာသဟဂုတ် | စက္ခု ဝိညာဏ် | အဟိတ်ကုသလဝိပါက် | စိတ် ၁-ပါး |
| | ၂ | သော | ဥပေက္ခာသဟဂုတ် | သောတ ဝိညာဏ် | အဟိတ်ကုသလဝိပါက် | စိတ် ၁-ပါး |
| | ၃ | ဃာ | ဥပေက္ခာသဟဂုတ် | ဃာန ဝိညာဏ် | အဟိတ်ကုသလဝိပါက် | စိတ် ၁-ပါး |
| | ၄ | ဇိ | ဥပေက္ခာသဟဂုတ် | ဇိဝှါ ဝိညာဏ် | အဟိတ်ကုသလဝိပါက် | စိတ် ၁-ပါး |
| | ၅ | ကာ Λ | သုခသဟဂုတ် | ကာယ ဝိညာဏ် | အဟိတ်ကုသလဝိပါက် | စိတ် ၁-ပါး |
| | ၆ | သံ | ဥပေက္ခာသဟဂုတ် | သမ္ပဋိစ္ဆိုင်း | အဟိတ်ကုသလဝိပါက် | စိတ် ၁-ပါး |
| | ၇ | ဏ + | သောမနဿသဟဂုတ် | သန္တီရဏ | အဟိတ်ကုသလဝိပါက် | စိတ် ၁-ပါး |
| | ၈ | ဏ − | ဥပေက္ခာသဟဂုတ် | သန္တီရဏ | အဟိတ်ကုသလဝိပါက် | စိတ် ၁-ပါး |
| အဟိတ် ကြိယာ စိတ် (၃) ပါး | ၁ | ပ | ဥပေက္ခာသဟဂုတ် | ပဉ္စဒွါရာဝဇ္ဇန်း | အဟိတ်ကြိယာ | စိတ် ၁-ပါး |
| | ၂ | မ | ဥပေက္ခာသဟဂုတ် | မနောဒွါရာဝဇ္ဇန်း | အဟိတ်ကြိယာ | စိတ် ၁-ပါး |
| | ၃ | ဟ + | သောမနဿသဟဂုတ် | ဟသိတုပ္ပါဒ် | အဟိတ်ကြိယာ | စိတ် ၁-ပါး |

### အဟိတ်စိတ် (၁၈) ပါးတို့၏ ဆိုရိုးအဓိပ္ပာယ်

#### ၁။ အကုသလဝိပါက်စိတ် (၇) ပါးတို့၏ ဆိုရိုးအဓိပ္ပာယ်။

၁။ အကုသိုလ်ကံ၏ အကျိုးဝိပါက်အဖြစ် မနှစ်သက်အပ်သော အဆင်းဟူသည့် ရူပါရုံကို မြင်သိသော စိတ် (၁)ပါး။

ထိုစိတ်၏ ခံစားမှုသည် အကောင်းအဆိုးတို့၏ အလယ်အလတ်ရှိရိုးဥပေက္ခာ ဝေဒနာဖြစ်၏။

(မနှစ်သက်အပ်သောအာရုံကို မြင်တွေ့ရခြင်းသဘောဖြစ်၏။)

Immoral resultant Eye-consciousness, accompanied by indifference.

၂။ အကုသိုလ်ကံ၏ အကျိုးဝိပါက်အဖြစ် မနှစ်သက်အပ်သော အသံဟူသည့် သဒ္ဒါရုံကို ကြားသိသောစိတ် (၁) ပါး။

www.burmeseclassic.com

www.burmeseclassic.com



ထိုစိတ်၏ ခံစားမှုသည် အကောင်းအဆိုးတို့၏ အလယ်အလတ် ရိုးရိုးဥပေက္ခာဝေဒနာဖြစ်၏။
(မနှစ်သက်အပ်သော အသံကို ကြားသိရခြင်းသဘော ဖြစ်၏။)
Immoral resultant Ear-consciousness, accompanied by indifference.

၃။ အကုသိုလ်ကံ၏ အကျိုးဝိပါက်အဖြစ် မနှစ်သက်အပ်သော "အနံ့" ဟူသည့် ဂန္ဓာရုံကို နံ့သိရသော စိတ် (၁)ပါး။
ထိုစိတ်၏ ခံစားမှုသည် အကောင်းအဆိုးတို့၏ အလယ်အလတ် ရိုးရိုးဥပေက္ခာဝေဒနာဖြစ်၏။
(မနှစ်သက်အပ်သောအနံ့ကို နံ့သိရခြင်းသဘောဖြစ်၏။)
Immoral resultant Nose-consciousness, accompanied by indifference.

၄။ အကုသိုလ်ကံ၏ အကျိုးဝိပါက်အဖြစ် မနှစ်သက်အပ်သော "အရသာ" ဟူသည့် ရသာရုံကို စားသိရသော စိတ် (၁)ပါး။
ထိုစိတ်၏ ခံစားမှုသည် အကောင်းအဆိုးတို့၏ အလယ်အလတ် ရိုးရိုးဥပေက္ခာဝေဒနာဖြစ်၏။
(မနှစ်သက်အပ်သော အစားအစာကို စားသိရခြင်းသဘောဖြစ်၏။)
Immoral resultant Tongue-consciousness accompanied by indifference.

၅။ အကုသိုလ်ကံ၏အကျိုးဝိပါက်အဖြစ် မနှစ်သက်အပ်သော အတွေ့အထိဟူသည့် "ဖောဋ္ဌဗ္ဗာရုံကို ထိသိရသော စိတ် (၁)ပါး။ ထိုစိတ်၏ ခံစားမှုသည် ကိုယ်ဆင်းရဲခြင်း ဒုက္ခဝေဒနာဖြစ်၏။
(မနှစ်သက်အပ်သော အတွေ့အထိများကို တွေ့ထိရခြင်းသဘော ဖြစ်၏။)
Immoral resultant Body-consciousness accompanied by pain.

၆။ အကုသိုလ်ကံ၏ အကျိုးဝိပါက်အဖြစ် မနှစ်သက်အပ်သော ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ တည်းဟူသော အာရုံ (၅) ပါးတို့ကို ခံယူသော သမ္ပဋိစ္ဆိုင်းစိတ် (၁) ပါး။ ထိုစိတ်၏ ခံစားမှုသည် အကောင်းအဆိုးတို့၏ အလယ်အလတ် ရိုးရိုး ဥပေက္ခာဝေဒနာဖြစ်၏။
Immoral resultant Receiving consciousness, accompanied by indifference.

၇။ အကုသိုလ် ကံ၏အကျိုးဝိပါက်အဖြစ် သမ္ပဋိစ္ဆိုင်းစိတ် ခံယူထားသော မနှစ်သက်အပ်သည့် အာရုံကို စုံစမ်းသော သန္တီရဏစိတ် (၁) ပါး။ ထိုစိတ်၏ ခံစားမှုသည် အကောင်းအဆိုးတို့၏ အလယ်အလတ် ရိုးရိုးဥပေက္ခာဝေဒနာဖြစ်၏။
Immoral resultant Investigating consciousness accompanied by indifference.

### ၂။ အဟိတ်ကုသလဝိပါက်စိတ် (၈) ပါးတို့၏ ဆိုရိုးအဓိပ္ပာယ်

၁။ ကုသိုလ်ကံ၏ အကျိုးဝိပါက်အဖြစ် နှစ်သက်အပ်သော **အဆင်းဟူသည့် ရူပါရုံကို မြင်သိသောစိတ်** (၁) ပါး၊ ထိုစိတ်၏ ခံစားမှုသည် အကောင်းအဆိုးတို့၏ အလယ်အလတ် ရိုးရိုးဥပေက္ခာဝေဒနာဖြစ်၏။
(နှစ်သက်အပ်သောအာရုံကို မြင်တွေ့ရခြင်းသဘောဖြစ်၏)
Moral resultant Eye-conciousness, accompanied by indifference.

www.burmeseclassic.com

www.burmeseclassic.com



၂။ ကုသိုလ်ကံ၏ အကျိုးဝိပါက်အဖြစ် နှစ်သက်အပ်သော **အသံ**ဟူသည့် **သဒ္ဒါရုံ**ကို **"ကြားသိသော စိတ်"** ၁ ပါး။

ထိုစိတ်၏ ခံစားမှုသည် အကောင်းအဆိုးတို့၏ အလယ်အလတ် ရိုးရိုးဥပေက္ခာ ဝေဒနာဖြစ်၏။

(နှစ်သက်အပ်သောအသံကို ကြားသိရခြင်းသဘောဖြစ်၏)

Moral resultant Ear-conciousness, accompanied by indifference.

၃။ ကုသိုလ်ကံ၏အကျိုးဝိပါက်အဖြစ် နှစ်သက်အပ်သော **အနံ့**ဟူသည့် **"ဂန္ဓာရုံ"** ကို **"နံသိသောစိတ်"** ၁-ပါး။ ထိုစိတ်၏ ခံစားမှုသည် အကောင်းအဆိုးတို့၏ အလယ်အလတ် ရိုးရိုး ဥပေက္ခာ ဝေဒနာဖြစ်၏။

(နှစ်သက်အပ်သောအနံ့ကို နမ်းရှုရခြင်းသဘောဖြစ်၏။)

Moral resultant Nose-consciousness, accompanied by infifference.

၄။ ကုသိုလ်ကံ၏အကျိုးဝိပါက်အဖြစ် နှစ်သက်အပ်သော **"အရသာ"** ဟူသည့် **"ရသာရုံ"** ကို **"စားသိရသောစိတ်"** (၁)ပါး။

ထိုစိတ်၏ ခံစားမှုသည် အကောင်းအဆိုးတို့၏ အလယ်အလတ် ရိုးရိုးဥပေက္ခာဝေဒနာဖြစ်၏။

(နှစ်သက်အပ်သော အစားအစာကို စားသိရခြင်းသဘောဖြစ်၏။)

Moral resultant Tongue-consciousness accompanied by indifference.

၅။ ကုသိုလ်ကံ၏ အကျိုးဝိပါက်အဖြစ် နှစ်သက်အပ်သော **'အတွေ့အထိ'** ဟူသည့် **ဖောဋ္ဌဗ္ဗာရုံ**ကို သိသောစိတ်(၁)ပါး။

ထိုစိတ်၏ ခံစားမှုသည် ချမ်းသာစွာ ခံစားရသော ကာယသုခဝေဒနာဖြစ်၏။

(နှစ်သက်အပ်သော အတွေ့အထိများကို ထိတွေ့ရခြင်းသဘောဖြစ်၏။)

Moral resultant Body-consciousness, accompanied by happiness.

၆။ ကုသိုလ်ကံ၏ အကျိုးဝိပါက်အဖြစ် နှစ်သက်အပ်သော **အာရုံ(၅) ပါးတို့ကို ဆက်လက်ခံယူသော စိတ်** (၁) ပါး။

ထိုစိတ်၏ ခံစားမှုသည် အကောင်းအဆိုးတို့၏ အလယ်အလတ် ရိုးရိုးဥပေက္ခာဝေဒနာဖြစ်၏။

Moral resultant Receiving consciousness, accompanied by indifference.

၇။ ကုသိုလ်ကံ၏ အကျိုးဝိပါက်အဖြစ် နှစ်သက်အပ်သော သမ္ပဋိစ္ဆိုင်းစိတ်က ခံယူထားသော **အာရုံကို စုံစမ်းသောစိတ်**(၁)ပါး။

ထိုစိတ်၏ ခံစားမှုသည် ဝမ်းမြောက်ဝမ်းသာ ခံစားသော "သောမနဿ" ဝေဒနာဖြစ်၏။

Moral resultant Investigating consciousness, accompanied by pleasure.

၈။ ကုသိုလ်ကံ၏ အကျိုးဝိပါက်အဖြစ် နှစ်သက်အပ်သော သမ္ပဋိစ္ဆိုင်းစိတ် ခံယူထားသောအာရုံကို စုံစမ်းသောစိတ် (၁) ပါး။

ထိုစိတ်၏ ခံစားမှုသည် အကောင်းအဆိုးတို့၏ အလယ်အလတ် ရိုးရိုးဥပေက္ခာ ဝေဒနာဖြစ်၏။

Moral resultant Investigating consciousness, accompanied by indifference.

www.burmeseclassic.com

www.burmeseclassic.com



### ၃။ အဟိတ်ကြိယာ စိတ် (၃) ပါးတို့၏ ဆိုရိုးအဓိပ္ပာယ်

၁။ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ ဟူသော ပဥ္စဒွါရ (တံခါးပေါက် ၅-ခု) ၌ ထင်လာသည့် အာရုံ (၅) ပါးကို ဆင်ခြင်နှလုံးသွင်းတတ်သော ပဥ္စဒွါရာဝဇ္ဇန်း အဟိတ်ကြိယာစိတ် (၁) ပါး။ ထိုစိတ်၏ ခံစားမှုသည် အကောင်းအဆိုးတို့၏ အလယ်အလတ် ရိုးရိုးဥပေက္ခာ ဝေဒနာဖြစ်၏။

Five Sense-door adverting consciousness accompanied by indifference.

၂။ မနောဒွါရ၌ ထင်လာသည့် အာရုံကို ဆင်ခြင်နှလုံးသွင်းတတ်သော မနောဒွါရာဝဇ္ဇန်း အဟိတ်ကြိယာစိတ် (၁) ပါး။ ထိုစိတ်၏ ခံစားမှုသည် အကောင်းအဆိုးတို့၏ အလယ်အလတ် ရိုးရိုး ဥပေက္ခာဝေဒနာဖြစ်၏။

Mind-door adverting consciousness accompanied by indifference.

၃။ မြတ်စွာဘုရားနှင့် ရဟန္တာအရှင်မြတ်တို့ ပြုံးရယ်သော "ဟသိတုပ္ပါဒ်" အဟိတ် ကြိယာစိတ် (၁)ပါး။ ပြုံးရယ်သည့်အခါ ရွှင်လန်းဝမ်းမြောက်မှုဖြင့် ပြုံးရယ်ရသောကြောင့် သောမနဿ ဝေဒနာဖြစ်၏။

Smile-producing consciousness, accompanied by pleasure.

### ရှင်းလင်းချက်

### အကုသလဝိပါက်စိတ် (၇) ပါး

(အကုသလ = အကုသိုလ် + ဝိပါက = အကျိုး = အကုသိုလ်၏ အကျိုးဖြစ်သောစိတ်များ)

အကုသိုလ်၏ အကျိုးဖြစ်သော စိတ်များဖြစ်ကြသဖြင့် **"အကုသလဝိပါက်စိတ်"** ဟုခေါ်ဆိုသည်။

မိမိအားထုတ်ခဲ့သော ကံတရားသည် ပဋိသန္ဓေအကျိုးကို သာမက ပဝတ္တိအကျိုးကိုလည်းပေး၏။ ပဝတ္တိအကျိုးဟူသည်မှာ ပဋိသန္ဓေနှင့် စုတိကြားကာလဘဝ၌ တွေ့ကြုံခံစားရသော အကျိုးများ ဖြစ်ကြသည်။

အကုသိုလ်ကံ (၁၂) ပါးတို့ကို ကျူးလွန်ခဲ့မှုကြောင့် အကုသလဝိပါတ်စိတ် (၇) ပါးတို့သည် ကာမ (၁၁) ဘုံ၌ လည်းကောင်း ရူပ (၁၅) ဘုံ၌ လည်းကောင်း ထိုက်သည့်အားလျော်စွာ အကျိုး ဝိပါက်ကို ဖြစ်စေသည်။

သတ္တဝါတို့သည် ကောင်းမွန်စွာဖြစ်ချင်သော ဆန္ဒ, ဝီရိယနှင့် စေတနာတို့ဖြင့် ကောင်းမွန်စွာ ခံစားစံစားနိုင်ကြရန် ရုန်းကန်လှုပ်ရှားဆောင်ရွက်ကြသည်။ သို့ရာတွင် ဘဝအဆက်ဆက်က ပြုခဲ့ဘူးသော အကုသိုလ်ကံများ၏ အကျိုးဝိပါက်များသည် အရိပ်သဖွယ်လိုက်နေ၏။ ယခုဘဝ ပဝတ္တိကာလတွင် အကြောင်းညီညွတ်၍ အကုသိုလ်အကျိုးပေးလှည့်ကြုံလျှင် အနိဋ္ဌာရုံမြင်ကွင်း၊ အသံဆိုး၊ အနံ့ဆိုး၊ အရသာဆိုး၊ အထိအတွေ့ဆိုးတို့နှင့် ကြုံတွေ့ရကြသည်။

ဤကဲ့သို့ အကုသိုလ်ကံတို့၏ အကျိုးပေးမှုကြောင့် အနိဋ္ဌာရုံနှင့် တွေ့ဆုံအကြောင်းပြု၍ ဖြစ်ပေါ်လာသော စိတ်များဖြစ်ကြသဖြင့် **"အကုသလဝိပါက်စိတ်"** ဟုခေါ်ဆိုခြင်းဖြစ်သည်။

### အကုသလဝိပါက်စိတ် (၇) ပါး ကွဲပြားပုံ

အကုသလဝိပါက်စိတ်သည် စက္ခုစသော မှီရာ, သမ္ပဋိစ္ဆိုင်း စသော ကိစ္စအားဖြင့် ကွဲပြား ခြင်းကြောင့် (၇) ပါးရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**အကုသလဝိပါက်စိတ် (၇) ပါး ရှေ့တွင် "အဟိတ်" ကို အထူးပြုမထည့်ရပုံ**

ဟိတ်နှင့်ယှဉ်သော "သဟိတ်အကုသလ ဝိပါက်စိတ်" ဟူ၍ မရှိသောကြောင့် ထိုစိတ်များ၏ ရှေ့တွင် "အဟိတ်" ဟူသော အထူးပြုစကားလုံးကို မထည့်ဘဲ "အကုသလဝိပါက်စိတ်" ဟူ၍ ခေါ်ဆိုရသည်။

**အဟိတ်ကုသလဝိပါက်စိတ် (၈) ပါး**

(ကုသလ = ကုသိုလ်၏ + ဝိပါက = အကျိုး + အဟေတုက = အလောဘ စသော ယှဉ်ဘက် ဟိတ်မရှိ)= ကုသိုလ်၏ အကျိုးဖြစ်သော ယှဉ်ဘက်ဟိတ်မရှိသည့် စိတ်။ ကုသိုလ်၏ အကျိုးဖြစ်သောစိတ်များဖြစ်သောကြောင့် "**အဟိတ်ကုသလဝိပါက်စိတ်**" ဟုခေါ်ဆိုသည်။

သတ္တဝါတို့သည် ရှေးဘဝက ပြုခဲ့ဘူးသော ကုသိုလ်ကံများ၏ အကျိုးဝိပါက် အဖြစ်စိတ်များကို ရရှိထားကြသည်။ ကုသိုလ်ကံ၏ အကျိုးပေးမှုကြောင့် လိုလားနှစ်သက်အပ်သော ဣဋ္ဌာရုံများနှင့် ကြုံတွေ့ရခြင်းကို အကြောင်းပြု၍ မြင်, ကြား, နံ, စား, ထိသိ, စိတ်များဖြစ်ပေါ်လာခြင်းဖြစ်သည်။

ကုသိုလ်၏ အကျိုးစိတ်များဖြစ်သောကြောင့် "အဟိတ်ကုသလ ဝိပါက်စိတ်" ဟုခေါ်ဆိုသည်။

**အဟိတ်ကုသဝိပါက်စိတ် (၈) ပါး ကွဲပြားပုံ**

အဟိတ်ကုသလဝိပါက်စိတ်သည် စက္ခုစသော မှီရာသမ္ပဋိစ္ဆိုင်း စသော ကိစ္စအားဖြင့် ကွဲပြားခြင်းကြောင့် (၈) ပါး ရှိပါသည်။

ကုသလဝိပါက်စိတ်တို့၌ ဟိတ်နှင့်ယှဉ်သော "သဟိတ် ကုသလဝိပါက်စိတ်" များ ရှိသေး၍ အဟိတ် ကုသလဝိပါက်စိတ်နှင့် သဟိတ် ကုသလဝိပါက် စိတ်တို့ ကွဲပြားစေရန် **အဟိတ်ကုသလဝိပါက်စိတ်** ဟူ၍ **အဟိတ်**ကို အထူးပြု၍ ထည့်ရသည်။

**အကုသလဝိပါက်စိတ် (၇) ပါးနှင့် အဟိတ်ကုသလဝိပါက်စိတ် (၈) ပါးတို့၏ သဘောအစီရင်ခံ စက္ခုဝိညာဏ်ဒွေးဟူ၍ (၂) ပါးစီကွဲပြားရခြင်း**

သတ္တဝါတို့သည် ရှေးဘဝက ပြုခဲ့ဘူးသော ကုသိုလ်ကံနှင့် အကုသိုလ်ကံတို့၏ အကျိုးဝိပါက်များအဖြစ် အာရုံကောင်း အာရုံဆိုးများနှင့် တွေ့ထိ၍ စိတ်အမျိုးမျိုးဖြစ်ကြရသည်။

မကောင်းသော အာရုံတို့ကို မြင်, ကြား, နံ, စား, ထိတွေ့, ရခြင်းတို့မှာ ရှေးအကုသိုလ်ကံတို့ကြောင့်ဖြစ်ရသော အကျိုးတရားများဖြစ်ကြသည်။ ကောင်းသော အာရုံတို့ကို မြင်, ကြား, နံ, စား, ထိတွေ့ရခြင်းတို့မှာ ရှေးကုသိုလ်ကံတို့၏ အကျိုးဝိပါက်စိတ်များဖြစ်ကြသည်။

ဤကဲ့သို့ အကုသိုလ်ကံ၏ အကျိုးနှင့် ကုသိုလ်ကံ၏ အကျိုးဟူ၍ အကျိုးပေးမှု ကွာခြားသောကြောင့် စက္ခုဝိညာဏ် ဟူသော မြင်သိစိတ်, သောတဝိညာဏ်ဟူသော ကြားသိစိတ်, ဃာနဝိညာဏ်ဟူသော နံသိစိတ်, ဇိဝှါဝိညာဏ်ဟူသော စားသိစိတ်,ကာယဝိညာဏ်ဟူသော "ထိသိစိတ်" တို့မှာ (၂) ပါးစီ ကွဲပြားသွားရပေသည်။

ထိုမြင်သိစိတ် (၂) ပါးကို စက္ခုဝိညာဏ်ဒွေး, ကြားသိစိတ် (၂) ပါးကို သောတဝိညာဏ်ဒွေး, နံသိစိတ် (၂) ပါးကို ဃာနဝိညာဏ်ဒွေး, စားသိစိတ် (၂) ပါးကို "ဇိဝှါဝိညာဏ်ဒွေး" ထိသိစိတ် (၂) ပါးကို "ကာယဝိညာဏ်ဒွေး" ဟူ၍ခေါ်ဆိုသည်။ ထိုစိတ် (၁၀)ပါးတို့ကို စုပေါင်း၍ "**ဒွေးပဉ္စဝိညာဏ် (၁၀) ပါး**" ဟူ၍ ခေါ်ဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဒွေးပဥ္စဝိညာဏ် (၁၀) ပါး

**စက္ခုဝိညာဏ်ဒွေး** = မကောင်းသော အနိဋ္ဌာရုံများဖြစ်သည့် မဖွယ်မရာ ခြေပြတ်လက်ပြတ်သူသေကောင်, ခွေးသေကောင်ပုပ် စသည်တို့ကို မြင်တွေ့ရခြင်းသည် အကုသိုလ်ကံဝိပါက်အစွမ်းကြောင့် မြင်ရခြင်းဖြစ်၍ ထိုမြင်ကွင်းကို **"ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ် အကုသလဝိပါက်စိတ်ဖြင့်"** မြင်တွေ့ရသည်။

ကောင်းသောအာရုံ ဣဋ္ဌာရုံများဖြစ်သည့် အလွန်လှပဆန်းကြယ်သော ဘုရားစေတီပုထိုးများကို ဖူးမျှော်ရခြင်း၊ အဘိဓမ္မာစာပေကို ဖတ်ရှုလေ့လာခွင့်ရခြင်းတို့သည် ကုသိုလ်ကံဝိပါက်အစွမ်းကြောင့် မြင်ရခြင်းဖြစ်၍ ထိုမြင်ကွင်းကို **"ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ် အဟိတ်ကုသလဝိပါက်စိတ်ဖြင့်"** မြင်တွေ့ရသည်။

**သောတဝိညာဏ်ဒွေး**= မကောင်းသော အနိဋ္ဌာရုံများဖြစ်သည့် ကျယ်လောင်ဆူညံသော အသံကွဲ သီချင်းသံနှင့် မကြားဝံ့မနာသာ ဖရုသဝါစာစကားတို့ကို ကြားရခြင်းသည် အကုသိုလ်ကံဝိပါက်အစွမ်းကြောင့် ကြားရခြင်းဖြစ်၍ ထိုအသံဆိုးတို့ကို **"ဥပေက္ခာသဟဂုတ် သောတဝိညာဏ် အကုသလ ဝိပါက်စိတ်ဖြင့်"** ကြားရသည်။

ကောင်းသော အာရုံဣဋ္ဌာရုံများဖြစ်သည့် နံနက်ချိန်ခါတေးသံသာကို နားဆင်ရခြင်းနှင့် အဘိဓမ္မာတရားတော်ကို နာကြားရခြင်းသည် ကုသိုလ်ကံဝိပါက်အစွမ်းကြောင့်ကြားရခြင်းဖြစ်၍ ထိုသာယာနာပျော်ဖွယ်တို့ကို **"ဥပေက္ခာ သဟဂုတ် သောတဝိညာဏ်အဟိတ်ကုသလ ဝိပါက်စိတ်ဖြင့်"** ကြားရသည်။

**ဃာနဝိညာဏ်ဒွေး**= စွန့်ပစ်ရေဆိုးရေပုပ်တို့၏ အနံ့ဆိုးတို့ကို နံရခြင်းတို့သည် အကုသိုလ်ကံဝိပါက်အစွမ်းကြောင့်နံရခြင်းဖြစ်၍ ထိုအနံ့ဆိုးတို့ကို **"ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ် အကုသလဝိပါက်စိတ်ဖြင့်"** နံရသည် ။

အနံ့ဆိုးကင်း ပန်းရနံ့သင်းခြင်းနှင့် ရေမွှေးနံ့တို့သည် ကုသိုလ်ကံဝိပါက်အစွမ်းကြောင့် နံရခြင်းဖြစ်၍ ထိုအနံ့ကောင်းတို့ကို **"ဥပေက္ခာ သဟဂုတ်ဃာနဝိဉာဏ်အဟိတ်ကုသလဝိပါက်စိတ်ဖြင့်"** နံရသည်

**ဇိဝှါဝိညာဏ်ဒွေး** = ဆေးခါးကြီးကို မျိုရခြင်းနှင့် ပဲဇေ့တစ်ဝက်ပြောင်းတစ်ဝက်နှင့် ဟင်းလျာက ပီလော, လည်ချောင်းကိုမြေလှန်, ဂလုံဆန်အောင်စုံကန်လို့ မျှောရသူ မရေသည် ၏ ခံစားရသော အရသာတို့သည် အကုသိုလ် ကံဝိပါက် အစွမ်းကြောင့်ဖြစ်၍ **"ဥပေက္ခာ သဟဂုတ်ဇိဝှါဝိညာဏ် အကုသလဝိပါက်စိတ်ဖြင့်"** အရသာခံစားရသည်။

ရသာစုံလင်စားတော်ပွဲနှင့် နှစ်သက်ဖွယ်ရာ အစားအသောက်တို့ကို စားရခြင်းတို့သည် ကုသိုလ်ကံ ဝိပါက်အစွမ်းကြောင့် စားသောက်ရခြင်းဖြစ်၍ **"ဥပေက္ခာ သဟဂုတ် ဇိဝှါဝိညာဏ် အဟိတ်ကုသလဝိပါက်စိတ်ဖြင့်"** စားသိခံစားရသည်။

**ကာယဝိညာဏ်ဒွေး** = ရင်ချင်းဆက်အမွှာ အေးအေးငြိမ်းနှင့် အိအိငြိမ်း ညီအစ်မတို့ ခဲစိတ်မှု ခံရခြင်းနှင့် ဘုရားရှင် ခြေမတော်၌ ကျောက်ခဲထိမှန်ရခြင်းတို့သည် အကုသိုလ်

www.burmeseclassic.com

www.burmeseclassic.com



ကံဝိပါက် အစွမ်းကြောင့် ကိုယ်ကာယ နာကြင်ရခြင်းဖြစ်၍ **"ဒုက္ခ သဟဂုတ် ကာယဝိညာဏ် အကုသလဝိပါက်စိတ်ဖြင့်"** ထိသိခံစားရသည်။

အမွှာညီအစ်မတို့ကို စေတနာရှင် သူနာပြုဆရာမတို့က နူးညံ့သော ဝတ်ကောင်းစားလှတို့ဖြင့် ယုယပိုက်ထွေးထားခြင်းတို့သည် ကုသိုလ်ကံဝိပါက် အစွမ်းကြောင့် ကိုယ်ကာယတွေ့ထိခံမှုကောင်းမွန်ခြင်း ဖြစ်၍ **"သုခသဟဂုတ် ကာယဝိညာဏ် အဟိတ်ကုသလ ဝိပါက်စိတ်ဖြင့်** ထိသိခံစားရသည်။

## စက္ခုဝိညာဏ်စသော စိတ် (၄) ပါး ဥပေက္ခာဝေဒနာနှင့် ယှဉ်ရခြင်း

စက္ခု၊ သောတ, ဃာန, ဇိဝှါ ဝိညာဏ်စိတ်တို့ မှီ၍ဖြစ်ကြရသော ဝတ္ထုရုပ်တို့မှာ ဘူတရုပ်တို့ကိုသာမှီကြရသော ဥပါဒါ ရုပ်များဖြစ်ကြသည်။

ဝိညာဏ်စိတ်ဖြစ်ရန် အာရုံနှင့် ဝတ္ထုရုပ်တို့ အချင်းချင်း ထိခိုက်ကြရသည်။ စက္ခုဝတ္ထုစသည်နှင့် ရူပါရုံတို့၏ ထိခိုက်မှုသည် ဥပါဒါရုပ်အချင်းချင်း ထိခိုက်မှုဖြစ်၍ ဝါဂွမ်းဆိုင် (၂) ခု ထိခိုက်သကဲ့သို့ ထိခိုက်မှု အားနည်းပြီး မပြင်းထန်လှ။ ထို့ကြောင့် ဣဋ္ဌာရုံနှင့်ဖြစ်စေ, အနိဋ္ဌာရုံနှင့်ဖြစ်စေ တိုက်ဆိုင်ထိခိုက်လျှင် ခံစားမှု ဝေဒနာ မထင်ရှားသောကြောင့် **ဥပေက္ခာ ဝေဒနာနှင့်သာ** ယှဉ်ကြသည်။

## ကာယဝိညာဏ်စိတ် (၂) ပါး၏ ထူးခြားမှု

ကာယဝိညာဏ်စိတ်သည် ကာယဝတ္ထုရုပ်ကို မှီ၍ဖြစ်သည်။ ကာယဝိညာဏ်စိတ်၏ အာရုံသည် ဖောဋ္ဌဗ္ဗာရုံဖြစ်သည်။ ဖောဋ္ဌဗ္ဗာရုံဆိုသည်မှာ ပထဝီ, တေဇော, ဝါယော ဟူသော မဟာဘုတ် (၃)ပါးတို့ဖြစ်သည်။

ကာယဝတ္ထုနှင့် ဖောဋ္ဌဗ္ဗာရုံတို့၏ ထိခိုက်မှုအားကြီးသောကြောင့် အနိဋ္ဌာရုံနှင့် တွေ့ကြုံရလျှင် ကိုယ်ဆင်းရဲခြင်းဟူသည် **"ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်"** ဖြစ်ရသည်။ ဣဋ္ဌာရုံနှင့်တွေ့ကြုံရလျှင် ကိုယ်ချမ်းသာခြင်းဟူသည့် "သုခသဟဂုတ် ကာယဝိညာဏ်စိတ်"ဖြစ်ရသည်။

## သမ္ပဋိစ္ဆိုင်းစိတ် (၂) ပါး

သမ္ပဋိစ္ဆိုင်းစိတ် = အာရုံငါးပါးကို လက်ခံယူနိုင်သော စိတ်။

သန္တီရဏစိတ် = အာရုံကို စုံစမ်းနိုင်သော စိတ်။

စိတ္တနိယာမ သဘောအရ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ပေါ်လာရန် (၁) စက္ခုပသာဒ ကောင်းခြင်း (၂) ရူပါရုံ အဆင်း ထင်ရှားခြင်း (၃) အာလောက အလင်းရောင်ရှိခြင်း (၄) မနသိကာရ နှလုံးသွင်းမှုရှိခြင်းဟူသော အကြောင်း (၄) ပါးတို့နှင့် ပြည့်စုံပါလျှင် အောက်ပါအတိုင်း စိတ်အစဉ်အတန်းဖြစ်ပေါ်လာရသည်။

၁။ စက္ခုဒွါရ၌ အာရုံထင်လာလျှင် ထိုထင်လာသော ရူပါရုံ အဆင်းကို ဆင်ခြင်သော **"ပဥ္စဒွါရာဝဇ္ဇန်းစိတ်"** ဖြစ်၏။

၂။ ထို့နောက် ထိုရူပါရုံအဆင်းကို မြင်နိုင်သော **"စက္ခုဝိညာဏ်စိတ်"** ဖြစ်၏။

၃။ ထို့နောက် စက္ခုဝိညာဏ်စိတ်က မြင်သော အဆင်းကို စုံစမ်းသည့် **"သန္တီရဏ" စိတ်က** ဆက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## သမ္ပဋိစ္ဆိုင်း စိတ် (၂) ပါးကွဲပြားရခြင်း

စိတ်အစဉ်အတန်းဖြစ်ရာတွင် အကုသလ ဝိပါက်အဖြစ် မနှစ်သက်အပ်သော အာရုံ (အနိဋ္ဌာရုံ) များနှင့် တွေ့ကြုံ၍ မြင်, ကြား, နံ, စား, ထိသိ စိတ်များဖြစ်ကြရပြီး ချုပ်သွားလျှင် ထိုအာရုံဆိုးတို့ကို "အကုသလဝိပါက် သမ္ပဋိစ္ဆိုင်း စိတ်က ဆက်လက်ခံယူသည်။

ကုသလဝိပါက်အဖြစ် နှစ်သက်အပ်သော အာရုံ (ဣဋ္ဌာရုံ) များနှင့် တွေ့ကြုံရသောအခါ မြင်, ကြား, နံ, စား , ထိသိ စိတ်များဖြစ်ကြရပြီး ချုပ်ပျက်၍ "ထိုအာရုံကောင်းတို့ကို " အဟိတ် ကုသလဝိပါက် သမ္ပဋိစ္ဆိုင်းစိတ်"က ဆက်လက်လက်ခံယူသည်။

ဤကဲ့သို့ ရှေးအကုသိုလ်၊ ကုသိုလ်ကံ၏ အကျိုးပေးမှု (၂) ခု၏ ဆိုင်ရာ အဆိုးအကောင်းကို ဆက်လက်ခံယူရသောကြောင့် သမ္ပဋိစ္ဆိုင်းစိတ် (၂) ပါး ကွဲပြားသွားသည်။

## သမ္ပဋိစ္ဆိုင်းဒွေး ဥပေက္ခာနှင့် ယှဉ်ရခြင်း

စက္ခုဝိညာဏ်စသော ပဉ္စဝိညာဏ်စိတ်တို့သည် စက္ခုဝတ္ထုစသော ပဉ္စဝတ္ထု (၅) ပါးကို မှီ၍ ဖြစ်ကြရသည်။ သမ္ပဋိစ္ဆိုင်း စိတ် (၂) ပါးသည် "ဟဒယဝတ္ထု" ကိုမှီ၍ ဖြစ်ကြရသည်။

ဤကဲ့သို့ မှီရာတူတရားမှ အနန္တရပစ္စည်းဖြင့် ကျေးဇူးအပြုမခံရသည့်အတွက် အားနည်းသောကြောင့် အာရုံတိုင်း၌ **ဥပေက္ခာသဟဂုတ်သာ**ဖြစ်ပါသည်။

## "ကုသလဝိပါက် သန္တီရဏသည် သောမနဿနှင့် ဥပေက္ခာ ဖြစ်ခြင်း"

မှီရာတူသော သမ္ပဋိစ္ဆိုင်းစိတ်မှ ကျေးဇူးအပြုခံရသည့်အတွက် အနန္တရပစ္စည်းရ၍ အားရှိ၏။ ထို့ကြောင့် ဣဋ္ဌာရုံနှင့် ကြုံတွေ့လျှင် "သောမနဿ" ဖြစ်၍ ဣဋ္ဌမဇ္ဈတ္တာရုံနှင့် တွေ့ကြုံလျှင် "ဥပေက္ခာ" ဖြစ်ရသည်။

ဥပေက္ခာသန္တီရဏစိတ် (၂) ပါးသည်သာ ပဋိသန္ဓေ အကျိုး၊ ပဝတ္တိအကျိုး (၂) မျိုးလုံးဖြစ်သည်။ ကြွင်းသော အဟိတ်စိတ်တို့သည် ပဝတ္တိအကျိုးမျှသာဖြစ်သည်။

## အကုသလဝိပါက်စိတ်ကျင့်စဉ်

အကုသိုလ်ကံ၏ အကျိုးအဖြစ် မလိုလား မနှစ်သက်အပ်သော အနိဋ္ဌာရုံမြင်ကွင်း, အသံဆိုး, အနံ့ဆိုး, အရသာဆိုး,အထိအတွေ့ဆိုးတို့နှင့် တွေ့ကြုံခံစားရသည့်အခါ ဖြစ်ပေါ်လာသော အကုသလဝိပါက်စိတ် သည်(၇) ပါးရှိ၏။

ထိုစိတ်များဖြစ်ပြီးလျှင် မကျေနပ်သော ဒေါသစိတ်များ မဖြစ်ရန် "ယောနိသောမနသိကာရ" ဖြစ်အောင် ကြိုးစားရမည်။

လောကဓံ ဝလေ့ မုန်တိုင်းမွှေ့ခံရ၍ ဒုက္ခပင်လယ်ဝေရခြင်း, အပြစ်မရှိဘဲ အကဲ့ရဲ့ခံရခြင်းတို့မှာ အကုသိုလ်ကံ၏ အကျိုးဝိပါက်များဖြစ်ကြသည်။

သည်းခံနိုင်ခြင်းသည် မြင့်မြတ်သူတို့၏ ဓမ္မတာ,နိုင်တိုင်း နှိပ်စက်ကလူပြုကျင့်တတ်ခြင်းမှာ မစောင့်စည်းသူတို့၏ ဓမ္မတာ။

ဝဋ်ကြွေးရှိ၍ ခံရသည်မှာ စိတ်နာဖွယ် မဟုတ်၊ ဘယ်သူမပြု မိမိပြုခဲ့သော ကံ၏ အကျိုးပေးမှုကို ခံရခြင်းသာဖြစ်သည်။ ရန်တုန့်ပြန်လျှင် ကြေကွဲဖွယ်ရာ ဘဝဆိုးများနှင့် ကြုံတွေ့ရဦးမည်။ အပြန်အလှန်အနိုင်အရှုံးနှင့် မဆုံးနိုင်အောင် သံသရာရှည်မည်။ မိမိပြုခဲ့သော အကုသိုလ်တရားတို့၏ အကျိုးဝိပါက်ဟု သတိပညာဖြင့် သိထားလျက်

www.burmeseclassic.com

www.burmeseclassic.com



* ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယာမော=ဖြစ်ပြီးသော အကုသိုလ်တို့ကို ပယ်နိုင်အောင်
* အနုပ္ပန္နာနံ ပါပကာနံ အနုပ္ပါဒါယဝါယာမော=မဖြစ်သေးသော အကုသိုလ်တို့ကို မဖြစ်အောင် ကြိုးစားအားထုတ်ကြရမည်။
* အကုသိုလ်အလုပ် များများ လုပ်နေလျှင် အကုသလဝိပါက်စိတ် များများဖြစ်၍ ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲရမည်။

## အဟိတ်ကုသလဝိပါတ်စိတ်ကျင့်စဉ်

ရှေးကုသိုလ်ကံ၏ အကျိုးအဖြစ် လိုလားနှစ်သက်အပ်သော အာရုံများနှင့် တွေ့ဆုံ၍ ဖြစ်ပေါ်လာသော အဟိတ်ကုသလ ဝိပါတ်စိတ် (၈) ပါးရှိ၏။ ထိုစိတ်များဖြစ်ပြီးလျှင် တွေ့ကြုံရသော အာရုံကောင်းအပေါ်မှာ လိုချင်တပ်မက်ကပ်ငြိနေမှု မဖြစ်ရန် "ယောနိသောမန သိကာရ" ဖြစ်အောင် ကြိုးစားရမည်။

ကုသိုလ်ပါရမီထူးများရရှိမှသာလျှင် ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော ဘဝတို့၌ အလိုရှိအပ် နှစ်သက်အပ်သော အာရုံကောင်းများနှင့် တွေ့ကြုံခံစားရမည်ဖြစ်၍

* အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဝါယာမော=မဖြစ်သေးသော ကုသိုလ်တို့ကို ဖြစ်လာအောင် အားထုတ်ခြင်း။
* ဥပ္ပန္နာနံ ကုသလာနံ ဘိယျော ဘာဝါယ ဝါယာမော=ဖြစ်ပြီး ကုသိုလ်တို့ကို တိုးပွားအောင် ကြိုးစားအားထုတ်ခြင်းတို့ကို စဉ်ဆက်မပြတ် ပြုလုပ်ရမည်။
* ကုသိုလ်အလုပ်များများလုပ်နေလျှင် အဟိတ်ကုသလ ဝိပါက်စိတ်များ များများဖြစ်၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမည်။

## အဟိတ် ကြိယာစိတ် (၃) ပါး

(အဟိတ်= ဟိတ်နှင့် မယှဉ်သော + ကြိယာစိတ်=ပြုရုံမျှသာ ဖြစ်၍ အကျိုးပေးခြင်းမရှိသောစိတ်)

ကြိယာစိတ်ဆိုသည်မှာ ကုသိုလ်နှင့် အကုသိုလ်စိတ်များကဲ့သို့ ကံကို ဖြစ်စေသော စိတ်များ မဟုတ်ချေ။ ကိစ္စနှင့် အခြေခံအားနည်း၍လည်းကောင်း၊ အနုသယရေသောက်မြစ် ကင်းပြတ်၍ လည်းကောင်း ဖြစ်သောကြောင့် ပြုကာမျှ သဘောရှိသော စိတ်များဖြစ်ကြသည်။

## အဟိတ်ကြိယာစိတ် (၃) ပါး ကွဲပြားပုံ

ကိစ္စအားဖြင့် (၃) မျိုး ကွဲပြားသောကြောင့် အဟိတ်ကြိယာစိတ် (၃) ပါး ကွဲပြားသည်။

## ပဉ္စဒွါရာဝဇ္ဇန်းစိတ်

ပဉ္စ = ၅ + ဒွါရ = တံခါးပေါက် + အာဝဇ္ဇန = ဆင်ခြင်ခြင်း=(မျက်စိ, နား, နှာ, လျှာ,ကိုယ် တည်း ဟူသော တံခါးပေါက် (၅) ပေါက်၌ ထင်လာသော အာရုံများကို ဆင်ခြင်နှလုံးသွင်းတတ်သော စိတ်။)

## မနောဒွါရာဝဇ္ဇန်းစိတ်

မနော = စိတ် + ဒွါရ = တံခါးပေါက် + အာဝဇ္ဇန = ဆင်ခြင်ခြင်း =(စိတ်တံခါးပေါက်၌ ဆင်လာသော တွေးသောကြံစည်သည့် အာရုံကို ဆင်ခြင် နှလုံးသွင်းတတ်သောစိတ်။)

www.burmeseclassic.com

www.burmeseclassic.com



### ဟသိတုပ္ပါဒ်စိတ်

(ဟသိတ = ရယ်ရွှင်ခြင်းကို + ဥပ္ပါဒ = ဖြစ်စေတတ်သော + စိတ္တ = စိတ်)

မြတ်စွာဘုရားနှင့် ရဟန္တာတို့ ပြုံးရယ်သောစိတ်။

### ပုထုဇဉ်သန္တာန်၌ ရနိုင်သော အာဝဇ္ဇန်းဒွေး

ပဉ္စဒွါရာဝဇ္ဇန်း စိတ်သည် ဒွါရ (၅) ပါး၌ ထင်လာသော အာရုံကို ဆင်ခြင်သည်။ မနောဒွါရာဝဇ္ဇန်းစိတ်သည် စိတ်ဒွါရ၌ ထင်လာသော အာရုံကို ဆင်ခြင်သည်။ ထိုစိတ်နှစ်ပါးသည် အာရုံကို ဆင်ခြင်သော စိတ်ချည်းဖြစ်သည်၊ ဒွါရသာ ကွဲပြားသည်။

ထို့ကြောင့် ထိုစိတ် (၂) ပါးကို အာဝဇ္ဇန်းဒွေး၊ အာဝဇ္ဇန်းစိတ် (၂) ပါးဟုခေါ်သည်။ထိုစိတ် (၂) ပါးသည် ပုထုဇဉ်များသန္တာန်၌ ရနိုင်သော ကြိယာစိတ်ဖြစ်သည်။

### အာဝဇ္ဇန်းဒွေး ဥပေက္ခာဝေဒနာဖြစ်ခြင်း

အာဝဇ္ဇန်းဒွေး (၂) ပါးသည် ရှေးဦးစွာ ထင်လာသော အာရုံသစ်ကို ယူရပြီး တစ်ကြိမ်မျှသာ ဖြစ်ခွင့်ရခြင်း၊ သဘောချင်း မတူသော နောက်စိတ်တစ်ပါးဖြစ်ပေါ်လာရန် ကျေးဇူးပြုရခြင်းတို့ကြောင့် အာရုံ၏ အရသာကို ကောင်းစွာ မခံစားနိုင်သောကြောင့် ဥပေက္ခာဝေဒနာဖြစ်ရသည်။

### ဟသိတုပ္ပါဒ်စိတ်သည် သောမနဿဖြစ်ခြင်း

သောမနဿ ဝေဒနာသည် ရယ်ရွှင်ခြင်းကို ဖြစ်စေတတ်သည်။ ဟသိတုပ္ပါဒ်စိတ်သည် ဘုရားရဟန္တာတို့၏ ပြုံးရယ်စိတ်ဖြစ်သဖြင့် "သောမနဿဝေဒနာ" နှင့် ယှဉ်၍ ဖြစ်ရပါသည်။

### ဟသိတုပ္ပါဒ်စိတ်သည် "အသောဘနစိတ်တွင်ပါဝင်နေခြင်း"

ဟသိတုပ္ပါဒ်စိတ်သည် ဘုရားရဟန္တာတို့၏ ပြုံးရယ်သောစိတ်ဖြစ်သော်လည်း "မတင့်တယ်သော အသောဘနစိတ်တွင်" ပါဝင်နေခြင်းမှာ တင့်တယ်သော ဂုဏ်ကိုဆောင်သော "အလောဘ"စသည့် ဟိတ် (၃) ပါးတို့နှင့် မယှဉ်သောကြောင့်ဖြစ်ပါသည်။

### "အဟိတ်" ကို အထူးပြုထည့်ရခြင်း

ကြိယာစိတ်များတွင် "အဟိတ်ကြိယာ, သဟိတ်ကြိယာ" ဟူ၍ (၂) မျိုးရှိသောကြောင့် ကွဲပြားမှုရှိစေရန် "အဟိတ် ကြိယာ" ဟူ၍ "အဟိတ်" စကားလုံးကို အထူးပြုထည့်ရပါသည်။

## (ဂ) ကာမသောဘနစိတ်-၂၄-ပါး (Kama- Sobhana Cittas)

## 24 Types of Beautiful Consciousness of The Sensuous Sphere

(ကာမ= ကာမဘုံ၌ ဖြစ်သည့် + သောဘန= တင့်တယ်ကောင်းမြတ်သော + စိတ္တ = စိတ်)

ထို (၂၄) ပါးသော စိတ်တို့သည် သဒ္ဓါ,သတိစသော သောဘနစေတသိက်တို့နှင့် ယှဉ်၍ ဖြစ်ခြင်း၊ ကာမာဝစရစိတ်လည်းဖြစ်ခြင်းတို့ကြောင့် ကာမာဝစရသောဘနစိတ် (Beautiful Consciousness of the Sense Sphere) ဟုခေါ်ဆိုသည်။

"အနာကင်းလစ်, အပြစ်ကင်းကွာ, အလိမ္မာနှင့် ချမ်းသာကောင်းကျိုး, လေးမျိုးအချက်, ကုသိုလ်အနက်။"ဟုဆိုရိုးအတိုင်း **လောဘ, ဒေါသ, မောဟ ဟူသော ကိလေသာ အနာကင်းခြင်း, ကိလေသာ အပြစ်ကင်းခြင်း, လိမ္မာစေခြင်း, ကောင်းသော အကျိုးကိုပေးခြင်း သဘောအနက်** ရှိသောကြောင့် **"ကုသိုလ်စိတ်"** ဟူ၍ လည်းခေါ်ဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းအားဖြင့် စက်ဆုပ်ဖွယ်ဖြစ်သော ယုတ်မာသော အကုသိုလ်တရားတို့ကို လှုပ်စေ၊ ငတ်စေ၊ ပြတ်အောင် ဖျက်ဆီးစေတတ်သောကြောင့် "ကုသိုလ်စိတ်မည်၏" (ပဟာယက တရား)။

## "မဟာ" အမည်တပ်၍ခေါ်နိုင်ခြင်း

ကာမ၊ ရူပ၊ အရူပ၊ နှင့် လောကုတ္တရာ စိတ်အသီးသီးတို့တွင် ကုသိုလ်စိတ်ချင်း၊ ဝိပါက်စိတ်ချင်း၊ ကြိယာစိတ်ချင်း နှိုင်းယှဉ်ပါလျှင် ကာမသောဘနစိတ်တို့က အရေအတွက်များသောကြောင့် "မဟာကုသိုလ်၊ မဟာဝိပါက်၊ မဟာကြိယာ ဟူ၍ ခေါ်ဆိုရပါသည်။

**ကာမသောဘနစိတ် (၂၄) ပါးကို အောက်ပါအတိုင်း (၃) မျိုး ခွဲခြားနိုင်သည်။**

(က) မဟာကုသိုလ်စိတ် (ဝါ) ကာမာဝစရ ကုသိုလ်စိတ် (၈) ပါး (Eight Types of Moral Consciousness) (or) (great moral consciousness.)

(ခ) မဟာဝိပါက်စိတ် (ဝါ) ကာမာဝစရ ဝိပါက်စိတ် (၈)ပါး (Eight Types of Resultant Consciousness) (or) (great resultant consciousness.)

(ဂ) မဟာကြိယာစိတ် (ဝါ) ကာမာဝစရကြိယာစိတ် (၈)ပါး (Eight Types of Functional Consciousness) (or) (great functional consciousness.)

**ကာမသောဘနစိတ် (၂၄) ပါး**

| စဉ် | စိတ် | ဦးရေ | သင်္ကေတ | |
|---|---|---|---|---|
| (က) | မဟာကုသိုလ်စိတ် | ၈ ပါး | အ +̇ + ∸ −<br>သ +̇ + ∸ − | မဟာကုသိုလ် ၈ ပါး |
| (ခ) | မဟာဝိပါက်စိတ် | ၈ ပါး | အ +̇ + ∸ −<br>သ +̇ + ∸ − | မဟာဝိပါက် ၈ ပါး |
| (ဂ) | မဟာကြိယာစိတ် | ၈ ပါး | အ +̇ + ∸ −<br>သ +̇ + ∸ − | မဟာကြိယာ ၈ ပါး |
| | ကာမသောဘနစိတ် | ၂၄ ပါး | ကာမသောဘနစိတ်ပေါင်း = | ၂၄ ပါး |

www.burmeseclassic.com

www.burmeseclassic.com



## ဆုတုးပန်အဘိဓမ္မာ

### ကာမသောဘနစိတ် (၂၄) ပါးဆိုရိုး

| | | | | | | |
|---|---|---|---|---|---|---|
| မဟာကုသိုလ်စိတ် (၈) ပါး | ၁ | အ + | သောမနဿသဟဂုတ် + | ဉာဏသမ္ပယုတ် (.) | အသင်္ခါရိက အ | စိတ် ၁-ပါး |
| | ၂ | သ + | သောမနဿသဟဂုတ် + | ဉာဏသမ္ပယုတ် (.) | သသင်္ခါရိက သ | စိတ် ၁-ပါး |
| | ၃ | အ + | သောမနဿသဟဂုတ် + | ဉာဏဝိပ္ပယုတ် ( ) | အသင်္ခါရိက အ | စိတ် ၁-ပါး |
| | ၄ | သ + | သောမနဿသဟဂုတ် + | ဉာဏဝိပ္ပယုတ် ( ) | သသင်္ခါရိက သ | စိတ် ၁-ပါး |
| | ၅ | အ − | ဥပေက္ခာသဟဂုတ် − | ဉာဏသမ္ပယုတ် (.) | အသင်္ခါရိက အ | စိတ် ၁-ပါး |
| | ၆ | သ − | ဥပေက္ခာသဟဂုတ် − | ဉာဏသမ္ပယုတ် (.) | သသင်္ခါရိက သ | စိတ် ၁-ပါး |
| | ၇ | အ − | ဥပေက္ခာသဟဂုတ် − | ဉာဏဝိပ္ပယုတ် ( ) | အသင်္ခါရိက အ | စိတ် ၁-ပါး |
| | ၈ | သ − | ဥပေက္ခာသဟဂုတ် − | ဉာဏဝိပ္ပယုတ် ( ) | သသင်္ခါရိက သ | စိတ် ၁-ပါး |
| မဟာဝိပါက်စိတ် (၈) ပါး | ၁ | အ + | သောမနဿသဟဂုတ် + | ဉာဏသမ္ပယုတ် (.) | အသင်္ခါရိက အ | စိတ် ၁-ပါး |
| | ၂ | သ + | သောမနဿသဟဂုတ် + | ဉာဏသမ္ပယုတ် (.) | သသင်္ခါရိက သ | စိတ် ၁-ပါး |
| | ၃ | အ + | သောမနဿသဟဂုတ် + | ဉာဏဝိပ္ပယုတ် ( ) | အသင်္ခါရိက အ | စိတ် ၁-ပါး |
| | ၄ | သ + | သောမနဿသဟဂုတ် + | ဉာဏဝိပ္ပယုတ် ( ) | သသင်္ခါရိက သ | စိတ် ၁-ပါး |
| | ၅ | အ − | ဥပေက္ခာသဟဂုတ် − | ဉာဏသမ္ပယုတ် (.) | အသင်္ခါရိက အ | စိတ် ၁-ပါး |
| | ၆ | သ − | ဥပေက္ခာသဟဂုတ် − | ဉာဏသမ္ပယုတ် (.) | သသင်္ခါရိက သ | စိတ် ၁-ပါး |
| | ၇ | အ − | ဥပေက္ခာသဟဂုတ် − | ဉာဏဝိပ္ပယုတ် ( ) | အသင်္ခါရိက အ | စိတ် ၁-ပါး |
| | ၈ | သ − | ဥပေက္ခာသဟဂုတ် − | ဉာဏဝိပ္ပယုတ် ( ) | သသင်္ခါရိက သ | စိတ် ၁-ပါး |
| မဟာကြိယာစိတ် (၈) ပါး | ၁ | အ + | သောမနဿသဟဂုတ် + | ဉာဏသမ္ပယုတ် (.) | အသင်္ခါရိက အ | စိတ် ၁-ပါး |
| | ၂ | သ + | သောမနဿသဟဂုတ် + | ဉာဏသမ္ပယုတ် (.) | သသင်္ခါရိက သ | စိတ် ၁-ပါး |
| | ၃ | အ + | သောမနဿသဟဂုတ် + | ဉာဏဝိပ္ပယုတ် ( ) | အသင်္ခါရိက အ | စိတ် ၁-ပါး |
| | ၄ | သ + | သောမနဿသဟဂုတ် + | ဉာဏဝိပ္ပယုတ် ( ) | သသင်္ခါရိက သ | စိတ် ၁-ပါး |
| | ၅ | အ − | ဥပေက္ခာသဟဂုတ် − | ဉာဏသမ္ပယုတ် (.) | အသင်္ခါရိက အ | စိတ် ၁-ပါး |
| | ၆ | သ − | ဥပေက္ခာသဟဂုတ် − | ဉာဏသမ္ပယုတ် (.) | သသင်္ခါရိက သ | စိတ် ၁-ပါး |
| | ၇ | အ − | ဥပေက္ခာသဟဂုတ် − | ဉာဏဝိပ္ပယုတ် ( ) | အသင်္ခါရိက အ | စိတ် ၁-ပါး |
| | ၈ | သ − | ဥပေက္ခာသဟဂုတ် − | ဉာဏဝိပ္ပယုတ် ( ) | သသင်္ခါရိက သ | စိတ် ၁-ပါး |

www.burmeseclassic.com

www.burmeseclassic.com



## ကာမသောဘနစိတ် (၂၄) ပါးတို့၏ ဆိုရိုးအဓိပ္ပာယ်

## (က) မဟာကုသိုလ်စိတ် (၈) ပါးတို့၏ ဆိုရိုးအဓိပ္ပာယ်

၁။ အကျိုးသိမြင် ဉာဏ်နှင့်ယှဉ်၍ မိမိသဒ္ဓါအလျောက် ဝမ်းမြောက် ဝမ်းသာ ကုသိုလ်ပြုသောစိတ် (၁) ပါး။

One consciousness, unprompted, accompanied by pleasure, combined with knowledge.

၂။ ကောင်းကျိုးကို မြော်မြင်လျက် သူတစ်ပါးတိုက်တွန်း၍ ဝမ်းမြောက်ဝမ်းသာ ကုသိုလ်ပြုသောစိတ် (၁) ပါး။

One consciousness, prompted, accompanied by pleasure, combined with knowledge.

၃။ အကျိုးသိမြင် ဉာဏ်မယှဉ်ဘဲ, မိမိသဒ္ဓါအလျောက် ဝမ်းမြောက် ဝမ်းသာ ကုသိုလ်ပြုသောစိတ် (၁) ပါး။

One consciousness, unprompted, accompanied by pleasure, uncombined with knowledge.

၄။ အကျိုးသိမြင် ဉာဏ်မယှဉ်ဘဲ, သူတစ်ပါးတိုက်တွန်း၍ ဝမ်းမြောက် ဝမ်းသာ ကုသိုလ်ပြုသောစိတ် (၁) ပါး။

One consciousness, prompted, accompanied by pleasure, uncombined with knowledge.

၅။ အကျိုးသိမြင် ဉာဏ်နှင့်ယှဉ်၍ မိမိသဒ္ဓါအလျောက် ဝမ်းသာဝမ်းနည်းမဖြစ်ဘဲ ကုသိုလ်ပြုသောစိတ် (၁) ပါး။

One consciousness, unprompted, accompanied by indifference, combined with knowledge.

၆။ အကျိုးသိမြင် ဉာဏ်နှင့်ယှဉ်၍ သူတစ်ပါးတိုက်တွန်း၍ ဝမ်းသာဝမ်းနည်းမဖြစ်ဘဲ ကုသိုလ်ပြုသောစိတ် (၁) ပါး။

One consciousness prompted, accompanied by indifference, combined with knowledge.

၇။ အလေးမမူ ဉာဏ်မကူဘဲ မိမိသဒ္ဓါအလျောက် ဝမ်းသာ ဝမ်းနည်းမဖြစ်ဘဲ ကုသိုလ်ပြုသောစိတ် (၁) ပါး။

One consciousness, unprompted, accompanied by indifference, uncombined with knowledge.

၈။ အလေးမမူဉာဏ်မကူဘဲ သူတစ်ပါးတိုက်တွန်း၍ ဝမ်းသာဝမ်းနည်းမဖြစ်ဘဲ ကုသိုလ်ပြုသောစိတ် (၁) ပါး။

One consciousness, prompted, accompanied by indifference, uncombined with knowledge.

www.burmeseclassic.com

www.burmeseclassic.com



## (ခ) မဟာဝိပါက်စိတ် (၈) ပါးတို့၏ ဆိုရိုးအဓိပ္ပာယ်

၁။ အကျိုးသိမြင် ဉာဏ်နှင့်ယှဉ်၍ မိမိသဒ္ဓါအလျောက် ဝမ်းမြောက် ဝမ်းသာဖြစ်သောဝိပါက်စိတ် (၁) ပါး။

One consciousness, unprompted, accompanied by pleasure, combined with knowledge.

၂။ ကောင်းကျိုးကို မြော်မြင်လျက် သူတစ်ပါးတိုက်တွန်း၍ ဝမ်းမြောက်ဝမ်းသာဖြစ်သော ဝိပါက်စိတ် (၁) ပါး။

One consciousness, prompted, accompanied by pleasure, combined with knowledge.

၃။ အကျိုးသိမြင် ဉာဏ်မယှဉ်ဘဲ မိမိသဒ္ဓါအလျောက် ဝမ်းမြောက် ဝမ်းသာဖြစ်သော ဝိပါက်စိတ် (၁) ပါး။

One consciousness, unprompted, accompanied by pleasure, uncombined with knowledge.

၄။ အကျိုးသိမြင် ဉာဏ်မယှဉ်ဘဲ, သူတစ်ပါးတိုက်တွန်း၍ ဝမ်းမြောက် ဝမ်းသာဖြစ်သော ဝိပါက်စိတ်(၁) ပါး။

One consciousness, prompted, accompanied by pleasure, uncombined with knowledge.

၅။ အကျိုးသိမြင် ဉာဏ်နှင့်ယှဉ်၍ မိမိသဒ္ဓါအလျောက် ဝမ်းသာဝမ်းနည်းမဖြစ်သော ဝိပါက်စိတ် (၁) ပါး။

One consciousness, unprompted, accompanied by indifference, combined with knowledge.

၆။ အကျိုးသိမြင် ဉာဏ်နှင့်ယှဉ်၍ သူတစ်ပါးတိုက်တွန်း၍ ဝမ်းသာဝမ်းနည်းမဖြစ်သော ဝိပါက်စိတ် (၁) ပါး။

One consciousness prompted, accompanied by indifference, combined with knowledge.

၇။ အလေးမမူ ဉာဏ်မကူဘဲ မိမိသဒ္ဓါအလျောက် ဝမ်းသာ ဝမ်းနည်းမဖြစ်သော ဝိပါက်စိတ် (၁) ပါး။

One consciousness, unprompted, accompanied by indifference, uncombined with knowledge.

၈။ အလေးမမူဉာဏ်မကူဘဲ သူတစ်ပါးတိုက်တွန်း၍ ဝမ်းသာဝမ်းနည်းမဖြစ်သော ဝိပါက်စိတ် (၁) ပါး။

One consciousness, prompted, accompanied by indifference, uncombined with knowledge.

www.burmeseclassic.com

www.burmeseclassic.com



## (ဂ) မဟာကြိယာစိတ် (၈) ပါးတို့၏ ဆိုရိုးအစီအမှာယ်

၁။ အကျိုးသိမြင် ဉာဏ်နှင့်ယှဉ်၍ မိမိသဒ္ဓါအလျောက် ဝမ်းမြောက် ဝမ်းသာဖြစ်သော ကြိယာစိတ် (၁) ပါး။

One consciousness, unprompted, accompanied by pleasure, combined with knowledge.

၂။ ကောင်းကျိုးကို မြော်မြင်လျက် သူတစ်ပါးတိုက်တွန်း၍ ဝမ်းမြောက်ဝမ်းသာဖြစ်သော ကြိယာစိတ် (၁) ပါး။

One consciousness, prompted, accompanied by pleasure, combined with knowledge.

၃။ အကျိုးသိမြင် ဉာဏ်မယှဉ်ဘဲ, မိမိသဒ္ဓါအလျောက် ဝမ်းမြောက် ဝမ်းသာဖြစ်သော ကြိယာစိတ် (၁) ပါး။

One consciousness, unprompted, accompanied by pleasure, uncombined with knowledge.

၄။ အကျိုးသိမြင် ဉာဏ်မယှဉ်ဘဲ, သူတစ်ပါးတိုက်တွန်း၍ ဝမ်းမြောက် ဝမ်းသာဖြစ်သော ကြိယာစိတ် (၁) ပါး။

One consciousness, prompted, accompanied by pleasure, uncombined with knowledge.

၅။ အကျိုးသိမြင် ဉာဏ်နှင့်ယှဉ်၍ မိမိသဒ္ဓါအလျောက် ဝမ်းသာဝမ်းနည်းမဖြစ်သော ကြိယာစိတ် (၁) ပါး။

One consciousness, unprompted, accompanied by indifference, combined with knowledge.

၆။ အကျိုးသိမြင် ဉာဏ်နှင့်ယှဉ်၍ သူတစ်ပါးတိုက်တွန်း၍ ဝမ်းသာဝမ်းနည်းမဖြစ်သော ကြိယာစိတ် (၁) ပါး။

One consciousness prompted, accompanied by indifference, combined with knowledge.

၇။ အလေးမမှုဉာဏ်မကူဘဲ မိမိသဒ္ဓါအလျောက် ဝမ်းသာဝမ်းနည်းမဖြစ်သော ကြိယာစိတ် (၁)ပါး။

One consciousness, unprompted, accompanied by indifference, uncombined with knowledge.

၈။ အလေးမမှုဉာဏ်မကူဘဲ သူတစ်ပါးတိုက်တွန်း၍ ဝမ်းသာဝမ်းနည်းမဖြစ်သော ကြိယာစိတ် (၁) ပါး။

One consciousness, prompted, accompanied by indifference, uncombined with knowledge.

www.burmeseclassic.com

www.burmeseclassic.com



## ကာမသောဘနစိတ် (၂၄) ပါးတို့၏ သဘော အဓိပ္ပာယ်နှင့် ရှင်းလင်းချက်

## မဟာကုသိုလ် စိတ် (၈) ပါး

မဟာကုသိုလ်စိတ် (၈) ပါးတို့သည် **ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်တို့ ကုသိုလ်ပြုလုပ်သော အကြောင်းစိတ်ဖြစ်သည်။**

သေက္ခပုဂ္ဂိုလ်ဆိုသည်မှာ အထက်မဂ်, ဖိုလ် ရရန် ဆက်လက်အားထုတ်နေကြသည့် "သောတာပန်, သကဒါဂါမ်နှင့် အနာဂါမ်" ပုဂ္ဂိုလ်တို့ပင်ဖြစ်သည်။

ကုသိုလ်ဖြစ်သော ဉာဏ် စသည်နှင့်အတူတကွယှဉ်ဖြစ်သောကြောင့် "ကုသိုလ်"မည်၏။

### ဉာဏသမ္ပယုတ်

(ဉာဏ=ဉာဏ်နှင့် + သမ္ပယုတ္တ = ယှဉ်၍ဖြစ်ခြင်း)

ဉာဏ (ဝါ) ဉာဏ် ဆိုသည်မှာ သဘောအလျောက် (ဝါ) သဘာဝအားလျော်စွာ ထိုးထွင်း၍ သိမြင်ခြင်းကို ခေါ်ဆိုသည်။

ဉာဏသမ္ပယုတ်ဆိုသည်မှာ ဒါန, သီလ, ဘာဝနာ ကုသိုလ်မှုတို့ကို ပြုရာတွင် ကုသိုလ်ပြုစိတ်ကို "ဉာဏ်ပညာ"နှင့် ယှဉ်၍ဖြစ်ပေးနေခြင်းဖြစ်သည်။

**ဒါနပြုရာတွင်** ထင်ပေါ်လိုမှု, ပလွှားလိုမှု, အထင်ကြီးခံလိုမှု, လောကီအကျိုးကိုမျှော်မှန်းမှု, ဘွဲ့ထူးဂုဏ်ရလိုမှုစသည့် ပကာသနတို့ကို ရှောင်ကြဉ်လျက် အလှူခံပုဂ္ဂိုလ်တို့၏ ရရှိမည့် အကျိုး,ဒါန၏ အကျိုး, ကံ-ကံ၏အကျိုး, နိဗ္ဗာန်ကို ရည်မှန်းသော "ဝိဝဋ္ဋနိဿိတ ကုသိုလ်" မျိုးကို မျှော်ကိုးလျက် ပေးကမ်းစွန့်ကြဲခြင်း ဒါနကို **ဉာဏသမ္ပယုတ် ဒါနကုသိုလ်** ဟု ခေါ်ဆိုသည်။

**သီလကုသိုလ်**ကို ပြုရာတွင်လည်း အထင်ကြီးခံလိုမှုစသည့် ဟန်ဆောင် သီလကို ရှောင်ကြဉ်လျက် နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့အဖြစ် ရည်ရွယ်၍ သီလဆောက်တည်ခြင်းသည် **ဉာဏသမ္ပယုတ် သီလကုသိုလ်** ဖြစ်သည်။

ဘာဝနာ ကုသိုလ်တို့ကို ပွားများအားထုတ်ရာ၌လည်း "ရိပ်သာချင်းပြိုင်, နည်းချင်းပြိုင်, ဆရာချင်းပြိုင်" စသည့် အပြိုင်အဆိုင် သဘောများကို ရှောင်ကြဉ်လျက် ကိလေသာ ငြိမ်းအေးရန် ရုပ်နာမ်တရားတို့၏ လက္ခဏာရေးသုံးပါးတို့ကို ဉာဏ်သက်ဝင်၍ ပွားများအားထုတ်ခြင်းသည် **ဉာဏ သမ္ပယုတ် ဘာဝနာကုသိုလ်** ဖြစ်၏။

### ဉာဏ ဝိပ္ပယုတ်

(ဉာဏ = ဉာဏ်၊ ဝိပ္ပယုတ် = မယှဉ်ခြင်း)

ဉာဏ ဝိပ္ပယုတ်ဆိုသည်မှာ ဒါန, သီလ, ဘာဝနာ ကုသိုလ်တို့ကို ပြုရာတွင် "**ဉာဏ်မယှဉ်သော, ဉာဏ်မပါသော** ကုသိုလ်ပြုစိတ်ဖြစ်သည်။"

ဒါန, သီလ, ဘာဝနာ ကုသိုလ်တို့ကို ပြုရာတွင် ထင်ပေါ်လိုမှု ကြွားဝါလိုမှု, လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာ များကို မျှော်မှန်းပြီးပြုသည့် ဝဋ္ဋနိဿိတ ကုသိုလ်မျိုးကို ပြုခြင်းသည် ဉာဏ်မယှဉ်သော, ဉာဏ်မပါသော "ဉာဏဝိပ္ပယုတ် ကုသိုလ်" အညံ့စားဖြစ်သည်။

မိရိုးဖလာအရ မိဘဘိုးဘွားတို့ ပြုလုပ်နေကျ ကုသိုလ်မျိုးဖြစ်၍ မိမိတို့က ဆက်ခံပြုလုပ်နေမှု, ပြုလုပ်နေခြင်းတို့သည် **"ကုလာစာရကုသိုလ်"** မျိုးဖြစ်၏။ ဉာဏဝိပ္ပယုတ် ကုသိုလ်မျိုးဖြစ်၍ အကျိုးမကြီးလှ။

www.burmeseclassic.com

www.burmeseclassic.com



အာဏာတန်ခိုးရှိသူနှင့် မိဘ, ဆရာသမား, မိတ်ဆွေ သင်္ဂဟတို့က အပြစ်တင်ကဲ့ရဲ့မည်ကိုကြောက်၍ ပြုလုပ်သောကုသိုလ်မျိုးသည် **"ဘယကုသိုလ်"** မျိုးဖြစ်၏။ "ဉာဏဝိပ္ပယုတ်ကုသိုလ်" ဖြစ်သည်။

ပစ္စည်းလာဘ်လာဘရရှိရေး, မိမိ၏ ဂုဏ်ထူးရရှိရေး, နာမည်ကျော်ကြားအထင်ကြီးခံရရေးတို့ကို မျှော်မှန်း၍ လည်းကောင်း၊ မိမိ၏ ဆွေမျိုးသားချင်းဖြစ်၍ လည်းကောင်း၊ မိမိသား၏ ဆရာ, မိမိ၏ညီ, တူ, အစ်ကို စသည်ဖြင့် သံယောဇဉ်ဘက်၍ လည်းကောင်း၊ ကုသိုလ်ပြုခြင်းမျိုးသည် **"လာဘကုသိုလ်"** မျိုးဖြစ်သည်။ အကျိုးမကြီးသော "ဉာဏ ဝိပ္ပယုတ် ကုသိုလ်မျိုး" ဖြစ်သည်။

ထို့ကြောင့် အားနာရမည့်သူများပါ၍ လှူရခြင်း, ကြောက်ရမည့်သူပါ၍ ဘေးရန်ကိုကြောက်သဖြင့် လှူရခြင်း၊ ရာထူးရာခံ ရလို၍ လှူရခြင်း, ကိုယ်ကျိုးစီးပွား လုပ်ငန်းရရှိရေးတို့ကို မျှော်မှန်း၍ ပေးလှူခြင်းဟူသမျှတို့သည် "ဉာဏဝိပ္ပယုတ် ကုသိုလ်" မျိုးသာ ဖြစ်သည်။

ထိုနည်းအတူ ဗေဒင်ယတြာချေသောအားဖြင့် ဒုလ္လဘရဟန်းခံခြင်း, သက်သတ်လွတ်စားခြင်း, ရေ, မီး, ထီး, တံခွန် လှူခြင်း တံတားခင်းခြင်း၊ သီလဆောက်တည်ခြင်း၊ တရားအားထုတ်ခြင်းတို့သည် "ဉာဏဝိပ္ပယုတ်ကုသိုလ်သာဖြစ်သည်။

အထက်ပါ ကုသိုလ်မျိုးတို့သည် "အကျိုးမမြင်, ဉာဏ်မယှဉ်သော ဒွိဟိတ်ကုသိုလ်မျိုး" ဖြစ်ကြသည်။

### သောမနဿ သဟဂုတ်ကုသိုလ်စိတ်က ပိုမိုသာလွန်၏

ဒါန, သီလ, ဘာဝနာ ကုသိုလ်တို့ကို ပြုလုပ်ရာတွင် "ဝမ်းမြောက်ဝမ်းသာစိတ်" ဖြင့် ပြုလုပ်လျှင် "သောမနဿ သဟဂုတ်စိတ်" ဖြစ်၏။ သင့်တင့်ရုံစိတ်ဖြင့် ပြုလုပ်လျှင် "ဥပေက္ခာသဟဂုတ်စိတ်" ဖြစ်၏။

ကာမာဝစရ ကုသိုလ်လုပ်ငန်းများ၌ ဝမ်းသာရွှင်ပြ (သောမနဿသဟဂုတ်စိတ်ဖြင့်) ပြုလုပ်ခြင်းသည် "ဥပေက္ခာ သဟဂုတ် စိတ်" ဖြင့် ပြုလုပ်သည်ထက် အကျိုးပေး ပိုမိုထက်သန်သည်။

မဟဂ္ဂုတ် ကုသိုလ်အရာတွင် "ဥပေက္ခာ ကုသိုလ်က သောမနဿ ကုသိုလ်ထက်" ပိုမိုအားကောင်းသည်။

### မဟာကုသိုလ်သောမနဿဖြစ်ကြောင်း တရား (၃) ပါး

၁။ သဒ္ဓါတရားအားကြီးထက်သန်ခြင်း။

၂။ ပညာအမြော်အမြင်နှင့် ပြည့်စုံခြင်း။

၃။ လှူဖွယ်ဝတ္ထု, အလှူခံ ပုဂ္ဂိုလ်များနှင့် ပြည့်စုံခြင်း။

ဤ (၃) ပါးနှင့် ပြည့်စုံလျှင် သောမနဿဖြစ်၍ မညီညွတ်လျှင် ဥပေက္ခာ ဖြစ်သည်။

### ဉာဏသမ္ပယုတ်စိတ်က ပိုမိုအကျိုးပေးသန်၏

ကုသိုလ်ပြုရာ၌ အကျိုးသိမြင် ဉာဏ်နှင့်ယှဉ်၍ ပြုလျှင် ဉာဏ်ပါသော "ဉာဏသမ္ပယုတ် ကုသိုလ်စိတ်"ဖြစ်၏။ အလေးမမူ ဉာဏ်မကူဘဲ အမှုမဲ့ အမှတ်မဲ့ပြုလျှင် ဉာဏ်မပါသော "ဉာဏ ဝိပ္ပယုတ် ကုသိုလ်စိတ်" ဖြစ်၏။

ဉာဏ်ပါသော ကုသိုလ်စိတ်က အကျိုးပေး ပိုမိုထက်သန်၍ နောက်ဘဝ၌ မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်သော ဉာဏ်ထက်မြက်သည့် "တိဟိတ်" ပုဂ္ဂိုလ်ဖြစ်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်မပါသော ကုသိုလ်စိတ်က အကျိုးပေးရာတွင် နောက်ဘဝ၌ မဂ်ဖိုလ်နိဗ္ဗာန်ကို မရနိုင်သော ဉာဏ်နဲ့သည့် "ဒွိဟိတ်" ပုဂ္ဂိုလ်ဖြစ်တတ်သည်။

**မဟာကုသိုလ်ဉာဏ သမ္ပယုတ်ဖြစ်ကြောင်း (၅) ပါး**

၁။ ရှေးဘဝက ပညာကိုဖြစ်စေတတ်သော သူတစ်ပါးတို့အား ဟောပြောပြသ, ပို့ချခဲ့သည့် "ကံ" ကို ပြုလုပ်ခဲ့ခြင်း။

၂။ ဒေါသ, ဗျာပါဒ မရှိသော ဗြဟ္မာဘုံ၌ ဖြစ်ရခြင်း။

၃။ ကာမဂုဏ်စိတ်နည်းပါး၍ သမာဓိကြီးမား ဗဟုသုတများသော အရွယ်ရောက်၍ ပညိန္ဒြေ (အသိပညာ) ရင့်ကျက်ခြင်း။

၄။ ကိလေသာ ကင်းဝေးခြင်း။

၅။ တိဟိတ် ပဋိသန္ဓေနေခြင်း။

ဤအကြောင်း (၅) ပါးနှင့် ပြည့်စုံလျှင် ဉာဏသမ္ပယုတ်ဖြစ်၍ မပြည့်စုံလျှင် ဉာဏဝိပ္ပယုတ် ဖြစ်သည်။

**အသင်္ခါရိက စိတ်က ပိုမိုထက်မြက်၏**

ကုသိုလ်ပြုရာတွင် စိတ်အားထက်ထက်သန်သန်ပြုလျှင် "အသင်္ခါရိက စိတ်" ဖြစ်၏။ သူတစ်ပါးတိုက်တွန်း၍ဖြစ်စေ မိမိက စိတ်အားထက်သန်မှု မရှိ၍ဖြစ်စေ ကုသိုလ်ပြုလျှင် "သသင်္ခါရိက ကုသိုလ်စိတ်" ဖြစ်သည်။ စိတ်အားထက်သန်သော"အသင်္ခါရိကကုသိုလ်စိတ်" က ပို၍အကျိုးပေး ထက်သန်သည်။

**မဟာကုသိုလ် အသင်္ခါရိကနှင့် သသင်္ခါရိကဖြစ်ကြောင်း (၂) ပါး**

၁။ အာဝါသ သပ္ပါယ စသော အစွမ်းကြောင့် ကိုယ်စိတ် (၂) ပါး ကျန်းမာချမ်းသာခြင်း၊

၂။ ရှေးဘဝက ဒါနစသည်တို့ကို ပြုလုပ်ခဲ့သော အလေ့အထရှိခြင်း၊

(ဤအကြောင်း ၂ ပါး တို့နှင့် ညီညွတ်လျှင် အသင်္ခါရိက ဖြစ်၍ မညီညွတ်လျှင် သသင်္ခါရိက စိတ်ဖြစ်သည်။)

**မဟာကုသိုလ်စိတ် (၈) ပါးဖြစ်ပေါ်ပုံနှင့် စီစစ်ပုံ**

မိမိ၏ အကျိုးကိုဖြစ်စေ၊ တစ်ပါးသူ၏ အကျိုးကိုဖြစ်စေ ထိခိုက်နစ်နာစေသော ကာယကံ, ဝစီကံ, မနောကံ အလုပ်ဟူ သမျှတို့သည် အကုသိုလ်မကောင်းမှု အလုပ်များဖြစ်သည်။

မိမိနှင့် သူတစ်ပါးတို့အား ကောင်းကျိုးပြုသော အလုပ်ဟူသမျှတို့သည် "အနာကင်းလစ်, အပြစ်ကင်းကွာ, အလိမ္မာနှင့် ချမ်းသာကောင်းကျိုး" ကို ပေးသော ကုသိုလ်အလုပ်များဖြစ်သည်။ ကုသိုလ်အလုပ်များကို မဟာကုသိုလ်စိတ်များဖြင့် ဆောင်ရွက်သောအခါ မဟာကုသိုလ်စိတ် (၈)ပါး တွင် မည်သည့်စိတ်ဖြစ်ကြောင်းကို စီစစ်သိရှိရန်လိုအပ်သည်။

၁။ အဘိဓမ္မာဉာဏ်ပညာကို မြင်ခါခဏ ကြားခါမျှနှင့် ဒိုးကဲ့သို့မွေ အာဂုံကြေမည့် အကျိုးသိမြင် ဉာဏ်နှင့်ယှဉ်၍ မိမိသဒ္ဓါအလျောက် ဝမ်းမြောက်ဝမ်းသာ အဘိဓမ္မာ ပညာပြန့်ပွားရေးအတွက် အလှူဒါနပြုနေသူ သန္တာန်၌ မည်သည့်စိတ်ဖြစ်ပေါ်နေကြောင်း စီစစ်နိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



* ကောင်းမှုနှင့်ဆိုင်သော လုပ်ငန်းများဖြစ်သဖြင့် ဒါနရှင်၏ သန္တာန်၌ မဟာကုသိုလ်စိတ်များ ဖြစ်ပေါ်လိမ့်မည်။

* ဝမ်းမြောက်ဝမ်းသာ ဖြစ်နေ၍ "သောမနဿ သဟဂုတ်စိတ်" ဖြစ်၏။

* အကျိုးသိမြင်ဉာဏ်နှင့် ယှဉ်၍ လှူပါသဖြင့် "ဉာဏသမ္ပယုတ်စိတ်" ဖြစ်၏။

* မိမိသဒ္ဓါအလျောက် ကုသိုလ်ပြုခြင်းဖြစ်၍ "အသင်္ခါရိက" စိတ်ဖြစ်၏။

ထို့ကြောင့် ထိုဒါနရှင်၏ သန္တာန်တွင် "သောမနဿ သဟဂုတ် ဉာဏ သမ္ပယုတ် အသင်္ခါရိကစိတ်" ဖြစ်နေသည်ဟု သိရှိနိုင်ပါသည်။

ထိုနည်းအတူကျန်သော မဟာကုသိုလ်စိတ်များကိုလည်းစိစစ်နိုင်ပါသည်။

၂။ အမြတ်ခွန်ပေးဆောင်ရသည့် အကျိုးတရားကို သိပါသော်လည်း စေတနာမထက်သန်နှ မြော်တွန့်တိုပါလျက် ဝမ်းသာရွှင်လန်း ဒါနခန်း၌ လှူဒါန်းနေသူ ထိုကြီးပွားနေသူ သန္တာန်၌ "သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ်" ဖြစ်နေပါသည်။

၃။ မိခင်က ဆွမ်းခံဘုန်းကြီးအား ဆွမ်းလောင်းနေသည်ကို အတုယူ၍ ကြည်သာရွှင်ပြ ရက်ရက်ရောရော ဆွမ်းလောင်းနေသည့် ကလေးငယ်၏ သန္တာန်၌ "သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်" ဖြစ်နေသည်။

၄။ အလေးမမူဉာဏ်မကူဘဲ သူငယ်ချင်း ဆွဲခေါ်၍ လိုက်လာရပြီး ဘုရားရင်ပြင်တော်ပေါ်၌ ရွှင်ရွှင်ပြပြ သန့်ရှင်းရေး လုပ်နေသူ လုပျိုဖြူသန္တာန်၌ "သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်" ဖြစ်နေသည်။

၅။ အများကောင်းကျိုးကို ရည်မှန်း၍ စိတ်အား ထက်သန်စွာ တည်တည်ငြိမ်ငြိမ် လမ်းတံတား တည်ဆောက်ရာ၌ လုပ်အားပေးနေသူသန္တာန်၌ "ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက စိတ်" ဖြစ်နေသည်။

၆။ အကျိုးသိမြင် ဉာဏ်နှင့်ယှဉ်၍ ဒါနပြုသော်လည်း စေတနာထက်ထက်သန်သန် မရှိဘဲ မလွဲသာ၍ ဒါနပြုရသူ သန္တာန်၌ "ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ်" ဖြစ်နေ၏။

၇။ အလှူဒါန ပြုကြရာဝယ် အကျိုးသိမြင်ဉာဏ်နှင့်ယှဉ်ရမှန်း မသိသော်လည်း လောကဝတ်ဖြင့် သူတစ်ပါးကို အတုယူ၍ စိတ်အားထက်သန်စွာ တည်ကြည်ငြိမ်သက်စွာဖြင့် ပေးလှူနေသူ သန္တာန်၌ "ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်" ဖြစ်နေသည်။

၈။ အလေးမမူဉာဏ်မကူဘဲ သူငယ်ချင်း ဆွဲခေါ်၍ လိုက်လာရပြီး အလှူပွဲ၌ ဝတ်ကျေတန်းကျေ ဝေယျာဝစ္စပြုလုပ်နေသူ လုပျိုဖြူသန္တာန်၌ "ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်" ဖြစ်နေသည်။

## ကျင့်စဉ်

## ကုသိုလ်ဖြစ်ခြင်းအကြောင်းရင်း

၁။ နှလုံးသွင်း သဘောထား လိမ္မာယဉ်ကျေးခြင်း "ယောနိသော မနသိကာရ" သည် ကုသိုလ် ဖြစ်ခြင်း၏ အကြောင်းရင်းဖြစ်သည်။

အာရုံတစ်ခုကိုမြင်တွေ့ရာ၌ နှလုံးသွင်းသဘောထားကောင်းသူသည် "ယောနိသောမနသိကာရ"

www.burmeseclassic.com

www.burmeseclassic.com



ရှိသောကြောင့် ကုသိုလ် ဖြစ်သည်။ ထိုနည်းတူစွာ ထိုအာရုံ၌ နှလုံးသွင်း သဘောထားမကောင်းသူသည် "အယောနိသောမနသိကာရ" ဖြစ်ခြင်း ကြောင့် အကုသိုလ်ဖြစ်သည်။

၂။ ကောင်းမှု ကုသိုလ်ပြုရာတွင် ကြည်သာရွှင်ပြ သောမနဿဖြင့် ပြုကြရမည်။

၃။ (က) ကုသိုလ်ပြုစဉ် ကံကျိုးမြင်သိ, ဉာဏ်ယှဉ်ဘိ, တိဟိတ် ကုသိုလ်ခေါ်ပါသည်။

(ခ) ကုသိုလ်ပြုစဉ် ကံကျိုးမြင်သိ ဉာဏ်မရှိက ဒွိဟိတ် ကုသိုလ်ခေါ်ပါသည်။

(ဂ) ရှေ့နောက်နှစ်ရပ် ကုသိုလ်ညှပ်က ဥက္ကဋ္ဌ အမြတ်ခေါ်ပါသည်။

(ဃ) ရှေ့နောက် နှစ်တန်, အကုခြံက ညံ့ဟန်ဩမက ခေါ်ပါသည်။

၄။ ကောင်းမှုပြုမှု အစုစုတွင် စိတ်စေတနာ ထက်သန်စွာ (အသင်္ခါရိက) စိတ်ဖြင့် ပြုကြရမည်။

## မဟာဝိပါက်စိတ် (၈) ပါးတို့၏ သဘောအဓိပ္ပာယ် ရှင်းလင်းချက်

ကံကြောင့် ရင့်ကျက်၍ ဖြစ်ပေါ်လာသော အကျိုးတရားစိတ်များကို "ဝိပါက်" စိတ်ဟုခေါ်ဆိုသည်။ ရှေးရှေးဘဝက မဟာကုသိုလ်စိတ် (၈) ပါးဖြင့် ကုသိုလ်ပြုခဲ့သည်ရှိသော် ကာမသုဂတိ (၇) ဘုံတွင် တူညီသော အကျိုး ဝိပါက်စိတ်များဖြင့် ပဋိသန္ဓေနေကြရသည်။

မဟာဝိပါက်စိတ် (၈) ပါးတို့သည် မဟာကုသိုလ်စိတ် (၈) ပါးတို့၏ အကျိုးစိတ်များဖြစ်ကြသဖြင့် အမည်အခေါ်နှင့် သင်္ကေတ အမှတ်အသားတို့မှာတူညီသည်။ အဆုံးသတ်နိဂုံး၌သာ "မဟာဝိပါက်စိတ်" ဟုခေါ်ဆိုရန်သာဖြစ်သည်။

မဟာဝိပါက်စိတ် (၈) ပါးတို့သည် ဘဝသစ်တစ်ခု၌ ပထမဦးဆုံးဖြစ်သော "ပဋိသန္ဓေစိတ်" ဖြစ်သည်။ ပဝတ္တိအခါ ဘဝင်စိတ်အမည်ဖြင့်လည်းကောင်း တဒါရုံအမည်ဖြင့်လည်းကောင်း ဖြစ်ပေါ်သည်။ သေသောကာလတွင် "စုတိစိတ်" နာမည်ရသည်။

## မဟာကုသိုလ်စိတ်နှင့် မဟာဝိပါက်စိတ်တို့ အချုပ်ကွဲပြားပုံ

ဘဝသစ်များရှိနေခြင်းသည် အကြောင်းကုသိုလ်များဖြစ်နေခြင်းကြောင့်ဖြစ်သည်။ မဟာကုသိုလ်စိတ် ချုပ်ပျက်သွားသောအခါ အကျိုးဝိပါက်ကိုဖြစ်စေမည့် (ဥဿာဟ = အားထုတ်ခြင်း) သတ္တိသဘောတရားကို ချန်ထား၍ချုပ်ပျက်သည်။ မဟာဝိပါက်စိတ်တို့သည် ကုသိုလ်စိတ်တို့၏ အကျိုးသာဖြစ်၍ ကုသိုလ်စိတ်ကဲ့သို့ နောက်ထပ်တစ်ဖန် အကျိုးပေးနိုင်သော သတ္တိမျိုးစေ့မရှိသောကြောင့် "ဥဿာဟသတ္တိ" ကို မချန်ထားနိုင်ဘဲ ချုပ်ငြိမ်းကြသည်။

## ပဋိသန္ဓေဝိပါက်စိတ်ချင်းကွဲပြား၍ ပုဂ္ဂိုလ်ခြင်းကွဲပြားပုံ

မဟာကုသိုလ်စိတ် (၈) ပါးသည် ကာမသုဂတိ (၇) ဘုံသို့ ရောက်စေသော ကံဖြစ်သည်။ ပြုလုပ်သော စေတနာကံ ကွဲပြား၍ ဝိပါက်အကျိုးစိတ် (ပဋိသန္ဓေစိတ်) တို့သည်လည်း ကွဲပြားသွားသည်။

၁။ မဟာဝိပါက်စိတ်များမှ ဉာဏသမ္ပယုတ် ဝိပါက်စိတ် (၄) ပါးနှင့် ပဋိသန္ဓေတည်ကြသူများသည် မွေးရာပါ ဉာဏ်ပါသောကြောင့် "တိဟိတ်ပုဂ္ဂိုလ်" ဖြစ်ကြရသည်။

ပါရမီပြည့်၍ ကြိုးစားအားထုတ်လျှင် ထိုဘဝမှာပင် ဈာန်, မဂ်ဖိုလ်ရနိုင်သည်။ ကာလ, ဒေသ, ပယောဂကို သုံးသပ်နိုင်၍ ချင့်ချင့်ချိန်ချိန် လုပ်နိုင်သော စွမ်းရည်ရှိသည်။ ကျမ်းဂန်တတ်၍ ကျမ်းညိုတတ်သည်။ ပညာမတတ်သော်လည်း တိုင်းပြည်အုပ်ချုပ် မင်းလုပ်နိုင်သည်။

၂။ ဉာဏဝိပ္ပယုတ် (၄)ပါးနှင့် ပဋိသန္ဓေတည်ကြသူများသည် "ဒွိဟိတ်ပုဂ္ဂိုလ်များ" ဖြစ်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



မွေးရာပါ ပဋိသန္ဓေဉာဏ်နည်း၍ ပါရဂူဘွဲ့ရနိုင်သော်လည်း "အမေမှာတဲ့ ဆန်တစ်ခွဲသုံးစိတ်နှင့် မလဲ" တတ်သည့်သူများဖြစ်ကြသည်။ ထိုဘဝတွင် ဘာဝနာပွားများသော်လည်း ဈာန်, မဂ်, ဖိုလ်မရနိုင်။ ပါရမီမျှသာရနိုင်သည်။

၃။ ကုသိုလ်ပြုရာတွင် ဉာဏ်မပါသည့်အပြင် ထိုကုသိုလ်၏ ရှေ့နောက်တွင် အကုသိုလ်ခြံရံပါက "ဒွိဟိတ် ဩမကကုသိုလ်မျိုး"သာရသည်။ ထိုကုသိုလ်က ပဋိသန္ဓေဝိပါက်အကျိုးကို ပေးသောအခါ လူစဉ်မမှီ, အလွန်ဆင်းရဲ, အင်္ဂါမစုံ ထိုင်းမှိုင်းဖျင်းအ, သည့်သူများဖြစ်၍ လူဖြစ်ရကျိုးမနပ်။ ထိုဘဝတွင် ဈာန်, မဂ်, ဖိုလ် မရသောကြောင့် နစ်နာလှသည်။

## မြတ်စွာဘုရားလောင်း ပဋိသန္ဓေတည်သော ဝိပါက်စိတ်

မြတ်စွာဘုရားလောင်းသည် မဟာဝိပါက်စိတ် (၈) ပါးအနက် ပထမစိတ်ဖြစ်သော "သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက" မဟာဝိပါက်စိတ်နှင့် ပဋိသန္ဓေတည်ပါသည်။

## ကျင့်စဉ်

(သဒိသံ=တူသော၊ ပါကံ=အကျိုးဝိပါက်ကို ဇနေတိ=ဖြစ်စေ၏။)

တူသောအကျိုးကို ပေးသည်ဆိုသည်မှာ ကုသိုလ်ပြုလျှင် ကုသိုလ်အကျိုး, အကုသိုလ်ပြုလျှင် အကုသိုလ်အကျိုးဖြစ်သည်။ အချဉ်သီးစိုက်လျှင် အချဉ်သီးရ၍ အချိုပင်စိုက်လျှင် အချိုသီးရသော ဗီဇနိယာမကဲ့သို့ စိတ္တနိယာမ, ကမ္မနိယာမအရ **ကောင်းသော အလုပ်ကိုလုပ်လျှင် ကောင်းကျိုးပေး၍ မကောင်းသော အလုပ်ကိုလုပ်လျှင် မကောင်းကျိုးပေးသည်**ကို သိရှိနိုင်ပါသည်။

ဤကဲ့သို့ အကုသိုလ်ကံ, အကုသိုလ်အကျိုး, ကုသိုလ်ကံ ကုသိုလ်အကျိုးကို နားလည်သဘောပေါက်ပါလျှင် ကမ္မဿကတာ သမ္မာဒိဋ္ဌိဖြစ်၍ ကံ, ကံ၏အကျိုးကို အမှန်မြင်တတ်လာမည်ဖြစ်သည်။

အကုသိုလ်ကံများကြောင့် ဒုဂ္ဂတိသံသရာကိုလည်းစေပြီး ကုသိုလ်ကံများကြောင့် သုဂတိသံသရာကိုလည်စေသည်။ တနည်းအားဖြင့် ကုသိုလ်, အကုသိုလ်ကံများရှိသေးသမျှ အကျိုးဝိပါက် (ဝါ) ဘဝသစ်များရှိနေမည်။ ဘဝသစ်များရှိသေးသမျှ ဇာတိ, ဇရာ, မရဏ, သောကစသည့် ဒုက္ခသံသရာကြီးလည်နေဦးမည်ဖြစ်သောကြောင့် ဝဋ်ဒုက္ခချုပ်ငြိမ်းမည့် နိဗ္ဗာန်မရမီ သံသရာလည်စေသော ကံများကို ဉာဏ်ဖြင့် ပယ်သတ်နိုင်ရန် ကြိုးပမ်းအားထုတ်ရမည်ဖြစ်သည်။

## မဟာကြိယာစိတ် (၈) ပါး သဘောအဓိပ္ပာယ်နှင့် ရှင်းလင်းချက်

ကြိယာစိတ်ဆိုသည်မှာ အကျိုးမဖြစ်ထွန်းသော ပြုကာမတ္တစိတ်ဖြစ်သည်။ ပြုထိုက်၍ ပြုခြင်းမျှသာဖြစ်သည်။

## ကြိယာစိတ် (၂) မျိုး

၁။ ကိစ္စနှင့် မူလအခြေခံအားနည်း၍ ဖြစ်ရသော ကြိယာစိတ်မျိုး

**အာဝဇ္ဇန်းဒွေး (၂) ပါး**

(က) ပဉ္စဒွါရာဝဇ္ဇန်းစိတ် (၁) ပါး

(ခ) မနောဒွါရာဝဇ္ဇန်းစိတ် (၁) ပါး

www.burmeseclassic.com

www.burmeseclassic.com



၂။ အနုသယရေသောက်မြစ်ကင်းပြတ်၍ ဖြစ်ရသော ကြိယာစိတ်မျိုး

**အာဝဇ္ဇန်းခွေးကြဥ်သော ကြိယာစိတ် (၁၈) ပါး**

(က) ဟသိတုပ္ပါဒ်စိတ် ၁ ပါး

(ခ) မဟာကြိယာစိတ် ၈ ပါး

(ဃ) မဟဂ္ဂုတ်ကြိယာစိတ် ၉ ပါး

**ပေါင်း ၁၈ ပါး**

**မဟာကြိယာစိတ် (၈) ပါး**

မဟာကြိယာစိတ်သည် ဘုရား, ရဟန္တာ အရှင်သူမြတ်တို့ သန္တာန်၌ ဖြစ်ပေါ်သော စိတ်များ ဖြစ်သည်။

အကုသိုလ်ကံသည် ဒုဂ္ဂတိ သံသရာကို လည်စေပြီး လောကီကုသိုလ်ကံသည် သုဂတိ သံသရာကို လည်စေသည်။ ထို့ကြောင့် (ကုသလံ ဇဟံ) ကုသိုလ်ကိုလည်း ပယ်စွန့်ရ၏။ (အကုသလံ ဇဟံ) အကုသိုလ်ကိုလည်းပယ်စွန့်ရ၏။ အကုသိုလ်,ကုသိုလ် (၂) ပါးစုံကို ပယ်သတ်နိုင်မှ ကာမ, ရူပ, အရူပ ဟူသော ဘဝသုံးပါးမှ လွတ်မြောက်နိုင်မည်ဖြစ်သည်။

မြတ်စွာဘုရားနှင့် ရဟန္တာအရှင်မြတ်တို့သည် လောကီကုသိုလ်ကံ, အကုသိုလ်ကံ (၂)ပါးစုံကို အရဟတ္တမဂ်ဉာဏ်ဖြင့် အကြွင်းမဲ့ ပယ်သတ်တော်မူပြီးဖြစ်သည့်အတွက် သံသရာစက်ယန္တယား ရပ်သွား၏။ (၃၁) ဘုံမှ လွတ်မြောက်သွား၏။ ကံအဖြစ်ကို ဉာဏ်ဓားသံလျက်ဖြင့် ဖြတ်ပြီး၍ ဘဝသစ်များလည်း မဖြစ်တော့ပေ။

ထို့ကြောင့် လောကုတ္တရာစိတ် တည်းဟူသော မဂ်, ဖိုလ်စိတ်များရရှိပြီးမှသာလျှင် "မဟာကြိယာစိတ်" ဖြစ်နိုင်ပေသည်။

ဘုရားရဟန္တာ ပုဂ္ဂိုလ်တို့သည် အကုသိုလ်ကို လုံးဝ မပြုတော့၊ တရားဟောခြင်း၊ မေတ္တာပွားခြင်းစသည့် ကုသိုလ်ကောင်းမှုကို ပြုတော်မူကြ၏။ သို့ရာတွင်ထိုပုဂ္ဂိုလ်တို့သန္တာန်ဝယ် ကုသိုလ်ပြုသော စိတ်သည် အကျိုးပေးစရာမရှိတော့သဖြင့် "ကုသိုလ်စိတ်" ဟူ၍ မခေါ်ဆိုတော့ဘဲ အကြောင်းအကျိုးလွတ်သော (ဝါ) ဥဿာဟသတ္တိချန်၍ မထားသော ကုသိုလ်မျိုးဖြစ်၍ "ကြိယာစိတ်" ဟူ၍ ခေါ်ဆိုပါသည်။

မဟာကြိယာစိတ်သည် ပုထုဇဉ်, သောတာပန်, သကဒါဂါမ်နှင့် အနာဂါမ်ပုဂ္ဂိုလ်များတွင် မဖြစ်နိုင် ဘုရား, ရဟန္တာများ၌သာဖြစ်နိုင်သောစိတ်များဖြစ်သည်။

**၂။ ရူပါဝစရစိတ် - ၁၅ ပါး**

Rupavacara Cittas- 15, Form- sphere consciousness.

(ရူပါဝစရ= ရူပ=ရူပဗြဟ္မာဘုံတို့၌ + အဝစရ= သက်ဝင်၍ဖြစ်သောစိတ်)

**ရူပါဝစရစိတ်ဆိုသည်မှာ အသညသတ်ကြဉ်သော ရူပ- ၁၅ဘုံ၌များသောအားဖြင့် ဖြစ်တတ်သော စိတ်များဖြစ်သည်။**

ဈာန်အင်္ဂါ၏ အစွမ်းအားဖြင့် ကွဲပြားသောစိတ်များဖြစ်သောကြောင့် "ဈာနဘောဒိစိတ်" ဟူ၍လည်းခေါ်ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



သမထ ကမ္မဋ္ဌာန်းဘာဝနာ ပွားများကျင့်ကြံအားထုတ်လျှင် ဈာန်စိတ်များရနိုင်သောကြောင့် လူ့ဘုံ၌လည်း ဖြစ်နိုင်သည်။

**ရူပါဝစရစိတ် (၁၅) ပါးကို (၃) မျိုးခွဲခြားနိုင်သည်။**

**(က) ရူပါဝစရကုသိုလ်စိတ် (၅) ပါး**
**Rupa- Jhana (Form - Sphere) Moral consciousness- 5.**

**(ခ) ရူပါဝစရ ဝိပါက်စိတ် (၅) ပါး**
**Rupa- Jhana (Form- Spere) Resultant Consciousness -5.**

**(ဂ) ရူပါဝစရ ကြိယာစိတ် (၅) ပါး**
**Rupa - Jhana (Form - Sphere) Functional Consciousness -5.**

**ရူပါဝစရစိတ် – ၁၅ ပါးကို သင်္ကေတဖြင့် ပြပုံ**

| ရူပကုသိုလ်စိတ်– ၅ ပါး | | ရူပဝိပါက်စိတ် ၅ ပါး | ရူပကြိယာစိတ် ၅ ပါး |
|---|---|---|---|
| ပ | + | + | + |
| ဒု | + | + | + |
| တ | + | + | + |
| စ | + | + | + |
| ပဥ္စ | − | − | − |

ရူပါဝစရစိတ် (၁၅) ပါးတို့တွင် ပ, ဒု, တ, စ, ဈာန်စိတ်များ၌ သောမနဿ ဝေဒနာ (+) တို့ဖြင့် ယှဉ်သည်ကိုတွေ့ရပါမည်။ ဆိုရိုးတွင် "သောမနဿ သဟဂုတ်" ဟူ၍ ဆိုရမည်မဟုတ်ပါ။ ဈာန်အင်္ဂါ (၅) ပါးတို့ဖြင့် ဆိုရာတွင် "ပီတိ၊ သုခ" ဈာန်အင်္ဂါ (၂) ပါးပါသော ပထမဈာန်မှ စတုတ္ထဈာန်ထိ ရူပဈာန်စိတ် (၁၂) ပါးတို့သည် "သောမနဿ" ဝေဒနာနှင့် ယှဉ်သည်ဟု မှတ်သားရန်ဖြစ်ပါသည်။

**မှတ်ချက်။** ။ သရုပ်ခွဲ ရာတွင် သောမနဿ သဟဂုတ်နှင့် သုခသဟဂုတ်ကို အတူတူဟု မှတ်ယူရမည်။ သုခသဟဂုတ်စိတ် ပေါင်း (၁၂) ပါးရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



## ရူပါဝစရစိတ် ၁၅ ပါး ဆိုရိုး

| | | | | | | |
|---|---|---|---|---|---|---|
| ရူပကုသိုလ်စိတ် (၅) ပါး | ပ | + | ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၅ ပါးနှင့်တကွဖြစ်သော | ပထမဈာန် | ကုသိုလ်စိတ် ၁ ပါး |
| | ဒု | + | – ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၄ ပါးနှင့်တကွဖြစ်သော | ဒုတိယဈာန် | ကုသိုလ်စိတ် ၁ ပါး |
| | တ | + | – – ပီတိ၊ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၃ ပါးနှင့်တကွဖြစ်သော | တတိယဈာန် | ကုသိုလ်စိတ် ၁ ပါး |
| | စ | + | – – – သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော | စတုတ္ထဈာန် | ကုသိုလ်စိတ် ၁ ပါး |
| | ပဉ္စ | − | – – – ဥပေက္ခာ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော | ပဉ္စမဈာန် | ကုသိုလ်စိတ် ၁ ပါး |
| ရူပဝိပါက်စိတ် (၅) ပါး | ပ | + | ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၅ ပါးနှင့်တကွဖြစ်သော | ပထမဈာန် | ဝိပါက်စိတ် ၁ ပါး |
| | ဒု | + | – ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၄ ပါးနှင့်တကွဖြစ်သော | ဒုတိယဈာန် | ဝိပါက်စိတ် ၁ ပါး |
| | တ | + | – – ပီတိ၊ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၃ ပါးနှင့်တကွဖြစ်သော | တတိယဈာန် | ဝိပါက်စိတ် ၁ ပါး |
| | စ | + | – – – သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော | စတုတ္ထဈာန် | ဝိပါက်စိတ် ၁ ပါး |
| | ပဉ္စ | − | – – – ဥပေက္ခာ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော | ပဉ္စမဈာန် | ဝိပါက်စိတ် ၁ ပါး |
| ရူပကြိယာစိတ် (၅) ပါး | ပ | + | ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၅ ပါးနှင့်တကွဖြစ်သော | ပထမဈာန် | ကြိယာစိတ် ၁ ပါး |
| | ဒု | + | – ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၄ ပါးနှင့်တကွဖြစ်သော | ဒုတိယဈာန် | ကြိယာစိတ် ၁ ပါး |
| | တ | + | – – ပီတိ၊ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၃ ပါးနှင့်တကွဖြစ်သော | တတိယဈာန် | ကြိယာစိတ် ၁ ပါး |
| | စ | + | – – – သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော | စတုတ္ထဈာန် | ကြိယာစိတ် ၁ ပါး |
| | ပဉ္စ | − | – – – ဥပေက္ခာ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော | ပဉ္စမဈာန် | ကြိယာစိတ် ၁ ပါး |

**Meanings of Form- Sphere Moral Consciousness- 5.**

1. First Jhana moral consciousness together with initial application, sustained application, joy, happiness and one-pointedness.
2. Second Jhana moral consciousness together with sustained application, joy, happiness and one-pointedness.
3. Third Jhana moral consciousness together with joy, happiness and one-pointedness.

www.burmeseclassic.com

www.burmeseclassic.com



4. Fourth Jhana moral consciousness together with happiness and one-pointedness.
5. Fifth Jhana moral consciousness together with equanimity and one-pointedness.

**Meanings of the Five types of Form-Sphere Resultant consciousness- 5.**

1. First Jhana Resultant consciousness together with initial application, sustained application, joy, happiness and one-pointedness.
2. Second Jhana Resultant consciousness together with sustained application, joy, happiness and one-pointedness.
3. Third Jhana Resultant consciousness together with joy, happiness and one-pointedness.
4. Fourth Jhana Resultant consciousness together with happiness and one-pointedness.
5. Fifth Jhana Resultant consciousness together with equanimity and one-pointedness.

**Meanings of the Five types of Form-Sphere Resultant consciousness- 5.**

1. First Jhana Functional consciousness together with initial application, sustained application, joy, happiness and one-pointedness.
2. Second Jhana Functional consciousness together with sustained application, joy, happiness and one-pointedness.
3. Third Jhana Functional consciousness together with joy, happiness and one-pointedness.
4. Fourth Jhana Functional consciousness together with happiness and one-pointedness.
5. Fifth Jhana Functional consciousness together with equanimity and one-pointedness.

**ရူပါဝစရစိတ် (၁၅) ပါးတို့၏ သဘောအဓိပ္ပာယ်နှင့် ရှင်းလင်းချက်**

**(က) ရူပါဝစရ ကုသိုလ်စိတ် (၅) ပါး**

ရူပကုသိုလ်စိတ်ဆိုသည်မှာ ရူပဈာန်ရရှိသော ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်တို့ပြုသော ရူပဈာန် ကုသိုလ်စိတ်များဖြစ်သည်။

ဈာန်ရရှိရန် ကမ္မဋ္ဌာန်းဘာဝနာပွားများအားထုတ်ခြင်းသည် ကုသိုလ်ကောင်းမှု ပြုလုပ်ခြင်းပင်ဖြစ်သောကြောင့် ရူပကုသိုလ်ဈာန် စိတ်များဖြစ်ပေါ်ရရှိခြင်းသည် ရူပကုသိုလ်စိတ်များဖြစ်နေခြင်းပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



## ဈာန် (Jhana)

၁။ "ကသိဏာဒိအာရမ္မဏံ ဈာယတိ ဥပနိဇ္ဈာယတီတိဈာနံ၊"

ကသိဏာဒိအာရမ္မဏံ- ကသိုဏ်း အစရှိသော အာရုံကို၊ ဈာယတိ ဥပနိဇ္ဈာယတိ- စိုက်စိုက် စူးစူး အထူးမြဲမြဲ ရှုအားသန်စွာ ရှုတတ်၏။ ဣတိထို့ကြောင့် ဈာနံ- ဈာန်မည်၏။

**"စိုက်စိုက်စူးစူး, အထူးမြဲမြဲ, ရှုအားသန်, ဈာန်ဟုခေါ်သတတ်"** ဟု လယ်တီဆရာတော် ဘုရားကြီး ဖွင့်ဆိုသည့်အတိုင်း ဈာန်ရအောင် သမထ ဘာဝနာကို အားထုတ်သော ယောဂီ ပုဂ္ဂိုလ် သည် သမထ ကမ္မဋ္ဌာန်းအာရုံတစ်ပါးပါးပေါ်၌ စေ့သားကိုက်၍ ခြိုက်ခြိုက်မြိုက်မြိုက် သက်ဝင်တန့် နားနေသောစိတ်ကို ဈာန်စိတ်ဟုခေါ်ဆိုသည်။

သမထ ကမ္မဋ္ဌာန်းအာရုံနှင့် ယောဂီပုဂ္ဂိုလ်၏ စိတ်သည် ကပ်၍ကွာမသွားရန် မြဲမြဲစွာ စိုက်စိုက်စူးစူး အထူးအားသန်လျက် ရှုကြည့်နေသည့် သဘောပင်ဖြစ်သည်။

၂။ ပစ္စနီကဓမ္မေ ဈာယတီတိ ဈာနံ။

ပစ္စနီကဓမ္မေ = ဆန့်ကျင်ဘက် နီဝရဏ (အကုသိုလ်) တရားတို့ကို၊ ဈာယတိ = လောင်မြိုက် တတ်၏။ ဣတိ- ထို့ကြောင့်၊ ဈာနံ- ဈာန်မည်၏။

**ဆန့်ကျင်ဖက် နီဝရဏ (အကုသိုလ်) တရားတို့ကို ရှို့မြိုက်လောင်ကျွမ်းစေတတ်သောကြောင့်လည်း ဈာန်ဟုခေါ်ဆိုသည်။** သမထကမ္မဋ္ဌာန်းစီးဖြန်းသောယောဂီပုဂ္ဂိုလ်သည် ရူပကုသိုလ်ဈာန် (၅) ပါး တို့ကို အဆင့်ဆင့် ရရှိနိုင်သည်။

ဝင်ရိုး, လုည်းဘီး, ထမ်းပိုး စသည့် တစ်ခုချင်း ပစ္စည်းများကို လှည်း၏ အင်္ဂါအစိတ်အပိုင်းဟု ခေါ်ဆိုပြီး ထိုလှည်း၏ အင်္ဂါများ အစုအပေါင်းကို "လှည်း" ဟုခေါ်ဆို၏။ လက်, ခြေ, နား, ဦးခေါင်းစသော ကိုယ်၏ အစိတ်အပိုင်းကို "ကိုယ်အင်္ဂါ" ဟုခေါ်ဆိုပြီး ထိုအင်္ဂါအပေါင်းအစုတို့ကို "ကိုယ်" ဟုခေါ်ဆိုသည်။ ထိုနည်းအတူ **"ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ"** ဟူသော စေတသိက်တစ်ပါးချင်းစီကို "ဈာန်အင်္ဂါ" ဟုခေါ်ဆိုသည်။

### ဈာန်အင်္ဂါ (၅) ပါး
### The Five factors of Jhana

#### ၁။ ဝိတက် (The initial application)

**ရှုကြည့်စိတ်ကို အာရုံသို့တင်ပေးခြင်းသဘော**

(The initial application directs the mind towards the object)

လောဘ, ဒေါသ, မောဟတို့နှင့် စပ်ဆိုင်သော အကုသိုလ်အာရုံများကို မကြံစည် မတွေးတောနိုင်ရန် ကမ္မဋ္ဌာန်းအာရုံပေါ်သို့စိတ်ရောက်ရန် တင်ပေးနေသော သဘောသည် "ဝိတက်" ဖြစ်သည်။

#### ၂။ ဝိစာရ (Sustained application)

**ရှုကြည့်စိတ်သည် အာရုံကို သုံးသပ်နေခြင်းသဘော**

(The sustained application examines the object again and again)

ဝိတက်တင်ပေးသော ကမ္မဋ္ဌာန်းအာရုံကို အဖန်ဖန်အထပ်ထပ် သုံးသပ်နေသော သဘောသည် "ဝိစာရ"ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



### ၃။ ပီတိ (Joy or pleasurable interest)

ကမ္မဋ္ဌာန်းအာရုံကို အဖန်ဖန် အထပ်ထပ်သုံးသပ်နေလျှင် အကုသိုလ်စိတ်ကြားမဝင်တော့သဖြင့် ကမ္မဋ္ဌာန်းအာရုံအပေါ်၌ ကျေနပ်နှစ်သက်နေသော သဘောသည် "ပီတိ" ဖြစ်၏။

### ၄။ သုခ (Bliss or happiness)

**ကိုယ်စိတ်ချမ်းသာနေခြင်းသဘော**

ကမ္မဋ္ဌာန်းအာရုံပေါ်၌ နှစ်သက်သော ပီတိစိတ်ဖြစ်နေလျှင် အကုသိုလ်စိတ်များ ကင်းဝေးနေသောကြောင့် ကာယသုခ ကိုယ်ချမ်းသာဖြစ်ပြီး ကမ္မဋ္ဌာန်းအာရုံဖြင့် ချမ်းသာမွေ့လျော်နေခြင်းသဘောသည် "သုခ" ဖြစ်သည်။

### ၅။ ဧကဂ္ဂတာ (One-pointedness or concentration)

**ရှုကြည့်စိတ်သည် ကမ္မဋ္ဌာန်း အာရုံပေါ်၌ စူးစူးစိုက်စိုက် စွဲစွဲမြဲမြဲတည်တန့်နေခြင်းသဘော။**

ကမ္မဋ္ဌာန်းအာရုံကို ကျေနပ်နှစ်သက်လျက် ကိုယ်စိတ်နှစ်ပါး ချမ်းသာပြီး ကမ္မဋ္ဌာန်းအာရုံပေါ်၌ အချိန်ကြာကြာ ရှုမှတ်စိတ် တည်တံ့စွဲမြဲနေခြင်းသည် ဧကဂ္ဂတာ (သမာဓိ) ဖြစ်သည်။

**ဥပေက္ခာကို ဈာန်အင်္ဂါတစ်ခုအဖြစ် မရေတွက်ပုံ**

ဥပေက္ခာ သန္တဝုတ္တိတ္တာ၊
သုခ မိစ္စေဝ ဘာသိတာ။

ဥပေက္ခာ–ဥပေက္ခာကို၊ သန္တဝုတ္တိတ္တာ–ငြိမ်သက်သောဖြစ်ခြင်းရှိသောကြောင့်၊ သုခမိစ္စေဝ–သုခဟူ၍သာ၊ ဘာသိတာ–ဆိုအပ်၏။

ဥပေက္ခာသည် ငြိမ်သက်ခြင်း သဘောရှိသော သုခနှင့် သဘောချင်းတူသောကြောင့် ဈာန်အင်္ဂါ တစ်ခုအနေဖြင့် မရေတွက်ရခြင်းဖြစ်သည်။

### ဈာန်နှင့် ဈာန်စိတ်

ဝိတက်ကို ခေါင်းဆောင်တင်၍ ဈာန်အင်္ဂါ (၅) ပါးကို အဖန်တလဲလဲ ရှုပွားသော ရှုကြည့်စိတ်သည် ကမ္မဋ္ဌာန်းအာရုံ ပေါ်၌ ယောဂီ၏စိတ်ကြိုက်အချိန်ကြာမြင့်စွာ တည်တံ့နေခြင်းသဘောကိုပင် "ဈာန်ရသည်" ဟုခေါ်ဆိုသည်။ ထို့ကြောင့် **ဝိတက်, ဝိစာရ စသော ဈာန်အင်္ဂါတို့၏ အပေါင်းကို "ဈာန်"** ဟုခေါ်ဆိုသည်။

၁။ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ (၅) ပါး အပေါင်းအစုကို ပဌမဈာန်။

၂။ ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ (၄) ပါး အပေါင်းအစုကို ဒုတိယဈာန်။

၃။ ပီတိ, သုခ, ဧကဂ္ဂတာဈာန်အင်္ဂါ (၃) ပါး အပေါင်းအစုကို တတိယဈာန်။

၄။ သုခ, ဧကဂ္ဂတာဈာန် အင်္ဂါ (၂) ပါးအပေါင်းအစုကို စတုတ္ထဈာန်။

၅။ ဥပေက္ခာ, ဧကဂ္ဂတာဈာန်အင်္ဂါ (၂) ပါး အပေါင်းအစုကို ပဉ္စမဈာန်– ဟုခေါ်ဆိုသည်။

**အဆိုပါ ပဌမဈာန်နှင့် ယှဉ်သောစိတ်ကို ပဌမဈာန်၊ ဒုတိယဈာန်နှင့် ယှဉ်သော စိတ်ကို ဒုတိယဈာန်စသဖြင့် ခေါ်ဆိုသည်။**

* **စူးစိုက်သမှု၊ အာရုံပြုတောင်း၊ တရားအပေါင်းကို ဈာန်ခေါ်ဆိုဘိ။**

www.burmeseclassic.com

www.burmeseclassic.com



## ပထမဈာန် (First Jhana)

ယောဂီပုဂ္ဂိုလ်၏ ရှုမှတ်စိတ်သည် ပထဝီကသိုဏ်း စသည့် ပဋိဘာဂနိမိတ် အာရုံပေါ်၌ တည်ကြည်စူးစိုက် ခိုင်မြဲကပ်နေသည့် ဧကဂ္ဂတာသမာဓိနှင့်ယှဉ်ရသဖြင့် အလွန်ကြည်လင် တောက်ပ သန့်ရှင်းသည်။ ထိုအခါ သမာဓိအားကောင်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်သည် အားကောင်းသော ပရိကံဇော၊ ဥပစာဇော၊ အနုလုံဇောတို့ဖြင့် ကာမအနွယ်ကို ဖြတ်တောက်လျက် မဟဂ္ဂုတ် အနွယ်ကိုရောက်စေတတ်သော "ဂေါတြဘု" စိတ်ဖြစ်ပြီးလျှင် "ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ" ဟူသော ဈာန်အင်္ဂါ (၅) ပါးနှင့်တကွ "ရူပါဝစရ ကုသိုလ် ပထမဈာန်" ဖြစ်ပေါ်သည်။

ထို့ကြောင့် "ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ, ဈာန်အင်္ဂါ (၅) ပါးနှင့်တကွ ဖြစ်သော ပထမဈာန် ကုသိုလ်စိတ်" ဟုခေါ်ဆိုသည်။

## ဒုတိယဈာန် (Second Jhana)

ပထမဈာန်ကိုရရှိပြီးသော ဈာနလာဘီယောဂီသည် ပထမဈာန်ကိုနိုင်နင်းကျွမ်းကျင်ရန် (အာဝဇ္ဇနဝသီဘော်, သမာပဇ္ဇန ဝသီဘော်, အဓိဋ္ဌာန ဝသီဘော်, ဝုဋ္ဌာနဝသီဘော်, ပစ္စဝေက္ခဏာ ဝသီဘော် (၅) တန်, နှင့် ဈာန်အင်္ဂါတို့ကို အထပ်ထပ် ဆင်ခြင် ရသည့်အတွက် ဈာန်အင်္ဂါတစ်ပါးချင်းစီ၏ အကျိုးအပြစ်ကို စနစ်တကျ သိရှိသည်။

ထိုအခါ "ဝိတက်" သည် အာရုံအမျိုးမျိုးကို ကြံစည်စိတ်ကူးတတ်သဖြင့် "လောကီအာရုံ ကာမဂုဏ်" ကို ကြံစည် စိတ်ကူးမိလျှင် ကာမစ္ဆန္ဒ နီဝရဏ ဘေးရန်နှင့် ကေန်တွေ့မည်ဟု ဝိတက်ကို အပြစ်မြင်ပြီး ဆက်လက်အားထုတ်ရသည်။

ဝိတက်အပေါ် နိကန္တိ (နှစ်သက်စွဲလမ်းခြင်း) ကင်း၍ ဝိတက်ဈာန်အင်္ဂါ မပါသော "ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ (၄) ပါးနှင့်တကွ" ရူပါဝစရ ကုသိုလ် ဒုတိယဈာန်ဖြစ်ပေါ်သည်။

ထို့ကြောင့် "ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ (၄) ပါးနှင့်တကွ ဖြစ်သော ဒုတိယဈာန် ကုသိုလ်စိတ်"ဟုခေါ်ဆိုသည်။

## တတိယဈာန် (Third Jhana)

ဒုတိယဈာန်ကိုရပြီး ကျွမ်းကျင်နိုင်နင်းသော ဈာနလာဘီ ပုဂ္ဂိုလ်သည် "ဝိစာရ" သည် ဝိတက်နှင့် တွဲဘက်ဖြစ်၏။ ပထမဈာန်သို့ ပြန်လည် လျောကျနိုင်သည်။ ဝိစာရသည် ရန့်ရင်း ကြမ်းတမ်းသော သဘောရှိသည်ဟု "ဝိစာရ" ကို အပြစ်မြင် လျက် "ဝိစာရ" မပါသော တတိယ ဈာန်ကို ရရှိရန် အားထုတ်ရသည်။

ဝိစာရကို နိကန္တိကင်းကွာ၍ ဝိစာရဈာန်အင်္ဂါ မပါသော "ပီတိ, သုခ, ဧကဂ္ဂတာ" ဈာန် အင်္ဂါ (၃) ပါးနှင့်တကွ ရူပါဝစရ ကုသိုလ် တတိယဈာန်စိတ်ဖြစ်ပေါ်သည်။

ထို့ကြောင့် "ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃ ပါးနှင့်တကွ ဖြစ်သော တတိယဈာန် ကုသိုလ်စိတ်"ဟုခေါ်ဆို သည်။

## စတုတ္ထဈာန် (Fourth Jhana)

စတုတ္ထဈာန်ကို ဆက်လက်အားထုတ်သော ယောဂီပုဂ္ဂိုလ်သည် "ပီတိ" သည် နှစ်သက်ခြင်း သဘောရှိ၍ စိတ် မငြိမ်မသက်ဖြစ်နိုင်သည်။ "ပီတိ" မပါမှသာလျှင် စိတ်တည်ငြိမ်မည်ဟု "ပီတိ"

www.burmeseclassic.com

www.burmeseclassic.com



ကို အပြစ်မြင်လျက် ပီတိမပါသော စတုတ္ထဈာန်ကို ရရှိရန် အားထုတ်ရသည်။

ပီတိအပေါ် နိကန္တိ ကင်းကွာသောအခါ ပီတိမပါသော "သုခ, ဧကဂ္ဂတာ"ဈာန်အင်္ဂါ (၂) ပါးနှင့်တကွ ရူပါဝစရ ကုသိုလ် စတုတ္ထဈာန်စိတ်ဖြစ်ပေါ်သည်။

ထို့ကြောင့် "သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ (၂) ပါးနှင့်တကွဖြစ်သော စတုတ္ထဈာန် ကုသိုလ်စိတ်"ဟုခေါ်ဆိုသည်။

## ပဥ္စမဈာန် (Fifth Jhana)

ပဥ္စမဈာန်ကို ဆက်လက်ရရှိရန် ကြိုးပမ်းသော ယောဂီ ပုဂ္ဂိုလ်သည် "သုခ, နှင့် ပီတိ" သည် သဘောတူ၍ "သုခ" ပါနေလျှင် တတိယဈာန်, စတုတ္ထဈာန်သို့ လျောကျနိုင်သည်ဟု "သုခ" ကို အပြစ်မြင်လျက် "သုခ" မပါသော "ပဥ္စမဈာန်" ကိုရရှိရန် အားထုတ်ရသည်။

သုခအပေါ် နိကန္တိကင်းသောအခါ "သုခ"အစား "ဥပေက္ခာ၊ ဧကဂ္ဂတာ" ဈာန်အင်္ဂါ (၂) ပါးနှင့်တကွဖြစ်သော ရူပါဝစရကုသိုလ်ပဥ္စမဈာန်စိတ်ဖြစ်ပေါ်သည်။

ထို့ကြောင့် "ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ (၂) ပါးနှင့် တကွ ဖြစ်သော ပဥ္စမဈာန် ကုသိုလ်စိတ်"ဟုခေါ်ဆိုသည်။

## ဈာန်ဝင်စားခြင်း

အခြား ကြားစိတ်များလုံးဝဝင်မလာတော့ဘဲ ကမ္မဋ္ဌာန်း အာရုံပေါ်၌ ရှုမှတ်စိတ်ကို စိတ်ကြိုက် အချိန်ကြာကြာထားနိုင်ပြီး ဈာန်စိတ်များ ဆက်တိုက်ဖြစ်နေခြင်းကို ဈာန်ဝင်စားသည်ဟု ခေါ်ဆိုသည်။

ဈာန်ရရှိသော ဈာနလာဘီ ပုဂ္ဂိုလ်သည် ဈာန်ဝင်စားနေခိုက် ရူပါဝစရဈာန်စိတ်များဖြစ်နေ၏။ ဈာန်မဝင်စားသောအခါ မဟာကုသိုလ်စိတ်များအဖြစ်များနေတတ်သည်။

ဈာနလာဘီ ပုဂ္ဂိုလ်များသည် အကုသိုလ် တရားများကို ဝိက္ခမ္ဘနပဟာန်ဖြင့် အချိန်ကြာကြာ ပယ်ခွာထားနိုင်ကြသည်။ သမထကမ္မဋ္ဌာန်းအာရုံတစ်ခုပေါ်၌ ရှုကြည့်နေသော စိတ်သည် စွဲစွဲမြဲမြဲ ကပ်နေသောအခါ ကာမဂုဏ်အာရုံတို့ကို လိုချင်သော "လောဘ"၊ မကျေမနပ်သော "ဒေါသ"ငေးမော တွေဝေတတ်သည့် "မောဟ" စသည့် အကုသိုလ် နီဝရဏ တရားများ ကင်းကွာနေသည်။ နီဝရဏ တရား (၅) ပါးတို့သည် ဈာန်အစရှိသော ကုသိုလ်တရားများကို တားမြစ်ပိတ်ပင်တတ်သော တရားဖြစ်သည်။

### ဈာနင် အသီးသီးတို့က ပယ်သော နီဝရဏများ

| စဉ် | နီဝရဏ– ၅ ပါး | တရားကိုယ် | ဈာန်အင်္ဂါ ၅ ပါးက | ပယ်သော နီဝရဏ များ |
|---|---|---|---|---|
| ၁။ | ကာမစ္ဆန္ဒနီဝရဏ | လောဘ | ၁။ ဝိတက် | ထိန, မိဒ္ဓကို ပယ်သည်။ |
| ၂။ | ဗျာပါဒနီဝရဏ | ဒေါသ | ၂။ ဝိစာရ | ဝိစိကိစ္ဆာကို ပယ်သည်။ |
| ၃။ | ထိန၊ မိဒ္ဓနီဝရဏ | ထိန၊ မိဒ္ဓ | ၃။ ပီတိ | ဗျာပါဒကို ပယ်သည်။ |
| ၄။ | ဥဒ္ဓစ္စ, ကုက္ကုစ္စနီဝရဏ | ဥဒ္ဓစ္စ၊ | ၄။ သုခ | ဥဒ္ဓစ္စ, ကုက္ကုစ္စကို ပယ်သည်။ |
| | | ကုက္ကုစ္စ | ၅။ ဥပေက္ခာ | ဥဒ္ဓစ္စ, ကုက္ကုစ္စကို ပယ်သည်။ |
| ၅။ | ဝိစိကိစ္ဆာနီဝရဏ | ဝိစိကိစ္ဆာ | ၆။ ဧကဂ္ဂတာ | ကာမစ္ဆန္ဒကို ပယ်သည်။ |

www.burmeseclassic.com

www.burmeseclassic.com



ဝိတက္ကော ထိနမိဒ္ဓသာ၊
ဝိစိကိစ္ဆာယ ဝိစာရော။
ပီတိစာပိ ဗျာပါဒဿ။
သုခံ ဥဒ္ဓစ္စ ကုက္ကုစ္စံ။
သမာဓိ ကာမစ္ဆန္ဒဿ။
ပဋိပက္ခာတိ ပေဋကေ။

ကမ္မဋ္ဌာန်းအာရုံပေါ်၌ စူးစိုက်နေသော ဧကဂ္ဂတာသည် သက်ဆိုင်ရာ နီဝရဏ တရားများကို ကမ္မဋ္ဌာန်းဖိုခွင်တွင် မီးတင် ၍ ရှို့မြှိုက်လိုက်သကဲ့သို့ ဆန့်ကျင်ဘက် အကုသိုလ် နီဝရဏတရားများကို ရှို့မြှိုက်လောင်ကျွမ်းစေတတ်သောကြောင့်လည်း (ဈာန= ဈာန်) ဟူ၍ ခေါ်ဆိုသည်။

ထို့ကြောင့် "ကသိုဏ်းစသော အာရုံကို စိုက်စိုက်စူးစူး ကပ်၍ ရှုတတ်သောကြောင့်လည်းကောင်း" ဆန့်ကျင်ဘက် နီဝရဏတရားများကို ရှို့မြှိုက်လောင်ကျွမ်းပယ်ခွာတတ်သောကြောင့်လည်းကောင်း **ဈာန်**ဟုခေါ်ဆိုသည်။

### (ခ) ရူပါဝစရ ဝိပါက်စိတ် ၅ ပါး

ထိုစိတ်များသည် ရူပါဝစရ ကုသိုလ်ဈာန်စိတ်များကြောင့်ဖြစ်ပေါ်လာသော အကျိုးစိတ်များ ဖြစ်ကြသည်။ မှန်၌ ထင်လာသော ပုံရိပ်သည် မှန်ကြည့်သူနှင့် တစ်ထပ်တည်း တူညီသကဲ့သို့ အာနုဘော်ကြီးမားသော ရူပကုသိုလ်အကြောင်း စိတ်နှင့် ရူပဝိပါက် အကျိုးစိတ်တို့သည် တစ်ထပ်တည်းတူညီကြသည်။

ရူပကုသိုလ်စိတ်၏ အကျိုးဝိပါက်သည် ကေန္တ အလွန်တိကျ မှန်ကန်သည်။ ထိုဝိပါက်စိတ် (၅) ပါးတို့၏ အကျိုးပေး ဖြစ်ရာ ဌာနကား (အသညသတ်ကြဉ်) ရူပဗြဟ္မာ (၁၅) ဘုံ၌ ဥပပါတ် ပဋိသန္ဓေ အကျိုးကို ပေးသဖြင့် ပဋိသန္ဓေ, ဘဝင်, စုတိ စိတ်အဖြစ်ဖြင့်ဖြစ်သည်။ ဈာန်ချမ်းသာကို ကမ္ဘာနှင့်ချီ၍ ကြာရှည်လေးမြင့်စွာ ခံစားရသည်။ **လူ့ပြည်, နတ်ပြည် စသော ကာမ (၁၁) ဘုံ၌ ထိုဝိပါက်စိတ်များ မဖြစ်နိုင်ကြ။**

### အကျိုးပေးရာ ဘုံဌာနနှင့် ဝိပါက်စိတ်ဖြစ်ပုံ

### (၁) ပထမဈာန် ဝိပါက်စိတ်

ပထမဈာန် ဝိပါက်စိတ်သည် ပထမဈာန် (၃) ဘုံ၌ ဖြစ်သော ဗြဟ္မာကြီးများ၏ ပဋိသန္ဓေ နေသော စိတ်အဖြစ် အကျိုးပေး၏။ ပဝတ္တိအခါ ဘဝင်စိတ်၊ စုတိသောအခါ စုတိစိတ်ဖြစ်သည်။

### (၂) ဒုတိယဈာန် ဝိပါက်နှင့် တတိယဈာန်ဝိပါက် စိတ် (၂) ပါး

ထိုဝိပါက်စိတ် (၂) ပါးတို့သည် ဒုတိယဈာန် ၃ ဘုံ၌ ဖြစ်သော ဗြဟ္မာကြီးများ၏ ပဋိသန္ဓေ နေသော စိတ်အဖြစ်အကျိုးပေး၏။ ပဝတ္တိအခါ ဘဝင်စိတ်, စုတိသောအခါ စုတိစိတ်ဖြစ်၏။

### (၃) စတုတ္ထဈာန် ဝိပါက်စိတ် (၂) ပါး

၃။ စတုတ္ထဈာန် ဝိပါက်စိတ်သည် တတိယဈာန် (၃) ဘုံ၌ဖြစ်သော ဗြဟ္မာကြီးများ၏ ပဋိသန္ဓေနေသော စိတ်အဖြစ် အကျိုးပေးသည်။ ပဝတ္တိအခါ ဘဝင်စိတ်, စုတိသောအခါ စုတိစိတ် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



### (၄) ပဉ္စမဈာန်ဝိပါက်စိတ်သည်

ပဉ္စမဈာန် ဝိပါက်စိတ်သည် စတုတ္ထဈာန် ၆ ဘုံ၌ ဖြစ်သော ဗြဟ္မာကြီးများ၏ ဝဋ်သန္ဓေစိတ်, ပဝတ္တိအခါ ဘဝင်စိတ်, စုတိသောအခါ စုတိစိတ်ဖြစ်၏။

### (ဂ) ရူပါဝစရ ကြိယာစိတ် ၅ ပါး

ရူပါဝစရ ကြိယာစိတ်ဆိုသည်မှာ ရူပါဝစရဈာန်ရရှိကြသည့် ဘုရား, ရဟန္တာအရှင်သူမြတ်တို့၏ သန္တာန်၌ဖြစ်သော ဈာန်စိတ်များဖြစ်သည်။

ဘုရား, ရဟန္တာ အရှင်သူမြတ်တို့သည် "သံသရာစက်ရဟတ်အဆက်ပြတ်၍ ဇာတ်စုံရပ်သိမ်း ချုပ်ငြိမ်း" တော်မူကြသောကြောင့် အကျိုးဝိပါက် ဘဝခန္ဓာများ မဖြစ်ကြတော့ပေ။

ရူပါဝစရဈာန်ကို ရရှိကြသည့် ဈာနိက ဘုရားရဟန္တာတို့သည် ဈာန်သမာပတ်ကို ဝင်စားတော်မူကြသောအခါ ထိုသူမြတ်တို့၏ သန္တာန်၌ ဈာန်စိတ်များဖြစ်ပေါ်ပေသည်။ သို့ရာတွင် ထိုဈာန်စိတ်တို့၏ ဝိပါက်အကျိုးသည် ဗြဟ္မာဘုံတို့၌ အကျိုးပေးရန် မရှိတော့သဖြင့် ထိုဈာန်စိတ်တို့သည် ကုသိုလ်ဈာန်ဟု အမည်မရရှိဘဲ ရူပါဝစရ ကြိယာစိတ်ဟူ၍ အမည်ရရှိသည်။

ထို့ကြောင့် ဈာန်မရသော သုက္ခဝိပဿက ရဟန္တာများ၏ သန္တာန်၌ ကြိယာဈာန်စိတ် မဖြစ်ပွားနိုင်။ ဈာနိက ဘုရား, ရဟန္တာတို့ သန္တာန်၌သာ ဖြစ်နိုင်သည်။ ရဟန္တာဗြဟ္မာကြီးတို့၌လည်း ဖြစ်သည်။

## ၃။ အရူပါဝစရစိတ် ၁၂ ပါး

Arupavacara Cittas-15 = Formless- Sphere consciousness.

(အရူပါဝစရစိတ် =အရူပ = အရူပဘုံ၌ ၊ + အဝစရ =သက်ဝင်၍ဖြစ်သော + စိတ္တ= စိတ်။)

**အရူပါဝစရစိတ်ဆိုသည်မှာ ရုပ်မရှိသော အရူပ (၄) ဘုံ၌ များသောအားဖြင့် ဖြစ်တတ်သော စိတ်များဖြစ်သည်။**

ကာမဘုံ, ရူပဘုံတို့၌လည်း ထိုဈာန်ကို ကျင့်ကြံအားထုတ်ပါလျှင် ရနိုင်သောကြောင့် ကာမဘုံ, ရူပဘုံ တို့၌လည်း ဖြစ်သည်။

အရူပါဝစရဈာန်စိတ်တို့သည် အောက်အောက်ဈာန်၏ အာရုံကို လွန်မြောက်၍ အာရုံ၏ အစွမ်းကြောင့် ကွဲပြားသောကြောင့် (အာရမ္မဏာတိက္ကမဈာန် = အာရမ္မဏ= အာရုံကို + အတိက္ကမ= လွန်မြောက်သောဈာန်) ဟုခေါ်ဆိုသည်။ တစ်နည်း အားဖြင့် အာရမ္မဏဘေဒစိတ်ဟုလည်း ခေါ်ဆိုသည်။

အာရုံ (၄) မျိုး ကွဲပြားသောကြောင့် အရူပါဝစရစိတ် (၄) မျိုး ကွဲပြားပြီး ထပ်မံ၍ ကုသိုလ်, ဝိပါက်, ကြိယာဟူ၍ ကွဲပြားသောကြောင့် (၁၂) ပါးရှိသည်။

(က) အရူပါဝစရ ကုသိုလ်စိတ် ၄ ပါး

Arupa Jhana (Formless- sphere) Moral Consciousness.

(ခ) အရူပါဝစရ ဝိပါက်စိတ် ၄ ပါး

**Arupa Jhana (Formless - sphere) Resultant Consciousness.**

www.burmeseclassic.com

www.burmeseclassic.com



(ဂ) အရူပါဝစရ ကြိယာစိတ် ၄ ပါး
Arupa Jhana (Formless- sphere) Functional Consciousness.

**အရူပါဝစရစိတ် (၁၂) ပါးကို သင်္ကေတဖြင့်ပြခြင်း**

| အရူပကုသိုလ်စိတ်- ၄ ပါး | အရူပဝိပါက်စိတ် ၄ ပါး | အရူပကြိယာစိတ် ၄ ပါး |
|---|---|---|
| ပထမာရုပ္ပ- — | — | — |
| ဒုတိယာရုပ္ပ- — | — | — |
| တတိယာရုပ္ပ- — | — | — |
| စတုတ္ထာရုပ္ပ- — | — | — |

အရူပါဝစရ ဈာန်စိတ်များသည်ပဌမဈာန် စိတ်များရရှိပြီးမှသာလျှင် ကျင့်ကြံအားထုတ်၍ ရရှိနိုင်သည်။ ရူပါဝစရ ဈာန်စိတ်သည် ဈာန်အင်္ဂါကွဲပြားသောကြောင့် ဈာန်စိတ်များကွဲပြားသွားခြင်း ဖြစ်သည်။ အရူပဈာန်စိတ်တို့သည် ဈာန်အင်္ဂါအားဖြင့် (ဥပေက္ခာ၊ ဧကဂ္ဂတာ) ဟူ၍ (၂) ပါးသာ ရှိပြီး အောက်အောက်ဈာန်၏ အာရုံကို လွန်မြောက်ပြီး အာရုံကွဲပြားသောကြောင့် ဈာန်စိတ်ကွဲပြား သွားသည်။

ထို့ကြောင့် အရူပါဝစရစိတ် (၁၂) ပါးသည် ဈာန်အင်္ဂါအားဖြင့် ပဌမဈာန်နှင့် တူညီသော ကြောင့် သရုပ်ခွဲလျှင် ပဌမဈာန်၌ ထည့်သွင်းရေတွက်ရသည်။ သင်္ကေတအားဖြင့်လည်း (—) ဥပေက္ခာဖြင့် ပြပြီး ပဌမဈာန်နှင့် တူညီပါသည်။

**မူချပဌမဈာန်နှင့်ဥပစာပဌမဈာန်**

၁။ ရူပပဌမဈာန်သည် မူချ ပဌမဈာန်ဖြစ်သည်။
၂။ အရူပ ပဌမဈာန်သည် သဒိသူပစာ ပဌမဈာန်ဖြစ်သည်။

**တိဟိတ်စိတ်ကို တွက်ယူရာ၌ ဉာဏ်နှင့် အယှဉ်ပြခြင်း**

တိဟိတ်စိတ်ကို တွက်ယူရာ၌ မဟဂ္ဂုတ်စိတ်နှင့် လောကုတ္တရာစိတ်တို့သည် ဉာဏ်နှင့် အယှဉ်ပြသည်။

**သင်္ခါရဘေဒ**

အရှင်အနုရုဒ္ဓါ၏ အလိုအရ မဟဂ္ဂုတ်စိတ်နှင့် လောကုတ္တရာစိတ်တို့ကို အသင်္ခါရိက၊ သသင်္ခါရိကဟုမဆိုသင့်။

www.burmeseclassic.com

www.burmeseclassic.com



## အရူပါဝစရစိတ် ၁၂ ပါး ဆိုရိုး
## "Meanings of Formless-Sphere Consciousness."

| | | | | |
|---|---|---|---|---|
| အရူပါဝစရ ကုသိုလ်စိတ် (၄) ပါး | ပထမ | — | ဥပေက္ခာ, ဧကဂ္ဂတာဈာန်အင်္ဂါ ၂-ပါးနှင့် တကွဖြစ်သော အာကာသာနဉ္စာယတန<br>Moral Jhana consciousness dwellling on the "Infinity of Space." | ကုသိုလ်စိတ် ၁ ပါး |
| | ဒုတိယ | — | ဥပေက္ခာ, ဧကဂ္ဂတာဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော ဝိညာဏဉ္စာယတန<br>Moral Jhana consciousness dwelling on the "Infinity of Consciousness." | ကုသိုလ်စိတ် ၁ ပါး |
| | တတိယ | — | ဥပေက္ခာ, ဧကဂ္ဂတာဈာန်အင်္ဂါ ၂-ပါးနှင့် တကွဖြစ်သော အာကိဉ္စညာယတန<br>Moral Jhana consciousness dwelling on "Nothingness." | ကုသိုလ်စိတ် ၁ ပါး |
| | စတုတ္ထ | — | ဥပေက္ခာ, ဧကဂ္ဂတာဈာန်အင်္ဂါ ၂-ပါးနှင့် တကွဖြစ်သော နေဝသညာနာသညာယတန<br>Moral Jhana consciousness where in "perception neither is nor is not." | ကုသိုလ်စိတ် ၁ ပါး |
| အရူပါဝစရ ဝိပါက်စိတ် (၄) ပါး | ပထမ | — | ဥပေက္ခာ, ဧကဂ္ဂတာဈာန်အင်္ဂါ ၂-ပါးနှင့် တကွဖြစ်သော အာကာသာနဉ္စာယတန<br>Resultant Jhana consciousness dwelling on "Infinity of Space." | ဝိပါက်စိတ် ၁ ပါး |
| | ဒုတိယ | — | ဥပေက္ခာ, ဧကဂ္ဂတာဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော ဝိညာဏဉ္စာယတန<br>Resultant Jhana consciousness dwelling on the"Infinity of Consciousness." | ဝိပါက်စိတ် ၁ ပါး |
| | တတိယ | — | ဥပေက္ခာ, ဧကဂ္ဂတာဈာန်အင်္ဂါ ၂-ပါးနှင့် တကွဖြစ်သော အာကိဉ္စညာယတန<br>Resultant Jhana consciousness dwelling on "Nothingness." | ဝိပါက်စိတ် ၁ ပါး |
| | စတုတ္ထ | — | ဥပေက္ခာ, ဧကဂ္ဂတာဈာန်အင်္ဂါ ၂-ပါးနှင့် တကွဖြစ်သော နေဝသညာနာသညာယတန<br>Resultant Jhana consciousness where in "perception neither is nor is not." | ဝိပါက်စိတ် ၁ ပါး |
| အရူပါဝစရ ကြိယာစိတ် (၄) ပါး | ပထမ | — | ဥပေက္ခာ, ဧကဂ္ဂတာဈာန်အင်္ဂါ ၂-ပါးနှင့် တကွဖြစ်သော အာကာသာနဉ္စာယတန<br>Functional Jhana consciousness dwelling on the "Infinity of Space." | ကြိယာစိတ် ၁ ပါး |
| | ဒုတိယ | — | ဥပေက္ခာ, ဧကဂ္ဂတာဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော ဝိညာဏဉ္စာယတန<br>Functional Jhana consciousness dwelling on the "Infinity of Consciousness." | ကြိယာစိတ် ၁ ပါး |
| | တတိယ | — | ဥပေက္ခာ, ဧကဂ္ဂတာဈာန်အင်္ဂါ ၂-ပါးနှင့် တကွဖြစ်သော အာကိဉ္စညာယတန<br>Functional Jhana consciousness dwelling on "Nothingness." | ကြိယာစိတ် ၁ ပါး |
| | စတုတ္ထ | — | ဥပေက္ခာ, ဧကဂ္ဂတာဈာန်အင်္ဂါ ၂-ပါးနှင့် တကွဖြစ်သော နေဝသညာနာသညာယတန<br>Functional Jhana consciousness where in "perception neither is nor is not." | ကြိယာစိတ် ၁ ပါး |

(Formless- sphere consciousness are associated with equanimity and one- pointedness.)

www.burmeseclassic.com

www.burmeseclassic.com



## အရူပါဝစရ စိတ် (၁၂) ပါးတို့၏ သဘောအဓိပ္ပာယ်နှင့် ရှင်းလင်းချက်။

ရူပါဝစရ ပဋ္ဌမဈာန်ကို ရရှိ၍ ကောင်းစွာနိုင်နင်းအောင်လေ့ကျင့်ပြီးသော ဈာနလာဘီပုဂ္ဂိုလ်သည် ရုပ်ကို စက်ဆုပ်၍ ပညတ်အာရုံ, နာမ်အာရုံတို့ကို အာရုံနိမိတ်ယူပြီး အားထုတ်၍ ရသော ဈာန်ကို "အရူပဈာန်" ဟုခေါ်ဆိုသည်။

အရူပဈာန်များကို သာသနာပ၌ ရုပ်တရားတို့၏ နယ်နိမိတ်မှ လွန်မြောက်ရန် အားထုတ်ကြ၏။ သာသနာတော်အတွင်း၌ကား ရူပဈာန်များထက် သမာဓိအားကောင်းသဖြင့် ပကတိမတုန်မလှုပ် ခိုင်လှသောကြောင့် အဘိညာဉ်, ဝိပဿနာတို့၏ အခြေခံကောင်း အဖြစ်လည်းကောင်း၊ အနာဂါမ်, ရဟန္တာ သူမြတ်တို့သည် နိရောဓသမာပတ်ဝင်စားခြင်းငှါလည်းကောင်း ၊ ပွားများအားထုတ်လေ့ ရှိကြသည်။

## အရူပါဝစရ ကုသိုလ်စိတ် (၄)ပါး
## Arupa-jhana moral consciousness(4)

အရူပဈာန်ရရှိကြသော ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်တို့၏ သန္တာန်၌ အရူပဈာန်များဖြစ်ပေါ်နေစဉ် "အရူပကုသိုလ် ဈာန်စိတ်များဖြစ်ပွားနေသည်" ဟုခေါ်ဆိုသည်။

ရူပဈာန်များကို ဉာဏ်နုံ့သူများအတွက် (၅) ပါးဟု သတ်မှတ်၏။ ဉာဏ်ထက်သူများအတွက် ဒုတိယဈာန်နှင့် တတိယ ဈာန်ကိုပေါင်းပြီး "ရူပဈာန်လေးပါး" ဟု သတ်မှတ်သည်။ အဆိုပါ ရူပဈာန် (၄) ပါးနှင့် အရူပဈာန် (၄) ပါးအပေါင်းကို **"သမာပတ် (၈) ပါး"** ဟုလည်းကောင်း ရူပဈာန် (၅) ပါးနှင့် အရူပဈာန် (၄) ပါးကို **သမာပတ် (၉) ပါး**ဟုလည်းကောင်း ခေါ်ဆိုသည်။

ထိုသမာပတ် (၈) ပါး (၉) ပါးကို ပဝတ္တိကာလတွင် ရပုံရနည်း (၂) မျိုးရှိသည်။ ရှေးဘဝအဆက်ဆက်က သမာပတ် (၈) ပါးကို ရရှိအောင် အားထုတ်ခဲ့ကြ၍ ဆုတောင်းခဲ့ကြသူများသည် ယခုဘဝတွင် လောကုတ္တရာ မဂ်ရရှိသည်နှင့် တစ်ပြိုင်နက် လောကီဈာန်သမာပတ်များကို ရရှိကြသည်။ ထိုဈာန်မျိုးကို **"မဂ္ဂသိဒ္ဓိဈာန်"** ဟု ခေါ်ဆိုသည်။ သမထတရားကို စနစ်တကျ ကြိုးစားအားထုတ်မှုကြောင့် ရရှိသော ဈာန်ကို **"သမထာနုယောဂပဋိလဒ္ဓဈာန်"** ဟုခေါ်ဆိုသည်။

## အာကာသာနဉ္စာယတန ကုသိုလ်စိတ်
## (Akasanancayatana moral Consciousness)

(အာကာသာနဉ္စာယတန = အာကာသ = ကောင်းကင်ဟင်းလင်း + အနန္တ= အဆုံးအပိုင်း အခြားမရှိသော + အာယတန = တည်ရာ+စိတ္တ = စိတ်)

အာကာသာနဉ္စာယတန စိတ်ဆိုသည်မှာ "အဆုံးအပိုင်း အခြားမရှိသော ကောင်းကင်ပညတ် အာရုံပေါ်၌ တည်နေသော ဈာန်စိတ်ဖြစ်သည်။

အရူပကုသိုလ်ဈာန်ကို ရူပဈာန် (၅) ပါးကို ရရှိနိုင်နင်းပြီးမှ ပွားများအားထုတ်၍ရသည်။ ယောဂီပုဂ္ဂိုလ်သည် (ကရ= မိဘတို့၏ သုက်သွေးကြောင့်၊ ဇ= ဖြစ်ရသော၊ ကာယ=ကိုယ်ဟုခေါ်သော ရုပ်ခန္ဓာကိုယ် (ကရဇကာယ) သည် အနာရောဂါမျိုးစုံ ဒုက္ခအဖုံဖုံတို့ ခိုအောင်းရာအဖြစ် ရုပ်ကို အပြစ်မြင်ရ၏။ ကသိုဏ်းကမ္မဋ္ဌာန်း (၁၀) ပါးအနက် အာကာသကသိုဏ်းကို ဖယ်ကြဉ်ထား၍ ကျန်ကသိုဏ်း(၉)ပါးမှ တစ်ပါးပါးကို ကျင့်ရ၏ ။ ရုပ်ခန္ဓာကိုယ်ကို စက်ဆုပ်ရုံတွင်မက ကသိုဏ်းရုပ် ကိုပါ စက်ဆုပ်ရ၏။ ရရှိထားသော ပဋ္ဌမဈာန်သည် စက်ဆုပ်ဖွယ်ဖြစ်သော ကသိုဏ်းရုပ်ကို

www.burmeseclassic.com

www.burmeseclassic.com



အာရုံပြုနေရသဖြင့် စတုတ္ထစျာန် သုခနှင့် နီးသောကြောင့် မငြိမ်မသက်ရှိနေသည်ဟု "ပဉ္စမစျာန်" ကို အပြစ်မြင်ရ၏။

ထိုအခါ ကသိုဏ်းနိမိတ်ကို အာရုံမပြုတော့၊ ကသိုဏ်းဝန်းပုံ့နှံ့ရာထင်လာသော ကောင်းကင် ပညတ်ကိုသာ အာရုံပြုပြီး "အာကာသော အနန္တော, အာကာသော အနန္တော" ကောင်းကင်ပညတ်သည် အဆုံးအပိုင်းအခြားမရှိဟု ထပ်ထပ်ပွားရ၏။ မူလကသိုဏ်းမှခွာပြီး ကောင်းကင်ပညတ်အာရုံကို ပြောင်း၍အားထုတ်လျှင် ရူပပဉ္စမစျာန်ကို စွဲလမ်းမှု နိကန္တိကင်းသွားပါက "အာကာသာနဉ္စာယတန ကုသိုလ်စိတ်" (ဝါ) ပထမာရုပ္ပဝိညာဏ် (ပထမ=ရှေးဦးစွာ +အာရုပ္ပ = ရုပ်မရှိ) ကိုရသည်။

ထိုစျာန်စိတ်သည် ဥပေက္ခာ, ဧကဂ္ဂတာ စျာန်အင်္ဂါ (၂) ပါးသာရှိသောကြောင့် ဥပေက္ခာ, ဧကဂ္ဂတာစျာန်အင်္ဂါ (၂) ပါးနှင့်တကွ ဖြစ်သော "အာကာသာနဉ္စာယတန ကုသိုလ်စျာန်စိတ်" ဟု ခေါ်ဆိုသည်။

## ဝိညာဏဉ္စာယတန ကုသိုလ်စိတ်
## Vinnanancayatana moral consciousness

(ဝိညာဏဉ္စာယတန = ဝိညာဏ= ပထမာရုပ္ပ ဝိညာဏ်ဖြစ်သော အာကာသာနဉ္စာ ယတနစိတ် + အာနဉ္စ= အဆုံးအပိုင်း အခြားမရှိ+ အာယတန = တည်ရာ)

ဝိညာဏဉ္စာယတနစိတ်ဆိုသည်မှာ အဆုံးအပိုင်းအခြားမရှိသော ပထမရုပ္ပဝိညာဏ်စိတ်ကို အာရုံပြုသော စျာန်စိတ်ဟု အဓိပ္ပာယ်ရသည်။

ထိုပထမာရုပ္ပဝိညာဏ်ကို အထပ်ထပ်ဆင်ခြင်ရ၏။ အရူပ ပထမစျာန်သည် ပဉ္စမစျာန်နှင့် နီးသောကြောင့် ငြိမ်သက်ခြင်းမရှိဟု အပြစ်မြင်၏။ "အနန္တံ ဝိညာဏံ=ပထမအရူပစျာန်စိတ်သည် အဆုံးအပိုင်းအခြား မရှိ"ဟု စီးဖြန်းအားထုတ်ရသည်။ ပထမာ ရုပ္ပ ဝိညာဏ်ကိုစွဲလမ်းနှစ်သက်မှု နိကန္တိကင်းသွားလျှင် အာကာသာနဉ္စာယတနစျာန်စိတ်ကို အာရုံပြု၍ "ဥပေက္ခာ, ဧကဂ္ဂတာစျာန်အင်္ဂါ (၂) ပါးနှင့်တကွဖြစ်သော ဝိညာဏဉ္စာယတန ကုသိုလ်စိတ်ဖြစ်ပေါ်သည်။

## အာကိဉ္စညာယတန ကုသိုလ်စိတ်
## Akicnannayatana moral consciousness

(အာကိဉ္စညာယတန = အာကိဉ္စည= န-ကိဉ္စန (နတ္ထိ- ကိဉ္စန) = အာကာသာနဉ္စာယတနစိတ်ဟုခေါ်ဆိုသော ပထမာ ရုပ္ပဝိညာဏ် ဝ လုံးဝအကြွင်းအကျန်မရှိခြင်း + အာယတန = တည်ရာ)

"အာကိဉ္စညာယတနစိတ်" ဆိုသည်မှာ ပထမ အရူပဝိညာဏ်စိတ်၏ စိုးစဉ်းမျှ အကြွင်းမရှိ (နတ္ထိဘော ပညတ်) ကိုအာရုံပြုသောစျာန်စိတ်၏ တည်နေရာ ဟု အဓိပ္ပာယ်ရသည်။

ဝိညာဏဉ္စာယတနစျာန်ကို ရရှိပြီး အာကိဉ္စညာယတနစျာန်ကို ရလိုသောယောဂီသည် ဝိညာဏဉ္စာယတနစျာန်ကို အပြစ်မြင်လျက်၊ "ပထမာရုပ္ပဝိညာဏ်စိတ်စိုးစဉ်းမျှ မရှိတော့ "နတ္ထိ ကိဉ္စိ၊ နတ္ထိ ကိဉ္စိ" ဟူ၍ "နတ္ထိဘော ပညတ်အာရုံ" ကို အာရုံပြု၍ စီးဖြန်းအားထုတ်ရသည်။

ဒုတိယာရုပ္ပ အရူပစျာန်ကို ရရှိသောအခါ ပထမာရုပ္ပ အရူပစိတ်သည် ပျောက်ကွယ်သွားပြီ ဖြစ်သည်။ ထိုပထမာရုပ္ပ စိတ်မရှိတော့ခြင်း သဘောကိုပင် "နတ္ထိဘော ပညတ်အာရုံ" ဟု ခေါ်ဆိုသည်။

စိုးစဉ်းအနည်းငယ် ဘာမျှမရှိခြင်းသည် "အဘာဝ ပည တ်ဖြစ်သောကြောင့် "နတ္ထိဘောအာရုံ" သည် ပညတ်ဖြစ်၏။ ဒုတိယာရုပ္ပ စျာန်ကို နှစ်သက်ခြင်း နိကန္တိကင်းသွားလျှင် နတ္ထိဘော

www.burmeseclassic.com

www.burmeseclassic.com



ပည တ်အာရုံကို အာရုံပြု၍ "ဥပေက္ခာ, ဧကဂ္ဂတာဈာန် အင်္ဂါ (၂) ပါးနှင့်တကွ ဖြစ်သော အာကိဉ္စညာယတန ကုသိုလ်စိတ်" ဖြစ်ပေါ်သည်။

**နေဝသညာနာသညာယတန ကုသိုလ်စိတ်**

**Neva-sanna n'sannayatana moral consciousness**

(နေဝသညာနာသညာ ယတန = နေဝ + သညာ= သညာရှိသည်လည်း မဟုတ် + န+ အ+ သညာ= သညာမ ရှိ ဟူ၍လည်း မဆိုနိုင်+ အာယတန=တည်ရာ)

"နေဝသညာနာသညာယတနဈာန်စိတ်သည် သညာဟူ၍ ပြောနိုင်ရုံမျှသာရှိ၍ ရှိမှန်းပင် မသိသာလောက်အောင် အလွန်သိမ်မွေ့သော စိတ်၏တည်ရာ" ဟု အဓိပ္ပာယ်ရ၏။

အာကိဉ္စညာယတနဈာန်ကို ရရှိပြီးသော ယောဂီပုဂ္ဂိုလ်သည် ထိုဈာန်၌ အပြစ်မြင်ပြီး အာကိဉ္စညာယတနဈာန်စိတ်ကို အာရုံပြုလျက် "သန္တံ ဧတံ ပဏီတံ ဧတံ"= "ငြိမ်သက်၊ မွန်မြတ်ပေစွ" ဟု အထပ်ထပ်စီးဖြန်းရ၏။

တတိယာရုပ္ပ ဈာန်ကို နှစ်သက်ခြင်း နိကန္တိ ကင်းသွားလျှင် "နေဝသညာနာသညာယတန ကုသိုလ်ဈာန်စိတ်" ဖြစ်ပေါ်သည်။ ဥပေက္ခာ, ဧကဂ္ဂတာဈာန်အင်္ဂါ (၂) ပါးနှင့် ယှဉ်၏။

အရူပဘုံတို့သည် ရုပ်မရှိသော နာမ်သက်သက် ဝိညာဏ်ဘုံဖြစ်၍ အလွန်နူးညံ့သိမ်မွေ့၏။ အရူပဈာန်တို့ကို ဈာန်လေးဆင့်ဖြင့် အဆင့်ဆင့်ကျင့်ပြီးသောအခါ နောက်ဆုံး စတုတ္ထအရူပဈာန်စိတ်သည် သညာရှိရုံမျှသာရှိ၍ အလွန်နူးညံ့သိမ်မွေ့သော ဈာန်စိတ်ဖြစ်သည်။

**အရူပါဝစရ ဝိပါက်စိတ် (၄) ပါး**

**Sotapatti Fruit-consciousness)**

၁။ **အာကာသာ နဉ္စာယတန ဝိပါက်စိတ်သည်** အာကာသာနဉ္စာယတနဘုံ၌ ဖြစ်သော အရူပဗြဟ္မာကြီးတို့၏ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ် ဖြစ်သည်။

၂။ **ဝိညာဏဉ္စာယတန ဝိပါက်စိတ်"** သည် ဝိညာဏဉ္စာယတနဘုံ၌ဖြစ်သော အရူပ ဗြဟ္မာကြီးတို့၏ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်ဖြစ်သည်။

၃။ **အာကိဉ္စညာယတန ဝိပါက်စိတ်** သည် အာကိဉ္စညာယတနဘုံ၌ဖြစ်သော အရူပဗြဟ္မာကြီးတို့၏ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ် ဖြစ်သည်။

၄။ **"နေဝသညာနာသညာယတန ဝိပါက်"** စိတ်သည် နေဝသညာနာသညာယတနဘုံ၌ ဖြစ်သော အရူပဗြဟ္မာကြီးတို့၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်ဖြစ်သည်။

**အရူပါဝစရ ကြိယာစိတ် (၄) ပါး**

အရူပါဝစရ ကြိယာစိတ်သည် ဈာန်ကိုရရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်သောစိတ်ဖြစ်သည်။ အရူပရဟန္တာ ဗြဟ္မာကြီးများရှိရာ အရူပဘုံတို့၌ အများအားဖြင့်ဖြစ်ပြီး အရူပဈာန်ကို ရရှိကြသော ကာမဘုံ, ရူပဘုံရှိ ရဟန္တာ ပုဂ္ဂိုလ်တို့၏သန္တာန်၌လည်းဖြစ်နိုင်ပါသည်။

**အရူပစိတ်နှင့် အာရုံတွဲစပ်ပြပုံ**

| | |
|---|---|
| ၁။ အာကာသာနဉ္စာယတနစိတ် | ကောင်းကင်ပညတ်အာရုံ |
| ၂။ ဝိညာဏဉ္စာယတန စိတ် | ပထမာ ရုပ္ပဝိညာဏ်အာရုံ |
| ၃။ အာကိဉ္စညာယတနစိတ် | နတ္ထိဘော ပညတ်အာရုံ |
| ၄။ နေဝသညာနာသညာယတနစိတ် | တတိယာရုပ္ပဝိညာဏ်အာရုံ |

www.burmeseclassic.com

www.burmeseclassic.com



## (၄) လောကုတ္တရာစိတ် (Supramundane Consciousness.)

(လောကုတ္တရာစိတ် = လောက= ကာမ, ရူပ, အရူပ လောက သုံးပါးမှ + ဥတ္တရာ= လွတ်မြောက်သော (ဝါ) မြင့်မြတ်သော + စိတ်)

လောကုတ္တရာစိတ်ဆိုသည်မှာ ကာမ, ရူပ,အရူပ ဟုဆိုအပ်သော လောက သုံးပါးမှ လွတ်မြောက်သော စိတ် (ဝါ) လောက သုံးပါးထက်သာလွန် မြင့်မြတ်သော စိတ်ဖြစ်သည်။

လောကုတ္တရာဆိုသည်မှာ မဂ်စိတ်, ဖိုလ်စိတ်တို့၏ အမည်နာမဖြစ်သည်။ လောကုတ္တရာစိတ်တို့မှာ "ဝိပဿနာ ယာနိက ပုဂ္ဂိုလ်၏ အစွမ်းဖြင့် (၈) ပါး၊ သမထယာနိက ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် အကျယ် (၄၀) ပါးဖြစ်ပွားသည်။

### လောကုတ္တရာစိတ်အကျဉ်း (၈) ပါး
### Supramundane Consciousness- 8

မဂ်စိတ် (၄) ပါးနှင့် ဖိုလ်စိတ် (၄) ပါး ပေါင်း (၈) ပါးကို လောကုတ္တရာ စိတ်အကျဉ်း (၈) ပါး ဟုခေါ်ဆိုသည်။

လောကုတ္တရာစိတ် (၈) ပါးကို အကျယ် (၄၀) ပွားသောအခါ သောမနဿ, ဥပေက္ခာ နှစ်ပါးလုံး၌ပါရှိသောကြောင့် လောကုတ္တရာ စိတ်အကျဉ်း (၈) ပါးသည် သောမနဿတွင်လည်းကောင်း၊ ဥပေက္ခာတွင်လည်းကောင်း သွင်းယူရေတွက်နိုင်သည်။

### လောကုတ္တရာစိတ် အကျဉ်း (၈) ပါးတို့၏ ဆိုရိုး

| မဂ်စိတ် ၄ ပါး | | | ဖိုလ်စိတ် ၄ ပါး | |
|---|---|---|---|---|
| ၁ + (−) | သောတာပတ္တိမဂ်စိတ် | ၁ ပါး | သောတာပတ္တိဖိုလ်စိတ် | ၁ ပါး |
| ၂ + (−) | သကဒါဂါမိမဂ်စိတ် | ၁ ပါး | သကဒါဂါမိ ဖိုလ်စိတ် | ၁ ပါး |
| ၃ + (−) | အနာဂါမိမဂ်စိတ် | ၁ ပါး | အနာဂါမိ ဖိုလ်စိတ် | ၁ ပါး |
| ၄ + (−) | အရဟတ္တမဂ်စိတ် | ၁ ပါး | အရဟတ္တ ဖိုလ်စိတ် | ၁ ပါး |

### လောကုတ္တရာစိတ် အကျယ် (၄၀)

လောကုတ္တရာစိတ် အကျဉ်းဖြစ်သော မဂ်စိတ် ၄ ပါး နှင့် ဖိုလ်စိတ် ၄ ပါးတို့ကို ဈာန်စိတ် (၅) ပါးစီဖြင့် မြှောက်ပွားပါ လျှင် မဂ်စိတ် အပါး (၂၀) နှင့် ဖိုလ်စိတ် အပါး (၂၀) , ပေါင်း လောကုတ္တရာစိတ် အကျယ် (၄၀) ပွားများ ရရှိသည်။

| မဂ်စိတ် (၂၀) | | ဖိုလ်စိတ် (၂၀) | |
|---|---|---|---|
| (က) သောတာပတ္တိမဂ်စိတ် | ၅ ပါး | (က) သောတာပတ္တိဖိုလ်စိတ် | ၅ ပါး |
| (ခ) သကဒါဂါမိမဂ်စိတ် | ၅ ပါး | (ခ) သကဒါဂါမိဖိုလ်စိတ် | ၅ ပါး |
| (ဂ) အနာဂါမိမဂ်စိတ် | ၅ ပါး | (ဂ) အနာဂါမိဖိုလ်စိတ် | ၅ ပါး |
| (ဃ) အရဟတ္တမဂ်စိတ် | ၅ ပါး | (ဃ) အရဟတ္တဖိုလ်စိတ် | ၅ ပါး |
| ပေါင်း မဂ်စိတ် = | ၂၀ | ပေါင်းဖိုလ်စိတ် | ၂၀ |

www.burmeseclassic.com

www.burmeseclassic.com



လောကုတ္တရာစိတ် အကျယ် (၄၀) ကို သင်္ကေတဖြင့်ပြပုံ

| ဈာန် ၅ ပါး | မဂ်စိတ် ၄ ပါး | | | | ဖိုလ်စိတ် ၄ ပါး | | | |
|---|---|---|---|---|---|---|---|---|
| | သော | သကဒါ | အနာဂါ | အရဟ | သော | သကဒါ | အနာဂါ | အရဟ |
| ပ–ဈာန် | + | + | + | + | + | + | + | + |
| ဒု ဈာန် | + | + | + | + | + | + | + | + |
| တ–ဈာန် | + | + | + | + | + | + | + | + |
| စ–ဈာန် | + | + | + | + | + | + | + | + |
| ပဥ္စ–ဈာန် | — | — | — | — | — | — | — | — |
| | = မဂ်စိတ် ၂၀ | | | | = ဖိုလ်စိတ် ၂၀ | | | |

လောကုတ္တရာစိတ်အကျယ်ကို အင်္ဂလိပ်ဘာသာဖြင့်ဆိုပါက သောတာပတ္တိမဂ်စိတ် (၅)ပါးကို အောက်ပါအတိုင်းဆိုရ၏။

(1) The First Jhama Sotapatti Path-Consciousness together with initial application, sustained application, joy, happiness and one- pointedness.

ထိုနည်းအတူ The second Jhana, The Third Jhana, The forth Jhana, The fifth Jhana တို့တွင် Sotapatti Path-consciousness ကို ထည့်၍ ဆိုရမည်။

(၂) ထို့အတူ **Sakadagami** Anagami, Arahatta မဂ်စိတ်၊ ဖိုလ်စိတ်တို့ကို ထည့်၍ ဆိုနိုင်မည်။

**မှတ်ချက်**။ ။ လောကုတ္တရာ အကျဉ်း (၈) ပါးကို အကျယ် (၄၀) ရေတွက်ရာ၌ မူလ မဂ်စိတ်၊ ဖိုလ်စိတ် (၈) ပါးတို့သည် အကျယ် (၄၀) ရေတွက်ရာ၌ ပါဝင်ပြီး ဖြစ်၍ အကျဉ်း (၈) ပါးကို ထပ်မံ၍ ထည့်သွင်းရေတွက်ရန် မလိုပါ။

www.burmeseclassic.com

www.burmeseclassic.com



## မဂ်စိတ် ၂၀ ဆိုရိုး

| | | | | | | |
|---|---|---|---|---|---|---|
| သောတာပတ္တိမဂ်စိတ် ၅ ပါး | ပ | + | ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၅ ပါးနှင့် တကွဖြစ်သော | ပထမဈာန် နှင့်ယှဉ်သည့် | သောတာပတ္တိမဂ်စိတ် ၁ ပါး |
| | ဒု | + | ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၄ ပါးနှင့် တကွဖြစ်သော | ဒုတိယဈာန် နှင့်ယှဉ်သည့် | သောတာပတ္တိမဂ်စိတ် ၁ ပါး |
| | တ | + | ပီတိ၊ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၃ ပါးနှင့် တကွဖြစ်သော | တတိယဈာန် နှင့်ယှဉ်သည့် | သောတာပတ္တိမဂ်စိတ် ၁ ပါး |
| | စ | + | သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၂ ပါးနှင့် တကွဖြစ်သော | စတုတ္ထဈာန် နှင့်ယှဉ်သည့် | သောတာပတ္တိမဂ်စိတ် ၁ ပါး |
| | ပဉ | − | ဥပေက္ခာ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၂ ပါးနှင့် တကွဖြစ်သော | ပဉ္စမဈာန် နှင့်ယှဉ်သည့် | သောတာပတ္တိမဂ်စိတ် ၁ ပါး |
| သကဒါဂါမိမဂ်စိတ် ၅ ပါး | ပ | + | ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၅ ပါးနှင့် တကွဖြစ်သော | ပထမဈာန် နှင့်ယှဉ်သည့် | သကဒါဂါမိမဂ်စိတ် ၁ ပါး |
| | ဒု | + | ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၄ ပါးနှင့် တကွဖြစ်သော | ဒုတိယဈာန် နှင့်ယှဉ်သည့် | သကဒါဂါမိမဂ်စိတ် ၁ ပါး |
| | တ | + | ပီတိ၊ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၃ ပါးနှင့် တကွဖြစ်သော | တတိယဈာန် နှင့်ယှဉ်သည့် | သကဒါဂါမိမဂ်စိတ် ၁ ပါး |
| | စ | + | သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၂ ပါးနှင့် တကွဖြစ်သော | စတုတ္ထဈာန် နှင့်ယှဉ်သည့် | သကဒါဂါမိမဂ်စိတ် ၁ ပါး |
| | ပဉ | − | ဥပေက္ခာ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၂ ပါးနှင့် တကွဖြစ်သော | ပဉ္စမဈာန် နှင့်ယှဉ်သည့် | သကဒါဂါမိမဂ်စိတ် ၁ ပါး |
| အနာဂါမိမဂ်စိတ် ၅ ပါး | ပ | + | ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၅ ပါးနှင့် တကွဖြစ်သော | ပထမဈာန် နှင့်ယှဉ်သည့် | အနာဂါမိမဂ်စိတ် ၁ ပါး |
| | ဒု | + | ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၄ ပါးနှင့် တကွဖြစ်သော | ဒုတိယဈာန် နှင့်ယှဉ်သည့် | အနာဂါမိမဂ်စိတ် ၁ ပါး |
| | တ | + | ပီတိ၊ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၃ ပါးနှင့် တကွဖြစ်သော | တတိယဈာန် နှင့်ယှဉ်သည့် | အနာဂါမိမဂ်စိတ် ၁ ပါး |
| | စ | + | သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၂ ပါးနှင့် တကွဖြစ်သော | စတုတ္ထဈာန် နှင့်ယှဉ်သည့် | အနာဂါမိမဂ်စိတ် ၁ ပါး |
| | ပဉ | − | ဥပေက္ခာ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၂ ပါးနှင့် တကွဖြစ်သော | ပဉ္စမဈာန် နှင့်ယှဉ်သည့် | အနာဂါမိမဂ်စိတ် ၁ ပါး |
| အရဟတ္တမဂ်စိတ် ၅ ပါး | ပ | + | ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၅ ပါးနှင့် တကွဖြစ်သော | ပထမဈာန် နှင့်ယှဉ်သည့် | အရဟတ္တမဂ်စိတ် ၁ ပါး |
| | ဒု | + | ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၄ ပါးနှင့် တကွဖြစ်သော | ဒုတိယဈာန် နှင့်ယှဉ်သည့် | အရဟတ္တမဂ်စိတ် ၁ ပါး |
| | တ | + | ပီတိ၊ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၃ ပါးနှင့် တကွဖြစ်သော | တတိယဈာန် နှင့်ယှဉ်သည့် | အရဟတ္တမဂ်စိတ် ၁ ပါး |
| | စ | + | သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၂ ပါးနှင့် တကွဖြစ်သော | စတုတ္ထဈာန် နှင့်ယှဉ်သည့် | အရဟတ္တမဂ်စိတ် ၁ ပါး |
| | ပဉ | − | ဥပေက္ခာ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၂ ပါးနှင့် တကွဖြစ်သော | ပဉ္စမဈာန် နှင့်ယှဉ်သည့် | အရဟတ္တမဂ်စိတ် ၁ ပါး |

www.burmeseclassic.com

www.burmeseclassic.com



## ဖိုလ်စိတ် ၂၀ ဆိုရိုး:

| | | | | | | |
|---|---|---|---|---|---|---|
| သောတာပတ္တိဖိုလ်စိတ် ၅ ပါး | ပ | + | ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၅ ပါးနှင့် တကွဖြစ်သော | ပဌမဈာန် နှင့်ယှဉ်သည့် | သောတာပတ္တိဖိုလ်စိတ် ၁ ပါး |
| | ဒု | + | ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၄ ပါးနှင့် တကွဖြစ်သော | ဒုတိယဈာန် နှင့်ယှဉ်သည့် | သောတာပတ္တိဖိုလ်စိတ် ၁ ပါး |
| | တ | + | ပီတိ၊ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၃ ပါးနှင့် တကွဖြစ်သော | တတိယဈာန် နှင့်ယှဉ်သည့် | သောတာပတ္တိဖိုလ်စိတ် ၁ ပါး |
| | စ | + | သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၂ ပါးနှင့် တကွဖြစ်သော | စတုတ္ထဈာန် နှင့်ယှဉ်သည့် | သောတာပတ္တိဖိုလ်စိတ် ၁ ပါး |
| | ပဥ္စ | − | ဥပေက္ခာ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၂ ပါးနှင့် တကွဖြစ်သော | ပဥ္စမဈာန် နှင့်ယှဉ်သည့် | သောတာပတ္တိဖိုလ်စိတ် ၁ ပါး |
| သကဒါဂါမိဖိုလ်စိတ် ၅ ပါး | ပ | + | ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၅ ပါးနှင့် တကွဖြစ်သော | ပဌမဈာန် နှင့်ယှဉ်သည့် | သကဒါမိဖိုလ်စိတ် ၁ ပါး |
| | ဒု | + | ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၄ ပါးနှင့် တကွဖြစ်သော | ဒုတိယဈာန် နှင့်ယှဉ်သည့် | သကဒါဂါမိဖိုလ်စိတ် ၁ ပါး |
| | တ | + | ပီတိ၊ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၃ ပါးနှင့် တကွဖြစ်သော | တတိယဈာန် နှင့်ယှဉ်သည့် | သကဒါဂါမိဖိုလ်စိတ် ၁ ပါး |
| | စ | + | သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၂ ပါးနှင့် တကွဖြစ်သော | စတုတ္ထဈာန် နှင့်ယှဉ်သည့် | သကဒါဂါမိဖိုလ်စိတ် ၁ ပါး |
| | ပဥ္စ | − | ဥပေက္ခာ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၂ ပါးနှင့် တကွဖြစ်သော | ပဥ္စမဈာန် နှင့်ယှဉ်သည့် | သကဒါဂါမိဖိုလ်စိတ် ၁ ပါး |
| အနာဂါမိဖိုလ်စိတ် ၅ ပါး | ပ | + | ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၅ ပါးနှင့် တကွဖြစ်သော | ပဌမဈာန် နှင့်ယှဉ်သည့် | အနာဂါမိဖိုလ်စိတ် ၁ ပါး |
| | ဒု | + | ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၄ ပါးနှင့် တကွဖြစ်သော | ဒုတိယဈာန် နှင့်ယှဉ်သည့် | အနာဂါမိဖိုလ်စိတ် ၁ ပါး |
| | တ | + | ပီတိ၊ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၃ ပါးနှင့် တကွဖြစ်သော | တတိယဈာန် နှင့်ယှဉ်သည့် | အနာဂါမိဖိုလ်စိတ် ၁ ပါး |
| | စ | + | သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၂ ပါးနှင့် တကွဖြစ်သော | စတုတ္ထဈာန် နှင့်ယှဉ်သည့် | အနာဂါမိဖိုလ်စိတ် ၁ ပါး |
| | ပဥ္စ | − | ဥပေက္ခာ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၂ ပါးနှင့် တကွဖြစ်သော | ပဥ္စမဈာန် နှင့်ယှဉ်သည့် | အနာဂါမိဖိုလ်စိတ် ၁ ပါး |
| အရဟတ္တဖိုလ်စိတ် ၅ ပါး | ပ | + | ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၅ ပါးနှင့် တကွဖြစ်သော | ပဌမဈာန် နှင့်ယှဉ်သည့် | အရဟတ္တဖိုလ်စိတ် ၁ ပါး |
| | ဒု | + | ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၄ ပါးနှင့် တကွဖြစ်သော | ဒုတိယဈာန် နှင့်ယှဉ်သည့် | အရဟတ္တဖိုလ်စိတ် ၁ ပါး |
| | တ | + | ပီတိ၊ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၃ ပါးနှင့် တကွဖြစ်သော | တတိယဈာန် နှင့်ယှဉ်သည့် | အရဟတ္တဖိုလ်စိတ် ၁ ပါး |
| | စ | + | သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၂ ပါးနှင့် တကွဖြစ်သော | စတုတ္ထဈာန် နှင့်ယှဉ်သည့် | အရဟတ္တဖိုလ်စိတ် ၁ ပါး |
| | ပဥ္စ | − | ဥပေက္ခာ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၂ ပါးနှင့် တကွဖြစ်သော | ပဥ္စမဈာန် နှင့်ယှဉ်သည့် | အရဟတ္တဖိုလ်စိတ် ၁ ပါး |

www.burmeseclassic.com

www.burmeseclassic.com



## လောကုတ္တရာစိတ်အကျဉ်း (၈) ပါး၊ အကျယ်အပါး (၄၀) တို့၏ သဘောအဓိပ္ပာယ်နှင့် ရှင်းလင်းချက်။

### လောကုတ္တရာစိတ် အကျဉ်း (၈) ပါး

မဂ်စိတ် (၄) ပါးနှင့် ဖိုလ်စိတ် (၄) ပါး၊ ပေါင်း (၈) ပါးကို လောကုတ္တရာစိတ်အကျဉ်း (၈) ပါး ဟုခေါ်ဆိုသည်။

### မဂ်စိတ် (၄) ပါး (လောကုတ္တရာကုသိုလ်စိတ် ၄ပါး)

### Moral Supramundane Consciousness

သမ္မာဒိဋ္ဌိစသော မဂ္ဂင် (၈) ပါးအပေါင်းအစုကို "မဂ်" ဟု ခေါ်ဆိုသည်။ ထိုမဂ်နှင့်ယှဉ်သော စိတ်ကို "မဂ်စိတ်" ဟူ၍ခေါ်ဆို၏။ မဂ်စိတ်ဖြစ်ပေါ်လာသည်နှင့်တစ်ပြိုင်နက် ဆိုင်ရာကိလေသာတို့ကို ပယ်သတ်နိုင်ပြီး နိဗ္ဗာန်ကို အာရုံပြုနိုင်သည်။

* ထို့ကြောင့် ကိလေသာတို့ကို ပယ်သတ်၍ နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် သွားရောက်တတ်သောကြောင့် "မဂ်" ဟူ၍ ခေါ်ဆိုသည်။
* တစ်နည်းအားဖြင့် နိဗ္ဗာန်ကို ရှာမှီးတတ်သောကြောင့်လည်း "မဂ်" ဟုခေါ်သည်။
* တစ်နည်းအားဖြင့် နိဗ္ဗာန်လိုလားသူတို့ ရှာမှီးအပ်သောကြောင့်လည်း "မဂ်" ဟူ၍ ခေါ်ဆိုပါသည်။

မဂ်သည် ကိလေသာတည်းဟူသော မီးကို ငြိမ်းသတ်လိုက်သည့် သဘောဖြစ်သည်။

### မဂ်စိတ် (၄) ပါး ကွဲပြားရပုံ

၁။ ဈာန်ခြေတို့၏ အနု ၂။ အရင့် ၃။ ရင့်သည်ထက်ရင့် ၄။ အရင့်ဆုံး

ဟူ၍ လေးမျိုးကွဲပြားသည့်အလျောက် သံယောဇဉ်တို့ကို ပယ်သတ်ပုံမှာလည်း (၄) မျိုး ခြားနားသောကြောင့် မဂ်စိတ် (၄) မျိုး ကွဲပြားခြားနားသွားသည်။

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဟုဆိုအပ်သော စေတသိက် (၈) ပါးတို့သည် မဂ္ဂင်ထိုက်၍ မဂ္ဂင်ရှစ်ပါး ဟုခေါ်ဆိုသည်။

မဂ္ဂင်ရှစ်ပါးတို့တွင် တစ်ပါးစီသည် မဂ်၏ အင်္ဂါအစိတ်အပိုင်းဖြစ်သောကြောင့် "မဂ္ဂင်" ဟုခေါ်ဆိုသည်။ မဂ်စိတ် (၄) ပါးတို့၌ ထိုမဂ္ဂင် (၈) ပါးအညီအမျှယှဉ်သည်။ သို့ရာတွင် ထိုမဂ္ဂင်ရှစ်ပါးထဲ၌ ဈာန်ခြေထိုက်သော ပညိန္ဒြေ (သမ္မာဒိဋ္ဌိ)၊ ဝီရိယိန္ဒြေ (သမ္မာဝါယာမ)၊ သတိန္ဒြေ (သမ္မာသတိ)၊ သမာဓိန္ဒြေ (သမ္မာသမာဓိ) တို့ အနုအရင့်အလိုက်မဂ်စိတ် (၄) ပါးကွဲပြားသွားသည်။

၁။ ထိုဈာန်ခြေတို့ "နု" လျှင် သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ သံယောဇဉ်တို့ကိုသာ ပယ်နိုင်သေးပြီး ဦးစွာအစ "သောတာပတ္တိ မဂ်စိတ်" ဖြစ်ပေါ်သည်။

၂။ ထိုဈာန်ခြေတို့ "ရင့်"လျှင် ကာမရာဂ၊ ဗျာပါဒ သံယောဇဉ်တို့ကို နည်းပါးသွားအောင် ပယ်နိုင်သောကြောင့် "သကဒါဂါမိ မဂ်စိတ်" ဖြစ်ပေါ်သည်။

၃။ ထိုဈာန်ခြေတို့ "ရင့်သည်ထက်ရင့်" လျှင် ကာမရာဂ၊ ဗျာပါဒ၊ သံယောဇဉ်တို့ကို အကြွင်းမဲ့ ပယ်သတ်နိုင်ပြီး "အနာဂါမိမဂ်စိတ်" ဖြစ်ပေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



၄။ ထိုက္ခန္ဓြေတို့ "အရင့်ဆုံး" ဖြစ်လျှင် ကြွင်းကျန်သမျှ ရူပရာဂစသော သံယောဇဉ်တို့ကို အကြွင်းမရှိအောင် ပယ်သတ်နိုင် ပြီး "အရဟတ္တမဂ်စိတ်" ဖြစ်ပေါ်သည်။

## သောတာပတ္တိမဂ်စိတ်
## (Sotapatti=Path-consciousness)

(သောတ= လောကုတ္တရာမဂ္ဂင်ရှစ်ပါးတည်းဟူသော အရိယာ ရေအယဉ်သို့ + အာပတ္တိ = ရှေးဦးစွာရောက်သော+ မဂ္ဂ= မဂ်+ စိတ္တ= စိတ်)

လောကုတ္တရာ အရိယာမဂ္ဂင်ရှစ်ပါးသို့ ရှေးဦးစွာရောက်သော မဂ်ကို "သောတာပတ္တိမဂ်" ဟူ၍ခေါ်ဆိုသည်။

သောတာပတ္တိမဂ်သည် အကုသိုလ် ၁၂ ပါးတွင် ဒိဋ္ဌိဂတသမ္ပယုတ် လောဘမူစိတ် (၄)ပါးနှင့် ဝိစိကိစ္ဆာမောဟမူစိတ် (၁) ပါး, ပေါင်း (၅) ပါးကို အပြီးပယ်သတ်သည်။

သောတာပတ္တိမဂ်စိတ်ဖြစ်ပြီး သောတာပတ္တိဖိုလ်စိတ်ရရှိသည်။ သောတာပတ္တိမဂ်စိတ်, ဖိုလ်စိတ်ဖြစ်ပြီးသူကို သောတာပန်ပုဂ္ဂိုလ်ဟုခေါ်ဆိုသည်။

သောတာပန်ဆိုသည်မှာ (သောတ= လောကုတ္တရာ အရိယာ မဂ္ဂင်ရှစ်ပါးသို့ + အာပန္န=ရှေ့ဦးစွာရောက်သော ပုဂ္ဂိုလ်) ပင်ဖြစ်သည်။

သောတာပတ္တိမဂ်, ဖိုလ်တည်းဟူသော လောကုတ္တရာစိတ်ရရှိထားသော, သောတာပန်ပုဂ္ဂိုလ်သည် ငရဲ, တိရစ္ဆာန်, ပြိတ္တာ အသူရကာယ် တည်းဟူသော အပါယ် (၄) ဘုံမှ အပြီးအပိုင်လွတ်မြောက်သွားပြီးဖြစ်သည်။ ကာမဘုံ၌ (၇)ကြိမ်ထက်လွန်၍လည်း ပဋိသန္ဓေမနေတော့။ အရဟတ္တမဂ်, ဖိုလ်ကို ဧကန် ရရှိတော့မည့်ပုဂ္ဂိုလ်ဖြစ်သည်။

## သကဒါဂါမိမဂ်
## ( Sakadagami=Path-consciousness)

(သကိံ = တစ်ကြိမ် + အာဂါမိ = ပြန်လာသောသူ)

ကာမသုဂတိ (၇) ဘုံသို့ တစ်ကြိမ်သာပြန်လာတတ်သော "သကဒါဂါမိပုဂ္ဂိုလ်၏ မဂ်"ဖြစ်သည်။

သကဒါဂါမိမဂ် ရပြီးသည်နှင့် သကဒါဂါမိဖိုလ်စိတ်ရရှိသည်။ ထိုမဂ်, ဖိုလ်စိတ်ဖြစ်ပြီးသူကို "သကဒါဂါမိ ပုဂ္ဂိုလ်" ဟု ခေါ်ဆိုသည်။

သကဒါဂါမိမဂ်သည် ဒိဋ္ဌိဂတ ဝိပ္ပယုတ် လောဘမူ(၄) ပါးနှင့် ဒေါသမူစိတ် (၂) ပါး, ပေါင်း (၆) ပါးတို့ကို ခေါင်းပါးအောင်ပယ်၏။

(သကဒါဂါမိမဂ်, ဖိုလ် တည်းဟူသော လောကုတ္တရာစိတ်ရရှိပြီးသူသည် အပါယ် (၄) ဘုံမှ လုံးဝလွတ်မြောက်သွား၏။)ကာမသုဂတိ (၇) ဘုံသို့ တစ်ကြိမ်သာ ပြန်လာတတ်သော ပုဂ္ဂိုလ်ဖြစ်သည်။

## အနာဂါမိမဂ်
## (Anagami=Path-consciousness)

(န + အာဂါမိ = အနာဂါမိ = ဤကာမဘုံသို့ လုံးဝပြန်မလာသောသူ၏ + မဂ္ဂ= မဂ်)

ဤကာမဘုံသို့ လုံးဝပြန်၍ ပဋိသန္ဓေ မနေတော့မည့် ပုဂ္ဂိုလ်၏ "မဂ်" ကို "အနာဂါမိမဂ်" ဟုခေါ်ဆိုသည်။ ထိုမဂ်သည် ဒေါသမူစိတ် (၂) ပါးကို အကြွင်းမဲ့ ပယ်သတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကာမတဏှာ ကာမဘုံကို စွဲလမ်းနှစ်သက်သော "ကာမရာဂ" ကို အကြွင်းမဲ့ ပယ်သတ်ပြီးဖြစ်၍ ကာမဘုံသို့ လုံးဝပြန်၍ ပဋိသန္ဓေမနေတော့သဖြင့် "ကာမ (၁၁) ဘုံ"မှ လွတ်မြောက်သွားပြီဖြစ်သည်။ သို့ရာတွင် ရူပရာဂ, အရူပရာဂ, ကြွင်းကျန်နေသေးသဖြင့် ဗြဟ္မာဘုံတွင် ဖြစ်ရပေသေးသည်။ အနာဂါမိမဂ်နှင့် ဖိုလ်စိတ်ဖြစ်ပြီးသည့် ပုဂ္ဂိုလ်ကို အနာဂါမိပုဂ္ဂိုလ်ဟုခေါ်ဆိုသည်။

## အရဟတ္တမဂ်
## (Arahatta Path-consciousness)

(အရဟတ္တ = ပူဇော်အထူးကို ခံထိုက်သော, ပူဇော်ထိုက်သော + မဂ္ဂ= မဂ်)

ကိလေသာ အားလုံးကို ပယ်သတ်ပြီး၍ ပူဇော်အထူးကို ခံထိုက်သော ရဟန္တာပုဂ္ဂိုလ်၏ မဂ်ကို "အရဟတ္တမဂ်စိတ်" ဟုခေါ်ဆိုသည်။

အရဟတ္တ မဂ်ဉာဏ်ဖြင့် ကာမရာဂ, ရူပရာဂ, အရူပ ရာဂ,ဟူသော ဘုံသုံးပါး, ဘဝသုံးပါးကို တပ်မက်သော ဒိဋ္ဌိဂတ ဝိပ္ပယုတ် လောဘမူစိတ် (၄) ပါး, ဥဒ္ဓစ္စသမ္ပယုတ် မောဟမူစိတ် (၁) ပါး ပေါင်း (၅) ပါးသော ကြွင်းကျန်သည့် အကုသိုလ်စိတ် တို့ကို အကြွင်းမဲ့ ပယ်သတ်၏။

အရဟတ္တ မဂ်စိတ်, ဖိုလ်စိတ် ရပြီးသော သူမြတ်သည် ပူဇော်အထူးကို ခံယူတော်မူထိုက်သောကြောင့် "ရဟန္တာ အရှင်သူမြတ်" ဟုခေါ်ဆိုသည်။

ထိုရဟန္တာ ပုဂ္ဂိုလ်သည် ကာမ, ရူပ, အရူပ, ဟုဆိုအပ်သော လောကသုံးပါး, တစ်နည်းအားဖြင့် (၃၁) ဘုံဝဋ်အတွင်းမှ လွတ်မြောက်သွားပြီးလျှင် အသခ်ံတဓာတ် နိဗ္ဗာန်ချမ်းသာကို ရရှိခံစားရသည်။

## ဖိုလ်စိတ် (၄) ပါး
## (Resultant Supramundane consciouness-4

(လောကုတ္တရာ ဝိပါက်စိတ် (၄) ပါး)

သောတာပတ္တိ ဖိုလ်စိတ်သည် သောတာပတ္တိမဂ်စိတ်၏ အခြားမဲ့၌ တစ်ဆက်တည်းဖြစ်သော ဖိုလ်(အကျိုး)စိတ်ဖြစ်သည်။ ထို့ကြောင့် ဖလ= ဖိုလ်ဆိုသည်မှာ မဂ်ကုသိုလ်၏ အကျိုးဖြစ်သည်။ ဖိုလ်နှင့် ယှဉ်သော စိတ်ကို ဖိုလ်စိတ်ဟူ၍ ခေါ်ဆိုသည်။

မဂ်စိတ်တို့က ကိလေသာတို့ကို ပယ်သတ်ပြီးဖြစ်၍ ဖိုလ်စိတ်တို့က ကိလေသာကို ပယ်သတ်ရန် ကိစ္စမရှိတော့ပေ။ လောဘ, ဒေါသ, စသော ကိလေသာ တရားများ ငြိမ်းအေးသွားသည့် သဘောကို "ဖိုလ်စိတ်" ဟုခေါ်သည်။ သတ်ပြီးသော မီးကိုရေဖြင့် ထပ်မံလောင်းပေးသကဲ့သို့ ငြိမ်းအေးသွားသည့် သဘောဖြစ်သည်။ ဥပမာ– ရန်သူကို အစသတ်အောင်မြင်ပြီးသော စစ်သူကြီးသည် အစဉ်အမြဲအေးချမ်းမှုကို ခံစားရသကဲ့သို့ ဖိုလ်စိတ်များဖြစ်၍ ကြိမ်ဖန်များစွာ အေးငြိမ်းချမ်းသာမှုကိုခံစားနိုင်သည်။

### ဖိုလ်စိတ် (၄) ပါး ကွဲပြားရပုံ

ကာမ, ရူပ, အရူပ ကုသိုလ်စိတ်များ၏ ဝိပါက်စိတ်များသည် အချိန်ကာလ, ဘဝခြားမှ အကျိုးပေးလေ့ရှိသည်။ မဂ်စိတ်၏ အကျိုးဖြစ်သော ဖိုလ်စိတ်သည်ကား မဂ်စိတ်၏ အခြားမဲ့၌ အကြားမရှိ ချက်ခြင်းဖြစ်ပေါ်သည်။

မဂ်ကုသိုလ်စိတ် (၄) ပါးရှိသောကြောင့် မဂ်စိတ်၏ အကျိုးဖြစ်သောဖိုလ်စိတ်တို့သည်လည်း မဂ်စိတ်ဦးရေနှင့် တူညီစွာ (၄) ပါး ကွဲပြားသည်။

www.burmeseclassic.com

www.burmeseclassic.com



### ၁။ သောတာပတ္တိဖိုလ်စိတ်
### (Sotapatti Fruit-consciousness)

(သောတ = လောကုတ္တရာမဂ္ဂင်ရှစ်ပါးတည်းဟူသော အရိယာ ရေအယဉ်သို့ + အာပတ္တိ = ရှေးဦးစွာရောက်သော + ဖလ = ဖိုလ် + စိတ္တ = စိတ်)

လောကုတ္တရာ အရိယာမဂ္ဂင်ရှစ်ပါးသို့ ရှေးဦးစွာရောက်သောအကျိုး ဖိုလ်စိတ်ကို "သောတာပတ္တိဖိုလ်စိတ်" ဟု ခေါ်ဆိုသည်။

### ၂။ သကဒါဂါမိဖိုလ်စိတ်
### (Sakadagami Fruit-consciousness)

(သကိံ = တစ်ကြိမ် + အာဂါမိ = ကာမသုဂတိဘုံသို့ ပြန်လာတတ်သူ + ဖလ = ဖိုလ် + စိတ္တ = စိတ်)

ကာမသုဂတိဘုံသို့ တစ်ကြိမ်သာ ပြန်လည် ပဋိသန္ဓေတည်သော ပုဂ္ဂိုလ်၏ သကဒါဂါမိဖိုလ်ကို "သကဒါဂါမိဖိုလ်" ဟုခေါ်သည်။ ထိုဖိုလ်နှင့်ယှဉ်သော "စိတ်" ကို "သကဒါဂါမိဖိုလ်စိတ်" ဟူ၍ ခေါ်ဆိုသည်။

### ၃။ အနာဂါမိဖိုလ်စိတ်
### (Anagami Fruit-consciousness)

(အနာဂါမိ = ကာမဘုံသို့ လုံးဝပြန်မလာသောသူ၏ + ဖလ = ဖိုလ် + စိတ္တ = စိတ်)

ဤကာမဘုံ၌ လုံးဝ ပဋိသန္ဓေမနေတော့မည့် ပုဂ္ဂိုလ်၏ဖိုလ်ကို "အနာဂါမိဖိုလ်" ဟု ခေါ်ဆိုသည်။ ထိုဖိုလ်နှင့် ယှဉ်သောစိတ်ကို "အနာဂါမိဖိုလ်စိတ်" ဟူ၍ ခေါ်ဆိုသည်။

### ၄။ အရဟတ္တဖိုလ်စိတ်
### (Arahatta Fruit-consciousness)

(ပူဇော်အထူးကို ခံထိုက်သော ရဟန္တာပုဂ္ဂိုလ်၏ ဖိုလ်စိတ်ကို "အရဟတ္တဖိုလ်စိတ်" ဟူ၍ ခေါ်ဆိုသည်။)

### လောကုတ္တရာစိတ်၌ ကြိယာမရှိပုံ

ဘုရားရဟန္တာ အရှင်သူမြတ်တို့၏ သန္တာန်၌ ဖြစ်ပေါ်သော ကုသိုလ်စိတ်မျိုးကို "ကြိယာစိတ်" ဟုခေါ်ဆိုသည်။ အမှန်စင်စစ် မဂ်စိတ် (၄) ပါးတို့သည်လည်း ကုသိုလ်စိတ်မျိုးပင်ဖြစ်သည်။ သို့ရာတွင် ဝရဇိန်သည် ကျောက်တောင် ကြီးကို တစ်ကြိမ်တည်း ဖြိုခွင်းနိုင်သကဲ့သို့ မဂ်စိတ်သည်လည်း ကိလေသာတို့ကို သမုစ္ဆေဒ (အမြစ်ဖြတ်)အားဖြင့်တစ်ကြိမ်တည်းနှင့်ပယ်သတ်နိုင်သောသတ္တိထူးရှိ၏။

ထိုမဂ်စိတ်သည် တစ်ကြိမ်သာ ဖြစ်ရိုးရှိပြီး ချုပ်ပျက်သွား၏။ ထပ်မံ၍ ဖြစ်ပေါ်ရိုးမရှိ။ ဘုရားရဟန္တာတို့၏ သန္တာန်ဝယ် လောကုတ္တရာကုသိုလ်ခေါ်သည့် မဂ်စိတ်သည် ထပ်မံ၍ ဖြစ်ပေါ်ခြင်း မရှိသောကြောင့် လောကုတ္တရာစိတ်၌ ကြိယာစိတ် မရှိရခြင်း ဖြစ်သည်။

### လောကုတ္တရာစိတ်အကျယ် အပါး (၄၀)

လောကုတ္တရာစိတ်သည် ဝိပဿနာယာနိကပုဂ္ဂိုလ်၏ အစွမ်းဖြင့် အကျဉ်း ၈ ပါး ဖြစ်၏။ သမထယာနိကပုဂ္ဂိုလ်၏အစွမ်းဖြင့် အကျယ် (၄၀) ဖြစ်၏။ ဈာန်တရားရရှိရန် သမထကမ္မဋ္ဌာန်း

www.burmeseclassic.com

www.burmeseclassic.com



အားထုတ်သော ပုဂ္ဂိုလ်သည် "သမထ ယာနိကပုဂ္ဂိုလ်" ဖြစ်၏။ မဂ်, ဖိုလ်, ရရန် ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်သောပုဂ္ဂိုလ်သည် "ဝိပဿနာ ယာနိက" ပုဂ္ဂိုလ်ဖြစ်သည်။

**၁။ ပါဒကဈာန်**။ ။ ဈာန်ရပြီးသော သမထယာနိကပုဂ္ဂိုလ်သည် မဂ်, ဖိုလ်ရရန် ဝိပဿနာကို အားထုတ်ပါက "ဈာန်" ၅ မျိုးအနက် တစ်ပါးပါးကို အခြေပြု၍ အားထုတ်၏။ ထိုအခြေပြုသောဈာန်ကို "ပါဒက" ဈာန်ဟု ခေါ်၏။

ထိုပုဂ္ဂိုလ်သည် "ပထမ"ဈာန်စသော ဈာန်တစ်မျိုးမျိုးကို ဝင်စား၏။ ထို့နောက်ထိုဈာန်မှ ထ၍သင်္ခါရတရားတို့ကိုအနိစ္စ၊ ဒုက္ခ၊ အနတ္တဟူ၍ ရှုသည်။ ဝုဋ္ဌာနဂါမိဝိပဿနာတိုင်အောင် တက်၍မဂ်ကိုရ၏။ ဈာန်ကိုအခြေပြု၍ အားထုတ်ပြီး သောတာပတ္တိမဂ်ရလျှင် ထိုသောတာပတ္တိမဂ် စိတ်သည် အခြေခံ ပြုသော-ဈာန်အင်္ဂါ ၅ ပါးနှင့်တကွဖြစ်သော ပထမဈာန်နှင့် ယှဉ်သည့်သောတာ ပတ္တိမဂ်စိတ် ဖြစ်ပေါ်၏။

ထိုနည်းတူစွာ ဒုတိယ, တတိယ, စတုတ္ထ, ပဉ္စမဈာန်ကို အခြေခံ၍ အားထုတ်လျှင် သက်ဆိုင်ရာ ဈာန်တို့နှင့်ယှဉ်၍ "သောတာပတ္တိမဂ်စိတ် ၅ ပါး ဖြစ်ပေါ်မည်။

**၂။ သမ္မသိတဈာန်** ။သမထယာနိကပုဂ္ဂိုလ်သည် ရပြီးသောဈာန်တို့ကို အခြေခံမပြုဘဲ ရပြီးသောဈာန် (၅) မျိုးအနက် တစ်ပါး ပါးကို လက္ခဏာရေးသုံးပါးတင်၍ ဝိပဿနာရှုပွား၏။ ထိုသုံးသပ်သောဈာန်ကို "သမ္မသိတ" ဈာန်ဟု ခေါ်၏။

သုံးသပ်သောဈာန်နှင့်ယှဉ်၍ မဂ်စိတ်ဖြစ်ပေါ်သောကြောင့် ပထမ, ဒုတိယ, တတိယ စတုတ္ထ, ပဉ္စမဈာန်တို့ကို သုံးသပ်၍ မဂ်စိတ်ဖြစ်ပေါ်လာ ပါက ထိုဈာန်နှင့်ယှဉ်၍ မဂ်စိတ် (၅) ပါး ဖြစ်ပေါ်လာသည်။

**၃။ ပုဂ္ဂလဇ္ဈာသယဈာန်**။ သမထယာနိက ပုဂ္ဂိုလ်သည် မဂ်ဖိုလ်ရရန် ဝိပဿနာရှုပွားရာ၌ရပြီးသော ဈာန် (၅) ပါးအနက် တစ်ပါးပါးကို ပါဒကအခြေခံလည်းပြု၏။ တစ်ပါးပါးကို လက္ခဏာရေးသုံးပါးတင်၍လည်း သုံးသပ်၏။ (၂) မျိုးလုံးပြုလုပ်သည်ဖြစ်၍ "ပုဂ္ဂလဇ္ဈာသယ" ဈာန်ဟု ခေါ်၏။

(၂) ပါးစုံသုံးသပ်၍ ဖြစ်ပေါ်လာသောဈာန်နှင့်ယှဉ်သည့် မဂ်ကို ယောဂီ ၏ ဆန္ဒအားလျော်စွာ ပါဒကအခြေခံပြုသောဈာန်နှင့် ယှူလိုပါက ပထမဈာန်နှင့် ယှဉ်သော သောတာပတ္တိမဂ်စိတ်ဟုလည်းကောင်း သမ္မသိတဈာန် နှင့် ယှူလိုပါက ဒုတိယဈာန်နှင့်ဈာန်ယှဉ်သော "သောတာပတ္တိမဂ်စိတ်" ဟု လည်းကောင်းယူနိုင်၏

ထို့ကြောင့် သောတာပတ္တိမဂ်စိတ် (၁) ပါးသည် အခြေခံပြုသော ပါဒက, သုံးသပ်သော "သမ္မသိတ" ပုဂ္ဂိုလ်၏ဆန္ဒဖြစ်သော "ပုဂ္ဂလဇ္ဈာသယ" ဈာန်တို့နှင့် ယှဉ်၍ ဖြစ်ပေါ်လာသောကြောင့်

(က) ၁။ ပထမဈာန်နှင့် ယှဉ်၍ဖြစ်သော, သောတာပတ္တိမဂ်စိတ်၊
၂။ ဒုတိယဈာန်နှင့် ယှဉ်၍ဖြစ်သော သောတာပတ္တိမဂ်စိတ်၊
၃။ တတိယဈာန်နှင့် ယှဉ်၍ဖြစ်သော သောတာပတ္တိမဂ်စိတ်၊

www.burmeseclassic.com

www.burmeseclassic.com



၄။ စတုတ္ထဈာန်နှင့် ယှဉ်၍ဖြစ်သော သောတာပတ္တိမဂ်စိတ်

၅။ ပဥ္စမဈာန်နှင့် ယှဉ်၍ဖြစ်သော သောတာပတ္တိမဂ်စိတ်


ဟူ၍ ဈာန်နှင့်ယှဉ်သည့် မဂ်စိတ် (၅) ပါး ပွားများသွား၏။

(ခ) သကဒါဂါမိ မဂ်စိတ် (၅) ပါး

(ဂ) အနာဂါမိ မဂ်စိတ် (၅) ပါး

**(ဃ) အရဟတ္တ မဂ်စိတ် (၅) ပါး ပေါင်း မဂ်စိတ် (၂၀) နှင့် ထိုနည်းတူ ဖိုလ်စိတ် (၂၀)** ဖြစ်ပေါ်လာသောကြောင့် လောကုတ္တရာစိတ်အကျယ်အပါး (၄၀) ဖြစ်ရပါသည်။

**စိတ်အကျဉ်း (၈၉) ပါး၊ အကျယ် (၁၂၁) ပါးကို သရုပ်ခွဲပုံ**




**လောကုတ္တရာ စိတအကျယ် (၄၀) ကို အကျယ်ရေတွက်ပုံ** မဂ်စိတ် (၂၀)၊ ဖိုလ်စိတ် (၂၀)၊ ပေါင်း (၄၀) ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## အကုသိုလ်စိတ် ၁၂ ပါး

၁။ လောဘမူစိတ် ၈ ပါး
၂။ ဒေါသမူစိတ် ၂ ပါး
၃။ မောဟမူစိတ် ၂ ပါး

**အကုသိုလ်စိတ်ပေါင်း = ၁၂ ပါး**

## အဟိတ်စိတ် (၁၈) ပါး

၁။ အကုသလဝိပါက်စိတ် ၇ ပါး
၂။ အဟိတ်ကုသလဝိပါက်စိတ်၈ ပါး
၃။ အဟိတ်ကြိယာစိတ် ၃ ပါး

**အဟိတ်စိတ်ပေါင်း = ၁၈ ပါး**

## အသောဘနစိတ် အပါး (၃၀)

၁။ အကုသိုလ်စိတ် ၁၂ ပါး
၂။ အဟိတ်စိတ် ၁၈ ပါး

**အသောဘနစိတ်ပေါင်း =၃၀ ပါး**

## အသောဘနစိတ်

တင့်တယ်သော အလောဘဟိတ်တို့နှင့်လည်းကောင်း, သဒ္ဓါ၊ သတိ စသော "သောဘနစေတသိက်" တို့နှင့်လည်းကောင်း မယှဉ်သောကြောင့် "အသောဘနစိတ်" ဟုခေါ်ဆိုသည်။

(က) အကုသိုလ်စိတ် (၁၂) ပါးတို့ကို အသောဘနစိတ်ဟု ခေါ်ရခြင်းသည် အပြစ်ရှိ၍ မတင့်တယ်သော "လောဘ" စသည့်ဟိတ်တို့နှင့်ယှဉ်သောကြောင့် ဖြစ်သည်။

(ခ) အဟိတ်စိတ် (၁၈) ပါးတို့ကို အသောဘနစိတ်ဟု ခေါ်ဆိုရခြင်းသည် အပြစ်မရှိ တင့်တယ်သော "အလောဘ" စသည့်ဟိတ်တို့နှင့် မယှဉ်သောကြောင့် ဖြစ်သည်။

## သောဘနစိတ် အကျဉ်း (၅၉) ပါး, အကျယ် (၉၁) ပါး

| | သောဘနစိတ် | အကျဉ်း | အကျယ် |
|---|---|---|---|
| ၁။ | ကာမသောဘနစိတ် | ၂၄ ပါး | ၂၄ ပါး |
| ၂။ | ရူပသောဘနစိတ် | ၁၅ ပါး | ၁၅ ပါး |
| ၃။ | အရူပသောဘနစိတ် | ၁၂ ပါး | ၁၂ ပါး |
| ၄။ | လောကုတ္တရာသောဘနစိတ် | ၈ ပါး | ၄၀ ပါး |
| | သောဘနစိတ်ပေါင်း= | ၅၉ ပါး | ၉၁ ပါး |

www.burmeseclassic.com

www.burmeseclassic.com



## သောဘနစိတ်

သဒ္ဓါ၊ သတိ စသော သောဘနစေတသိက်တို့နှင့် ယှဉ်၍ဖြစ်သောစိတ်များဖြစ်၍ "သောဘန"စိတ်များဟု ခေါ်ဆိုသည်။

### ကာမသောဘနစိတ် (၂၄) ပါး

| | | |
|---|---|---|
| ၁။ မဟာကုသိုလ်စိတ် | ၈ | ပါး |
| ၂။ မဟာဝိပါက်စိတ် | ၈ | ပါး |
| ၃။ မဟာကြိယာစိတ် | ၈ | ပါး |
| **ကာမသောဘနစိတ်ပေါင်း =** | **၂၄** | **ပါး** |

### ရူပသောဘနစိတ် ၁၅ ပါး

| | | |
|---|---|---|
| ၁။ ရူပ ကုသိုလ် (သောဘန) စိတ် | ၅ | ပါး |
| ၂။ ရူပ ဝိပါက် (သောဘန) စိတ် | ၅ | ပါး |
| ၃။ ရူပကြိယာ (သောဘန) စိတ် | ၅ | ပါး |
| **ရူပသောဘနစိတ်ပေါင်း =** | **၁၅** | **ပါး** |

### အရူပသောဘနစိတ် ၁၂ ပါး

| | | |
|---|---|---|
| ၁။ အရူပ ကုသိုလ် (သောဘန) စိတ် | ၄ | ပါး |
| ၂။ အရူပ ဝိပါက် (သောဘန) စိတ် | ၄ | ပါး |
| ၃။ အရူပ ကြိယာ (သောဘန) စိတ် | ၄ | ပါး |
| **အရူပသောဘနစိတ်ပေါင်း =** | **၁၂** | **ပါး** |

### လောကုတ္တရာသောဘနစိတ် အကျဉ်း ၈ ပါး၊ အကျယ် ၄၀

| | | |
|---|---|---|
| ၁။ မဂ်စိတ်အကျဉ်း | ၄ ပါး | အကျယ် အပါး ၂၀ |
| ၂။ ဖိုလ်စိတ်အကျဉ်း | ၄ ပါး | အကျယ် အပါး ၂၀ |
| လောကုတ္တရာသောဘနစိတ်အကျဉ်း | ၈ ပါး | အကျယ် အပါး ၄၀ |

### ကာမာဝစရစိတ် (ဝါ) ကာမစိတ် (၅၄) ပါး

| | | |
|---|---|---|
| ၁။ အသောဘနစိတ်အပါး | ၃၀ | |
| ၂။ ကာမသောဘနစိတ် | ၂၄ | |
| **ကာမစိတ်ပေါင်း** | **၅၄** | **ပါး** |

### မဟဂ္ဂုတ်စိတ် (၂၇) ပါး

| | | |
|---|---|---|
| ၁။ ရူပါဝစရစိတ် | ၁၅ | ပါး |
| ၂။ အရူပါဝစရစိတ် | ၁၂ | ပါး |
| **မဟဂ္ဂုတ်စိတ်ပေါင်း =** | **၂၇** | **ပါး** |

www.burmeseclassic.com

www.burmeseclassic.com



မဟဂ္ဂုတ်စိတ် (မဟဂ္ဂတ = မဟာ = မြတ်သည်အဖြစ်သို့ + ဂတ = ရောက်သောစိတ်)

ဈာန်ရသော မြင့်မြတ်သူတို့ ရအပ်ရောက်အပ်သောကြောင့်"မဟဂ္ဂုတ်" စိတ်ဟု ခေါ်သည်၊ (အောက်တန်းကျသော ကာမနယ်မှလွတ်မြောက်ရန် နီဝရဏတရားတို့ကို ပယ်ခွာနိုင်သောကြောင့် မြင့်မြတ်သူဟုဆိုရ၏။)

**လောကီစိတ် (၈၁) ပါး**

၁။ ကာမစိတ် ၅၄ ပါး

၂။ မဟဂ္ဂုတ်စိတ် ၂၇ ပါး

**လောကီစိတ်ပေါင်း = ၈၁ ပါး**

လောကီစိတ် = (လောက = လောက၌၊ ဣ (ဣ) = ထင်ရှားသောစိတ်။ လောက၌ ထင်ရှားသောစိတ်များဖြစ်၍ "လောကီစိတ်" ဟု ခေါ်၏။

ဖြစ်တတ် ပျက်တတ်သောသခ်ါရလောက၌ အကျုံးဝင်သောကြောင့်လည်း "**လောကီစိတ်**"ဟု ခေါ်သည်။

**စိတ်အကျဉ်း ၈၉ ပါး၊ အကျယ် ၁၂၁ ပါး**

| | | | |
|---|---|---|---|
| ၁။ လောကီစိတ် | ၈၁ ပါး | လောကီစိတ် | ၈၁ ပါး |
| ၂။ လောကုတ္တရာစိတ်အကျဉ်း | ၈ ပါး | လောကုတ္တရာစိတ်အကျယ်အပါး | ၄၀ |
| စိတ်အကျဉ်း = | ၈၉ ပါး | အကျယ် = | ၁၂၁ ပါး |

**စိတ် အကျဉ်း (၈၉) ပါး၊ အကျယ် (၁၂၁) ပါးကို ဘေဒ (၅) မျိုးဖြင့် ခွဲခြားပြခြင်း**

**ဘူမိဘေဒ (ဘုံ) အားဖြင့် ခွဲခြားပြခြင်း**

၁။ ကာမဘုံ၌ ဖြစ်သောစိတ် ၅၄ ပါး

၂။ ရူပဘုံ၌ ဖြစ်သောစိတ် ၁၅ ပါး

၃။ အရူပဘုံ၌ ဖြစ်သောစိတ် ၁၂ ပါး

၄။ လောကုတ္တရာ အဝတ္ထာဘုံ၌ဖြစ်သောစိတ် ၄၀ ပါး

**စုစုပေါင်း ၁၂၁ ပါး**

ဘူမိ (ဘုံ) = ဘုံဆိုသည်မှာ ဌာနဘုံ၊ အဝတ္ထာဘုံ ဟူ၍ (၂) မျိုးရှိသည်။ ဌာနဘုံဆိုသည်မှာ တည်ရာဌာန ရရှိအပ်သော အပါယ်ဘုံ၊ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံ နေရာအရပ်တို့ ဖြစ်သည်။

အဝတ္ထာဘုံဆိုသည်မှာ တဏှာ (၃) ရပ်ဖြင့်သတ်မှတ်အပ်သောနယ်ပယ် ဖြစ်သည်။

၁။ ကာမတဏှာ၏ အာရုံပြုရာ ကာမစိတ်၊ စေတသိက်၊ ရုပ်တရားတို့ကို ကာမတဏှာ နယ်ပယ်ဟူ၍ ကာမတဏှာဖြင့် သတ်မှတ်ထား၏။

ထိုကာမတဏှာဖြင့် ပိုင်းခြားသတ်မှတ်ထားသော ကာမစိတ်၊ စေတသိက်၊ ရုပ် (ကာမစိတ် ၅၄ ပါး + စေတသိက် ၅၂ ပါး + ရုပ် ၂၈ ပါး ) အားလုံးကို "ကာမ အဝတ္ထာဘုံ" ဟု ခေါ်ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



၂။ ရူပတဏှာ၏ အာရုံပြုရာ ရူပစိတ်, စေတသိက် တို့ကို ရူပတဏှာ နယ်ပယ်ဟူ၍ ရူပတဏှာဖြင့် ပိုင်းခြားသတ်မှတ်ထား၏။
ရူပတဏှာဖြင့် ပိုင်းခြားသတ်မှတ်ထားသော ရူပစိတ်, စေတသိက်တရားတို့သည် "ရူပအဝစ္စာဘုံ"ဖြစ်သည်။

၃။ အရူပတဏှာ၏ အာရုံပြုရာ အရူပစိတ်, စေတသိက်တို့ကို"အရူပတဏှာနယ်ပယ်" ဟူ၍ အရူပတဏှာဖြင့် ပိုင်းခြားသတ်မှတ်ထား၏။
အရူပတဏှာဖြင့် ပိုင်းခြားသတ်မှတ်ထားသော ထိုအရူပစိတ်, စေတသိက်တရားတို့ကို "အရူပအဝစ္စာဘုံ" ဟု ခေါ်ဆိုသည်။

၄။ တဏှာသုံးပါးတို့မှ လွတ်သော နယ်ပယ်တစ်ရပ်ဟု သတ်မှတ်ထားသော နိဗ္ဗာန်, လောကုတ္တရာစိတ်, စေတသိက်တရားအားလုံးကို "လောကုတ္တရာအဝစ္စာဘုံ" ဟုခေါ်ဆိုသည်။

၁။ ကာမဘုံ, ရူပဘုံ, အရူပဘုံပေါင်း (၃) ပါးတို့၌ ဌာနဘုံနှင့် အဝစ္စာဘုံ (၂) ပါးစုံကို ရရှိသည်။

၂။ လောကုတ္တရာဘုံမှာမူ "အဝစ္စာဘုံ" တစ်မျိုးကိုသာ ရရှိသည်။

## ၂။ ဇာတိဘေဒ (ဇာတ် = အမျိုးအစား) အားဖြင့် ခွဲခြားပြခြင်း

### ဇာတ် (၄) မျိုးဖြင့်ပြပုံ

| စဉ် | စိတ်အကျဉ်း | | စိတ်အကျယ် | |
|---|---|---|---|---|
| ၁။ | အကုသိုလ်စိတ် | ၁၂ ပါး | | ၁၂ ပါး |
| ၂။ | ကုသိုလ်စိတ် | ၂၁ ပါး | | ၃၇ ပါး |
| ၃။ | ဝိပါက်စိတ် | ၃၆ ပါး | | ၅၂ ပါး |
| ၄။ | ကြိယာစိတ် | ၂၀ ပါး | | ၂၀ ပါး |
| | ပေါင်း= | ၈၉ ပါး | ပေါင်း | ၁၂၁ ပါး |

### ဇာတ် (၃) မျိုးဖြင့် ပြပုံ

| စဉ် | စိတ်အကျဉ်း | | စိတ်အကျယ် | |
|---|---|---|---|---|
| ၁။ | အကုသိုလ်စိတ် | ၁၂ ပါး | | ၁၂ ပါး |
| ၂။ | ကုသိုလ်စိတ် | ၂၁ ပါး | | ၃၇ ပါး |
| ၃။ | အဗျာကတစိတ် | ၅၆ ပါး | | ၇၂ ပါး |
| | ပေါင်း = | ၈၉ ပါး | ပေါင်း | ၁၂၁ ပါး |

**အဗျာကတစိတ်** = ဝိပါက်စိတ်နှင့် ကြိယာစိတ် (၂) ရပ်ပေါင်းကို **အဗျာကတစိတ်**ဟု ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ၃။ ဝေဒနာဒအားဖြင့် ခွဲခြားပြခြင်း

| | စိတ်အကျဉ်း | အကျယ် |
|---|---|---|
| ၁။ + = သောမနဿ ဝေဒနာ | ၃၀ ပါး | ၆၂ ပါး |
| ၂။ > = ဒေါမနဿ ဝေဒနာ | ၂ ပါး | ၂ ပါး |
| ၃။ — = ဥပေက္ခာ ဝေဒနာ | ၅၅ ပါး | ၅၅ ပါး |
| ၄။ V = ဒုက္ခဝေဒနာ | ၁ ပါး | ၁ ပါး |
| ၅။ Λ = သုခဝေဒနာ | ၁ ပါး | ၁ ပါး |
| ပေါင်း | ၈၉ ပါး | ပေါင်း ၁၂၁ ပါး |


(လောကုတ္တရာစိတ် (၈) ပါးကို ဥပေက္ခာ ဝေဒနာတွင်ထည့်သွင်း၍ တွက်ချက်ထားပါသည်။)

* လောကုတ္တရာစိတ် အကျယ်ကို ဈာနဘေဒအားဖြင့် ပြဆိုရာတွင်, ပ, ဒု, တ, စတုတ္ထဈာန်တို့နှင့် ယှဉ်ခိုက် "သောမနဿ ဝေဒနာ"ဖြစ်ပါသည်။ ပဉ္စမဈာန်နှင့် ယှဉ်ခိုက် ဥပေက္ခာ ဝေဒနာဖြစ်ပါသည်။ ထို့ကြောင့် လောကုတ္တရာစိတ်အကျဉ်း (၈)ပါးသည် ဝေဒနာအားဖြင့် သောမနဿဝေဒနာလည်းဖြစ်၏။ ဥပေက္ခာဝေဒနာလည်းဖြစ်၏။

## ၄။ ယောဂဘေဒအားဖြင့်ပြပုံ

(သမ္ပယုတ်၊ ဝိပ္ပယုတ်စိတ်များကို ခွဲခြားပြခြင်း)

| | သမ္ပယုတ်စိတ် | ဝိပ္ပယုတ်စိတ် |
|---|---|---|
| ၁။ အကုသိုလ်စိတ် | ၈ ပါး | ၄ ပါး |
| ၂။ ကာမသောဘနစိတ် | ၁၂ ပါး | ၁၂ ပါး |




မှတ်ချက်။ ဒိဋ္ဌိ, ပဋိဃ, ဝိစိကိစ္ဆာ, ဥဒ္ဓစ္စ, ဉာဏ်ဟူသော စေတသိက်တို့နှင့်ယှဉ်သောစိတ်တို့ကို သမ္ပယုတ်စိတ်ဟူ၍ ခေါ်ဆိုပြီး မယှဉ်သောစိတ်တို့ကို ဝိပ္ပယုတ်ဟု ခေါ်ဆိုသည်။

အရှင်အနုရုဒ္ဓါ၏ အလိုအရ, အဟိတ်စိတ်, မဟဂ္ဂုတ်စိတ်နှင့် လောကုတ္တရာစိတ်တို့ကို

www.burmeseclassic.com

www.burmeseclassic.com



သမ္ပယုတ်ဟူလည်းကောင်း၊ ဝိပ္ပယုတ်ဟူ၍ လည်းကောင်း ခွဲခြားမပြသောကြောင့် အကုသိုလ်စိတ် ၁၂ ပါးနှင့် ကာမသောဘနစိတ် (၂၄) ပါးတို့ကိုသာ သမ္ပယုတ်၊ ဝိပ္ပယုတ် ခွဲခြားပြရန်လိုသည်။ ကြွင်းသော စိတ်တို့ကို ယောဂအားဖြင့် အထူးခွဲခြားပြခြင်းမရှိပါ။

### ၅။ သင်္ခါရဘေဒအားဖြင့် ခွဲခြားပြခြင်း

(အသင်္ခါရိက, သသင်္ခါရိကအားဖြင့်စိတ်တို့ကို ခွဲခြားပြခြင်း)

| အသင်္ခါရိက | | သသင်္ခါရိက |
|---|---|---|
| ၁။ အကုသိုလ်စိတ် | ၅ ပါး | ၅ ပါး |
| ၂။ ကာမသောဘနစိတ် | ၁၂ ပါး | ၁၂ ပါး |
| စုစုပေါင်း | ၁၇ ပါး | ၁၇ ပါး |

**မှတ်ချက်။** * မောဟမူစိတ် (၂) ပါးသည် အသင်္ခါရိကစိတ်လည်းမဟုတ်၊ သသင်္ခါရိက စိတ်လည်း မဟုတ်သောကြောင့် သင်္ခါရ ဝိမုတ် စိတ်ဖြစ်သည်။

* ကြွင်းသော အဟိတ်စိတ်, မဟဂ္ဂုတ်စိတ်, လောကုတ္တရာစိတ်တို့ကို သင်္ခါရအားဖြင့် အထူးခွဲခြားပြထားခြင်း မရှိပါ။

### ဈာနဘေဒ

(ဈာန်စိတ်များကို ခွဲခြားပြခြင်း)

လောကီ၊ လောကုတ္တရာ ဈာန်စိတ်များ

| | လောကီဈာန်စိတ် | လောကုတ္တရာဈာန်စိတ် | |
|---|---|---|---|
| ပ ဈာန် | + + + | ++++ ++++ | ၁၁- ပါး |
| ဒု ဈာန် | + + + | ++++ ++++ | ၁၁- ပါး |
| တ ဈာန် | + + + | ++++ ++++ | ၁၁- ပါး |
| စ ဈာန် | + + + | ++++ ++++ | ၁၁- ပါး |
| ပဉ္စ ဈာန် | – – – – – –<br>– – –<br>– – –<br>– – – | – – – – – – – – | ၂၃- ပါး |
| ဈာန်စိတ်ပေါင်း | | | ၆၇- ပါး |

www.burmeseclassic.com

www.burmeseclassic.com



## ဈာန်စိတ် ၆၇ ပါးကို ဈာနဘေဒအားဖြင့် ခွဲပြပုံ

| လောကီဈာန်စိတ် | | လောကုတ္တရာဈာန်စိတ် | လောကီ၊လောကုတ္တရာဈာန်စိတ် |
|---|---|---|---|
| ၁။ ပထမဈာန် | ၃ ပါး | ၈ ပါး | ၁၁ ပါး |
| ၂။ ဒုတိယဈာန် | ၃ ပါး | ၈ ပါး | ၁၁ ပါး |
| ၃။ တတိယဈာန် | ၃ ပါး | ၈ ပါး | ၁၁ ပါး |
| ၄။ စတုတ္ထဈာန် | ၃ ပါး | ၈ ပါး | ၁၁ ပါး |
| ၅။ ပဉ္စမဈာန် | ၁၅ ပါး | ၈ ပါး | ၂၃ ပါး |
| ပေါင်း= | ၂၇ ပါး | ပေါင်း = ၄၀ ပါး | ပေါင်း = ၆၇ ပါး |

* အရူပါဝစရစိတ်တို့သည် "ဥပေက္ခာ, ဧကဂ္ဂတာ" ဟူ၍ ဈာန်အင်္ဂါ (၂) ပါးသာ ယှဉ်၍ ပဉ္စမဈာန်အင်္ဂါချင်းတူသောကြောင့် အရူပ စိတ် (၁၂) ပါးလုံးကို ပဉ္စမဈာန်၌ သွင်းယူရသည်။

### မဂ္ဂဘေဒ

(မဂ်စိတ်များကို ခွဲခြားပြခြင်း)

| မဂ်စိတ်အကျဉ်း | | အကျယ် | |
|---|---|---|---|
| ၁။ သောတာပတ္တိမဂ်စိတ် | ၁ ပါး | သောတာပတ္တိ မဂ်စိတ် | ၅ပါး |
| ၂။ သကဒါဂါမိမဂ်စိတ် | ၁ ပါး | သကဒါဂါမိမဂ်စိတ် | ၅ပါး |
| ၃။ အနာဂါမိမဂ်စိတ် | ၁ ပါး | အနာဂါမိမဂ်စိတ် | ၅ပါး |
| ၄။ အရဟတ္တမဂ်စိတ် | ၁ ပါး | အရဟတ္တမဂ်စိတ် | ၅ပါး |
| မဂ်စိတ်အကျဉ်း | ၄ ပါး | မဂ်စိတ်အကျယ်= | ၂၀ပါး |

### အာရမ္မဏဘေဒ

(အရူပါဝစရစိတ် ၁၂ ပါးကို ခွဲခြားပြခြင်း)

၁။ အာကာသာနဉ္စာယတန ကုသိုလ်, ဝိပါက်, ကြိယာစိတ် ၃ ပါး

၂။ ဝိညာဏဉ္စာယတန ကုသိုလ်, ဝိပါက်, ကြိယာစိတ် ၃ ပါး

၃။ အာကိဉ္စညာ ယတန ကုသိုလ်, ဝိပါက်, ကြိယာစိတ် ၃ ပါး

၄။ နေဝသညာ နာသညာယတန ကုသိုလ်, ဝိပါက်, ကြိယာစိတ် ၃ ပါး

**အာရမ္မဏ ဘေဒစိတ် စုစုပေါင်း ၁၂ ပါး**

www.burmeseclassic.com

www.burmeseclassic.com



## စိတ်ပိုင်းဆိုင်ရာ မှတ်သားဖွယ်ရာများ

### အကုသလဝိပါက်စိတ် (၇) ပါး အကျိုးပေးပုံ

| အကုသလဝိပါက်စိတ် ၇ ပါး | ပဋိသန္ဓေအကျိုး | ပဝတ္တိအကျိုး |
|---|---|---|
| ၁။ ဥပေက္ခာသန္တီရဏ ၁ ပါး | ပဋိသန္ဓေအကျိုး | ပဝတ္တိအကျိုး |
| ၂။ ကြွင်း ၆ ပါး | | ပဝတ္တိအကျိုး |

### အဟိတ်ကုသလဝိပါက်စိတ် (၈) ပါး အကျိုးပေးပုံ

| အဟိတ်ကုသလဝိပါက်စိတ် | ပဋိသန္ဓေအကျိုး | ပဝတ္တိအကျိုး |
|---|---|---|
| ၁။ ဥပေက္ခာသန္တီရဏ ၁ ပါး | ပဋိသန္ဓေအကျိုး | ပဝတ္တိအကျိုး |
| ၂။ ကြွင်း ၇ ပါး | | ပဝတ္တိအကျိုး |

* အဟိတ်ကုသလဝိပါက်စိတ် (၈) ပါး၏ ပဝတ္တိ အကျိုးသည် ကာမ (၁၁) ဘုံ နှင့် အသညသတ်ကြဉ် ရူပ (၁၅) ဘုံတို့၌လည်း ထိုက်သည့်အားလျော်စွာ ဖြစ်သည်။

### ကာမစိတ် (၅၄) ပါး, ဘုံဌာနအလိုက်ဖြစ်ပုံ

| ကာမဘုံ၌သာဖြစ်သောစိတ် | ကာမ, ရူပ, အရူပဘုံ၌ ဖြစ်သောစိတ် |
|---|---|
| ၁။ ဒေါသမူစိတ် ၂ ပါး<br>၂။ ဃာနဝိညာဏ်စိတ် ၂ ပါး<br>၃။ ဇိဝှါဝိညာဏ်စိတ် ၂ ပါး<br>၄။ ကာယဝိညာဏ်စိတ် ၂ ပါး<br>၅။ မဟာဝိပါက်စိတ် ၈ ပါး | ကြွင်း, ၃၈ ပါးစိတ်တို့သည် ကာမဘုံ၌ များသောအားဖြင့် ဖြစ်ပြီး ရူပ, အရူပဘုံတို့၌ လည်းဖြစ်နိုင်သေး၏။ |
| ပေါင်း ၁၆ ပါး | ကြွင်း ၃၈ ပါး |

### ရူပစိတ် (၁၅) ပါး, ဘုံဌာနအလိုက်ဖြစ်ပုံ

| ရူပဘုံ၌သာဖြစ်သောစိတ် | ရူပ, ကာမဘုံ၌ ဖြစ်သောစိတ် |
|---|---|
| ၁။ ရူပဝိပါက်စိတ် ၅ ပါး | ကြွင်းသော ရူပကုသိုလ် (၅)ပါးနှင့် ကြိယာ (၅)ပါးတို့သည်ရူပဘုံ၌များသောအားဖြင့် သာဖြစ်ပြီးကာမဘုံ၌လည်း ဖြစ်နိုင်သေး၏။ |
| ပေါင်း ၅ ပါး | ကြွင်း ၁၀ ပါး |

www.burmeseclassic.com

www.burmeseclassic.com



## အရူပစိတ် (၁၂) ပါး, ဘုံဌာနအလိုက်ဖြစ်ပုံ

| အရူပဘုံ၌သာဖြစ်သောစိတ် | ကာမ, ရူပဘုံ၌ ဖြစ်သောစိတ် |
|---|---|
| ၁။ အရူပဝိပါက်စိတ် ၄ ပါး | ကြွင်းသော အရူပ ကုသိုလ် စိတ်(၄) ပါး နှင့် ကြိယာစိတ်(၄)ပါးတို့သည်အရူပ ဘုံတို့၌ များသောအားဖြင့်သာဖြစ်ပြီး ကာမဘုံ, ရူပဘုံတို့၌လည်း ဖြစ်နိုင်၏။ |
| ပေါင်း ၄ ပါး | ကြွင်း ၈ ပါး |

### သဗ္ဗညုတဉာဏ်နှင့် အရဟတ္တမဂ်ဉာဏ်အထူး

သဗ္ဗညုတဉာဏ်ဆိုသည်မှာ ဆင်ခြင်လိုက်သောအခါ အာရုံမှန်သမျှကို အဆီးအတားမရှိ မကြွင်းမကျန်အာရုံပြုနိုင်သော မဟာကြိယာဉာဏ သမ္ပယုတ် (၄)ပါး၌ ယှဉ်သော ပညာ စေတသိက်ဖြစ်သည်။ ထိုစိတ်သည် လောကီစိတ်ဖြစ်သည်။

အရဟတ္တ မဂ်ဉာဏ်သည် နိဗ္ဗာန်ကိုသာ အာရုံပြု၍ လောကုတ္တရာစိတ်ဖြစ်သည်။ အရဟတ္တမဂ်ဉာဏ်သည် သဗ္ဗညုတဉာဏ်ထက်ပို၍ မြင့်မြတ်၍ ထူးပါသည်။

### မဂ်စိတ် (၅) မျိုးသည် ပုဂ္ဂိုလ်တစ်ဦး၌ မဖြစ်နိုင်ခြင်း

မဂ်စိတ်အကျယ်၌ ပထမဈာန်စသော ဈာန်နှင့် ယှဉ်သည့် သောတာပတ္တိမဂ် (၅) မျိုးရှိသော်လည်း ပထမဈာန်၊ ဒုတိယ ဈာန်စသည်ဖြင့်ရ၍ မဂ်စိတ်ပါရရှိသူပုဂ္ဂိုလ်တစ်ဦးတည်း၌ သောတာပတ္တိမဂ်စိတ် (၅) မျိုးလုံး မဖြစ်နိုင်။ မဂ်စိတ်သည် (၁) ကြိမ်တည်းသာဖြစ်ပေါ်လေ့ရှိ၏။

### သဗ္ဗညုတဉာဏ်နှင့်တူသောစိတ်

**မနောဒွါရာဝဇ္ဇန်းစိတ်**သည် ဘုရားရှင်၏ သန္တာန်တော်၌ ဖြစ်ခိုက် အကုန်မကျန်အလုံးစုံကို အာရုံပြုနိုင်သောကြောင့် "သဗ္ဗညုတဉာဏ်" မဟုတ်သော်လည်း သဗ္ဗညုတဉာဏ်နှင့် တူသောစိတ်ဟု ခေါ်ဆိုနိုင်သည်။ ဆင်ပြောင်ကြီးနှင့်တူသော မဟာဂဇစိတ်ဟူ၍လည်းခေါ်၏။

### အကျိုးဝိပါက်စိတ်ချင်းကွဲပြားပုံ

၁။ ရူပ, အရူပ, လောကုတ္တရာ ကုသိုလ်စိတ်တို့သည် တူညီသောအကျိုးကိုပေး၏။

ရူပ, အရူပ ကုသိုလ်တို့သည် (ကုသိုလ် (၅) မျိုးရှိလျှင် (၅) မျိုး, ကုသိုလ် ၄ မျိုးရှိလျှင် ၄ မျိုး) အခြားမဲ့ ဘဝ၌ မြဲသော အကျိုးကိုပေး၏။

လောကုတ္တရာ ကုသိုလ်သည်လည်း အကြားမရှိ အခြားမဲ့၌ တူညီသော အကျိုးကိုပေး၏။ မဂ်စိတ်ဖြစ်ပေါ်သည်နှင့် တစ်ပြိုင်နက် ဆိုင်ရာတူညီသော ဖိုလ်စိတ်သည် အကာလိကော မဆိုင်းမတွ ဖြစ်ပေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



၂။ ကာမကုသိုလ်သည်ကား တူသောအကျိုး၊ မတူသောအကျိုးဟူ၍ (၂) ပါးစုံ အကျိုးပေး၏။

(က) မဟာကုသိုလ်၏ အကျိုးဖြစ်သော မဟာဝိပါက်ဖြစ်ပေါ်ခြင်းသည် တူသော အကျိုးကို ပေးခြင်းဖြစ်သည်။

(ခ) မဟာကုသိုလ်ကြောင့် အဟိတ်ကုသလဝိပါက်ဖြစ်ပေါ်ခြင်းသည် မတူသော အကျိုးကို ပေးခြင်းဖြစ်သည်။

(ဂ) ပစ္စုပ္ပန်ဘဝ၌ ဒိဋ္ဌဓမ္မအကျိုး၊
ဒုတိယဘဝ၌ ဥပပဇ္ဇ ဝေဒနီယ အကျိုး၊
တတိယဘဝမှ နိဗ္ဗာန်မရမီကာလ၌ အပရာ ပရိယဝေဒနီယ အကျိုးဟူ၍ အကျိုးပေးကာလ ကွဲပြား၍ မတူသော အကျိုးကိုပေး၏။

**ဇိဘ်တစ်ခုယုတ်ကိုးဆယ်၌ ပါသော်လည်း အတိုးအလျော့ မရှိသော စိတ် (၂) ပါး**

ရူပကုသိုလ်အဘိညာဉ်နှင့် ရူပကြိယာ အဘိညာဉ်စိတ် (၂) ပါးတို့သည် စိတ်အမည်ရကြသည်။ အဘိညာဉ်၏ တရားကိုယ်သည် အလွန်အကျူးအထူးသိတတ်သောဉာဏ်နှင့် ယှဉ်သည့် ပဉ္စမဈာန် စိတ်ပင်ဖြစ်သည်။ ထို့ကြောင့် ထိုစိတ် (၂) ပါးကို စိတ်ဦးရေ၌ အတိုးအလျော့ပြုရန် မလိုချေ။

**ပဉ္စမဈာန်နှင့် အဘိညာဉ်ခွဲတို့ထူးခြားမှု**

ပဉ္စမဈာန် ရိုးရိုး ကုသိုလ်စိတ်သည် ပဋိသန္ဓေအကျိုးကို ပေး၍ အဘိညာဉ်တပ်သော ပဉ္စမဈာန်ကုသိုလ်စိတ်သည် ပဋိသန္ဓေအကျိုးကို မပေးပါ။ ဤသို့ထူးခြားသည်။

**စိတ်ပိုင်းပြီး၏။**

www.burmeseclassic.com

www.burmeseclassic.com



## သာသနာရေးဦးစီးဌာနက ကျင်းပခဲ့သည့် အဘိဓမ္မာ (ရိုးရိုး) စာမေးပွဲ မေးခွန်းဟောင်းများ။

## စိတ်ပိုင်း

### ၁၉၅၄ ခုနှစ်

၁။ ကာမာဝစရ၊ ရူပါဝစရ၊ အရူပါဝစရ၊ လောကုတ္တရာစိတ်ခေါ်ရခြင်းအကြောင်းကို အသီးသီးဖော်ပြ၍ ၎င်းစိတ်အသီးသီးတို့၏ သရုပ်ကို အပေါင်းသချာမှု ထုတ်ပြခဲ့ပါ။

၂။ ဉာဏ သမ္ပယုတ်သာဖြစ်၍ အသင်္ခါရိက မဖြစ်သော ကာမာဝစရစိတ်၊ အသင်္ခါရိကသာဖြစ်၍ ဉာဏသမ္ပယုတ် မဖြစ်သော ကာမာဝစရစိတ်၊ နှစ်ပါးစုံဖြစ်သော ကာမာဝစရစိတ်၊ နှစ်ပါးစုံမဖြစ်သော ကာမာဝစရစိတ်တို့ကို ၎င်းတို့ ယှဉ်နိုင်သော စေတသိက်တို့နှင့် တကွ အသီးသီးဖော်ပြခဲ့ပါ။

### ၁၉၅၅ ခုနှစ်

၁။ အဘိဓမ္မတ္ထတရားများကို ထုတ်ပြ၍
၎င်းတို့တွင် ပရမတ္ထတရားတို့၏ အဓိပ္ပာယ်တစ်ခုစီ ရှင်းလင်းပြပါ။

၂။ ရူပါဝစရစိတ်မှာ တစ်ဆဲ့ ငါးခုရှိ၍ အရူပါဝစရ စိတ်မှာ တစ်ဆဲ့နှစ်ခုသာရှိရခြင်း၏ အကြောင်းတို့ကို ရှင်းလင်းဖြေဆိုပါ။

### ၁၉၅၆ ခုနှစ်

၁။ အဟိတ် ဥပေက္ခာတို့သည် တစ်မျိုးတစ်မျိုးလျှင် အဘယ်မျှစီရှိပါသနည်း။ ဥပေက္ခာမဟုတ်သော အဟိတ်စိတ်တို့ကိုလည်း ရေတွက်ပြပါ။

၂။ ကာမေတေဝီသပါကာနိ၌ တေဝီသအရခွဲခြားပြဆိုပြီးလျှင် ကုသလဝိပါက် ဥပေက္ခာမည်မျှ အကုသလ ဝိပါက် ဥပေက္ခာမည်မျှဟု ဖြေဆိုခဲ့ပါ။

၃။ အရူပစိတ် တစ်ဆယ့်နှစ်ပါးတို့သည် ဈာန်အင်္ဂါပေါင်း အဘယ်မျှ စီနှင့်ပြည့်စုံကြပါသနည်း။ ၎င်းအရူပစိတ်တို့ကို မည်သည့် ဈာန်၌ ရေတွက်အပ်ကြောင်းကိုလည်း အကြောင်းနှင့်တကွ ရှင်းလင်းပြပါ။

၄။ ပဉ္စမဈာန်စိတ် ၂၃ ပါးတို့ကို ရေတွက်ပြခဲ့ပါ။

၅။ ဒိဋ္ဌိဂတသမ္ပယုတ်နှင့် အသင်္ခါရိကဖြစ်ခြင်းအကြောင်းတို့ကို ရှင်းလင်းစွာ ဖော်ပြပါ။

၆။ မဟဂ္ဂုတ်ကုသိုလ်၊ လောကုတ္တရာ ကုသိုလ်တို့ကို ကာမာဝစရ ကုသိုလ်ကဲ့သို့ မဟာဟု အဘယ့်ကြောင့် မဆိုရခြင်းကို ရှင်းလင်းဖော်ပြပါ။

၇။ တိဟိတ်စိတ်နှင့် ယှဉ်သော စေတသိက်များ ဖော်ပြပြီးလျှင် ထိုစေတသိက်များမှ ဒွိဟိတ်စေတသိက်, တိဟိတ်စေတသိက်တို့ကို ခွဲခြားထုတ်ပြပါ။

### ၁၉၅၇ ခုနှစ်

၁။ ပရမတ်တရားများကို အကျဉ်းအားဖြင့် မည်မျှ အကျယ်အားဖြင့် မည်မျှရှိသည်ဟု ပြဆိုပြီးလျှင် နာမ်ပရမတ် ရုပ်ပရမတ် ခွဲပြပါ။

၂။ ဈာန်အားဖြင့် ပြားသောစိတ်၊ အာရုံအားဖြင့် ပြားသော စိတ်များကို ဖော်ပြပါ။

www.burmeseclassic.com

www.burmeseclassic.com



၃။ သူတစ်ပါး၏ အကျိုးစီးပွားကို ပျက်ပြားအောင် ပြုလုပ်သူအား မည်သည့် စိတ်ဖြစ်သနည်း။ ၎င်းစိတ်နှင့် ယှဉ်သော စေတသိက်များကိုလည်း ဖော်ပြပါ။

**၁၉၅၈- ခုနှစ်**

၁။ မောဟမူစိတ်သည် အသင်္ခါရိကလော၊ သသင်္ခါရိကလော၊ အကြောင်းပြဖြေခဲ့ပါ။

၂။ အဟိတ်စိတ်တို့၌ သောမနဿ မည်မျှ၊ ဥပေက္ခာ မည်မျှရှိပါသနည်း။

၃။ ဈာန်ဆိုသည်မှာ စိတ်လော၊ စေတသိက်လော၊ အဘယ်ကို ဈာန်ဟု ခေါ်သနည်း။

**၁၉၇၂- ခုနှစ်**

၁။ အသောဘဏစိတ် ၃၀-တွင် သောမနဿသဟဂုတ်သာဖြစ်၍ ဥပေက္ခာ သဟဂုတ်မဖြစ်သောစိတ်၊ ၂- ပါးစုံမဖြစ်သော စိတ်တို့ကို ရေတွက်ပြပါ။

၂။ လောကီဝိပါက်စိတ်များတွင် ဥပေက္ခာ ဝေဒနာနှင့် ယှဉ်သောစိတ်များကို ထုတ်ပြပါ။

၃။ မဟဂ္ဂုတ်စိတ်တို့တွင် အာရုံအားဖြင့် ပြားသောစိတ်၊ ဈာန်အားဖြင့် ပြားသော စိတ်တို့ကို နာမည်မျှ ဖော်ပြပါ။

**၁၉၇၅- ခုနှစ်**

၁။ ကာမစိတ် ၅၄- ပါးကို ဝေဒနာ ၅- ပါးဖြင့် ခွဲခြားဝေဖန်ပြပါ။

၂။ ဈာန်အင်္ဂါ ၂- ပါးရှိသော မဟဂ္ဂုတ် ဥပေက္ခာစိတ်များကို ရေတွက်ပြပါ။

၃။ သုခဝေဒနာနှင့် ယှဉ်၍ ဈာန်အင်္ဂါ ၂- ပါးရှိသော လောကုတ္တရာဈာန်စိတ်နှင့် သုခဝေဒနာနှင့် မယှဉ်ဘဲ ဈာန်အင်္ဂါ ၂- ပါးရှိသော လောကုတ္တရာဈာန်စိတ်များကို ရေတွက်ပြပါ။

**၁၉၇၆- ခုနှစ်**

၁။ သောဘဏစိတ်သည် အကျိုးအားဖြင့် မည်မျှရှိသနည်း၊ ရေတွက်ပြပါ။

၂။ မဂ်စိတ်အကျယ်တွင် သောမနဿ သဟဂုတ်စိတ်- ဥပေက္ခာ သဟဂုတ်စိတ်တို့ကို ရေတွက်ပြပါ။

၃။ စိတ်အကျယ် ၁၂၁- ပါးကို ကုသိုလ်၊ အကုသိုလ်၊ ဝိပါက်၊ ကြိယာအားဖြင့် ခွဲခြားရေတွက်ပြပါ။

**၁၉၇၇- ခုနှစ်**

၁။ အကုသိုလ်စိတ် ၁၂- ပါးကို အ-သင်္ခါရိကစိတ်၊သ-သင်္ခါရိကစိတ်၊သင်္ခါရကွဲပြားမှု မရှိသော စိတ်အားဖြင့် ခွဲခြားရေတွက်ပြပါ။

၂။ စိတ်တစ်ခုယုတ်ကိုးဆယ်ကို ဘူမိဘေဒအားဖြင့် ရေတွက်ပြပါ။

၃။ သောတာပတ္တိ မဂ်စိတ် ၅- ပါးကို ဈာန်အင်္ဂါဖြင့် ဝေဖန်ပြပါ။

**၁၉၇၈- ခုနှစ်**

၁။ လူ့ဘုံ၌ဖြစ်သော ကာမစိတ် ၅၄- ပါးကို ဝေဒနာ ဘေဒနည်းအားဖြင့် ရေတွက်ပြပါ။ စိတ် ၈၉- ပါးတွင် မြင်နိုင်သည့် စိတ်များကို တစ်ခုစီရေတွက်ပြပါ။

၂။ ဈာန်ပုဂ္ဂိုလ်တို့၏ မဟဂ္ဂုတ်စိတ် ၂၇- ပါးကို ဈာနဘေဒနည်းအားဖြင့် ရေတွက်ပြပါ။ စိတ်အကျယ် ၁၂၁- ပါးတို့တွင် လောကုတ္တရာ ဥပေက္ခာသဟဂုတ်စိတ်များကို ရေတွက်ပြပါ။

www.burmeseclassic.com

www.burmeseclassic.com



၃။ စိတ်အကျယ် ၁၂၁– ပါးကို ဓာတိ ဘေဒနည်းအားဖြင့် ရေတွက်ပြ၍ လောကီစိတ် ၈၁–ပါးတွင် ပထမဈာန်စိတ်များကို တစ်ခုစီ ရေတွက်ပြပါ။

## ၁၉၇၉– ခုနှစ်

၁။ လူတွင် မပြတ်ဖြစ်တတ်သော အကုသိုလ်စိတ် ၁၂–ပါးတို့ကို တစ်ခုစီရေတွက်ပြပါ။

၂။ ကာမဘုံတွင်ဖြစ်ပေါ်သော ကာမာဝစရသောဘဏစိတ် ၂၄–ပါးတို့ကို ဝေဒနာဉာဏ်သင်္ခါရအပြားအားဖြင့် ခွဲခြားဝေဖန်ပြပါ။

၃။ ဈာန်အင်္ဂါပြားသောကြောင့် ရူပကုသိုလ်စိတ် ၅–ပါးပြားရသည်ဟုဆိုရာ မည်သို့ မည်ပုံပြားရသည်ကို ရေးသားဖော်ပြပါ။

## ၁၉၈၀– ခုနှစ်

၁။ စိတ် ၈၉– ပါးတွင် မတင့်တယ်သော အသောဘဏစိတ်များမည်မျှပါဝင်နေသည်ကိုဖော်ပြခဲ့ပါ။

၂။ လောကီဈာန်စိတ် အဘယ်နှစ်ပါးရှိပါသနည်း၊ ရေတွက်ပြပါ။

၃။ ကာမစိတ်–မဟဂ္ဂုတ်စိတ်– လောကုတ္တရာစိတ်တို့ မည်မျှစီရှိကြောင်း သချာမျှသာဖော်ပြခဲ့ပါ။

## ၁၉၈၁– ခုနှစ်

၁။ အကုသိုလ်စိတ်– အဟိတ်စိတ်တို့မှ ကြွင်းသော သောဘဏစိတ်တို့ကို ရေးသားဖော်ပြပါ။

၂။ ရိုးရိုးလူတို့၏ စိတ်ထက် ထူးခြားသော မဟဂ္ဂုတ်ဈာန်စိတ်ပေါင်း မည်မျှရှိသည်ဟု ရေတွက်ဖော်ပြခဲ့ပါ။

၃။ လောကီစိတ် ၈၁– ပါး၌ ကုသိုလ်စိတ်– ဝိပါက်စိတ်– ကြိယာစိတ် မည်မျှစီရှိကြောင်း သချာမျှ ရေးသားဖော်ပြခဲ့ပါ။

## ၁၉၈၂– ခုနှစ်

၁။ မဖောက်မပြန်သောကြောင့် ပရမတ်မည်သော တရားများကို ရေတွက်ပြ၍ စိတ်မည်သော ပရမတ်တရား၏ အရေအတွက် သချာမျှကိုသာ အကျဉ်းနည်း– အကျယ်နည်းအားဖြင့် ဖော်ပြပါ။

၂။ အကုသိုလ်တရား၏ အကျိုးဖြစ်သော ဝိပါက်စိတ်များကို တစ်ခုစီရေတွက်ပြပါ။

၃။ အရိယာ ပုဂ္ဂိုလ်တို့အားသာ ရထိုက်သောလောကုတ္တရာစိတ် ၈–မျိုးကို ရေတွက်ဖော်ပြပါ။

## ၁၉၈၃– ခုနှစ်

၁။ လူ၌ဖြစ်သော အကုသိုလ်စိတ်များကို ပြည့်စုံစွာ ဖော်ပြပါ။

၂။ ရဟန်းသံဃာများအား ဆွမ်းလောင်းလှူသောအခါ ဖြစ်ပေါ်တတ်သော ကုသိုလ်စိတ်များအနက် စိတ်နှစ်မျိုးမျှသာ ရေးပြပါ။

၃။ ဈာန်ရသော ပုဂ္ဂိုလ်အားဖြစ်ပေါ်တတ်သော သောတာပတ္တိမဂ်စိတ် ၅–မျိုးကို ဖော်ပြပါ။

## ၁၉၈၄– ခုနှစ်

၁။ သင်္ဂြိုဟ်ကျမ်းအစ ပဏာမတွင် ဖော်ပြသော ဘုရားဂုဏ်– တရားဂုဏ်– သံဃာဂုဏ်တော်တို့ကို ရေးသားခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



၂။ စိတ် ၈၉–ပါးတို့တွင် မတင့်တယ်သော အသောဘဏစိတ်နှင့် တင့်တယ်သော သောဘဏစိတ်တို့ကို ခွဲခြားဖော်ပြပါ။

၃။ စိတ်ကို အကျဉ်းနည်း– အကျယ်နည်းခွဲရာတွင် အကုသိုလ်စိတ်၌ အကျဉ်းအကျယ်ရှိပါသလော၊ မည်သည့်စိတ်၌ အကျဉ်း–အကျယ်ခွဲပါသနည်း။

**၁၉၈၅– ခုနှစ်**

၁။ အမှန်ရှိလျက် ဖောက်ပြန်သော တရား၊ မဖောက်ပြန်သော တရားတို့ကို ထုတ်ပြပါ။

၂။ အပြစ်မရှိဟု ခံယူလျက် သူတပါးပစ္စည်းကို ခိုးယူသူနှင့် အပြစ်ရှိမှန်းသိလျက် ခိုးယူသူတို့အား ဖြစ်နိုင်သော စိတ်တို့ကို ပြည့်စုံစွာ ဖော်ပြပါ။

**၁၉၈၆– ခုနှစ်**

၁။ သူတစ်ပါး အားပေးတိုက်တွန်းမှုကြောင့်ဖြစ်သော သသင်္ခါရိက အကုသိုလ်စိတ်များကို ကုန်စင်အောင် ရေတွက်ပြပါ။

၂။ ကာယဝိညာဏ်စိတ် (၂) ခု၏ ထူးခြားမှု (၂) ခုကို ရေးသားပြီးလျှင် ကာမစိတ် (၅၄) ပါးကိုလည်း ကုသိုလ် အကုသိုလ်ဝိပါက် ကြိယာအားဖြင့် ခွဲခြားဝေဖန်ပြပါ။

၃။ စိတ်အကျယ် (၁၂၁) ပါးတွင် ဈာန်စိတ်ပေါင်း မည်မျှပါဝင်ပါသနည်း။ ထုတ်ပြပြီးလျှင် အရူပါဝစရစိတ် ရသင့်သော ဈာန်အင်္ဂါများကိုလည်း ဖြေဆိုပါ။

**၁၉၈၇– ခုနှစ်**

၁။ အဘိဓမ္မာ ခုနှစ်ကျမ်းဝယ် အကျယ်ဟောတော်မူအပ်သော အဘိဓမ္မာတရားတို့သည် ပညတ်မဖက် ပရမတ်သက်သက်အားဖြင့် မည်မျှရှိပါသနည်း။ ယင်းတရားတစ်ခုစီ၏ အပေါင်းသင်္ချာအသီးသီးကိုသာ ဖော်ပြပါ။

၂။ ဥပေက္ခာသဟဂုတ်မဟုတ်သော အဟိတ်စိတ်များကို ကုန်စင်အောင် ရေတွက်ပြပြီးလျှင် ယင်းစိတ်တို့ကို ဝိပါက်၊ ကြိယာအားဖြင့် ခွဲခြားပြပါ။

၃။ မိမိ၏ အိမ်တွင် ကိုးကွယ်ထားသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား အကျိုးသိမြင်ဉာဏ်နှင့်ယှဉ်၍ နေ့စဉ်ဘုရားရှိခိုးကြသောဗုဒ္ဓဘာသာဝင်တို့အားဖြစ်ခွင့်ရှိသမျှ မဟာကုသိုလ်စိတ်တို့ကိုတစ်ပါးစီ ဖြေဆိုပါ။

**၁၉၈၈– ခုနှစ်**

၁။ သူတစ်ပါးပစ္စည်းကို မတရားလိုချင်သော သူတို့၌ ဖြစ်ပေါ်သည့် အကုသိုလ်စိတ်သရုပ်ကို တစ်ခုချင်း ထုတ်ပြပါ။

၂။ "စိတ်တစ်ခုယုတ်ကိုးဆယ်" ဟူသော စကားကို "စိတ်တစ်ခု၊ ရုပ်ကိုးဆယ်" ဟု သံတူကြောင်းကွဲအကောက်လွဲလျက်ရှိရာ အမှန်ရောက်အောင် ရှင်းလင်းခဲ့ပါ။

၃။ လောကီနယ်ပယ်မှ စိတ်များကို ဇာတိဘေဒနည်းအရ ဖော်ပြပါ။

**၁၉၈၉– ခုနှစ်**

၁။ လူ၌ဖြစ်သော အကုသိုလ်စိတ်တို့တွင် ဒေါသကြောင့်ဖြစ်သောစိတ်၊ မောဟကြောင့်ဖြစ်သော စိတ်တို့ကို တစ်ခုစီထုတ်ပြ၍၊ ဥပေက္ခာ၊ သောမနဿ၊ ဒေါမနဿ မည်မျှစီရှိသည်ကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



အပေါင်းသင်္ချာမှု ဖော်ပြပါ။

၂။ ယှဉ်ဖက်ဟိတ်မရှိသော ကြိယာစိတ်များကို ထုတ်ဖော်ပြ၍၊ အဟိတ်စိတ်လာ ကာယ ဝိညာဏ်နှစ်ခု၏ ထူးခြားချက်ကိုလည်း ရေးပြပါ။

၃။ မိခင်ဘုရားရှိခိုးသည်ကို အတုယူ၍ မိခင်ဘေးမှ ဝမ်းမြောက်ဝမ်းသာဖြင့် ဘုရားရှိခိုးသော ကလေးငယ်အား မည်သည့် ကုသိုလ်စိတ်ဖြစ်ပါသနည်း။ ဖော်ပြ၍ သောတာပတ္တိမဂ်စိတ်အကျယ် ငါးပါးကိုလည်း ရေးပြခဲ့ပါ။

## ၁၉၉၀- ခုနှစ်

၁။ တင့်တယ်သော "သောဘနစိတ်" တို့ကို အကျဉ်းအားဖြင့် ရေတွက်ပြ၍၊ သာယာနာပျော်ဖွယ်သော သီချင်းသံကို ကြားရာ၌ ဖြစ်ပေါ်သော စိတ်ကိုလည်း ဖော်ပြပါ။

၂။ ရူပကုသိုလ်စိတ် (၅) ပါးကို သရုပ်ထုတ်ရေတွက်ပြ၍၊ အရူပစိတ်ကိုဈာန် (၅) ပါးတွင် အဘယ်ဈာန်၌ ထည့်သွင်းရမည်ကိုလည်း ညွှန်ကြားပြပါ။

၃။ လောကမှ လွတ်မြောက်သော လောကုတ္တရာစိတ်အကျယ် (၄၀) ကို အကျဉ်းအားဖြင့် ရေတွက်ဖော်ပြ၍ ပထမဈာန် (၁၁) ပါးကိုလည်း မမှားအောင် ထုတ်ဆောင်ပြပါ။

## ၁၉၉၁- ခုနှစ်

၁။ သုံးဆယ့်တစ်ဘုံတွင် လူ, နတ်, ဗြဟ္မာသတ္တဝါ ပညတ်စုတို့၌ အဘိဓမ္မာ သဘာဝအားဖြင့် ထင်ရှားရှိသော တရားအစစ်ကို လိုရင်းထုတ်၍ အကျဉ်းချုပ်ရေးပြပါ။

၂။ အယူမမှားသော်လည်း သူတစ်ပါးပစ္စည်းကို လိုချင်အားကြီး၍ အလိုအလျောက် ဝမ်းမြောက်ဝမ်းသာဖြင့် ခိုးယူမိသူသည် အဘယ်အကုသိုလ်စိတ်ဖြင့် ကျူးလွန်ခဲ့သည်ကို ရှင်းပြ၍၊ ပြုံးရယ်မှုကို ဖြစ်စေတတ်သော စိတ်အမည်ကိုလည်း ညွှန်ပြခဲ့ပါ။

၃။ ယခုခေတ်ဘက်စုံ မွမ်းမံရေးတို့၌ ကောင်းကျိုးကို မြော်မြင်လျက် မိမိသဒ္ဓါအလျောက် ဝမ်းမြောက်စွာ အလှူငွေထည့်ဝင်လှူဒါန်းကြသော သူတို့၏ သန္တာန်၌ဖြစ်ပေါ်သော ကုသိုလ်စိတ် ကိုရေးပြ၍၊ လောကီဈာန်စိတ်များကိုလည်း မမှားအောင် ရေတွက်ပြခဲ့ပါ။

## ၁၉၉၂- ခုနှစ်

၁။ စိတ်ကောင်းမရှိဟူသော စကား၌ "စိတ်ကောင်း" ဟုခေါ်ဆိုထိုက်သော စိတ်တို့ကို အကျဉ်းအားဖြင့် ရေတွက်ပြ၍ ရုပ်မြင်သံကြား ကြည့်ရှုနေစဉ် အရုပ်ကိုမြင်သိသော စိတ်နှင့် အသံကို ကြားသိသောစိတ်တို့၏ အမည်ကို ညွှန်ပြပါ။

၂။ မည်သူတစ်ဦးတစ်ယောက်မျှ မတိုက်တွန်းရဘဲ နှစ်သက်ဝမ်းမြောက်စွာ ဆွမ်းခံဘုန်းဘုန်းအား ရှိခိုးဦးချလျက်ရှိသော ကလေးငယ်၏ သန္တာန်၌ ဖြစ်နိုင်သော ကုသိုလ်စိတ်ကို ဖော်ပြ၍ စုံစမ်းထောက်လှမ်းတတ်သောစိတ်တို့၏ အမည်ကိုလည်း ညွှန်ပြပါ။

၃။ မြင့်မြတ်သောသူတို့ရအပ်သော စိတ်တို့ကို အကျဉ်းအားဖြင့် ရေတွက်ပြ၍ ကောင်းမြတ်သော အကျိုးတရားဖြစ်သော စိတ်တို့ကိုလည်း မှန်ကန်စွာ ရေတွက်ပြပါ။

www.burmeseclassic.com

www.burmeseclassic.com



**၁၉၉၃- ခုနှစ်**

၁။ သဂြိုဟ်ကျမ်းတွင် "ပရမတ်" ဟူသော စကား၏ အဓိပ္ပာယ်ကို ရှင်းလင်းရေးသား၍ စာဖြေသူ သည် မိမိ၏ ခန္ဓာကိုယ်၌ ပရမတ်စစ်စစ်တရားနှစ်မည်မျှရှိသည်ကိုလည်း စိစစ်ထုတ်ပြခဲ့ပါ။

၂။ သတ္တဝါတို့၏သန္တာန်၌ မိန်းမောတွေဝေမှုကြောင့်ဖြစ်တတ်သော အကုသိုလ်စိတ်များကိုကောက်ပြ၍ အကုသိုလ်၏ အကျိုးဝိပါက်ဖြစ်သော စိတ်တို့ကိုလည်း ရေတွက်ပြခဲ့ပါ။

၃။ ယခုခေတ် ဘက်စုံမွမ်းမံရေးတို့၌ လူမျိုးခြားဘာသာဝင်များက အလှူငွေများ ထည့်ဝင်ခြင်းသည် မည်သည့် ကုသိုလ်မျိုးဖြစ်သည်ကို ထုတ်ပြ၍ ကာမာဝစရ သောဘနစိတ်ကိုလည်း ဝေဒနာ ဉာဏ်၊ သင်္ခါရအားဖြင့် ဝေဖန်ပြခဲ့ပါ။

၄။ စိတ် (၈၉) ပါးတွင် ဈာနဘေဒစိတ်၊ အာလမ္ဗဏဘေဒစိတ်၊ မဂ္ဂဘေဒစိတ်တို့၏ အကျဉ်းသရုပ်ကို ထုတ်ဖော်ပြ၍ ဈာန်အင်္ဂါငါးပါးရှိသော ကုသိုလ်ဈာန်စိတ်ကိုလည်း မှန်ကန်အောင်ရေးသားခဲ့ပါ။

**၁၉၉၄- ခုနှစ်**

၁။ ဝမ်းမြောက်မှု သောမနဿနှင့်တကွဖြစ်သော အကုသိုလ်စိတ်တို့ကို ရေတွက်ပြ၍ အဟိတ်ကုသလ ဝိပါက်စိတ်တို့ကိုလည်း ဝေဒနာဘေဒအားဖြင့် သိသာရုံခွဲခြားပြပါ။

၂။ လူကြီးများ၏ လမ်းညွှန်မှုကို ခံယူပြီး အများအကျိုးကို မျှော်ကိုးလျက်၊ နိုင်လွန် ကတ္တရာလမ်းခင်းရန် ပျော်ပျော်ပါးပါး အလှူခံနေကြသော အမျိုးသမီးကလေးများ၏ သန္တာန်၌ ဖြစ်နိုင်သော စိတ်ကို ဖော်ပြ၍ ဘုရားရဟန္တာများ၌သာဖြစ်သော ရူပါဝစရစိတ်တို့ကိုလည်း ရေတွက်ပြပါ။

၃။ မဂ်ပေါက် ဖိုလ်ဝင် နိဗ္ဗာန်မြင်သူများ၏ ဖြစ်ဆဲကုသိုလ်စိတ်တို့ကို အကျဉ်းချုပ်ဖော်ပြ၍ လောကုတ္တရာ ပဉ္စမဈာန်ဝိပါက်စိတ်ကိုလည်း မမှားအောင်ရေတွက်ပြပါ။

**၁၉၉၅ ခုနှစ်**

၁။ အပြစ်ရှိမှန်းသိလျက် သူတစ်ပါးပစ္စည်းကို ခိုးယူသူ၌ဖြစ်နိုင်သော စိတ်တို့ကို ပြည့်စုံစွာ ဖော်ပြ၍၊ လူတစ်ယောက်၌ မျက်စိနှစ်လုံးရှိ၍ "စက္ခုဝိညာဏ်ဒွေး" ဟုခေါ်ပါသလော၊အဘယ်ကို "စက္ခုဝိညာဏ်ဒွေး" ဟု ခေါ်ပါသနည်း၊ ဖြေဆိုပါ။

၂။ စွယ်တော်မြတ် စေတီတည်ဆောက်ရာ၌ ပျော်ပျော်ရွှင်ရွှင် အသိဉာဏ်ဝင်၍ မည်သူမျှ မတိုက်တွန်းရ ဘဲ လုပ်အားဒါနပြုကြသော ပုဂ္ဂိုလ်များ၏ သန္တာန်၌ ဖြစ်နိုင်သော စိတ်ကို ထုတ်ပြ၍၊ သောဘ နစိတ်အကျဉ်း (၅၉) ပါးကိုလည်း သိသာရုံမျှ ရေတွက်ပြပါ။

၃။ ကာမဘုံအာရုံပြုရာ နယ်ပယ်၌ ဖြစ်တတ်သော ကာမစိတ် (၅၄) ပါးကို "အကြောင်းစိတ်"၊ "ကြောင်းကျိုးလွတ်စိတ်" အားဖြင့် ခွဲခြားပြ၍ ရူပါဝစရ ပဉ္စမဈာန်စိတ်ကိုလည်း ဝေဒနာဘေဒ အားဖြင့် ဝေဖန်ပြပါ။

၄။ မဂ်စိတ်အကျဉ်းလေးပါးမှ အကျယ်နှစ်ဆယ်ဖြစ်ပွားလာပုံကို ဖော်ပြ၍၊ ပထမဈာန်စိတ် (၁၁)ပါး ကိုလည်း မမှားအောင် ရေတွက်ပြပါ။

www.burmeseclassic.com

www.burmeseclassic.com



### ၁၉၉၆– ခုနှစ်

၁။ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းဖောက်တံတားဆောက်ရာ၌ တစ်ဦးတစ်ယောက်မျှ မတိုက်တွန်းရဘဲ ပျော်ပျော်ရွှင်ရွှင် အသိဉာဏ်ယှဉ်ကာ ပါဝင်ဆောင်ရွက်နေသူ၏ သန္တာန်၌ ဖြစ်နိုင်သောစိတ်ကိုဖော်ပြ၍ "တမလွန်ဘဝဆိုတာ ရှိမှရှိပါလေစ"ဟု ယုံမှားတွေးတောနေသူ၌ ဖြစ်သောစိတ်ကိုလည်း ဖော်ပြပါ။

၂။ လှပသော ပန်းတစ်ပွင့်ကို မြင်တွေ့ရခဏ၌ ဖြစ်သောစိတ်ကိုဖော်ပြ၍၊ ကာမာဝစရသောဘန စိတ် (၂၄)ပါးတို့တွင် အကြောင်း,အကျိုးမှ လွတ်သောစိတ်ကို ဝေဒနာဘေဒ, ဉာဏဘေဒ, သင်္ခါရဘေဒအားဖြင့် ခွဲခြားပြပါ။

၃။ စိတ်အကျဉ်း(၈၉)ပါးတို့တွင် "လောကမှထွက်မြောက်သောစိတ်"ဟူသည် မည်သည့် စိတ်ဖြစ်ပါသနည်း? တစ်ခုချင်းရေတွက်ပြ၍၊ ယင်းစိတ်ကို အကြောင်း,အကျိုးအားဖြင့် မမှားအောင် ခွဲခြားပြပါ။

### ၁၉၉၇– ခုနှစ်

၁။ "စိတ်ထားကောင်းမွန်သည် စိတ်ထားယုတ်ညံ့သည်"ဟူသော လောကသုံးစကားအရ စိတ် အကျယ်တွင် ကောင်းမွန်တင့်တယ်သော စိတ်တို့ကို ဘူမိဘေဒနည်းအားဖြင့် ခွဲခြားဖြေဆို၍၊ ကာမစိတ် ကြိယာ(၁၁)ပါးကိုလည်း ဝေဒနာအားဖြင့် ဝေဖန်ပြပါ။

၂။ စိတ်အကျဉ်း(၈၉)ပါးတွင် "အသင်္ခါရိက, သသင်္ခါရိက"ဟူ၍ ကျမ်းရင်း၌ ပြဆိုမထားသော စိတ်များကို ဇာတိဘေဒနည်းအားဖြင့် သိသာရုံမျှရေတွက်ပြ၍၊ "ဝုဋ္ဌော"ဟူသောအမည်ကို ရသည့် စိတ်ကိုလည်း ဖော်ပြပါ။

၃။ လောကီ, လောကုတ္တရာစိတ်အပေါင်း၌ ပထမဈာန်စသောစိတ်တို့ မည်မျှစီရှိကြသည်ကို သင်္ချာမျှအသီးသီးဖော်ပြ၍၊ ဈာန်၏အစိတ်အပိုင်းဖြစ်သော တရားများကား အဘယ်တို့ ပါနည်း? ဖြေဆိုပါ။

### ၁၉၉၈– ခုနှစ်

၁။ "ဘယ်သူသေသေ ငတေမာလျှင်ပြီးရော"ဟု အပြစ်ရှိမှန်းသိလျက် သူတစ်ပါးအသက်ကို ထက်သန်စွာသတ်လေ့ရှိသူ၏ သန္တာန်၌ဖြစ်သောစိတ်ကို ပြည့်စုံစွာဖော်ပြ၍၊ ကာမစိတ် (၅၄)ပါးတို့တွင် အသင်္ခါရိကစိတ်, သသင်္ခါရိကစိတ်, နှစ်မျိုးလုံးမဟုတ်သောစိတ်တို့ မည်မျှစီရှိ သနည်း အရေအတွက်မျှ ဖော်ပြပါ။

၂။ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေပြားသင်္ကန်း ဆက်ကပ်ပူဇော်ရာ၌ မည်သူမျှ မတိုက်တွန်း ရဘဲ ပျော်ရွှင်စွာဖြင့် ပါဝင်လှူဒါန်းသော ကံကျိုးမြင်သိ ပညာရှိသန္တာန်၌ ဖြစ်နိုင်သောစိတ် ကို ဖော်ပြ၍၊ လောကဓာတ်တစ်ခွင်၌ အမှန်တကယ်ရှိသော တရားတို့တွင် ဖောက်ပြန်ခြင်း သဘောရှိသော တရားနှင့် ဖောက်ပြန်ခြင်းသဘောမရှိသော တရားတို့ကို ခွဲခြားထုတ်ဖော်ပြပါ။

၃။ "ဈာန်ဝင်စားမှ လွန်တင့်တယ်"ဟုဆိုရာ၌ ဝင်စားနိုင်သော ဈာန်တို့တွင် ပဥ္စမဈာန်စိတ်များ ကိုသာ ဇာတိဘေဒနည်းအားဖြင့်လည်းကောင်း၊ အကြောင်း,အကျိုးအားဖြင့်လည်းကောင်း ဝေဖန်ပြ၍၊ ဘုရားရဟန္တာတို့၌သာ ဖြစ်နိုင်သော မတင့်တယ်သော စိတ်အမည်ကိုလည်း တိကျစွာ ဖော်ပြပါ။

www.burmeseclassic.com

www.burmeseclassic.com



## ၁၉၉၉– ခုနှစ်

၁။ သံဃာတော်များ ကြွလာသည်ကို ဖူးမြင်ရသောမိခင်က "သားလေး ရှိခိုး ရှိခိုး"ဟု ပြောဆို တိုက်တွန်းမှုကြောင့် ပျော်ရွှင်စွာရှိခိုးနေသော ကလေးငယ်၏သန္တာန်၌ဖြစ်သော ကုသိုလ်စိတ်ကို တိကျစွာ ဖော်ပြ၍၊ ပဋ္ဌမဈာန်စိတ်(၂၃)ပါး၌ လောကီ,လောကုတ္တရာ မည်မျှစီရှိသည်ကိုလည်း သချာမျှ ဖော်ပြပါ။

၂။ "ကြောင်းကျိုးသိမြင် ပညာရှင်"ဟု အမွှမ်းတင်ခံရအောင် အဘိဓမ္မာပညာရှင်ပီပီ အသောဘနစိတ်(၃၀)ကို အကြောင်း,အကျိုးအားဖြင့် သိသာရုံမျှ ခွဲခြားပြ၍၊ အကြောင်းစိတ်ကိုလည်း ဝေဒနာအားဖြင့် ဝေဖန်ပြပါ။

၃။ ကာမဘုံ၌ အဖြစ်များသည့် ကာမစိတ်(၅၄)ပါးကို ဇာတ်အားဖြင့် ခွဲခြားပြ၍၊ ကုသိုလ်စိတ်အကျယ်, ဝိပါက်စိတ်အကျယ်တို့၏ အရေအတွက်ကိုလည်း သချာမျှ ဖော်ပြပါ။

## ၂၀၀၀– ပြည့်နှစ်

၁။ "သွားလည်းဉာဏ်စိတ် စားလည်းဉာဏ်စိတ်"ဟူ၍ အသုံးများလှသောစိတ်ကို ဘုံစိတ်အနေဖြင့် ခွဲခြားက ရရှိမည့် အမည်များကို ဖော်ပြ၍၊ အမှန်တရားကို ဖုံးကွယ်၍ထားတတ်သော မောဟမူစိတ်နှစ်ပါးကိုလည်း တစ်ခုချင်းရေတွက်ပြပါ။

၂။ အသောဘနစိတ်(၃၀)တို့တွင် "အသင်္ခါရိက,သသင်္ခါရိက"ဟု သတ်မှတ်၍မရသောစိတ်တို့ကို သိသာရုံမျှ ဖော်ပြ၍၊ ယင်းစိတ်တို့တွင် "ကြောင်း,ကျိုးလွတ်စိတ်"တို့ မည်မျှရှိသည်တို့ကိုလည်း ရေတွက်ပြပါ။

၃။ သူတစ်ပါးပစ္စည်းကို ခိုးယူခြင်း၌ အပြစ်ရှိမှန်းမသိ၍ မိမိဘာသာ ပျော်ရွှင်စွာ ခိုးမှုလွန်ကျူးသူ၏ သန္တာန်၌ဖြစ်သော အကုသိုလ်စိတ်ကို ပြည့်စုံတိကျစွာ ဖော်ပြ၍၊ စိတ်အကျယ်(၁၂၁)ပါးကိုလည်း ဇာတိဘေဒနည်းအရ ဝေဖန်ပြပါ။

## ၂၀၀၁– ခုနှစ်

၁။ "ရင်ထဲမှာ ဒွိဟစိတ်တွေနဲ့"ဟူသောစကား၌ ဒွိဟစိတ်ဟူသည် အဘယ်စိတ်ကို ခေါ်ပါသနည်း? ဖြေဆို၍ အကုသိုလ်စိတ် (၁၂)ပါးကိုလည်း ဝေဒနာအားဖြင့် သိသာရုံမျှ ခွဲခြားပြပါ။

၂။ လျှာတစ်ခုတည်းရှိပါလျက် အဘယ့်ကြောင့် " ဇိဝှါဝိညာဏ်ဒွေး " ခေါ်ရသည်ကို ဖြေဆို၍ အဟိတ် စိတ်(၁၈)ပါးကိုလည်း ဇာတိဘေဒအားဖြင့် ဝေဖန်ပြပါ။

၃။ အိုမင်းမစွမ်းဖြစ်နေသော ဘိုးဘွားများ၏ ကိစ္စကြီးငယ်ကို မိမိအသိစိတ်ဖြင့် ပျော်ရွှင်စွာ ကူညီဆောင်ရွက်ပေးနေသော လူငယ်တစ်ဦး၏သန္တာန်၌ ဖြစ်ပေါ်နေသော ကုသိုလ်စိတ်ကို ပြည့်စုံတိကျစွာ ဖော်ပြ၍ ပထမဈာန်၌ပါဝင်သော ဈာန်အင်္ဂါ(၅)ပါးကိုလည်း ဖြေဆိုပါ။

၄။ လောကုတ္တရာစိတ် အကျဉ်း(၈)ပါးမှ အကျယ်(၄၀) ဖြစ်ပွားလာရပုံကို ဖြေဆို၍ စိတ်အကျယ်(၁၂၁)ပါးကိုလည်း အကြောင်းစိတ်, အကျိုးစိတ်, ကြောင်းကျိုးလွတ်စိတ်အားဖြင့် သချာမျှ ဖော်ပြပါ။

www.burmeseclassic.com

www.burmeseclassic.com



## ၂။ စေတသိက်ပိုင်း

**(စိတ်၌မှီတွယ်၊ စိတ်ကိုခြယ်၊ ငါးဆယ်နှင့်ဒွိက်၊ စေတသိက်)**

**"စေတသိက်"** ဟု မြန်မာလိုရေးထုံးပြုသော ဝေါဟာရစကားသည် "ပါဠိသဒ္ဒါ" "စေတသိက" ကို မြန်မာမှုပြုထားခြင်း ဖြစ်သည်။

ကေုပ္ပါဒစသော လက္ခဏာလေးပါးနှင့် ပြည့်စုံ၍ စိတ်၌ မှီတွယ် စိတ်ကိုခြယ်လှယ်လျက် ဖြစ်ကြသော ဒွိပညာသ (၅၂)ပါး သော ဓမ္မာသဘောတရားတို့ကို **စေတသိက်**ဟုခေါ်ဆိုသည်။

## စိတ်၌မှီတွယ် စိတ်ကိုခြယ်လှယ်ပုံ

(စိတ္တဝတော ကိံ နာမ ကမ္မံ နသိဇ္ဈတိ)

စိတ္တဝတော-ထက်သန်သောစိတ်ရှိသူအား၊ ကိံ နာမ-အဘယ်မည်သော၊ ကမ္မံ- အမှုကိစ္စဟူသမျှသည်၊ န သိဇ္ဈတိ-မပြီးစီးဘဲရှိနိုင်ပါအံ့နည်း။ သိဇ္ဈတိဝေ-မုချအမှန် ကေန်ပြီးစီးအောင်မြင်ရမည်သာတည်း။

ဤသို့စိတ်သည် အလွန်အရေးပါ၏။ လောကကြီးကို ကြီးစိုး၏။ သတ္တဝါများ၌ ပဋိသန္ဓေ တည်လာကတည်းကပါလာခဲ့သော ထိုစိတ်သည် အာရုံကိုသိသော သဘောတစ်ခုသာရှိ၏ ပင်ကိုယ် အားဖြင့် ညစ်ကြေး-မထင် အလွန်ဖြူစင် သန့်ရှင်းသောကြောင့် "ကြည်လင်သောရေစင်" နှင့် တူ၏။ သို့ရာတွင် စိတ်၏ သန့်ရှင်းစင်ကြယ်ခြင်းသည် ထာဝစဉ် တည်မြဲမှု မရှိ။ စိတ်၌မှီတွယ် စိတ်ကိုခြယ်လှယ်နေသော စေတသိက်တို့၏ အဆိုးအကောင်း မှီတွယ်မှုပေါ်မူတည်၍ စိတ်ဆိုး၊ စိတ်ကောင်း ပြောင်းလဲနေ၏။

ကြည်လင်သော ရေထဲသို့ ဆေးအနက်ရောင် ရောထည့်လျှင် အနက်ရောင် ပြောင်းသွား၏။ အဖြူရောင်ထည့်လျှင် ဖြူဖွေးသော အရောင်ပြောင်း၏။ ထို့အတူ စိတ်ကိုလည်း စေတသိက်ကောင်းများက ယှဉ်လျှင် "စိတ်ကောင်းဖြစ်၍ ဆိုးသောစေတသိက်များက ယှဉ်လျှင် စိတ်ဆိုး၊ စိတ်ယုတ်ဖြစ်ရပြန်၏။

စိတ်၌ **လောဘစေတသိက်** ယှဉ်ခိုက် **လောဘရမက်**ကြီးမား၏။ **ဒေါသစေတသိက်**ယှဉ်သည့် အခါ မီးလျှံထသကဲ့သို့ ခက်ထန်ကြမ်းတမ်းစိတ်သရမ်း၏။ **မေတ္တာ စေတသိက်**ယှဉ်သည့်အခါ ကြည်လင် အေးမြချမ်းသာရပါ၏။ကရုဏာ စေတသိက် ယှဉ်သည့်အခါ သနားကြင်နာ ကိုယ်ချင်းစာ၏။

စိတ်၌မှီတွယ် စိတ်ကိုခြယ်လှယ်သော စေတသိက်အဆိုးအကောင်း ပြောင်းလဲယှဉ်တွဲမှုကြောင့် စိတ်ဆိုး၊ စိတ်ကောင်း ပြောင်းလဲဖြစ်၏။ စိတ်ကောင်း၊ စိတ်ဆိုးဖြစ်၏။ စိတ်မြတ်၊ စိတ်ယုတ်၊ စိတ်ပုပ်ဖြစ်၏။ စိတ်ထန်၊ စိတ်ကြမ်း၊ စိတ်နုဖြစ်၏။ စိတ်ကြည်၊ စိတ်နောက်ဖြစ်၏။ စိတ်ပျက်၊ စိတ်တက်၊ စိတ်ပျော်ဖြစ်၏။ စိတ်နောက်၊ စိတ်ကြည်ဖြစ်၏။ စိတ်လေ၊ စိတ်လွင့် စိတ်တည်ကြည်ဖြစ်၏။ စိတ်ရှည်၊ စိတ်တို၊ စိတ်ဆတ်ဖြစ်၏။ စိတ်သန်၊ စိတ်ပျော့၊ စိတ်လျှော့ဖြစ်၏။

**အကုသိုလ်မဖြစ်အောင် စိတ်ကိုဆုံးမနိုင်လျှင် ချမ်းသာ၏** (စိတ္တံ ဒန္တံ သုခါဝဟံ)

အကုသိုလ်စေတသိက်တို့နှင့် တွဲယှဉ်သော စိတ်ဆိုး၊ စိတ်ယုတ်တို့သည် မလိမ္မာ၊ အပြစ်နှင့် ဆက္ကဖြစ်၏။ မကောင်းသော အကျိုးကို ပေး၏။ အပါယ် (၄)ဘုံသို့ ရောက်စေတတ်၏။

ကောင်းသော သောဘနစေတသိက်တို့နှင့် ယှဉ်တွဲသော ကုသိုလ်စိတ်သည် အပြစ်ကင်း၏။ လိမ္မာစေ၏။ ကောင်းသော အကျိုးကို ပေး၏။ ကောင်းသောဘုံဌာနသို့ရောက်စေ၏။

www.burmeseclassic.com

www.burmeseclassic.com



စိတ်သည် အဖြစ်အပျက် အလွန်မြန်ဆန်လှ၏။ လျှပ်တစ်ပြက် မျက်စိတစ်မှိတ်၊ လက်ဖျောက်တစ်ချက်တီး အခိုက်အတန့်၌ စိတ္တက္ခဏပေါင်း ကုဋေတစ်သိန်းမကဖြစ် ချုပ်နေ၏။ "စိတ်၏ဖြစ်ချုပ်မှု လျင်မြန်ခြင်းအရာ၌ ဥပမာပြခြင်းငှာ မလွယ်ကူချေ"ဟု ပင် ဘုရားရှင် ဟောတော်မူ၏။

ဘုရားအာရုံပြု၍ ကုသိုလ်စိတ်ဖြစ်နေစဉ် ရောင်းသံဝယ်သံကို ကြားပါက လောဘစိတ်ဖြစ်ရ၏။ ရောင်းဝယ်မှုမှရသော အမြတ်အစွန်းကို လှူဒါန်းချင်သော ကုသိုလ်စိတ်ဖြစ်နေခိုက် မိသားစုစကား ပြောမတည့်၍ မခံချင်ဖွယ် ပြောဆိုသံကြောင့် ဒေါသစိတ်ဝင်လာပြန်၏။ တစ်ဦးက ကျေနပ်အောင် ချော့သဖြင့် စိတ်ပျော့၍ လောဘစိတ်ပြောင်းလဲဖြစ်သွား၏။

အဘိဓမ္မာ သဘောအရ လူဆိုးဆိုသည်မှာ အမြဲတမ်း မရှိနိုင်သကဲ့သို့ လူကောင်းဆိုသည်မှာလည်း အမြဲတမ်းမရှိနိုင်။ ကောင်းသော သောဘန စေတသိက် (၂၅) ပါးတို့နှင့်ယှဉ်ခိုက် စိတ်ကောင်းဖြစ်၍ "လူကောင်း"မည်၏။ ဆိုးသော အကုသိုလ်စေတသိက် (၁၄) ပါးတို့နှင့် ယှဉ်ခိုက် စိတ်ယုတ်၊ စိတ်ပုပ်ရှိသော "လူဆိုး" အမည်ရ၏။

**စိတ်ကို အလိုအလျောက်ထားပါကလည်း မကောင်းမှု၌ မွေ့လျော်သောသဘောရှိပြန်၏။**

"ပါပသ္မိံ ရမတိ မနော" မနော- သတ္တဝါတို့၏ စိတ်သည်၊ ပါပသ္မိံ-မကောင်းမှု၌၊ ရမတိ မွေ့လျော်တတ်၏ ဟု ဘုရားရှင် ဟောကြားခဲ့၏။

သို့ရာတွင် မည်မျှပင် စိတ်အပြောင်းအလဲမြန်သည်ဖြစ်စေ၊ မကောင်းမှု၌ မွေ့လျော်တတ်သည့် သဘောရှိစေ၊ စိတ်ကို ကောင်းသောစိတ်များဖြစ်အောင် ပြုစုထိန်းသိမ်းနိုင်ကြောင်း ဘုရားရှင် ဟောကြားတော် မူထား၏။

စိတ္တဿ ဒမထော သာဓု၊
စိတ္တံ ဒန္တံ သုခါဝဟံ။

စိတ္တဿ-စိတ်တစ်ခုတည်းကို၊ ဒမထော-ချုပ်ထိန်းနိုင်ပါလျှင် (ဝါ) ယဉ်ကျေးအောင် ဆုံးမထားနိုင်လျှင်၊ သာဓုကောင်း၏။ ဒန္တံ-ဆုံးမ, ယဉ်ကျေးပြီးသော၊ စိတ္တံ-စိတ်သည်၊ သုခါဝဟံ-မဂ်၊ ဖိုလ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ဆောင်နိုင်၏ဟု ဘုရားရှင် ဟောကြားတော်မူ၏။

**စိတ်ဆိုး စိတ်ယုတ်များ ထုံမွှမ်းနေသူသည်** ဒုဂ္ဂတိဘုံသို့ ရောက်ရမည်သာမက **ဘဝပေါင်းများစွာသို့ စိတ်ယုတ်မာ ဓာတ်သတ္တိများ ကူးစက်ပါသွားမည်ဖြစ်သဖြင့် မဂ်၊ ဖိုလ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာသုခကို ရရှိရန် အလှမ်းကွာဝေး၏။**

အကုသိုလ်တရားများ မဖြစ်ပွားအောင် စိတ်ကို ထိန်းသိမ်းဆုံးမနိုင်သူ ပုထုဇဉ်လူသားများအနက် **"မလ္လိကာ"** ခေါ် ဗန္ဓုလစစ်သူကြီးကတော်ကို စံနမူနာယူထိုက်၏။

သာဝတ္ထိပြည် ပသေနဒီ ကောသလမင်းကြီး၏ စစ်သူကြီးဗန္ဓုလသည်၊လက်ရုံးရည်တို့နှင့် ပြည့်စုံ၍ဘုရင်၏ ချီးမြှောက်ခြင်းကို ခံရ၏။ ထိုအခါ ရာထူးမှ ဖယ်ရှားခံရသူ မသမာသူ အမတ်ဟောင်းတို့၏ ချောပစ်ကုန်းတိုက်မှုကြောင့် ဗန္ဓုလစစ်သူကြီးနှင့် သူ၏ ရဲစွမ်းသတ္တိနှင့် ပြည့်စုံသောသား သုံးကျိပ်နှစ်ယောက်သည် ရှေ့တန်းမှအပြန် မြို့ပြင်တစ်နေရာတွင် လုပ်ကြံသတ်ဖြတ်ခြင်းခံရလေသည်။

ထိုသတင်းကို ကြိုတင်သိသော စစ်သူကြီးကတော် မလ္လိကာသည် ချွေးမသုံးကျိပ်နှစ်ယောက်တို့ကို ခေါ်ပြီး၊ ဤသို့ ခင်ပွန်းသည် စစ်သူကြီးနှင့် တကွ သားတော် (၃၂) ယောက် လုပ်ကြံသတ်ဖြတ်ခံရခြင်းမှာ ယခုဘဝ၌ အပြစ်မရှိဘဲလျက် ရှေးဘဝက ပြုခဲ့သော အကုသိုလ်ကံ၏ အကျိုးကြောင့် မလွဲမရှောင်

www.burmeseclassic.com

www.burmeseclassic.com



ခံကြရကြောင်း၊ မစိုးရိမ်၊ မပူဆွေး၊ မငိုကြွေးကြဘဲ ဘုရင်မင်းမြတ်အပေါ် ပြစ်မှားမှု မပြုသင့်ကြောင်း ဆုံးမစကားပြောကြား၏။

ဤကဲ့သို့ အရှင်သခင် လင်ယောကျ်ားနှင့်သားများ သေဆုံးရခြင်းအတွက် မည်သူ့ကိုမျှ အပြစ်မတင်၊ တရားခံမရှာ၊ စိတ်မဆိုးဘဲနေနိုင်သည်မှာ ဘယ်သူမပြု မိမိမှု ဆိုသကဲ့သို့ ရှေးအတိတ် အကုသိုလ်ကံတရား၏ အကျိုးတရားဟု အမှန်အတိုင်း နှလုံးသွင်းနိုင်ခြင်းကြောင့်ဖြစ်၏။ အကုသိုလ် ဖြစ်စရာ အနိဋ္ဌာရုံတို့နှင့် တွေ့ကြုံ၊ ဆုံဆည်းရသည့်အခါ အကုသိုလ်တရားများမဖြစ်ပွားရအောင် အထက်တန်းစား မလ္လိကာကဲ့သို့ စိတ်ကို ထိန်းတတ်၊ ဆုံးမတတ်ရန်လိုပေသည်။

သို့ဖြစ်လျှင် စိတ်ဖြစ်တိုင်း **စိတ်ကောင်း စိတ်ဆိုး** ဟု ခွဲခြားသိရန်၊ အကုသိုလ်စေတသိက်များနှင့် ကုသိုလ်စေတသိက်တို့၏ သဘောလက္ခဏာများကို သိရှိရန်လိုပေမည်။

## စိတ်အဓိက၊ စေတသိက် အဓိက ဟု ခွဲခြား၍ မကြံစည်အပ်

စိတ်ကအဓိကကျသည် သို့မဟုတ် စေတသိက်က အဓိကကျသည်ဟူ၍ ခွဲခြား၍ မကြံအပ်။စိတ်နှင့် စေတသိက်(၂) ပါးစုံ ပေါင်းစပ်ယှဉ်တွဲပါမှ စိတ်၏ စွမ်းအားသတ္တိဖြစ်ပေါ်လာနိုင်သည်။ တစ်ပါးပါး မပါလျှင် စိတ်၏စွမ်းအား မဖြစ်နိုင်။

စေတသိက်များသည် အသီးသီးသော သဘောလက္ခဏာ စွမ်းရည်သတ္တိထူးများရှိ၍ ဆိုင်ရာကိစ္စများကို ပြီးမြောက်အောင် လုပ်ဆောင်နိုင်ကြသော်လည်း စိတ်ကို မှီတွယ်၍သာရပ်တည်ရ၏။ စိတ်ကင်းမဲ့၍ စေတသိက်များ မဖြစ်နိုင်။ စေတသိက်ကင်းမဲ့လျှင် လည်း စိတ်တန်ခိုးသတ္တိမရှိနိုင်။

ပဋ္ဌာန်းဒေသနာတွင် "စတ္တာရော ခန္ဓာအရူပိနောအညမည်သဟဇာတ ပစ္စယေန ပစ္စယော" နာမ်ခန္ဓာ (၄)ပါး ဟူသော စိတ်၊ စေတသိက်(၂)ပါးတို့သည် သဟဇာတပစ္စယသတ္တိဖြင့် တစ်ပါးကို တစ်ပါး အပြန်အလှန်အမှီသဟဲဖြစ်ကြသည်ဟူ၍ ဘုရားရှင် ဟောကြားသည်။

## စေတသိက်လက္ခဏာ (၄) ပါး (ဝါ) စေတောယုတ္တလက္ခဏာ (၄) ပါး
## Four characteristic properties of a cetasika.
### (ဖြစ်၊ ချုပ်၊ မှီအာ၊ တူလေးဖြာ၊ အင်္ဂါယှဉ်နိမိတ်)

(စေတောယုတ္တ = စိတ်၌ ယှဉ်သည့် + လက္ခဏာ=အမှတ်အသား)

မည်သည့် စေတသိက်မဆို စိတ်၌ ယှဉ်နိုင်ရန် လက္ခဏာ (၄) ပါးနှင့် ညီညွတ်ရပေသည်။ ထိုလက္ခဏာ (၄) ပါးနှင့် ညီညွတ်သော သဘောတရားများကိုသာ စေတသိက်ဟု ခေါ်ဆိုအပ်သည်။

၁။ ဧကုပ္ပါဒ = **စိတ်နှင့်အတူဖြစ်ခြင်း။ (it arises together with consciousness)**
(စိတ်ဖြစ်သည်နှင့် တစ်ပြိုင်နက် စေတသိက်ကလည်း အတူတကွဖြစ်၍ **အဖြစ်တူရ၏။**)

၂။ ဧကနိရောဓ = **စိတ်နှင့်အတူချုပ်ခြင်း။ (It perisshes together with it,)**
(စိတ်ချုပ်သည်နှင့်တစ်ပြိုင်နက် အတူတကွ ချုပ်ရ၍ **အချုပ်တူသည်။**)

၃။ ဧကဝတ္ထုက = **စိတ်နှင့်မှီရာတူခြင်း။ (It has a common basis with it.)**
(စိတ်၏ မှီရာ ဝတ္ထုကိုသာ အတူတကွ မှီရသည်။ စိတ်ကဟဒယဝတ္ထုကိုမှီလျှင် စေတသိက်ကလည်းဟဒယဝတ္ထုရုပ်ကို မှီရသည်။ စိတ်ကပဉ္စဝတ္ထုတစ်ပါးပါးကို မှီလျှင် စေတသိက်များကလည်း စိတ်မှီသော ဝတ္ထုရုပ်ကိုမှီရ၍ **အမှီတူသည်။**)

www.burmeseclassic.com

www.burmeseclassic.com



၄။ **ဧကာလမ္ဗဏ = စိတ်နှင့်အာရုံတူခြင်း။ (It has an identical object with it,)**

(စိတ်ယူသော အာရုံကိုသာ အတူတကွယူရသည် ။ စိတ်ကရူပါရုံကို အာရုံပြုလျှင် စေတသိက်ကလည်း ထိုရူပါရုံကို အာရုံပြု၍ **အာရုံတူသည်**။)

### အဖြစ်တူ၍ အချုပ်မတူက စေတသိက်အမည်မရ

စေတောယုတ္တလက္ခဏာ (၄) ပါးဖြင့် စိစစ်လျှင် ကမ္မဇရုပ်နှင့် စိတ္တဇရုပ်တို့သည် စိတ်နှင့် အဖြစ်သာတူ၍ အချုပ်မတူသောကြောင့် စေတသိက်အမည်မရထိုက်။

### အချုပ်တူ၍ အာရုံမတူက စေတသိက်အမည်မရ

စိတ်နှင့် အချုပ်တူသော ဝိညတ်ဒွေး၊ အခိုက်အတန့် အချုပ်တူကြသော ကမ္မဇ, စိတ္တဇရုပ်တို့သည် စိတ်ကဲ့သို့ အာရုံမတူနိုင်။ ထို့ကြောင့် အချုပ်သာတူ၍ စေတသိက်အမည်မရထိုက်။

### လက္ခဏာ (၄) ပါးနှင့် ညီညွတ်သောဘုံ

မည်သည့် စေတသိက်မဆို စိတ်၌ယှဉ်ဖို့ရာ ပဉ္စဝေါကာရ (ကာမ,ရူပ)ဘုံ၌ စေတောယုတ္တလက္ခဏာ (၄) ပါးလုံးနှင့် ညီညွတ်ရပေသည်။

### လက္ခဏာ (၃) ပါးနှင့် ညီညွတ်သောဘုံ

အရူပဘုံ၌ကား မှီရာဝတ္ထုရုပ်မရှိ၍(တူသောမှီရာ လက္ခဏာ)မရထိုက်၊ ကျန်လက္ခဏာ (၃)ပါးနှင့် ညီညွတ်သည်။

### စေတသိက်အမျိုးအစား

စေတောယုတ္တလက္ခဏာ (၄) ပါးရှိပြီး စိတ်၌ မှီတွယ်စိတ်ကို ခြယ်လှယ်ကြသော စေတသိက် (၅၂) ပါးတို့ကို **သဘောတူ ပေါင်း၍ အမျိုးအစားခွဲခြားလျှင် စေတသိက်အမျိုးအစားသုံးစုရှိကြသည်**။

(၁) အညသမာန်းစေတသိက်စု၊ (၂) အကုသိုလ်စေတသိက်စု (၃) သောဘနစေတသိက်စု တို့ကို အောက်ပါအတိုင်း ခွဲခြားနိုင်၏။

| စဉ် | စေတသိက်စု | စေတသိက်စုအခွဲ | | စေတသိက်များ |
|---|---|---|---|---|
| ၁ | အညသမာန်းစေတသိက်စု (၁၃) ပါး | (က) သဗ္ဗစိတ္တသာဓာရဏ | ၇ | |
| | | (ခ) ပကိဏ်း | ၆ | |
| ၂ | အကုသိုလ်စေတသိက်စု (၁၄) ပါး | (က) သဗ္ဗာကုသလသာဓာရဏ (မောစတုက်) | ၄ | |
| | | (ခ) လောတြိ– ၃ ပါး | ၃ | |
| | | (ဂ) ဒေါစတုက် ၄ ပါး | ၄ | |
| | | (ဃ) ဆုံးတြိ ၃ပါး | ၃ | |
| ၃ | သောဘန စေတသိက်စု (၂၅) ပါး | (က) သောဘနသာဓာရဏ | ၁၉ | |
| | | (ခ) ဝိရတီ ၃ ပါး | ၃ | |
| | | (ဂ) အပ္ပမညာ ၂ ပါး | ၂ | |
| | | (ဃ) ပညိန္ဒြေ ၁ပါး | ၁ | |
| | | စုစုပေါင်း | (၅၂) ပါး | |

www.burmeseclassic.com

www.burmeseclassic.com



## စေတသိက် (၅၂) ပါးတို့၏ အမျိုးအစားနှင့် သဘောလက္ခဏာများ
## Kind of mental states

ပရမတ္ထတရားတွင် ပါဝင်သော စေတသိက် (၅၂) ပါးအသီးသီး၌ လက္ခဏာ (အမှတ်အသား) ရသ (ဆောင်ရွက်သည့်လုပ်ငန်းကိစ္စ)၊ ပစ္စုပ္ပဋ္ဌာန် (မိမိကြောင့်ဖြစ်ပေါ်လာသည့် အကျိုးတရား)၊ ပဒဋ္ဌာန် (မိမိကိုဖြစ်ပေါ်စေသည့် အကြောင်းတရား) ဟူ၍ သဘောတရား (၄) မျိုးစီရှိကြစမြဲဖြစ်သည်။

ထို (၄) မျိုးအနက် စေတသိက် (၅၂) ပါးတို့၏ သဘောလက္ခဏာအသီးသီးကို အဘိဓမ္မာ သဘာဝဆိုက်အောင် သိရှိနားလည်ရန် အထူးလိုအပ်၏။ ထို့ကြောင့် စေတသိက် (၅၂) ပါး တို့၏ သဘောလက္ခဏာအသီးသီးကိုသာ ပြဆိုသွားမည်ဖြစ်သည်။

### ၁။ အညသမာန်း ရာသိစေတသိက် (၁၃) ပါး

(ကောင်းဆိုးနှစ်တန် ခပ်တိုင်းငံ၊ သမာန် အည တေရသ)

(အည = တစ်ပါးသော တရားတို့နှင့် + သမာန = သဘောတူယှဉ်နိုင်သည် + ရာသိ= အစု + စေတသိက်)

**မောဟ, သဒ္ဓါ စသော စေတသိက်တို့သည် မိမိတို့နှင့်ဆိုင်ရာ အကုသိုလ်သဘော၊ ကုသိုလ်သဘော တစ်မျိုးစီသာရှိ၏။ အခြားသော တရားတို့၏ သဘောနှင့် မလိုက်လျောနိုင်၊ သဘောမတူနိုင်ကြ။**

အညသမာန်း စေတသိက်ဖြစ်သော **ဖဿ**စသည့် စေတသိက်တို့ကား ထိုသို့မဟုတ်၊ **အခြားတရားတို့နှင့် လိုက်လျောတူ မျှနိုင်ကြ၏။** အချင်းချင်း ထောက်ဆကာ အညအမည်ရကြ၏။ သောဘနကို ထောက်စာလျှင် အညမည်သော အသောဘနနှင့်လည်း ကောင်း၊ အသောဘနကိုထောက်စာ လျှင် အညမည်သော သောဘနနှင့် လည်းကောင်း လိုက်လျောညီမျှနိုင်ကြ၏။

ထို့ကြောင့် အညသမာန်း စေတသိက် (၁၃) ပါးတို့သည် သောဘနစိတ်များနှင့် ဖြစ်စေ၊ အကုသိုလ်စိတ်များနှင့်ဖြစ် စေယှဉ်တွဲနိုင်သော **နှစ်ဘက်ရ စေတသိက်များဖြစ်**ကြသည်။ ဥပမာ- နှစ်ဘက်တွဲ၍ရန်ပွဲဖြစ်နေရာဝယ် နှစ်ဘက်လုံးနှင့် လိုက်လျောသဘောတူနိုင်သူကဲ့သို့ဖြစ်သည်၊ ဆားသည် ချို၊ ချဉ်စသော အရသာအမျိုးမျိုးတို့၌ ပါဝင်နိုင်သကဲ့သို့ အညသမာန်း စေတသိက် တို့သည်လည်း ကုသိုလ်၊ အကုသိုလ်စိတ်တို့နှင့် ယှဉ်နိုင်ကြသည်။

**အညသမာန်း စေတသိက် (၁၃)ပါးတို့သည် သောဘနစိတ်တို့နှင့် ယှဉ်တွဲသည့်အခါ ကုသိုလ် စေတသိက်များဖြစ်ကြ၏။ အကုသိုလ် စိက်များဖြင့်ယှဉ်တွဲလျှင် အကုသိုလ် စေတသိက်များဖြစ်ကြ ပြန်၏။**

အညသမာန်း စေတသိက် (၁၃) ပါးတို့ကို စိတ်တို့နှင့် ယှဉ်တွဲရာတွင် မတူညီသောကြောင့် အောက်ပါ အတိုင်း (၂) မျိုး ထပ်ခွဲ၏။

**(က) သဗ္ဗစိတ္တ သာဓာရဏ စေတသိက် (၇) ပါး**
**Essentials, universals- 7**

**(ခ) ပကိဏ်း စေတသိက် (၆) ပါး**
**Particulars -**

www.burmeseclassic.com

www.burmeseclassic.com



## (က) သဗ္ဗစိတ္တသာဓာရဏ စေတသိက်တို့၏ သဘောလက္ခဏာ

## Universals - 7

(ဖသ်၊ ဝေ၊ သဉ်၊ စေ၊ ဧ၊ ဇီ၊ မန၊ ဤသတ္တ၊သဗ္ဗစိတ်တိုင်းဖြစ် )

(သဗ္ဗ = အားလုံး + စိတ္တ = စိတ်တို့နှင့် + သာဓာရဏ = ဆက်ဆံသော စေတသိက်)

အလုံးစုံသော စိတ်တို့နှင့် ယှဉ်နိုင်သော စေတသိက်များဖြစ်သောကြောင့် သဗ္ဗစိတ္တသာဓာရဏ စေတသိက်များ အမည်ရ၏။ စိတ်တစ်ခုယုတ် (၉၀) နှင့် ဖြစ်စေ၊ စိတ်ကျယ် (၁၂၁) ပါးနှင့်ဖြစ်စေ ယှဉ်တွဲသည်။ စိတ်ဖြစ်တိုင်း အမြဲပါဝင်ကြရသည့် စေတသိက် (၇) ပါး ဖြစ်သည်။

**၁။ ဖဿ(Contact) = အာရုံကိုတွေ့ထိခြင်း သဘော။**

ချဉ် သီးစားနေသူကို မြင်၍ လျှာရည်ကျခြင်း၊ သစ်ပင်ဖျားတက်နေသူကို မြင်၍ အောက်လူ ကြောက်ဒူးတုန်ခြင်းတို့နှင့် ဥပမာတူ၏။

### ဖဿ (၆) မျိုး

ဖဿ စေတသိက်သည် အာရုံကို တွေ့ထိခြင်း သဘောလက္ခဏာတစ်ပါးတည်းဖြစ်သော်လည်း စက္ခုဝိညာဏ် စသော ဝိညာဏဓာတ်များနှင့် အတူတကွဖြစ်သောကြောင့် "ဖဿ" အပြား (၆)ပါး ရှိ၏။ တိဏ္ဏံ သင်္ဂတိ ဖဿော" ဝတ္ထု, အာရုံ, ဝိညာဏ သုံးပါးဆုံမိသောအခါ ဖဿဓာတ်ဖြစ်ပေါ် လာ၏။

(၁) စက္ခုသမ္ဖဿ = စက္ခုဝိညာဏ်နှင့်အတူဖြစ်သော ဖဿ၊
(၂) သောတသမ္ဖဿ = သောတဝိညာဏ်နှင့်အတူဖြစ်သော ဖဿ၊
(၃) ဃာန သမ္ဖဿ = ဃာနဝိညာဏ်နှင့်အတူဖြစ်သော ဖဿ၊
(၄) ဇိဝှါသမ္ဖဿ = ဇိဝှါဝိညာဏ်နှင့် အတူဖြစ်သော ဖဿ၊
(၅) ကာယသမ္ဖဿ = ကာယဝိညာဏ်နှင့်အတူဖြစ်သော ဖဿ၊
(၆) မနောသမ္ဖဿ = မနောဝိညာဏ်တို့နှင့်အတူဖြစ်သော ဖဿ၊

**၂။ ဝေဒနာ(Feeling) = အာရုံ၏အရသာကို ခံစားခြင်းသဘော။**

ကောင်းမြတ်သော ဘောဇဉ်အရသာကို ခံစားနေသော ရှင်ဘုရင်နှင့် ဥပမာတူ၏။

### ဝေဒနာ (၆) မျိုး

မျက်စိအတွေ့ဟူသော စက္ခုသမ္ဖဿကြောင့် ဣဋ္ဌအဆင်းကို မြင်သည့်အခါ စက္ခုသမ္ဖဿဇာ သုခဝေဒနာဖြစ်၏။ အနိဋ္ဌာရုံမျိုးဖြစ်ပါက စက္ခုသမ္ဖဿဇာ ဒုက္ခဝေဒနာဖြစ်၏။ ကောင်း, မကောင်း မထင်ရှားသည့် ရိုးရိုးအာရုံကို မြင်ပါက စက္ခုသမ္ဖဿဇာ ဥပေက္ခာ ဝေဒနာဖြစ်သောကြောင့် **ဖြစ်ပေါ်ရာဒွါရကိုလိုက်၍** ဝေဒနာ (၆) မျိုးရှိ၏။

(၁) စက္ခုသမ္ဖဿဇာဝေဒနာ (မျက်စိအတွေ့ကြောင့် ဖြစ်ပေါ်လာသော ခံစားမှု)
(၂) သောတသမ္ဖဿဇာဝေဒနာ (နားအတွေ့ကြောင့် ဖြစ်ပေါ်လာသော ခံစားမှု)
(၃) ဃာန သမ္ဖဿဇာဝေဒနာ (နှာခေါင်းအတွေ့ကြောင့် ဖြစ်ပေါ်လာသော ခံစားမှု)
(၄) ဇိဝှါသမ္ဖဿဇာဝေဒနာ (လျှာအတွေ့ကြောင့် ဖြစ်ပေါ်လာသော ခံစားမှု)

www.burmeseclassic.com

www.burmeseclassic.com



(၅) ကာယသမ္ဖဿဇာဝေဒနာ (ကိုယ်အတွေ့ကြောင့် ဖြစ်ပေါ်လာသော ခံစားမှု)
(၆) မနောသမ္ဖဿဇာဝေဒနာ (နှလုံးအတွေ့ကြောင့် ဖြစ်ပေါ်လာသော ခံစားမှု)

**ဝေဒနာ (၃) မျိုး**

တွေ့ကြုံရသော အာရုံကို လိုက်၍ ဝေဒနာ (၃) မျိုးရှိ၏။

(၁) သုခဝေဒနာ (အလိုရှိအပ် နှစ်သက်အပ်သော ဣဋ္ဌာရုံတို့နှင့်တွေ့ကြုံရသည့်အခါ ကိုယ်စိတ်နှစ်ပါး ချမ်းသာရွှင်လန်းစွာ ခံစားခြင်း)

(၂) ဒုက္ခဝေဒနာ (မနှစ်သက်အပ်သော အနိဋ္ဌာရုံတို့နှင့် တွေ့ကြုံရသည့်အခါ ကိုယ်စိတ်နှစ်ပါး ဆင်းရဲစွာ ခံစားခြင်း)

(၃) အဒုက္ခမသုခဝေဒနာ (ရိုးရိုးအလယ်အလတ်ဖြစ်သော သာမန်အာရုံများနှင့် တွေ့ကြုံရသည့်အခါ မထင်မရှားခံစားရသော ဥပေက္ခာဝေဒနာ)

**ဝေဒနာ (၅) မျိုး**

(၁) သုခဝေဒနာ (ကိုယ်၌ဖြစ်သော ချမ်းသာခံစားမှု)
(၂) ဒုက္ခဝေဒနာ (ကိုယ်၌ဖြစ်သော ဆင်းရဲခံစားမှု)
(၃) သောမနဿ ဝေဒနာ (စိတ်၌ဖြစ်သော ရွှင်လန်းချမ်းသာခံစားမှု)
(၄) ဒေါမနဿဝေဒနာ (စိတ်၌ဖြစ်သော ဆင်းရဲခံစားမှု)
(၅) ဥပေက္ခာဝေဒနာ (အလယ်အလတ်ရိုးရိုးမထင်ရှားသော ခံစားမှု)

၃။ **သညာ(Perception)= အာရုံကိုမှတ်သားခြင်းသဘော။**

ဗိသုကာဆရာတို့၏ ခဲသားအမှတ်အသားပြုခြင်းနှင့် ဥပမာတူ၏။

**သညာ (၆) မျိုး**

အာရုံဘက်ကို လိုက်၍ သညာ (၆) မျိုး ကွဲပြား၏။

(၁) ရူပသညာ (ရူပါရုံကိုမှတ်သားမှု)
(၂) သဒ္ဒသညာ (သဒ္ဒါရုံကို မှတ်သားမှု)
(၃) ဂန္ဓသညာ (ဂန္ဓာရုံကို မှတ်သားမှု)
(၄) ရသသညာ (ရသာရုံကို မှတ်သားမှု)
(၅) ဖောဋ္ဌဗ္ဗသညာ (အတွေ့အာရုံကို မှတ်သားမှု)
(၆) ဓမ္မသညာ (သဘောတရားကို မှတ်သားမှု)

၄။ **စေတနာ(Volition)= မိမိကိုယ်တိုင် မိမိကိစ္စကို ဆောင်ရွက်၍ မိမိနှင့် ယှဉ်ဖက်တရားတို့ကိုလည်း ဆိုင်ရာကိစ္စ၌ ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်ခြင်းသဘော။**

တပည့်ကြီး၊ လက်သမားကြီး၊ စစ်သူကြီးတို့နှင့် ဥပမာတူ၏။

**စေတနာ (၆) မျိုး**

စက္ခုပသာဒနှင့် ရူပါရုံတို့တိုက်ဆိုင်သောအခါ "သညာ" က မှတ်သား၍ စက္ခုဝိညာဏ်က မြင်သည်။ ရူပါရုံကိုကြည့်ရန် တိုက်တွန်းသည့် သဘောက "စေတနာ"ပင်ဖြစ်သည်။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



အာရုံ (၆) ပါးရှိ၍ စေတနာ (၆) မျိုး ကွဲပြားသည်။

(၁) ရူပသဉ္စေတနာ (အဆင်း၌တိုက်တွန်းနှိုးဆော်မှုစေတနာ)
(၂) သဒ္ဒသဉ္စေတနာ (အသံ၌တိုက်တွန်းနှိုးဆော်မှုစေတနာ)
(၃) ဂန္ဓသဉ္စေတနာ (အနံ့၌တိုက်တွန်းနှိုးဆော်မှုစေတနာ)
(၄) ရသသဉ္စေတနာ (အရသာ၌တိုက်တွန်းနှိုးဆော်မှုစေတနာ)
(၅) ဖောဋ္ဌဗ္ဗသဉ္စေတနာ (အတွေ့အထိ၌တိုက်တွန်းနှိုးဆော်မှုစေတနာ)
(၆) ဓမ္မသဉ္စေတနာ (သဘောတရား၌တိုက်တွန်းနှိုးဆော်မှုစေတနာ)

**သညာ, ပညာ, သတိ အထူး**

*သညာသည်မှတ်မိခြင်းသဘောဖြစ်၏၊

***ပညာ** သည် ထိုးထွင်း၍ သိခြင်း သဘောဖြစ်၏။

***သတိ** သည်မှတ်သားထားသည်ကို ပြန်လည် အောက်မေ့ခြင်းသဘောဖြစ်၏။

စာကျက်၍ မြန်မြန်ရခြင်း သဘောသည် "သညာ" ကောင်းခြင်းဖြစ်၏။ အကျဉ်းပြောလျှင် အကျယ်သိမြင်တတ်ခြင်း၊ တစ်ထွာပြလျှင်တစ်တောင်မြင်တတ်ခြင်းတို့မှာ **ပညာ** (ဉာဏ်) ကောင်းခြင်း ဖြစ်၏။ တွေ့ကြုံဖူးသည်တို့ကို မှတ်သားပြီး ပြန်လည်မမေ့ခြင်းသဘောသည် "သတိ" ကောင်းခြင်း ဖြစ်၏။

၅။ **ဧကဂ္ဂတာ** (One-pointedness, concentration) = **အာရုံတစ်ခုတည်း၌ တည်တံ့ခြင်း သဘော၊ တည်ကြည်ခြင်းသဘော**

လေကွယ်ရာ အရပ်၌ ဆီမီးလျှံသည် တည်ငြိမ်နေသကဲ့သို့ အလားတူ၏။

၆။ **ဇီဝိတိန္ဒြေ** (Physical Life) = **ယှဉ် ဖက်တရားတို့ကို စောင့်ရှောက်ခြင်းသဘော။**

ကြာကို စောင့်ရှောက်ထားသော ရေနှင့် အလားတူ၏။

၇။ **မနသိကာရ**(Attention) = **စိတ်၌ အာရုံပေါ်လာအောင် နှလုံးသွင်းခြင်းသဘော**

အာဇာနည်မြင်းကိုလိုရာသို့ ဖြောင့်မတ်စွာမောင်းနှင်နိုင်သော ရထားထိန်းနှင့် ဥပမာတူ၏။

**မနသိကာရ**

**မနသိကာရ (၃) မျိုးအထူး**

(၁) **ဝီထိပဋိပါဒက မနသိကာရ** = (ဝီထိ = စိတ်အစဉ်ကို + ပဋိပါဒက = စီရင်ဖြစ်ပေါ်စေတတ်သော + မနသိကာရ = နှလုံးသွင်းဆင်ခြင်မှု)

ဝီထိစိတ်အစဉ်ကို ဖြစ်ပေါ်လာစေသော နှလုံးသွင်း ဆင်ခြင်မှု၊ တရားကိုယ်မှာ **ပဉ္စဒွါရာ ဝဇ္ဇန်းစိတ်ဖြစ်၏။**

(၂) **ဇဝနပဋိပါဒက မနသိကာရ** = (ဇဝန = ဇောစိတ်အစဉ်ကို + ပဋိပါဒက = စီရင်ဖြစ်ပေါ်စေ တတ်သော + မနသိကာရ= နှလုံးသွင်း ဆင်ခြင်မှု)

ဇောစိတ်အစဉ်ကို ဖြစ်ပေါ်စေတတ်သော နှလုံးသွင်း ဆင်ခြင်မှု၊ တရားကိုယ်မှာ **မနောဒွါရာ ဝဇ္ဇန်းစိတ်ဖြစ်သည်။**

www.burmeseclassic.com

www.burmeseclassic.com



(၁) **အာရမ္မဏ ပဋိပါဒက မနသိကာရ** = (အာရမ္မဏ = အာရုံ + ပဋိပါဒက = စီရင်ဖြစ်ပေါ်စေတတ်သော + မနသိကာရ = နှလုံးသွင်း ဆင်ခြင်မှု)
စိတ်၌ အာရုံပေါ်လာအောင် နှလုံးသွင်း ဆင်ခြင်မှု၊ တရားကိုယ်မှာ **"မနသိကာရ စေတသိက်"** ဖြစ်သည်။

**မနသိကာရ (၂) မျိုးအထူး**

(၁) **ယောနိသော မနသိကာရ** = ယောနိသော = သင့်သော အကြောင်းဖြင့် + မနသိကာရ = နှလုံးသွင်းခြင်း။

(သင့်မြတ်သော နှလုံးသွင်း လိမ္မာမှုဖြစ်သည်။)

(၂) အယောနိသော မနသိကာရ = နှလုံးသွင်းမကောင်းခြင်းဖြစ်၏။

ထိုမနသိကာရ (၂) မျိုးသည် မနသိကာရ စေတသိက်မဟုတ်။ တရားကိုယ်မှာ ပဉ္စဒွါရာဝဇ္ဇန်းနှင့် မနောဒွါရာဝဇ္ဇန်း စိတ်တို့ဖြစ်သည်။ သို့ရာတွင် "မနသိကာရစေတသိက်" မပါဘဲ ထိုစိတ်များ မဖြစ်နိုင်သဖြင့် "ယောနိသော မနသိကာရကို ပညာနှင့် ယှဉ်သော" **မနသိကာရစေတသိက်**။ **"အယောနိသော မနသိကာရ"** ကို မောဟနှင့်ယှဉ်သော **"မနသိကာရစေတသိက်"** ဟုကောက်ယူ၏။

**မှတ်ချက်**။ ဝေဒနာနှင့် သညာ စေတသိက် (၂) ပါးသည် သမ္ပယုတ်တရားတို့နှင့်မဆိုင် သီးခြားခံစားခြင်း၊ မှတ်သားခြင်း သဘောဖြစ်၏။ ခန္ဓာဖွဲ့ရာ၌ သီးခြားခန္ဓာဖွဲ့ရသည်ကို ထောက်၍ သိနိုင်၏။

**ပကိဏ်း စေတသိက်တို့၏ သဘောလက္ခဏာ**

(တက်၊ စာ၊ ဝီ၊ ပိ၊ ဆန်၊ အဓိ၊ ပြွမ်းဘိပကိဏ်း ခြောက်။)

၁။ **ဝိတက်** (Initial application)= **ယှဉ်ဖက်တရားတို့ကို အာရုံသို့ တင်ပေးခြင်း (တွေတွေလာလာကြံစည်ခြင်း) သဘော**။

ခေါင်းလောင်းကို ထိုးသောအခါ ရှေးဦးစွာ ထွက်ပေါ်လာသောအသံနှင့်တူ၏။

၂။ **ဝိစာရ**(Sustained application)= **အာရုံကို သုံးသပ်ခြင်း (ထပ်၍ထပ်၍ယူခြင်း၊ တရစ်ဝဲဝဲ ရှိခြင်း) သဘော**။

ခေါင်းလောင်းထိုးသောအခါ ဆက်၍ ထွက်ပေါ်လာသော ကြေးညီးသံနှင့်တူ၏။

၃။ **အဓိမောက္ခ** (Decision) = **အာရုံကိုဆုံးဖြတ်ချက်ချခြင်းသဘော (တရားသူကြီးနှင့်တူ၏။)**

**သဒ္ဓါ၊ အဓိမောက္ခ အထူး**

ဘုရားစစ်၊ တရားစစ်တို့ကို ယုံကြည်ခြင်းသဘောသည် သဒ္ဓါစေတသိက်ဖြစ်၏။(ဘုရားအစစ်၊ တရားအစစ်တို့ကို မယုံကြည်မှုသဘောသည် မိစ္ဆာအဓိမောက္ခ စေတသိက်ဖြစ်၏။)

၄။ **ဝီရိယ**(Effort) = **သမ္ပယုတ်တရားတို့ကို ထောက်ပံ့နိုင်စေခြင်း (အားထုတ်ခြင်း) သဘော**။

ယိုယွင်းနေသော အိမ်အိုကြီးကို မပြိုမလဲအောင်ထောက်ကန်ထားသော "ကျားတိုင်" နှင့် တူ၏။

www.burmeseclassic.com

www.burmeseclassic.com



၅။ ပီတိ(Joy) = **အာရုံကိုနှစ်သက်ခြင်းသဘော။**

ရေဆာနေခိုက် ရေကို တွေ့မြင်သော ကန္တာရ ခရီးသည်နှင့် တူ၏။

ပီတိဖြစ်လာသောအခါ စိတ်စေတသိက်တို့သည် ပွင့်လန်းသော ပဒုမ္မာကြာပန်းကဲ့သို့ ရွှင်လန်း၏။

**ပီတိ (၅) မျိုး**

(၁) ခုဒ္ဒကာပီတိ = ကြက်သီးမွေးညင်းထရုံမျှ အနည်းငယ် နှစ်သက်မှု။

(၂) ခဏိကာပီတိ = လျှပ်စစ်ပြက်သကဲ့သို့ ခဏခဏဖြစ် သော နှစ်သက်မှု။

(၃) ဩက္ကန္တိကာပီတိ = တစ်ကိုယ်လုံး အလိပ်လိပ်ထ၍ နှစ်သက်မှု။

(၄) ဥဗ္ဗေဂါ ပီတိ = ကိုယ်အထက်မြောက်အောင် နှစ်သက်မှု။

(၅) ဖရဏာ ပီတိ = ကြာရှည်စွာ တစ်ကိုယ်လုံး ပျံ့နှံ့၍ "ဂွမ်းဆီထိ" သကဲ့သို့ ဖြစ်သော နှစ်သက်မှု။

၆။ **ဆန္ဒ** (Conation)= **အာရုံကိုလိုလား တောင့်တခြင်း သဘော။**

တစ်စုံတစ်ခုကို ယူဖို့ရန် လက်လှမ်းနေသူနှင့်တူ၏။

**ဆန္ဒ, လောဘအထူး**

လှူဒါန်းစွန့်ကြဲရန် ရည်ရွယ်၍ ဥစ္စာကို ရှာဖွေသော် (တွယ်တာမှုကင်းသောကြောင့်) ဆန္ဒမည်၏။

မိမိကိုယ်ကျိုးအတွက်သာ ရည်ရွယ်၍ ဥစ္စာကို ရှာဖွေသော် (တွယ်တာမှု မကင်း၍) "လောဘ" မည်၏။

**ဝိတက်နှင့်ဝိစာရထူးခြားချက်**

ဝိတက်သည် သမ္ပယုတ်တရားစုကို အာရုံသို့ ရှေ့ရှုတင်ပေးခြင်းဖြစ်သည်။ ဝိစာရသည် ဝိတက်၏ တင်ပေးမှုကြောင့် ထိုအာရုံပေါ်၌ အဖန်ဖန်အထပ်ထပ် သုံးသပ်ဆင်ခြင်နေသော သဘောဖြစ်သည်။

ဝိတက်နှင့် ဝိစာရတို့သည် အချို့စိတ်တို့၌ အတူတကွ ယှဉ်လျက် အာရုံကို ယူကြ၏။ အာရုံကို ပထမအကြိမ်ယူသောအခါ ဝိတက်၏ သဘောသည် ထင်ရှား၍ ဝိစာရသဘောမထင်ရှား။ ယူအပ်ပြီးသော အာရုံကို ထပ်၍ ထပ်၍ ယူပြန်သောအခါ ဝိစာရသဘောထင်ရှား၍ ဝိတက်သဘော မပေါ်လွင်။

ဝိတက်နှင့် ဝိစာရတရား (၂) ပါးတို့ကို ကွဲပြားပေါ်လွင်အောင် ခေါင်းလောင်းသံ၊ ကြေးစည်သံ၊ ငှက်ကြီး ပျံဟန် နှင့် ပျားပိတုန်း ရစ်ဝဲဟန်တို့ဖြင့် ဥပမာ ပြဆိုနိုင်၏။

ခေါင်းလောင်း၊ ကြေးစည်တို့ကို ထိုးတီးခေါက်သောအခါ ရှေးဦးစွာ ထွက်လာသော အသံသည် စိတ်က အာရုံကို ရှေးဦးစွာ ယူသော ဝိတက်နှင့် တူ၏။ ယင်းခေါင်းလောင်း၊ ကြေးစည်တို့၏ ဆက်၍ ထွက်လာသော ကြေးညည်းသံတို့သည် ဝိစာရက အာရုံအပေါ်အထပ်ထပ်သုံးသပ်ယူပုံနှင့် တူသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝိတက်သည် ကောင်းကင်သို့ ပျံတက်ခြင်း၌ ရှေးဦးစွာ ငှက်ကြီး၏ တောင်ပံခတ်ခြင်းနှင့်တူ၏။ ဝိစာရသည် ကောင်းကင်သို့ ပျံတက်ပြီးနောက် ငှက်ကြီး၏ တောင်ပံဖြန့်ကားလျက် လေဟုန်စီး ပျံနေခြင်းနှင့် တူ၏။

ဝိတက်သည် ပဒုမ္မာကြာပန်းတောသို့ ပျားပိတုန်းထိုးဆင်းသည်နှင့်တူ၏။ ဝိစာရသည် ပဒုမ္မာကြာတောအထက်၌ ရစ်ဝဲ ပျံနေခြင်းနှင့် တူ၏။

ကုသိုလ်အလုပ်၌ ဖြစ်စေ၊ အကုသိုလ်အလုပ်၌ဖြစ်စေ၊ ဝိတက်၊ ဝိစာရပါ၏။ ဘုရားတည် ကျောင်းဆောက်စသော ကုသိုလ်ကောင်းမှုလုပ်ငန်းကို ပြုလုပ်မည်ဆိုပါက ကြိုတင်ကြံစည် စိတ်ကူးခြင်း ဟူသော ဝိတက်ပါ၏။ ထိုကုသိုလ်လုပ်ငန်း အထမြောက် အောင်မြင်ရန်အတွက် ထိုကုသိုလ်လုပ်ငန်း အပေါ် အပြန်ပြန် အလှန်လှန် သုံးသပ်ခြင်းဟူသော ဝိစာရပါ၏။

ထိုနည်းအတူ အကုသိုလ်အလုပ်များဖြစ်သော ခိုးမည့်၊ တိုက်မည့်၊ သတ်မည့် လုပ်ငန်းများ၌လည်း ရှေးဦးစွာ စိတ်ကူး ကြံစည်ရသော ဝိတက်ပါ၏။ ထိုအကုသိုလ် အကြံအစည် အထမြောက်ရန် အဖန်ဖန်သုံးသပ်ခြင်းဟူသော "ဝိစာရ" ပါ၏။

## ဝိတက်၊ စေတနာ၊ မနသိကာရ ထူးခြားချက်

ဝိတက်စေတသိက်သည် ယှဉ်ဖော် ယှဉ်ဖက် သမ္ပယုတ်တရားတို့ကို အာရုံသို့တင်ပေး၏။ စေတနာသည် ဝိတက်တင်ပေးလိုက်သော ယှဉ်ဖက်နာမ် သမ္ပယုတ် တရားစုကို အာရုံ၌ ယှဉ်စပ်ပေး၏။ မနသိကာရသည် ယှဉ်ဖက်တရားစုကို အာရုံသို့ ဖြောင့်မတ်စွာရောက်အောင် ပြုပေး၏။

ဝိတက်၊ စေတနာ၊ မနသိကာရ (၃) ပါးတို့၏ သဘောလက္ခဏာ ကွဲပြားပုံကို လှေပြိုင်သူများနှင့် ဥပမာပြဆိုလျှင် ပို၍ပေါ်လွင်၏။

လှေပြိုင်ပွဲတစ်ခုတွင် ပြိုင်ပွဲဝင် လှေတစ်စင်းတွင် လှေ၏ ဦးပိုင်းက လှော်ခတ်သူအလယ်ဝမ်းပိုင်းက လှော်ခတ်သူနှင့် ပဲ့ပိုင်းက ပဲ့ကိုင် လှော်ခတ်သူတို့သည် တစ်ပြိုင်နက် လှော်ခတ်ကြ၏။

အလယ်ဝမ်းပိုင်းက လှော်ခတ်သူ၏ အဓိက တာဝန်မှာ ပန်းတိုင်သို့ အမြန်ရောက်အောင်ဖြစ်၏။ ထိုသူသည် ဝိတက်နှင့်တူ၏။ ဝိတက်၏ အဓိကတာဝန်မှာ ယှဉ်ဖက်နာမ်တရားတို့ကို အာရုံသို့ တင်ပို့ပေး၏။ ပဲ့ပိုင်းက လှော်ခတ်ပဲ့ထိန်းသူသည် လှေကို ပန်းတိုင်သို့ ဖြောင့်ဖြောင့်မတ်မတ်ရောက်အောင် ဖြောင့်မတ်ပေး၏။ ထိုပဲ့ကိုင်သူသည် မနသိကာရနှင့်တူ၏။ မနသိကာရ၏ တာဝန်သည် ထိန်းသွင်းခြင်းဖြင့် ယှဉ်ဖက်စိတ်စေတသိက် တရားတို့ကို အာရုံသို့ ရှောရှောရှူရှူ ရောက်အောင် ဖြောင့်မတ်ပေး၏။ ဦးပိုင်းက လှော်သူသည် ပန်းတိုင်သို့ အရောက်တွင်အရအမိ ပန်းဆွတ်ရ၏။ ထိုသူသည် စေတနာနှင့်တူ၏။ စေတနာသည် ယှဉ်ဖက် နာမ်တရားတို့ကို အာရုံ၌ ယှဉ်စပ်ပေး၏။

ဤသို့အားဖြင့် လှေပြိုင်ပွဲ၌ အနိုင်ရရှိရေးတွင် လှော်ခတ်သူအားလုံး အရေးကြီးသကဲ့သို့ အာရုံကို ရယူရာတွင်လည်း ဝိတက်၊ မနသိကာရ စေတနာတို့နှင့် ယင်းတို့၏ ယှဉ်ဖက် နာမ်တရား အားလုံးတို့ အရေးပါကြသည်။

## ပီတိနှင့် သုခတို့၏ ထူးခြားချက်

**ပီတိသည် ပကိဏ်း စေတသိက်စုတွင် ပါဝင်သော ပီတိစေတသိက် ဖြစ်၍ အာရုံကို နှစ်သက်ခြင်းသဘောရှိသည်။**

www.burmeseclassic.com

www.burmeseclassic.com



သုခသည် သဗ္ဗစိတ္တသာဓာရဏစေတသိက်စုတွင် ပါဝင်သော ဝေဒနာစေတသိက်ဖြစ်ပြီး **ကောင်းသောအာရုံ၏ အရသာကို ခံစားခြင်း သဘောရှိသည်။**

**ကောင်းသော အာရုံကို ရှေးဦးစွာ ရသည့်အခါ "ပီတိ"၏ သဘောသည် ပိုမိုထင်ရှားသည်။** ကန္တာရခရီးသွားနေသူသည် ပင်ပန်းနွမ်းနယ်၍ ရေဆာလောင်မွတ်သိပ်နေခိုက် ကြည်လင်သောရေအိုင်ကို တွေ့မြင်ရသည့်အခါ နှစ်သက်ရွှင်လန်းပီတိ ဖြစ်၏။

**ရအပ်ပြီးသော အာရုံ၏ အရသာကိုခံစားခြင်း၌မူ သုခ၏သဘောသည် ပိုမိုပေါ်လွင် ထင်ရှား၏။** ရေမွတ်သိပ်နေသော ထိုခရီးသွား ယောကျာ်းသည် ရေအိုင်မှ ရေကို တစ်ဝသောက်လိုက်ပြီးသောအခါ ချမ်းသာခြင်းကို ခံစားရသကဲ့သို့ဖြစ်သည်။

## ၂။ အကုသိုလ် စေတသိက်စု(၁၄) ပါး
## Immoral Mental states - 14

(ယုတ်မာညစ်ကြေး၊ မိုက်မဲမေး၊ ဆယ့်လေးအကုသိုလ်)

အကုသိုလ်ဟူသည်မှာ "အကုသလ" ပါဠိသဒ္ဒါမှ ဆင်းသက်လာ၏။ အကုသိုလ် စေတသိက်ဟူသည်မှာ မလိမ္မာသော၊ အပြစ်နှင့်တကွဖြစ်သော၊ မကောင်းသောအကျိုးကို ပေးသော စေတသိက်ဟု အဓိပ္ပာယ်ရှိ၏။

ထိုအကုသိုလ် စေတသိက် (၁၄) ပါးတို့ကို **အသောဘန=မတင့်တယ်သော စေတသိက်များ** ဟုလည်းခေါ်ဆိုသည်။

အကုသိုလ် စေတသိက် (၁၄) ပါးကို လေးစုခွဲ၍ မှတ်သားနိုင်သည်။

### (က) မောစတုက် ၄ ပါး (မောဟစတုက္က)
### Four Immoral Cetasikas headed by Moha (ignorance)

(မော, ဟိ, နောက်, ဥဒ်၊ မောစတုက်)

ထိုအကုသိုလ် စေတသိက် (၄) ပါးတို့သည် မောဟအုပ်စုတွင် ပါဝင်သော စေတသိက်များ ဖြစ်ကြသည်။

ထိုမောစတုက် (၄) ပါးသည် အကုသိုလ်စိတ်အလုံးစုံ၌ ယှဉ်သောကြောင့် **(သဗ္ဗာကုသလသာဓာရဏ (ဝါ) အကုသလသာဓာရဏ) မည်၏။**

### (ခ) လောတြိ (၃) ပါး
### Three Immoral cetasikas headed by lobha (attachment)

(လော, မာန်, ဒိဋ္ဌိ၊ လောတြိ)

ထိုအကုသိုလ် စေတသိက် (၃) ပါးတို့သည် လောဘအုပ်စုဝင် စေတသိက်များဖြစ်ကြသည်။ လောတြိ (၃) ပါးသည် **သံသရာကို ချဲ့သော တရား (ပပဉ္စတရား) မည်၏။**

### (ဂ) ဒေါစတုက် (၄) ပါး
### Four Immoral Cetasikas headed by Dosa (aversion)

(ဒေါ, ဣဿ, မစ်, ကုက်၊ ဒေါစတုက်)

ထိုအကုသိုလ် စေတသိက် (၄) ပါး တို့သည် ဒေါသအုပ်စုဝင် စေတသိက်များဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## (ဃ) ဆုံးတြိ (၃) ပါး

## Three parts of Moha

(ထိ, မိဒ်, ဝိစိ၊ ဆုံးတြိ)

ထိုအကုသိုလ် စေတသိက် (၃) ပါးတို့သည် အကုသိုလ် စေတသိက်အဆုံး (၃) ပါးဖြစ်ကြ၏။ ဆုံးတြိ (၃) ပါးသည် မောဟအုပ်စုဝင် စေတသိက်များပင်ဖြစ်ကြ၏။

### အကုသိုလ်စေတသိက် (၁၄) ပါးတို့၏ သဘောလက္ခဏာ

### (Meanings of Immorals- 14)

၁။ **မောဟ** (Delusion, Ignorance) = **အာရုံ၏ သဘောအမှန်ကို ဖုံးကွယ်ခြင်းသဘော။**

လက္ခယ်၊ သန်းခေါင်၊ မိုးမှောင်၊ တောအုပ်ဟူသော အင်္ဂါ (၄) ပါးရှိသည့် အမိုက်မှောင်နှင့်တူ၏။

ဆောင် ။ ။ သဘောမှန်ရာ၊ ဖုံးကွယ်ကာ၍၊ ပညာစက္ခု၊ ကန်းအောင်ပြုလျှင်း၊ မိုက်မဲခြင်း၊ မယွင်းမောဟ သဘောတည်း။

၂။ **အဟိရိက** (Shamelessness,) = **မကောင်းမှု ဒုစရိုက်မှ မရှက်ခြင်းသဘော။**

မစင်ကို စားရန် မရှက်သော ရွာဝက်နှင့်တူ၏။

ဆောင် ။ ။ ရွာသူတို့ ဝက်၊မစင်ဖွက်ကို မစက်ဆုပ်အား၊ မရှက်အားသို့ ၊ များဒုစရက် ပြုဖို့ချက်မှ၊ မရှက်သသူ၊ ဖြစ်ကြောင်းဟူ၊ မှတ်ယူအဟိရိကတည်း။

၃။ **အနောတ္တပ္ပ** (Fearlessness of / to commit wrong) = **မကောင်းမှု ဒုစရိုက်မှ မကြောက်လန့်ခြင်းသဘော**

မီးလျှံကို တိုးသည့် ပိုးဖလံမျိုးနှင့်တူ၏။

ဆောင် ။ ။ ပိုးဖလံမျိုး၊ မီးလျှံတိုးသို့၊ အကျိုးကိုထောက်၊ ရှုံ့ကြောက်စဘွယ်၊ သွယ်သွယ်ဒုစရက်၊ ပြုဘို့ချက်မှ၊ သက်သက်မရှုံ့၊ အရဲစွန့်၊ ပြုဝံ့နောတ္တပ်တည်း။

၄။ **ဥဒ္ဓစ္စ** (Restlessness ) = **ပျံ့လွင့်ခြင်းသဘော**

လေအရှိန်ကြောင့် ရေမငြိမ်သကဲ့သို့ ဥပမာတူ၏။

ဆောင် ။ ။ လေဟုန်အရှိန်၊ ရေမငြိမ်သို့၊ မငြိမ်မသက်၊ အထက်ထက်၌၊ လွင့်တက်တက်ရှောင်း၊ စိတ်ဖြစ်ကြောင်း၊ မကောင်း ဥဒ္ဓစ္စသဘောတည်း။

၅။ **လောဘ** (Attachment ) = **လောကီအာရုံကာမဂုဏ်တို့၌ ကပ်ငြိ၊ တပ်မက်၊ လိုချင်သည့်သဘော။**

မျောက်နဲ့စေးနှင့် တူ၏။

ဆောင် ။ ။ မျောက်နဲ့စေးပုံ၊ မခွာတုံသို့၊ အာရုံငြိကပ်၊ မခွာလတ်ဘဲ၊ တပ်မက်ခင်မင်၊ လိုချင်တတ်သော၊ ဤသဘော၊ မှတ်လော လောဘတည်း။

### လောဘ (၂) မျိုး

တရားသဖြင့် တွယ်တာမှုမျိုးသည် **"သမလောဘ"** ဖြစ်၏။ မတရားသဖြင့် သူတစ်ပါးဥစ္စာသည် ... စည်းစိမ်စသည်တို့ကို အာသာရမ္မက် ငမ်းငမ်းတက်တွယ်တာမှုမျိုးသည် **"ဝိသမလောဘ"** ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



**တဏှာ (၆)မျိုး**

(၁) ရူပတဏှာ = ရူပါရုံ၌ တပ်မက်သော တဏှာ
(၂) သဒ္ဒတဏှာ = သဒ္ဒါရုံ၌ တပ်မက်သော တဏှာ
(၃) ဂန္ဓတဏှာ = ဂန္ဓာရုံ၌ တပ်မက်သောတဏှာ
(၄) ရသတဏှာ = ရသာရုံ၌သာယာ တပ်မက်သော တဏှာ
(၅) ဖောဋ္ဌဗ္ဗတဏှာ = အထိအတွေ့ ဖောဋ္ဌဗ္ဗာရုံ၌ သာယာတပ်မက်သော တဏှာ
(၆) ဓမ္မတဏှာ = ဓမ္မာရုံ၌ သာယာတပ်မက်သော တဏှာ

**လောဘစေတသိက်၏ နာမည်ကွဲများ**

လောဘစေတသိက်သည် အကုသိုလ်ပိုင်းဆိုင်ရာတွင် စွမ်းဆောင်သည့် သဘောသတ္တိကို လိုက်၍ နာမည်အမျိုးမျိုးရှိ၏။

လောဘစေတသိက်ကိုပင် **တဏှာ၊ အဘိဇ္ဈာ၊ ရာဂ၊ ကာမ၊ အာသာ၊ နိကန္တိ၊ အာလယ၊ အာသင်္ဂ၊ အနုသယ၊ ကိလေသာ၊ သံယောဇဉ်၊ သမုဒယသစ္စာ** စသည်ဖြင့် ခေါ်ဆိုသည်။

၆။ **ဒိဋ္ဌိ** (Misbelief, wrong view) =**မှားမှားယွင်းယွင်း သိမြင်ခြင်း (အယူမှားခြင်း)သဘော** မျက်စိလည် လမ်းမှားသူနှင့်တူ၏။

ဆောင် ။ ။ အမှားကိုပင်၊ အမှန်ထင်၍၊ သိမြင်ယူမှား၊ သဘောထား၊ မှတ်သား ဒိဋ္ဌိတည်း။

**ဒိဋ္ဌိ, ဉာဏ်အထူး**

BURMESE CLASSIC .com

ဒိဋ္ဌိသည် ဟုတ်မှန်သော သဘောအမှန်ကိုစွန့်၍ အမှားမြင်တတ်သည်။ ဉာဏ်သည် အာရုံကို ဟုတ်မှန်သောအားဖြင့် သိ၏။

(၁) **နတ္ထိကဒိဋ္ဌိ** = ကုသိုလ်ကိုဖြစ်စေ အကုသိုလ်ကိုဖြစ်စေ ပြုလုပ်သော်လည်း အကျိုး မရှိဟု မှားယွင်းသော အမြင်မှားမှု ဖြစ်သည်။ "အကျိုးကိုပယ်သော အမြင်မှား အယူမှား" ဖြစ်၏။
(၂) **အဟေတုကဒိဋ္ဌိ** = အတိတ်က ပြုခဲ့သော ကုသိုလ်ကံ, အကုသိုလ်ကံကို မယုံကြည်သော အမြင်မှားမှုဖြစ်သည်။ "အကြောင်းကို ပစ်ပယ်သော အမြင်မှား အယူမှား" ဖြစ်၏။
(၃) **အကိရိယဒိဋ္ဌိ** = အကြောင်း, အကျိုးကို ပစ်ပယ်သော အမြင်မှား, အယူမှားဖြစ်၏။
(၄)**သဿတဒိဋ္ဌိ** = အတ္တဝိညာဉ်ကောင်သည် တစ်ဘဝမှ တစ်ဘဝသို့ ပြောင်း၍ မြဲနေသည်ဟု အမြင်မှားခြင်းဖြစ်သည်။
(၅)**ဥစ္ဆေဒဒိဋ္ဌိ** = နောက်ဘဝမရှိ သံသရာမရှိဟု တစ်ဘဝ၌ ပြတ်သည်ဟု အမြင်မှားခြင်း ဖြစ်သည်။
(၆)**သက္ကာယဒိဋ္ဌိ** = ရုပ်နာမ် (၂) ပါးကို ငါ၊ ခန္ဓာကိုယ်ဟူ၍ အမြင်မှားခြင်းသဘောဖြစ်၏။

၇။ **မာန** (Conceit) = **ထောင်လွှားတက်ကြွခြင်းသဘော။** တံခွန်၊ မှန်ကင်းတို့နှင့်အလားတူ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆောင် ။ ။ အများထက်ချွန်၊ စိတ်နေလွန်၍၊ တံခွန်အလား၊ ငါတကားဟု၊ ထောင်လွှားပြုလျက်၊ ကြွကြွတက်လျှင်း၊ မှတ်ထင်ခြင်း၊ မယွင်းမာနသဘောတည်း။

**မာန် ၃ မျိုး**

(၁) **ဇာတိမာန်** = မျိုးရိုးဇာတိကြောင့်မာန်တက်ခြင်း။
(၂) **ဂုဏမာန်** = ပညာ, သီလ, ဂုဏ်ကြောင့် မာန်တက်ခြင်း။
(၃) **ပုညမာန်** = ဘုန်းကံကြီးမား၍ မာန်တက်ခြင်း။

**မာန် ၉ မျိုး**

(၁) **သေယျမာန်** = မြတ်သူဖြစ်၍ မြတ်သူဟု ထင်သောမာန်။ (ငါကသူတို့ထက်သာတယ်)
(၂) **သဒိသမာန်** = အလယ်အလတ်တန်းစားဖြစ်၍ထင်သောမာန်။ (ငါနဲ့သူနဲ့ဘာထူးလဲ၊ အတူတူပဲ။)
(၃) **ဟီနမာန်** = ယုတ်သူဖြစ်၍ ယုတ်သူဟု ထင်သောမာန်။ (သူ့လောက်မလှတော့ကော ဘာအရေးစိုက်ရမှာလဲစသည်)

ယုတ်, လတ်, မြတ် ဟူ၍ ပုဂ္ဂိုလ် (၃) မျိုးရှိရာ ပုဂ္ဂိုလ်တစ်မျိုးတစ်မျိုးလျှင် မာန (၃) မျိုးရှိရာ ပုဂ္ဂိုလ်တစ်မျိုးတစ်မျိုးလျှင် မာန (၃) မျိုးဖြစ်နိုင်၍ "အယုတ်, အလတ်၊ အမြတ် ပိုင်းခြား၊ သုံးပါးတိုင်းတည့်၊ ကိုးခုမည်ဖြင့်၊ ရည်ရွှာ ခလောက်၊ မိုးရှိ မြောက်သား" ဟူသော စာဆိုနှင့်အညီ မာန် (၉) မျိုးရှိသည်။"

BURMESE CLASSIC .com

၈။ **ဒေါသ** (Hatred, aversion) = **ခက်ထန်ကြမ်းတမ်းခြင်းသဘော**

**တုတ်၊ လှံတံဖြင့်** ရိုက်ခတ်အပ်သော မြွေဟောက်နှင့်တူ၏။

ဆောင် ။ ။ မြွေဟောက်တမျှ၊ ထောင်းထောင်းထလျက်၊ ယှဉ်ဘက်စိတ်ဓာတ်၊ ကိန်းဝပ်မိရာ၊ သတ္တဝါကို၊ ပူဆာစေလျှင်း၊ ဖျက်ဆီးခြင်း၊ မယွင်းဒေါသ သဘောတည်း။

**အာဃာတဝတ္ထု (၁၀) ပါး (ရန်ငြိုး ၁၀ ပါး)**

(၁) မိမိ၏ စီးပွားမဲ့ (၂) မိမိချစ်ခင်သူ၏ စီးပွားမဲ့ (၃) မိမိမုန်းသူ၏ အကျိုးစီးပွား (၃)မျိုးကို (၁) ရှေ့ကပြုခဲ့ဖူးခြင်းအတိတ် (၂) ယခုပြုနေခြင်းပစ္စုပ္ပန် (၃) နောင်လည်းပြုပေဦးမည့်အနာဂ တ်ဟူ၍ ကာလ (၃) ပါးနှင့် မြှောက်ပွားလျှင် ရန်ငြိုး (၉) ပါးရ၏။

ခလုတ်တိုက်မိခြင်း စသည်ဖြင့် အရာမဟုတ်သည်၌ စိတ်ဆိုးခြင်း "အဋ္ဌာနကောပ" ထည့်ပေါင်းလျှင် အာဃာတဝတ္ထု (၁၀) ပါးရ၏။

**ပပဉ္စတရား (၃) ပါး**

ပပဉ္စ တရားဆိုသည်မှာ အကျယ်ချဲ့သောတရားဟု အဓိပ္ပာယ်ရှိသည်။

"လောဘ, ဒိဋ္ဌိ, မာန"ဟူသော လောဘစေတသိက် အုပ်စု (၃) ပါးတို့သည် ချဲ့ထွင်တတ်သော တရားဆိုးများဖြစ်၏။ "လောဘ" သဘောသည် "ရလေလိုလေ အိုတစ္ဆေ" ဟူသော ဆိုရိုးအတိုင်း မည်သည့်အခါမျှ အလိုမပြည့်နိုင်။ အယူဝါဒအမှားများသည်လည်း လိုက်၍မဆုံးနိုင်အောင် ပေါ်များနေ၍ သံသရာကို ချဲ့၏။ မာနဆိုသည်မှာလည်း အခြားလူများ လုပ်၍ ရလျှင် "ငါလည်းဖြစ်ရမည်" ဟူ၍ လောဘနယ်ချဲ့သလောက် မာနကလည်း လောဘနောက်လိုက်၍ နယ်ချဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



အဇ္ဈာနကောပ မှတစ်ပါး ကျန်(၉)ပါးသည် သက်ရှိသတ္တဝါကို အာရုံပြု၍ဖြစ်သောကြောင့် ကမ္မပထမြောက်၏။ "အဇ္ဈာနကောပ" မှာမူ မိုး, နေ, လေ စသည့် သက်မဲ့ သင်္ခါရတရားများကို အမျက်ထွက်၍ ကမ္မပထ မမြောက်။

ကမ္မပထမြောက်သောအကုသိုလ်ကံသည် အပါယ်ဘုံတို့၌ ပဋိသန္ဓေအကျိုးကိုပေး၏။ ကမ္မပထ မမြောက်သော အကုသိုလ်ကံ ဖြစ်မူ ပဝတ္တိအကျိုးကိုသာပေးနိုင်၏။

### ဒေါသစေတသိက်၏ နာမည်ကွဲများ

ဒေါသ စေတသိက်သည် အကုသိုလ်ပိုင်းဆိုင်ရာတွင် စွမ်းဆောင်နိုင်သည့် သဘောသတ္တိကို လိုက်၍ **"အာဃာတ, ပဋိဃ, ကောပ, ဒေါသ, ဗျာပါဒ"** ဟူ၍ နာမည်ထူးများလည်းရှိ၏။

၉။ **ဣဿာ** (Jealousy) =**သူတစ်ပါး၏ ဂုဏ်သိရ်စည်းစိမ် ချမ်းသာကို မနာလိုခြင်းသဘော**
(ဗဟိဒ္ဓပြင်ပကိုသာအာရုံပြု၏။)
မီးလျှံနှင့်တူ၏။

ဆောင်။ ။ ကံကောင်း...မသဖြင့်၊ ပြည့်ဝဂုဏ်သိရ်၊ သူ့စည်းစိမ်ကို၊ မမြင်နိုင်ကောင်း၊ စောင်းမြောင်းမဲ့ရွဲ၊ ကဲ့ရဲ့ငြူစူ၊ ရှုတ်ချမူ၊ မှတ်ယူဣဿာတည်း။

၁၀။ **မစ္ဆရိယ** (Avarice) = **ကိုယ့်စည်းစိမ်ကို ဝန်တိုခြင်း သဘော၊ နှမြောခြင်းသဘော (အဇ္ဈတ္တကိုယ်၌ ဖြစ်သော ရုပ်အဆင်း အတတ်ပညာ စသည်တို့နှင့် ဗဟိဒ္ဓအာဝါသ စသည်တို့ကို အာရုံပြု၏။)**
ခါးစပ်သော အရသာနှင့်တူ၏။

ဆောင်။ ။ ရလတံ့ပြီး၊ ငါ့ပစ္စည်းနှယ်၊ အံ့ချီးဘွယ်ကား၊ များကြွယ်သူတစ်ပါး၊ မဖြစ်စေသားဟု၊ ဖြစ်ပွားတည့်လျှင်း၊ ဝန်တိုခြင်း၊ မယွင်းမစ္ဆရိယသဘောတည်း။

**မစ္ဆရိယ (၅) မျိုး**

(ကုလ, လာဘ, အာဝါသ, ဝဏ္ဏ, ဓမ္မ)

(၁) ကုလမစ္ဆရိယ = ဆွေမျိုး, ဉာတိ, ဒကာ ဒကာမများတို့၌ ဝန်တိုမှု၊
(၂) လာဘမစ္ဆရိယ = ပစ္စည်း ဥစ္စာ, လာဘ်လာဘတို့၌ ဝန်တိုမှု၊
(၃) အာဝါသမစ္ဆရိယ = ကျောင်းကန်တိုက်တာ, နေရာထိုင်ခင်းတို့၌ ဝန်တိုမှု၊
(၄) ဝဏ္ဏမစ္ဆရိယ = ရုပ်ရည်အဆင်း, ဂုဏ်သတင်းတို့၌ ဝန်တိုမှု၊
(၅) ဓမ္မမစ္ဆရိယ = မိမိတတ်သိထားသော၊ ဓမ္မအတတ်ပညာတို့၌ ဝန်တိုမှု၊

၁၁။ **ကုက္ကုစ္စ** (Worry) = **ဒုစရိုက်ကို ပြုမိပြီးမှလည်းကောင်း၊ သုစရိုက်ကို မပြုမိ၍လည်းကောင်း နောင်တ,တဖန် ပူပန်ခြင်းသဘော**
ကျွန်မနှင့်တူ၏။

ဆောင်။ ။ မနာလိုကင်း၊ ဝန်တိုရှင်း၊ လက်ငင်းချမ်းသာသည်။ ပြုပြီးဒုစရိုက်၊ မပြုလိုက်မိ၊ သုစရိုက်အတွက်၊ စက်ဆုပ်အပ်စွာ၊ ကိရိယာဟု၊ နောင်ခါတဖန်၊ ပူပန်တတ်သော၊ ထိုသဘော၊ မှတ်လောကုက္ကုစ္စ။

www.burmeseclassic.com

www.burmeseclassic.com



၁၂။ထိန (Sloth) = စိတ်၏ထိုင်းမှိုင်းခြင်းသဘော။
ဝီရိယကင်းမဲ့သော ပျင်းရိနေသူနှင့်တူ၏။
ဆောင်။ ။ စိတ်စက်မခို၊ အနေညံ့အောင်၊ ဖိဟန့်တတ်သော၊ ထိုသဘော၊ မှတ်လောထိနတည်း။

၁၃။မိဒ္ဓ (Torpor) = စေတသိက်၏ ထိုင်းမှိုင်းခြင်းသဘော။
နာလန်ထ လူမမာနှင့်တူ၏။
ဆောင်။ ။ စေတသိက်တရား၊ မခန့်ငြားအောင်၊ ဟန့်တားတတ်သော၊ ထိုသဘော၊မှတ်လော မိဒ္ဓတည်း။

၁၄။ ဝိစိကိစ္ဆာ (Doubt) = ဘုရား၊ တရား စသည်များ၌ ယုံမှားခြင်းသဘော
လမ်းနှစ်ခွ၌ ရောက်နေသူနှင့်တူ၏။
ဆောင်။ ။ သဘောအမှန်၊ စူးစမ်းပြန်လျှင်၊ ဥာဏ်မရဘဲ၊ သံသယယုံမှား၊ မှတ်ရှုထား၊ ဝိစိကိစ္ဆာတည်း။

BURMESE CLASSIC .com

## ရဟန္တာများ ကျိန်းစက်ခြင်း

ရဟန္တာပုဂ္ဂိုလ်များသည် အိပ်ချိန်တန်သောအခါ၊ ခန္ဓာကိုယ် မရွှင်လန်း ညှိုးနွမ်းသဖြင့် ထိုထို အာရုံမှ ဆုတ်နစ်ပြီးလျှင် ကျိန်းစက်၏။ ရှေ့အဘို့ နောက်အဘို့၌ထိန၊ မိဒ္ဓမပါ။

အချိန်ကျ၍ ညှိုးနွမ်းမှုဟူသည် ခန္ဓာကိုယ်၌သာမက ဗဟိဒ္ဓသစ်ပင်များ၌လည်း ညနေချမ်းအချိန် ကျက ညှိုးနွမ်းတွန့်ရှုံ့၍ အိပ်သကဲ့သို့ ဖြစ်၏။

လောက၌အိပ်ခြင်းဟူသည် သွားလာလှုပ်ရှားခန္ဓာကိုယ်ညှိုးနွမ်းခြင်းကြောင့်လည်းဖြစ်၏။ ထိန မိဒ္ဓအတွက်ကြောင့်လည်းဖြစ်၏။ပုထုဇဉ်, သေက္ခတို့၌ကား နှစ်ပါးလုံးကြောင့် ထိုက်သလို ဖြစ်နိုင်၏။

## ၃။သောဘနစေတသိက်စု (၂၅) ပါး
## Beautiful Mental States

အပြစ်မရှိသဖြင့် တင့်တယ်သော စေတသိက်တို့ကို **"သောဘနစေတသိက်"**ဟု ခေါ်ဆိုသည်။ အပြစ်ကင်းစင်၍ ကောင်းကျိုးချမ်းသာကိုပေးသော သောဘနစေတသိက်ပေါင်း (၂၅) ပါးရှိ၏။ ထိုစေတသိက်တို့သည် အသောဘနစိတ်များ၌ မယှဉ်နိုင်ကြ၊ သောဘနစိတ်များ၌သာ ယှဉ်နိုင်ကြသည်။

သောဘနစေတသိက် (၂၅) ပါးကို အောက်ပါအတိုင်း (၄) စု ထပ်မံခွဲခြားနိုင်၏။

(က) သောဘနသာဓာရဏစေတသိက် (Beautiful-19) ၁၉ ပါး
(ခ) ဝိရတီစေတသိက် (Ab stinences-3) ၃ ပါး
(ဂ) အပ္ပမညာစေတသိက် (Illimitables-2) ၂ ပါး
(ဃ) ပညိန္ဒြေစေတသိက် (Wisdom-1) ၁ ပါး

### (က) သောဘနသာဓာရဏစေတသိက် (၁၉) ပါး

**(သောဘန = တင့်တယ်သော + သာဓာရဏ = ဆက်ဆံသော + စေတသိက်)**

သောဘနစေတသိက် (၁၉) ပါးသည် သောဘနစိတ်ပေါင်း – (၅၉) ပါးလုံး၌ ယှဉ်သောကြောင့် (သောဘနသာဓာရဏစေတသိက်) အမည်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



သဒ္ဓါ, သတိ ၊ဟီရိ, ဩတ္တပ်၊ ဟိတ်နှစ်ရပ်၊ တတြမဇ္ဈတ္တတာ။

ပဿ ဒ္ဓိ,လဟု၊ မုဒု, ကမ္မည်၊ ပါဂု,ညဉ်နှင့်၊ ထို့ပြင် ဥဇုက၊ ခြောက်ခမ္မ၊ ကာယစိတ်နှင့်နှော။

**(ခ) ဝိရတီစေတသိက် (၃) ပါး**

ကာယဒုစရိုက်၊ ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်ခြင်းကို **ဝိရတီ**ဟုခေါ်၏။

(ဝါစာ, ကမ္မန် ၊ အာဇီဝန်၊ သုံးတန်ဝိရတီ။)

**(ဂ) အပ္ပမညာစေတသိက် (၂) ပါး**

(ဤ၍ဤမျှ၊ ပမာဏတိုင်း၊ ပိုင်းခြားကန့်သတ်၊ မထားအပ်သည့်၊ သတ္တဝါခေါ်၊ ပညတ်ပေါ်တွင်၊ အာရုံထင်၊ အပ္ပမညာဆို။)

(အပ္ပမာဏေ = သတ္တဝါပညတ်၌ အတိုင်းအရှည်ပမာဏမထားဘဲ + ဘဝါ = အာရုံပြုသောတရား။)

ဤမျှဤမျှဟု အင်္ဂင်းအရှည်ပမာဏမထားဘဲ သတ္တဝါပညတ်၌ ဖြစ်သော (အာရုံပြုသော) တရားကို အပ္ပမညာဟုခေါ်၏။

အပ္ပမညာအာရုံပြုရာ၌ လူနတ် ဗြဟ္မာ စသည့်သတ္တဝါပညတ်ကိုသာ အာရုံပြု၏။ ထိုသို့ အာရုံ ပြုရာ၌လည်း၊ ဤမျှ လောက်သော သတ္တဝါကိုသာ အာရုံပြု၍ ဤမျှလောက်သော သတ္တဝါကို အာရုံမပြုဟု သတ္တဝါတို့ကို ပိုင်းခြားကန့်သတ်၍မထား။

ထို့ပြင် ဦးခေါင်းပိုင်းကိုသာ အာရုံပြု၍ ကိုယ်ပိုင်းကို အာရုံမပြုဟု သတ္တဝါကိုယ်အင်္ဂါအစိတ်အပိုင်းကို ပိုင်းခြားခွဲခြား၍မထား။ အတိုင်းအရှည်ပမာဏမထားဘဲ သတ္တဝါပညတ်ကိုသာ အာရုံပြုသော အပ္ပမညာစေတသိက် (၂) ပါးရှိသည်။

(ကရု, မုဒု ၊ ဤနှစ်ခု၊ ခေါ်မှုပ, မညာ။)

**(ဃ) ပညိန္ဒြေစေတသိက် (၁) ပါး**

(အစဉ်ပိုင်နင်း၊ ထိုးထိုးထွင်းလျက်၊ ထင်လင်းသေချာ၊ သိပညာတည်း။)

(ပညာ = သိမှုကိစ္စ၌ + ဣန္ဒြိယ = အစိုးရသော + စေတသိက်)

အာရုံ၏ သဘောအမှန်ကို ထင်လင်းစွာ သိမြင်ခြင်းသဘော၊ အထူးထူးအပြားပြား၊ အမျိုးမျိုး အစားစား, ကွဲကွဲပြားပြား၊ခြားခြားနားနား, ပိုင်ပိုင်နိုင်နိုင်, နက်နက်ရှိုင်းရှိုင်း, သိခြင်း၌ အစိုးရခြင်း လက္ခဏာရှိသောကြောင့် "ပညိန္ဒြေ" ဟု ခေါ်၏။

ပညိန္ဒြေစေတသိက်ကို (ဉာဏ်) ဟုလည်းကောင်း (အမောဟ) ဟုလည်းကောင်း၊ **ပညာ**ဟုလည်းကောင်း ခေါ်ဆို၏။

အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူ၍လည်းကောင်း၊ ဒုက္ခ, သမုဒယ, နိရောဓနှင့်မဂ္ဂသစ္စာဟူ၍လည်းကောင်း၊ ကုသိုလ်၊ အကုသိုလ်ဟူ၍လည်းကောင်း ကံ၊ ကံ၏အကျိုးဟူ၍လည်းကောင်း၊ စသည်ဖြင့် အထူးထူး အပြားပြား သိသောတရားကို **ပညာ**ဟု ခေါ်သည်။

ထိုသို့ အထူးထူးအပြားပြားသိရာ၌ ပညာသည် အာရုံ၏သဘောအမှန်ကို ထိုးထွင်း၍ သိခြင်းလက္ခဏာရှိ၏။

ပညာကို ဣန္ဒြေကိစ္စတပ်သောကြောင့် "ပညိန္ဒြေ" ဟု ခေါ်ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



(က) သောဘနသာဓာရဏ (၁၉) ပါးအဓိပ္ပာယ်
(Meanings of Beautiful ones- 19)

၁။ **သဒ္ဓါ** (Confidence) = **မှန်ကန်သောဘုရား, တရား, သံဃာရတနာသုံးပါးနှင့်ကံ, ကံ၏အကျိုး စသည်တို့ကို ယုံကြည်မှုသဘော။**

ရေကိုကြည်စေတတ်သောပတ္တမြားနှင့်တူ၏။

ဆောင် ။ ။ရတနာသုံးတန်၊ ပစ္စုပ္ပန်နှင့် သံသရာမျိုး၊ ကံအကျိုးတို့၊ ရှိရိုးဟုမြင်၊ သက်ဝင်ကျေနပ်၊ ယုံကြည်တတ်၊ မှတ်လေသဒ္ဓါတည်း။

**သဒ္ဓါ (၄) ပါး**

(၁) အာဂမသဒ္ဓါ = အလောင်းတော်များ၌ ဖြစ်သော သဒ္ဓါ
(၂) အဓိဂမသဒ္ဓါ = မဂ်ဖိုလ်ကြောင့်ဖြစ်သော သဒ္ဓါ
(၃) ဩကပ္ပနသဒ္ဓါ = မတုန်လှုပ်သော သဒ္ဓါ
(၄) ပသာဒသဒ္ဓါ = ကြည်ညိုရုံမျှသော သဒ္ဓါ

၂။ **သတိ**(Mindfulness)=**ဘုရား, တရားစသော ကုသိုလ်နှင့်ဆိုင်ရာတို့ကို အမှတ်ရမှု၊ မမေ့မလျော့မှု သဘော။**

ဘဏ္ဍာထိန်းနှင့်တူ၏။ ရန်သူများ မဝင်နိုင်ရန် စောင့်ထိန်းသော တံခါးမှူးနှင့်တူ၏။

ဆောင်။ ။ ဘုရားစသား၊ အာရုံများ၌၊ မှတ်သားလေ့များ၊ အောက်မေ့ငြား၊ တရားသတိသဘောတည်း။

**သတိ (၂) ပါး**

(၁) သမ္မာသတိ = ကုသိုလ်ဆိုင်ရာ ဘုရား, တရား စသော ကုသိုလ်ကောင်းမှုတို့ကို အမှတ်ရ အောက်မေ့မှု။
(၂) မိစ္ဆာသတိ = အကုသိုလ်ဆိုင်ရာတို့၌ အမှတ်ရမှု, သတိအတု။

၃။ **ဟိရီ** (Moral shame) = **မကောင်းမှုဒုစရိုက်ပြုရမည်ကို ရှက်ခြင်းသဘော။**

အမျိုးကောင်းသမီးပျိုနှင့်တူ၏။

**ဟိရီ (၄) မျိုး**

(၁) ဇာတိဟိရီ = မျိုးရိုးဇာတိ ဂုဏ်ကိုစွဲ၍ ရှက်ခြင်း။
(၂) ဝယဟိရီ = အရွယ်ဂုဏ်ကို စွဲ၍ ရှက်ခြင်း။
(၃) သူရဟိရီ = မိမိ၏ ရဲရင့်မှု ဂုဏ်ကိုစွဲ၍ ရှက်ခြင်း။
(၄) ဗာဟုသစ္စဟိရီ = အကြားအမြင်များသော ဂုဏ်ကိုစွဲ၍ ရှက်ခြင်း။

၄။ **ဩတ္တပ္ပ** (Moral dread) = **မကောင်းမှုဒုစရိုက် ပြုရမည်ကို ကြောက်လန့်ခြင်းသဘော။**

ပငိုသန္ဓေကိုယ်ဝန်ရှိမည်ကို ကြောက်လန့်သော ပြည့်တန်ဆာမနှင့်တူ၏။

ဆောင်။ ။ ဒုစရိုက်ကိုး၊ အမိုက်မျိုးမှ၊ ရှက်စနိုးမှ၊ ဟိရီယူ၊ ကြောက်မှု, ဩတ္တပ်တည်း။

www.burmeseclassic.com

www.burmeseclassic.com



### သြတ္တပ္ပ (၄) မျိုး

(၁) အတ္တာနုဝါဒသြတ္တပ္ပ = မိမိကိုယ်မိမိစွပ်စွဲမည့် ဘေးမှ ကြောက်ခြင်း။
(၂) ပရာနုဝါဒသြတ္တပ္ပ = သူတစ်ပါးစွပ်စွဲမည့်ဘေးမှ ကြောက်ခြင်း။
(၃) ဒဏ္ဍသြတ္တပ္ပ = အပြစ်ပေးဒဏ်မှကြောက်ခြင်း။
(၄) ဒုဂ္ဂတိသြတ္တပ္ပ = အပါယ်ဘေးမှ ကြောက်ခြင်း။

၅။ **အလောဘ** (Non-attachment) = **လောကီအာရုံကာမဂုဏ်ကို မလိုချင်၊မတပ်မက်၊ မစုံမက်ခြင်းသဘော။**

ကိလေသာကုန်ပြီးသော ရဟန္တာနှင့်တူသည်၊ ပိန်းကြာရွက်တွင် ရေမတင် သကဲ့သို့တည်း။

ဆောင်။ ။ လောကီအာရုံ၊ ကာမဂုဏ်ကို၊ စုံစုံမက်မက်၊ နှစ်သက်မရှိ၊ မကပ်ငြိပေ၊ မလိုပေ၊ ဆိုလေ အလောဘချည်းတည်း။

### လောကပါလ တရား (၂) ပါး

လောကပါလဆိုသည်မှာ လောကကြီးကိုစောင့်ထိန်းထားသောတရားဖြစ်သည် **"ဟိရီနှင့်သြတ္တပ္ပ"** စေတသိက် တရား (၂) ပါးကို **"လောကပါလတရား (၂) ပါး" ဟုခေါ်ဆိုသည်။**

ထိုတရား (၂) ပါးသည် လူနှင့် တိရစ္ဆာန် ကွဲပြားအောင် ထိန်းထားသော တရားဖြစ်သည်။ ဟိရီ, သြတ္တပ္ပ, အရှက်အကြောက် မရှိပါလျှင် လောကကြီး ပျက်စီးနိုင်၏။ လောကကြီး မနိမ့်ရန်, မြင့်မြတ်ရန်, သာယာရန် ထိုလောကပါလတရား (၂) ပါးက ထိန်းကျောင်းထား၏။

၆။ **အဒေါသ** (Goodwill) = **မခက်ထန်၊ မကြမ်းတမ်းမှုသဘော။**

(မေတ္တာလည်းမည်၏။) မိတ်ဆွေကောင်းနှင့်တူ၏။

ဆောင်။ ။ ယှဉ်ဘက်စိတ်စေတ်၊ ကိန်းဝပ်မိရာ၊ သတ္တဝါကို၊ ကြည်သာရွှင်ပြ၊ အေးမြစေသော၊ ထိုသဘော၊ အဒေါသချည်းတည်း။

### အဒေါသ

အဒေါသသည် သတ္တဝါပညတ်ကို အာရုံပြု၍ ကြည်လင်အေးမြနေသော "မေတ္တာ" ဖြစ်၏။

မေတ္တာစစ်မှန်သမျှ တရားကိုယ်မှာ "အဒေါသ" သာဖြစ်သည်။ သို့သော် အဒေါသဟူသမျှ "မေတ္တာ"မဟုတ်၊ သတ္တဝါ ပညတ်ကို အာရုံမပြုဘဲ ဘုရားဖူး, တရားနာ နေသောအခါ၌ မေတ္တာ မဟုတ်, "အဒေါသ" သာဖြစ်၏။

### မေတ္တာ (၃) ပါး

(၁) ကာယကံမေတ္တာ = ကာယကံမှုဖြင့် အများအကျိုးဆောင်ရွက်မှုသည် ကာယကံမေတ္တာ။
(၂) ဝစီကံမေတ္တာ = ဝစီကံမှုဖြင့် အများအကျိုးဆောင်ရွက်မှုသည် ဝစီကံမေတ္တာ။
(၃) မနောကံမေတ္တာ= မနောကံမှုဖြင့် အများအကျိုးဆောင်ရွက်မှုသည် "မနောကံမေတ္တာ"။

၇။ **တတြမဇ္ဈတ္တတာ** (Equanimity) = **စိတ်, စေတသိက်တို့ကို မိမိတို့ကိစ္စတို့၌အပိုအလွန် မရှိစေရန်၊အလယ်အလတ်၊ မပယုတ်မလွန် မျှတစေရန် တည့်မတ်ပေးခြင်းသဘော (ဥပေက္ခာ)**

www.burmeseclassic.com

www.burmeseclassic.com



ညီမျှစွာ သွားစေရန် မြင်းကို မောင်းနှင်သော ရထားထိန်းနှင့်တူသည်။

ဆောင်။ ။ ကိုယ်စိတ်ကိစ္စ၊ ရှက်ဆောင်ကြသဖြင့်၊ သမ္မယုတ်ဆိုများထိုထိုဝယ်၊ အလယ်အလတ်၊ တည့်မတ်အောင်ပြု၊ လစ်လျူရှု၊ ခေါ်မှုမဇ္ဈတ္တတာတည်း။

၈။ **ကာယပဿဒ္ဓိ**(Tranquility of mental factors)=**စေတသိက်အပေါင်း၏ ငြိမ်းအေးမှုသဘော။**

၉။ **စိတ္တပဿဒ္ဓိ** (Tranquility of mind) = **စိတ်၏ငြိမ်းအေးမှုသဘော**

ထိုစေတသိက် (၂) ပါးသည် အေးမြသော ရေ၌ ပစ်ချအပ်သော ငါးနှင့်တူ၏။

ဆောင်။ ။ ဥဒ္ဒစ္စစေ၊ပြဋ္ဌာန်းပေသည့်၊ ကိလေသာဟူ၊ အပူဆိတ်သဖြင့်၊ စေတသိက်အပေါင်း၊ ငြိမ်းအေးကြောင်းကို၊ ကာယဆိုဘိ၊ စိတ်၏ အေးမြဖြစ်ကြောင်းပြ၊ စိတ္တပဿဒ္ဓိ။

၁၀။ **ကာယလဟုတာ**( Lightness of mental factors) = **စေတသိက်အပေါင်း၏ လျှင်မြန်ပေါ့ပါးမှုသဘော**

၁၁။**စိတ္တလဟုတာ** (Lightness of mind)= **စိတ်၏လျှင်မြန်ပေါ့ပါးမှုသဘော**

ထိုလဟုတာ (၂) ပါးသည် အေးမြသော ရေ၌ ပစ်ချအပ်သော ပဒုမ္မာကြာပန်းနှင့်တူ၏။

ဆောင်။ ။ ထိနမိဒ္ဓ၊ ပဌာနပေ၊ များကိလေရိပ်၊ မယှဉ်ဆိတ်သဖြင့်၊ စေတသိက်ပေါင်း၊ လျှင်မြန်ကြောင်းကို၊ ကာယဆိုဘိ၊ စိတ်၏လျှင်မှု၊ ဖြစ်ကြောင်းပြု၊ စိတ္တလဟုတာတည်း။

၁၂။**ကာယမုဒုတာ** (Pliancy of mental factors )= **စေတသိက်အပေါင်း၏ နူးညံ့မှုသဘော**

၁၃။**စိတ္တမုဒုတာ** (Pliancy of mind) = **စိတ်၏နူးညံ့မှုသဘော**

မုဒုတာ(၂) ပါးသည် ချစ်ခင်လှစွာသော ဆွေမျိုးတို့၏အလယ်သို့ ရောက်သည့် စစ်သူကြီးနှင့်တူသည်။

ဆောင်။ ။ ဒိဋ္ဌိမာန၊ ပဌာနပေ၊ ကိလေသာစု၊ မယှဉ်မှုကြောင့်၊ နူးညံ့ပျော့ပျောင်း၊ စေတသိက်ပေါင်းကို၊ ကာယဆိုဘိ၊ စိတ်၏နုစွ၊ ဖြစ်ကြောင်းပြ၊ စိတ္တမုဒုတည်း။

၁၄။**ကာယကမ္မညတာ**(Adaptability of mental factors) = **စေတသိက်အပေါင်း၏ ကုသိုလ်ကောင်းမှု၌ ခန့်ညားမှု၊ လိုသလိုရမှုသဘော။**

၁၅။**စိတ္တကမ္မညတာ** (Adaptability of mind) = **စိတ်၏ကုသိုလ်ကောင်းမှု၌ ခန့်ညားမှု၊ လိုသလိုရမှုသဘော။**

ကမ္မညတာ (၂) ပါးသည် နယ်အပ်ပြီးသော သားရေနှင့်ဥပမာတူ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆောင်။ ။ ကာမစ္ဆန္ဒ၊ ပဉ္စာနပေ၊ ကိလေသာဓာတ်၊ ကင်းစင်လတ်သဖြင့်၊ များမြတ်စုစု၊ ကုသိုလ်မှုဝယ်၊ ခံ့ထည်ဘိတောင်း၊ စေတသိက်ပေါင်းကို၊ ကာယဆိုဘိ၊ စိတ်၏ခံ့စွ၊ ဖြစ်ကြောင်းပြ၊ စိတ္တကမ္မဥ်တည်း။

၁၆။**ကာယပါဂုညတာ** (Proficiency of mental factors) = **စေတသိက်အပေါင်း၏ ကုသိုလ်ကောင်းမှု ၌ ပြွမ်းတီးလေ့လာမှုသဘော၊ ကျန်းမာခြင်းသဘော**

၁၇။**စိတ္တပါဂုညတာ** (Proficiency of mind)= **စိတ်၏ကုသိုလ်ကောင်းမှု၌ပြွမ်းတီးလေ့လာမှု (ကျန်းမာခြင်း) သဘော။**

ပါဂုညတာ (၂) ပါးသည် နက်လုစွာသော ရေ၌ ပစ်ချထားအပ်သော မိကျောင်းနှင့်တူ၏။

ဆောင်။ ။ အသဒ္ဓိယ၊ ပဉ္စာနပေ၊ ကိလေသာဓာတ်၊ ကင်းစင်ပြတ်သဖြင့်၊ များလတ်သီးသီး၊ ကုသိုလ်ပြီးဖို့၊ ပြွမ်းတီးလေ့လာ၊ မကျင်နာတောင်း၊ စေတသိက်ပေါင်းကို၊ ကာယဆိုဘိ။ စိတ်၏လေ့လာ၊ မကျင်နာစွ၊ ဖြစ်ကြောင်းပြ၊ စိတ္တပါဂုဥ်တည်း။

၁၈။**ကာယုဇုကတာ** (Rectitude of mental factors) =**စေတသိက်အပေါင်း၏ ဖြောင့်မတ်မှုသဘော။**

၁၉။ **စိတ္တုဇုကတာ** (Rectitude of mind)= **စိတ်၏ ဖြောင့်မတ်မှုသဘော။**

ဥဇုကတာ (၂) ပါးသည် အရက်မူးပြေသောအခါ လမ်းသွားသည်နှင့်တူသည်။

ဆောင်။ ။ မာယာ,သာဌေယျ၊ ပဉ္စာနပေ၊ ကိလေသာဓာတ်၊ ကင်းစင်လတ်သဖြင့်၊ ဖြောင့်မတ်ဘိတောင်း၊ စေတသိက်ပေါင်းကို၊ ကာယဆိုဘိ။ စိတ်၏ဖြောင့်စွ၊ ဖြစ်ကြောင်းပြ၊ စိတ္တဥဇုတည်း။

* **မာယာ** ။ ။ မိမိ၌ ထင်ရှားရှိသော အပြစ်ကို ဖုံးလွှမ်းခြင်း။
* **သာဌေယျ** ။ ။ မိမိ၌ မရှိသော ကျေးဇူးဂုဏ်ကို ချီးမွမ်းပြောဆိုခြင်း။

## (ခ) ဝိရတီ (၃) ပါး
## Meanings of Abstinences - 3

မကောင်းမှုဒုစရိုက် ဒုရာဇီဝတို့ကို ပြုခွင့်ကြုံလျက် မပြုကျင့်ဘဲ ရှောင်ကြဉ်ခြင်းကို "ဝိရတီ"ဟု ခေါ်သည်။

ဒုစရိုက်သည် ကာယဒုစရိုက်၊ ဝစီဒုစရိုက်ဟု (၂) မျိုးရှိ၏။ ထို (၂) မျိုးလုံးသည် အသက်မွေးဝမ်းကျောင်းနှင့် ဆက်သွယ်နေလျှင် ဒုရာဇီဝ–မကောင်းသော အသက်မွေးမှုမည်၏။

၁။ **သမ္မာဝါစာ** (Right speech) = **အသက်မွေးဝမ်းကျောင်းနှင့် မစပ်ဆိုင်သော ဝစီဒုစရိုက် (၄) ပါးမှ ရှောင်ကြဉ်မှုသဘော။**

ရဲရဲတောက်နေသော သံတွေခဲကို မကိုင်ဝံ့သူနှင့်တူ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆောင်။ ။ အသက်မွေးဖွယ်၊ မဆက်သွယ်ဘဲ၊ နှုတ်ဝယ်ဖြစ်ထိုက်၊ ဒုစရိုက်လျှင်၊ စွန့်ပယ်ကြဉ်၊ ခေါ်တွင်သမ္မာဝါစာတည်း။

၂။ **သမ္မာကမ္မန္တ** (Right action) = **အသက်မွေးကျောင်းနှင့် မစပ်ဆိုင်သော ကာယဒုစရိုက် (၃) ပါးမှ ရှောင်ကြဉ်မှုသဘော။**

မစင်ကပ်နေသော သံတွေခဲကို မကိုင်ဝံ့သူနှင့်တူ၏။

ဆောင်။ ။ အသက်မေးဖွယ်၊ မဆက်သွယ်ဘဲ၊ ကိုယ်ဝယ်ဖြစ်ထိုက်၊ ဒုစရိုက်လျှင်၊ စွန့်ပယ်ကြဉ်၊ ခေါ်တွင်သမ္မာကမ္မတည်း။

၃။ **သမ္မာအာဇီဝ** (Right livelihood ) =**အသက်မွေးဝမ်းကျောင်းနှင့် စပ်ဆိုင်သော ဝစီဒုစရိုက် (၄) ပါး၊ ကာယဒုစရိုက် (၃) ပါးတို့မှ ရှောင်ကြဉ်မှုသဘော။**

အဆိပ်သီးကို မစားဝံ့သူနှင့်တူသည်။

ဆောင်။ ။ အသက်မွေးမှု၊ ကိုယ်နှုတ်ပြုဖို့၊ ရှေးရှုတိုက်ရိုက်၊ ဒုစရိုက်လျှင်၊ ပယ်ရှောင်ကြဉ်၊ ခေါ်တွင်သမ္မာအာဇီဝတည်း။

**ဝိရတီသိမှတ်ဖွယ်များ**

၁။ **သမ္မတ္တဝိရတိ** = ဒုစရိုက်ဒုရာဇီဝ၏ အနုသယဓာတ်ကို အကြွင်းမဲ့ ပယ်သတ်ပြီးဖြစ်သော လောကုတ္တရာဝိရတီ။

၂။ **သမ္ပတ္တဝိရတိ** = သိက္ခာပုဒ်ကို ဆောက်တည်မထားသော်လည်း၊ ကျူးလွန်ရန် ကြုံတွေ့မှ ရှောင်ကြဉ်မှု။

၃။ **သမာဒါနဝိရတိ** = သိက္ခာပုဒ်ကို ဆောက်တည်တုန်း၌ ဖြစ်စေ၊ ဆောက်တည်ပြီးနောက်မှ ဖြစ်စေ၊ သိက္ခာပုဒ် ဆောက်တည်ထားသည့်အတွက် ရှောင်ကြဉ်ခြင်း။

* အလှူအိမ်စသည်တို့၌ အဘိဓမ္မာစကား ဆွေးနွေးခြင်းသည် အကျိုးရှိသော စကားကိုပြောဆိုသောကြောင့် **သုဘာသိတဝါစာဖြစ်၏**။ ဒုစရိုက်တို့မှ ရှောင်ကြဉ်မှုသာလျှင် **"ဝိရတီ"** ဖြစ်သည်။
* အသက်မွေးဝမ်းကြောင်း မဟုတ်သော ပါဏာတိပါတ စသည်တို့သည် ဒုစရိုက်။ အသက်မွေးဝမ်းကြောင်းဖြစ်သော ပါဏာတိပါတ စသည်တို့သည် **ဒုရာဇီဝ**။
* (လောကီဝိရတီတို့သည်) **သတ္တဝါသခါရတို့ကို အာရုံပြု၍** ဝစီ ဒုစရိုက်၊ ကာယ ဒုစရိုက်တို့မှ **ရှောင်ကြဉ်၏**။
* (လောကုတ္တရာ ဝိရတီတို့သည်) **နိဗ္ဗာန်ကို အာရုံပြု၍** ထိုဒုစရိုက်တို့ကို **ပယ်ပါသည်။**

(ဂ) **အပ္ပမညာ (၂) ပါးအဓိပ္ပာယ် (Meanings of Illimitables-2)**

ဆောင်။ ။ ဤ၍ဤမျှ၊ ပမာဏတိုင်း၊ ပိုင်းခြား ကန့်သတ်၊ မထားအပ်သည့်၊ သတ္တဝါခေါ်၊ ပညတ်ပေါ်တွင်၊ အာရုံထင်၊ အပ္ပမညာဆို။

www.burmeseclassic.com

www.burmeseclassic.com



၁။ ကရုဏာ (Compassion)= **ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားမှုသဘော။**
အနာရောဂါကပ်ရောက်သော တစ်ဦးတည်းသော သားကိုမြင်ရသော မိဘနှင့်တူ၏။

**ဆောင်** ။ ။ ဒုက္ခိတလျှင်၊ သတ္တဝါမြင်သော်၊ သူတော်စင်များ၊ စိတ်ချောက်ချား၍၊ သနားသမှု၊ လုပ်အောင်ပြု၊ မှတ်ရှု ကရုဏာတည်း။

၂။ **မုဒိတာ** (Sympathetic joy) **=သုခိတ သတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်မှုသဘော။**
အရွယ်အဆင်းနှင့် ပြည့်စုံသော သားသမီးကို မြင်ရသော မိဘနှင့်တူ၏။

**ဆောင်** ။ ။ သုခိတလျှင်၊ သတ္တဝါမြင်သော်၊ သူတော်စင်များ၊ ဝမ်းမြောက်ကြွား၊ မှတ်သား မုဒိသဘောတည်း။

**ကရုဏာ၊ မုဒိတာ**

ဒုက္ခိတ သတ္တဝါ ပညတ်ကို အာရုံပြု၍ သနားခြင်းသည် "ကရုဏာ" ဖြစ်၏။ သုခိတ သတ္တဝါ ပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းသည် "မုဒိတာ" ဖြစ်၏။

မိမိနှင့် နီးစပ်နေသူတို့ ဒုက္ခရောက်နေ၍ စိတ်ပူနေမှုသည် "သနားမှု ကရုဏာ မဟုတ်" ဒေါမနဿဝေဒနာသာဖြစ်သည်။ **ကရုဏာ အစစ်ကား ကုသိုလ်ဖြစ်၍ စိတ်မညစ်ပေ။**

မိမိနှင့် နီးစပ်သူတို့ ပြည့်စုံနေပုံကို မြင်ရ၍ ဝမ်းမြောက်မှုသည် "မုဒိတာ" လွန်ပြီး "လောဘ" ဖြစ်သည်။

## (ဃ) ပညိန္ဒြေ (၁) ပါးအဓိပ္ပာယ် (Meaning of Wisdom 1)

အထူးထူး အပြားပြား သိခြင်း၌ အစိုးရခြင်း လက္ခဏာရှိသောကြောင့် "ပညိန္ဒြေ"ဟုခေါ်၏။ **အမောဟ၊ ဉာဏ်၊ ပညာ၊ ဟူ၍လည်းခေါ်ဆို၏။**

အမိုက်မှောင်ကို ပယ်ခွာ စွမ်းနိုင်သည့် ဆီမီးတန်ဆောင်နှင့် တူ၏။

**ဆောင်** ။ ။ အစဉ်ပိုင်နင်း၊ ထိုးထိုးထွင်းလျက်၊ ထင်လင်းသေချာ၊ သိပညာတည်း။

**အသိ (၃) မျိုး**

၁။**သညာသိ** = သညာသိပုံမှာ ရွှေကို ကလေးသူငယ်သိသကဲ့သို့တည်း။
* သူငယ်အများ၊ မှတ်မိလားသို့၊ အမှားလည်းရှိ၊ အမှန်ရှိ၍၊ မှတ်မိရုံသာ၊ သိသည်မှာလျှင်၊ သညာတွင်၏။

၂။ **ဝိညာဏ်သိ** = ဝိညာဏ်သိပုံမှာ ရွှေကို လူကြီးများ သိသကဲ့သို့တည်း။
* ဝိညာဏတုံ၊ စိတ်သိပုံကား၊ အာရုံယူမှု၊ ရအောင်ပြုသည်၊ သောတုမှတ်ဖွယ်၊ အချုပ်တည်း။

၃။ **ပညာသိ** = ပညာသိပုံမှာ ရွှေကို ပန်းတိမ်သည်သိသကဲ့သို့တည်း။
* အစဉ်ပိုင်နင်း၊ ထိုးထိုးထွင်းလျက်၊ ရှင်းလင်းသေချာ၊ သိပညာတည်း။

www.burmeseclassic.com

www.burmeseclassic.com



# စိတ်နှင့် စေတသိက်ယှဉ်ပုံယှဉ်နည်း

## Different combinations of mental states.

**စိတ်နှင့် စေတသိက်ယှဉ်ပုံယှဉ်နည်းကို ပြဆိုသောနည်း (၂) နည်းရှိ၏။**

**၁။ သမ္ပယောဂနည်း ၂။ သင်္ဂဟနည်း**

## (Combinations of Cetasika with different Cittas.)

စေတသိက်ကိုမှုတည်၍ စေတသိက် အသီးသီး၌ စိတ်ပေါင်းမည်မျှနှင့်ယှဉ်နိုင်သည် ကိုပြသောနည်းကို **"သမ္ပယောဂနည်း"** ဟုခေါ်ဆိုသည်။

စေတသိက်တစ်ပါးစီသည် စိတ်ပေါင်း မည်မျှနှင့် ယှဉ်နိုင်သည်ကို စီစစ်ပြသောနည်းဖြစ်သည်။

သမ္ပယောဂအကျဉ်း (၄) နည်းနှင့် သမ္ပယောဂအကျယ် (၁၆) နည်းဟူ၍ (၂) မျိုးပြဆိုထားသည်။

### သမ္ပယောဂနည်း

| အကျဉ်း ၄ နည်း | အကျယ် ၁၆ နည်း | စေတသိက်များ | ယှဉ်နိုင်သောစိတ် |
|---|---|---|---|
| ၁။ သဗ္ဗစိတ္တနည်း | ၁ နည်း | ၊ ၊ ၊ ၊ ၊ ၊ ၊ | = စိတ် ၈၉/ ၁၂၁ ပါး |
| ၂။ ပကိဏ်းနည်း | ၁ နည်း | ၅၅၊ ၆၆ | = သီးခြားတွက်ပြထားသည်။ |
| | ၁ နည်း | ၆၆၊ ၅၅ | |
| | ၁ နည်း | ၇၈၊ ၁၁ | |
| | ၁ နည်း | ၇၃၊ ၁၆ | |
| | ၁ နည်း | ၅၁၊ ၇၀ | |
| | ၁ နည်း | ၆၉၊ ၂၀ | |
| ၃။ အကုသိုလ်နည်း | ၁ မောစတုက် | ၊ ၊ ၊ ၊ | = အကုသိုလ် (၁၂) ပါး |
| | | ၊ | = လောဘမူ- (၈) ပါး |
| | ၁ လောတြိ | ၊ | = လောဘမူဒိဋ္ဌိဂတ သမ္ပယုတ် (၄)ပါး |
| | | ၊ | = လောဘမူဒိဋ္ဌိဂတဝိပ္ပယုတ် (၄) ပါး |
| | ၁ ဒေါစတုက် | ၊ ၊ ၊ ၊ | = ဒေါသမူ (၂) ပါး |
| | ၁ ထိန၊ မိဒ္ဓ | ၊ ၊ | = အကုသိုလ်သသင်္ခါရိကစိတ် (၅)ပါး |
| | ၁ ဝိစိကိစ္ဆာ | ၊ | = မောဟမူဝိစိကိစ္ဆာ (၁) ပါး |
| ၄။ သောဘနနည်း | ၁ သောဘန သာဓာရဏ | ၁၉ | = သောဘနစိတ် ၅၉/ ၉၁ ပါး |
| | ၁ ဝိရတီ ၃ | ၊ ၊ ၊ | = မဟာကုသိုလ်၈, လောကုတ္တရာ (၈)ပါး |
| | ၁ အပ္ပမညာ ၂ | ၊ ၊ | = မဟာကုသိုလ်- ၈၊ မဟာကြိယာ(၈)ပါး ရူပ (စတုတ္ထဈာန်ထိ) ၁၂ ပါး |
| | ၁ ပညိန္ဒြေ | ၊ | = တိဟိတ်စိတ် ၄၇ ပါး |
| ၄ နည်း | ၁၆ နည်း | ၅၂- ပါး | |

www.burmeseclassic.com

www.burmeseclassic.com



## ၁။ သဗ္ဗစိတ္တသာဓာရဏ စေတသိက်သမ္ပယောဂနည်း

## The seven Essenfials associate with every type of consciousness

သဗ္ဗစိတ္တသာဓာရဏ စေတသိက် (၇) ပါးတို့သည် အလုံးစုံသော စိတ်အကျဉ်း- ၈၉ ပါး၊ စိတ်အကျယ် (၁၂၁) ပါးလုံးနှင့် ယှဉ်ကြ၏။ မယှဉ်သော စိတ်ဟူ၍ မရှိ။

## ၂။ ပကိဏ်း စေတသိက် သမ္ပယောဂနည်း (၆) နည်း

### ပကိဏ်း စေတသိက်တို့၌ အချို့စိတ်များ မယှဉ်နိုင်ကြောင်း။

ပကိဏ်း စေတသိက် (၆) ပါးသည် စိတ်အားလုံး၌ ယှဉ်ထိုက်သည့် အားလျော်စွာ ယှဉ်ကြ၏။ အချို့အချို့သော စိတ်တို့၌ မယှဉ်နိုင်၍ ကြဉ်ရသည်။

**ပကိဏ်း စေတသိက်များ၌ မယှဉ်နိုင်ဘဲ ကြဉ်ရခြင်းအကြောင်း အမျိုးမျိုးရှိသည်။**

က။ ဒွေး ပဥ္စဝိညာဏ်(၁၀)ပါးကဲ့သို့ **အားနည်းသောစိတ်**တို့သည်ပကိဏ်း စေတသိက်များ၌မယှဉ်။

ခ။ စိတ်သည်အားမနည်း၊ သို့သော် **ဘာဝနာစွမ်းအားဖြင့် ပယ်အပ်သောကြောင့်** မယှဉ်။ ဥပမာ ဝိတက်သည် ဒုတိယ၊ တတိယစျာန် စသည်တို့၌ မယှဉ်။

ဂ။ အချို့စိတ်တို့သည် **စေတသိက်၏ သဘောလက္ခဏာနှင့် တိုက်ဆိုင်မှု မရှိကြ၍** မယှဉ်။ ဥပမာ မောဟမူဝိစိကိစ္ဆာစိတ်သည် ဆုံးဖြတ်နိုင်မှု သဘောမရှိ၍ အဓိမောက္ခ စေတသိက်၌ မယှဉ်နိုင်။

ဃ။ အချို့စိတ်တို့သည် **ပကိဏ်း စေတသိက်အကူအညီ မပါဘဲ အာရုံကိုယူနိုင်၏**။ ဥပမာ, ဒွေး ပဥ္စဝိညာဏ်၌ဝိတက်ယှဉ်ရန်မလို။

### ပကိဏ်း စေတသိက်တို့၌ စိတ်ယှဉ်ပုံတွက်နည်း

### Particulars are linked with certain Sobbhana and Asobhana Citta accordingly.

ပကိဏ်း စေတသိက် (၆) ပါးတို့၌ ယှဉ်သော စိတ်တို့နှင့် မယှဉ်သော စိတ်တို့ကို တွက်ယူရာ၌ အောက်ပါတို့ကို မူသေကျက်မှတ်ထားသင့်၏။

**ပကိဏ်း စေတသိက် (၆) ပါး၌ ယှဉ်သော စိတ်နှင့်ကြဉ်ရမည့် စိတ်များ (မူသေ)**

| ယှဉ်စိတ်ဦးရေ | ပကိဏ်း -၆ ပါး | ကြဉ်ရမည့်စိတ် |
|---|---|---|
| ၅၅ | ၊ = ဝိတက် | = **ဒွေးကြဉ်** (ဒွေးပဥ္စဝိညာဏ် ၁၀ ကြဉ်) |
| ၆၆ | ၊ = ဝိစာရ | = **ဒွေးကြဉ်** ( ။ ) |
| ၇၈ | ၊ = အဓိမောက္ခ | = **ဒွေး၊ ဝိကြဉ်** (ဒွေးပဥ္စဝိညာဏ် ၁၀ နှင့်ဝိစိကိစ္ဆာ ၁၊ (၁၁)ပါးကို ကြဉ်) |
| ၇၃ | ၊ = ဝီရိယ | = **ဒွေး၊ သန်၊ နောဓာတ် အကြဉ်မှတ်** (ဒွေး ပဥ္စဝိညာဏ်- ၁၀၊ သန္တီရဏ- ၃၊ မနောဓာတ်- ၃၊၁၆ ပါးကိုကြဉ်) |
| ၅၁ | ၊ = ပီတိ | = **သောမနဿယှဉ်**၊ ကျန်လုံးကြဉ် |
| ၆၉ | ၊= ဆန္ဒ | = **အဟိတ်၊ မောဟမူဒွေး၊ ကုန်ကြဉ်ပေး** (အဟိတ်- ၁၈ ပါး၊ နှင့် မောဟမူ၂ ပါး၊ ပေါင်း ၂၀ ကြဉ်) |

**(* ဤပုံသေနည်းသည် ကာမစိတ် ၅၄ ပါးအတွက်သာဖြစ်ပါသည်)**

www.burmeseclassic.com

www.burmeseclassic.com



## ၁။ ဝိတက် စေတသိက်နှင့် စိတ်ယှဉ်နည်း

| စဉ် | ယှဉ်စိတ် | ၅၅ | မယှဉ်စိတ် | ၆၆ |
|---|---|---|---|---|
| ၁ | အကုသိုလ်စိတ် | ၁၂ | ၁။ — | — |
| ၂ | ဒွေးပဉ္စဝိညာဏ် ၁၀ ကြဉ် အဟိတ် စိတ် | ၈ | ၂။ ဒွေးပဉ္စ ဝိညာဏ် | ၁၀ |
| ၃ | ကာမသောဘနစိတ် | ၂၄ | ၃။ — | — |
| ၄ | ပထမဈာန်စိတ် | ၁၁ | ၄။ — | — |
| | | | ၅။ ဒုတိယဈာန်စိတ် | ၁၁ |
| | | | ၆။ တတိယဈာန်စိတ် | ၁၁ |
| | | | ၇။ စတုတ္ထဈာန်စိတ် | ၁၁ |
| | | | ၈။ ပဉ္စမဈာန်စိတ် | ၂၃ |
| | ပေါင်း | ၅၅ | ပေါင်း | ၆၆ |

### ၁။ လေ့ကျင့်နည်း

၁။ ဝိတက်စေတသိက်သည် **ဈာန်ထိုက်သောစေတသိက်**ဖြစ်၍ စိတ်အကျယ် (၁၂၁) ပါး၌ ပြဆိုရ၏။ ယှဉ်သောစိတ် (၅၅) ပါးပြထား၍ မယှဉ်သော စိတ်ပေါင်း (၁၂၁-၅၅) =၆၆ ပါး ရှိကြောင်း တွက်ယူနိုင်မည်။

၂။ ကာမစိတ် (၅၄) ပါးတွင် ဒွေးပဉ္စဝိညာဏ် (၁၀) ပါးအကြဉ်ပြထား၍၊ ယှဉ်စိတ်ပေါင်း (၅၄-၁၀) ၄၄ ပါးရအောင် တွက်ယူနိုင်၏။

၃။ ဈာန်စိတ်များတွင် ဝိတက်ပါသော ပထမဈာန်စိတ် (၁၁) ပါးသာ ယှဉ်၍၊ မယှဉ်သော ဈာန်စိတ်ပေါင်း (၆၇-၁၁) =၅၆ ပါးကို နှစ်ဖက်ပြဇယားဖြင့် တွက်ယူနိုင်ပါသည်။

**ဒွေး ပဉ္စဝိညာဏ် (၁၀) ပါး ကို အကြဉ်ပြဆိုရခြင်း**

ဒွေးပဉ္စ ဝိညာဏ် (၁၀)ပါးတို့၏ **မှီရာဝတ္ထုနှင့် အာရုံ (၅) ပါးတို့ တိုက်ရိုက်ထိခိုက် ထင်ရှားမှု** အစွမ်းကြောင့် ဒွေးပဉ္စဝိညာဏ် (၁၀)ပါးသည် ဝိတက်၏အကူအညီမပါဘဲ အာရုံများကို ယူနိုင်သည်။

ထို့ကြောင့် ဝိတက်စေတသိက်၌ ဒွေးပဉ္စဝိညာဏ် (၁၀) ပါးအကြဉ်ပြထားသည်။

**ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမဈာန်များအကြဉ်ပြဆိုရခြင်း**

ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်နှင့် ပဉ္စမဈာန်စိတ်တို့သည် **ဘာဝနာ၏ အစွမ်းဖြင့်** (ဝိတက်စေတသိက်) ကို ပယ်ခွာထား၏။ ဘာဝနာ အစွမ်းဖြင့် အာရုံကိုယူနိုင်၏။

ထို့ကြောင့် ဝိတက် စေတသိက်၌ အဆိုပါ ဈာန်စိတ်များကို အကြဉ်ပြဆိုထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၂။ ဝိစာရ စေတသိက်နှင့် စိတ်ယှဉ်နည်း

| စဉ် | ယှဉ်စိတ် | ၆၆ | မယှဉ်စိတ် | ၅၅ |
|---|---|---|---|---|
| ၁ | အကုသိုလ်စိတ် | ၁၂ | ၁။ — | — |
| ၂ | ဒွေးပဉ္စဝိညာဏ် ၁၀ ကြဉ် အဟိတ် စိတ် | ၈ | ၂။ ဒွေးပဉ္စ ဝိညာဏ် | ၁၀ |
| ၃ | ကာမသောဘနစိတ် | ၂၄ | ၃။ — | — |
| ၄ | ပထမဈာန်စိတ် | ၁၁ | ၄။ — | — |
| ၅ | ဒုတိယဈာန်စိတ် | ၁၁ | ၅။ — | — |
| | | | ၆။ တတိယဈာန်စိတ် | ၁၁ |
| | | | ၇။ စတုတ္ထဈာန်စိတ် | ၁၁ |
| | | | ၈။ ပဉ္စမဈာန်စိတ် | ၂၃ |
| | ပေါင်း | ၆၆ | ပေါင်း | ၅၅ |

## ၂။ လေ့ကျင့်နည်း

၁။ ဝိစာရ စေတသိက်သည် ဒုတိယ**ဈာန်ထိုက်သော စေတသိက်**ဖြစ်၍ စိတ်အကျယ် (၁၂၁) ပါး၌ ပြဆိုရ၏။ ယှဉ်သော စိတ် (၆၆) ပါးပြဆိုထား၍ မယှဉ်သော စိတ်ပေါင်း (၁၂၁-၆၆) ၅၅ ပါး ရအောင် တွက်ယူနိုင်၏။

၂။ ကာမစိတ် ၅၄ ပါးတွင် ဒွေးပဉ္စဝိညာဏ် (၁၀) ပါး အကြဉ်ပြထား၍ ယှဉ်စိတ်ပေါင်း (၅၄-၁၀) = ၄၄ ပါးရရှိမည်။

၃။ ဈာန်စိတ်များတွင် ဝိစာရပါသော ဒုတိယဈာန်အထိ၊ ပထမဈာန်စိတ် (၁၁) ပါးနှင့် ဒုတိယဈာန် စိတ် (၁၁) ပါးဟူ၍ ဈာန် (၂) ပါးတို့နှင့်ယှဉ်သောကြောင့် မယှဉ်သော ဈာန်စိတ်ပေါင်း (၆၇-၂၂) = (၄၅) ပါးရှိမည်။

### ဒွေး ပဉ္စဝိညာဏ် (၁၀) ပါးကို အကြဉ်ပြဆိုရခြင်း

ဝိစာရ စေတသိက်သည် **ဝိတက် စေတသိက်၏ အမြဲတမ်း နောက်လိုက်ဖြစ်၏**။ ဝိတက် မယှဉ်သော ဒွေးပဉ္စဝိညာဏ် (၁၀) ပါးသည် ဝိစာရ စေတသိက်၌လည်း မယှဉ်နိုင်။

### တတိယ၊ စတုတ္ထနှင့် ပဉ္စမ ဈာန်စိတ်များ အကြဉ်ပြဆိုရခြင်း

တတိယဈာန်၊ စတုတ္ထဈာန်နှင့် ပဉ္စမဈာန်တို့သည် ဘာဝနာအစွမ်းဖြင့် (ဝိတက်၊ ဝိစာရ၊) စေတသိက်များကို ပယ်ခွာထား၍ ထိုဈာန်စိတ်များ၌ မယှဉ်နိုင်။

## ၃။ အဓိမောက္ခ စေတသိက်နှင့် စိတ်ယှဉ်နည်း

| စဉ် | ယှဉ်စိတ် | ၅၅ | မယှဉ်စိတ် | ၆၆ |
|---|---|---|---|---|
| ၁ | ဝိစိကိစ္ဆာကြဉ်အကုသိုလ်စိတ် | ၁၁ | ၁။ ဝိစိကိစ္ဆာ | ၁ |
| ၂ | ဒွေးပဉ္စဝိညာဏ် ၁၀ ကြဉ် အဟိတ် စိတ် | ၈ | ၂။ ဒွေးပဉ္စ ဝိညာဏ်စိတ် | ၁၀ |
| ၃ | ကာမသောဘနစိတ် | ၂၄ | ၃။ - | - |
| ၄ | မဟဂ္ဂုတ်စိတ် | ၂၇ | ၄။ | |
| ၅ | လောကုတ္တရာစိတ် | ၈ | ၅။ - | - |
| | ပေါင်း | ၇၈ | ပေါင်း | ၁၁ |

www.burmeseclassic.com

www.burmeseclassic.com



အဓိမောက္ခ စေတသိက်သည် **ရှာန်ထိုက်သော စေတသိက်တွင် မပါသောကြောင့်** စိတ်အကျဉ်း (၈၉) ပါး ၌ ပြဆိုရ၏။ ယှဉ်သောစိတ် (၇၈) ပါးပြဆိုထား၍ မယှဉ်သောစိတ်ပေါင်း (၈၉– ၇၈) ၁၁ ပါးရှိ၏။

ကာမစိတ် –၅၄ ပါးတွင် ဒွေးပဉ္စဝိညာဏ် ၁၀ ပါးနှင့် ဝိစိကိစ္ဆာ ၁ ပါး၊ ပေါင်း –၁၁ ပါး အကြဉ်ပြထား၍ ယှဉ်စိတ်ပေါင်း (၅၄– ၁၁) = ၄၃ ပါးရှိသည်။

မဟဂ္ဂုတ်စိတ်တို့နှင့် လောကုတ္တရာ စိတ်အကျဉ်းတို့၌ အကြဉ်ပြဆိုထားခြင်း မရှိ၍အယှဉ်သာ ပြဆိုရ၏။

## ဒွေးပဉ္စဝိညာဏ်– ၁၀ ကို အကြဉ်ပြဆိုရခြင်း

အာရုံကို ဆုံးဖြတ်ခြင်း သဘောရှိသော အဓိမောက္ခစေတသိက်၌ အာရုံကိုယူကာ မတ္တဖြစ်၍ မဆုံးဖြတ်နိုင်သော ဒွေးပဉ္စ ဝိညာဏ် ၁၀ ပါး၌၊ မယှဉ်ထိုက်သောကြောင့် အကြဉ်ပြဆို၏။

## ဝိစိကိစ္ဆာ စိတ်ကို အကြဉ်ပြဆိုရခြင်း

ဝိစိကိစ္ဆာ သဟဂုတ်စိတ်သည် အာရုံကို မဆုံးဖြတ်နိုင်သော သဘောရှိ၍ အာရုံကိုဆုံးဖြတ်နိုင်သော အဓိမောက္ခ စေတသိက်နှင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့် ဝိစိကိစ္ဆာစိတ်ကို အကြဉ်ပြဆို၏။

## ၄။ ဝီရိယ စေတသိက်နှင့် စိတ်ယှဉ်နည်း

| စဉ် | ယှဉ်စိတ် | ၇၃ | | မယှဉ်စိတ် | ၁၆ |
|---|---|---|---|---|---|
| ၁ | အကုသိုလ်စိတ် | ၁၂ | ၁။ | | – |
| ၂ | မနောဒွါရာဝဇ္ဇန်း + ဟသိတုပ္ပါဒ်စိတ် | ၂ | ၂။ | ဒွေးပဉ္စဝိညာဏ် | ၁၀ |
| | | | | – သမ္ပဋိစ္ဆန | ၃ |
| | | | | – မနောဓာတ် | ၃ |
| ၃ | ကာမသောဘနစိတ် | ၂၄ | ၃။ | | – |
| ၄ | မဟဂ္ဂုတ်စိတ် | ၂၇ | ၄။ | – | – |
| ၅ | လောကုတ္တရာစိတ် | ၈ | ၅။ | – | – |
| | ပေါင်း | ၇၃ | | ပေါင်း | ၁၆ |

၁။ အဓိမောက္ခ စေတသိက်သည် **ရှာန်ထိုက်သော စေတသိက်တွင် မပါဝင်သောကြောင့်** စိတ်အကျဉ်း (၈၉) ပါး၌ ပြဆိုရ၏။ ယှဉ်သောစိတ် (၇၃) ပါး ပြဆိုထား၍ မယှဉ်သောစိတ်ပေါင်း (၈၉–၇၃)= ၁၆ ပါးရှိ၏။

၂။ ကာမစိတ် ၅၄ ပါးတွင် မနောဒွါရာဝဇ္ဇန်းစိတ်နှင့် ဟသိတုပ္ပါဒ် စိတ် (၂) ပါးကြဉ်၍ ကြွင်းသော အဟိတ်စိတ် (၁၆) ပါးတို့သည် အကြဉ်ပြထား၏။ ယှဉ်စိတ်ပေါင်း (၅၄–၁၆) =၃၈ ပါးရှိ၏။

၃။ မဟဂ္ဂုတ်စိတ်တို့နှင့် လောကုတ္တရာစိတ်အကျဉ်းတို့၌ အကြဉ်ပြဆိုထားခြင်းမရှိ၍ အ ယှဉ်သာ ပြဆိုရ၏။

www.burmeseclassic.com

www.burmeseclassic.com



## အဟိတ်စိတ် (၁၆) ပါးကို အကြဉ်ပြဆိုရခြင်း

၁။ မနောဒွါရာဝဇ္ဇန်းစိတ်နှင့် ဟသိတုပ္ပါဒ်စိတ် (၂) ပါးကြဉ်သော အဟိတ်စိတ် ၁၆ ပါးတို့သည် **အာရုံကိုယူမှု၌ အားနည်းကြ၏။ အားရှိသော ဝီရိယ စေတသိက်၌** အားနည်းသော အဟိတ်စိတ် (၁၆) ပါးတို့ မယှဉ်နိုင်ကြ။

## ၅။ ပီတိနှင့် စိတ်ယှဉ်နည်း

| စဉ် | ယှဉ်စိတ် | ၅၁ | မယှဉ်စိတ် | ၇၀ |
|---|---|---|---|---|
| ၁။ | အကုသိုလ်သောမနဿသဟဂုတ်စိတ် | ၄ | ၁။ ဒေါသမူ | ၂ |
| ၂။ | အဟိတ်သောမနဿသန္တီရဏစိတ်ဟသိတုပ္ပါဒ် | ၂ | ၂။ ကာယဝိညာဏ်ဒွေး | ၂ |
| ၃။ | ကာမသောဘနသောမနဿသဟဂုတ်စိတ် | ၁၂ | ၃။ ကာမဥပေက္ခာသဟဂုတ်စိတ် | ၃၂ |
| ၄။ | ပ + ဒု + တ–ဈာန် | ၃၃ | ၄။ စတုတ္ထဈာန် | ၁၁ |
| | | | ၅။ ပဉ္စမဈာန် | ၂၃ |
| | ပေါင်း | ၅၁ | ပေါင်း | ၇၀ |

## ၅။ လေ့ကျင့်နည်း

၁။ ပီတိ စေတသိက်သည် တတိယဈာန်ထိုက်သော စေတသိက်ဖြစ်၍ စိတ်အကျယ် (၁၂၁) ပါး၌ ပြဆိုရ၏။ ယှဉ်သော စိတ် (၅၁) ပါး ပြဆိုထား၍ မယှဉ်သော စိတ်ပေါင်း (၁၂၁–၅၁) အပါး (၇၀) ရှိ၏။

၂။ ကာမစိတ် (၅၄) ပါးတို့တွင် သောမနဿသဟဂုတ် စိတ် (၁၈) ပါးယှဉ်၍ ဒေါသမူ(၂)ပါး၊ ကာယဝိညာဏ်ဒွေး (၂) ပါး၊ ဥပေက္ခာ သဟဂုတ်စိတ် (၃၂) ပါး၊ ပေါင်း (၃၆) ပါး ကြဉ်၏။

၃။ ဈာန်စိတ်များတွင် ပီတိပါသော တတိယဈာန်အထိ ဈာန် (၃) ပါးတို့နှင့် ယှဉ်သော ဈာန်စိတ်ပေါင်း (၃၃) ပါးရှိ၏။ စတုတ္ထဈာန် စိတ် (၁၁) ပါး၊ ပဉ္စမဈာန်စိတ် (၂၃) ပါး၊ ပေါင်း (၃၄) ပါးတို့ကို ကြဉ်ရ၏။

## ဒေါသမူ၊ ဥပေက္ခာနှင့် ကာယဝိညာဏ်စိတ်တို့ကို အကြဉ်ပြဆိုရခြင်း

ပီတိ စေတသိက်သည် နှစ်သက်ခြင်း သဘောလက္ခဏာရှိ၏။ ထို့ကြောင့် ပီတိ စေတသိက်၌ နှလုံး မသာယာခြင်း သဘောရှိသော ဒေါသမူစိတ် (၂) ပါး၊ လျစ်လျူရှုခြင်း သဘောရှိသော ဥပေက္ခာ သဟဂုတ်စိတ် ၅၅ ပါးတို့ သဘောချင်း မတူညီ၍ မယှဉ်နိုင်ကြ၊ အကြဉ်ပြရသည်။

ပီတိနှစ်သက်ရွှင်လန်းမှု သဘောသည် စေတသိက် သုခမျိုးဖြစ်သောကြောင့် စေတသိကသုခ ဝေဒနာတို့နှင့် သာယှဉ်နိုင် ပြီး၊ ကာယိကသုခ, ကာယိကဒုက္ခ, ဖြစ်သောကာယဝိညာဏ်ဒွေး (၂) ပါးတို့ မယှဉ်သင့်၍ အကြဉ်ပြဆိုရသည်။

## စတုတ္ထဈာန်စိတ်တို့ကို အကြဉ်ပြဆိုရခြင်း

စတုတ္ထဈာန်က **ပီတိကို စက်ဆုပ်၍ ပယ်ထားသောကြောင့်** မယှဉ်ထိုက်၍ အကြဉ်ပြထားရသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၆။ ဆန္ဒ စေတသိက်နှင့်စိတ်ယှဉ်နည်း။

| စဉ် | ယှဉ်စိတ် | ၆၉ | မယှဉ်စိတ် | ၂၀ |
|---|---|---|---|---|
| ၁ | မောဟမူဒွေးကြဉ် အကုသိုလ်စိတ် | ၁၀ | ၁။ မောဟမူဒွေး | ၂ |
| ၂ | အဟိတ်စိတ် | – | ၂။ အဟိတ်စိတ် | ၁၈ |
| ၃ | ကာမသောဘနစိတ် | ၂၄ | ၃။ | – |
| ၄ | မဟဂ္ဂုတ်စိတ် | ၂၇ | ၄။ | – |
| ၅ | လောကုတ္တရာစိတ် | ၈ | ၅။ | – |
| | ပေါင်း | ၆၉ | | ၂၀ |

### လေ့ကျင့်နည်း

၁။ ဆန္ဒစေတသိက်သည်ဈာန်အင်္ဂါမထိုက်သောကြောင့် စိတ်ကျဉ်း (၈၉) ပါး၌ ပြဆိုရ၏။ ယှဉ်သောစိတ် (၆၉) ပါး ရှိသော ကြောင့် မယှဉ်သောစိတ် (၈၉ –၆၉) = အပါး ၂၀ ရှိသည်။

၂။ ကာမစိတ် (၅၄) ပါးတွင် မောဟမူဒွေး – ၂ပါး၊ အဟိတ်စိတ် ၁၈ ပါး၊ ပေါင်းအပါး (၂၀) အကြဉ်ပြဆိုထား၍ ယှဉ်သောစိတ်ပေါင်း (၅၄ – ၂၀) = ၃၄ ပါးကို ပြဆိုထားသည်။

၃။ မဟဂ္ဂုတ်စိတ်တို့နှင့် လောကုတ္တရာစိတ်အကျဉ်းတို့၌ အကြဉ်ပြဆိုထားခြင်းမရှိ၊ မဟဂ္ဂုတ်စိတ် ၂၇ ပါးနှင့် လောကုတ္တရာ စိတ်အကျဉ်း (၈) ပါးအားလုံးတို့ကို အယှဉ်ပြဆိုရ၏။

### မောဟမူဒွေးကို အကြဉ်ပြဆိုရခြင်း

ဆန္ဒစေတသိက်သည် လိုချင်တောင့်တခြင်းသဘောရှိ၏။ **လိုချင်တောင့်တခြင်းသဘောမှ ကင်းသော အဟိတ်စိတ် (၁၈) ပါးနှင့် မိန်းမောတွေဝေခြင်းသဘောရှိသော မောဟမူစိတ် (၂)** ပါး တို့သည် မယှဉ်နိုင်၍ အကြဉ်ပြဆိုရ၏။

### ပကိဏ်း စေတသိက်သမ္ပယောဂနည်း (၆) နည်း အကျဉ်းပြဇယား

| စဉ် | စေတသိက် | ယှဉ် | ကြဉ် | ပေါင်း | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဝိတက် | ၅၅ | ၆၆ | ၁၂၁ | ကျယ် |
| ၂ | ဝိစာရ | ၆၆ | ၅၅ | ၁၂၁ | ကျယ် |
| ၃ | အဓိမောက္ခ | ၇၈ | ၁၁ | ၈၉ | ကျဉ်း |
| ၄ | ဝီရိယ | ၇၃ | ၁၆ | ၈၉ | ကျဉ်း |
| ၅ | ပီတိ | ၅၁ | ၇၀ | ၁၂၁ | အကျယ် |
| ၆ | ဆန္ဒ | ၆၉ | ၂၀ | ၈၉ | ကျဉ်း |

## ၃။ အကုသိုလ်စေတသိက်သမ္ပယောဂနည်း (၅) နည်း

### ၁။ သဗ္ဗာကုသလသာဓာရဏ စေတသိက်နှင့် စိတ်ယှဉ်နည်း

အကုသိုလ်စိတ်မှန်လျှင် အာရုံ၏ သဘောအမှန်ကို ဖုံးကွယ်မှု (မောဟ) မကောင်းမှု ဒုစရိုက်မှ မရှက်ခြင်း (အဟိရိက) မကြောက်ခြင်း (အနောတ္တပ္ပ) မငြိမ်သက်မှု (ဥဒ္ဓစ္စ) တို့နှင့် မကင်းသောကြောင့် အကုသိုလ်စိတ် (၁၂) ပါးလုံး၌ ယှဉ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



၂။ **လောဘ (၃) ပါးနှင့် စိတ်ယှဉ်နည်း**

လောဘ၊ ဒိဋ္ဌိ၊ မာနဟူသော လောတြိစေတသိက် (၃) ပါးတို့သည် လောဘစိတ်တို့၌ **ယှဉ်၍ ယှဉ်ရာစိတ်ချင်းတူသောကြောင့်** သမ္ပယောဂ(၁)နည်းယူ၏။

* **လောဘ** = စေတသိက်သည် လောဘမူစိတ် (၈) ပါးလုံး၌ ယှဉ်၏။

* **ဒိဋ္ဌိ** = စေတသိက်သည် လောဘမူစိတ် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် (၄) ပါး၌ ယှဉ်၏။

* **မာန** = စေတသိက်သည် လောဘမူစိတ်ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် (၄) ပါး၌ ယှဉ်၏။

ခန္ဓာ (၅) ပါးကို ဒိဋ္ဌိက အတ္တဟုစွဲ၏။ မာနက ငါငါဟုစွဲ၏။ သတ္တိချင်းတူနေ၏။ တစ်ဂူထဲ၌ ခြင်္သေ့ (၂) ကောင် မအောင်းနိုင်သကဲ့သို့ ဒိဋ္ဌိနှင့် မာန (၂) ပါးသည် တစ်ခုသော စိတ်၌ အတူ မဖြစ်ကြ။

၃။ **ဒေါစတုက် (၄) ပါးနှင့် စိတ်ယှဉ်နည်း**

ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ ဟူသော ဒေါစတုက် (၄) ပါးသည် **ယှဉ်ရာ စိတ်ချင်း တူသောကြောင့်** သမ္ပယောဂ နည်း (၁) နည်းယူ၏။

စိတ်ဆိုးမှု=ဒေါသ၊ ငြူစူမှု=ဣဿာ၊ ဝန်တိုမှု=မစ္ဆရိယ၊ နောင်တတစ်ဖန် ပူပန်မှု=ကုက္ကုစ္စဟူသော ဒေါစတုက် (၄) ပါးတို့သည် ယှဉ်ရာ **စိတ်ချင်းတူသောကြောင့် သမ္ပယော ဂနည်း** (၁) နည်း ယူ၏။

ဒေါသစိတ်မှန်လျှင် ငြူစူမှု–ဣဿာ၊ ဝန်တိုမှု–မစ္ဆရိယ၊ နောင်တတစ်ဖန် ပူပန်မှု–ကုက္ကုစ္စတို့ မကင်းသဖြင့် ဒေါသမူ ဒွေ စိတ် (၂) ပါးတို့၌ ယှဉ်သည်။

၄။ **ထိန၊ မိဒ္ဓ (၂) ပါးနှင့် စိတ်ယှဉ်နည်း**

ထိန၊ မိဒ္ဓ (၂) ပါးသည် ယှဉ်ရာစိတ်ချင်းတူသောကြောင့် သမ္ပယောဂနည်း (၁) နည်းဖြစ်၏။

ထိန၊ မိဒ္ဓ (၂) ပါးသည် **ပျင်းရိထိုင်းမှိုင်းခြင်း** သဘောရှိ၍ **ထက်မြက်သော အသင်္ခါရိက** စိတ်တို့၌ မယှဉ်ထိုက်။ အကုသိုလ် သသင်္ခါရိက စိတ် (၅) ပါးတို့နှင့်သာယှဉ်၏။

၅။ **ဝိစိကိစ္ဆာ (၁) ပါးနှင့် စိတ်ယှဉ်နည်း**

ဝိစိကိစ္ဆာ (၁) ပါးနှင့် စိတ်ယှဉ်ပြခြင်းသည် သမ္ပယောဂနည်း (၁)နည်းဖြစ်၏။ (သဘောချင်း တူ၍ ယှဉ်သည်။ နည်းတူ၊ ယှဉ်တူ)

၁။ သောဘနသာဓာရဏ– ၁၉ ပါးသည် **ယှဉ်ရာစိတ်ချင်း တူညီသောကြောင့်** သမ္ပယောဂနည်း (၁) နည်းယူ၏။

သောဘနသာဓာရဏ စေတသိက် (၁၉) ပါးသည် ကုသိုလ်ပြတိုင်း ယှဉ်ကြသဖြင့် သောဘနစိတ်အကျဉ်း (၅၉) ပါး၊ အကျယ် (၉၁) ပါးတို့၌ ယှဉ်ကြသည်။

၂။ ဝိရတိ စေတသိက် (၃) ပါးသည် **ယှဉ်ရာစိတ်ချင်းတူသောကြောင့်** သမ္ပယောဂနည်း (၁)နည်း ယူ၏။

www.burmeseclassic.com

www.burmeseclassic.com



## ၂။ ဝိရတီ စေတသိက် (၃) ပါးနှင့် စိတ်ယှဉ်နည်း

| စေတသိက် | ယှဉ်စိတ် | မှတ်ချက် |
|---|---|---|
| ဝိရတီ (၃) ပါး | (က) မဟာကုသိုလ် (၈) ပါးနှင့် ရံခါ၌သာ အသီးသီးတစ်ပါးစီယှဉ်၏။<br>(ခ) လောကုတ္တရာ စိတ် ၈ ပါးနှင့် အမြဲတစ်ပေါင်းတည်းယှဉ်၏။ | ပေါင်း (၁၆) ပါးသော စိတ်တို့နှင့်ယှဉ်၏။ |

လောကီကုသိုလ်စိတ်တို့၌ တစ်ခါတစ်ရံ ဒုစရိုက်၊ ဒုရာဇီဝတို့ကို ရှောင်ကြဉ်ရာ သီလစောင့်ထိန်းရာ မဟာကုသိုလ်စိတ်ဖြစ်ခိုက်၌သာ ဝိရတီ စေတသိက်များ ယှဉ်ကြ၏။

ဘုရားဖူး၊ တရားနာ စသော မဟာကုသိုလ်စိတ်များဖြစ်ခိုက်၌ကား ထို (ဒုစရိုက်၊ ဒုရာဇီဝ)တို့ကို ရှောင်ရန် မလိုသဖြင့် ဝိရတီစေတသိက်များ မယှဉ်ကြခြင်းကို (ကဒါစိ) တစ်ခါတရံသာ ယှဉ်သည်ဟု ဆိုခြင်းဖြစ်သည်။

ဤကဲ့သို့ သီလစောင့်ထိန်းခိုက်၊ မဟာကုသိုလ်ဖြစ်ခိုက် ယှဉ်သည်ဆိုရာ၌လည်း ဝစီဒုစရိုက်မှရှောင်ကြဉ်ရာ၌ သမ္မာဝါစာ ဝိရတီ စေတသိက် (၁) ပါးသာ ယှဉ်၍ သမ္မာကမ္မန္တ နှင့် သမ္မာအာဇီဝစေတသိက် (၂) ပါး မယှဉ်ကြ။ ထိုနည်းအတူပင် ကာယဒုစရိုက်ကို ရှောင်ကြဉ်ရာ၌ သမ္မာကမ္မန္တ သာယှဉ်၍ကျန် (၂) ပါးတို့မယှဉ်ကြ။ မိစ္ဆာအာဇီဝတို့မှရှောင်ကြဉ်ရာ၌လည်း သမ္မာအာဇီဝသာယှဉ်၍ ကျန် (၂)ပါးတို့ မယှဉ်ကြ။ ထို့ကြောင့် လောကီဝိရတီ (၃) ပါးတို့သည် အသီးသီးတစ်ပါးစီယှဉ်၏ ဟုဆိုခြင်းဖြစ်သည်။

* ဝိရတီ (၃) ပါးတို့သည် လောကုတ္တရာစိတ် (၈) ပါးတို့နှင့် အမြဲ (နိယတ) ယှဉ်သည်ဆိုရာ၌ လောကုတ္တရာစိတ် (၈)ပါး ဖြစ်တိုင်း ဝိရတီ (၃) ပါးသည် အမြဲတစ်ပေါင်းတည်း (ဧကတော) တစ်ပြိုင်နက် အတူတကွ ယှဉ်ကြသည်။

ထို့ကြောင့် လောကုတ္တရာ ဝိရတီ (၃) ပါးသည် မိမိတို့ ရှောင်ကြဉ်ထိုက်သည့် ဒုစရိုက်၊ ဒုရာဇီဝဟူသမျှကို လုံးဝ ဥဿုံ အကုန်ရှောင်ကြဉ်နိုင်ကြသည်ဟူသော အဓိပ္ပာယ်ဖြစ်၏။

## ၃။ အပ္ပမညာ စေတသိက် (၂) ပါးနှင့် စိတ်ယှဉ်နည်း

အပ္ပမညာ စေတသိက် (၂) ပါးသည် **ယှဉ်ရာစိတ်ချင်းတူသောကြောင့်** သမ္ပယောဂနည်း (၁) နည်းဖြစ်၏။

### အပ္ပမညာနှင့်စိတ်ယှဉ်နည်း

| စေတသိက် | ယှဉ်စိတ် | | မှတ်ချက် |
|---|---|---|---|
| အပ္ပမညာ (၂) ပါး | - မဟာကုသိုလ်စိတ် | ၈ ပါး | ရံခါ |
| | - မဟာကြိယာစိတ် | ၈ ပါး | အသီးသီး |
| | - ရူပါဝစရ ပထမဈာန်စိတ် | ၃ ပါး | ယှဉ်၏။ |
| | - ရူပါဝစရ ဒုတိယဈာန်စိတ် | ၃ ပါး | |
| | - ရူပါဝစရ တတိယဈာန်စိတ် | ၃ ပါး | |
| | - ရူပါဝစရ စတုတ္ထဈာန်စိတ် | ၃ ပါး | |
| | ပေါင်း | ၂၈ ပါး | |

www.burmeseclassic.com

www.burmeseclassic.com



အပ္ပမညာ စေတသိက် (၂) ပါးတို့သည် စိတ်ပေါင်း (၂၈) ပါး ၌ ယှဉ်ရာဝယ် ရံခါ, အသီးသီးယှဉ်သည်။ စိတ် (၂၈) ပါး ဖြစ်တိုင်းလည်း မယှဉ်ကြပေ။ (ကဒါစိ) တစ်ခါတစ်ရံသာ (နာနာ) အသီးသီးယှဉ်ကြ၏။

ရံခါ ဒုက္ခိတ သတ္တဝါကို အာရုံပြုခိုက် ကရုဏာသာဖြစ်၍ မုဒိတာ မယှဉ်၊ သုခိတသတ္တဝါကို အာရုံပြုခိုက်၌ကား မုဒိတာသာယှဉ်၍ ကရုဏာ မယှဉ်သောကြောင့် ရံခါ အသီးသီးယှဉ်ခြင်းဖြစ်သည်။

ထိုနည်းအတူ သတ္တဝါ ပညတ်ကို အာရုံပြု၍ ကမ္မဋ္ဌာန်း စီးဖြန်းသောအခါ၊ ချမ်းရသောအခါ တို့၌သာယှဉ်သည်။ ဘုရား စသည်ကို အာရုံပြုသောအခါ၊ ပထဝီကသိုဏ်း စသည်ကို အာရုံပြု၍ ချမ်းရသောအခါတို့၌ မယှဉ်ကုန်။

### ၄။ ပညိန္ဒြေ စေတသိက် (၁) ပါးနှင့် စိတ်ယှဉ်နည်း

ပညိန္ဒြေ စေတသိက် (၁) ပါးနှင့် စိတ်ယှဉ်နည်းသည် သမ္ပယောဂနည်း (၁) နည်းဖြစ်၏။

| စေတသိက် | ယှဉ်စိတ် | | မှတ်ချက် |
|---|---|---|---|
| ပညိန္ဒြေ | - မဟာကုသိုလ်ဉာဏ သမ္ပယုတ် | ၄ | သမ္မာဒိဋ္ဌိမပါလျှင် မဂ်၊ ဖိုလ်မရ၊ သမ္မာ ဒိဋ္ဌိအမည်ရသော ပညာစေတသိက်သည် လောကုတ္တရာစိတ်တို့၌ ယှဉ်ရ၏။ ကိလေသာတို့မှဝေးကွာသော မဟဂ္ဂုတ်စိတ်တို့၌လည်း ယှဉ်နိုင်၏။ |
| | - မဟာဝိပါက်ဉာဏ သမ္ပယုတ် | ၄ | |
| | - မဟာကြိယာဉာဏ သမ္ပယုတ် | ၄ | |
| | - မဟဂ္ဂုတ် + လောကုတ္တရာ | ၃၅ | |
| | ပေါင်း | ၄၇ | |

### ၂ ။ သင်္ဂဟနည်း

(Different Combinations of mental states with different Cittas.)

စိတ်ကိုမှုတည်၍ စေတသိက်ပေါင်း မည်မျှနှင့် ယှဉ်သည်ကိုပြသောနည်းကို "သင်္ဂဟနည်း" ဟုခေါ်ဆိုသည်။ အကျဉ်းအားဖြင့် (၅) နည်း အကျယ်အားဖြင့် (၃၃) နည်းရှိသည်။

### သင်္ဂဟအကျဉ်း (၅) နည်း၊ အကျယ် (၃၃) နည်း

| | | | |
|---|---|---|---|
| ၁။ | အကုသိုလ်- ၁၂ ပါး၌ သင်္ဂဟနည်း | ၇ | နည်း |
| ၂။ | အဟိတ်စိတ် ၁၈ ပါး၌ သင်္ဂဟနည်း | ၄ | ပါး |
| ၃။ | ကာမသောဘန ၂၄ ပါး၌ သင်္ဂဟနည်း | ၁၂ | ပါး |
| ၄။ | မဟဂ္ဂုတ် ၂၇ ပါး၌ သင်္ဂဟနည်း | ၅ | နည်း |
| ၅။ | လောကုတ္တရာစိတ်အပါး ၄၀ ၌ သင်္ဂဟနည်း | ၅ | နည်း |
| | ပေါင်း = | ၃၃ | နည်း |

www.burmeseclassic.com

www.burmeseclassic.com



## အကုသိုလ် ၁၂ ပါးတို့၌ သင်္ဂဟ (၇) နည်းယူပုံ

### (က) လောဘမူစိတ် (၈) ပါး၌ သင်္ဂဟ ၄ နည်း

၁။ လောဘမူ ပဌမ အသင်္ခါရိက စိတ်နှင့် ဒုတိယ အသင်္ခါရိက စိတ်တို့၌ ယှဉ်ရာ စေတသိက် (၁၉) ပါး ချင်းတူသောကြောင့် သင်္ဂဟ ၁ နည်းယူ၏။

၂။ ပဌမ သသင်္ခါရိက စိတ်နှင့် ဒုတိယ သသင်္ခါရိက စိတ်တို့၌ယှဉ်ရာ စေတသိက် (၂၁)ပါးချင်း တူသောကြောင့် သင်္ဂဟ ၁ နည်းယူ၏။

၃။ တတိယ အသင်္ခါရိကစိတ်နှင့် စတုတ္ထအသင်္ခါရိက စိတ်တို့၌ ယှဉ်ရာ စေတသိက် (၁၈)ပါးချင်း တူသောကြောင့် သင်္ဂဟ ၁ နည်းယူ၏။

၄။ တတိယသသင်္ခါရိကစိတ်နှင့် စတုတ္ထ သသင်္ခါရိကစိတ်တို့၌ယှဉ်ရာ စေတသိက်အပါး (၂၀)ချင်း တူသောကြောင့် သင်္ဂဟ ၁ နည်းယူ၏။

### (ခ) ဒေါသမူစိတ် (၂) ပါး၌ သင်္ဂဟ (၂) နည်း

ဒေါသမူစိတ် (၂) ပါးတို့၌ ယှဉ်ရာ စေတသိက်ချင်း အရေအတွက် မတူသောကြောင့်

၁။ ဒေါသမူ အသင်္ခါရိက စိတ်၌ စေတသိက်ယှဉ်သင်္ဂဟ – ၁ နည်း

၂။ ဒေါသမူ သသင်္ခါရိကစိတ်၌ စေတသိက်ယှဉ်သင်္ဂဟ – ၁ နည်း

### (ဂ) မောဟမူစိတ် (၂) ပါး၌ သင်္ဂဟ ၁ နည်း

မောဟမူစိတ် (၂) ပါးတို့၌ ယှဉ်ရာ စေတသိက် (၁၅) ပါးချင်းတူသောကြောင့် သင်္ဂဟ ၁နည်း ယူ၏။

၁ ။အကုသိုလ် (၁၂) ပါး၌ သင်္ဂဟနည်း (၇) နည်း

| | နည်း | စိတ်သရုပ် | အည သဗ္ဗ | ပကိဏ်း | မော စတုက် | လောတြိ: လော | ဒိ | မာ | ဒေါ စ တုက် | ထိန မိဒ္ဓ | ဝိစိ | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| လောဘမူ | ၁ | အ ∔ | ၇ | ၆ | ၄ | ၁ | ၁ | – | | – | | ၁၉ |
| (၈) ပါး | | သ ∔ | ၇ | ၆ | ၄ | ၁ | ၁ | – | | ၂ | | ၂၁ |
| (၄) နည်း | ၁ | အ + | ၇ | ၆ | ၄ | ၁ | – | ၁ | | – | | ၁၉ |
| | | သ + | ၇ | ၆ | ၄ | ၁ | – | ၁ | | ၂ | | ၂၁ |
| | ၁ | အ ∸ (ပီတိကြဉ်) | ၇ | ၅ | ၄ | ၁ | ၁ | – | | – | | ၁၈ |
| | | သ ∸ ။ | ၇ | ၅ | ၄ | ၁ | ၁ | – | | ၂ | | ၂၀ |
| | ၁ | အ – ။ | ၇ | ၅ | ၄ | ၁ | – | ၁ | | – | | ၁၈ |
| | | သ – ။ | ၇ | ၅ | ၄ | ၁ | – | ၁ | | ၂ | | ၂၀ |
| ဒေါသမူ | ၁ | > အ (ပီတိကြဉ်) | ၇ | ၅ | ၄ | – | – | – | ၄ | – | | ၂၀ |
| ၂ပါး၂နည်း | ၁ | > သ ။ | ၇ | ၅ | ၄ | – | – | – | ၄ | ၂ | | ၂၂ |
| မောဟမူ | | – (ဆန္ဒ ၊ ပီတိ | ၇ | ၃ | ၄ | – | – | – | – | – | ၁ | ၁၅ |
| (၂) ပါး | ၁ | အဓိကြဉ်) | | | | | | | | | | |
| (၁) နည်း | | (ဆန္ဒ၊ ပီတိကြဉ်) | ၇ | ၄ | ၄ | – | – | – | – | – | – | ၁၅ |
| ပေါင်း | ၇ | | | | | | | | | | | |

www.burmeseclassic.com

www.burmeseclassic.com



**ဥပေက္ခာသဟဂုတ်စိတ်နှင့် ဒေါမနဿသဟဂုတ်စိတ်တို့၌ ပီတိစေတသိက်ကို အကြဉ်ပြုရခြင်း**

ဥပေက္ခာသဟဂုတ် စိတ်သည်လစ်လျူရှုခြင်းသဘောရှိ၏။ ဒေါမနဿသဟဂုတ်စိတ်သည် မသာယာဖွယ်သဘောရှိ၏။ ပီတိစေတသိက်သည် ရွှင်လန်းဝမ်းမြောက်ခြင်း သဘောရှိ၏။ သဘောချင်း မတူ၍ ပီတိကို အကြဉ်ပြုရသည်။

**ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ ဆန္ဒနှင့် အဓိမောက္ခတို့ကို အကြဉ်ပြုရခြင်း**

ဆန္ဒသည်လိုချင်တောင့်တခြင်းသဘောရှိ၏။ **လိုချင်တောင့်တခြင်းကင်း၍ ယုံမှားခြင်း သဘောရှိသောဝိစိကိစ္ဆာသဟဂုတ်စိတ်၌** မယှဉ်နိုင်။

အဓိမောက္ခသည် အာရုံကို ဆုံးဖြတ်ချက်ချနိုင်သော သဘောရှိ၏။ ဝိစိကိစ္ဆာ သဟဂုတ်စိတ်သည် ယုံမှားခြင်း သဘောရှိ၍ အာရုံကို ဆုံးဖြတ်ချက်မချနိုင်။ ဤသို့ **သဘောချင်း မတူသောကြောင့်** အဓိမောက္ခစေတသိက်ကို အကြဉ်ပြုရသည်။

**၂။ အဟိတ်စိတ် ၁၈ ပါးတို့၌ သင်္ဂဟ ၄ နည်းယူပုံ**

၁။ ဒွေးပဉ္စဝိညာဏ် (၁၀)ပါး၌ ယှဉ်ရာ စေတသိက် (၇) ပါးချင်းတူသောကြောင့် သင်္ဂဟ ၁ နည်း ယူ၏။

၂။ မနောဓာတ် (၃) ပါးနှင့် ဥပေက္ခာသန္တီရဏစိတ် (၂) ပါး၌ ယှဉ်ရာ စေတသိက် ၁၀ ပါးချင်း တူသောကြောင့် သင်္ဂဟ ၁ နည်းယူ၏။

၃။ သောမနဿန္တီရဏစိတ်နှင့် မနောဒွါရာဝဇ္ဇန်း စိတ်တို့၌ယှဉ်ရာ စေတသိက် (၁၁) ပါးချင်း တူသောကြောင့် သင်္ဂဟ ၁ နည်း ယူ၏။

၄။ ဟသိတုပ္ပါဒ်စိတ်၌ ယှဉ် စေတသိက်ပြပုံကို သင်္ဂဟ ၁ နည်းယူ၏။

**မောဟမူ(၂) ပါးမှ စေတသိက်ကြဉ်ပုံ**

၁။ (မော- ဝိ, စိ တွင်၊ **ဆန်, ပီ၊ ကြဉ်။)**

၂။ ဥဒ္ဓစ္စတွင်၊ ဆုံး ဒွေးကြဉ်၏။ (ပီတိ၊ ဆန္ဒ)


**အဟိတ်စိတ် (၁၈) ပါးမှ စေတသိက်ကြဉ်ပုံ**

၁။ ၁၀ = အောက်သုံးကြဉ် (ဝီရိယ၊ ပီတိ၊ ဆန္ဒ)

၂။ ၁၁ = အောက်သုံး ပီကြွင်းကြဉ် (ဝီရိယ၊ ဆန္ဒ)

၃။ ၁၁ = ဆုံးနှစ်ဝကြဉ် (ပီတိ၊ ဆန္ဒ)

၄။ ၁၂ = ဆန္ဒကြဉ်



www.burmeseclassic.com

www.burmeseclassic.com



## ၂။ အဟိတ်စိတ် (၁၈) ပါး၌ သင်္ဂဟ (၄ ) ပါး

| စဉ် | | | စိတ်သရုပ် | ယှဉ်သောစေတသိက် | | |
|---|---|---|---|---|---|---|
| | | | | သဗ္ဗစိတ္တ | ပကိဏ်း | ပေါင်း |
| ၁ | ဒွေးပဉ္စဝိညာဏ် ၁၀ | ၁ | − − − − V | ၇ | − | ၇ |
| | | | − − − − Λ | | | |
| | သမ္ပဋိစ္ဆိုင်းဒွေး = ၂ | − | | | | |
| ၂ | ဥပေက္ခာသန္တီရဏ = ၂ | ၁ | − (ဆန္ဒ၊ ပီတိ၊ ဝီရိယကြဉ်) | ၇ | ၃ | ၁၀ |
| | | | − | | | |
| | ပဉ္စဒွါရာဝဇ္ဇန်း = ၁ | | − | | | |
| | | | − | | | |
| ၃ | သောမနဿသန္တီ ၁ | | + (ဆန္ဒ၊ ဝီရိယကြဉ်) | ၇ | ၄ | ၁၁ |
| | ၁ | | | | | |
| | မနောဒွါရာဝဇ္ဇန်း ၁ | | − (ဆန္ဒ၊ ပီကြဉ်) | ၇ | | ၂ |
| ၄ | ဟသိတုပ္ပါဒ် ၁ | ၁ | + (ဆန္ဒ၊ ကြဉ်) | ၇ | ၅ | ၁၂ |
| | ပေါင်း ၄ | | | | | |

၁။ ပဉ္စဝိညာဏ်– ၁၀ပါးသည် **အာရုံကိုယူကာမတ္တဖြစ်၍** အားနည်းသောကြောင့် ထိုစိတ် (၁၀) ပါး၌ ပကိဏ်း စေတသိက်များ မယှဉ်နိုင်ကြ။

၂။ ဆန္ဒသည်လိုချင်ခြင်းသဘောရှိ၏။ **လိုချင်ခြင်းသဘောကင်းသော အဟိတ်စိတ်အားလုံးတို့၌** သဘောချင်း မတိုက်ဆိုင်၍ မယှဉ်နိုင်။

၃။ နှစ်သက်ခြင်းသဘောရှိသော ပီတိစေတသိက်သည် ဥပေက္ခာသဘောရှိသော စိတ်တို့၌ မယှဉ်နိုင်။

၄။ ဝီရိယစေတသိက်သည်**အားထုတ်ခြင်း** သဘောရှိ၍ အားရှိ၏။ **အားနည်းသော** သမ္ပဋိစ္ဆိုင်းဒွေး၊ ဥပေက္ခာ သန္တီရဏ ၂ ပါး၊ ပဉ္စဒွါရာဝဇ္ဇန်း၊ သောမနဿသန္တီရဏတို့၌ မယှဉ်နိုင်၍ အကြဉ်ပြရသည်။

### ၃။ ကာမသောဘနစိတ် ၂၄ ပါးတို့၌ သင်္ဂဟ ၁၂ နည်းယူပုံ

### (က) မဟာကုသိုလ်စိတ် ၈ ပါး၌ သင်္ဂဟနည်း ၄ နည်း

၁။ မဟာကုသိုလ်စိတ် ပထမဒွေး၌ ယှဉ်ရာ စေတသိက် **၃၈** ပါးချင်း တူသောကြောင့် သင်္ဂဟ ၁ နည်းယူ၏။

၂။ မဟာကုသိုလ်စိတ် ဒုတိယဒွေး၌ ယှဉ်ရာ စေတသိက် **၃၇** ပါးချင်းတူသောကြောင့် သင်္ဂဟ ၁ နည်းယူ၏။

၃။ မဟာကုသိုလ်စိတ် တတိယဒွေး၌ ယှဉ်ရာစေတသိက် **၃၇** ပါးချင်းတူသောကြောင့် သင်္ဂဟ ၁ နည်းယူ၏။

၄။ မဟာကုသိုလ်စိတ် စတုတ္ထဒွေး၌ ယှဉ်ရာ စေတသိက် **၃၆** ပါးချင်းတူသောကြောင့် သင်္ဂဟ ၁ နည်းယူ၏။

www.burmeseclassic.com

www.burmeseclassic.com



### (ခ) မဟာဝိပါက်စိတ် ၈ ပါး၌ သင်္ဂဟနည်း ၄ နည်း

၁။ မဟာဝိပါက်စိတ် ပထမဒွေး၌ ယှဉ်ရာ စေတသိက် ၃၃ ပါးချင်း တူသောကြောင့် သင်္ဂဟ ၁ နည်းယူ၏။

၂။ မဟာဝိပါက်စိတ် ဒုတိယဒွေး၌ ယှဉ်ရာ စေတသိက် ၃၂ ပါးချင်းတူသောကြောင့် သင်္ဂဟ ၁ နည်းယူ၏။

၃။ မဟာဝိပါက်စိတ် တတိယဒွေး၌ ယှဉ်ရာစေတသိက် ၃၂ ပါးချင်းတူသောကြောင့် သင်္ဂဟ ၁ နည်းယူ၏။

၄။ မဟာဝိပါက်စိတ် စတုတ္ထဒွေး၌ ယှဉ်ရာ စေတသိက် ၃၁ ပါးချင်းတူသောကြောင့် သင်္ဂဟ ၁ နည်းယူ၏။

### (ဂ) မဟာကြိယာစိတ် ၈ ပါး၌ သင်္ဂဟနည်း ၄ နည်း

၁။ မဟာကြိယာစိတ် ပထမဒွေး၌ ယှဉ်ရာ စေတသိက် ၃၅ ပါးချင်းတူသောကြောင့် သင်္ဂဟ ၁ နည်းယူ၏။

၂။ မဟာကြိယာစိတ် ဒုတိယဒွေး၌ ယှဉ်ရာ စေတသိက် ၃၄ ပါးချင်းတူသောကြောင့် သင်္ဂဟ ၁ နည်းယူ၏။

၃။ မဟာကြိယာစိတ် တတိယဒွေး၌ ယှဉ်ရာ စေတသိက် ၃၄ ပါးချင်းတူသောကြောင့် သင်္ဂဟ ၁ နည်းယူ၏။

၄။ မဟာကြိယာစိတ် စတုတ္ထဒွေး၌ယှဉ်ရာ စေတသိက် ၃၃ ပါးချင်းတူသောကြောင့် သင်္ဂဟ ၁ နည်းယူ၏။

ဒွေးဆိုသည်မှာ နှစ်ခုဖြစ်၏။ ရှေးဦးစွာ အသင်္ခါရိကနှင့် သသင်္ခါရိက စိတ်နှစ်မျိုးကို ပထမဒွေး (ပထမအစုံ) ဟုခေါ်၏။ နောက်နှစ်စုတို့ကို ဒုတိယ ဒွေးစသဖြင့်ခေါ်၏။

### သောဘနစိတ်တိုင်း၌ သောဘနသာဓာရဏ စေတသိက် စေတသိက် (၁၉) ပါးယှဉ်ပုံ

သောဘနစိတ်အကျဉ်း (၅၉) ပါး၊ အကျယ် (၉၁) ပါး အသီးသီး၌ သောဘနသာဓာရဏ စေတသိက် ၁၉ ပါးသည် တစ်ပေါင်းတည်းယှဉ်၏။

### မဟာဝိပါက်စိတ်၌ အပ္ပမညာမယှဉ်ပုံ

**ကာမဝိပါက်စိတ်မှန်လျှင် ပရိတ္တဟုခေါ်သော ကာမတရားကို ကေန်အာရုံပြု၏။ အပ္ပမညာတို့သည် သတ္တပညတ်ကို အာရုံပြု၏။ ဤသို့အာရုံပြုပုံချင်း မတူသောကြောင့် မဟာဝိပါက်စိတ်တို့၌ အပ္ပမညာယှဉ်ထိုက်ပေ။**

### မဟာဝိပါက်စိတ်၌ဝိရတီ မယှဉ်ပုံ

**လောကီဝိရတီမှန်လျှင် ကေန်ကုသိုလ်သဘောရှိသောကြောင့် အဗျာကတဇာတ်ဖြစ်သော မဟာဝိပါက်စိတ်တို့၌ ဝိရတီ မယှဉ်ပါ။**

### မဟာကြိယာစိတ်တို့၌ ဝိရတီမယှဉ်ပုံ

ကြိယာစိတ်သည် ဒုစရိုက်အားလုံးကို ပယ်ပြီးသောရဟန္တာများ သန္တာန်၌သာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဗျာကတဓာတ်မျိုးဖြစ်သည်။ လောကီဝိရတီမှန်က ဇောနကုသိုလ်သဘောရှိသောကြောင့် အဗျာကတဓာတ်မျိုးဖြစ်သော ကြိယာစိတ်တို့၌ မယှဉ်ပါ။

### မဟာကုသိုလ်စိတ်များ၌ ဝိရတီ ၃ ပါးနှင့် အပ္ပမညာ ၂ ပါးယှဉ်ပုံ

မဟာကုသိုလ်စိတ်များ၌ ဝိရတီ၃ ပါးနှင့် အပ္ပမညာ ၂ ပါးယှဉ်ကြသည်ဟုဆိုရာ၌ ယှဉ်နိုင်သည့် စေတသိက်အားလုံးကို ရေတွက် ပြခြင်းသာဖြစ်သည်။ ဤစေတသိက် ၅ ပါးသည် နာနာ, ကဒါစိနည်းနှင့် ယှဉ်ကြသဖြင့် စိတ်တစ်ခုတွင် ထိုစေတသိက်၅ ပါးအနက်မှ ၁-ပါးသာယှဉ်နိုင်၏။

အပ္ပမညာနှင့် ဝိရတီသည် အတူမယှဉ်သကဲ့သို့ အပ္ပမညာချင်းလည်း နှစ်ပါးအတူမယှဉ်။ ဝိရတီ ၃ ပါးချင်းလည်း အတူမယှဉ်နိုင်။

ဤကဲ့သို့ အတူတကွ မယှဉ်နိုင်ခြင်းမှာ အပ္ပမညာတို့က သတ္တဝါပညတ်ကို အာရုံပြု၏။ ဝိရတီတို့က သူ့အသက်၊ သူ့ဥစ္စာ စသော (ဝီတိက္ကမိတဗ္ဗဝတ္ထု) ကို အာရုံပြုသည့်အတွက် အာရုံချင်းချင်း ကွဲပြားသည်။

အပ္ပမညာချင်း၊ ဝိရတီချင်းတို့မှာလည်း နာနာကဒါစိနည်းအရ ယှဉ်ကြ၍ တစ်ပါးစီ သီးခြားရံခါယှဉ်ရသည်။

### ၄။ မဟာဂ္ဂုတ်စိတ် ၂၇ ပါးတို့၌ သင်္ဂဟ ၅ နည်း

၁။ မဟာဂ္ဂုတ် ပထမဈာန်စိတ် ၃ ပါး၌ ယှဉ်ရာ စေတသိက်ချင်းတူသောကြောင့် သင်္ဂဟနည်း ၁ နည်းယူ၏။

၂။ မဟာဂ္ဂုတ် ဒုတိယဈာန်စိတ် ၃ ပါး၌ ယှဉ်ရာ စေတသိက် ၃၄ ပါးချင်းတူသောကြောင့် သင်္ဂဟနည်း ၁ နည်းယူ၏။

၃။ မဟာဂ္ဂုတ် တတိယဈာန်စိတ် ၃ ပါး၌ ယှဉ်ရာ စေတသိက် ၃၃ ပါးချင်းတူသောကြောင့် သင်္ဂဟနည်း ၁ နည်းယူ၏။

၄။ မဟာဂ္ဂုတ် စတုတ္ထဈာန်စိတ် ၃ ပါး၌ ယှဉ်ရာ စေတသိက် ၃၂ ပါးချင်းတူသောကြောင့် သင်္ဂဟနည်း ၁ နည်းယူ၏။

၅။ မဟာဂ္ဂုတ် ပဥ္စမဈာန်စိတ် ၁၅ ပါး၌ ယှဉ်ရာ စေတသိက်အပါး (၃၀) ချင်းတူသောကြောင့် သင်္ဂဟနည်း ၁ နည်းယူ၏။

**မဟာဂ္ဂုတ် ၂၇ ပါးတို့၌ သင်္ဂဟနည်း ၅ နည်း**

| | နည်း | စိတ်သရုပ် | ယှဉ်သော စေတသိက် | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | အည သဗ္ဗ ၇ | အညာ ကိဏ်း ၆ | သဗ္ဗ စိတ္တ ၁၉ | ဝိရတီ ၃ | အပ္ပမညာ ၂ | ပညာ ၁ | ပေါင်း |
| | | ကု ဝိ ကြိ | | | | | | | |
| ပ- ဈာန် | ၁ | + + + = | ၇ | ၆ | ၁၉ | | ၂ | ၁ | ၃၅ |
| ဒု- ဈာန် | ၁ | + + + (ဝိတက်ကြဉ်) = | ၇ | ၅ | ၁၉ | | ၂ | ၁ | ၃၄ |
| တ- ဈာန် | ၁ | + + + (ဝိ-စာကြဉ်) = | ၇ | ၄ | ၁၉ | | ၂ | ၁ | ၃၃ |
| စ- ဈာန် | ၁ | + + + (ဝိ-စာ-ပီကြဉ်) = | ၇ | ၃ | ၁၉ | | ၂ | ၁ | ၃၂ |
| ပဥ္စ- ဈာန် | ၁ | - - - (ဝိ-စာ-ပီကြဉ်) | | | | | | | |
| | | - - - | | | | | | | |
| | | - - - | | | | | | | |
| | | - - - = | ၇ | ၃ | ၁၉ | | | ၁ | ၃၀ |
| | | - - - | | | | | | | |

www.burmeseclassic.com

www.burmeseclassic.com



## မဟဂ္ဂုတ်စိတ်တို့၌ ဝိရတီ မယှဉ်ပုံ

မဟဂ္ဂုတ်ဈာန်ရပုဂ္ဂိုလ်တို့သည် သီလဝိသုဒ္ဓိဖြစ်ပြီး ဒုစရိုက်၊ဒုရာဇီဝဟူသမျှတို့ကို(ဝိက္ခမ္ဘနပဟာန် အားဖြင့်) ပယ်ခဲ့ပြီးဖြစ်ရာ သီးခြား ပယ်ဖို့ရန် ဒုစရိုက်၊ ဒုရာဇီဝမရှိတော့သဖြင့် ဝိရတီမယှဉ်ရခြင်းဖြစ်သည်။

## မဟဂ္ဂုတ် ပဉ္စမဈာန်၌ အပ္ပမညာမယှဉ်ပုံ

အပ္ပနာသို့ရောက်သော အပ္ပမညာသည် သောမနဿနှင့်ကင်း၍မဖြစ်နိုင်၊ သို့ဖြစ်၍ဥပေက္ခာ ဖြစ်သော မဟဂ္ဂုတ် ပဉ္စမဈာန်စိတ်၌သာ အပ္ပမညာ မယှဉ်ပါ။

## မဟဂ္ဂုတ်စိတ်တို့၌ တစ်ပြိုင်နက်ယှဉ်သော စေတသိက်များ

မဟဂ္ဂုတ် ပထမဈာန်စိတ်၌ စေတသိက် (၃၅) ပါးယှဉ်နိုင် သည်။ သို့သော်လည်း ကရုဏာ၊ မုဒိတာတို့ကား နှစ်ပါးစုံ မယှဉ်နိုင်၊ တစ်ပါးစီသာ ယှဉ်နိုင်၏။ ထို့ကြောင့် ပထမဈာန်စိတ်တို့၌တပြိုင်နက် (၃၄) ပါးသာယှဉ်နိုင်၏။ ထိုနည်းအတူ ဒုတိယဈာန်စသည်တို့၌ တစ်ပြိုင်နက်ယှဉ်လိုလျှင် တစ်ခုလျှော့ တွက်ရသည်။

## ၅။ လောကုတ္တရာစိတ်အပါး ၄၀ ၌ သင်္ဂဟ ၅ နည်း

၁။ လောကုတ္တရာ ပထမဈာန်စိတ်- ၈ ပါးသည် ယှဉ်ရာ စေတသိက် ၃၆ ပါးချင်းတူသောကြောင့် သင်္ဂဟ ၁ နည်း။

၂။ လောကုတ္တရာ ဒုတိယဈာန်စိတ် ၈ ပါးသည် ယှဉ်ရာ စေတသိက် ၃၅ ပါးချင်းတူသောကြောင့် သင်္ဂဟ ၁ နည်း။

၃။ လောကုတ္တရာ တတိယဈာန်စိတ် ၈ ပါးသည် ယှဉ်ရာစေတသိက် ၃၄ ပါးချင်းတူသောကြောင့် သင်္ဂဟ ၁ နည်း။

၄။ လောကုတ္တရာ စတုတ္ထဈာန်စိတ် ၈ ပါးသည် ယှဉ်ရာ စေတသိက် ၃၃ ပါးချင်းတူသောကြောင့် သင်္ဂဟ ၁ နည်း။

၅။ လောကုတ္တရာ ပဉ္စမဈာန်စိတ် ၈ ပါးသည် ယှဉ်ရာ စေတသိက် ၃၃ ပါးချင်း တူသောကြောင့် သင်္ဂဟ ၁ နည်း။

### လောကုတ္တရာ စိတ်အပါး ၄၀ ၌ သင်္ဂဟ ၅ နည်း

| | နည်း (၅) | စိတ်သရုပ် | ယှဉ်သော စေတသိက် | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | အညသမာန | | သဗ္ဗစိတ္တ ၁၉ | ဝိရတီ ၃ | အပ္ပမညာ ၂ | ပညာ ၁ | ပေါင်း |
| | | | သဗ္ဗ ၇ | ကိဏ်း ၆ | | | | | |
| | | မ မ မ မ ဖ ဖ ဖ ဖ | | | | | | | |
| ပ- ဈာန် | ၁ | + + + + ၃၆ + + + + = | ၇ | ၆ | ၁၉ | ၃ | | ၁ | ၃၆ |
| ဒု- ဈာန် | ၁ | + + + + ၃၅ + + + + = (ဝိတက်ကြဉ်) | ၇ | ၅ | ၁၉ | ၃ | | ၁ | ၃၅ |
| တ- ဈာန် | ၁ | + + + + ၃၄ + + + + = (ဝိတက်၊ ဝိစာရကြဉ်) | ၇ | ၄ | ၁၉ | ၃ | | ၁ | ၃၄ |
| စ- ဈာန် | ၁ | + + + + ၃၃ + + + + = (ဝိတက်၊ ဝိစာရ၊ ပီတိကြဉ်) | ၇ | ၃ | ၁၉ | ၃ | | ၁ | ၃၃ |
| ပဉ္စ- ဈာန် | ၁ | - - - - ၃၃ - - - - = (ဝိတက်၊ ဝိစာရ၊ ပီတိကြဉ်) | ၇ | ၃ | ၁၉ | ၃ | | ၁ | ၃၃ |
| နည်း | ၅ | | | | | | | | |

www.burmeseclassic.com

www.burmeseclassic.com



## လောကုတ္တရာစိတ် အပ္ပမညာမယှဉ်နိုင်ပုံ

လောကုတ္တရာစိတ်သည် နိဗ္ဗာန်ကို ဧကန်အာရုံပြု၏။ အပ္ပမညာစိတ်သည် သတ္တဝါပညတ်ကိုသာ အာရုံပြု၏။ ဤသို့ **အာရုံချင်း မတူသောကြောင့်** အပ္ပမညာသည် လောကုတ္တရာစိတ်တို့တွင် မယှဉ်နိုင်ပါ။

## လောကုတ္တရာစိတ်၌ ဝိရတီယှဉ်ပုံ

လောကုတ္တရာ စိတ်ဖြစ်ခိုက် ဒုစရိုက်၊ ဒုရာဇီဝတို့ မရှိကြပါ။ သို့သော် သမုစ္ဆေဒပဟာန်ဖြင့် အမြစ်ပြတ်ပယ်လိုသောအားဖြင့် ဝိရတီ ၃ ပါးလုံးသည် လောကုတ္တရာစိတ်၌ အမြဲတစ်ပေါင်းတည်းယှဉ်ကြပါသည်။

## ဒုတိယဈာန်စိတ်တို့၌ ဝိတက်မယှဉ်ပုံ

ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ (၅) ပါးနှင့် ပြည့်စုံလျှင် ပဌမဈာန်ရ ပုဂ္ဂိုလ်ဖြစ်၏။

ထိုဈာန်အင်္ဂါ (၅) ပါးထဲမှ "ဝိတက်" သည် အာရုံအမျိုးမျိုးပေါ်သို့ စိတ်ကိုတင်ပေးတတ်သည့် သဘောရှိ၍ လောကီ အာရုံကာမဂုဏ်ဘက်နှင့် နီး၍ကာမစ္ဆန္ဒနီဝရဏအားနှင့် တွေ့ပြီး ဈာန်လျှောနိုင်၏။ ဤကဲ့သို့ ဝိတက်ကို အပြစ်မြင်၍ ဒုတိယဈာန် ဘာဝနာ၏အစွမ်းဖြင့် "ဝိတက်" ကိုပယ်၏။

ထို့ကြောင့် ဒုတိယဈာန်တို့၌ ဝိတက်ကိုအယှဉ်မပြုရခြင်းဖြစ်သည်။

## တတိယဈာန်စိတ်တို့၌ ဝိစာရမယှဉ်ပုံ

ဝိစာရသည် ဝိတက်နှင့်တွဲဖက်ဖြစ်သဖြင့် ဝိစာရကို အပြစ်မြင်ပြီး တတိယဈာန်ဘာဝနာ၏ အစွမ်းဖြင့် ဝိစာရကိုပယ်သည်။

ထို့ကြောင့် တတိယဈာန်စိတ်တို့၌ ဝိစာရမယှဉ်ပါ။

## စတုတ္ထဈာန်စိတ်တို့၌ ပီတိမယှဉ်ပုံ

ပီတိသည် နှစ်သက်ခြင်း သဘောရှိ၍ စိတ်ကို ကောင်းစွာမငြိမ်သက်စေ၍ ကာမစ္ဆန္ဒနီဝရဏအားနှင့်နီးသည်ဟု ပီတိကို အပြစ်မြင်၏။

ထို့ကြောင့် စတုတ္ထဈာန် ဘာဝနာ၏အစွမ်းဖြင့် ပီတိကိုပယ်သည်။ သို့ဖြစ်၍ စတုတ္ထဈာန်စိတ်တို့၌ ပီတိမယှဉ်ပါ။

## ပဉ္စမဈာန်စိတ်တို့၌ သုခ မယှဉ်ပုံ

သုခသည် ပီတိနှင့် သဘောချင်းတူ၍ သုခကို အပြစ်မြင်လျက် ပဉ္စမဈာန် ဘာဝနာ၏အစွမ်းဖြင့် သုခကိုပယ်၏။ ထို့ကြောင့် ပဉ္စမဈာန်စိတ်တို့၌ သုခ မယှဉ်ပါ။

## စိတ်ချင်း ကွဲပြားထူးခြားအောင်ပြုသော (ဝိသေသကစေတသိက်စု)

စိတ္တံ-စိတ်ကို၊ဝိသေသေန္တိ-ထူးထွေခြားနား စိတ်ချင်းကွဲပြားအောင်ပြုတတ်သော စေတသိက်တို့ကို **(ဝိသေသက စေတသိက်)** ဟု ခေါ်ဆိုသည်။

ဝိသေသကအမည်ရသော စေတသိက်စု (၁၁) ပါးရှိ၏။ ထိုစေတသိက်တို့နှင့် ယှဉ်ခြင်း မယှဉ်ခြင်းအားဖြင့် စိတ်ချင်း ကွဲပြား ထူးခြားသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဝိသေသက စေတသိက် (၁၁) ပါး

(၁) ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဥပေက္ခာဈာန်တရား - ၅ ပါး
(၂) ဝိရတီ စေတသိက် - ၃ ပါး
(၃) အပ္ပမညာစေတသိက် - ၂ ပါး
(၄) ပညိန္ဒြေစေတသိက် - ၁ ပါး

ပေါင်း - ၁၁ ပါး

(က)လောကုတ္တရာ စိတ်အချင်းချင်းကွဲပြားအောင် ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဥပေက္ခာ ဟူသော ဈာန်တရား (၅) ပါးတို့က အထူးပြုသည်။

(ခ) မဟဂ္ဂုတ်စိတ်အချင်းချင်းထူးထွေကွဲပြားအောင် အဆိုပါဈာန်တရား (၅) ပါးနှင့် အပ္ပမညာစေတသိက် (၂) ပါးတို့က အထူးပြုသည်။

(ဂ) ကာမသောဘနစိတ်တို့၌ အပ္ပမညာ၊ ဝိရတီ၊ ပညိန္ဒြေ၊ ပီတိ စေတသိက်တို့က အထူးပြုကြသည်။

(က) လောကုတ္တရာစိတ်တို့၌ ဈာန်တရားတို့ကအထူးပြုပုံ

ဝိတက်သည် လောကုတ္တရာ ပထမဈာန်စိတ် ၈ ပါး၌ သာယှဉ်၍ ဒုတိယဈာန်စိတ်စသည်တို့၌ မယှဉ်။ ဤသို့ ဝိတက်၏ ယှဉ်မှု မယှဉ်မှုကြောင့် ပထမဈာန်စိတ်၊ ဒုတိယဈာန်စိတ် စသည်တို့ ကွဲပြားသွား၏။

ဝိစာရသည် လောကုတ္တရာ ပထမဈာန် စိတ် ၈ ပါး၊ ဒုတိယဈာန်စိတ် ၈ ပါးတို့၌သာ ယှဉ်၏။ တတိယဈာန်စိတ် စသည်တို့၌ မယှဉ်။ ထို့ကြောင့် ပထမဈာန်၊ ဒုတိယဈာန်တို့မှ တတိယ ဈာန် စသည်ဖြင့် ကွဲပြားအောင် ဝိစာရဟူသော ဈာန်တရားက အထူးပြု၏။

ပီတိသည် လောကုတ္တရာ ပထမဈာန်စိတ် ၈ပါး၊ ဒုတိယဈာန်စိတ် ၈ ပါး၊ တတိယဈာန်စိတ် (၈) ပါးတို့၌ ယှဉ်၍ စတုတ္ထဈာန်စသည်တို့၌ မယှဉ်။ ထို့ကြောင့် ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်တို့မှ စတုတ္ထဈာန်စသည်ဖြင့် ကွဲပြားအောင် "ပီတိ" ဈာန်တရားက အထူးပြုသည်။

သုခသည် လောကုတ္တရာအောက်ဈာန် ၄ ပါး၌သာ ယှဉ်၍ ပဉ္စမဈာန်စိတ်၌ မယှဉ်။ အောက်ဈာန် ၄ ပါးမှ ပဉ္စမဈာန်ကို ကွဲပြားအောင် "သုခ" ဈာန်တရားက အထူးပြုသည်။

ဥပေက္ခာသည် လောကုတ္တရာ ပဉ္စမဈာန်စိတ် ၈ ပါး၌သာ ယှဉ်၍ လောကုတ္တရာအောက်ဈာန်စိတ် ၄ ပါး၌ မယှဉ်။ ထို့ကြောင့်ပဉ္စမဈာန်နှင့် အောက်ဈာန် ၄ ပါးကို ကွဲပြားအောင် "ဥပေက္ခာ" ဈာန် တရားက အထူးပြုသည်။

မဟဂ္ဂုတ်စိတ်တို့၌ ဈာန်တရား (၅) ပါးအထူးပြုပုံ

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဥပေက္ခာဟူသော ဈာန်တရား (၅) ပါးတို့က မဟဂ္ဂုတ်စိတ်တို့ ကွဲပြားအောင် အထူးပြုပုံမှာ လောကုတ္တရာစိတ်တို့၌ ဈာန်တရားအထူးပြုပုံနှင့် တူညီ၏။

၂။ မဟဂ္ဂုတ်စိတ်တို့၌ အပ္ပမညာအထူးပြုပုံ

အပ္ပမညာ စေတသိက် (၂) ပါးသည် မဟဂ္ဂုတ် အောက်ဈာန်စိတ် ၄ ပါး၌ ယှဉ်၍ ပဉ္စမဈာန် စိတ်၌ မယှဉ်။ ဤသို့ ယှဉ်ပုံမတူ၍ အောက်ဈာန် (၄) ပါးနှင့် ပဉ္စမဈာန်စိတ်ကို ကွဲပြားအောင် အပ္ပမညာစေတသိက်က အထူးပြုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## (၁) ကာမသောဘနစိတ်တို့၌ ပီတိအထူးပြပုံ

ပီတိသည် ကာမသောဘန သဟဂုတ်စိတ် ၁၂ ပါးတို့၌သာ ယှဉ်၍ ဥပေက္ခာသဟဂုတ်စိတ် ၁၂ ပါးတို့၌ မယှဉ်။ ယှဉ်ပုံမတူ၍ သောမနဿ သဟဂုတ်စိတ်တို့နှင့် ဥပေက္ခာ သဟဂုတ်စိတ်တို့ကို ကွဲပြားအောင် "ပီတိ" က အထူးပြုသည်။

## (၂) ကာမသောဘနစိတ်တို့၌ ဝိရတီ အထူးပြုပုံ

ဝိရတီသည် မဟာကုသိုလ်စိတ်တို့၌သာယှဉ်၍ မဟာဝိပါက်၊ မဟာကြိယာစိတ်တို့၌ မယှဉ်ပါ။ ဤသို့ယှဉ်ပုံမတူ၍ မဟာကုသိုလ်စိတ် နှင့် မဟာဝိပါက် မဟာကြိယာစိတ်တို့ကို ကွဲပြားအောင် ဝိရတီက အထူးပြု၏။

## (၃) ကာမသောဘနစိတ်တို့၌ အပ္ပမညာအထူးပြုပုံ

အပ္ပမညာသည် မဟာကုသိုလ်၊ မဟာကြိယာစိတ်တို့၌သာယှဉ်၍ မဟာဝိပါက်စိတ်တို့၌မယှဉ်။ ဤသို့ယှဉ်ပုံကွဲ ပြား၍ မဟာကုသိုလ်၊ မဟာကြိယာစိတ်တို့နှင့် မဟာဝိပါက်စိတ်တို့ ကွဲပြားအောင် အပ္ပမညာက အထူးပြု၏။

## (၄) ကာမသောဘနစိတ်တို့၌ ပညိန္ဒြေအထူးပြုပုံ

ပညိန္ဒြေသည် ကာမသောဘနဉာဏ သမ္ပယုတ်စိတ်တို့၌သာ ယှဉ်၍ ဉာဏဝိပ္ပယုတ်စိတ်တို့၌ မယှဉ်။ ဤသို့ ယှဉ်ပုံကွဲပြား၍ ဉာဏသမ္ပယုတ်စိတ်တို့နှင့် ဉာဏဝိပ္ပယုတ်စိတ်တို့ ခြားနားအောင် ပညိန္ဒြေက အထူးပြု၏။

## နိယတ၊ အနိယတ ယောဂီအခွဲ

**Niyatayogi and Aniyatayogi (fixed adjunct + 3 and unfixed adjuncts)**

(နိယတ = အမြဲ + ယောဂီ - ယှဉ်လေ့ရှိသော စေတသိက်)

မိမိတို့နှင့် ယှဉ်ဖက်စိတ်ဖြစ်တိုင်း အမြဲယှဉ်လျက်ဖြစ်ပေါ်ကြသော စေတသိက်များကို (နိယတ ယောဂီ) ဟုခေါ်ဆို၏။ မိမိတို့နှင့် ယှဉ်ဖက်စိတ်ဖြစ်တိုင်း အမြဲမယှဉ်နိုင်ဘဲ ရံခါသာယှဉ်နိုင်သော စေတသိက်များကို (အနိယတ ယောဂီ) ဟုခေါ်ဆို၏။

**(နိယတယောဂီ၊ အနိယတယောဂီပြဇယား)**

| စဉ် | နိယတယောဂီ | | အနိယတယောဂီ | |
|---|---|---|---|---|
| ၁ | အညသမာန်း စေတသိက် | ၁၃ ပါး | ၁။ မာန၊ | ၁ ပါး |
| ၂ | သဗ္ဗာကုသလသာဓာရဏ | ၄ ပါး | ၂။ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ | ၃ ပါး |
| ၃ | လောဘ၊ ဒိဋ္ဌိ၊ ဒေါသ၊ ဝိစိကိစ္ဆာ | ၄ ပါး | ၃။ ထိန၊ မိဒ္ဓ | ၂ ပါး |
| ၄ | သောဘနသာဓာရဏ စေတသိက် | ၁၉ ပါး | ၄။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ သမ္မာအာဇီဝ (ဝိရတီ -၃ပါး) | ၃ ပါး |
| ၅ | ပညိန္ဒြေစေတသိက် | ၁ ပါး | ၅။ ကရုဏာ၊ မုဒိတာ (အပ္ပမညာ - ၂) | ၂ ပါး |
| | ပေါင်း | ၄၁ ပါး | ပေါင်း | ၁၁ ပါး |

**တွက်နည်း** ။ အနိယတ ယောဂီ (၁၁) ပါးကို မှတ်သား၍ အနိယတ ယောဂီမှ ကြွင်းသော (၅၂-၁၁) = ၄၁ပါးသော စေတသိက်တို့ကို နိယတယောဂီဟု တွက်ယူနိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



**အနိယတယောဂီ (၁၁) ပါးတို့ကို ကဒါစိ, နာနာကဒါစိနှင့် သဟကဒါစိဟူ၍ ခွဲခြားပြခြင်း။**

**နာနာ** = သီးခြားသီးခြား တစ်ပါးစီသာယှဉ်ခြင်းကို **နာနာ**ဟုခေါ်သည်။

**ကဒါစိ** = ဆိုင်ရာအကြောင်း ညီညွတ်မှ ယှဉ်ခြင်းကို **ကဒါစိ**ဟုခေါ်သည်။ ရံခါသာယှဉ်ခြင်း ဖြစ်သည်။

**နာနာကဒါစိ** = နာနာ=တစ်ပါးစီ ၊ ကဒါစိရံခါယှဉ်ခြင်းကို **နာနာကဒါစိ**ဟု ခေါ်ဆိုသည်။

**သဟကဒါစိ** = သဟ = အမြဲတစ်ပေါင်းတည်း၊ ကဒါစိ = ရံခါသာ ယှဉ်ခြင်းကို **သဟကဒါစိ**ဟု ခေါ်ဆို၏။

**အနိယတယောဂီ (၁၁) ပါးတို့ကို ကဒါစိ၊ နာနာကဒါစိ၊ သဟကဒါစိ ခွဲခြားပြဇယား**

| ကဒါစိ စေတသိက် ၁ ပါး | နာနာကဒါစိ စေတသိက် ၈ ပါး | သဟကဒါစိ စေတသိက် ၂ ပါး |
|---|---|---|
| မာန ၁ ပါး | ၁။ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ ၃ ပါး<br>၂။ ဝိရတီ ၃ ပါး<br>၃။ အပ္ပမညာ ၂ ပါး | ထိန၊ မိဒ္ဓ ၂ ပါး |
| ပေါင်း ၁ ပါး | ပေါင်း ၈ ပါး | ပေါင်း ၂ ပါး |

**ကဒါစိစေတသိက် ၁ပါး**

မာနသည် လောဘမူဒိဋ္ဌိ ဂတဝိပ္ပယုတ် ၄ ပါး၌ ယှဉ်သော်လည်း အမြဲမယှဉ်။ "ငါသာလျှင် အမြတ်ဆုံးအတော်ဆုံး၊ ငါလိုလူဇမ္ဗူတွင်ရှိသေးလား" စသဖြင့် ထောင်လွှားတက်ကြွမှုများ ဖြစ်မှသာ ယှဉ်၏၊ မထောင်လွှားသည့်အခါ မယှဉ်ပါ။ ဤကဲ့သို့ မာနသည်ဆိုင်ရာအကြောင်း ညီညွတ်မှ ရံခါ ယှဉ်သောကြောင့် (ကဒါစိ) အမည်ရ၏။

**နာနာကဒါစိ စေတသိက် (၈) ပါး**

၁။ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ (၃) ပါးတို့သည် ဒေါသမူစိတ် (၂) ပါး၌ ယှဉ်ကြသည်ဆိုသော်လည်း (၃) ပါး စုံပြိုင်မယှဉ်၊ တစ်ပါးယှဉ်ခိုက် ကျန် (၂) ပါး မယှဉ်ဘဲ သီးခြားစီသာယှဉ်ကြ၍ ပါဠိဘာသာဖြင့် "နာနာ" အမည်ရသည်။

ဣဿာသည် သူတစ်ပါး စည်းစိမ်ချမ်းသာကို ငြူစူခိုက်ယှဉ်၏။ ထိုအခါ မစ္ဆရိယနှင့် ကုက္ကုစ္စတို့ မယှဉ်ကြ။ ထိုနည်းတူ မစ္ဆရိယသည် မိမိ စည်းစိမ်ကို ဝန်တိုခိုက်ယှဉ်၏။ ထိုအခါ ဣဿာနှင့် ကုက္ကုစ္စတို့ မယှဉ်ကြ။ ကုက္ကုစ္စသည်လည်း ပြုပြီးသော ဒုစရိုက်၊ မပြုမိလိုက်သော သုစရိုက်ကို အာရုံပြု၍ ဝိပ္ပဋိသာရ (စိတ်နှလုံး မသာမယာ) ဖြစ်သောအခါ ယှဉ်၏။ ထိုအခါ ဣဿာနှင့် မစ္ဆရိယတို့ မယှဉ်ကြပါ။

ထို့ပြင် ဣဿာ၊ မစ္ဆရိယ၊ကုက္ကုစ္စ (၃)ပါးတို့သည် ဒေါသမူ(၂)ပါး၌ ယှဉ်ကြရာ၌ ဒေါသမူစိတ် ဖြစ်တိုင်း မယှဉ်ကြပါ။ ဆိုင်ရာအကြောင်း ညီညွတ်မှ ရံခါသာယှဉ်၍ ပါဠိဘာသာဖြင့်(ကဒါစိ) အမည်လည်းရသည်။

ဣဿာသည် သူတစ်ပါး စည်းစိမ်ကို ငြူစူခိုက်သာယှဉ်၍ မငြူစူသောအခါ မယှဉ်။ မိမိစည်းစိမ်ကို ဝန်တိုမှ မစ္ဆရိယ ဖြစ်၏။ ဝန်မတိုသောအခါ မစ္ဆရိယမဖြစ်။ ပြုပြီးသော ဒုစရိုက်၊

www.burmeseclassic.com

www.burmeseclassic.com



မပြုမိသော သုစရိုက်ကိုအာရုံပြု၍ ဝိပ္ပဋိသာရခေါ် စိတ်နှလုံး မသာမယာမဖြစ်လျှင် မယှဉ်ပေ။

ထို့ကြောင့် ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ (၃) ပါးသည် (နာနာကဒါစိ) အမည်ရရှိကြသည်။

၂။ လောကီဝိရတီ (၃) ပါးသည် မဟာကုသိုလ်စိတ် (၈) ပါး၌ ယှဉ်သော်လည်း (၃) ပါးစုံ တစ်ပေါင်းတည်း မယှဉ်ဘဲ တစ်ပါးစီ (နာနာ) ယှဉ်၍ ရံဖန်ရံခါ (ကဒါစိ) ယှဉ်ကြသောကြောင့် (နာနာကဒါစိ) အမည်ရကြသည်။

သမ္မာဝါစာယှဉ်ခိုက် ကြွင်း (၂) ပါး မယှဉ်၊ သမ္မာကမ္မန္တယှဉ်ခိုက် ကြွင်း (၂) ပါး မယှဉ်၊ သမ္မာအာဇီဝယှဉ်ခိုက်ကြွင်း (၂) ပါး မယှဉ်။ ဤသို့ (၃) ပါးစုံ မယှဉ်ဘဲ သီးခြားသီးခြားတစ်ပါးစီ ယှဉ်ကြ၍ (နာနာ) အမည်ရကြ၏။

ထို့ပြင် ဝိရတီ (၃) ပါးသည် မဟာကုသိုလ်စိတ် (၈) ပါး၌ အယှဉ်မမြဲပါ။ ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ ဒုရာဇီဝ (ဒု– မကောင်းသော၊ အာဇီဝ = အသက်မွေးမှု) တည်းဟူသော ဒုစရိုက်တစ်ခုခု ကို ကျူးလွန်ရန်အခွင့်ကြုံလာသည့်အခါ၊ မကျူးလွန်ဘဲ ရှောင်ကြဉ်လိုက်သည့်အခိုက်၌သာ ယှဉ်၏။ ဘုရားဖူး၊ တရားနာစသော အခိုက်များ၌ကား မဟာကုသိုလ်စိတ်များဖြစ်နေသော်လည်း၊ ရှောင်ကြဉ်စရာ ဒုစရိုက်မရှိသောကြောင့်၊ ဝိရတီများ မယှဉ်ကြပါ။ ဤကဲ့သို့ အကြောင်းတိုက်ဆိုင်လာမှ ရံဖန်ရံခါယှဉ်ကြ၍ (ကဒါစိ)အမည်လည်းရကြ၏။

ထိုကဲ့သို့ ဝိရတီ (၃) ပါးသည် မဟာကုသိုလ်စိတ် (၈) ပါး၌ ယှဉ်ကြသည့်အခါ အယှဉ်မမြဲ၊ တစ်ပါးစီသာ ယှဉ်ကြသောကြောင့် "နာနာကဒါစိ" နည်းအရ ယှဉ်သည်ဟုဆိုရသည်။

၃။ အပ္ပမညာ စေတသိက်– ၂ ပါးသည် သောဘနစိတ် (၂၈) ပါး၌ ယှဉ်သော်လည်း (၂) ပါးစုံ မယှဉ်၊ တစ်ပါးစီသာယှဉ်၏။ ကရုဏာသည် **ဒုက္ခိတသတ္တဝါ ပညတ်ကို အာရုံပြု၏။ မုဒိတာသည် သုခိတသတ္တဝါပညတ်ကို အာရုံပြု၏။ ဤကဲ့သို့ အာရုံချင်း မတူကြ**သောကြောင့် ကရုဏာယှဉ်ခိုက် မုဒိတာမယှဉ်၊ မုဒိတာယှဉ်ခိုက် ကရုဏာမယှဉ်။ထို့ကြောင့် (နာနာ) အမည်ရသည်။

အပ္ပမညာ ဒွေးသည် ယှဉ်ဖက်စိတ်များ၌ အမြဲမယှဉ်ပါ။ သတ္တဝါ ပညတ်ကို အာရုံပြု၍ သနားမှု သို့မဟုတ် ဝမ်းမြောက်မှု ဖြစ်ခိုက်မှာသာ ယှဉ်၏။ သာမန်မဟာကုသိုလ်ပြုခိုက် မယှဉ်သဖြင့် (ကဒါစိ) အမည်လည်း ရသည်။

ထို့ကြောင့် အပ္ပမညာဒွေးသည် သောဘနစိတ် (၂၈) ပါး၌ (နာနာကဒါစိ) နည်းအရယှဉ်သည်။

## သဟကဒါစိ စေတသိက် (၂) ပါး

ထိန၊ မိဒ္ဓ စေတသိက် (၂) ပါးသည့် အကုသိုလ်သသင်္ခါရိက စိတ် (၅) ပါးတို့၌ ယှဉ်သော် လည်း အယှဉ်မမြဲပါ။ စိတ်၊ စေတသိက်တို့၏ ပျင်းရိထိုင်းမှိုင်းသောအခါမှသာ ယှဉ်၏ မပျင်းရိ မထိုင်းမှိုင်းလျှင် မယှဉ်သောကြောင့် ရံခါယှဉ်သည့် (ကဒါစိ) အမည်ရ၏။

ထိုသို့ ယှဉ်ရာ၌လည်း (သဟ) အမြဲတစ်ပေါင်းတည်းသာ အတူတကွ ယှဉ်ကြ၏။ ထိန ယှဉ်လျှင် မိဒ္ဓလည်းပါဝင်ယှဉ်၏။ ထို့ကြောင့် ထိန၊ မိဒ္ဓ စေတသိက် (၂) ပါးသည် (သဟကဒါစိ) နည်းအရယှဉ်ကြ၏။

## အများဆုံး၊ အမြဲတမ်း၊ တစ်ပြိုင်နက်ယှဉ်နည်း

စိတ်ကို မှတည်ထား၍ စေတသိက်များ မည်မျှယှဉ်သည်ကို ပြသော သင်္ဂဟနည်းတွင် အောက်ပါယှဉ်ပုံယှဉ်နည်းကို သိအပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



၁။ **အများဆုံးယှဉ်**ဆိုသည်မှာ စိတ်၌ ယှဉ်နိုင်သမျှ စေတသိက်အားလုံးပင်ဖြစ်သည်။ (နာနာ စေတသိက်အပါအဝင်)။

ဥပမာ– မဟာကုသိုလ် ပထမစိတ်၌ အညသမာန်း ၁၃ ပါး+ သောဘနသာဓာရဏ ၁၉ ပါး+ ဝိရတီ ၃ ပါး + အပ္ပမညာ ၂ ပါး+ ပညိန္ဒြေ ၁ ပါး၊ ပေါင်း (၃၈) ပါး၊ အများဆုံးယှဉ်၏။ ယှဉ်နိုင်သမျှစေတသိက်များဖြစ်သည်။

၂။ **အမြဲတမ်းယှဉ်** ဆိုသည်မှာ (နာနာစေတသိက်မပါ) စိတ်ဖြစ်တိုင်း အမြဲတမ်း ယှဉ်ရသည့် စေတသိက်များဖြစ်သည်။

ဥပမာ– အထက်ပါ မဟာကုသိုလ် ပထမစိတ်၌ အများဆုံးယှဉ်သော စေတသိက် (၃၈) ပါး တွင် အသီးသီးယှဉ်ရသော **နာနာ စေတသိက်များ**ဖြစ်ကြသည့် **ဝိရတီ ၃ ပါး**နှင့် **အပ္ပမညာ (၂) ပါး**၊ ပေါင်း (၅) ပါးကို နှုတ်လျှင် (၃၈–၅)= ၃၃ ပါးကျန်၏။ ထို (၃၃) ပါးသည် အမြဲတမ်းယှဉ် စေတသိက်များဖြစ်၏။

၃။ **တစ်ပြိုင်နက်ယှဉ်** ဆိုသည်မှာ စိတ်ဖြစ်လျှင် အကြောင်းညီညွတ်ပါက (နာနာ စေတသိက် ၁ ပါး) နှင့် အမြဲတမ်းယှဉ်စေတသိက် (၂) ရပ်ပေါင်းပင်ဖြစ်သည်။

ဥပမာ– အထက်ပါ မဟာကုသိုလ် ပထမစိတ်၌ အမြဲတမ်းယှဉ်သော စေတသိက် (၃၃) ပါးတွင် နာနာ စေတသိက် (၅) ပါးအနက် တစ်ပါးပါးကို ပြန်ထည့်လျှင် (၃၃+၁) = ၃၄ ပါးသည် **တစ်ပြိုင်နက်ယှဉ်နိုင်သော** စေတသိက်များဖြစ်ကြသည်။

ထို့ကြောင့် တစ်ပါးစီသာယှဉ်နိုင်သော နာနာ စေတသိက်များပါ, မပါကို ကြည့်၍ခွဲခြားရ သဖြင့် နာနာကဒါစိ စေတသိက် (၁၁) ပါးတို့ ယှဉ်သောစိတ်များကို သိရှိရန်လိုအပ်၏။

၁။ ဒေါသမူ (၂) ပါး၌ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ ၃ ပါးသည်၊ နာနာ–တစ်ပါးစီသာယှဉ်နိုင်၏။

၂။ အကုသိုလ် သသင်္ခါရိက ၅ ပါး၌ ထိန၊ မိဒ္ဓ ၂ ပါးသည် ၂ ပါးစုံယှဉ်၏။

၃။ မဟာကုသိုလ်စိတ် (၈) ပါး၌ ဝိရတီ (၃) ပါး၊ အပ္ပမညာ ၂ ပါး၊ ပေါင်း (၅) ပါးတို့သည် တစ်ပါးစီသာယှဉ်နိုင်၏။ အပ္ပမညာ စေတသိက်သည် သတ္တဝါ ပညတ်ကိုသာ အာရုံပြု၏။ ဝိရတီစေတသိက်သည် ရှောင်ကြဉ်အပ်သော ဝတ္ထုကို အာရုံပြုရန် အာရုံကွဲ၏။ စိတ် (၁) ခုသည် အာရုံ (၂) ခုကို တစ်ပြိုင်နက် မယူနိုင်၍ တစ်ပါးစီယှဉ်ရ၏။

၄။ မဟာကြိယာစိတ် (၈) ပါး၌ အပ္ပမညာ ၂ ပါးတို့သည် တစ်ပါးစီသာယှဉ်နိုင်၏။

၅။ မဟဂ္ဂုတ်စိတ်၌ အပ္ပမညာ ၂ ပါးသည် တစ်ပါးစီသာယှဉ်နိုင်၏။

၆။ လောကုတ္တရာစိတ်၌ ဝိရတီ ၃ ပါးလုံးသည် **အမြဲတစ်ပေါင်းတည်းယှဉ်**ကြသည်။

## အများဆုံးယှဉ်ပုံ

၁။ ရူပါဝစရ ပထမဈာန်၌ ယှဉ်နိုင်သော စေတသိက်များကို ရေတွက်ပြပါ။
(အညသမာန်း ၁၃ ပါး+ သောဘနသာဓာရဏ ၁၉ ပါး+ အပ္ပမညာ ၂ ပါး+ ပညိန္ဒြေ ၁ ပါး၊ ပေါင်း– ၃၅ ပါး ယှဉ်၏။)

## အမြဲတမ်းယှဉ်ပုံ

၁။ ဟင်းကောင်းချက်မထား၍ စိတ်ဆိုးသူ၌

www.burmeseclassic.com

www.burmeseclassic.com



အညသမာန်း (ပီတိကြဉ်) ၁၂ ပါး+ မောစတုက် (၄) ပါး ဒေါသစေတသိက် ၁ပါး၊ ပေါင်း =၁၇ ပါးယှဉ်၏။)

၂။ တစ်ကိုယ်ရေ တိတ်တိတ်ကလေး ကြိတ်ကြိတ်ဆွေးနေသူစိတ်၌ ယှဉ်သော စေတသိက်တို့ကို ဖော်ပြပါ။

(အညသမာန်း (ပီတိကြဉ်) ၁၂ ပါး+ မောစတုက် (၄) ပါး၊ ဒေါသစေတသိက် ၁ ပါး၊ ပေါင်း =၁၇ ပါးဖြစ်သည်။)

၃။ အရေးကြီးက သွေးနီးရမည်ဟု ဆိုရိုးစကားရှိသော်လည်း တစ်ဖက်သား ဒုက္ခရောက်သည်ကို ကူညီမှုမပြု၊ ရှောင်ဖယ်ဖယ်လုပ်နေသူ၌ မည်သည့် တရားကင်းမဲ့နေပါသနည်း။ ထိုသူစိတ်၌ မည်သည့် စေတသိက်များနှင့် ယှဉ်၍ ဖြစ်နေပါသနည်း။

(ဒုက္ခကင်းစေလိုသော သနားကြင်နာမှု **ကရုဏာ** စေတသိက်တရားကင်းမဲ့နေ၏။ ထိုသူ၌ (ပီတိကြဉ်) အညသမာန်းစေတသိက် (၁၂) ပါး+ မောစတုက် ၄ ပါး+ ဒေါသစေတသိက် ၁ ပါး၊ ပေါင်း= ၁၇ ပါးယှဉ်၍ဖြစ်နေ၏။

## တစ်ပြိုင်နက်ယှဉ်ပုံ

၁။ မိမိ၏ သမီးအလှရတနာ ၁ပါး၊ "ဆင်စီး၍ မြင်းရံ" နေသည်ကို မြင်တွေ့ရသော မိခင်၊ ဘဝင်မြင့် စိတ်ကြီးဝင်နေသောမိခင်၌ မည်သည့်စိတ်ဖြစ်၍ မည်သည့် စေတသိက်များနှင့် ယှဉ်တွဲနေပါသနည်း။

(လောဘမူ ပထမစိတ်ဖြစ်နေ၏။ အညသမာန်း စေတသိက် ၁၃ ပါး + မောစတုက် ၄ ပါး+ လောဘ ၁ ပါး+ မာန ၁ ပါး၊ ပေါင်း= ၁၉ ပါးနှင့် ယှဉ်၍ဖြစ်နေသည်။)

၂။ မိမိသူငယ်ချင်း ဂုဏ်ထူးများနှင့် စာမေးပွဲအောင်သွားသည်ကို မနာလိုသူတစ်ဦး၌ မည်သည့်စိတ်ဖြစ်၍ မည်သည့်စေတသိက်များယှဉ်တွဲ ဖြစ်နေပါသနည်း။

(ဒေါသမူပထမစိတ်ဖြစ်နေ၏။ ထိုစိတ်၌ အညသမာန်း စေတသိက် (ပီတိကြဉ်) ၁၂ ပါး + မောစတုက် ၄ ပါး+ ဒေါသ ၁ ပါး+ ဣဿာ ၁ ပါး။ ပေါင်း= ၁၈ ပါးနှင့် ယှဉ်တွဲဖြစ်နေပါသည်။)

၃။ ကျေးဇူးပြန်ဆပ်ရမည့် အလှည့်ကြုံသော်လည်း ရှောင်ဖယ်ဖယ်လုပ်၍ လူမှုဝတ္တရားပျက်ကွက်သူ၌ မည်သည့်စိတ်ဖြစ်နေပြီး မည်သည့် စေတသိက်များက ခြယ်လှယ်နေပါသနည်း။

(ကျွေးမွေးရမည်စိုး၍ ဒေါသမူ ပထမစိတ်ဖြစ်နေ၏။ ထိုစိတ်၌ အညသမာန်း စေတသိက် (ပီတိကြဉ် ) ၁၂ ပါး+ မောစတုက် ၄ ပါး+ ဒေါသ ၁ ပါး+ မစ္ဆရိယ ၁ ပါး ပေါင်း= ၁၈ ပါးက ခြယ်လှယ်နေပါသည်။

၄။ လုပ်ပိုင်ခွင့်အာဏာရှိခဲ့စဉ်က အများကောင်းကျိုးအတွက် မလုပ်ခဲ့မိလေချင်းဟု စိတ်နှလုံး မချမ်းမြေ့ဖြစ်နေသူ၌ မည်သည့်စိတ်ဖြစ်နေပါသနည်း။ ထိုစိတ်ကို မည်သည့် စေတသိက်များက မှီတွယ်၍ ခြယ်လှယ်နေပါသနည်း။

(မကျေနပ်သော ဒေါသမူ ပထမစိတ်ဖြစ်နေ၏။ ထိုစိတ်၌ အညသမာန်းစေတသိက် (ပီတိကြဉ်) ၁၂ ပါး+ မောစတုက် ၄ ပါး+ ဒေါသ ၁ပါး+ ကုက္ကုစ္စ ၁ ပါး ပေါင်း= ၁၈ ပါးသော စေတသိက်များက မှီတွယ်၍ ခြယ်လှယ်နေပါသည်။)

www.burmeseclassic.com

www.burmeseclassic.com



၅။ လူဆိုးအမည်ခံ ဗိုလ်အောင်ဒင်သည် သူချစ်မြတ်နိုးသော မြကို တောစခန်းထဲသို့ခေါ်ဆောင်နိုင်ခဲ့သော်လည်း သနားသဖြင့် ထိပါးကျူးလွန်မှု မပြုဘဲ ထိန်းကျောင်းနိုင်ခြင်းသည် မည်သည့်စိတ်ကြောင့်ဖြစ်ပြီး မည်သည့်စေတသိက်များက ယှဉ်တွဲနေခိုက်ဖြစ်ပါသနည်း။

(မဟာကုသိုလ် ပဌမစိတ်ဖြစ်ပါသည်။ ထိုစိတ်၌ အညသမာန်းစေတသိက် (ပီတိကြဉ်) ၁၂ ပါး+ သောဘနသာဓာရဏ ၁၉ ပါး + သမ္မာကမ္မန္တ ၁ ပါး+ ပညိန္ဒြေစေတသိက် ၁ ပါးပေါင်း= ၃၄ ပါးသော သောဘနစေတသိက် ယှဉ်တွဲနေခိုက်ဖြစ်၍ ဒုစရိုက်မှုကို မကျူးလွန်မိခြင်းဖြစ်သည်။)

၆။ "မှသားမပါ၊ လက်ာမချော"ဟူသော စကားကို လက်ကိုင်ထား၍ တစ်ခုလပ်၊ တစ်လင်ကွာ၊ အမျိုးသမီးက "အပျိုစင်" ပါဟု လိမ်ပြောမည်ကြံပြီးမှ အမှန်ကိုပြောဆိုနိုင်ခြင်းသည် မည်သည့်စိတ်ဖြစ်ပြီး မည်သည့် စေတသိက်များက ခြယ်လှယ်ပါသနည်း။

(မဟာကုသိုလ် ဒုတိယစိတ်ဖြစ်ပါသည်။ ထိုစိတ်၌ အညသမာန်းစေတသိက် (၁၃) ပါး + သောဘနသာဓာရဏ ၁၉ ပါး+ သမ္မာဝါစာ ၁ ပါး၊ ပေါင်း (၃၃) ပါးသော- သောဘနစေတသိက်များက ယှဉ်နေပါသည်။)

၇။ ဒုစရိုက်လိုက်စား၊ ခါးပိုက်နှိုက်သမားသည် သမီးအရွယ် မိန်းကလေးငယ်၏ ရွှေဆွဲကြိုးကို ဖြတ်ယူရန် ကြံစည်သော်လည်း သနားကြင်နာ ကိုယ်ချင်းစာ၍ ဖြတ်ယူခိုးမှု မပြုတော့သည့်အခါ မည်သည့်စိတ်သို့ ပြောင်းလဲသွားပါသနည်း။ ထိုစိတ်ကို မည်သည့် စေတသိက်များ ခြယ်လှယ်၍ ဤသို့ဖြစ်သွားပါသနည်း။

(မဟာကုသိုလ် ဆဌမစိတ်ဖြစ်ပါသည်။ ထိုစိတ်၌ အညသမာန်း စေတသိက် (ပီတိကြဉ်) ၁၂ ပါး+ သောဘနသာဓာရဏ ၁၉ ပါး– သမ္မာအာဇီဝ ၁ ပါး၊ ပေါင်း ၃၂ ပါးသော စေတသိက်ကောင်းများယှဉ်ခိုက်စိတ်ကောင်းပြောင်းသွားပါသည်။)

၈။ မိမိ၏ သူငယ်ချင်းသည် တိုက်ပိုင် ကားပိုင် ကုမ္ပဏီပိုင်ဖြင့် တိုးတက်ကြီးပွားနေသည်ကို ဝမ်းမြောက်ဝမ်းသာဖြစ်နေသူ၏ စိတ်သန္တာန်၌ မည်သည့် စေတသိက်များက ခြယ်လှယ်နေခိုက်ဖြစ်ပါသနည်း။

(မဟာကုသိုလ် ပထမစိတ်ဖြစ်နေ၏။ အညသမာန်းစေတသိက် ၁၃ ပါး+ သောဘနသာဓာရဏ ၁၉ ပါး+ မုဒိတာ ၁ ပါး၊ ပေါင်း= ၃၃ ပါးသော စေတသိက်ကောင်းများယှဉ်နေ၏။)

၉။ ဈေးရောင်းမကောင်း၍ အိပ်ငိုက်နေသူ ဆိုင်ပိုင်ရှင်သန္တာန်၌ မည်သည့်စိတ်ဖြစ်၍ မည်သည့်အတွက်ကြောင့် အိပ်ငိုက်နေပါသနည်း။

(ဈေးရောင်းမကောင်း၍ သသင်္ခါရိက ဒေါသမူစိတ်ဖြစ်နေ၏။ အညသမာန်း စေတသိက် (ပီတိကြဉ်) ၁၂ ပါး+ မောစတုက် ၄ ပါး+ ဒေါသ ၁ ပါး+ ထိန၊ မိဒ္ဓ ၂ ပါး။ ပေါင်း= ၁၉ ပါးသော စေတသိက်များယှဉ်ခိုက်ဖြစ်နေပါသည်။)

**စေတသိက်ပိုင်းပြီး၏။**

www.burmeseclassic.com

www.burmeseclassic.com



## စေတသိက်ချင်းယှဉ်ပုံရှာနည်း

| | ယှဉ်သောစေတသိက် ၅၂ | | | |
|---|---|---|---|---|
| စိတ်– ၈၉ | အညၤ– ၁၃ | အကု– ၁၄ | သောဘန ၂၅ | ပေါင်း |
| အကုသိုလ် ၁၂ | အည– ၁၃ | အကု– ၁၄ | | ၂၇ |
| အဟိတ် ၁၈ | ဆန္ဒကြဉ် ၁၂ | | | ၁၂ |
| သောဘန ၅၉ | အည– ၁၃ | | သောဘန ၂၅ | ၃၈ |

## စေတသိက်ချင်းယှဉ်ပုံ

| စေတသိက်အမည် | ယှဉ်သောစေတသိက်များ | ဦးရေ |
|---|---|---|
| **၁။ အညသမာန်း (၁၃)** | (မိမိ) ကြဉ် | ၅၁– စီ |
| (က)သဗ္ဗစိတ္တသာဓာရဏ – ၇ | (မိမိ, ကြဉ်) | ၅၁– စီ |
| (ခ)ပကိဏ်း (၆) | | |
| – ဝိတက်, ဝိစာရ, ဝီရိယ– ၃ | (မိမိကြဉ်) ၅၁– စီ | |
| – အဓိမောက္ခ, ဆန္ဒ – ၂ | (မိမိ, ဝိစိကိစ္ဆာကြဉ်) | ၅၀– စီ |
| – ပီတိ – ၁ | (မိမိ, ဒေါစတုက်–၄, ဝိစိကိစ္ဆာကြဉ်) | ၄၆ |
| **၂။ အကုသိုလ် ၁၄** | | |
| (က)မောစတုက် ၄ | အည– ၁၃ (မိမိကြဉ်) အကု ၁၃ | ၂၆ စီ |
| (ခ)လောဘ ၁ | အည–၁၃, မောစတုက်– ၄, ဒိဋ္ဌိ, မာန, ထိန, မိဒ္ဓ | ၂၁ |
| – ဒိဋ္ဌိ, မာန ၂ | အည– ၁၃, မောစတုက်–၄, လောဘ, ထိန, မိဒ္ဓ | ၂၀ စီ |
| (ဂ)ဒေါသ ၁ | (ပီတိကြဉ်)အည–၁၂,မောစတုက်–၄, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ | ၂၁ |
| – ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ ၃ | (ပီတိကြဉ်) အည–၁၂, မောစတုက်–၄, ဒေါသ, ထိန, မိဒ္ဓ– | ၁၉ စီ |
| (ဃ) ထိန, မိဒ္ဓ ၂ | အည ၁၃ (မိမိ,ဝိစိကြဉ်) အကု ၁၂ | ၂၅ စီ |
| – ဝိစိကိစ္ဆာ ၁ | (အဓိမောက္ခ, ပီတိ, ဆန္ဒကြဉ်) အည၁၀, မောစတုက်–၄ | ၁၄ |
| **၃။ သောဘန ၂၅** | | |
| (က)သောဘနသာဓာရဏ ၁၉ | အည ၁၃, (မိမိကြဉ်) သောဘန ၂၄ | ၃၇ စီ |
| (ခ) ဝိရတီ ၃ | အည ၁၃ (မိမိ,အပ္ပမညာကြဉ်)သောဘန ၂၀ | ၃၃ စီ |
| (ဂ) အပ္ပမညာ ၂ | အည–၁၃ (ဝိရတီ,အပ္ပမညာကြဉ်)သောဘန ၂၀ | ၃၃ စီ |
| (ဃ)ပညာ ၁ | အည ၁၃ (မိမိကြဉ်) သောဘန ၂၄ | ၃၇ |

www.burmeseclassic.com

www.burmeseclassic.com



## စေတသိက်ချင်း ယှဉ်ပုံရှာနည်း

### ၁။ အညသမာန်း စေတသိက် ၁၃ ပါး

#### (က) သဗ္ဗစိတ္တသာဓာရဏ (၇) ပါး

| | |
|---|---|
| စိတ် | ၈၉ |
| စေတသိက် ၇ | ၅၁ / ၅၂ = မိမိကြဉ် |

#### (ခ) ပကိဏ်း (၆) ပါး

ဝိတက်၊ ဝိစာရ၊ ဝီရိယ-၃

| | |
|---|---|
| | ၅၅ ၆၆ ၇၃ |
| ၃ | ၅၁ / ၅၂ = မိမိကြဉ် |

အဓိမောက္ခ၊ ဆန္ဒ-၂

| | |
|---|---|
| | ၇၈ ၆၉ |
| ၂ | ၅၀ / ၅၁ = မိမိ၊ ဝိစိကြဉ် |

ပီတိ-၁

| | |
|---|---|
| | ၅၁ |
| ၁ | ၄၆ / ၄၇ = မိမိ၊ ဒေါ-၄ ဝိစိကြဉ် |

### ၂။ အကုသိုလ်စေတသိက်- ၁၄ ပါး

မောစတုတ်- ၄

| | |
|---|---|
| | ၁၂ |
| ၄ | ၂၆ / ၂၇ = မိမိကြဉ် |
| | -အကု-၁၃<br>-အကု-၁၃ |

လောဘ-၁

| | |
|---|---|
| | ၈ |
| ၁ | ၂၁ / ၂၂ = မိမိကြဉ် |
| | -အည ၁၃<br>- မော ၄<br>- ဒိဋ္ဌိ၊ မာန ၂<br>- ထိ၊ မိဒ္ဓ ၂ |

ဒိဋ္ဌိ၊ မာန- ၂

| | |
|---|---|
| | ၄ |
| ၂ | ၂၀ / ၂၁ = မိမိကြဉ် |
| | -အည ၁၃<br>- မော ၄<br>- လော ၁<br>- ထိ၊ မိ ၂ |

ဒေါသ- ၁

| | |
|---|---|
| | ၂ |
| ၁ | ၂၁ / ၂၂ = မိမိကြဉ် |
| | -ပီတိကြဉ် ၁၂<br>- မော ၄<br>- ဣ၊မ.ကု. ၃<br>- ထိ၊ မိ ၂ |

ဣ၊ မ၊ ကု -၃

| | |
|---|---|
| | ၂ |
| ၃ | ၁၉ / ၂၂ |
| | -ပီကြဉ်အည ၁၃<br>- မော ၄<br>- ဒေါ၊ထိ၊မိ ၃ |

ထိ၊ မိ -၂

| | |
|---|---|
| | ၅ |
| ၂ | ၂၅ / ၂၆ |
| | -အည ၁၃<br>- မိမိ၊ ဝိစိ ကြဉ် ၁၂ |

ဝိစိ- ၁

| | |
|---|---|
| | ၁ |
| ၁ | ၁၄ / ၁၅ |
| | -အဓိ, ပီ, ဆန္ဒကြဉ်<br>- အည- ၁၀<br>- မော- ၄ |

### ၃။ သောဘနစေတသိက်- ၂၅ ပါး

သောဘနသာဓာရဏ ၁၉

| | |
|---|---|
| | ၅၉ |
| ၁၉ | ၃၇ / ၃၈ |
| | -အည ၁၃<br>-မိမိကြဉ် သောဘန ၂၄ |

ဝိရတီ- ၃

| | |
|---|---|
| | ၁၆ |
| ၃ | ၃၃ / ၃၈ |
| | -အည ၁၃<br>-မိမိ၊အပ္ပကြဉ် သောဘန ၂၀ |

အပ္ပမညာ- ၂

| | |
|---|---|
| | ၂၈ |
| ၂ | ၃၃ / ၃၈ |
| | -အည ၁၃<br>ဝိရတီ၊ အပ္ပကြဉ် သောဘန ၂၀ |

ပညိန္ဒြေ- ၁

| | |
|---|---|
| | ၄၇ |
| ၁ | ၃၇ / ၃၈ |
| | -အည ၁၃<br>-မိမိကြဉ် သောဘန ၂၄ |

www.burmeseclassic.com

www.burmeseclassic.com



## သာသနာရေးဦးစီးဌာနက ကျင်းပခဲ့သည့် အဘိဓမ္မာ (ရိုးရိုး) စာမေးပွဲ မေးခွန်းဟောင်းများ

### စေတသိက်ပိုင်း

**၁၉၅၄ ခုနှစ်**

၁။ ပီတိ၏ သဘောကို ဖော်ပြပြီးလျှင် ပီတိမယှဉ်နိုင်သော စိတ်၊ ပီတိယှဉ်နိုင်သော စိတ်တို့၏ သရုပ်ကိုလည်း ဖော်ပြခဲ့ပါ။

၂။ အဘယ့်ကြောင့် သဗ္ဗစိတ္တသာဓါရဏ၊ ပကိဏ်းခေါ်ရကြောင်းတို့ကို ဖော်ပြပြီးလျှင် အညသမာန်း ခေါ်ရကြောင်းကိုလည်း ပေါ်လွင်အောင် ရှင်းလင်းခဲ့ပါ။

၃။ ဥဒ္ဒစ္စ၊ မာန၊ မစ္ဆရိယ၊ မိဒ္ဓ၊ ဝိစိကိစ္ဆာတို့၏ သဘောအသီးသီးကို ရေးသားပြီးလျှင် ၎င်း စေတသိက်များ ယှဉ်နိုင်သော စိတ်တို့ကိုလည်းရေးသားခဲ့ပါ။

၄။ အဘယ်ကို သင်္ဂဟနည်းခေါ်ကြောင်း ဖော်ပြ၍ သင်္ဂဟနည်းများကိုလည်း မှန်ကန်စွာ ရေတွက်ခဲ့ပါ။

**၁၉၅၅- ခုနှစ်**

၁။ သမ္မာဝါစါ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတို့၏ (ဝိရမိတဗ္ဗဝတ္ထု) မှ ကြဉ်ပုံကို အသီးသီးရှင်းလင်းခဲ့ပါ။

၂။ ကာမာဝစရ သောဘနစိတ် ၂၄- ခုတို့၌ (က) အပ္ပမညာ စေတသိက် အထူးပြုပုံနှင့် (ခ) ပီတိ စေတသိက် အထူးပြုပုံတို့ကို ထင်ရှားအောင်ဖြေဆိုပါ။

၃။ (က) ဝီရိယ စေတသိက် ၇၃-ခု၊ ထိန စေတသိက် ၅- ခု၊ သမ္မာဝါစာ စေတသိက် ၁၆ ခုတို့၏ သရုပ်ကို ရေတွက်ပြပြီးလျှင် (ခ) ၇၃၊ ၅-၁၆ ဖြစ်ပုံကို အဓိပ္ပာယ်ရှင်းပြပါ။

၄။ စေတသိက်ပိုင်းလာ သင်္ဂဟနည်းနှင့် ပကိဏ်းပိုင်းလာသင်္ဂဟနည်းတို့၏ ထူးခြားပုံကို ဖော်ပြပါ။

**၁၉၅၆- ခုနှစ်**

၁။ အောက်တွင် ဖော်ပြပါရှိသော စေတသိက် (၃)မျိုးတို့၏ အဓိပ္ပာယ်ကိုထင်ရှားအောင် ဖြေဆိုပါ။
(က) သမ္မာဝါစါ (ခ) သမ္မာကမ္မန္တ (ဂ) သမ္မာအာဇီဝ

၂။ အကုသလ စေတသိက်နှင့် အကုသလ သာဓာရဏ စေတသိက်တို့သည် အရခြင်းတူပါသလော။ မည်သို့ ထူးခြားပါသနည်း။

၃။ မဟာကြိယာစိတ်၊ မဟာဝိပါက်စိတ်၊ လောကုတ္တရာစိတ်တို့၌ သင်္ဂဟနည်းမရသော သောဘန စေတသိက်တို့ကို ထုတ်ပြပါ။

၄။ လောဘမူ ပထမဒွေး၊ ဒုတိယဒွေး အသင်္ခါရိက စိတ်တို့၌ သင်္ဂဟနည်းရသော စေတသိက်တို့ကို ရေတွက်ပြခဲ့ပါ။

၅။ အဟိတ်စေတသိက်နှင့် ဧကဟိတ် စေတသိက်တို့ကို ခွဲခြား၍ ဖြေဆိုပါ။

၆။ အကုသိုလ် စေတသိက်နှင့် အကုသိုလ်စိတ်၊ ကုသိုလ်စိတ်တို့၏ အပေါင်းသင်္ချာမျှကိုသာ ဖော်ပြပြီးလျှင် အကုသိုလ် သောမနဿ၌ ယှဉ်နိုင်သောစေတသိက် မယှဉ်နိုင်သော စေတသိက် တို့ကိုလည်း ခွဲခြားဖော်ပြပါ။

၇။ ကုက္ကုစ္စ စေတသိက်နှင့် သမ္မာအာဇီဝ စေတသိက်တို့၏ လက္ခဏာများကို ထင်ရှားစွာ ဖော်ပြပြီးလျှင် ၎င်းစေတသိက်တို့ အသီးသီးယှဉ်နိုင်သော စိတ်များကိုလည်း ဖော်ပြပါ။

www.burmeseclassic.com

www.burmeseclassic.com



**၁၉၅၇- ခုနှစ်**

၁။ စေတသိက် (၅၂) ပါးကို အကျဉ်းအားဖြင့် ရေတွက်ပြပါ။

၂။ အောက်ပါစေတသိက်တို့၏ သဘောကို ပေါ်လွင်အောင် ဖော်ပြပါ။
မနသိကာရ၊ ပီတိ၊ ဆန္ဒ၊ လောဘ၊ မစ္ဆရိယ။

၃။ အနိယတယောဂီ စေတသိက်တို့၏ သရုပ်ကို ထုတ်ပြပြီးလျှင် ၎င်းတို့ကို အကုသိုလ်သောဘနခွဲခြားပြပါ။

**၁၉၅၈- ခုနှစ်**

၁။ အစုံအစုံအားဖြင့် ဟောသော စေတသိက်တို့၏ သရုပ်ကို ထုတ်ပြပါ။

၂။ သာဓာရဏ အမည်ရသော စေတသိက်တို့ကို အကျဉ်းချုပ်ဖော်ပြပါ။

**၁၉၇၂- ခုနှစ်**

၁။ အပ္ပမညာခွေးနှင့် အကုသလသာဓာရဏ စေတသိက်တို့ကို ထုတ်ပြပါ။

၂။ စေတနာနှင့်သာယှဉ်၍ ဆန္ဒမယှဉ်သောစိတ်၊ ၂-ပါးစုံ ယှဉ်သော စိတ်တို့ကို ရေတွက်ပြပါ။

**၁၉၇၅- ခုနှစ်**

၁။ ကုသိုလ်စိတ်အားလုံးနှင့် အမြဲယှဉ်နိုင်သော စေတသိက်များကို ဖော်ပြပါ။

၂။ လောကုတ္တရာစိတ်အကျယ် (၄၀) နှင့်ယှဉ်သော ပကိဏ်း စေတသိက်များကို ထုတ်ပြပါ။

၃။ နိယတ ယောဂီ စေတသိက်များကို ရေတွက်ပြပါ။

၄။ မဟဂ္ဂုတ် ပထမဈာန်စိတ်၌-
(က) အမြဲယှဉ်နိုင်သော စေတသိက်များ၊ (ခ) အများဆုံးယှဉ်နိုင်သော စေတသိက်များကို ရေတွက်ပြပါ။

**၁၉၇၆- ခုနှစ်**

၁။ သောဘဏစေတသိက် ၂၅-ပါးတို့တွင် ကုသိုလ်ပြုတိုင်း ယှဉ်နိုင်သော စေတသိက်တို့ကို ရေတွက်ပြပါ။

၂။ (က) ဝိစာရနှင့်သာယှဉ်၍ ဝိတက်နှင့် မယှဉ်သောစိတ်
(ခ) ဝိတက်- ဝိစာရ ၂- ပါးစုံယှဉ်သောစိတ်တို့ကို ရေတွက်ပြပါ။

၃။ အကုသိုလ် စေတသိက် ၁၄-ပါးတို့တွင် အကုသိုလ်ပြုလုပ်တိုင်း ယှဉ်နိုင်သော စေတသိက်တို့ကို ရေတွက်ပြပါ။

၄။ မဟာကုသိုလ် ပထမစိတ်၌ ယှဉ်နိုင်သော စေတသိက်များကို ရေတွက်ပြပါ။

**၁၉၇၇- ခုနှစ်**

၁။ စိတ်အနည်းဆုံး ယှဉ်နိုင်သော စေတသိက်၊ စိတ်အများဆုံး ယှဉ်နိုင်သော စေတသိက်များကို ဖော်ပြပါ။

၂။ အကုသိုလ်စေတသိက်ပေါင်း မည်မျှရှိသည်ဟု ရေတွက်ပြပြီးလျှင် အကုသလသာဓာရဏအမည်ရသော စေတသိက်တို့ကိုလည်း ဖော်ပြပါ။

www.burmeseclassic.com

www.burmeseclassic.com



၃။ ကရုဏာ– မုဒိတာ ပွားများသောအခါ ဖြစ်နိုင်သော စိတ်များကို ရေးသားဖော်ပြပါ။
၄။ စိတ်နှင့် အမြဲယှဉ်သော စေတသိက်– အမြဲမယှဉ်သော စေတသိက်များကို ခွဲခြားရေတွက်ပြပါ။

**၁၉၇၈– ခုနှစ်**

၁။ အောက်ပါစိတ်တို့၌ ယှဉ်နိုင်သည့် စေတသိက်များကို ရေတွက်ပြပါ။
(က)ဝိစိကိစ္ဆာသဟဂုတ်စိတ် (ခ) ကာယ ဝိညာဏ်စိတ်
၂။ ဒုစရိုက်မှုကို လက်တွေ့ရှောင်ကြဉ်သောအခါ ဖြစ်ပေါ်သော ဝိရတီစေတသိက် ၃–ခု၏ အဓိပ္ပာယ်ကို ၁– ခုစီရှင်းပြ၍ ဝေဒနာ စေတသိက်နှင့် ယှဉ်နိုင်သော စိတ်များကို ဘူမိဘေဒနည်းဖြင့် ရေတွက်ပြပါ။
၃။ သူတစ်ပါး မတိုက်တွန်းဘဲ ဉာဏ်နှင့် ယှဉ်၍ ဝမ်းမြောက်ဝမ်းသာ မြတ်စွာဘုရားအား ရှိသည့် ကျောင်းသူ၏ ကုသိုလ်စိတ်မှာ ယှဉ်နိုင်သော စေတသိက်များကို ရေတွက်ပြပါ
၄။ သူတစ်ပါး မတိုက်တွန်းဘဲ အပြစ်မရှိဟု ထင်မှတ်၍ ဝမ်းမြောက်ဝမ်းသာ စာမေးပွဲခိုးဖြေနေသည့် ကျောင်းသား၏ လောဘစိတ်မှာ ယှဉ်နိုင်သော စေတသိက်များကို ရေတွက်ပြပါ။

**၁၉၇၉– ခုနှစ်**

၁။ သဗ္ဗြိုဟ်ကျမ်းလာ စေတသိက် ၅၂–ပါးတို့တွင် မည်သည့် စေတသိက်တို့ကို သဗ္ဗစိတ္တ သာဓာရဏ စေတသိက်–ပကိဏ်းစေတသိက်ဟု ခေါ်ပါသနည်း၊ အသီးသီး ဖော်ပြပါ။
၂။ လူတို့၌ အကုသိုလ်စိတ်ဖြစ်တိုင်း ပါဝင်သော စေတသိက်များကို စုံလင်စွာ ရေးခဲ့ပါ။
၃။ ဆန္ဒ ဝီရိယစေတသိက်သည် မည်မျှသော စိတ်တို့၌ ယှဉ်ပါသနည်း၊ ရေတွက်ပြပါ။

**၁၉၈၀– ခုနှစ်**

၁။ အောက်ပါစေတသိက်များကို ဖော်ပြခဲ့ပါ။
(က) စိတ်ဖြစ်တိုင်း အမြဲတမ်းပါဝင်သော စေတသိက်
(ခ) အကုသိုလ်စိတ်ဖြစ်တိုင်း အမြဲတမ်းပါဝင်သော စေတသိက်
(ဂ) ကုသိုလ်စိတ်ဖြစ်တိုင်း အမြဲတမ်းပါဝင်သော စေတသိက်
၂။ သူတစ်ပါးချမ်းသာသည်ကို မနာလိုသောသူ၏ စိတ်၌ စေတသိက်မည်မျှ ယှဉ်ကြောင်းကို တိကျစွာ ဖြေဆိုခဲ့ပါ။

**၁၉၈၁– ခုနှစ်**

၁။ အောက်ပါ စေတသိက်များ၏ အမည်တို့ကို ဖော်ပြခဲ့ပါ။
(က) အာရုံကို နှစ်သက်ခြင်း သဘောရှိသော စေတသိက်
(ခ) မှားသောအားဖြင့် နှလုံးသွင်းခြင်းသဘောရှိသော စေတသိက်
(ဂ) စိတ်၏ ငြိမ်းခြင်းသဘောရှိသော စေတသိက်
၂။ ဘုရားရှိခိုးသောအခါ ဖြစ်သော ကုသိုလ်စိတ်၌ စေတသိက်ပေါင်း မည်မျှယှဉ်နိုင်ပါသနည်း။
၃။ အမှား– အမှန်ဝေဖန်တွေးတော ယုံမှားနေသော ဝိစိကိစ္ဆာစိတ်၌ ယှဉ်နိုင်သော စေတသိက်များကို ဖော်ပြခဲ့ပါ။
၄။ ပန်းတစ်ပွင့်ကို မြင်သောအခါဖြစ်သော စက္ခုဝိညာဏ်စိတ်၌ ယှဉ်သော စေတသိက်တို့ကိုရေးခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



၁၉၈၂- ခုနှစ်

၁။ သဘောတရားတစ်ခုကို စေတသိက်ဟူ၍ သတ်မှတ်နိုင်လောက်အောင်လိုအပ်သော အင်္ဂါလက္ခဏာ ရပ် ၄- ပါးကို ရေးသားဖော်ပြပါ။

၂။ စေတသိက် ၅၂-ပါးတို့တွင် အကုသိုလ်မည်သော စေတသိက်များကို ပြည့်စုံအောင် ဖော်ပြပါ။

၃။ စားဝတ်နေရေးပြည့်စုံ၍ ချမ်းသာသူကို တွေ့မြင်သောအခါ ဝမ်းမြောက်ခြင်း မုဒိတာဖြစ်၏၊ ထိုမုဒိတာနှင့်အတူ စေတသိက်ပေါင်း မည်မျှဖြစ်သနည်း။ ရေတွက်ပြပါ။

၁၉၈၃- ခုနှစ်

၁။ စိတ်၌ဖြစ်၍ စိတ်ကို ခြယ်လှယ်တတ်သော သဘောတရားများကို မည်သို့ခေါ်ပါသနည်း၊ ယင်းသဘောတရားပေါင်း မည်မျှရှိပါသနည်း၊ ဖော်ပြပါ။

၂။ စကားပြောရာတွင် ပါဝင်တတ်သော စေတနာ- မာန-ဒေါသ-သတိ-ပညာဟူသော စကားလုံး တို့၏ မြန်မာလို အဓိပ္ပာယ်ကို ဖော်ပြပါ။

၃။ မနာလိုခြင်း- ဝန်တိုခြင်း လက္ခဏာရှိသော သဘောတရားများသည် မည်သည့် စေတသိက်များ ဖြစ်ပါသနည်း၊ ယင်းစေတသိက်များသည် မည်သည့် စိတ်များနှင့် ယှဉ်တွဲဖြစ်ပါသနည်း၊ ဖော်ပြပါ။

၄။ မြတ်စွာဘုရားသခင် ပြုံးရွှင်တော်မူသောအခါ ဖြစ်ပေါ်သည့် ဟသိတုပ္ပါဒ်စိတ်၌ ယှဉ်သော စေတသိက်တို့ကို ဖော်ပြပါ။

၁၉၈၄- ခုနှစ်

၁။ လူတို့နေ့စဉ် ပြောဆိုကြရာတွင် ပါဝင်သော ဝေဒနာ, ဝီရိယ, ကုက္ကုစ္စ, မစ္ဆရိယ, သဒ္ဓါဟူသော စကား ၅-လုံး၏ ဆိုလိုရင်း အဓိပ္ပာယ်ကို မြန်မာလို ဖော်ပြပါ။

၂။ သူတစ်ပါးဆင်းရဲဒုက္ခရောက်နေသည်ကို မြင်၍ သနားခြင်းလက္ခဏာရှိသော ကရုဏာ စေတသိက် သည် မည်သည့်စိတ်များနှင့် ယှဉ်၍ဖြစ်နိုင်ပါသနည်း။ ရေတွက်ပြပါ။

၃။ သီချင်းသံကြားသောအခါ ဖြစ်သောစိတ်၌ ယှဉ်နိုင်သော စေတသိက်များကို ဖော်ပြပါ။

၁၉၈၅- ခုနှစ်

၁။ မိမိမိတ်ဆွေ၏ ပစ္စည်းကို ခိုးယူပြီးခါမှ "ငါမှားလေစွ" ဟု နောင်တရမှုသည် မည်သည့် စေတသိက်ဖြစ်ပါသနည်း၊ ၎င်းစေတသိက်သည် မည်သည့်စိတ်နှင့် ယှဉ်တွဲဖြစ်ပါသနည်း။

၂။ အောက်ပါစကားငါးလုံးတို့၏ လိုရင်းအဓိပ္ပာယ်ကို အဘိဓမ္မာသဘာဝထိုက်အောင်ရေးသားပါ။ (က) အဟိရိက၊ (ခ) အနောတ္တပ္ပ၊ (ဂ) သညာ (ဃ) ပီတိ (င) သမ္မာဝါစာ

၃။ အဆင်းလှ၍ မာနကြီးသူတစ်ဦးအား မာနသည် အမြဲတမ်းဖြစ်နေပါသလော၊ဖြစ်သောအခါ မည်သည့်စိတ်တွင်ယှဉ်၍ ဖြစ်ပါသနည်း။

၁၉၈၆- ခုနှစ်

၁။ ဖဿ, မနသိကာရ, အဓိမောက္ခ, ဆန္ဒ , သမ္မာအာဇီဝ, စေတသိက်တို့၏ အဘိဓမ္မာ သဘောလက္ခဏာကို မြန်မာဘာသာဖြင့် ရေးပါ။

၂။ စာကျက်နေစဉ် ဖြစ်ပေါ်လာတတ်သော ပျင်းရိငေးမောခြင်း တွေဝေထိုင်းမှိုင်းခြင်းတို့သည်

www.burmeseclassic.com

www.burmeseclassic.com



အဘယ် စေတသိက်တို့၏ သဘောလက္ခဏာများဖြစ်ပါသနည်း၊ ယင်း စေတသိက်တို့သည် အဘယ်စိတ်များနှင့် ယှဉ်တွဲဖြစ်ပါသနည်း၊ အသီးအသီးဖြေဆိုပါ။

၃။ မနာလိုခြင်း၊ ဝန်တိုခြင်းသဘောတရားတို့သည် လောဘမူစိတ်နှင့် သက်ဆိုင်ပါသလော၊ သို့မဟုတ် ဒေါသမူစိတ်နှင့် သက်ဆိုင်ပါသလော၊ စစ်ကြောဝေဖန်ပြီး မဂ်စိတ်နှင့်အတူဖြစ်ခွင့်ရသော စေတသိက်သရုပ်ကိုလည်း ထုတ်ပြပါ။

၄။ အောက်ပါ စေတသိက်များကို ကုန်စင်အောင် ရေတွက်ပြပါ-

(က) သဗ္ဗာကုသလသာဓာရဏ စေတသိက်၊

(ခ) သဗ္ဗာကုသလ ယောဂီစေတသိက်။

**၁၉၈၇- ခုနှစ်**

၁။ စေတသိက်၏ လက္ခဏာများကို ဖော်ပြပြီးလျှင် စိတ်ဟူသမျှနှင့်ယှဉ်နိုင်သော စေတသိက်တို့ကိုလည်း ဖြေဆိုပါ။

၂။ စေတနာ၊ မာန၊ ဝိစိကိစ္ဆာ၊ သဒ္ဓါ၊ မုဒိတာ စေတသိက်တို့၏ အဘိဓမ္မာသဘောလက္ခဏာကို မြန်မာဘာသာဖြင့် ဖြေဆိုပါ။

၃။ အလိုရမ္မက်ကြီးသူနှင့် စိတ်တို စိတ်ဆတ်သူနှစ်ဦးတို့တွင် မည်သူသည် မိစ္ဆာဒိဋ္ဌိဖြစ်တတ်ပါသနည်း၊ သမ္ပယောဂနည်းအရ စိစစ်ပြပါ။

၄။ လိပ်ပြာကလေးတစ်ကောင်ကို ဖမ်းယူပြီး သနားသဖြင့် မသတ်ဘဲ လွှတ်လိုက်သူ၌ မည်သည့် စိတ်ဖြစ်ပါသနည်း၊ မည်သည့်စေတသိက်များနှင့် ယှဉ်တွဲဖြစ်ပါသနည်း။ အသီးသီးဖြေဆိုပါ။

**၁၉၈၈- ခုနှစ်**

၁။ ပညာ၊ သညာ၊ ဝေဒနာ၊ စေတနာ၊ ကရုဏာဟူသော စေတသိက်တို့၏ သဘောလက္ခဏာတို့ကို အသီးသီးရေးသားခဲ့ပါ။

၂။ လိမ်ပြောမည်ကြံပြီးမှ မလိမ်တော့ဘဲ၊ အမှန်ကို ပြောဆိုရာ၌ မည်သည့် စေတသိက်ဖြစ်ပါသနည်း၊ ယင်းစေတသိက်နှင့် ယှဉ်ဘက်စိတ်များကိုပါ ဖော်ပြပါ။

၃။ (က) ကြောင်းကျိုးသိမြင်ဉာဏ်နှင့် ယှဉ်၍ ဘုရားရှိခိုးသူ (ခ) ကြောင်းကျိုးမမြင်ဉာဏ်မထင်ဘဲ ဘုရားရှိခိုးသူတို့ရသော မဟာကုသိုလ်တို့ကို ဖော်ပြပါ။

၄။ စိတ်တို့တွင် စေတသိက်အနည်းဆုံးယှဉ်သော စိတ်ကိုဎင်းယှဉ်ရာ စေတသိက်နှင့်တကွ ဖော်ပြပါ။

**၁၉၈၉- ခုနှစ်**

၁။ အောက်ပါ စေတသိက်များ၏ သဘောလက္ခဏာများကို မှန်ကန်အောင် ရေးပြပါ။

စေတနာ၊ သဒ္ဓါ၊ ပီတိ၊ သတိ၊ စိတ္တပဿဒ္ဓိ

၂။ အောက်ပါတို့၌မည်သည့်စေတသိက်များဖြစ်သည်ကို အမည်မျှညွှန်ပြခဲ့ပါ။

(က) ဆရာ၊မိဘစကားဟူသောအာရုံကိုနှလုံးသွင်းမှု၊

(ခ) အာရုံတစ်ပါးစိတ်မသွားဘဲစိတ်တည်ကြည်မှု၊

(ဂ) အရာရာကိုလိုလားတောင့်တခြင်း၊

(ဃ) ဘုရား၊တရား၌ယုံမှားသံသယဖြစ်ခြင်း၊

(င) တည်ငြိမ်မှုမရှိဘဲ စိတ်ပျံ့လွင့်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



၃။ လူတို့ခေါ်ဝေါ်သုံးစွဲလေ့ရှိသော “ပညာ” ဟူသောစကားသည် အဘယ်စေတသိက်၏အမည်ဖြစ်ပါသနည်း။ ဖော်ပြ၍ ယင်းပညာနှင့်ယှဉ်သောစိတ်တို့ကိုလည်း သချာသရုပ်မျှ ဖော်ထုတ်ရေးပြပါ။

၁၉၉၀– ခုနှစ်

၁။ ဆန္ဒ၊ ဥဒ္ဓစ္စ၊ ဟိရီ၊ စိတ္တလဟုတာ၊ မုဒိတာ စေတသိက်များ၏ သဘောလက္ခဏာများကို မြန်မာဘာသာဖြင့် ဖော်ပြပါ။

၂။ “သူ့အပေါ်မှာ ကိုယ်မေတ္တာရှိလိုက်တာ” ဟူသောစကား၌ “မေတ္တာ” အစစ်အမှန်အရကောက်ပြ၍၊ ဝီရိယ စေတသိက်နှင့်အတူတကွ မဖြစ်နိုင်သော စိတ်တို့ကိုလည်း သရုပ်ရေတွက်ပြပါ။

၃။ မိမိတို့ သဘောအလျောက် တစ်ကောင်နှင့် တစ်ကောင် အနိုင်မခံအရှုံးမပေးခွပ်နေကြသော ကြက်ကလေးနှစ်ကောင်၏ သန္တာန်၌ (ခွပ်နေခိုက်) ဖြစ်ပေါ်နေသော စိတ်၊ စေတသိက်တို့ကို ဖော်ပြပါ။

၁၉၉၁– ခုနှစ်

၁။ အမှုကိစ္စတို့၌ ကြံစည်၊ သုံးသပ်၊ ဆုံးဖြတ်၍ နှစ်သက်၊ လိုလားစွာ အားထုတ်မှုသည် အဘယ်စေတသိက်များ၏ သဘောလက္ခဏာများဖြစ်ပါသနည်း။ မှန်ကန်အောင် ဖြေဆိုခဲ့ပါ။

၂။ “အသက်ဉာဏ်စောင့်” ဟူသော စကား၌ အသက်၊ ဉာဏ်ဟုခေါ်ဆိုရသော စေတသိက်အမည်များကို ထုတ်ပြ၍၊ ဟိရီ၊ ဩတ္တပ္ပ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ စေတသိက်တို့၏ သဘောလက္ခဏာများကိုလည်း ရေးသားခဲ့ပါ။

၃။ တပ်မက်ခြင်း (လောဘ)၊ ခက်ထန်ခြင်း (ဒေါသ)၊ တွေဝေခြင်း (မောဟ) စေတသိက်တို့နှင့် အတူတကွ ဖြစ်သော အကုသိုလ်စိတ်တို့ကိုလည်း ခွဲခြားဖြေဆိုခဲ့ပါ။

၄။ ဤမေးခွန်းသဘောကို အလေးမမူ ဉာဏ်မတုဘဲ အလိုအလျောက် ထင်မြင်ရာကို ဖြေဆိုနေသော စာဖြေသူ၏ သန္တာန်၌ အဘယ်မည်သော စိတ်၊ စေတသိက်များဖြစ်ပေါ်နေပါသနည်း။ ရှင်းလင်းရေးသားခဲ့ပါ။

၁၉၉၂– ခုနှစ်

၁။ “လုံးလမမှု နတ်မကူဘူး” ဟူသော စကား၌ “လုံ့လ” ဟုခေါ်ဆိုထိုက်သည့် စေတသိက်အမည်ကို ဖော်ပြ၍၊ ယင်းစေတသိက်နှင့်အတူတကွ ဖြစ်သော စိတ်သရုပ်ကိုလည်း ထုတ်ပြပါ။

၂။ အငတ်ဘေးကြီးဆိုက်ရောက်လျက်ရှိသော ဆိုမာလီးယား ပြည်သူများအား သနားကြင်နာမှု ဖြစ်နေခြင်းသည် အဘယ်စေတသိက်၏ သဘောလက္ခဏာဖြစ်ပါသနည်း၊ တိကျမှန်ကန်စွာ ဖော်ပြ၍ ယင်းစေတသိက်နှင့် ဆန့်ကျင်ဘက် စေတသိက်အမည်ကိုလည်း ညွှန်ပြပါ။

၃။ “ရမ္မက်စံအိမ်”ဟူသော စကားဝယ် “ရမ္မက်” ဟူသော လောကဝေါဟာရ၏ ပရမတ္ထ သဘာဝကို ညွှန်ပြ၍၊ ယင်းပရမတ္ထ သဘာဝနှင့်အတူတကွဖြစ်သော စိတ်ကိုလည်းဖော်ပြပါ။

www.burmeseclassic.com

www.burmeseclassic.com



၁၉၉၃- ခုနှစ်

၁။ စေတသိက် (၅၂) ပါးတို့တွင် စိတ်အများဆုံး ယှဉ်နိုင်သော စေတသိက်နှင့် စိတ်အနည်းဆုံး ယှဉ်နိုင်သော စေတသိက်များကို ကောက်ပြ၍၊ ဝိရတီစေတသိက်၏ သဘောလက္ခဏာများကိုလည်း ရှင်းလင်းရေးသားခဲ့ပါ။

၂။ "အသက်ဉာဏ်စောင့်၊ ဥစ္စာကံစောင့်" ဟူသော စကားရပ်၌ ကံ, ဉာဏ် ဟုခေါ်ဆိုရသော စေတသိက်အမည်များကို ဖော်ပြ၍၊ ယင်းစေတသိက်တို့နှင့် အတူတကွဖြစ်သော စိတ်တို့ကိုလည်း ထုတ်ဆောင်ပြခဲ့ပါ။

၃။ စိတ်ချင်းထူးအောင် ပြုတတ်သော စေတသိက်တို့တွင် မည်သည့် စေတသိက်က မည်သည့် စိတ်ကို မည်သို့ ထူးခြားအောင်ပြုပါသနည်း၊ ပြည့်စုံအောင် ရှင်းလင်းရေးသားခဲ့ပါ။

၁၉၉၄- ခုနှစ်

၁။ "ပစ္စည်းမသိ၊ စိတ်မတို၊ ခင်ပျို ကြီးပွားကြောင်း" ဟူသော အဆုံးအမ၌ "မသိ၊ မတို" ဟုသုံးနှုန်းထိုက်သော စေတသိက်တို့၏ အမည်ကို ညွှန်ပြ၍ ယင်းစေတသိက်တို့နှင့်အတူတကွဖြစ်သော စိတ်တို့ကိုလည်း ဖော်ပြပါ။

၂။ "အကုသိုလ်ပြုရန် မရှက်၊ မကြောက်သော သူသည် တရားတော်၌ ကြည်ညို သူမမည်။" ဟူသော စကား၌ "မရှက်၊ မကြောက်၊ ကြည်ညို" ဟု ညွှန်ပြအပ်သော စေတသိက်တို့၏ သဘော လက္ခဏာကိုရေး၍ "ဉာဏ်၊ ဝီရိယ" နှစ်ပါးလုံးနှင့် မယှဉ်သော စိတ် ကိုလည်း ထုတ်ပြပါ။

၃။ ခြင်ကိုက်သည်ကို မသတ်ဘဲ၊ ရှောင်ကြဉ်သူသန္တာန်၌ဖြစ်သော စေတသိက်အမည်ကို တိကျစွာ ညွှန်ပြ၍ ယင်းစေတသိက်နှင့်အတူတကွဖြစ်သော စိတ်တို့ကိုလည်း ဖော်ပြပါ။

၄။ စိတ်ဖြစ်တိုင်း၊ အမြဲမယှဉ်ဘဲ ယှဉ်သင့်မှသာ ယှဉ်သော စေတသိက်တို့ကို ရေတွက်ပြပြီး ဩကာသ ကန်တော့ခန်းကို ဆရာကျက်ခိုင်း၍ ဝမ်းမြောက်ဝမ်းသာ ဉာဏ်ပါပါဖြင့် ကျက်နေကြသော ကျောင်းသားလေးများ၏ သန္တာန်ဝယ်ဖြစ်နိုင်သော စိတ်၊ စေတသိက်တို့ကို ဖော်ပြပါ။

၁၉၉၅- ခုနှစ်

၁။ "လူမှန်လျှင် ကြံရင်းသေရသည်" ဟူသော စကား၌ အကြံအစည်ကို ညွှန်ပြသည့် စေတသိက်အမည် ကို ထုတ်ပြ၍ ယင်းစေတသိက်နှင့်အတူတကွဖြစ်သော စိတ်သရုပ်ကိုလည်း ဖော်ပြပါ။

၂။ ဥစ္စာခနေပေါကြွယ်ဝ၍ "ဘဝင်မြင့် စိတ်ကြီးဝင်နေသူ" သန္တာန်၌ တည်ရှိနေသော စေတသိက် အမည်ကို ဖော်ပြ၍ယင်းစေတသိက်နှင့်အတူယှဉ်တွဲဖြစ်လေ့ရှိသော စိတ်သရုပ်ကိုလည်း ထုတ်ပြပါ။

၃။ ရတနာသုံးပါးနှင့် ကံ, ကံ၏ အကျိုးတရားများကို အကြွင်းမရှိ ယုံကြည်ကြသော ပုဂ္ဂိုလ်များ၏ သန္တာန်ဝယ်ဖြစ်နိုင်သော စိတ်, စေတသိက်တို့ကို ဖော်ပြ၍၊ ကမ္မာစောင့်တရားများ ကိုလည်း ညွှန်ပြပါ။

www.burmeseclassic.com

www.burmeseclassic.com



## ၁၉၉၆– ခုနှစ်

၁။ "နေရာတိုင်းမှာ သူ့မျက်နှာ"ဟု ပြောရလောက်အောင် စိတ်တိုင်းစိတ်တိုင်းနှင့် ယှဉ်တွဲ၍ ဖြစ်နိုင်သော စေတသိက်တို့တွင် နောက်ဆုံးသုံးခု၏ ပရမတ္ထသဘာဝတို့ကို ဖြေဆို၍၊ "စဉ်းစားပြီးမှ ဆုံးဖြတ်ပါ"ဟူသောစကား၌ ပါဝင်သောစေတသိက်တို့၏ အမည်နာမတို့ကိုလည်း ဖော်ပြပါ။

၂။ ဆယ်သိန်းထီပေါက်သူတစ်ယောက်အား "ကြက်ကန်း ဆန်အိုးတိုးတာပါကွာ"ဟု မနာလိုသော စိတ်ထားဖြင့် ပြောဆိုသူ၏သန္တာန်၌ ဖြစ်သောစေတသိက်တို့ကို တိကျစွာဖော်ပြ၍၊ ယင်းစေတသိက်နှင့် ယှဉ်တွဲ၍ဖြစ်နိုင်သောစိတ်တို့ကိုလည်း ရေတွက်ပြပါ။

၃။ "စိတ်မှန်သမျှ ကြံစည်မှုနှင့် မကင်းကြ"ဟု ပြောဆိုနေကြသော အဘိဓမ္မာအသိမဲ့ငြား အချို့သော သူများ၏စကားကို ချေပသောအားဖြင့် ကြံစည်မှုနှင့်ကင်း၍ ဖြစ်နိုင်သောစိတ်တို့ကို ဖော်ပြပြီးလျှင်၊ မတင့်တယ်သောစိတ်ဖြစ်သော်လည်း နိဗ္ဗာန်ကို အာရုံပြုနိုင်သောစိတ်ကို ဖြေဆိုပါ။

၄။ ရုပ်မြင်သံကြား ဂြိုလ်တုသတင်း၌ ငတ်မွတ်ခေါင်းပါးဒုက္ခသည်များကို တွေ့မြင်ရ၍ ဖြစ်သောသနားကြင်နာမှုသည် ကုသိုလ်ရ,မရ ရှင်းပြ၍၊ ကိုယ်ပိုင်လုံ့လမရှိသော စိတ်တို့ကိုလည်း ထုတ်ဖော်ရေးသားပြပါ။

## ၁၉၉၇– ခုနှစ်

၁။ သူတစ်ပါး၏ စေခိုင်းခြင်းကြောင့် မလွှဲသာ၍ သူ့အသက်သတ်မှုကို ပြုနေရသူ၏သန္တာန်၌ ဖြစ်နိုင်သော စိတ်,စေတသိက်တို့ကို ဖော်ပြပြီးလျှင်၊ ပြုပြီးသောကုသိုလ်ကောင်းမှုကို အဖန်ဖန် အမှတ်ရနေသောပုဂ္ဂိုလ်၏သန္တာန်ဝယ် မှီတွယ်၍ဖြစ်သော စေတသိက်ကိုလည်း ဖော်ပြပါ။

၂။ "လုလ္လမထူ၊ ဉာဏ်မကူဘဲ"ဟူသောစကား၌ "လုလ္လ,ဉာဏ်"ဟုညွှန်ပြအပ်သော စေတသိက် အမည်မှန်တို့ကို ဖော်ပြ၍၊ ယင်းစေတသိက်တို့၏ ယှဉ်နိုင်သောစိတ်သရုပ်တို့ကိုလည်း အသီးသီး ထုတ်ဖော်တင်ပြပါ။

၃။ "အကုသိုလ်၏ အပေါင်းအဖော်"ဟု ခေါ်ဆိုနိုင်သော အကုသိုလ်စိတ်ဖြစ်တိုင်းပါဝင်ကြသည့် စေတသိက်များကို ဖော်ပြ၍၊ (က) စိတ်အနည်းဆုံး၌ ယှဉ်သောစေတသိက်၊ (ခ) စေတသိက် အနည်းဆုံးနှင့် ယှဉ်သောစိတ်တို့ကိုလည်း ဖြေဆိုပါ။

၄။ ဝိသေသက(စိတ်ချင်း မတူထူးခြား ကွဲပြားအောင်ပြုတတ်ကုန်သော) စေတသိက်များကို မမှား အောင် ရေတွက်ပြ၍၊ စိတ္တေန သမမုဒ္ဒိသေ(စေတသိက်ကို စိတ်နှင့်အမျှရေတွက်ခြင်း)နည်းအရ ပီတိနှင့်ကရုဏာစေတသိက်ပေါင်း မည်မျှစီရှိကြသည်ကိုလည်း အသီးသီးဖြေဆိုပါ။

## ၁၉၉၈– ခုနှစ်

၁။ "မုသားမပါ လက်ာမချော"ဟု ယူဆလျက် အခကြေးငွေယူ၍ မတရားသက်သေလိုက်မည်ဟု ကြံစည်ပြီးမှ ရှောင်ကြဉ်သူ၌ ဖြစ်နိုင်သော စေတသိက်,ယင်းစေတသိက်၏ ယှဉ်နိုင်သော စိတ်သရုပ်တို့ကို အသီးသီးဖြေဆိုပါ။

၂။ ကုသိုလ်ကောင်းမှုဖြစ်ရန် အခြေခံကျသော စေတသိက်တို့တွင် မခွဲမခွါ အစုံလိုက်သာဖြစ်ကြ သော စေတသိက်များကို အမည်မျှဖော်ပြ၍၊ ဉာဏ်နှင့်ယှဉ်ပြီး မှန်ကန်သည့်ဆုံးဖြတ်ချက်ရှိရာ၌ ပါဝင်သော စိတ်တို့ကိုလည်း ဖြေဆိုပါ။

www.burmeseclassic.com

www.burmeseclassic.com



၃။ "အကောင်းအဆိုး" စိတ်နှစ်မျိုးလုံးနှင့် ဆက်ဆံသော "နှစ်ဖက်ချွန်" စေတသိက်အစုကို သိသာရုံမျှ ဖော်ပြ၍၊ မတူခြားနား ကွဲပြားခြင်းသဘောများနှင့် မကင်းသောလောက၌ ကာမသောဘနစိတ်ကို မတူခြားနား ကွဲပြားအောင်ပြုတတ်သော စေတသိက်များကို ဖော်ထုတ်ရေတွက်ပြပါ။

၄။ "စေတနာကောင်းသည်,စေတနာယုတ်သည်" ဟူသော လောကသုံးစကား၌ အဘယ်စေတနာသည် ကောင်း၍ အဘယ်စေတနာသည် ယုတ်ပါသနည်း ဖြေဆိုပြီးလျှင်၊ လောကုတ္တရာ စတုတ္ထဈာန်နှင့် ပဉ္စမဈာန်တို့၌ယှဉ်သော စေတသိက်တို့၏ ထူးခြားဟန်ကိုလည်း ဖြေဆိုပါ။

## ၁၉၉၉- ခုနှစ်

၁။ "တစ်မိုးအောက်မှာ တစ်ယောက်ထဲ" ဆိုစကားကဲ့သို့ စိတ်အားလုံးတို့တွင် စိတ်တစ်ပါးနှင့်သာ ယှဉ်သည့် စေတသိက်ကို သဘောလက္ခဏာနှင့်တကွ ဖော်ပြ၍၊ စေတသိက်တိုင်း၌ ရှိရမည့် လက္ခဏာလေးပါးကိုလည်း ရေးသားပါ။

၂။ ကိုယ့်ထက်သာသူ လုပ်ဖော်ကိုင်ဖက်တစ်ဦး၏ လုပ်ကျွေးရှင်း ဂုဏ်သတင်းကို ကြားရ၍ မနာလိုဖြစ်ကာ "ဒီးကွက်လောက်တော့ ငှက်တိုင်းလုရဲ့" ဟု ပြောဆိုသူ၏သန္တာန်၌ ဖြစ်သောစေတသိက်ကို ယှဉ်ရာစိတ်နှင့်တကွ ဖော်ပြ၍၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်မရှိ(အဓိမောက္ခမယှဉ်)သော စိတ်တို့ကိုလည်း ဖြေဆိုပါ။

၃။ ကြက်သားစားလို၍ ကြက်သတ်ရန်ပြုပြီးမှ မသတ်တော့ဘဲ ရှောင်ကြဉ်သောသူအား မည်သည့် ဝိရတီဖြစ်သည်ကို တိကျစွာဖြေဆို၍ ဝိရတီစေတသိက်သုံးပါးနှင့် ယှဉ်သည့်စိတ်တို့ကိုလည်း အမြဲယှဉ်/အမြဲမယှဉ်အားဖြင့် ခွဲခြားပြီး ရေးသားပါ။

၄။ အမှန်တရားကို ကွယ်ဝှက်ထားသော မောဟမူစိတ်နှစ်ပါးနှင့် ယှဉ်တွဲဖြစ်နိုင်သော စေတသိက်တို့ကို ရေတွက်ပြ၍၊ စိတ်အကျယ်(၁၂၁)ပါးတို့တွင် သောမနဿဝေဒနာနှင့် ဥပေက္ခာဝေဒနာတို့၏ အရေအတွက်ကိုလည်း သချာမျှ ဖော်ပြပါ။

## ၂၀၀၀- ပြည့်နှစ်

၁။ "မနာလိုခြင်း, ဝန်တိုခြင်း ကင်းရှင်းကြပါစေ" ဟူသော မေတ္တာပို့ဝယ် 'မနာလိုခြင်း, ဝန်တိုခြင်း' တို့၏ စေတသိက်အမည်မှန်ကို ဖော်ပြ၍၊ ဝီရိယစေတသိက်နှင့် ယှဉ်တွဲ၍ ဖြစ်ခွင့်မရှိသော စိတ်သရုပ်တို့ကိုလည်း ထုတ်ပြပါ။

၂။ နှလုံးလေပင့်၍ ဘဝင်မြင့်နေသူ၏သန္တာန်၌ ဖြစ်သောစေတသိက်ကို ယှဉ်ရာစိတ်နှင့်တကွ တိကျစွာ ဖော်ပြ၍၊ "လောကပါလ" အမည်ရသည့် ကမ္ဘာစောင့်တရားနှစ်ပါးကိုလည်း သဘောလက္ခဏာနှင့်တကွ ဖြေဆိုပါ။

၃။ လောကုတ္တရာစိတ်ကို မတူထူးခြားကွဲပြားအောင်ပြုနိုင်သော ဈာန်တရားများကိုဖော်ပြ၍၊ ဒေါသမူ အသင်္ခါရိကစိတ်၌ ယှဉ်သည့်စေတသိက်တို့ကိုလည်း ဖြေဆိုပါ။

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၁– ခုနှစ်

၁။ "တွေ့တိုင်းမရှောင် ဒုစရိုက်ကောင်" ဟု အထူးပြုပြောရလောက်အောင် အကုသိုလ်ဒုစရိုက်မှု ပြုလုပ်တိုင်း ပါဝင်လေ့ရှိသော စေတသိက်များကို ဖော်ပြ၍ စိတ်အများဆုံးနှင့်ယှဉ်သော စေတသိက်,စိတ်အနည်းဆုံးနှင့်ယှဉ်သော စေတသိက်တို့ကိုလည်း ဖြေဆိုပါ။

၂။ "အရက်အကြောက် ကြီးလွန်းတယ်"ဟူသော အသုံးအနှုန်းဝယ် **အရှက်,အကြောက်**တို့၏ ပရမတ်အမည်မှန်ကို ဖော်ဆောင်၍ ဆန္ဒစေတသိက်နှင့်ယှဉ်တွဲ၍ ဖြစ်နိုင်သော စိတ်တို့ကိုလည်း ဖြေဆိုပါ။

၃။ "အလှူဒါနပြုလုပ်တာ အကျိုးမရှိပါဘူးကွာ" ဟု တလွဲယူဆသောသူ၏ သန္တာန်၌ဖြစ်သော စေတသိက်ကို လက္ခဏာနှင့်တကွဖြေဆို၍ လောကုတ္တရာ ဒုတိယဈာန်၌ ယှဉ်ခွင့်ရသော စေတသိက်တို့ကိုလည်း ရေးသားပါ။

www.burmeseclassic.com

www.burmeseclassic.com



# (၃) ပကိဏ်းပိုင်း
# PAKINNAKA
## Miscellaneous Section

ပကိဏ်း ဟူသောအမည်သည် "ပကိဏ္ဏက" ဟူသော ပါဠိမှ ဆင်းသက်လာ၏။ ရောပြွမ်းခြင်း အနက် အဓိပ္ပာယ်ရ၏။ မည်သည့်အရာများကို ရောပြွမ်းပြဆိုသနည်းဆိုသော် စိတ်၊ စေတသိက် တည်းဟူသော (၅၃) ပါးသော နာမ်ဝေဒနာသတရားတို့ကို **ဝေဒနာသင်္ဂဟ၊ ဟေတုသင်္ဂဟ၊ ကိစ္စသင်္ဂဟ၊ ဒွါရသင်္ဂဟ၊ အာရမ္မဏသင်္ဂဟနှင့် ဝတ္ထုသင်္ဂဟ** ဟူ၍ သင်္ဂဟ (၆) မျိုးတို့ဖြင့် ရောပြွမ်း ပြဆိုသောအပိုင်း ဖြစ်၏။

စိတ်တစ်ခုယုတ် (၉၀) ရှိသည်ဟု ပြောဆိုရိုးရှိသော်လည်း စင်စစ် စိတ်သည် (အာရမ္မဏ ဝိဇာနနလက္ခဏာ) အာရုံကို သိခြင်းသဘောတစ်ခုသာရှိ၍ စိတ် (၈၉) ပါးကို စိတ် (၁) ပါးဟု ရေတွက်ရ၏။ စေတသိက် (၅၂) ပါးကား မိမိဆိုင်ရာ လက္ခဏာအားဖြင့် တစ်မျိုးစီဖြစ်သောကြောင့် (၅၂) ပါးဟု ရေတွက်ရ၏။ ထိုစိတ် (၁) ပါးနှင့် စေတသိက် (၅၂) ပါး၊ ပေါင်း (၅၃) ပါးသည် ပါဠိလို(ဝေဒနာသ) ဖြစ်၏။ (၅၃) ပါးသော စိတ်စေတသိက်တို့ကိုပင် အာရုံသို့ ရှေးရှုညွတ်တတ်သဖြင့် **"နာမ် ဝေဒနာသ"** ဟူ၍လည်း ခေါ်ဆို၏။

### သင်္ဂဟ (၆) မျိုး
### 6-classification according to feeling, root, function, door, object and base

၁။ ဝေဒနာသင်္ဂဟ။ ။ နာမ်တရားတို့တွင် မည်သည့်နာမ်တရားသည် မည်သည့်ခံစားမှုဝေဒနာ ဖြစ်သည်ကို ခွဲခြားပြဆိုသည်။

၂။ ဟေတုသင်္ဂဟ။ ။ နာမ်တရား ဟု ခေါ်ဆိုသောစိတ်၊ စေတသိက်တို့ နှစ်ပါးစုံ ပူးတွဲဖြစ်ပေါ်လာကြသောအခါ မည်သည့်တရားက အကြောင်းရင်းအဖြစ် ရပ်တည်နေသည်ကို ခွဲခြားညွှန်ပြသည်။

၃။ ကိစ္စသင်္ဂဟ။ ။ နာမ်တရားတို့ လုပ်ဆောင်ရသည့် ကိစ္စတို့ကို ခွဲခြားဝေဖန်ပြဆိုသည်။

၄။ ဒွါရသင်္ဂဟ။ ။ အကြောင်းတိုက်ဆိုင်လျှင် နာမ်တရားတို့သည် မည်သည့်တံခါးပေါက်ခေါ် ဒွါရ၌ ဖြစ်ပေါ်လာရသည်ကို ခွဲခြားရေတွက်ပြသည်။

၅။ အာရမ္မဏသင်္ဂဟ။ ။ နာမ်တရားတို့သည် မည်သည့်အာရုံကို အာရုံပြုနိုင်သည်ကို ခွဲခြား ရေတွက်ပြသည်။

၆။ ဝတ္ထုသင်္ဂဟ။ ။ နာမ်တရားတို့သည် မည်သည့်တည်ရာမှီရာ ဝတ္ထုပေါ်၌ ရပ်တည်ဖြစ်နိုင်သည်ကို ခွဲခြားရေတွက်ပြဆိုသည်။

ဤကဲ့သို့ ပကိဏ်းပိုင်းတွင် သင်္ဂဟ (၆) ပါးဖြင့် ပိုင်းခြား၍ တရားကိုယ်၊ အရကောက်၊ သရုပ်၊ အဓိပ္ပာယ်တို့ဖြင့် ခွဲခြား ဝေဖန်ပြမည် ဖြစ်၏။ ထို့ကြောင့် ပကိဏ်းပိုင်းသည် စိတ်၊

www.burmeseclassic.com

www.burmeseclassic.com



စေတသိက် (၂) ပါးစုံကို ထပ်မံချဲ့ပြသော "ပဋိနိဒ္ဒေသ" ဟုလည်း မှတ်ယူနိုင်၏။ ရုပ်နာမ်တို့၏ ဆက်သွယ်မှုသဘောကို ဖော်ပြသည့် အပိုင်းလည်းဖြစ်၏။

## ၁။ ဝေဒနာသင်္ဂဟ
## (Summary of Feeling)

ဝေဒနာဟူသည်မှာ အာရုံကို ခံစားခြင်းသဘောလက္ခဏာဖြစ်၏။ ခံစားခြင်းဆိုသည်မှာ အာရုံနှင့် တွေ့ဆုံရသည့်အခါ အာရုံအလိုက် ကိုယ်စိတ်နှစ်ပါးတို့၌ ချမ်းသာသုခခံစားရသည့်သဘော၊ ဆင်းရဲဒုက္ခခံစားရသည့်သဘော၊ ဆင်းရဲ ချမ်းသာ မဖြစ်ဘဲ မသိမသာခံစားရခြင်းသဘောပင် ဖြစ်သည်။

ဝေဒနာအမျိုးမျိုးကို အခြေခံ၍ စိတ်, စေတသိက်တို့ကို အကျဉ်းရုံးကာ စုပေါင်းရေတွက် တင်ပြခြင်းကို **ဝေဒနာသင်္ဂဟ** ဟု ခေါ်သည်။

### ဝေဒနာကို ခွဲခြားသော နည်း (၂) နည်း

ဝေဒနာသည် အာရုံ၏အရသာကို ခံစားခြင်းသဘောလက္ခဏာတစ်မျိုးတည်းသာရှိသော်လည်း ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံ စသော အာရုံကွဲပြားခြင်းနှင့် သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ စသော ဣန္ဒြေဟောစဉ်ကိုလိုက်၍ ဝေဒနာသင်္ဂဟတွင် အောက်ပါအတိုင်း နည်း (၂) နည်း ခွဲခြားထား၏။

(က) အာရမ္မဏာနုဘဝနနည်း (အနုဘဝနနည်း)

(ခ) ဣန္ဒြိယဘေဒနည်း

### (က) အာရမ္မဏာနုဘဝနနည်း
### Classification according to sense objects.
### (သု + ဒု + ဥ–တု၊ သုံးပါးစု၊ အနုဘဝနာ)

**အာရမ္မဏ**ဆိုသည်မှာ **အာရုံ**ဖြစ်၍ **အနုဘဝန** ဟူသည်မှာ **ခံစားခြင်း**ဖြစ်သည်။ အာရမ္မဏာနုဘဝနနည်း ဟူသည်မှာ အာရုံကိုခံစားခြင်းဝေဒနာကို ခွဲခြားပြသောနည်း ဖြစ်သည်။

စိတ်ဆိုသည်မှာ အာရုံနှင့်ကင်း၍ ဖြစ်ပေါ်နိုင်ကောင်းသော တရားမဟုတ်။ ဝေဒနာဟူသည် ထိုအာရုံကို ခံစားခြင်းလက္ခဏာအားဖြင့်တစ်ပါးတည်းသာရှိ၏။ သို့ရာတွင် တွေ့ကြုံရသည့် အာရုံက (၁) အလိုရှိအပ်နှစ်သက်ကောင်းမြတ်သောအာရုံ **(ဣဋ္ဌာရုံ)**၊ (၂) အလိုမရှိအပ်မကောင်းမြတ်မနှစ်သက်နိုင်သည့်အာရုံ**(အနိဋ္ဌာရုံ)** နှင့် (၃)ဣဋ္ဌာရုံလည်းမဟုတ် အနိဋ္ဌာရုံလည်း မမည် အကောင်းအဆိုး အလယ်အလတ် ရိုးရိုးဖြစ်သော သာမန်အာရုံ **(ဣဋ္ဌမဇ္ဈတ္တာရုံ)** ဟူ၍ အာရုံအားဖြင့် (၃)မျိုး ကွဲပြားသဖြင့် ခံစားခြင်းဝေဒနာသည်**သုခဝေဒနာ၊ ဒုက္ခဝေဒနာနှင့်ဥပေက္ခာဝေဒနာ**ဟူ၍ (၃)မျိုး ကွဲပြား၏။

၁။ သုခဝေဒနာ။ ။ အလိုရှိအပ် နှစ်သက် မြတ်နိုးအပ်သော ဣဋ္ဌာရုံတို့နှင့် တွေ့ကြုံဆုံဆည်း ရသည့်အခါ ကိုယ်စိတ်၌ ချမ်းသာသုခကို ခံစားရခြင်းသဘော။

၂။ ဒုက္ခဝေဒနာ။ ။ အလိုမရှိအပ် မနှစ်သက်အပ် မမြတ်နိုးအပ်သော အနိဋ္ဌာရုံတို့နှင့် တွေ့ကြုံဆုံဆည်း ရသည့်အခါ ကိုယ်စိတ်၌ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခံစားရခြင်း သဘော။

၃။ ဥပေက္ခာဝေဒနာ။ ။ ဣဋ္ဌာရုံလည်းမဟုတ် အနိဋ္ဌာရုံလည်းမမည် အကောင်းအဆိုး အလယ်အလတ်

www.burmeseclassic.com

www.burmeseclassic.com



ရိုးရိုးဖြစ်သော သာမန် အာရုံများ (ဣဋ္ဌမဇ္ဈတ္တာရုံ) နှင့် တွေ့ကြုံ ဆုံဆည်းရသည့် အခါ မသိမသာ မထင်မရှား ခံစားမှုသဘော။

**ဝေဒနာ (၃) ပါး အသီးသီးနှင့်ယှဉ်သောစိတ်များ**

| စဉ် | ဝေဒနာ | ယှဉ်စိတ်ဦးရေ | ယှဉ်သောစိတ်များ |
|---|---|---|---|
| ၁။ | သုခဝေဒနာ<br>Λ | Λ = ၁<br>+ = ၆၂<br>၆၃ | (က) အဟိတ်ကုသလဝိပါက်သုခသဟဂုတ် ကာယဝိညာဏ်စိတ် ၁ ပါး<br>(ခ) ကာမသောမနဿစိတ် ၁၈ ပါး<br>(ဂ) မဟဂ္ဂုတ်သောမနဿစိတ် ၁၂ ပါး<br>(ဃ) လောကုတ္တရာသောမနဿစိတ် ၃၂ ပါး<br>ပေါင်း = ၆၃ ပါး<br>သုခဝေဒနာသည် (၆၃) ပါးသော သုခသဟဂုတ်စိတ်များနှင့် ယှဉ်သည်။ |
| ၂။ | ဒုက္ခဝေဒနာ<br>V | V = ၁<br>> = ၂<br>၃ | (က) အကုသလဝိပါက် ဒုက္ခသဟဂုတ် ကာယ ဝိညာဏ်စိတ် ၁ ပါး<br>(ခ) ဒေါသမူစိတ် ၂ ပါး<br>ပေါင်း = ၃ ပါး<br>ဒုက္ခဝေဒနာသည် ဒုက္ခသဟဂုတ်စိတ် (၃) ပါးနှင့်ယှဉ်သည်။ |
| ၃။ | ဥပေက္ခာဝေဒနာ<br>— | - ၅၅ | (က) ကာမဥပေက္ခာစိတ် ၃၂ ပါး<br>(ခ) မဟဂ္ဂုတ်ဥပေက္ခာစိတ် ၁၅ ပါး<br>(ဂ) လောကုတ္တရာ ဥပေက္ခာစိတ် ၈ ပါး<br>ပေါင်း ၅၅ ပါး<br>ဥပေက္ခာဝေဒနာသည် ဥပေက္ခာသဟဂုတ်စိတ် (၅၅) ပါးနှင့် ယှဉ်သည်။ |

ခန္ဓာကိုယ်၌ဖြစ်သော ခံသာသည့် သဘောကို "သုခဝေဒနာ" ဟုခေါ်၍၊ မနောဒွါရ (စိတ်၌) ဖြစ်သော ခံသာသည့်သဘောကို "သောမနဿဝေဒနာ"ဟု ခေါ်သည်၊ ထိုနည်းအတူ ကိုယ်၌ ဖြစ်သော မခံသာသည့်သဘောကို "ဒုက္ခဝေဒနာ"၊ စိတ်၌ဖြစ်သော မခံသာသည့်သဘောကို "ဒေါမနဿ ဝေဒနာ" ဟုခေါ်ဆိုသည်။

အာရမ္မဏာ နုဘဝနနည်း၌ ဝေဒနာ (၃) မျိုးတို့နှင့် ယှဉ်သော စိတ်တို့ကို ရေတွက်ခွဲခြားရာတွင် "သောမနဿ ဝေဒနာ" ကို သုခဝေဒနာ၌ ထည့်သွင်း၍၊ ဒေါမနဿ ဝေဒနာကို ဒုက္ခဝေဒနာ၌ ထည့်သွင်းရေတွက်ပြရသည်။

**ပုဂ္ဂိုလ်ဝေဒနာရ**

| ဘုံ | စဉ် | ပုဂ္ဂိုလ် | ရသောဝေဒနာ + | > | V | Λ | — | ပေါင်း |
|---|---|---|---|---|---|---|---|---|
| ကာမ | ၁ | ပုထုဇဉ်နှင့်သေက္ခပုဂ္ဂိုလ် (သောတာပန်၊ သကဒါဂါမ်) | ၁ | ၁ | ၁ | ၁ | ၁ | ၅ |
| | ၂ | အနာဂါမ်ပုဂ္ဂိုလ်နှင့်ရဟန္တာ | ၁ | – | ၁ | ၁ | ၁ | ၄ |
| | ၃ | မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် | ၁ | – | – | – | ၁ | ၂ |
| ရူပ (၁၅) | ၄ | ရူပနှင့်အရူပဗြဟ္မာ | ၁ | – | – | – | ၁ | ၂ |

www.burmeseclassic.com

www.burmeseclassic.com



## (ခ) ဣန္ဒြိယဘေဒနည်း

## Classification according to Faculty

"သု, ဒု, သော, ဒေါ၊ ဥနှင့် နှော၊ မှတ်လော ဣန္ဒြိယာ"။

ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားသည့် ဣန္ဒြိယ ဝိဘင်း ပါဠိတော်လာ (သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ ဒေါမနဿိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဥပေက္ခိန္ဒြေ) ဟူသော ဣန္ဒြေဟောစဉ် (၅) မျိုးကိုလိုက်၍ ဝေဒနာ (၅) မျိုးရှိပြန်သည်။

ဣန္ဒြေ အပြားအားဖြင့် ဝေဒနာ ကွဲပြားပုံကို ပြသော နည်းသည် ဣန္ဒြိယဘေဒနည်း မည်၏။

၁။ သုခဝေဒနာ ။ ကိုယ်၌ဖြစ်သော ချမ်းချမ်းသာသာခံစားမှုသဘော။
**physical happiness**

၂။ ဒုက္ခဝေဒနာ ။ ကိုယ်၌ဖြစ်သော ဆင်းဆင်းရဲရဲခံစားမှုသဘော။
**physical pain**

၃။ သောမနဿ ဝေဒနာ ။ စိတ်၌ဖြစ်သော ချမ်းချမ်းသာသာခံစားမှုသဘော။
**mental pleasure**

၄။ ဒေါမနဿဝေဒနာ ။ စိတ်၌ဖြစ်သော ဆင်းဆင်းရဲရဲခံစားမှုသဘော။
**mental displeasure**

၅။ ဥပေက္ခာဝေဒနာ ။ ချမ်းသာသည်လည်း မဟုတ်၊ ဆင်းရဲသည်လည်း မမည်၊
**neutral feeling** အလယ်အလတ်ဖြစ်သော သာမန်ခံစားမှုသဘော။

### ဝေဒနာ (၅) ပါးကွဲပြားရခြင်း

ဝေဒနာ (၃) ပါးက ဝေဒနာ (၅) ပါးဖြစ်လာရခြင်းမှာ ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိ၍ ကိုယ်၌ ဖြစ်ပေါ်သောခံစားမှုသည် "ကာယိကဝေဒနာ"ဖြစ်၏။ အာရုံ (၆) ပါးကို အာရုံပြု၍ စိတ်ထဲ၌ ဖြစ်ပေါ်ခံစားမှုသည် "စေတသိက ဝေဒနာ" ဖြစ်သည်။

ကာယိကဝေဒနာတွင် ကိုယ်၌ဖြစ်သော ချမ်းချမ်းသာသာခံစားမှု (သုခဝေဒနာ)နှင့် ကိုယ်၌ ဖြစ်သော ဆင်းဆင်းရဲရဲခံစားမှု (ဒုက္ခဝေဒနာ) ဟူ၍ (၂) မျိုးရှိ၏။ ထိုနည်းအတူ စေတသိက ဝေဒနာတွင်လည်း စိတ်၌ဖြစ်သော ချမ်းချမ်းသာသာခံစားမှု (သောမနဿဝေဒနာ) နှင့် စိတ်၌ဖြစ်သော ဆင်းဆင်းရဲရဲခံစားမှု (ဒေါမနဿ ဝေဒနာ) ဟူ၍ (၂) မျိုးရှိသည်။ ဥပေက္ခာ ဝေဒနာသည်ကား ကွဲပြားမှုမရှိ၊ စေတသိက ဥပေက္ခာ တစ်မျိုးတည်းသာရှိ၏။

ထို့ကြောင့် ချမ်းသာမှုသုခသည် ကိုယ်စိတ်နှင့် စပ်၍ ကာယိကသုခ (သုခဝေဒနာ) စေတသိကသုခ (သောမနဿ ဝေဒနာ) ဟူ၍ (၂) ပါး၊ ဆင်းရဲမှု ဒုက္ခသည်လည်း ကာယိက ဒုက္ခ (ဒုက္ခဝေဒနာ) စေတသိကဒုက္ခ (ဒေါမနဿ ဝေဒနာ)ဟူ၍ (၂) ပါး၊ ဥပေက္ခာ ဝေဒနာ (၁) ပါး ဟူ၍ (၅) မျိုး ကွဲပြားရခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဝေဒနာ (၅) ပါး အသီးသီးနှင့်ယှဉ်သော စိတ်များ

"ဥပဒွေးစေး၊ သော- ဆဒွေး၊ ဒေါဒွေး + ဒု- သုဧကေ်။"

**ဏ္ဍဍြွယဘောဒနည်း**

| စဉ် | ဝေဒနာ | ယှဉ်စိတ်ဦးရေ | ယှဉ်သောစိတ်များ |
|---|---|---|---|
| ၁။ | သုခဝေဒနာ<br>Λ | Λ = ၁ | အဟိတ်ကုသလဝိပါက်သုခသဟဂုတ်ကာယဝိညာဏ်စိတ်၁ပါး၌သာ ယှဉ်၏။<br>- Moral resultant body- consciousness is the only one accompanied by Physical happiness. |
| ၂။ | ဒုက္ခဝေဒနာ<br>V | V = ၁ | အကုသလဝိပါက် ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ် (၁) ပါး၌ ယှဉ်၏။<br>- Immoral resultant body- consciousness is the only one accompanied by physical pain. |
| ၃။ | ဒေါမနဿ<br>ဝေဒနာ<br>> | > = ၂ | ဒေါသမူစိတ် (၂) ပါး၌ ယှဉ်သည်။<br>- The two types of consciousness connected with aversion are accompanied by displeasure. |
| ၄။ | သောမဿ<br>ဝေဒနာ<br>+ | + = ၆၂ | (က) ကာမသောမနဿစိတ် ၁၈ ပါး<br>(ခ) မဟဂ္ဂုတ်သောမနဿစိတ် ပါး<br>(ဂ) လောကုတ္တရာသောမနဿစိတ် ၃၂ ပါး<br>**ပေါင်း** = ၆၂ ပါး<br>သောမနဿ ဝေဒနာသည် သောမနဿစိတ် (၆၂) ပါးတို့နှင့် ယှဉ်သည်။<br>- There are sixty-two kinds of consciousness accompanied by pleasure, namely:-<br>(a)the 18 types of sense- sphere counsciousness (4- rooted in attachment, the 12- types of sense- sphere Beautiful consciousness, the two types of investigating and smiling consciousness.<br>(b)the 12- types of the first, second, third, and fourth Jhanas.<br>(c)the 32- types of the supramundane consciousness. |
| ၅။ | ဥပေက္ခာဝေဒနာ<br>— | – = ၅၅ | (က) ကာမဥပေက္ခာစိတ် ၃၂ ပါး<br>(ခ) မဟဂ္ဂုတ် ဥပေက္ခာစိတ် ၁၅ ပါး<br>(ဂ) လောကုတ္တရာ ဥပေက္ခာစိတ် ၈ ပါး<br>**ပေါင်း** = ၅၅ ပါး<br>ဥပေက္ခာဝေဒနာသည် ဥပေက္ခာသဟဂုတ်စိတ် (၅၅) ပါးနှင့် ယှဉ်သည်။<br>-The 55 types of consiousness are accmpanied by equanimity, namely:-<br>(a) the 32 types of sense- sphere consciousness,<br>(b) the 15 types of mahaggata.<br>(c) the 8-types of supramundane consciousness• |

www.burmeseclassic.com

www.burmeseclassic.com



## အာရမ္မဏာနုဘာဝနနည်းနှင့်ဣန္ဒြိယဘေဒနည်းကိုပေါင်းစပ်ပြခြင်း

| စဉ် | အာရမ္မဏာနုဘာဝနနည်း | | ဣန္ဒြိယဘေဒနည်း | သင်္ကေတ | ယှဉ်သောစိတ် |
|---|---|---|---|---|---|
| ၁ | သုခဝေဒနာ<br>∧ | ∧ = ၁<br>+ = ၆၂ | ၁။ သုခဝေဒနာ<br>∧ | ∧ = ၁ | သုခသဟဂုတ်ကာယဝိညာဏ်စိတ် ၁ ပါး |
| | | | ၂။ သောမနဿဝေဒနာ<br>+ | + = ၆၂ | သောမနဿသဟဂုတ်စိတ် ၆၂ ပါး |
| ၂ | ဒုက္ခဝေဒနာ<br>∨ | ∨ = ၁<br>> = ၂ | ၃။ ဒုက္ခဝေဒနာ<br>∨ | ∨ = ၁ | ဒုက္ခသဟဂုတ်ကာယဝိညာဏ်စိတ် ၁ ပါး |
| | | | ၄။ ဒေါမနဿဝေဒနာ<br>> | > = ၂ | ဒေါသမူဒွေး ၂ ပါး |
| ၃ | ဥပေက္ခာဝေဒနာ<br>— | — = ၅၅ | ၅။ ဥပေက္ခာဝေဒနာ<br>— | — = ၅၅ | ဥပေက္ခာသဟဂုတ်စိတ် ၅၅ ပါး |

## ဝေဒနာအသီးသီးနှင့် ယှဉ်သော စေတသိက်များ

| စဉ် | ဝေဒနာ | | | | | ယှဉ်သောစေတသိက် | ရှင်းတမ်း |
|---|---|---|---|---|---|---|---|
| | သု | ဒု | သော | ဒေါ | ဥ | | |
| ၁ | ∧ | | | | | ဝေဒနာကြဉ်သဗ္ဗစိတ္တသာဓာရဏ ၆ ပါး<br>ပေါင်း = ၆ ပါး | သုခဝေဒနာသည် သုခသဟဂုတ် ကာယဝိညာဏ်စိတ်၌ ယှဉ်သည်။ ထိုစိတ်တွင် သဗ္ဗစိတ္တသာဓာရဏ ၇ ပါး ယှဉ်၏။ ထို့ကြောင့် သုခဝေဒနာနှင့် ယှဉ်ဖက်စေတသိက်တို့မှာ ဖဿ၊သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေနှင့် မနသိကာရတို့ဖြစ်ကြသည်။ |
| ၂ | | ∨ | | | | ဝေဒနာကြဉ်သဗ္ဗစိတ္တသာဓာရဏ ၆ ပါး<br>ပေါင်း = ၆ ပါး | ဒုက္ခဝေဒနာသည် ဒုက္ခသဟဂုတ် ကာယဝိညာဏ် စိတ်နှင့်ယှဉ်သည်။ ထိုစိတ်တွင် သဗ္ဗစိတ္တသာဓာရဏ ၇ ပါးယှဉ်၏။<br>ဒုက္ခဝေဒနာနှင့် ယှဉ်ဖက် စေတသိက်တို့မှာ ဖဿ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေနှင့် မနသိကာရတို့ဖြစ်ကြ၏။ |
| ၃ | | | | > | | - ဝေဒနာ, ပီတိကြဉ်သော အညသမာန်း ၁၁ ပါး<br>- မောစတုက် ၄ ပါး<br>- ဒေါစတုက် ၄ ပါး<br>- ထိနမိဒ္ဓ ၂ ပါး<br>ပေါင်း = ၂၁ ပါး | ဒေါမနဿ ဝေဒနာသည် ဒေါသမူ ၂ ပါး၌ ယှဉ်၏။ ဒေါသမူစိတ်များတွင် ပီတိကြဉ် အညသမာန်း ၁၂ ပါး၊ မောစတုက် ၄ ပါး၊ ဒေါစတုက် ၄ ပါးနှင့် ထိန မိဒ္ဓ ၂ ပါးဟူ၍ စေတသိက် ၂၂ ပါး ယှဉ်ကြ၏။<br>ဒေါမနဿ ဝေဒနာနှင့် ယှဉ်ဖက် စေတသိက်တို့မှာ ဝေဒနာကြဉ်သော ကျန်စေတသိက် ၂၁ ပါးပင်ဖြစ်သည်။ |
| ၄ | | | + | | | ဝေဒနာကြဉ် **အည** စေတသိက် ၁၂ ပါး<br>ဒေါစတုက်နှင့် ဝိစိကိစ္ဆာကြဉ် အကုသိုလ်စေတသိက် ၉ ပါး<br>သောဘနစေတသိက် ၂၅ ပါး<br>ပေါင်း = ၄၆ ပါး | သောမနဿ ဝေဒနာသည် သောမနဿ သဟဂုတ်စိတ် ၆၂ ပါး၌ ယှဉ်ကြသည်။ ဤစိတ်တို့၌ မယှဉ်ကြသော စေတသိက်တို့မှာ ဝေဒနာ ၁ ပါး၊ ဒေါစတုက် (၄) နှင့် ဝိစိကိစ္ဆာ (၁) ပါးဟူ၍ ၆ ပါးဖြစ်ကြသည်။<br>ယှဉ်ဖက်စေတသိက်တို့မှာ ၄၆ပါးပင်ဖြစ်သည်။ |
| ၅ | | | | | — | - ဝေဒနာ ပီတိကြဉ် ပကိဏ်း စေတသိက်– ၁၁ ပါး<br>ဒေါစတုက် ၄ ပါးကြဉ် အကုသိုလ်စေတသိက်– ၁၀ ပါး<br>သောဘန စေတသိက်– ၂၅ ပါး<br>ပေါင်း = ၄၆ ပါး | ဥပေက္ခာ ဝေဒနာသည် ဥပေက္ခာသဟဂုတ်စိတ် ၅၅ ပါးတို့၌ ယှဉ်၏။ ထိုစိတ်တို့၌ ဝေဒနာ၊ ပီတိ၊ ဒေါစတုက် (၄) ပါးဟူသော စေတသိက် ၆ ပါး မယှဉ်ကြ။ |

www.burmeseclassic.com

www.burmeseclassic.com



**ဝေဒနာ ၁ ပါးယှဉ် စသည်ဖြင့် စေတသိက်တို့ကို ရေတွက်ပြခြင်း။**

| စဉ် | ဝေဒနာ | | | | | ယှဉ်သောစေတသိက် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | သု | ဒု | သော | ဒေါ | ဥ | | |
| ၁ | | | + | > | − | ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ ၄ ပါး<br>ဝိစိကိစ္ဆာ ၁ ပါး<br>ပီတိ ၁ ပါး<br>ဝေဒနာ ၁ ပါးယှဉ် **ပေါင်း = ၆ ပါး** | ဝေဒနာ တစ်ပါးနှင့် ယှဉ်သော စေတသိက် ၆ ပါးရှိသည်။ |
| ၂ | | | + | | − | လောဘ၊ ဒိဋ္ဌိ၊ မာန ၃ ပါး<br>သောဘန စေတသိက် ၂၅ ပါး<br>ဝေဒနာ ၂ ပါးယှဉ် **ပေါင်း =၂၈ ပါး** | ဝေဒနာ ၂ ပါးနှင့် ယှဉ်သော စေတသိက် ၂၈ ပါးရှိသည်။ |
| ၃ | | | + | > | − | ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ<br>ဝီရိယ၊ ဆန္ဒ = ၅ ပါး<br>− မောဟ၊ အဟိရိက၊<br>အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ ထိန၊ မိဒ္ဓ = ၆ ပါး<br>ဝေဒနာ ၃ ပါးယှဉ် **ပေါင်း =၁၁ ပါး** | ဝေဒနာ ၃ ပါးနှင့် ယှဉ်သော စေတသိက် ၁၁ ပါး ရှိသည်။ |
| ၄ | Λ | V | + | > | − | ဝေဒနာကြဉ် သဗ္ဗစိတ္တ<br>သာဓာရဏ = ၆ ပါး<br>ဝေဒနာ၅ပါးနှင့်ယှဉ် **ပေါင်း = ၆ ပါး** | ဝေဒနာ ၅ ပါးနှင့် ယှဉ်သော စေတသိက် ၆ ပါးရှိသည်။ |
| ၅ | | | | | | ဝေဒနာ စေတသိက်တစ်ပါးသည် မည်သည့် ဝေဒနာနှင့်မျှ မယှဉ်ပါ။ | |
| | ၆ | ၆ | ၄၆ | ၂၁ | ၄၆ | ထိုထိုဝေဒနာနှင့်ယှဉ်သောစေတသိက် | |

ဝေဒနာစေတသိက်တစ်ပါးသည် ဝေဒနာအချင်းချင်းယှဉ်၍ မဖြစ်နိုင်ချေ။ ထို့ကြောင့် ဝေဒနာ ၅ မျိုးလုံးတွင် အကြဉ်ပြ ထားသည်။ ဥပမာ မောင်သုတသည် မောင်သုတနှင့်သူငယ်ချင်း မဖြစ်နိုင်၊ မောင်တိဿစသော အခြားပုဂ္ဂိုလ်များနှင့်သာ သူငယ်ချင်း ဖြစ်နိုင်သကဲ့သို့ ဖြစ်သည်။

ဂဟိတဂ္ဂဟဏနည်း (ထက်အောက် ဒေါင်လိုက်) နှင့် အဂ္ဂဟိတဂ္ဂဟဏနည်း (လက်ဝဲ၊လက်ျာ၊ အလျားလိုက်) သရုပ် မြင်အောင် လေ့လာနိုင်၏။

**ဝေဒနာသင်္ဂဟပြီး၏။**

# ၂။ ဟေတုသင်္ဂဟ

## (Summary of Roots)

**"ရေသောက်မြစ်နှယ်၊ ကျေးရူးကြွယ်၊ ကြီးကျယ်ကြောင်းရင်းများ"**

"ဟေတု"ဟူသော ပါဠိကို "ဟိတ်"ဟူ၍ မြန်မာမှုပြုထားသည်။ ဟိတ်(၆)ပါးရှိ၏။ လောဘဟိတ်၊ ဒေါသဟိတ်၊ မောဟဟိတ်၊ အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ် တို့ ဖြစ်ကြသည်။

ဟိတ်ဆိုသည်မှာ "ရေသောက်မြစ်နှယ်၊ကျေးရူးကြွယ်၊ကြီးကျယ်ကြောင်းရင်းများ" ဟု ဆိုသည့်အတိုင်း ရေသောက်မြစ်ပမာ ဆိုင်ရာအကျိုးများကို ဖြစ်စေသောကြောင့် "ဟိတ်" မည်၏။

ဟိတ်အပေါ်အခြေခံ၍ စိတ်, စေတသိက်တို့ကို ပေါင်းစုရေတွက်ပြခြင်းကို **"ဟေတုသင်္ဂဟ"** ဟုခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိတ် (၆) ပါး၏တရားကိုယ်

"လော + ဒေါ + မော သုံး၊ အ နှင့်သုံး၊ ခေါ်ထုံးဟိတ်ခြောက်ပါး။"

| စဉ် | ဟိတ် (roots) | တရားကိုယ်စေတသိက် | မှတ်ချက် |
|---|---|---|---|
| ၁ | လောဘဟိတ် **The Root of Attachment** | လောဘစေတသိက် | အကုသိုလ် ဟိတ် (၃) ပါး The 3- immoral roots. |
| ၂ | ဒေါသဟိတ် **The Root of Hatred** | ဒေါသစေတသိက် | |
| ၃ | မောဟဟိတ် **The Root of Ignorance** | မောဟစေတသိက် | |
| ၄ | အလောဘဟိတ် **The Root of Non-attachment** | အလောဘစေတသိက် | ကုသိုလ်ဟိတ် (၃) ပါး The 3- moral roots. |
| ၅ | အဒေါသဟိတ် **The Root of Good will** | အဒေါသစေတသိက် | |
| ၆ | အမောဟဟိတ် **The Root of Wisdom** | ပညိန္ဒြေစေတသိက် | |

ဟိတ် (၆) ပါးဟူသည် စေတသိက် (၅၂) ပါးအနက် အကုသိုလ်စေတသိက် အုပ်စုတွင် ပါဝင်သည့် **(လောဘ၊ ဒေါသ၊ မောဟ)** ဟူသော အကုသိုလ်စေတသိက် (၃) ပါး, သောဘနသာဓာရဏစေတသိက်အုပ်စုတွင်ပါဝင်သည့် **(အလောဘ၊ အဒေါသ)** ကုသိုလ်စေတသိက် (၂)ပါးနှင့် **ပညိန္ဒြေ** ဟူသော **(အမောဟ)** ကုသိုလ်စေတသိက်တို့ပင်ဖြစ်ကြသည်။ ထိုစေတသိက် (၆)ပါးသည် ဆိုင်ရာအကျိုးများကို ဖြစ်ပေါ်စေသောအကြောင်းများဖြစ်သောကြောင့် **"ဟိတ်"**လည်းမည်ပြန်သည်။

သစ်ပင်၏အမြစ်သည် ပင်စည်ကို မြေပေါ်၌ ခိုင်မြဲစွာ တည်စေနိုင်ပြီး ရှင်သန်ကြီးထွား ဖွံ့ဖြိုးစေနိုင်၏။ ထို့အတူ ရေသောက်မြစ်ပမာ ဟိတ် (၆) ပါးတို့သည် ယှဉ်ဖက်စိတ်, စေတသိက်တရားတို့ကို အာရုံပေါ်၌ ခိုင်မြဲစည်ပင်စေသည်။

သဟိတ်စိတ် (၇၁) ပါးကို (၁) ယှဉ်ဖက်ဟိတ် တစ်ပါးသာရှိသော ဧကဟိတ်စိတ် (၂) ယှဉ်ဖက်ဟိတ် နှစ်ပါးရှိသော ဒွိဟိတ်စိတ် (၃) ယှဉ်ဖက်ဟိတ် သုံးပါးရှိသော တိဟိတ်စိတ် ဟူ၍ (၃) မျိုး ခွဲခြားနိုင်၏။

## ၁။ ဧကဟိတ်စိတ် (၂) ပါး

## The 2-consciousness associated with one root.

ဟိတ် (၁) ပါးနှင့်သာ ယှဉ်သောစိတ် (၂) ပါးဆိုသည်မှာ မောဟမူစိတ် (၂) ပါးပင်ဖြစ်သည်။

ထိုမောဟမူစိတ် (၂) ပါးတို့၌ စေတသိက်ပေါင်း (၁၆) ပါး ယှဉ်ကြသည့်အနက် ဟိတ်ထိုက်သော (မောဟစေတသိက်) (၁)ပါးသာပါဝင်၏။ ထို့ကြောင့်မောဟစေတသိက် (၁)ပါး

www.burmeseclassic.com

www.burmeseclassic.com



နှင့်သာ ယှဉ်သော မောဟမူဒွေးကို "ဧကဟိတ်စိတ်"ဟုခေါ်သည်။

- **The two typs of consciousness associated with ignorance have only one root.**

## ၂။ ဒွိဟိတ်စိတ် (၂၂) ပါး

## The 22-consciousness associated with two roots.

(က) ဒေါသမူ (၂) ပါးတို့တွင် ဟိတ်ထိုက်သော ဒေါသဟိတ်နှင့်မောဟဟိတ် (၂) ပါးယှဉ်ကြသည်။

လောဘမူ(၈)ပါးတို့၌ လောဘဟိတ်နှင့်မောဟဟိတ် (၂) ပါးယှဉ်ကြသည်။

(ခ) ကာမသောဘန ဝိပ္ပယုတ်စိတ် (၁၂) ပါးတို့၌ အလောဘဟိတ်နှင့်အဒေါသဟိတ် (၂) ပါးယှဉ်ကြသည်။

အထက်ပါ အကုသိုလ်စိတ် (၁၀) ပါးနှင့် ကာမသောဘနဉာဏဝိပ္ပယုတ်စိတ် (၁၂) ပါး၊ ပေါင်း (၂၂) ပါးသောစိတ်တို့သည် ဟိတ် (၂) ပါးနှင့် ယှဉ်ကြသောကြောင့် ဒွိဟိတ်စိတ်များ ဖြစ်ကြသည်။

(a) The 8-types of consciousness associated with attachment have two roots, namely **ignorance** and **attachment**

The 2-types of consciousness associated with aversion have two roots, which are **ignorance** and **aversion.**

(b) There are 12-Sense sphere Beautiful types of consciousness disconnected with wisdom. These have two roots which are **non-attachment.** and **good-will.**

## ၃။ တိဟိတ်စိတ် (၄၇) ပါး

## (ဟိတ်သုံးပါးယှဉ်၊ တိဟိတ်တွင်၊ သရုပ်ဓာသတွေး)

## The 47-consciousness associated with Three roots.

ဟိတ် (၃) ပါးတို့နှင့်ယှဉ်သောစိတ် (၄၇) ပါးသည် သောဘနစိတ်များချည်း ဖြစ်ကြသည်။

| | | |
|---|---|---|
| (က)ကာမသောဘန ဉာဏသမ္ပယုတ်စိတ် | ၁၂ | ပါး |
| (ခ) မဟဂ္ဂုတ်စိတ် | ၂၇ | ပါး |
| (ဂ) လောကုတ္တရာစိတ် | ၈ | ပါး |
| **ပေါင်း** | **= ၄၇** | **ပါး** |

ထိုသောဘနစိတ် (၄၇) ပါးတို့သည် (အလောဘ၊ အဒေါသ၊ အမောဟ) ဟူသောကုသိုလ်ဟိတ် (၃) ပါးနှင့် တစ်ပေါင်းတည်း ယှဉ်ကြသည်။

(a) The 12-types of Kama-sobhana consciousness accompanied by wisdom,
(b) The 27-types of (Rupavacara and Arupavacara consciousness.),
(c) The 8-types of Lokuttara consciousness have the three roots, non-attachment, goodwill and wisdom.

www.burmeseclassic.com

www.burmeseclassic.com



## အဟိတ်နှင့်သဟိတ်စိတ်များခွဲခြားပြပုံဇယား

| စိတ်– ၈၉<br>အဟိတ် ၁၈<br>သဟိတ် ၇၁ | စိတ်သရုပ် | | ယှဉ် သော ဟိတ် များ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | အကုသိုလ်ဟိတ် | | | ကုသိုလ်ဟိတ် | | | |
| | အကုသိုလ်စိတ် | ကုသိုလ်စိတ် | လောဘ | ဒေါသ | မောဟ | အလောဘ | အဒေါသ | အမောဟ | ပေါင်း |
| အဟိတ် (၁၈) ပါး အဟိတ်ဆယ့်ရှစ်ပါး | – | – | – | – | – | – | – | – | – |
| **သဟိတ်အခွဲ** ၁။ ဧကဟိတ် (၂) ပါး | မောဟမူ– ၂ | – | – | – | မော | – | – | – | ၁ |
| ၂။ ဒွိဟိတ် (၂၂) ပါး | လောဘမူ– ၈ | – | လော | – | မော | – | – | – | ၂ |
| ဒွိဖြစ်ဝိသ+ဒွေး | ဒေါသမူ ၂ | – | – | ဒေါ | မော | – | – | – | ၂ |
| | | ကာမသောဘန ဉာဏ ဝိပ္ပ ယုတ် = ၁၂ | | | | အလော | အဒေါ | | ၂ |
| ၃။ တိဟိတ် (၄၇) ပါး ဟိတ်သုံးပါးယှဉ်၊ တိဟိတ်တွင်၊ သချာဇောသတ္တေး | – | (က)ကာမသော ဘနဉာဏသမ္ပ ယုတ်စိတ် ၁၂<br>(ခ)မဟဂ္ဂုတ် ၂၇<br>(ဂ)လောကုတ္တရာ စိတ် ၈<br>ပေါင်း = ၄၇ | – | – | – | အလော | အဒေါ | အမော | ၃ |

### အကုသိုလ်၌အဖြစ်များသောဟိတ်

အကုသိုလ်ဟိတ် (၃) ပါးအနက် မောဟဟိတ်သည် အကုသိုလ်ဖြစ်တိုင်း (အကုသိုလ် ၁၂ ပါးလုံး၌) ပါဝင်သောကြောင့် သတ္တဝါတို့၏ သန္တာန်၌ အဖြစ်အများဆုံး အကုသိုလ်ဟိတ်ဖြစ်သည်။

### အဟိတ်စိတ် (၁၈) ပါး

အဟိတ် (၁၈) ပါးတို့သည် ယှဉ်ဖက်တရားတို့ကို ခိုင်မြဲစေသော ဟိတ်တို့နှင့် မယှဉ်ရသောကြောင့် အခြေအမြစ် (ဟိတ်) မရှိသော စိတ်များဖြစ်သည်။

### ဧကဟိတ်ပုဂ္ဂိုလ်မရှိ

စိတ်၌ "ဧကဟိတ်" စိတ်ဟူ၍ရှိသော်လည်း ပုဂ္ဂိုလ်၌ "ဧကဟိတ်ပုဂ္ဂိုလ်" ဟူ၍ မရှိပါ။

ဧကဟိတ်စိတ်သည် ပဋိသန္ဓေစိတ်မဟုတ်။ ပဝတ္တိစိတ်မျှသာ ဖြစ်သောကြောင့် ဧကဟိတ်ပုဂ္ဂိုလ် ဟူ၍မရှိပါ။ အဟိတ်ပုဂ္ဂိုလ်, ဒွိဟိတ်ပုဂ္ဂိုလ်ဟူ၍ ခေါ်ဝေါ်ရခြင်းသည် ပဋိသန္ဓေနှင့်ယှဉ်သော စိတ်ကိုအစွဲပြု၍ခေါ်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဟိတ် (၆) ပါးကို တိက်၊ ဇာတ်၊ ပုဂ္ဂိုလ်၊ ဘူမိအားဖြင့် ခွဲခြားပြခြင်း

| စဉ် | တိက်၊ ဇာတ်၊ ပုဂ္ဂိုလ်၊ ဘူမိအားဖြင့် ဟိတ်ကိုခွဲပြပုံ | | | | | |
|---|---|---|---|---|---|---|
| | | ကု | အကု | အဗျာ | | ဟိတ်ပေါင်း |
| ၁ | တိက်အားဖြင့်ဟိတ် (၉) ပါး | ၃ | ၃ | ၃ | | ၉ |
| ၂ | ဇာတ်အားဖြင့်ဟိတ် (၁၂) ပါး | ကု ၃ | အကု ၃ | ဝိ ၃ | ကြိ ၃ | ၁၂ |
| ၃ | (ဘုံဟိတ်ရ)ကာမ | ၃ | ၃ | | | ၆ |
| | ရူပ | ၃ | ၂ | | | ၅-ဒေါကြဉ် |
| | အရူပ | ၃ | ၂ | | | ၅-ဒေါကြဉ် |
| ၄ | (ပုဂ္ဂိုလ်ဟိတ်ရ)ပုထု | ၃ | ၃ | | | ၆ |
| | သောတာ၊သကဒါ | ၃ | ၃ | | | ၆ |
| | အနာဂါမ် | ၃ | ၂ | | | ၅-ဒေါကြဉ် |
| | ရဟန္တာ | | | | ၃ | ၃ |

### ၁။ တိက်ဖြင့်ဟိတ် (၉) ပါး

တိက် (တိက) ဟူသည်မှာ သုံးခုတွဲဖြစ်၏။ စိတ်တို့ကို သုံးခုအစု ခွဲခြားပါက (၁) ကုသိုလ်စိတ် (၂) အကုသိုလ်စိတ်နှင့် (၃) အဗျာကတစိတ်ဟူ၍ (၃) မျိုးရှိသည်။ ထိုစိတ်တို့နှင့်ယှဉ်သော ဟိတ် (၃) မျိုးရှိသည်။

၁။ ကုသိုလ်ဟိတ် (၃) ပါး။ ။ ကုသိုလ်စိတ်များတွင် ယှဉ်သော (အလောဘ၊ အဒေါသ၊ အမောဟ) ကုသိုလ်ဟိတ် (၃)ပါး ဖြစ်သည်။

၂။ အကုသိုလ်ဟိတ် (၃) ပါး။ ။အကုသိုလ်စိတ်များတွင် ယှဉ်သော လောဘ၊ ဒေါသ၊ မောဟ ဟိတ် (၃) ပါးတို့သည် အကုသိုလ်ဟိတ်မည်၏။

၃။ အဗျာကတဟိတ် (၃) ပါး။ ။ အဗျာကတ (ဝိပါက်,ကြိယာ) စိတ်များတွင် ယှဉ်သော (အလောဘ၊ အဒေါသ၊ အမောဟ) ကုသိုလ်ဟိတ် (၃) ပါးကိုပင် အဗျာကတဟိတ် (၃) ပါးဟု ခေါ်သည်။

ကုသိုလ်ဟိတ် (၃) ပါး၊ အကုသိုလ်ဟိတ် (၃) ပါးနှင့် အဗျာကတဟိတ် (၃) ပါး၊ ပေါင်း တိက်အားဖြင့် ဟိတ် (၉)ပါး ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဟိတ်နှင့်ယှဉ်မယှဉ် စေတသိက်တို့ကို "ဂဟိတဂ္ဂဟဏ" နည်းဖြင့် ရေတွက်ပြခြင်း။

| စဉ် | စိတ် | ယှဉ်စေ | ဟိတ်စေ | ကျန် |
|---|---|---|---|---|
| | အဟိတ် (၁၈) | အည ၁၂ (ဆန္ဒကြဉ်) | – | ၁၂ |
| | | အဟိတ်စေတသိက် ၁၂ | | |

| စဉ် | စိတ် | ယှဉ်စေတသိက် | ဟိတ်စေ | ကျန်–စေ |
|---|---|---|---|---|
| ၂ | မောဟမူ ၂ | (က) အည ၁၁ | – | ၁၁ |
| | | (ခ) မော ၄ | ၁ | ၃ |
| | | (ဂ) ဝိစိကိစ္ဆာ ၁ | | ၁ |
| | | ပေါင်း= ၁၆ | ဟိတ်စေ ၁ | ဧကဟိတ် ၁၅ |
| | | အဟိတ်စေပေါင်း ၁၃ | | |

| စဉ် | စိတ် | ယှဉ်သောစေတသိက် | | ဟိတ်စေ | | ကျန်စေ |
|---|---|---|---|---|---|---|
| ၃ | ဒွိဟိတ်စိတ် (၂၂) | အညသမာန်း- | ၁၃ | | – | ၁၃ |
| | | မောစတုက် - | ၄ | မောဟ | ၁ | ၃ |
| | လောဘမူ ၈ | လောတြိ - | ၃ | လောဘ | ၁ | ၂ |
| | ဒေါသမူ ၂ | ဒေါစတုက် - | ၄ | ဒေါသ | ၁ | ၃ |
| | | ထိန၊ မိဒ္ဓ - | ၂ | | – | ၂ |
| | သောဘန | သောဘန | | အလောဘ | ၁ | ၁၇ |
| | ဉာဏဝိပ္ပ | သာဓာရဏ- | ၁၉ | အဒေါသ | ၁ | |
| | ယုတ် ၁၂ | ဝိရတီ - | ၃ | | – | ၃ |
| | | အပ္ပမညာ - | ၂ | | – | ၂ |
| | | ပေါင်း: = | ၅၀ | ဧကဟိတ် | ၅ | ဒွိဟိတ် ၄၅ |
| | | ဧကဟိတ် စေတသိက်ပေါင်း = | | | ၂၀ | |

| စဉ် | စိတ် | ယှဉ်သော စေတသိက် | | ဟိတ်စေ | ကျန် |
|---|---|---|---|---|---|
| ၄ | တိဟိတ် (၄၇) | (က) အညသမာန်း | ၁၃ | – | ၁၃ |
| | | (ခ) သဗ္ဗစိတ္တသာဓာရဏ | ၁၉ | အလောဘ ၁ အဒေါသ ၁ | ၁၇ |
| | | (ဂ) ဝိရတီ | ၃ | – | ၃ |
| | | (ဃ) အပ္ပမညာ | ၂ | – | ၂ |
| | | (င) ပညိန္ဒြေ | ၁ | ပညာ ၁ | ၁ |
| | | | | ဒွိဟိတ် ၃ | တိဟိတ် ၃၅ |
| | | ဒွိဟိတ် စေတသိက် ပေါင်း: | | ၄၈ | တိဟိတ် ၃၅ |

www.burmeseclassic.com

www.burmeseclassic.com



## ဟိတ်နှင့်ယှဉ်, မယှဉ်သော စေတသိက်တို့ကို ဂဟိတဂ္ဂဟဏနည်းဖြင့် ရေတွက်ပြခြင်း။

## အဟိတ်စေတသိက် (၁၃) ပါး (အဟိတ်တေရသ)

အဟိတ်စိတ် (၁၈) ပါးတွင် ဆန္ဒကြဉ်သော အညသမာန်းစေတသိက် (၁၂) ပါး ယှဉ်ကြသည်။ အဟိတ်စိတ်နှင့် ယှဉ်ခိုက် ထိုစေတသိက် (၁၂) ပါးသည် ယှဉ်ဖက်ဟိတ်မရှိသောကြောင့် "အဟိတ်စေတသိက်" များဖြစ်သည်။

မောဟမူဒွေး၌ စေတသိက် (၁၆) ပါး ယှဉ်သည့်အနက် ဟိတ်ထိုက်သော မောဟစေတသိက်သည် အခြား ယှဉ်ဖက်ဟိတ် မရှိသောကြောင့် အဟိတ်စေတသိက်ဖြစ်သည်။

ထိုဆန္ဒကြဉ်သော အညသမာန်းစေတသိက် (၁၂) ပါးနှင့် မောဟစေတသိက် (၂) ရပ်ပေါင်းသော် အဟိတ်စေတသိက် (၁၃) ပါးကိုရသည်။

## ဧကဟိတ်စေတသိက်အပါး (၂၀)

မောဟမူဒွေး၌ယှဉ်ကြသော စေတသိက် (၁၆) ပါးအနက် မောဟမှ ကြွင်းသော စေတသိက် (၁၅) ပါးသည် မောဟဟိတ် (၁) ပါးနှင့် ယှဉ်သဖြင့် "ဧကဟိတ်စေတသိက်" များ ဖြစ်ကြသည်။

ဒွိဟိတ် (၂၂) ပါးတွင်ယှဉ်ကြသော စေတသိက်အပါး (၅၀) အနက် (လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ) စေတသိက် (၅) ပါးသည် ဟိတ်ထိုက်သော စေတသိက် (၅) ပါးဖြစ်သည်။ ထိုဟိတ် (၅) ပါးတို့သည် ဆိုင်ရာအချင်းချင်း တစ်ပါးစီနှင့် အပြန်အလှန် ယှဉ်ကြသောကြောင့် "ဧကဟိတ် စေတသိက်"များ ဖြစ်ကြသည်။

အထက်ပါ ဧကဟိတ်စေတသိက် (၂) ရပ်ကို ပေါင်းသော် ဧကဟိတ် စေတသိက်အပါး (၂၀) (ဧက–နှစ်ဆယ်) ဖြစ်၏။

## ဒွိဟိတ်စေတသိက် (၄၈) ပါး

ဒွိဟိတ်စိတ် (၂၂) ပါးတွင် ယှဉ်ကြသော စေတသိက် (၅၀) တွင် ဧကဟိတ် (၅) ပါးမှအပ ကြွင်းသော စေတသိက် (၄၅) ပါးတို့သည် ဆိုင်ရာဟိတ် (၂) ပါးတို့နှင့် ယှဉ်ကြသောကြောင့် "ဒွိဟိတ်စေတသိက်"များ ဖြစ်ကြသည်။

ထို့ပြင် တိဟိတ်စိတ် (၄၇) ပါးတွင် ယှဉ်ကြသော စေတသိက် (၃၈) ပါးအနက်၊ ဟိတ်ထိုက်သော (အလောဘ၊ အဒေါသ၊ အမောဟ) ဟူ၍ ဟိတ် (၃) ပါး ပါဝင်သည်၊ ဟိတ်တစ်ပါးသည် အခြားဟိတ် (၂) ပါးတို့နှင့် ယှဉ်ကြသောကြောင့် ထိုဟိတ် (၃) ပါးသည် (ဒွိဟိတ်စေတသိက်များ) ပင် ဖြစ်ကြသည်။

အဆိုပါ ဒွိဟိတ်စေတသိက် (၂) ရပ်ကိုပေါင်းသော် (၄၅+၃) (၄၈) ပါးသော (ဒွိဝယ်၌စတ်) ဒွိဟိတ်စေတသိက်များကို ရသည်။

## တိဟိတ်စေတသိက် (၃၅) ပါး

တိဟိတ်စိတ် (၄၇) ပါးတွင် ယှဉ်ကြသော စေတသိက် (၃၈) ပါးတွင် ဒွိဟိတ် (၃) ပါးမှအပ ကျန်စေတသိက် (၃၅) ပါးတို့သည် (အလောဘ၊ အဒေါသ၊ အမောဟ) ဟူသော ဟိတ် (၃) ပါးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ယှဉ်ကြသည်။ ထိုဟိတ် (၃) ပါးနှင့် ယှဉ်သော စေတသိက် (၃၅) ပါးတို့သည် တိဟိတ်စေတသိက်များ ဖြစ်ကြသည်။ (တိဟိတ်မှတ်၊ ရလတ်သုံးဆယ့်ငါး)။

## ဘုံ (၃) ပါး၌ အဟိတ်, ဒွိဟိတ်, တိဟိတ်စိတ်များရပုံ

| | |
|---|---|
| ၁။ ကာမဘုံ = ၁၇<br>၈<br>၄ ၄<br>၅ ၅ ရှိ<br>၄+၄ ၄+၄ ၄<br>+၁ ၄<br>၁၀<br>၂ | ၁။ အဟိတ်စိတ် = ၁၈<br>၂။ ကေဟိတ်စိတ် (မော ၂) = ၂<br>၃။ ဒွိဟိတ်စိတ် (၁၀+၄+၄+၄) = ၂၂<br>၄။ တိဟိတ်စိတ် (၂၆+၄+၄+၄) = ၃၈ |
| ၁။ ရူပဘုံ = ၁၂<br>၈<br>၄ ၄<br>၅ ၅ ၅<br>၄+၄ ၄+၄<br>၈<br>၂ | ၁။ အဟိတ်စိတ် (ဃာ, ဇိ၊ကာ–၆–ကြဉ်) = ၁၂<br>၂။ ကေဟိတ်စိတ် = ၂<br>၃။ ဒွိဟိတ်စိတ် (၈+၄+၄) = ၁၆<br>၄။ တိဟိတ်စိတ် (၂၆+၅+၄+၄) = ၃၉ |
| ၁။ အရူပဘုံ = မ–၁<br>၇<br>၄ ၄ ၄<br>၄+၄ ၄+၄<br>၈<br>၂ | ၁။ အဟိတ်စိတ် (မနောဒွါရာ) = ၁<br>၂။ ကေဟိတ်စိတ် = ၂<br>၃။ ဒွိဟိတ်စိတ် = ၁၆<br>၄။ တိဟိတ်စိတ် (၁၅+၄+၄+၄) = ၂၇ |

### ကာမဘုံ

၁။ တိဟိတ်စိတ် (၄၇) ပါးရှိသော်လည်း မဟဂ္ဂုတ်ဝိပါတ် (၉) ပါးတို့ကို ကာမဘုံ၌ မရနိုင်သော ကြောင့် (၄၇–၉)= ၃၈ ပါးသာရ၏။

၂။ ကာမဘုံ၌ ပုဂ္ဂိုလ် (၁၂) ဦးတို့တွင် ပုထုဇဉ် (၄) ဦးနှင့်၊ အောက်ဖလဋ္ဌာန်၊ ပုဂ္ဂိုလ် (၂) ဦး တို့သည် ဟိတ် (၆) ပါးလုံးကိုရရှိ၏။

၃။ အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်သည် ဒေါသဟိတ်မဖြစ်၊ ကျန်ဟိတ် (၅) ပါးဖြစ်သည်။

၄။ မဂ္ဂဋ္ဌာန်–၄ ဦးနှင့် အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့သည် (အလောဘ၊ အဒေါသ၊ အမောဟဟိတ်) ၃–ပါးသာရ၏။

### ရူပဘုံ

၁။ ရူပဘုံ၌ မဟာဝိပါက် ဉာဏသမ္ပယုတ် (၄) ပါး၊ အရူပဝိပါက် (၄) ပါး၊ ပေါင်း=၈ ပါး မရသဖြင့် (၄၇– ၈) တိဟိတ်စိတ် (၃၉) ပါးသာရ၏။

၂။ ဃာန, ဇိဝှာ, ကာယဝိညာဏ် (၆) ပါး မရ၍ အဟိတ်စိတ်မှ (၁၈–၆)= ၁၂ ပါးရ၏။

၃။ မဟာဝိပါက် စိတ် (၄) ပါးမရနိုင်၍ ဒွိဟိတ်စိတ် (၂၂–၄) = ၁၈ ပါးသာရ၏။

၄။ တိဟိတ် ပုထုဇဉ်နှင့် အောက်ဖလဋ္ဌာန် (၃) ဦးတို့မှာ ဒေါသကြဉ် ဟိတ်– ၅–ပါးရ၏။

၅။ မဂ္ဂဋ္ဌာန်–၄ ဦး၊ အရဟတ္တဖလဋ္ဌာန်တို့၌ အလောဘ, အဒေါသ, အမောဟ ဟိတ် (၃) ပါးသာရ၏။

### အရူပဘုံ

၁။ မဟာဝိပါက် ဉာဏသမ္ပယုတ် ၄ ပါး၊ ရူပစိတ် (၁၅) ပါး၊ သောတာပတ္တိမဂ်စိတ် (၁) ပါးကို မရသောကြောင့် တိဟိတ်စိတ် (၄၇–၂၀) = ၂၇ ပါးသာရ၏။

၂။ အရူပတိဟိတ် ပုထုဇဉ် ၁ ဦး၊ အောက်ဖလဋ္ဌာန် (၃) ဦးတို့သည် ဒေါသဟိတ်ကြဉ် ဟိတ် ၅–ပါး ရ၏။

၃။ အထက်မဂ္ဂဋ္ဌာန် (၃) ဦး၊ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့၌ အလောဘ၊ အဒေါသ၊ အမောဟ ဟိတ် (၃) ပါးရ၏။

www.burmeseclassic.com

www.burmeseclassic.com



## ဟိတ်နှင့်ယှဉ်သော စေတသိက်တို့ကို အင်္ဂဟိတင်္ဂဟဏနည်းဖြင့် ရေတွက်ပြခြင်း

| စဉ် | စေတသိက် | | ယှဉ် သော ဟိတ် | | | | | |
|---|---|---|---|---|---|---|---|---|
| | | | အကုသိုလ်ဟိတ် | | | ကုသိုလ်ဟိတ် | | |
| | | | လော | ဒေါ | မော | အလော | အဒေါ | အမော |
| ၁ | **ကေဟိတ် စေတသိက် (၃) ပါး** | | | | | | | |
| | လောဘ၊ ဒေါသ၊ ဝိစိကိစ္ဆာ | ၃ | – | – | မော | – | – | – |
| ၂ | **ဒွိဟိတ် (၉) ပါး** | | | | | | | |
| | ၁။ မောဟ | ၁ | လော | ဒေါ | | | | |
| | ၂။ ဒိဋ္ဌိ | ၁ | လော | – | မော | | | |
| | ၃။ မာန | ၁ | လော | | မော | | | |
| | ၄။ ဣဿာ | ၁ | | ဒေါ | မော | | | |
| | ၅။ မစ္ဆရိယ | ၁ | – | ဒေါ | မော | | | |
| | ၆။ ကုက္ကုစ္စ | ၁ | | ဒေါ | မော | | | |
| | ၇။ အလောဘ | ၁ | | | – | အဒေါ | အမော | |
| | ၈။ အဒေါသ | ၁ | | | | အလော | – | အမော |
| | ၉။ အမောဟ | ၁ | | | | အလော | အဒေါ | – |
| ၃ | **တိဟိတ် (၂၇) ပါး** | | | | | | | |
| | ၁။ အဟိရိက၊ အနောတ္တပ္ပ ဥဒ္ဓစ္စ၊ ထိန၊ မိဒ္ဓ | ၅ | လော | ဒေါ | မော | – | – | – |
| | ၂။ ဟိတ် (၃)ပါးကြဉ် သောဘန | ၂၂ | – | – | – | အလော | အဒေါ | အမော |
| ၄ | **ပဉ္စဟိတ် (၁) ပါး** | | | | | | | |
| | ပီတိ | ၁ | လော | – | မော | အလော | အဒေါ | အမော |
| ၅ | **ဆဟိတ် (၁၂) ပါး** | | | | | | | |
| | ပီတိကြဉ်အညသမာန်း | ၁၂ | လော | ဒေါ | မော | အလော | အဒေါ | အမော |
| | ထိုထိုဟိတ်နှင့်ယှဉ်သောစေတသိက် | | ၂၁ | ၂၁ | ၂၆ | ၃၇ | ၃၇ | ၃၇ |

**ဟေတုသင်္ဂဟ ပြီး၏။**

www.burmeseclassic.com

www.burmeseclassic.com



# ၃ ။ ကိစ္စသင်္ဂဟ

## Summary Of Functions

"ကိစ္စ"ဟူသည်မှာ အမှုလုပ်ငန်းကိုခေါ်သည်။ လောက၌ ရောင်းဝယ်မှု၊ တရားဆုံးဖြတ်မှုစသော လူတို့၏ ဆောင်ရွက်စရာ အမှုလုပ်ငန်းကို "ကိစ္စ" ဟုခေါ်၍၊ ထိုလုပ်ငန်းကို ပြုလုပ်ရာအလုပ်ရုံကို "ဌာန" ဟုခေါ်သည်။ ထိုနည်းအတူ စိတ်တို့၏ရွက်ဆောင်ကြသော အမှုလုပ်ငန်းများကို "ကိစ္စ"ဟု ခေါ်ဆိုသည်။

စိတ်တို့၏ ရွက်ဆောင်ကြသော အမှုလုပ်ငန်း ကိစ္စကို အခြေခံ၍ စိတ်၊ စေတသိက်တို့ကို ရေတွက်ပြခြင်းကို "ကိစ္စသင်္ဂဟ" ဟုခေါ်သည်။

### ကိစ္စနှင့်ဌာနအထူး

တရားသူကြီး၊ တရားစီရင်မှုကိစ္စ၊ ရုံးဟူ၍ (၃) မျိုးရှိသကဲ့သို့ **ပဋိသန္ဓေစိတ်၊ ဆက်စပ်မှုလုပ်ငန်း၊ ဆက်စပ်မှု ပြုလုပ်ရာ ဌာန**အားဖြင့် သဘောတူပုံကို ကြည့်၍ ကိစ္စနှင့် ဌာနတို့ သဘောမတူကြောင်း သိနိုင်သည်။

* ထိုထိုစိတ်ဓာတ်၊ ပရမတ်၏ စပ်ဟပ်ပေးခြင်း၊ အခြင်းအရာ စသည်မှာ များစွာကိစ္စဆို။

ကိစ္စနှင့် ဌာနသဘောကား ဘဝကူးသည့် မရဏာသန္နဝီထိစိတ်အစဉ်၌ (စုတိ၊ ပဋိသန္ဓေ၊ ဘဝင်) ဟူ၍ စိတ် (၃)ခုရှိရာ စုတိစိတ်နှင့် ဘဝင်စိတ်အကြား၌ ဆက်စပ်ခြင်းကိစ္စရှိသော ပဋိသန္ဓေ စိတ်ဖြစ်၏။ ထိုပဋိသန္ဓေစိတ်ဖြစ်ရန် စုတိနှင့် ဘဝင်အကြား **ကာလတိုကလေးကို** (ပဋိသန္ဓေဌာန) ဟုခေါ်သည်။ ပဋိသန္ဓေဌာနသည် ပဋိသန္ဓေစိတ် (ဝါ) ပဋိသန္ဓေကိစ္စ ဖြစ်တည်ရာ ကာလပိုင်းဖြစ်သည်။ ထို့ကြောင့် ပဋိသန္ဓေဌာန၌ ပဋိသန္ဓေကိစ္စဖြစ်ရသည်။

စိတ်တို့၏ ကိစ္စဆောင်ရွက်ရာ (ရှေ့စိတ်နှင့်နောက်စိတ်တို့၏ အကြား စိတ်တစ်ခုဖြစ်လောက်ရာ ကြားကာလတိုကလေး) ဖြစ်သည့် **"ဌာန"သည် ပရမတ်မဟုတ်၊ ပညတ်ဖြစ်သည်**။ သို့အတွက် အန္တရပညတ် (အန္တရ=အကြားဖြစ်သော+ပညတ်တရား) ဟု သုံးစွဲခေါ်ဝေါ်သည်။

* စိတ်တစ်မျိုး၏၊ ရှေ့နောက်ရှိသည့်၊ စုတိဘဝင်၊ စထွင်အများ၊ စိတ် (၂) ပါး၏၊ အကြားကာလ၊ အန္တရခေါ်အပ်၊ ယင်းပညတ်၊ မှတ်လေဌာနကို။

### ဌာန (၁၀) ပါး ကိစ္စ (၁၄) ပါးနှင့် ကိစ္စဝန္တ

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဌာန ၁၀ ပါး | ၁ | ၂ | ၃ | ၄ | | | | | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| | ပဋိသန္ဓေ | ဘဝင် | အာဝဇ္ဇန်း | ပဉ္စဝိညာဏ်ဌာန | | | | | သမ္ပဋိစ္ဆိုင်း | သန္တီရဏ | ဝုဋ္ဌော | ဇော | တဒါရုံ | စုတိ |
| | | | | ဒဿန | သဝန | ဃာယန | သာယန | ဖုသန | | | | | | |
| ကိစ္စ ၁၄ ပါး | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| | ပဋိ ဆက်စပ် | ဘဝင် စီစဉ် | အာ ဆင်ခြင် | ဒ မြင်ရှု | သ ကြားနာ | ဃာ နံမှု | သာ လျက်မှု | ဖု တွေ့ထိ | သံ လက်ခံ | ဏ စစ်ဆေး | ဝု ပိုင်းခြား | ဇော ခံစား | ရုံ လိုက်စား | စု ရွှေ့လျား |
| ကိစ္စဝန္တ (သချာ) | ၁၉ | ၁၉ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၃ | ၁ | ၅၅ | ၁၁ | ၁၉ |
| (ကိစ္စဆောင်ရွက်သော စိတ်) | ၄ ၅ ၈ -၂ | ၄ ၅ ၈ -၂ | မ/ပ | စ/၂ | သော/၂ | ဃာ/၂ | ဇိ/၂ | ကာ/၂ | သံ/၂ | ဏ/၂ +၁ | မ | ၈ ၄ ၄ ၅ ၅ ၈ ၈ +၁ ၁၂ | ၈ -၂ +၁ | ၄ ၅ ၈ -၂ |

www.burmeseclassic.com

www.burmeseclassic.com



စိတ်တို့၏ကိစ္စဆောင်ရွက်ရာဌာနသည် ရှေ့စိတ်နှင့်နောက်စိတ်တို့၏ အကြားကာလတိုကလေး ဖြစ်သည့် အန္တရပညတ် ပင်ဖြစ်သည်။ အာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းတို့၏ အကြားကာလသည် (ဒဿန ကိစ္စ၊ သဝနကိစ္စ၊ ဃာယနကိစ္စ၊ သာယနကိစ္စ၊ ဖုသနကိစ္စ) ဟူ၍ (၅) ကိစ္စတို့ဖြစ်ရာ (ပဉ္စဝိညာဏ် ဌာန) ဟု တစ်ဌာနတည်း သတ်မှတ်ထားသောကြောင့် ကိစ္စ (၁၄) ပါး ရှိသော်လည်း ဌာနအားဖြင့် (၁၀) ပါးသာရှိ၏။

### စိတ်တို့ဆောင်ရွက်ကြသည့်ကိစ္စ (၁၄) ပါး
### 14 kinds of functions performed by cittas

* "ဆက်စပ်, စီစဉ်, ဆင်ခြင်, မြင်ရှု၊ ကြားနာမှုနှင့်၊ နံမှု၊ လျက်မှု၊ တွေ့ထိမှုမှန်, လက်ခံ, စစ်ဆေး၊ ပိုင်းခြားရေးတည့်၊

* သိရေးတွင်ကျယ်၊ တာတွယ်လိုက်စား၊ ရွေ့ရှားပြောင်းစွာ၊ ဆယ့်လေးဖြာ၊ ပြုရာကိစ္စစဉ်။"

၁။ ပဋိသန္ဓေကိစ္စ။ ။ (ဆက်စပ် re-linking) **ဘဝဟောင်းနှင့်ဘဝသစ် (၂) ရပ်ကို တစ်စပ်တည်း ထင်မှတ်ရအောင် ဆက်စပ်ပေးခြင်းကိစ္စ။**

၂။ ဘဝင်ကိစ္စ။ ။ (စီစဉ်= Life-continuum) **ကံအရှိန်ရှိသမျှ တစ်ဘဝလုံး နာမ်ခန္ဓာ အစဉ်မပြတ်ရအောင် ဘဝ၏ဖြစ်ကြောင်း စီစဉ်ပေးမှုကိစ္စ။**
(ပဋိသန္ဓေစိတ်၏ အခြားမဲ့၌ စိတ်အစဉ်ပြတ်လျှင် တစ်ဘဝအဆုံးသတ်ရဖွယ် ရှိ၍ ဘဝင်စိတ်ဆက်လက်ဖြစ်ရ၏။ ပဝတ္တိအခါ၌လည်း ဆိုင်ရာအာရုံသစ် များအတွက် ဝီထိစိတ်များဖြစ်ပြီး ချုပ်ပျောက်သောအခါ ဘဝင်စိတ်မပေါ်လာ ပါက ဘဝခန္ဓာ ပြတ်ဖွယ်ရှိ၏။ ကံအရှိန်ရှိသမျှ တစ်ဘဝလုံး နာမ်ခန္ဓာအစဉ် မပြတ်ရအောင် ဘဝင်စိတ်က ဆက်စပ်ပေးရ၏။)

၃။ အာဝဇ္ဇန်းကိစ္စ။ ။ (ဆင်ခြင် = apprehending) **အာရုံ (အသစ်) ကို ဆင်ခြင်မှုကိစ္စ။**

၄။ ဒဿနကိစ္စ။ ။ (မြင်ရှု = seeing) **အဆင်းကို မြင်ခြင်းကိစ္စ။**

၅။ သဝနကိစ္စ။ ။ (ကြားနာ = hearing) **အသံကိုကြားခြင်းကိစ္စ။**

၆။ ဃာယနကိစ္စ။ ။ (နံမှု = smelling) **အနံ့ခံယူခြင်းကိစ္စ။**

၇။ သာယနကိစ္စ။ ။ (လျက်မှု = tasting) **ရသာရုံကို လျက်မှု၊ စားမှု၊ သာယာမှုကိစ္စ။**

၈။ ဖုသနကိစ္စ။ ။ (တွေ့ထိ = contacting) **တွေ့ထိခြင်းကိစ္စ။**

၉။ သမ္ပဋိစ္ဆိုင်းကိစ္စ။ ။ (လက်ခံ=receiving) **အာရုံကိုခံယူသကဲ့သို့ ဖြစ်ခြင်းကိစ္စ။**
(အာဝဇ္ဇန်း စိတ်ကဆင်ခြင်၍ ပဉ္စဝိညာဏ်က ယူပြီးသောအာရုံကို လက်သင့်ခံခြင်းအလုပ်သည် သမ္ပဋိစ္ဆိုင်း စိတ်၏ကိစ္စဖြစ်သည်။)

၁၀။ သန္တီရဏကိစ္စ။ ။ (စစ်ဆေး = investigating) **အာရုံကောင်းမကောင်းကို စုံစမ်းစစ်ဆေးခြင်း ကိစ္စ။**
(သမ္ပဋိစ္ဆိုင်းစိတ်ကလက်ခံထားသော အာရုံကိုကောင်း, မကောင်း စုံစမ်းခြင်း ကိစ္စကို သန္တီရဏ စိတ်က ဆောင်ရွက်သည်။)

www.burmeseclassic.com

www.burmeseclassic.com



၁၁။ ဝုဋ္ဌောကိစ္စ။ ။ (ပိုင်းခြား=determining )အာရုံကို (သာယာဖွယ်၊ မသာယာဖွယ်)ဟူ၍ ပိုင်းခြားမှတ်သားခြင်း၊ ဆုံးဖြတ်ခြင်းကိစ္စ။

၁၂။ ဇောကိစ္စ။ ။ (ခံစား = javana) အာရုံ၏အရသာကို အရှိန်အဟုန်ဖြင့် ခံစားခြင်းကိစ္စ။

၁၃။ တဒါရုံကိစ္စ။ ။ (လိုက်စား = retention) ဇော၏နောက်သို့ အစဉ်လိုက်ပြီး ဇော၏အာရုံကို ဆက်လက်ယူခြင်းကိစ္စ။

၁၄။ စုတိကိစ္စ။ ။ (ရွေ့လျား = decease ) ဖြစ်ဆဲဘဝမှ ရွေ့လျောခြင်းကိစ္စ။ (ကံအရှိန်ကုန်သောအခါ ဘဝင်စိတ်သည် နောက်ထပ်မဆက်စပ်နိုင်တော့၊ အဆုံးသတ်ဖြစ်သော ဘဝင်စိတ်ကိုပင် ဖြစ်ဆဲဘဝမှ လျောကျခြင်း သဘောကြောင့် (စုတိစိတ်)ဟုခေါ်၏။

## ဌာနကြီး (၁၀) ပါးနှင့် ထိုဌာနများ၌ ဆိုင်ရာကိစ္စကိုဆောင်ရွက်သည့်စိတ်များ။
**10-Thanas (The functioning places or stations)**

| စဉ် | ကိစ္စဆောင်ရွက်ရာဌာနကြီး (၁၀) ပါး | ဆိုင်ရာ ကိစ္စတပ်သော (=ကိစ္စကိုဆောင်ရွက်သော) စိတ်သရုပ် | စိတ်ပေါင်း |
|---|---|---|---|
| ၁ | **ပဋိသန္ဓေဌာန**<br>(ပဋိသန္ဓေစိတ်ဖြစ်ပေါ်ရာ စုတိနှင့် ဘဝင်အကြားကာလ)<br>The functioning station of relinking | **ပဋိသန္ဓေကိစ္စကို ဆောင်ရွက်သည့်စိတ်**<br>(က) ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၂<br>(ခ) မဟာဝိပါက်စိတ် ၈<br>(ဂ) မဟဂ္ဂုတ်ဝိပါက်စိတ် ၉<br>ပေါင်း ၁၉<br>ဤ(၁၉)ပါးသောစိတ်တို့သည် ပဋိသန္ဓေကိစ္စကိုဆောင်ရွက်ကြ၏။<br>The nineteen types of consciousness perform the functions of relinking.<br>They are:—<br>(a) The two types of investigating consciousness.<br>(b) eight great resultants<br>(c) nine form-sphere and Formless sphere resultants. | ၁၉ ပါး |
| ၂ | **ဘဝင်ဌာန**<br>(ဘဝင်စိတ်ဖြစ်ပေါ်ရာပဋိသန္ဓေနှင့် အာဝဇ္ဇန်းအကြားကာလ)<br>The functioning station of life-continuum | **ဘဝင်ကိစ္စကို ဆောင်ရွက်သည့်စိတ်**<br>(က) ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ် ၂<br>(ခ) မဟာဝိပါက်စိတ် ၈<br>(ဂ) မဟဂ္ဂုတ်ဝိပါက်စိတ် ၉<br>ပေါင်း ၁၉ | ၁၉ ပါး |

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | ကိစ္စဆောင်ရွက်ရာဌာနကြီး (၁၀) ပါး | ဆိုင်ရာ ကိစ္စတပ်သော(=ကိစ္စကိုဆောင်ရွက်သော)စိတ်သရုပ် | စိတ်ပေါင်း |
|---|---|---|---|
| ၃ | **အာဝဇ္ဇန်းဌာန**<br>(အာဝဇ္ဇန်းစိတ်ဖြစ်ပေါ်ရာဘဝင်နှင့်ပဥ္စဝိညာဏ်အကြားကာလ)<br>The functioning station of apprehending | **အာဝဇ္ဇန်းကိစ္စကို ဆောင်ရွက်သည့်စိတ်**<br>(က) ပဉ္စဒွါရာဝဇ္ဇန်းစိတ် ၁<br>(ခ) မနောဒွါရာဝဇ္ဇန်းစိတ် ၁<br>ပေါင်း ၂<br>Five sense- door adverting consciousness and Mind- door adverting consciousness perform the function of apprehending. | ၂ ပါး |
| ၄ | **ပဥ္စဝိညာဏ်ဌာန**<br>(ပဥ္စဝိညာဏ်စိတ်၁၀ပါးဖြစ်ပေါ်ရာ အာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်း အကြားကာလ)<br>The functioning station of fivetlod sense-impressions. | **ပဥ္စဝိညာဏ်ကိစ္စကိုဆောင်ရွက်သည့်စိတ် ၁၀ ပါး**<br>(က)စက္ခုဝိညာဏ်ဒွေးသည် ဒဿန(မြင်မှု)ကိစ္စတပ်၏။ ၂<br>(ခ) သောတဝိညာဏ်ဒွေးသည် သဝန(နံမှု)ကိစ္စတပ်၏။ ၂<br>(ဂ) ဃာနဝိညာဏ်ဒွေးသည်ဃာယန(ကြားနာမှု)ကိစ္စတပ်၏။ ၂<br>(ဃ)ဇိဝှါဝိညာဏ်ဒွေးသည် သာယန(လျက်မှု)ကိစ္စတပ်၏။ ၂<br>(င) ကာယဝိညာဏ်ဒွေးသည်ဖုသန(တွေ့ထိမှု)ကိစ္စတပ်၏။ ၂<br>ပေါင်း ၁၀<br>The two tyes of<br>(a) Eye-consciousness perform the function of seeing.<br>(b) The Two types of Ear-consciousess perform the function of hearing.<br>(c)The two type of Nose-consciousness perform the function of smelling.<br>(d)The two types of Tongue-conscisusness perform function of tasting.<br>(e)The two types of Body-consciousness perform the function of contacting. | |
| ၅ | **သမ္ပဋိစ္ဆိုင်းဌာန**<br>(သမ္ပဋိစ္ဆိုင်းစိတ်ဖြစ်ပေါ်ရာ ပဥ္စဝိညာဏ်နှင့်သန္တီရဏ အကြားကာလ)<br>The functioning station of receiving | သမ္ပဋိစ္ဆိုင်းကိစ္စကိုဆောင်ရွက်သည့် သမ္ပဋိစ္ဆိုင်းစိတ် ၂<br>The 2- types of Receiving consciousness perform the function of receiving. | ၂ ပါး |
| ၆ | **သန္တီရဏဌာန**<br>(သန္တီရဏစိတ်ဖြစ်ပေါ်ရာ သမ္ပဋိစ္ဆိုင်းနှင့် ဝုဋ္ဌောအကြားကာလ)<br>The functioning station of investigating | **သန္တီရဏကိစ္စကိုဆောင်ရွက်သည့် သန္တီရဏစိတ်** +၁<br>The 3- tycs of Investigating consciousness -၂<br>perform the function of investigating.<br>ပေါင်း ၃ | ၃ ပါး |

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | ကိစ္စဆောင်ရွက်ရာဌာနကြီး (၁၀) ပါး | ဆိုင်ရာ ကိစ္စတပ်သော (ကိစ္စကိုဆောင်ရွက်သော) စိတ်သရုပ် | စိတ်ပေါင်း |
|---|---|---|---|
| ၇ | **ဝုဋ္ဌော ဌာန**<br>(ဝုဋ္ဌောစိတ်ဖြစ်ပေါ်ရာ သန္တီရဏနှင့်ဇောအကြားကာလ)<br>The functioning station of determining | **ဝုဋ္ဌောကိစ္စကိုဆောင်ရွက်သည့်စိတ်** ၁<br>ဝုဋ္ဌောကိစ္စကို မနောဒွါရာဝဇ္ဇန်းစိတ်(၁) ပါးကဆောင်ရွက်သည်။<br>The mind-door consciousness performs the function of **determining** **ပေါင်း:** ၁ | ၁ ပါး |
| ၈ | **ဇောဌာန**<br>(ဇောကိစ္စဖြစ်ပေါ်ရာဝုဋ္ဌော နှင့် တဒါရုံအကြားကာလ။)<br>The functioning station of Javana | **ဇောကိစ္စကိုဆောင်ရွက်သည့် ဇောစိတ်**<br>(က) အကုသိုလ်စိတ် ၁၂<br>(ခ) ဟသိတုပ္ပါဒ်စိတ် ၁<br>(ဂ) မဟာကုသိုလ် ၈<br>(ဃ) မဟာကြိယာစိတ် ၈<br>(င) ရူပကုသိုလ်စိတ် ၅<br>(စ) ရူပကြိယာစိတ် ၅<br>(ဆ) အရူပကုသိုလ်စိတ် ၄<br>(ဇ) အရူပကြိယာစိတ် ၄<br>(ဈ) လောကုတ္တရာစိတ် ၈<br>The 55 tyes of consciousness perform function of javana. There are:—<br>(a) The 12- types of immoral consciousness,<br>(b) The 21-types of moral consciousness,<br>(c) The 18-types of functional consciousness (with the exception 2, Ahetuka kriya cittas)<br>(d) The 4- types of Fruit- consciousness. | ၅၅ ပါး |
| ၉ | **တဒါရုံဌာန**<br>(တဒါရုံစိတ်ဖြစ်ပေါ်ရာ ဇောနှင့်ဘဝင်အကြားကာလ)<br>The functioning station of retention | **တဒါရုံကိစ္စကိုဆောင်ရွက်သည့် တဒါရုံစိတ်**<br>(က) သန္တီရဏစိတ် (၃) ပါး +၁ −၂<br>(ခ) မဟာဝိပါက်စိတ် ၈<br>**ပေါင်း:** ၁၁<br>The- 8 great resultants and the 3- types of investingating consciousness perform the function of retention. | ၁၁ ပါး |
| ၁၀ | **စုတိဌာန**<br>-တဒါရုံနှင့်ပဋိသန္ဓေကြားကာလ<br>-ဘဝင်နှင့်ပဋိသန္ဓေကြားကာလ<br>The functioning station of decease | **စုတိကိစ္စကိုဆောင်ရွက်သည့် စုတိစိတ်**<br>(က) ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၂<br>(ခ) မဟာဝိပါက်စိတ် ၈<br>(ဂ) မဟဂ္ဂုတ်ဝိပါက်စိတ် ၉<br>**ပေါင်း:** ၁၉ | ၁၉ ပါး |

www.burmeseclassic.com

www.burmeseclassic.com



**သောမနဿသန္တီရဏစိတ် ပဋိသန္ဓေကိစ္စမတပ်။**

သောမနဿသန္တီရဏစိတ်ကို ပဋ္ဌာန်းပဋိစ္စဝါရ၌ ပဝတ္တိအစွမ်းဖြင့်သာ ဝေဖန်ပြ၏။ ပဋိသန္ဓေအစွမ်းဖြင့် ဝေဖန်မပြသည်ကို ထောက်၍ ပဋိသန္ဓေ၏အစွမ်းဖြင့် ဖြစ်ခြင်းသဘောမရှိသောကြောင့် ပဋိသန္ဓေကိစ္စမတပ်နိုင်။

**မဟဂ္ဂုတ် လောကုတ္တရာစိတ် ပဉ္စဒွါရ၌ မဖြစ်ခြင်း။**

မဟဂ္ဂုတ်, လောကုတ္တရာ စိတ်တို့သည် ဓမ္မာရုံကို အာရုံပြုပြီး ပဉ္စာရုံကို အာရုံမပြုသောကြောင့် ပဉ္စဒွါရ၌ မဖြစ်ပါ။

**အာဝဇ္ဇန်းနွေးဇောကိစ္စမတပ်**

ပဉ္စဒွါရာဝဇ္ဇန်းစိတ်နှင့် မနောဒွါရာဝဇ္ဇန်းစိတ် ၂ ပါးသည် ကြိယာစိတ်များ ဖြစ်သော်လည်း ဇောကိစ္စ မတပ်နိုင်ပါ။

ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် မြင်စိတ်၊ ကြားစိတ် စသည်ဖြင့် စိတ်တစ်ခု ဖြစ်လာအောင် ဘဝင်စိတ်များဖြစ်ပြီးခါစ အစဆုံး စိတ်ဖြစ်သောကြောင့်အားသေး၏။ အာရုံ၏အရသာကို ခံစားနိုင်သော သဘောမရှိ။

ထိုနည်းအတူ မနောဒွါရာဝဇ္ဇန်းစိတ်သည်လည်း မနောဒွါရာဝီထိစိတ်များ ဖြစ်ရအောင် ခလုတ်ဖွင့်ပေးသော စိတ်ဖြစ်၍ အားသေး၏။ အာရုံ၏အရသာကို ခံစားနိုင်သော သဘောမရှိ။

ထို့ကြောင့် အာဝဇ္ဇန်းနွေးသည် ဇောကိစ္စမတပ်နိုင်ကြပါ။

**မဂ်စိတ်ဇောကိစ္စတပ်**

မဂ်စိတ်သည် တစ်ကြိမ်သာဖြစ်သော်လည်း အာရုံ၏အရသာကို ခံစားနိုင်သော သဘောရှိသောကြောင့် ဇောကိစ္စတပ်နိုင်သည်။

**ဖိုလ်စိတ်ဇောကိစ္စတပ်**

ဖိုလ်စိတ်သည် မဂ်စိတ်၏ ထက်မြက်သော သတ္တိအားလုံးကို ခံယူရသဖြင့် မဂ်စိတ်ကဲ့သို့ ဇောကိစ္စတပ်နိုင်သည်။

**ဘုရားရဟန္တာတို့၏ သန္တာန်၌ဖြစ်သော အသောဘနဇောစိတ်**

ဘုရား ရဟန္တာတို့၏ သန္တာန်၌ ကုသိုလ်၊ အကုသိုလ်စိတ်တို့ မရသင့်၊ ကြိယာဇောများသာ ရသင့်၏။ သို့ဖြစ်၍ ဟသိတုပ္ပါဒ်စိတ်သည် အဟိတ်ကြိယာဖြစ်သောကြောင့် ဘုရားရဟန္တာတို့၌ဖြစ်သော အသောဘနဇောစိတ် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ကိစ္စနှင့်ဌာနတပ်သောစိတ်များ

ဟင်းခွက်၌ဇွန်းရှိလျှင် ဇွန်းတပ်ထားသည်ဟု ဆိုသကဲ့သို့ (ကိစ္စတပ်သည်) ဟု ဆိုခြင်းမှာ ကိစ္စရှိသည်၊ ဆောင်ရွက်သည်ဟု ဆိုခြင်းဖြစ်သည်။

| စဉ် | ကိစ္စ၊ ဌာနတပ်သောစိတ် | မှတ်ချက် |
|---|---|---|
| ၁ | တစ်ကိစ္စ၊ တစ်ဌာနရှိသော စိတ်– ၆၈ ပါး<br>One function- 68.<br>(က) ဒွေးပဥ္စဝိညာဏ် ၁၀<br>(ခ) မနောဓာတ် ၃<br>(ဂ) ဇောစိတ် ၅၅<br>ပေါင်း ၆၈ | (က) ပဉ္စဝိညာဏ်ဌာနတစ်ခုခု<br>၁။ စက္ခုဝိညာဏ်ဒွေးသည် ဒဿန(မြင်မှု)ကိစ္စကိုသာ ဆောင်ရွက်၏။<br>၂။ သောတဝိညာဏ်ဒွေးသည် သဝန(ကြားမှု)ကိစ္စကိုသာဆောင်ရွက်၏။<br>၃။ ဃာနဝိညာဏ်ဒွေးသည် ဃာယန(နံမှု)ကိစ္စကိုသာဆောင်ရွက်၏။<br>၄။ ဇိဝှာဝိညာဏ်ဒွေးသည် သာယန(လျက်မှု)ကိစ္စကိုသာဆောင်ရွက်၏။<br>၅။ ကာယဝိညာဏ်ဒွေးသည် ဖုသန(တွေ့ထိမှု)ကိစ္စကိုသာဆောင်ရွက်၏။<br>(ခ) မနောဓာတ် (၃) ဟုဆိုအပ်သော<br>၁။ သမ္ပဋိစ္ဆိုင်းဒွေးသည် သမ္ပဋိစ္ဆိုင်းဌာန၌ သမ္ပဋိစ္ဆိုင်းကိစ္စကိုသာ ဆောင်ရွက်၏၊<br>၂။ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည်အာဝဇ္ဇန်းဌာန၌အာဝဇ္ဇန်းကိစ္စကိုသာဆောင်ရွက်၏။<br>(ဂ)ဇောစိတ် (၅၅) ပါးတို့သည် ဇောဌာန၌ ဇောကိစ္စတို့ကိုသာ ဆောင်ရွက်၏၊<br>ထို (၆၈) ပါးသော စိတ်တို့သည် ဆိုင်ရာကိစ္စတစ်ခုကိုသာ ဆိုင်ရာဌာနတစ်ခု၌ ဆောင်ရွက်သောကြောင့် တစ်ကိစ္စ, တစ်ဌာနရှိသောစိတ်များဖြစ်ကြသည်။<br>(a)The 10- five-sense- impressions.<br>(b) The 3- mind- elements.<br>(c) The 55 javana consciousness—perform only one function as they arise. |
| ၂ | နှစ်ကိစ္စ၊ နှစ်ဌာနရှိသော စိတ် ၂ ပါး။<br>Two functions-2<br>(က) သောမနဿ သန္တီရဏ ၁<br>(ခ) မနောဒွါရာဝဇ္ဇန်း ၁<br>ပေါင်း ၂ | (က)သောမနဿ သန္တီရဏစိတ်(၁)ပါးသည် သန္တီရဏဌာန၌ **သန္တီရဏကိစ္စ** တဒါရုံဌာန၌ **တဒါရုံကိစ္စ** ဟူ၍ နှစ်ကိစ္စနှစ်ဌာနရှိသည်။<br>(ခ) မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းဌာန၌ **အာဝဇ္ဇန်းကိစ္စ** တပ်၍ ဝုဋ္ဌော ဌာန၌ **ဝုဋ္ဌောကိစ္စ** တပ်သောကြောင့် နှစ်ကိစ္စနှစ်ဌာနရှိသည်။<br>(a) The investigating consciousness accompanied by pleasure performs two functions such as investigating and retention.<br>(b) The Mind- door consciousness perform two functions such as determining and apprehending. |
| ၃ | သုံးကိစ္စ၊ သုံးဌာနရှိသော စိတ် (၉) ပါး<br>Three functions-9<br>မဟဂ္ဂုတ်ဝိပါက် ၉<br>ပေါင်း ၉ | မဟဂ္ဂုတ်ဝိပါက်စိတ် (၉) ပါးတို့သည်<br>၁။ ပဋိသန္ဓေဌာန၌ ပဋိသန္ဓေကိစ္စ<br>၂။ ဘဝင်ဌာန၌ ဘဝင်ကိစ္စ<br>၃။ စုတိဌာ၌ စုတိကိစ္စဟူ၍ (၃) ကိစ္စ (၃) ဌာနရှိသည်။<br>The 9- Sublime resultants perform three functions such as relinking, life- continuum and decease. |
| ၄ | လေးကိစ္စ၊ လေးဌာန ရှိသော စိတ် ၈ ပါး<br>Four functions-8<br>မဟာဝိပါက်စိတ် ၈<br>ပေါင်း ၈ | မဟာဝိပါက်စိတ် (၈) ပါးတို့သည်<br>၁။ ပဋိသန္ဓေဌာန၌ ပဋိသန္ဓေကိစ္စ<br>၂။ ဘဝင်ဌာန၌ ဘဝင်ကိစ္စ<br>၃။ စုတိဌာန၌ စုတိကိစ္စ<br>၄။ တဒါရုံဌာန၌ တဒါရုံကိစ္စ ဟူ၍ (၄) ကိစ္စ၊ (၄) ဌာနရှိသည်။ |

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | ကိစ္စ၊ ဌာနရှိသောစိတ် | မှတ်ချက် |
|---|---|---|
| | | The 8- great resultants perform four functions, such as **relinking, life- continuum, decease,** and **retention.** |
| ၅ | ငါးကိစ္စ၊ ငါး ဌာနတပ်သော<br>စိတ် ၂ ပါး<br>Five functions 2<br><br>ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၂<br>ပေါင်း ၂ | ဥပေက္ခာသဟဂုတ် သန္တီရဏ စိတ် ၂ ပါးသည်<br>၁။ ပဋိသန္ဓေဌာန၌ ပဋိသန္ဓေကိစ္စ၊<br>၂။ ဘဝင်ဌာန၌ ဘဝင်ကိစ္စ၊<br>၃။ သန္တီရဏဌာန၌ သန္တီရဏကိစ္စ၊<br>၄။ တဒါရုံဌာန၌ တဒါရုံကိစ္စ<br>၅။ စုတိဌာန၌ စုတိကိစ္စဟူ၍ (၅) ကိစ္စ၊ (၅) ဌာနရှိ၏။<br>The investigating consciousness accompanied by indifference performs five functions such as relinking, life-continuum, decease, retention and investigating. |

## ကိစ္စသင်္ဂဟ

| ဌာန- ၁၀ ပါး | | ပဋိ | ဘဝင် | အာ | ပဉ္စဝိညာဏ်ဌာန | | | | | သံ | ဏ | ဝု | ဇော | ရုံ | စု |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ကိစ္စ- ၁၄ ပါး | | ပဋိ | ဘဝင် | အာ | ဒ | သ | ဃာ | သာ | ဖု | သံ | ဏ | ဝု | ၅၅ | | |
| ကိစ္စ ဝန္တ သချာ | | ၁၉ | ၁၉ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၃ | ၁ | ၈ | ၁၁ | ၁၉ |
| | | ၄ ၅ ၈ -၂ | ၄ ၅ ၈ -၂ | မ/၁ ပ/၁ | စ/၂ | သော/၂ | ၁၀ ဃာ/၂ | ဇိ/၂ | ကာ/၂ | သံ/၂ | -၂ +၁ | မ/၁ | ၄ ၄ / ၅ ၅ / ၈ ၈ +၁ ၁၂ | ၈ + ၁ - ၂ | ၄ ၅ ၈ -၂ |
| ကိစ္စသင်္ဂဟ | | | | | | | | | | | | | | | |
| ၁-ကိစ္စတပ်သော စိတ်ပေါင်း | ၆၈ | | | ပ/၁ | —— | —— | ၁၀ | —— | —— | ၂ | | | ၅၅ | | |
| ၂ ကိစ္စတပ်သော စိတ်ပေါင်း | ၂ | | | မ/၁ | | | | | | | +၁ | မ/(၁) | | +၁ | |
| ၃-ကိစ္စတပ်သော စိတ်ပေါင်း | ၉ | ၉ | ၉ | | | | | | | | | | | | ၉ |
| ၄-ကိစ္စတပ်သော စိတ်ပေါင်း | ၈ | ၈ | ၈ | | | | | | | | | | | ၈ | ၈ |
| ၅-ကိစ္စတပ်သော စိတ်ပေါင်း | -၂ | -၂ | -၂ | | | | | | | | -၂ | | | -၂ | -၂ |

www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စတပ်သောစေတသိက်များ"

| ၁၀ ဌာန | ပဋ္ဌိ | ဘွင်း | အာ | ပဉ္စဝိညာဏ် | | | | | သံ | ဏ | ဝု | ဇ | ရုံ | စုတိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၄ ကိစ္စ | ပဋိသန္ဓေ | ဘဝင် | အာဝဇ္ဇန်း | ဒဿန | သဝန | ဃာယန | သာယန | ဖုသန | သမ္ပဋိစ္ဆန | သန္တီရဏ | ဝုဋ္ဌော | ဇော | တဒါရုံ | စုတိ |
| ၁။ တစ်ကိစ္စတပ်သောစေတသိက် ၁၇ ပါး<br>(က) အကုသိုလ် စေတသိက် ၁၄<br>(ခ) ဝိရတီ စေတသိက် ၃<br>"တစ်ကိစ္စဖြစ်ဆယ့်ခုနစ်တည်း" | | | | | | | | | | | | • | | |
| ၂။ လေးကိစ္စတပ်သောစေတသိက် ၂ ပါး<br>(အပ္ပမညာ စေတသိက် ၂)<br>"လေးဖြစ်နှစ်ပါး" | ပဋ္ဌိ | ဘွင် | | | | | | | | | | • | | စုတိ |
| ၃။ ငါးကိစ္စတပ်သောစေတသိက် ၂၁ ပါး<br>(က) သောဘနသာဓာရဏ ၁၉<br>(ခ) ပညိန္ဒြေ ၁<br>(ဂ) ဆန္ဒ ၁<br>"ငါးကောဝိ" | ပဋ္ဌိ | ဘွင် | | | | | | | | | | • | ရုံ | စုတိ |
| ၄။ ခြောက်ကိစ္စတပ်သောစေတသိက် ၁ပါး<br>ပီတိ<br>"ခြောက်လီမှာတစ်" | ပဋ္ဌိ | ဘွင် | | | | | | | | ဏ | | • | ရုံ | စုတိ |
| ၅။ ခုနစ်ကိစ္စတပ်သောစေတသိက် ၁ပါး<br>ဝီရိယ<br>"ခွန်လည်း တစ်ပင်" | ပဋ္ဌိ | ဘွင် | အာ | | | | | | | | ဝု | • | ရုံ | စုတိ |
| ၆။ ကိုးကိစ္စတပ်သောစေတသိက် ၃ပါး<br>(ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ)<br>"ကိုးဖြစ်ကားတေး" | ပဋ္ဌိ | ဘွင် | အာ | | | | | | သံ | ဏ | ဝု | ဇ | ရုံ | စုတိ |
| ၇။ ဆယ့်လေးကိစ္စတပ်သောစေတသိက် ၇ပါး<br>ပေါင်း | ပဋ္ဌိ<br>၃၅ | ဘွင် | အာ | ဒ | သ | ဃာ | သာ | ဖု | သံ | ဏ | ဝု | ဇ | ရုံ | စုတိ |

**ကိစ္စကိုဘုံဖြင့်ပြပုံ**

၁။ ကာမဘုံ၌ ကိစ္စ ၁၄ပါး၊ ဌာန ၁၀ပါးလုံးရသည်။

၂။ ရူပဘုံ၌ (ဃာယနကိစ္စ၊ သာယနကိစ္စ၊ ဖုသနကိစ္စ၊ တဒါရုံကိစ္စကြဉ်) ကိစ္စ ၁၀ပါး၊ ဌာန (၈)ပါး ရ၏။

၃။ အရူပဘုံ၌ (ပဋိသန္ဓေ၊ ဘဝင်၊ အာဝဇ္ဇန်း၊ ဇော၊ စုတိ) ဟူ၍ ၅ ကိစ္စ၊ ၅ဌာန ရရှိ၏။

**ကိစ္စသင်္ဂဟပြီး၏။**

www.burmeseclassic.com

www.burmeseclassic.com



## ၄။ ဒွါရသင်္ဂဟ
## Summary of Doors

ဒွါရ၏ပင်ရင်းအနက်သည် "တံခါးပေါက်" ပင်ဖြစ်သည်။ အိမ်၊ ကျောင်း စသည်တို့၏ ပကတိ တံခါးပေါက်များသည် လူတို့၏ ဝင်ရောက်ကြောင်း ဖြစ်သကဲ့သို့ ခန္ဓာအိမ်၌ စက္ခုပသာဒ အစရှိသော တံခါးပေါက်များသည်လည်း စက္ခုဒွါရိကဝီထိစိတ် စသည်တို့၏ ဝင်ရောက်သည့်ပမာဖြစ်၍ ဒွါရမည်၏။ ဤကဲ့သို့ တင်စား၍ စက္ခုပသာဒ စသည်တို့ကို ဒွါရ (တံခါးပေါက်) ဟုခေါ်ဆို၏။

အာရုံဝင်ရောက်ရာ ဒွါရ (၆)ပါးအပေါ်မူတည်၍ စိတ်၊ စေတသိက်တို့ကို ပေါင်းစုရေတွက်ပြခြင်းကို **"ဒွါရသင်္ဂဟ"**ဟုခေါ်သည်။

### ဒွါရ (၆) ပါးနှင့် တရားကိုယ်သဘော

စက်+သော+ဃာ+ဇိ၊ ကာ+မနီ၊ ခြောက်လီဒွါရမှတ်။

| စဉ် | ဒွါရ- ၆ ပါး | | အဓိပ္ပာယ်၊ တရားကိုယ် |
|---|---|---|---|
| ၁ | စက္ခုဒွါရ<br>eye-door | | - အဆင်းအာရုံဝင်ရောက်ရာ မျက်စိတံခါးပေါက်၊ တရားကိုယ်မှာ စက္ခုပသာဒ (မျက်စိအကြည်ဓာတ်)။ |
| ၂ | သောတဒွါရ<br>ear- door | ရုပ်ဒွါရ (၅) ပါး<br>The five physical doors. | - အသံအာရုံဝင်ရောက်ရာ နားတံခါးပေါက်၊ တရားကိုယ်မှာ သောတပသာဒ (နားအကြည်ဓာတ်)။ |
| ၃ | ဃာနဒွါရ<br>nose- door | | - အနံ့အာရုံဝင်ရောက်ရာ နှာတံခါးပေါက်၊ တရားကိုယ်မှာ ဃာနပသာဒ (နှာခေါင်းအကြည်ဓာတ်)။ |
| ၄ | ဇိဝှာဒွါရ<br>tongue- door | | - အရသာအာရုံဝင်ရောက်ရာ လျှာတံခါးပေါက်၊ တရားကိုယ်မှာ ဇိဝှာပသာဒ (လျှာအကြည်ဓာတ်) |
| ၅ | ကာယဒွါရ<br>body- door | | - အထိအတွေ့ ဖောဋ္ဌဗ္ဗအာရုံဝင်ရောက်ရာ ကိုယ်တံခါးပေါက် တရားကိုယ်မှာ ကာယပသာဒ (ကိုယ်အကြည်ဓာတ်) |
| ၆ | မနောဒွါရ<br>mind-door | နာမ်ဒွါရ (၁) ပါး<br>Mind-door | - စိတ်ကူး အာရုံ စသည့်အာရုံ (၆) ပါးဝင်ရောက်ရာ စိတ်တံခါးပေါက်။<br>တရားကိုယ်မှာ ဘဝင်စိတ် (၁၉) ပါး၊ (နာမ်အကြည်ဓာတ်)။<br>"ဘဝင်ဆယ့်ကိုး၊ စိတ်အမျိုး၊ ခေါ်ရိုးမနောဒွါ။"<br>"မနောဟူသည်၊ ဖိတ်ဖိတ်လည်၊ အကြည်နာမ်တို့သာ။" |

### ဒွါရဝိမုတ်စိတ် (၁၉) ပါး
### The door-freed consciousness-19

"ဆယ့်ကိုး ပဋိသန်၊ စိတ်အမှန်၊ ခြောက်တန်ဒွါရလွတ်"။

ဥပေက္ခာ သန္တီရဏစိတ်-၂ပါး, မဟာဝိပါက်စိတ်-၈ပါးနှင့် မဟဂ္ဂုတ်ဝိပါက်စိတ်-၉ ပါး၊ဤ (၁၉)ပါးသော စိတ်တို့သည် **"ဒွါရဝိမုတ်စိတ်"**များ ဖြစ်ကြသည်။

ထိုစိတ် (၁၉)ပါးသည် ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတို့ကို ဆောင်ရွက်သည့်အခါ

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်ဒွါရ၌မျှမဖြစ်ပေါ်ချေ။ ဇနကကံ (အတိတ်ကံ) အဟုန်သက်သက်ကြောင့်သာဖြစ်၍ ဒွါရ (၆) ပါးမှ လွတ်သောကြောင့် "ဒွါရဝိမုတ်စိတ်" အမည် ရသည်။

ထိုစိတ်များသည် လွန်ခဲ့သည့်ဘဝ မရဏာသန္နဇောက အာရုံပြုခဲ့သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် တစ်ခုခုကိုသာ အာရုံပြု၏။

Nineteen types of consciousness, such as relinking (patisandhi), life-continuum (bhavanga) and decease (cuti) are without doors. They are aware of Kamma, Kamma-nimitta and gati-nimitta.

### ဒွါရအသီးသီး၌ ဖြစ်ပေါ်သောစိတ်များ

စိတ္တနိယာမသဘောအရ အာရုံနှင့် ဒွါရတို့ ထိခိုက်တိုက်ဆိုင်သောအခါ စိတ်များ ဖြစ်ပေါ်လာပေသည်။

### ၁။ စက္ခုဒွါရိကစိတ် ၄၆ ပါး

46-types of consciousness arise accordingly in the eye-door.

ရူပါရုံသည် စက္ခုဒွါရ၌ ထင်လာလျှင် ဘဝင်အစဉ်ပြတ်၍ ပဉ္စဒွါရာဝဇ္ဇန်းစိတ် (၁)ပါး၊ စက္ခုဝိညာဏ်(၂)ပါး၊ သမ္ပဋိစ္ဆိုင်း(၂)ပါး၊ သန္တီရဏ (၃)ပါး၊ ဝုဋ္ဌော ၁ပါး (မနောဒွါရာဝဇ္ဇန်း) ကာမဇော (၂၉) ပါး၊တဒါရုံ (၈) ပါး ဟူ၍ စက္ခုဒွါရ၌ ဖြစ်နိုင်သော စိတ် (၄၆) ပါးရှိ၏။

46-types of consciousness arise accordingly in the eye-door.

| | | | |
|---|---|---|---|
| 1. Five-door apprehending | 1 | ပဉ္စဒွါရာဝဇ္ဇန်းစိတ် | ၁ |
| 2. eye-consciousness | 2 | စက္ခုဝိညာဏ်ဒွေး | ၂ |
| 3. receiving | 2 | သမ္ပဋိစ္ဆိုင်း | ၂ |
| 4. investigating | 3 | သန္တီရဏ | ၃ |
| 5. determining | 1 | ဝုဋ္ဌော (မနောဒွါရာဝဇ္ဇန်း) | ၁ |
| 6. Sense-sphere javana | 29 | ကာမဇော | ၂၉ |
| 7. retention | 8 | တဒါရုံ | ၈ |
| Total: | 46 | ပေါင်း | ၄၆ |

### ၁။ စက္ခုဒွါရိကစိတ် ၄၆ ပါး

| F | E | R | I | D | J ဇော | | R | |
|---|---|---|---|---|---|---|---|---|
| ပဒွါ | စ | သံ | ဏ | ဝု | | | ရုံ | |
| ၁ | ၂ | ၂ | ၃ | ၁ | ၈ | ၈ | ၈ | = ၄၆ ပါး |
| | | | | | | + ၁ | (၃) | |

(၁၂)

(ကာမဇော=၂၉)

www.burmeseclassic.com

www.burmeseclassic.com



## ၂။ သောတဒွါရိကစိတ် (၄၆) ပါး

46-types of consciousness arise accordingly in the ear-door.

သဒ္ဒါရုံသည် သောတဒွါရ၌ ထင်လာလျှင် ဘဝင်အစဉ်ပြတ်၍ သောတဒွါရိကစိတ် (၄၆)ပါး ဖြစ်သည်။

ပဉ္စဒွါရာဝဇ္ဇန်းစိတ် ၁-ပါး၊ သောတဝိညာဏ်ဒွေး၊ သမ္ပဋိစ္ဆိုင်း ၂-ပါး၊ သန္တီရဏ ၃-ပါး၊ ဝုဋ္ဌော ၁-ပါး (မနောဒွါရာဝဇ္ဇန်း)၊ ကာမဇော ၂၉ ပါး၊ တဒါရုံ ၈-ပါး၊ ပေါင်း (၄၆) ပါးတည်း။

In the ear-door 46-types of consciousness arise such as five-door apprehending, ear-consciousness and so forth.

### သောတဒွါရိကစိတ် (၄၆) ပါး

| ပဒွါ | သော | သံ | ဏ | ဝု | ဇော | ရုံ | |
|---|---|---|---|---|---|---|---|
| ၁ | ၂ | ၂ | ၃ | ၁ | ၈ \| ၈ + ၁ (၁၂) (ကာမဇော=၂၉) | ၈ (၃) | = ၄၆ ပါး |

## ၃။ ဃာနဒွါရိကစိတ် (၄၆) ပါး

ဂန္ဓာရုံသည် ဃာနဒွါရ၌ ထင်လာလျှင် ဘဝင်အစဉ်ပြတ်၍ ဃာနဒွါရ၌ စိတ်ပေါင်း (၄၆) ပါး ဖြစ်နိုင်သည်။

ပဉ္စဒွါရာဝဇ္ဇန်းစိတ် ၁-ပါး၊ ဃာနဝိညာဏ်ဒွေး၊ သမ္ပဋိစ္ဆိုင်း ၂-ပါး၊ သန္တီရဏ ၃-ပါး၊ ဝုဋ္ဌော ၁-ပါး (မနောဒွါရာဝဇ္ဇန်း)၊ ကာမဇော ၂၉ ပါး၊ တဒါရုံ ၈-ပါး၊ ပေါင်း (၄၆) ပါးတည်း။

In the nose-door 46-types of consciousness arise such as five-door apprehending, nose-consciousness and so forth.

### ဃာနဒွါရိကစိတ် (၄၆) ပါး

| ပဒွါ | ဃာ | သံ | ဏ | ဝု | ဇော | ရုံ | |
|---|---|---|---|---|---|---|---|
| ၁ | ၂ | ၂ | ၃ | ၁ | ၈ \| ၈ + ၁ (၁၂) (ကာမဇော=၂၉) | ၈ (၃) | = ၄၆ ပါး |

## ၄။ ဇိဝှါဒွါရိကစိတ် (၄၆) ပါး

ရသာရုံသည် ဇိဝှါဒွါရ၌ ထင်လာလျှင် ဘဝင်အစဉ်ပြတ်၍ ဇိဝှါဒွါရိကစိတ်ပေါင်း (၄၆) ပါး ဖြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပဉ္စဒွါရာဝဇ္ဇန်းစိတ် ၁–ပါး၊ ဇိဝှါဝိညာဏ်ခွေး၊ သမ္ပဋိစ္ဆိုင်း ၂–ပါး၊ သန္တီရဏ ၃–ပါး၊ ဝုဋ္ဌော ၁–ပါး =(မနောဒွါရာဝဇ္ဇန်း)၊ ကာမဇော ၂၉ ပါး၊ တဒါရုံ ၈–ပါး၊ ပေါင်း (၄၆) ပါးတည်း။

In the tongue-door 46-types of consciousness arise such as five-door apprehending, tongue-consciousness and so forth.

### ဇိဝှါဒွါရိကစိတ် (၄၆) ပါး

| ပဉ္စ | ဇိ | သံ | ဏ | ဝု | ဇော | ရုံ | = ၄၆ ပါး |
|---|---|---|---|---|---|---|---|
| ၁ | ၂ | ၂ | ၃ | ၁ | ၈ ၈ | ၈ | |
| | | | | | + ၁ | (၃) | |
| | | | | | (၁၂) | | |
| | | | | | (ကာမဇော=၂၉) | | |

### ၅။ ကာယဒွါရိကစိတ် (၄၆) ပါး

ဖောဋ္ဌဗ္ဗာရုံသည် ကာယဒွါရ၌ ထင်လာလျှင် ဘဝင်အစဉ်ပြတ်၍ ကာယဒွါရိကစိတ်ပေါင်း (၄၆) ပါး ဖြစ်နိုင်သည်။

ပဉ္စဒွါရာဝဇ္ဇန်းစိတ် ၁–ပါး၊ ကာယဝိညာဏ်ခွေး၊ သမ္ပဋိစ္ဆိုင်း ၂–ပါး၊ သန္တီရဏ ၃–ပါး၊ ဝုဋ္ဌော ၁–ပါး၊=(မနောဒွါရာဝဇ္ဇန်း)၊ ကာမဇော ၂၉ ပါး၊ တဒါရုံ ၈–ပါး၊ ပေါင်း (၄၆) ပါးတည်း။

In the body-door 46-types of consciousness arise such as five-door apprehending, body-consciousness and so forth.

### ကာယဒွါရိကစိတ် (၄၆) ပါး

| ပဉ္စ | ကာ | သံ | ဏ | ဝု | ဇော | ရုံ | = ၄၆ ပါး |
|---|---|---|---|---|---|---|---|
| ၁ | ၂ | ၂ | ၃ | ၁ | ၈ ၈ | ၈ | |
| | | | | | +၁ | (၃) | |
| | | | | | (၁၂) | | |
| | | | | | (ကာမဇော=၂၉) | | |

### ၆။ မနောဒွါရိကစိတ် (၆၇) ပါး

ဓမ္မာရုံသည် မနောဒွါရ၌ ထင်လာလျှင် ဘဝင်အစဉ်ပြတ်၍ မနောဒွါရိကစိတ်ပေါင်း (၆၇) ပါး ဖြစ်နိုင်သည်။

In the mind-door 67-types of consciousness arise.


| | | | |
|---|---|---|---|
| 1. mind-door apprehending | 1 | မနောဒွါရာဝဇ္ဇန်း | ၁ |
| 2. The Sense-sphere javana | 29 | ကာမဇော | ၂၉ |
| 3. The 26 Sublime and Supramundane javana | 26 | အပ္ပနာဇော | ၂၆ |
| 4. retention | 11 | တဒါရုံ | ၁၁ |
| **Total:** | **67** | ပေါင်း: | ၆၇ |

www.burmeseclassic.com


www.burmeseclassic.com



"ခြောက်ဆယ့် ခွန်သာ၊မနောဒွါ၊ သချ်ာစိတ်ရေရ။ (အပ္ပနာဇော=၂၆)




## ပဉ္စဒွါရိကစိတ် ၅၄ ပါး




## ပဉ္စဒွါရိကစိတ် ၅၄ ပါး

ပဉ္စဒွါရာဝဇ္ဇန်းစိတ် ၁ ပါး။ ပဉ္စဝိညာဏ် ၁၀ ပါး။ သမ္ပဋိစ္ဆိုင်း ၂ ပါး ။ သန္တီရဏ ၃ ပါး။ ဝုဋ္ဌော ၁ ပါး။ ကာမဇော ၂၉ ပါး။ တဒါရုံ ၈ ပါး။ ပေါင်း (၅၄)ပါး။

## ဒွါရတို့၌ အာရုံအားလျော်စွာဖြစ်ပုံ

စက္ခုဒွါရိကစသော ဝီထိစိတ်များဖြစ်ရာ၌ ၄၆ပါးလုံး တစ်ပြိုင်နက်ဖြစ်သည်မဟုတ်။ ရူပါရုံက အနိဋ္ဌာရုံဖြစ်လျှင် အကုသလဝိပါက် စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံဖြစ်၏။

ဣဋ္ဌာရုံ, အတိဣဋ္ဌာရုံဖြစ်လျှင် ကုသလဝိပါက် စက္ခုဝိညာဏ် စသဖြင့် ဖြစ်၏။ဣဋ္ဌာရုံ၌ ဥပေက္ခာသန္တီရဏတဒါရုံ၊ အတိဣဋ္ဌာရုံ၌ သောမနဿသန္တီရဏတဒါရုံဖြစ်၏။

## ဘုံအားလျော်စွာဖြစ်ပုံ

ကာမဘုံ၌ဖြစ်သော် စက္ခုဒွါရိကစိတ် ၄၆–ပါး စသည်တို့အားလုံးဖြစ်၏။ ရူပဘုံ၌ တဒါရုံမဖြစ်။ အရူပဘုံ၌ ပဉ္စဒွါရိကစိတ်မဖြစ်။

## ပုဂ္ဂိုလ်အားလျော်စွာဖြစ်ပုံ

ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်တို့သန္တာန်၌ ကုသိုလ်ဇော, အကုသိုလ်ဇောများ ဖြစ်ကြ၏။ရဟန္တာသန္တာန်၌ ကြိယာဇောဖြစ်၏။

## မနသိကာရအားလျော်စွာဖြစ်ပုံ

ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်တို့သန္တာန်၌ ယောနိသောမနသိကာရရှိလျှင်ကုသိုလ်ဇောဖြစ်၏။ အယောနိသောမနသိကာရရှိလျှင် အကုသိုလ်ဇောဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



## ဒွါရသင်္ဂဟ

| ဒွာန်- ၁၀ ပါး | | ၁ | ၂ | ၃ | ၄ | | | | | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ကိစ္စ- ၁၄ ပါး | | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | |
| ကိစ္စ-ဝန္တ သချာ | | ၁၉ | ၁၉ | ၁၁ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၃ | ၁ | ၅၅ | ၁၁ | ၁၉ | ဒွါရ |
| ၂၆ ၁၇ ၈= ၈၀ (၃) | | ၄ ၅ ၈ −၂ | ၄ ၅ ၈ −၂ | ၂ | ၁၀ | | | | | ၂ | +၁ −၂ | (၁) | ၄ ၅ ၈ / ၄ ၅ ၈ +၁ ၁၂ | ၈ +၁ −၂ | ၄ ၅ | ၁ ၃၆ မြဲ လွတ် ၅ ၃ ၇၀ ၁၀ ၉ ၆ ၃၁ |
| စက္ခုဒွါရ၌ဖြစ်နိုင်သောစိတ်ပေါင်း | ၄၆ | | | ၁ | ၂ | | | | ၂ | ၃ | ၁ | | ကာမဇော ၂၉ | ၈ (၃) | | =၄၆(ကာမဇော၂၉ + သန္တီ ၃+ စက္ခုဝိညာဏ၂+မနော–၃+ တဒါရုံ၈+ ဝုဋ္ဌော ၁) |
| ပဉ္စဒွါရ၌ဖြစ်နိုင်သောစိတ်ပေါင်း | ၅၄ | | | ၁ | ၁၀ | | | | | ၂ | ၃ | ၁ | ကာမဇော ၂၉ | ၈ (၃) | | =၅၄(ကာမစိတ် ၅၄) |
| မနောဒွါရ၌ဖြစ်နိုင်သောစိတ်ပေါင်း | ၆၇ | | | ၁ | | | | | | | | | အပ္ပနာဇော ၂၆ / ၂၉ ကာမဇော | ၈ ၃ | | =၆၇ မနောဒွါရာဝဇ္ဇန်း–၁ ဇော ၅၅ တဒါရုံ ၁၁ |
| ၁ ဒွါရ၌ဖြစ်သောစိတ်ပေါင်း | ၃၆ | | | | ၁၀ | | | | | | | | အပ္ပနာဇော ၂၆ | | | =၃၆ ဒွေပဉ္စဝိညာဏ် ၁၀ အပ္ပနာဇော ၂၆ |
| ၅ ဒွါရ၌ဖြစ်သောစိတ်ပေါင်း | ၃ | | | ၁ | | | | | | ၂ | | | | | | =၃ မနောဓာတ် ၃ |
| ၆ ဒွါရ၌ဖြစ်သောစိတ်ပေါင်း | ၃၁ | | | | | | | | | | +၁ | ၁ | ကာမဇော −၂၉ | | | သောမနဿသန္တီရဏ –၁ =၃၁ ဝုဋ္ဌော ၁ ကာမဇော ၂၉ |
| ၆ ဒွါရ၌ရံခါဖြစ် ရံခါလွတ်သောစိတ်ပေါင်း | ၁၀ | ၈ −၂ | (၈) (−၂) | | | | | | | | | | | | (၈) (−၂) | =၁၀ မဟာဝိပါက် ၈ ဥပေက္ခာသန္တီရဏ ၂ |
| ၆ ဒွါရမှ အမြဲလွတ်စိတ်ပေါင်း | ၉ | ၉ | (၉) | | | | | | | | | | | | ၉ | =၉ (မဟဂ္ဂုတ်ဝိပါက် ၉) |

## တစ်ဒွါရစသည်တို့၌ဖြစ်သောစိတ်များရှင်းလင်းချက်

| စဉ် | ဒွါရိကစိတ် | စိတ်အမည် | ရှင်းတမ်း |
|---|---|---|---|
| ၁ | ၁ ဒွါရ၌ ဖြစ်သော စိတ် (၃၆) ပါး (ဧကဒွါရိကစိတ်) 36 types of consciousness arise through one door. | (က) ဒွေး ပဉ္စ ဝိညာဏ် ၁၀ ပါး | "ပဉ္စဝိညာဏ်၊ ကိုယ်စီယှဉ်၊ ငါးအင်ဒွါရမှာ။"<br>၁။ စက္ခုဝိညာဏ်ဒွေးသည် စက္ခုဒွါရ၌သာဖြစ်၏။<br>၂။ သောတဝိညာဏ်ဒွေးသည် သောတဒွါရ၌သာဖြစ်၏။<br>၃။ ဃာနဝိညာဏ်ဒွေးသည် ဃာနဒွါရ၌ သာဖြစ်၏။<br>၄။ ဇိဝှါဝိညာဏ်ဒွေးသည် ဇိဝှာဒွါရ၌သာဖြစ်၏။<br>၅။ ကာယဝိညာဏ်ဒွေးသည် ကာယဒွါရ၌သာဖြစ်၏။ |
| | | (ခ) အပ္ပနာဇော (၂၆) ပါး | "ဇောအပ္ပနာ၊ ဆဗ္ဗီသာ၊ မှန်စွာ မနောဖြစ်။"<br>အပ္ပနာဇော (၂၆) ပါးသည် မနောဒွါရ (၁) ခု၌သာဖြစ်၏။<br>ပဉ္စဒွါရ၌မဖြစ်။<br>36- types of consciousness such as twice fivefold |

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | ဒွါရိကစိတ် | စိတ်အမည် | ရှင်းတမ်း |
|---|---|---|---|
| | | | sense-impressions and the sublime and supramundane javas are with one door accordingly. |
| ၂ | ၅ ဒွါရ၌ဖြစ်သော စိတ် ၃ ပါး "ပဉ္စဒွါရိကစိတ်" 3 arise through Five doors | (က) ပဉ္စဒွါရာဝဇ္ဇန်းစိတ် ၁<br>(ခ) သမ္ပဋိစ္ဆိုင်းစိတ် ၂<br>ပေါင်း ၃ | (မနောဓာတ်ခေါ်၊ စိတ်မနေနဲ့၊ ငါးတော်ဒွါရမှာ)<br>ပဉ္စဒွါရစိတ်ဖြစ်တိုင်း မနောဓာတ် (၃) ဖြစ်၍ ထိုစိတ်ကို ပဉ္စဒွါရိက စိတ်ဟုလည်းခေါ်၏။<br>The 3 mind-elements arise through five doors. |
| ၃ | ၆ ဒွါရ၌ အမြဲဖြစ်သော စိတ် ၃၁ ပါး "ပဉ္စဒွါရိကစိတ် 31 arise though Six doors. | (က) မနောဒွါရာဝဇ္ဇန်းစိတ် ၁<br>(ခ) သောမနဿ သန္တီရဏစိတ် ၁<br>(ဂ) ကာမဇော ၂၉<br>ပေါင်း ၃၁ | (ခြောက်ဒွါရဖြစ်၊ သုံးဆယ့်တစ်။)<br>မနောဒွါရာဝဇ္ဇန်းစိတ် ၁ ပါးသည် ပဉ္စဒွါရ၌ ဝုဋ္ဌောကိစ္စတပ်၍ ဖြစ်၏။<br>မနောဒွါရ၌ အာဝဇ္ဇန်းကိစ္စတပ်၍ဖြစ်၏။<br>သောမနဿ သန္တီရဏစိတ် ၁ ပါးသည် ပဉ္စဒွါရ၌ သန္တီရဏကိစ္စနှင့် တဒါရုံကိစ္စတပ်၍ ဖြစ်၏။<br>မနောဒွါရ၌ တဒါရုံကိစ္စတပ်၍ ဖြစ်၏။<br>ပဉ္စဒွါရနှင့် မနောဒွါရတို့၌ ဖြစ်သောအခါ ကာမဇောကိစ္စတပ်၍ ဖြစ်၏။<br>ထို့ကြောင့် အထက်ပါ (၃၁) ပါးသော စိတ်တို့သည် ၆ ဒွါရ၌ အမြဲဖြစ်ကြသည်။<br>Pleasurable investigation, determining and the kama-sphere javanas arise through six doors. |
| ၄ | ၆ ဒွါရ၌ရံခါဖြစ် ရံခါလွတ်စိတ် (၁) ပါး arise 10 through six doors and without a door. (ဆဒွါရိက ဝိမုတ္တစိတ်) (အနေကာန်ဒွါရဝိမုတ် ၁၀ ပါး) | (က) ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ် ၂<br>(ခ) မဟာဝိပါက်စိတ် ၈<br>ပေါင်း ၁၀ | "လွတ်ဖြစ် တစ်ဆယ်နှန်း"<br>ထို (၁၀) ပါးသောစိတ်တို့သည် ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ တပ်ခိုက် (၆) ဒွါရမှ လွတ်၍ တဒါရုံကိစ္စတပ်ခိုက် (၆) ဒွါရ၌ ဖြစ်ကြကုန်သည်။<br>Investigation, accompanied by indifference and the great Resultants arise either through the six door or without a door. |
| ၅ | ၆ ဒွါရမှ အမြဲလွတ်သောစိတ် (၉) ပါး Nine arise wholly free from a door respectively. "သဗ္ဗထာ ဒွါရဝိမုတ္တစိတ်" | မဟဂ္ဂုတ် ဝိပါက်စိတ် ၉<br>ပေါင်း ၉ | (မဟဂ်ဝိပါ၊ ကိုးခုမှာ၊ ခြောက်ဒွါ လွတ်မြဲထုံး။)<br>မဟဂ္ဂုတ် ဝိပါက်စိတ် (၉) ပါးတို့သည် ပဋိသန္ဓေ၊ ဘဝင်၊ စုတိ (၃) ကိစ္စကိုသာ ဆောင်ရွက်ကြ၍ အချင်းခပ်သိမ်း (၆) ဒွါရမှ လွတ်ကြသည်။<br>The 9 Sublime Resultants are door-freed.<br>* မဟဂ္ဂုတ်ဝိပါက်စိတ် (၉) ပါးသည် ကေန်ဒွါရဝိမုတ်စိတ် ဖြစ်၏။ |

www.burmeseclassic.com

www.burmeseclassic.com



## ဒွါရနှင့်စေတသိက်များ

စိတ်ဖြစ်သောဒွါရ၌ ယှဉ်ဖက်စေတသိက်များလည်း တစ်ပြိုင်တည်း ဖြစ်ကြသည်။

၁။ ပညတ်တရားကို အာရုံပြုသော အပ္ပမညာဒွေးသည် ရုပ်ပဉ္စဒွါရတို့၌ မဖြစ်ထိုက်၊ မနောဒွါရ၌သာ ဖြစ်ထိုက်၏။ မဟာကုသိုလ် မဟာကြိယာ, ရူပကုသိုလ်, ရူပကြိယာတို့၌ယှဉ်ခိုက် မနောဒွါရ၌ဖြစ်၏။ ရူပဝိပါက်၌ယှဉ်ခိုက် ဒွါရမှလွတ်၏။

၂။ ဝိရတီ (၃) ပါးသည် မနောဒွါရ၌သာဖြစ်၏။

၃။ အကုသိုလ်စေတသိက် (၁၄) ပါးသည် (၆) ဒွါရ၌ဖြစ်၏။

၄။ အညသမာန်း ၁၃၊ ဝိရတီ၊ အပ္ပမညာကြဉ်သောဘနစေတသိက် ၂၀၊ ပေါင်းစေတသိက် ၃၃ပါးသည် ရံခါ ၆–ဒွါရ၌ဖြစ်၍ ရံခါ ၆–ဒွါရမှလွတ်၏။

### ဒွါရသင်္ဂဟပြီး၏။

www.burmeseclassic.com

www.burmeseclassic.com



## ၅။ အာရမ္မဏသင်္ဂဟ
## Summary of Objects

"ဥယျာဉ်ကြီးနှယ်၊ သီးပွင့်ကြွယ်၍၊ ပျော်ဖွယ်သတ္တိ၊ ကောင်းစွာရှိသို့၊ မိမိအထံ၊ နာမက္ခန်တို့၊ ဖန်ဖန်စုပုံ၊ ပျော်ရန်ဂုဏ်၊ အာရုံသတ္တိခေါ်။"

အာရုံဟူသော ဝေါဟာရသည် "အာရမ္မဏ၊ အာလမ္ဗဏ" ဟူသော ပါဠိတို့မှ ဖြစ်ပေါ်လာ၏။

**အာရမ္မဏ** သဒ္ဒါသည် **"မွေ့လျော်ရာ"** ဟူသောအနက်အဓိပ္ပါယ်ရှိ၏။ ဥယျာဉ်ပန်းမာလ်တို့သည် လူတို့၏ မွေ့လျော်ရာ ဖြစ်သကဲ့သို့ ရူပါရုံ၊ သဒ္ဒါရုံ စသော (၆) ပါးသော အာရုံတို့သည် စိတ်၊ စေတသိက်တို့၏ မွေ့လျော်ရာ ဖြစ်ကြ၍ အာရမ္မဏ (အာရုံ) မည်ကြ၏။

**"အာလမ္ဗန"** သဒ္ဒါသည် **"ဆွဲကိုင်အပ်သောဝတ္ထု"** ဟူသောအဓိပ္ပာယ်ရှိ၏။ တောင်ဝှေးကြိုးတန်းတို့သည် မစွမ်းမသန်သူတို့အား ဆွဲကိုင်မှီတွယ်ရာအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ ရူပါရုံ သဒ္ဒါရုံ စသော ခြောက်ပါးသော တရားအစုတို့သည်လည်း စိတ်၊ စေတသိက်တို့အား ဆွဲကိုင်မှီတွယ်ရာအဖြစ်ဖြင့် ကျေးဇူးပြုသောကြောင့် အာလမ္ဗန (အာရုံ) ဟုလည်း အမည်ရ၏။

**"ဆွဲကိုင်မှီတွယ်၊ ကျေးဇူးကြွယ်၊ ခြောက်သွယ်ခေါ်အာရုံ။"**

စိတ်၊ စေတသိက်တို့မည်သည် အာရုံတစ်ခုခုကို အမှီပြုပြီး ဖြစ်ပေါ်ကြရ၏။ အာရုံကို မူတည်၍ စိတ်၊ စေတသိက်တို့ကို သင်္ဂြိုဟ်ပေါင်းစု ရေတွက်ခြင်းကို "အာရမ္မဏသင်္ဂဟ" ဟုခေါ်သည်။

### အာရုံ ၆ ပါးနှင့် တရားကိုယ်သဘော

"ရူပ+သဒ္ဒ၊ ဂန္ဓ+ရသ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မ ခြောက်အာရုံ။"

| စဉ် | အာရုံ ၆ ပါး | တရားကိုယ် | အဓိပ္ပာယ် |
|---|---|---|---|
| ၁ | ရူပါရုံ visible object | ဝဏ္ဏ colour | စက္ခုဝိညာဏ်ဖြင့် မြင်ရသော အဆင်းဟူသမျှသည် ရူပါရုံ ဖြစ်၏။ |
| ၂ | သဒ္ဒါရုံ audible object | သဒ္ဒ sound | သောတဝိညာဏ်ဖြင့် ကြားရသောအသံဟူသမျှသည် သဒ္ဒါရုံ မည်၏။ |
| ၃ | ဂန္ဓာရုံ odorous object | ဂန္ဓ smell | ဃာနဝိညာဏ်ဖြင့် နမ်းရှူရသော အနံ့ဟူသမျှသည် ဂန္ဓာရုံ မည်၏။ |
| ၄ | ရသာရုံ sapid object | ရသ taste | ဇိဝှါဝိညာဏ်ဖြင့်လျက်ရသော အရသာဟူသမျှသည် ရသာရုံ မည်၏။ |
| ၅ | ဖောဋ္ဌဗ္ဗာရုံ tangible object | ပထဝီ၊ တေဇော၊ ဝါယော pathavi, tejo, vayo | ကာယဝိညာဏ်ဖြင့်တွေ့ထိရသောအကြမ်း၊ အနု အပူအအေး စသော အရာဝတ္ထုဟူသမျှသည် ဖောဋ္ဌဗ္ဗာရုံမည်၏။ |

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | အာရုံ ၆ ပါး | တရားကိုယ် | အဓိပ္ပာယ် |
|---|---|---|---|
| ၆ | ဓမ္မာရုံ cognizable object | ၁။ ပသာဒရုပ် ၅ ပါး<br>၂။ သုခုမရုပ် ၁၆ ပါး<br>၃။ စိတ် ၈၉- ၁ ပါး<br>၄။ စေတသိက် ၅၂ ပါး | တေကာလိကဓမ္မာရုံ |
| | | ၅။ နိဗ္ဗာန် ၁ ပါး<br>၆။ ပညတ် ၁ ပါး | ကာလဝိမုတ်ဓမ္မာရုံ |
| | | **ပေါင်း ၇၆ ပါး** | |
| | | **mind- object**<br>cognizable object is sixfold:<br>(1) 5- sensitive(part of organs)<br>(2) 16. subtle matter,<br>(3) 1- 89 consciousness.<br>(4) 52 mental states.<br>(5) 1, Nibbana.<br>(6) 1 - concepts | မနောဝိညာဏ်ဖြင့်သာသိရသောဓမ္မာရုံ<br><br>(စိတ်သည်အာရုံကို သိခြင်းသဘောတစ်ခုသာရှိ၍ စိတ် (၈၉) ပါးကို ၁ပါးဟု ရေတွက်ရ၏)။ |

## ဓမ္မာရုံ

ရုပ်၊ စိတ်နှင့် စေတသိက် ၃ ပါးတို့သည် တေကာလိကဓမ္မာရုံများ ဖြစ်ကြပြီး နိဗ္ဗာန်နှင့် ပညတ် (၂) ပါးတို့သည် ကာလဝိမုတ် ဓမ္မာရုံများ ဖြစ်ကြသည်။

## တေကာလိက ဓမ္မာရုံ (၃) ပါး

ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် (၃) ပါးကို (တေကာလိက) ကာလ ၃ ပါးဟု ခေါ်ဆို၏။ ပရမတ္ထတရားများ ဖြစ်ကြသော ရုပ်တရား၊ နာမ်တရားတို့သည် "ဥပါဒ် ဌီ၊ ဘင်" ဟူ၍ အလွန်လျင်မြန်စွာ ဖြစ်၊ တည်၊ ပျက်လျက် ရှိကြ၏။

၁။ ဖြစ်ပေါ်၍ မချုပ်မီ "ဥပါဒ်၊ ဌီ၊ ဘင်" အားဖြင့် အထင်အရှားရှိခိုက် အာရုံကို (ပစ္စုပ္ပန်အာရုံ) ဟုခေါ်သည်။

၂။ ဥပါဒ်၊ ဌီ၊ ဘင် စေ့၍ ချုပ်လေပြီးသော အာရုံကို (အတိတ်အာရုံ) ဟု ခေါ်ဆိုသည်။

၃။ အကြောင်းညီညွတ်လျှင် ဧကန်ဖြစ်ပေါ်မည့် အာရုံကို (အနာဂတ်) အာရုံဟု ခေါ်ဆိုသည်။

ဓမ္မာရုံတွင် ပါဝင်သော စိတ်၊ စေတသိက်နှင့် ရုပ်တို့သည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဟူ၍ ကာလ (၃) ပါးစီ ရှိကြသောကြောင့် "တေကာလိက ဓမ္မာရုံ" ဟုခေါ်ဆိုပါသည်။

## ကာလဝိမုတ်ဓမ္မာရုံ (၂) ပါး

**"နိဗ္ဗာန်+ပညတ်၊ နှစ်ရပ်ဓမ္မ၊ ဖြစ်ကင်းပ၊ ကာလဝိမုတ်ကြဲ။"**

(ကာလဝိမုတ္တ=ကာလ=အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလ ၃ ပါးမှ+ဝိမုတ္တ=အလွတ်တည်း။)

ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ဟူသော ကာလ (၃) ပါးမှ လွတ်သော အာရုံကို "ကာလဝိမုတ်အာရုံ" ဟုခေါ်ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မာရုံတွင် ပါဝင်သော နိဗ္ဗာန်သည် မပျက်မစဲ အမြဲပင်ရှိသော ပရမတ္ထတရားဖြစ်၏။ နိဗ္ဗာန်၌ "ဥပါဒ်" ဟူသည့် ဖြစ်ခြင်းသဘောမရှိ၊ "ဘင်" ဟူသည့် ပျက်ခြင်းသဘောမရှိ၊ "ဋ္ဌီ" ဟူသည့် တည်ဆဲသဘောလည်းမရှိ၊ သန္တိသုခဟူသည့် ငြိမ်းအေးချမ်းသာခြင်းသဘောသာ အမြဲတည်ရှိ၏။

ဤကဲ့သို့ ဖြစ်ခြင်း ပျက်ခြင်း သဘောမရှိ၊ ကာလ ၃ ပါးအားဖြင့် ဝေခွဲ၍မရကောင်းသော **"နိဗ္ဗာန်"သည် ကာလဝိမုတ်** မည်၏။

ဓမ္မာရုံတွင် ပါဝင်သည့် "ပညတ်" သည်လည်း ကာလဝိမုတ်အာရုံပင်ဖြစ်၏။ ပညတ်ဟူသည် အချုပ်အားဖြင့် နာမပညတ်၊ အတ္ထပညတ်ဟု (၂) မျိုးရှိ၏။

နာမပညတ်ဟူသည် လူတို့သမုတ်ခေါ်ဝေါ်ထားကြသည့် အမည်နာမများဖြစ်ကြ၏။ "ဥပါဒ်၊ ဋ္ဌီ၊ ဘင်" အားဖြင့် အထင် အရှားမရှိ။အတ္ထပညတ်ဟူသည် အိမ်၊ ကျောင်း၊ ခွေး၊ လူ၊ နတ် စသော အထည်ဒြပ်များကို စွဲ၍သတ်မှတ်ထားခြင်းသာ ဖြစ်၏။ လောကီအမြင်အားဖြင့် အထင်အရှားရှိသည်ဟု ဆိုစေကာမူ လက်ဆုပ်လက်ကိုင် ပြသည့်အခါ ရုပ်ကလာပ်များကိုသာ တွေ့ရ၏။ အိမ်ကိုမတွေ့ရ၊ ကျောင်းကိုမတွေ့ရ၊ လူကိုမတွေ့ရ။ ဤသို့ "ဥပါဒ်၊ ဋ္ဌီ၊ ဘင်" အားဖြင့် အထင်အရှား မရှိသော **"ပညတ်တရား"** သည် **ကာလဝိမုတ်အာရုံဖြစ်၏**။

ထို့ကြောင့် ဓမ္မာရုံတွင်ပါဝင်ကြသော **ပညတ်အာရုံနှင့် နိဗ္ဗာန်အာရုံ**တို့သည် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ဟူသည့် ကာလသုံးပါးမှ ကင်းလွတ်နေကြသော **"ကာလဝိမုတ်အာရုံများ"** ဖြစ်ကြသည်။

## အာရုံ (၅) ပါး

ရူပါရုံစသော အာရုံ (၅) ပါးသည်

၁။ ရုပ်၊ နာမ်အားဖြင့် ခွဲလျှင် ရုပ်အာရုံ၊

၂။ ကာမ၊ မဟဂ္ဂုတ် အာရုံခွဲလျှင် ကာမအာရုံ၊

၃။ ပစ္စုပ္ပန်စသော ကာလခွဲလျှင် ပစ္စုပ္ပန်အာရုံ၊

၄။ အဇ္ဈတ္တ၊ ဗဟိဒ္ဓခွဲလျှင်– အဇ္ဈတ္တ, ဗဟိဒ္ဓအာရုံ

၅။ ပညတ်၊ ပရမတ်ခွဲလျှင် – ပရမတ်အာရုံ

## ဓမ္မာရုံ

၁။ အာရုံအားဖြင့် ကာမ, မဟဂ္ဂုတ်၊ ပညတ်၊ နိဗ္ဗာန်ဟူ၍ အာရုံ ၄–မျိုးပါဝင်၏။

၂။ ကာလအားဖြင့် ပစ္စုပ္ပန်၊ အတိတ်,အနာဂတ်နှင့် ကာလဝိမုတ် (၄) မျိုးပါဝင်၏။

၃။ အဇ္ဈတ္တ၊ ဗဟိဒ္ဓအားဖြင့် (၂) မျိုးလုံးပါဝင်၏။

၄။ ရုပ်၊ နာမ်အားဖြင့် ရုပ်၊ နာမ်၊ ပရမတ် ပညတ်များပါဝင်၏။

www.burmeseclassic.com

www.burmeseclassic.com



## ဆဒွါရိကစိတ်တို့နှင့် ဒွါရဝိမုတ်စိတ်တို့၏ အာရုံပြဇယား

| | အာရမ္မဏိကတရားမျိုး (စိတ်) | အာရုံများ | တရားကိုယ် |
|---|---|---|---|
| ပဥ္စဒွါရိကစိတ်တို့၏သတ္တိသည်များစွာမရှိကြ၊ တိုက်ရိုက်ထင်လာသော ဆိုင်ရာပစ္စုပ္ပန်အာရုံတစ်မျိုးကိုသာအာရုံပြုနိုင်ကြသည်။ | ၁။ စက္ခုဒွါရိကစိတ် ၄၆ ပါး<br>The 46 type of consciousness that arise in eye-door are aware of the present visible object only. | ပစ္စုပ္ပန်ရူပါရုံ | ဝဏ္ဏ (အဆင်းရုပ်ဟူသမျှ) |
| | ၂။ သောတဒွါရိကစိတ် ၄၆ ပါး<br>The 46 type of consciousness that arise in the ear-door are aware of the present sound only. | ပစ္စုပ္ပန် သဒ္ဒါရုံ | သဒ္ဒ (အသံရုပ်ဟူသမျှ) |
| | ၃။ ဃာနဒွါရိကစိတ် ၄၆ ပါး<br>The 46 type of consciousness that arise in the nose-door are aware of the present smell only. | ပစ္စုပ္ပန် ဂန္ဓာရုံ | ဂန္ဓ (အနံ့ရုပ်ဟူသမျှ) |
| | ၄။ ဇိဝှါဒွါရိကစိတ် ၄၆ ပါး<br>The 46 type of consciousness that arise in the tongue-door are aware of the present taste only. | ပစ္စုပ္ပန် ရသာရုံ | ရသ (အရသာရုပ်ဟူသမျှ) |
| | ၅။ ကာယဒွါရိကစိတ် ၄၆ ပါး<br>The 46 type of consciousness that arise in the bodys-door are aware of the present tangible. | ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံ | ပထဝီ၊ တေဇော၊ ဝါယော (မဟာဘုတ်-၃) |
| မနောဒွါရိကစိတ်(၆၇)ပါးသည်အလွန်အစွမ်းသတ္တိရှိ၏။ အတိတ်၊ပစ္စုပ္ပန်၊အနာဂတ်အာရုံများနှင့်ကာလဝိမုတ်အာရုံများကို အာရုံပြုနိုင်၏။ အာရုံ(၆)ပါးလုံးကိုအာရုံပြုနိုင်၏။ | ၆။ မနောဒွါရိကစိတ် ၆၇ ပါး<br>The 67 types of consciousness that arise in the mind-door are aware of all sense-objects. | ဓမ္မာရုံ<br>(တေကာလိက နှင့်ကာလဝိမုတ်) | ၁။ ပသာဒရုပ် ၅ ပါး<br>၂။ သုခုမရုပ် ၁၆ ပါး<br>၃။ စိတ် (၈၉) ပါး ၁ ပါး<br>၄။ စေတသိက် ၅၂ ပါး<br>(၁-၄ = တေကာလိက ဓမ္မာရုံ)<br>၅။ နိဗ္ဗာန် ၁ ပါး<br>၆။ ပညတ် ၁ ပါး<br>(၅-၆ = ကာလဝိမုတ် ဓမ္မာရုံ)<br>ဓမ္မာရုံ ၇၆ ပါး |
| | ပဋိသန္ဓေ၊ ဘဝင်၊ စုတိစိတ်များ<br>တပ်သောဒွါရဝိမုတ်စိတ် ၁၉ ပါး<br>19-door freed consciousness | ထိုက်သင့်သည့်အားလျော်စွာ၊ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်(၃)ပါးတို့တွင်တစ်ပါးပါးကိုအာရုံပြုသည်။ | |

www.burmeseclassic.com

www.burmeseclassic.com



## ဒွါရဝိမုတ်စိတ် ၁၉ ပါးတို့၏အာရုံများ

ဥပေက္ခာသန္တီရဏ စိတ် ၂ ပါး၊ မဟာဝိပါက်စိတ် ၈ ပါးနှင့် မဟဂ္ဂုတ်ဝိပါက်စိတ် ၉ ပါး၊ ဤ ၁၉ ပါးသော ဝိပါက်စိတ်တို့သည် ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်နှင့် စုတိစိတ်ကိစ္စ တပ်ကြသည့်အခါ မည်သည့်ဒွါရ၌မျှ မဖြစ်ပေါ်သောကြောင့် ဒွါရဝိမုတ်စိတ်များဟု ခေါ်ဆိုသည်။

ထိုဝိပါက်စိတ် ၁၉ ပါးတို့သည် ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်နှင့် စုတိစိတ်ကိစ္စ တပ်ကြသည့်အခါ စက္ခုဒွါရစသော ပဉ္စဒွါရ၌ မဖြစ်ပေါ်ခြင်း၊ မိမိပင်လျှင် မနောဒွါရဟု ဆိုအပ်သော ဘဝင်စိတ်များ ဖြစ်ကြခြင်း၊ ကမ္မနိမိတ် အစရှိသည်တို့မှတစ်ပါး တစ်ခြား ထူးထူးထွေထွေ အာရုံအသစ်များကို ယူနိုင်စွမ်း မရှိခြင်းတို့ကြောင့် ၆ ဒွါရတို့မှ အမြဲလွတ်သောစိတ်များ ဖြစ်ကြသည်။

စိတ်ဟူသည် အာရုံမရှိဘဲ မဖြစ်ပေါ်နိုင်ချေ။ အဆိုပါဒွါရဝိမုတ်စိတ် ၁၉ ပါးတို့သည် များသောအားဖြင့် အခြားမဲ့ လွန်ခဲ့ပြီးစ ဘဝဟောင်း၌ဖြစ်သော "ဆဒွါရိက မရဏာသန္နဇော"က ယူပေးအပ်သည့် **ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်ဟူသော နိမိတ် (၃) ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုသည်။**

## နိမိတ် (၃) ပါးတို့၏ တရားကိုယ်

နိမိတ် (၃) ပါးတို့၏ တရားကိုယ်မှာ မရဏာသန္နဇော၏ အာရုံဖြစ်သည့် ရူပါရုံစသော အာရုံ ၆ ပါးတွင် တစ်ပါးပါးပင်ဖြစ်သည်၊ မရဏာသန္နဇောဟူသည်မှာ သတ္တဝါတို့စုတေခါနီး၌ စုတိစိတ် ရှေ့က ကပ်လျက် တစ်ဆက်တည်းနေသော ဇောဝီထိကို ခေါ်သည်။ မရဏာသန္နဇော၏အာရုံကို ရူပါရုံ၊ သဒ္ဒါရုံ၊ ဓမ္မာရုံ စသည်ဖြင့် ပင်ကိုယ်နာမည်များကို မသုံးဘဲ အဘိဓမ္မာ ထုံးစံအရ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်ဟု ခေါ်ဝေါ်သမုတ်၏။

သတ္တဝါတို့ သန္တာန်၌ ကံအများရှိကြ၏။ စုတေခါနီး (မရဏာသန္န) အခါ၌ အကျိုးပေးမည့် ကံ၏အစွမ်းကြောင့် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် (၃) ပါးတို့အနက် တစ်ပါးပါး ထိုက်သလိုထင်လာ၏။

### ကံ

စုတေခါနီး၌ အခြားမဲ့ဘဝ၌ ပဋိသန္ဓေအကျိုးပေးဖို့ရန် မိမိပြုလုပ်ခဲ့သော ကုသိုလ်ကံ သို့မဟုတ် အကုသိုလ်ကံ တစ်ပါးပါး ရှေ့ရှုထင်ပေါ်လာခြင်းသည် **ကံအာရုံ** ဖြစ်၏။

### ကမ္မနိမိတ်

ကမ္မနိမိတ်ဆိုသည်မှာ ထိုကံပြုစဉ်တုန်းက တွေ့ကြုံရသမျှ အာရုံများပင် ဖြစ်ကြသည်။ ကုသိုလ်ကမ္မနိမိတ်ဆိုပါက ကုသိုလ်ကောင်းမှု ပြုစဉ်က တွေ့ကြုံရသမျှသော ကျောင်းကန်ဘုရား၊ ဆွမ်းသင်္ကန်း စသည့်အာရုံများ ထင်လာ၏။ အကုသိုလ်ကမ္မနိမိတ် ဖြစ်ပါက အကုသိုလ်ပြုစဉ်က တွေ့ကြုံရသမျှသော သားငါး၊ ပိုက်ကွန်၊ လက်နက် စသည်ဖြင့် သတ်ပုတ်ထိုးခုတ် ကျူးလွန်ခဲ့စဉ်က အာရုံနိမိတ်များ ထင်လာ၏။

### ဂတိနိမိတ်

စုတေပြီးနောက် လားရောက်ရာဘဝ၌ တွေ့ကြုံခံစားရမည့် သုဂတိဘုံသို့ ရောက်မည်ဆိုပါက နတ်ဘုံ၊ နတ်နန်း၊ ဥယျာဉ်၊ ပဒေသာပင် စသည်များ၊ ဒုဂ္ဂတိဘုံသို့ လားမည်ဆိုပါက ငရဲဘုံ၊ ငရဲမီး၊

www.burmeseclassic.com

www.burmeseclassic.com



ငရဲထိန်း၊ ငရဲခွေး၊ စသည်တို့ ထင်လာသော အာရုံ ဟူသမျှကို ဂတိနိမိတ်ဟု ခေါ်ဆိုသည်။

အသညသတ်ဘုံမှ စုတေမည့်သူများနှင့် စုတေပြီးနောက် ထိုထိုဂတိ၌ ဘဝသစ်ဖြစ်တော့မည် မဟုတ်သော ရဟန္တာများ မှအပ ကြွင်းကျန်သော သတ္တဝါဟူသမျှတို့သည် ကံနိမိတ်ထင်ထိုက်လျှင် ကံနိမိတ်ထင်၍ ကမ္မနိမိတ်ထင်ထိုက်လျှင် ကမ္မနိမိတ်ထင်ပြီး ဂတိနိမိတ်ထင်ထိုက်လျှင် ဂတိနိမိတ်ထင်ပြီးမှသာလျှင် စုတေ၍ ဘဝကူးရသည်။

## တစ်ဘဝတွင် တူညီသောစိတ် (၃) ပါး

မည်သည့်ဘဝ မည်သည့်သတ္တဝါမဆို ပဋိသန္ဓေနေသောစိတ်၊ ပဝတ္တိအခါဖြစ်သော ဘဝင်စိတ်နှင့် သေခါနီးဖြစ်သော စုတိစိတ်တို့သည် တစ်မျိုးတစ်စားတည်း ဖြစ်ရ၏။ အာရုံပြုပုံလည်း တူရ၏။ *ပဋိသန္ဓေစိတ်က ကမ္မနိမိတ်ကို အာရုံပြုခဲ့လျှင် ဘဝင်စိတ်၊ စုတိစိတ်တို့ကလည်း ကမ္မနိမိတ်ကိုပင်* အာရုံပြုကြသည်။

တစ်ဘဝ၌ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်နှင့် စုတိစိတ်တို့ အာရုံပြုပုံ တူရခြင်းမှာ သတ္တဝါတစ်ဦးသည် ဘဝကူးခါနီးအချိန်၌ မရဏာသန္နဝီထိ ကျရမြဲဖြစ်သည်။ စုတေခါနီး၌စိတ်အစဉ်နှင့် ဟဒယဝတ္ထုတို့သည် ခွန်အားလျော့နည်းနေကြသဖြင့် ဇော– ၇–ကြိမ် မစောနိုင်ဘဲ ၅ကြိမ်သာစောနိုင်ကြ၏။ ထိုမရဏာသန္နဝီထိ၌ ပစ္စုပ္ပန်အာရုံများ (ကမ္မနိမိတ် သို့မဟုတ် ဂတိနိမိတ်) ထင်လာလျှင် ထိုရုပ်အာရုံ၏ အသက်သည် စိတ္တက္ခဏ (၁၇) ချက် အသက်ရှည်၏။ ထိုပစ္စုပ္ပန်အာရုံ ထင်ရှားရှိစဉ် စုတိစိတ်ကျပါက ဇောဆုံးသော ပဉ္စဝီထိ ဖြစ်ပါက အတီတဘဝင်မှ စုတိစိတ်တိုင်အောင် အာရုံသက်စိတ္တက္ခဏ (၁၄)ချက်သာ ရှိသေး၏။ ပစ္စုပ္ပန်အာရုံမချုပ်သေး။ နိမိတ်အာရုံ၏ အသက် ၃ ချက်စာ ကျန်နေ၏။

| ဘဝဟောင်း ပဉ္စဒွါရ မရဏာ သန္နဝီထိ (စက္ခု) | ဘဝသစ် ပဋိသန္ဓေဝီထိ |
|---|---|
| ဥပါဒ် ရုပ်ဋ္ဌီ | ဘင် = ၁၇ ချက်ရုပ်သက် |
| ဘဝဟောင်း အာရုံသက် ၁၄ | ဘဝသစ်အာရုံသက် |
| တီ၊ န၊ ဒ၊ ပ၊ စ၊ သံ၊ ဏ၊ ဝု၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ စု | ပဋိသန္ဓေ၊ ပဘွင်၊ ဒု ဘွင် |
| ၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၁၀ ၁၁ ၁၂ ၁၃ ၁၄ | ၁၅၊ ၁၆၊ ၁၇၊ |

စုတိစိတ်နောင် ဘဝသစ်၌ဖြစ်သော ပဋိသန္ဓေသစ်နှင့် ဘဝင် (၂) ကြိမ်တို့သည် ဘဝဟောင်းက မချုပ်သေးသည့် အာရုံနိမိတ်ကိုပင် ဆက်လက်အာရုံပြုသည်။

ပဋိသန္ဓေစိတ်ချုပ်ပြီး ဘဝကိုဆက်ပေးသော ဘဝင်စိတ်များနှင့် တစ်ဘဝ၏ နောက်ဆုံးစိတ်ဖြစ်သော စုတိစိတ်တို့ကလည်း ပဋိသန္ဓေစိတ်ယူသော အာရုံကိုပင် အာရုံပြုကြသည်။ ထို့ကြောင့် နတ်ပြည်မှ စုတေ၍ လူ့ပြည်သို့ ရောက်လာလျှင် ထိုနတ်ပြည်က မရဏာသန္နဇော ယူအပ်သော အာရုံနိမိတ် တစ်ပါးပါးကိုပင် လူ့ဘဝပဋိသန္ဓေစိတ်က လိုက်၍ အာရုံပြုရသည်။ တစ်ဘဝ၏ အဆုံးသတ်ဖြစ်သော ဘဝင်စိတ်ကိုပင် စုတိစိတ်ဟုခေါ်သည်။

ထို့ကြောင့်တစ်ဘဝ၌ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်နှင့် စုတိစိတ်တို့၏ အာရုံပြုပုံ တူကြရသည်။

## ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တို့၏ ကာလ၊ အာရုံနှင့် ထင်ရာဒွါရ

ကံ၊ ကမ္မနိမိတ်နှင့် ဂတိနိမိတ်ဆိုသည်မှာ လွန်ခဲ့ပြီးသော ဘဝဟောင်း မရဏာသန္နအခါ၌

www.burmeseclassic.com

www.burmeseclassic.com



အကျိုးပေးမည့် ကံ၏အစွမ်းကြောင့် ထင်လာသော အာရုံများပင် ဖြစ်သည်။

ထို့ကြောင့် ကံ၊ ကမ္မနိမိတ်နှင့် ဂတိနိမိတ်တို့သည် ၆ ဒွါရ၌ ထိုက်သင့်သလို ထင်နိုင်ပြီး ကာလအားဖြင့် အချို့ ပစ္စုပ္ပန်၊ အချို့ အတိတ်၊ အချို့လည်း ကာလဝိမုတ် ပညတ်တရားဖြစ်သော အာရုံ ၆ ပါးပင်ဖြစ်သည်။

၁။ ကံနိမိတ်သည် ရှေးကပြုခဲ့သော ကုသိုလ်၊ အကုသိုလ် စေတနာပင်ဖြစ်သည်။ **ကာလအားဖြင့် အတိတ်တစ်မျိုးတည်း**သာ ဖြစ်သည်။ **အာရုံအားဖြင့် ဓမ္မာရုံ**ဖြစ်သောကြောင့် ထင်ခြင်းအားဖြင့် မနောဒွါရ၌သာ ထင်နိုင်၏။

၂။ ကမ္မနိမိတ်သည် **ကာလအားဖြင့်** ပစ္စုပ္ပန်၊ အတိတ်၊ ကာလဝိမုတ်ပညတ်ဖြစ်၏။ ထင်ခြင်းအားဖြင့် အတိတ်အာရုံ ဖြစ်ပါက မနောဒွါရ၌ထင်၏။ ပစ္စုပ္ပန်အာရုံဖြစ်ပါက ၆ ဒွါရ၌ ထင်နိုင်၏။ **အာရုံအားဖြင့် အာရုံ ၆ ပါး** ဖြစ်သည်။

၃။ ဂတိနိမိတ်သည် **ကာလအားဖြင့်** ပစ္စုပ္ပန်ဖြစ်သည်။ **အာရုံအားဖြင့် အာရုံ ၆ ပါး** ဖြစ်နိုင်သည်။ **ထင်ခြင်းအားဖြင့် ၆ ဒွါရ** ၌ ထင်နိုင်၏။

### အနာဂတ်ကာလမရ

ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ၃ ပါးတို့သည် အနာဂတ်ကာလမရကောင်း။ အနာဂတ်အာရုံ ဆိုသည်မှာ အတိတ်ကံ၊ ကမ္မနိမိတ်ကဲ့သို့ အာရုံကို ခံစားသည်လည်း မဟုတ်၊ ပစ္စုပ္ပန်ကံ, ကမ္မ, ဂတိနိမိတ်,ကဲ့သို့ပင် ထင်ခြင်းသို့ ရောက်သည်လည်း မဟုတ်။ထို့ကြောင့် ဒွါရဝိမုတ်စိတ်တို့သည် အနာဂတ်ကာလကို အာရုံမပြုနိုင်ကြ။

### ပုထုဇဉ်တို့ သန္တာန်၌ဖြစ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် (၄) ပါး နိဗ္ဗာန်ကို အာရုံပြုနိုင်ပုံ

မဟာကုသိုလ် ဉာဏ သမ္ပယုတ် (၄) ပါးသည် ပုထုဇဉ်တို့ သန္တာန်၌ သောတာပတ္တိ မဂ်ရှေ့ ဂေါတြဘု ကိစ္စတပ်သော အခိုက်အတန့် ကာလ၌သာ နိဗ္ဗာန်ကို အာရုံပြုနိုင်၏။

### "စိတ်နှင့်အာရုံ"

### (က) ကာမပဋိသန္ဓေစိတ် ၁၀ ပါးတို့၏ အာရုံများ

အကုသလဝိပါက် ဥပေက္ခာသန္တီရဏ စိတ် ၁ ပါးသည် အပါယ် ၄ ဘုံ၌ ပဋိသန္ဓေ၊ ဘဝင် စုတိ ကိစ္စတပ်၍ ဖြစ်ကြသည်။ ကုသလဝိပါက် ဥပေက္ခာ သန္တီရဏ စိတ် (၁) ပါးနှင့် မဟာ ဝိပါက် စိတ် (၈) ပါး၊ ဤ (၉) ပါးသော ဝိပါက်စိတ်တို့သည် ကာမသုဂတိ ၇ ဘုံ၌ ပဋိသန္ဓေ ဘဝင်၊ စုတိ ကိစ္စတပ်၍ ဖြစ်ကြသည်။

အဆိုပါ ဝိပါက်စိတ် ၁၀ ပါးသည် ကာမ ၁၁ ဘုံ၌ ပဋိသန္ဓေ ကိစ္စတပ်၍ ဖြစ်ကြသောကြောင့် ကာမပဋိသန္ဓေစိတ်များဟု အမည်ရကြသည်။

ကာမပဋိသန္ဓေစိတ်တို့၏ အာရုံသည် ကံနိမိတ်ဖြစ်စေ၊ ကမ္မနိမိတ်ဖြစ်စေ၊ ဂတိနိမိတ်ဖြစ်စေ ထင်နိုင်၏။ကံနိမိတ်၊ ကမ္မနိမိတ်၊ ဂတိနိမိတ် အာရုံအားလုံးသည် ကာမတရားချည်းသာ ဖြစ်သည်။

### (၁) အကုသလဝိပါက် ဥပေက္ခာသန္တီရဏ စိတ်၏အာရုံ

အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်သည် အပါယ် ၄ ဘုံ၌ ပဋိသန္ဓေကိစ္စတပ်၍

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သောကြောင့် အကုသိုလ်ကံတစ်ပါးပါးဖြစ်သည့် **ကံနိမိတ်ကိုဖြစ်စေ**၊ ထိုအကုသိုလ်ကံ ပြုစဉ်က တွေ့ကြုံရသမျှ အာရုံများဖြစ်သော **ကမ္မနိမိတ်ကို**ဖြစ်စေ၊ လားရောက်ရမည့်ဘုံ၌ တွေ့ကြုံခံစားရမည့် အာရုံများဖြစ်သော **ဂတိနိမိတ်ကို**ဖြစ်စေ အာရုံပြုပါသည်။

## ၂။ ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်နှင့် မဟာဝိပါက် စိတ် ၈ ပါးတို့၏ အာရုံများ

ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် ၁ ပါးနှင့် မဟာဝိပါက်စိတ် ၈ ပါး၊ ဤ ၉ ပါးသော ဝိပါက်စိတ်တို့သည် ကာမသုဂတိ ၇ ဘုံ၌ ပဋိသန္ဓေစိတ်များ ဖြစ်ကြသည်။

ကာမသုဂတိဘုံများ၌ ပဋိသန္ဓေစိတ်များ ဖြစ်ကြသည့်အလျောက် မဟာကုသိုလ် စေတနာ (၈) ပါးတည်းဟူသော **ကံဟု** ဆိုအပ်သည့် ဓမ္မာရုံကိုဖြစ်စေ၊ ထိုကုသိုလ်ကံကို ပြုစဉ်တုန်းက တွေ့ကြုံရသမျှသော ကျောင်းကန်ဘုရား၊ စေတီများနှင့် ဆွမ်း၊ သင်္ကန်း၊ ပန်းရေချမ်းဖြစ်သည့် **ကမ္မနိမိတ်ဟု** ဆိုအပ်သော အာရုံ ၆ ပါးကိုဖြစ်စေ၊ အခြားမဲ့ဖြစ်လတ္တံ့သောဘဝ၌ ရအပ် ခံစားအပ်သော ကမ္မလာနီအဆင်းရှိသော အမိဝမ်းရည်၊ နတ်ဘုံနတ်နန်း၊ ပဒေသာပင် စသော **ဂတိနိမိတ်ကို** ဖြစ်စေ တစ်ပါးပါးကို အာရုံပြုသည်။

### (ခ) ရူပ ပဋိသန္ဓေစိတ် ၅ ပါးတို့၏အာရုံများ

ရူပါဝစရဝိပါက်စိတ် ၅ ပါးတို့သည် ရူပဗြဟ္မာဘုံများ၌ ပဋိသန္ဓေ၊ ဘဝင်၊ စုတိစိတ်ကိစ္စတပ်၍ ဖြစ်ကြသည်။ ထိုရူပ ပဋိသန္ဓေစိတ် ၅ ပါးတို့သည် **ပညတ်၊ ကမ္မနိမိတ်**တို့ကိုသာ အာရုံပြုကြသည်။ **ကံ၊ ဂတိနိမိတ်တို့ကို အာရုံမပြုကြ။**

ရူပါဝစရဈာန်စိတ်တို့သည် ကသိုဏ်းစသော ပညတ်ကို အာရုံပြုသောကြောင့် စုတေခါနီး၌ ဈာန်၏အာရုံဖြစ်သော ကသိုဏ်းပညတ်များသည် ကမ္မနိမိတ်အဖြစ် ထင်လာကြရမြဲဖြစ်၏။ ထို့ကြောင့် စုတိ၏ အခြားမဲ့၌ ဗြဟ္မာဘုံတွင်ဖြစ်သော ပဋိသန္ဓေစိတ်သည်လည်း ထိုကသိုဏ်းစသော **ပညတ် ကမ္မနိမိတ်ကိုပင်** ဆက်လက်အာရုံပြု၏။

### (ခ-၁) ရူပါဝစရပထမဈာန် ပဋိသန္ဓေစိတ်၏အာရုံ

ရူပါဝစရပထမဈာန် ပဋိသန္ဓေစိတ်သည် ကသိုဏ်း ၁၀ ပါး၊ အသုဘပညတ် ၁၀ ပါး၊ ကာယဂတာသတိ၏ အာရုံဖြစ်သော ကာယအစုပညတ်၊ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်၊ မေတ္တာ၊ကရုဏာ၊ မုဒိတာဟု ဆိုအပ်သော ဗြဟ္မဝိဟာရတရား ၃ ပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်၊ ဤ (၂၅) ပါးသော ပညတ်အာရုံတို့တွင် တစ်ပါးပါးကို အာရုံပြု၏။

**နိမိတ်အားဖြင့် ကမ္မနိမိတ်ဖြစ်ပြီး အာရုံအားဖြင့် ဓမ္မာရုံ** ဖြစ်သည်။

### (ခ-၂) ရူပါဝစရ ဒုတိယဈာန်၊ တတိယဈာန်နှင့် စတုတ္ထဈာန် ပဋိသန္ဓေစိတ်တို့၏ အာရုံများ

ရူပါဝစရ ဒုတိယဈာန်၊ တတိယဈာန်နှင့် စတုတ္ထဈာန် ပဋိသန္ဓေစိတ် ၃ ပါးတို့သည် ကသိုဏ်း (၁၀) ပါး၊ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်၊ ဝင်သက်ပညတ်၊ မေတ္တာ

www.burmeseclassic.com

www.burmeseclassic.com



ကရုဏာ၊ မုဒိတာဟု ဆိုအပ်သော ဖြဟ္မဝိဟာရတရား (၃) ပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်၊ ဤ (၁၄) ပါးသော **ပညတ်ကမ္မနိမိတ်**ဟု ဆိုအပ်သော ဓမ္မာရုံ ကို အာရုံပြုသည်။

## (ခ-၃) ရူပါဝစရ ပဥ္စမဈာန် ပဋိသန္ဓေစိတ်၏အာရုံ

ရူပါဝစရ ပဥ္စမဈာန် ပဋိသန္ဓေစိတ်သည် ကသိုဏ်း ၁၀ ပါး အာနာပါနသတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက် ပညတ်၊ ဥပေက္ခာဟု ဆိုအပ်သော ဗြဟ္မဝိဟာရတရား (၁) ပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်၊ ဤ (၁၂) ပါးသော ပညတ်၊ **ကမ္မနိမိတ်**ဟု ဆိုအပ်သော ဓမ္မာရုံကို အာရုံပြုပါသည်။

## (ဂ) အရူပ ပဋိသန္ဓေစိတ် ၄ ပါးတို့၏ အာရုံများ

အရူပဝိပါက်စိတ် ၄ ပါးတို့သည် အရူပ ဗြဟ္မာ ၄ ဘုံတို့၌ ပဋိသန္ဓေ၊ ဘဝင်၊ စုတိ ကိစ္စတပ်၍ ဖြစ်ကြသည်။

အရူပပဋိသန္ဓေစိတ်တို့သည်လည်း **ကမ္မနိမိတ်**ကိုသာ အာရုံပြုသည်။ **ကံ၊ ဂတိနိမိတ်တို့ကို အာရုံမပြုကြပါ။**

အရူပပဋိသန္ဓေစိတ်တို့ အာရုံပြုသော ကမ္မနိမိတ်တွင် ပညတ်ကမ္မနိမိတ်နှင့် မဟဂ္ဂုတ်ကမ္မနိမိတ်ဟူ၍ (၂) မျိုးရှိသည်။

ပထမ-တတိယ အရူပပဋိသန္ဓေစိတ်၏အာရုံသည် ကောင်းကင်ပညတ်နှင့် နတ္ထိဘော ပညတ် ကမ္မနိမိတ်တို့ဖြစ်သည်။ ဒုတိယ၊ စတုတ္ထ အရူပ ပဋိသန္ဓေစိတ်၏အာရုံသည် ပထမာရုပ္ပဝိညာဏ်စိတ်နှင့် တတိယာရုပ္ပဝိညာဏ်စိတ်ဟူသော မဟဂ္ဂုတ်ကမ္မနိမိတ် ဖြစ်သည်။

## (ဂ-၁) အာကာသာနဉ္စာယတန ပဋိသန္ဓေစိတ်၏အာရုံ

အာကာသာနဉ္စာယတန ပဋိသန္ဓေစိတ်သည် အာကာသကသိုဏ်းကြဉ်သော ကသိုဏ်း ၉ ပါးတို့တွင် တစ်ပါးပါးကို ခွါ၍ ရအပ်သော ကောင်းကင်ပညတ် ကမ္မနိမိတ်ကို အာရုံပြုသည်။ ဓမ္မာရုံဖြစ်သည်။

## (ဂ-၂) ဝိညာဏဉ္စာယတန ပဋိသန္ဓေစိတ်၏အာရုံ

ဝိညာဏဉ္စာယတန ပဋိသန္ဓေစိတ်သည် ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဖူးသော အာကာသာနဉ္စာယတန **ကုသိုလ်**၊ အတိတ်မဟဂ္ဂုတ် ကမ္မနိမိတ်ကို အာရုံပြုသည်။ ဓမ္မာရုံဖြစ်သည်။

## (ဂ-၃) အာကိဉ္စညာယတန ပဋိသန္ဓေစိတ်၏အာရုံ

အာကိဉ္စညာယတန ပဋိသန္ဓေစိတ်သည် အာကာသာနဉ္စာယတန ကုသိုလ်၏ မရှိခြင်းသည်းဟူသော နတ္ထိဘော ပညတ်၊ ကမ္မနိမိတ်ကို အာရုံပြုပါသည်။ ဓမ္မာရုံဖြစ်သည်။

## (ဂ-၄) နေဝသညာ နာသညာ ယတန ပဋိသန္ဓေစိတ်၏အာရုံ

နေဝသညာနာသညာယတန ပဋိသန္ဓေစိတ်သည် ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဖူးသော အာကိဉ္စညာယတန ကုသိုလ် အတိတ် မဟဂ္ဂုတ်ကို အာရုံပြုပါသည်။ ဓမ္မာရုံဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## မရဏာ သန္နဇောဇ၏အာရုံကို မယူသော ပဋိသန္ဓေစိတ်

အသညသတ်ဘုံမှ စုတေလျှင် ကာမသုဂတိဘုံသို့သာ ပြန်လာရမည် ဖြစ်သည်။ အသညသတ်ဘုံ၌ စိတ်ဟူသမျှ လုံးဝမရှိရကား စုတေခါနီးအာရုံကို ယူဖို့ရန် မရဏာသန္နဇော မရနိုင်။

ထို့ကြောင့် အသညသတ်ဘုံမှ စုတေ၍ ကာမဘုံ၌ ဖြစ်သော ပဋိသန္ဓေစိတ်၏အာရုံသည် အသညသတ်ဘုံသို့ မရောက်မီ ရှေးရှေးဘဝ၌ ပြုခဲ့သော (အပရာပရိယဝေဒနီယ) ကံ၏ အစွမ်းကြောင့် ထင်လာသော **ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ၃ ပါး** တို့တွင် တစ်ပါးပါးကို အာရုံပြုသည်။

## ဂတိနိမိတ်မထင်နိုင်သော ပဋိသန္ဓေစိတ်

အရူပဘုံ၌ အချင်းခပ်သိမ်း ရုပ်တို့မရှိခြင်းကြောင့် **ဓမ္မာရုံတစ်ခုသာ** ထင်နိုင်၏။ အရူပဘုံမှ စုတေ၍ ကာမဘုံ၌ ဖြစ်ရလျှင် အရူပမရဏာသန္နဇောက **ဂတိနိမိတ်**နှင့် **ရုပ်ကမ္မနိမိတ်**ကို မယူနိုင်၊ **ကံအာရုံနိမိတ်**ကိုသာ ယူနိုင်၏။

ကာမဘုံသို့ရောက်၍ ကာမပဋိသန္ဓေစိတ်၏ အာရုံသည် ဂတိနိမိတ်နှင့် ရုပ်ကမ္မနိမိတ်ဖြစ်လျှင် အကျိုးပေးမည့် ကံ၏အစွမ်းကြောင့် ထင်လာသော အာရုံသာ ဖြစ်သည်။

ထို့ကြောင့် (အရူပဝယ်၊ စုတေရွယ်လည်း၊ ရုပ်နွယ်ဟူသမျှ၊ ကမ္မ, ဂတိ ၊နိမိတ်နှစ်ခု၊ မရမှုကြောင့်၊ ယေဘုယျေန၊ ဆရာပြသည်၊ ထင်ကြအာရုံ၊ ကံကြောင့်တည်း) ဟု ဆိုသည်။

## အာရုံ "၆" ပါးတို့၏ တရားကိုယ် များကို အာရုံ (၄) မျိုးဖြင့် ခွဲခြားပြခြင်း

အာရုံ (၆)ပါးတို့၏ တရားကိုယ်များကို စိစစ်လျှင် ရူပါရုံစသော ပဉ္စအာရုံတို့၏ တရားကိုယ်မှာ (ဝဏ္ဏ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ပထဝီ၊ တေဇော၊ ဝါယော) ဟူသော ရုပ်တရား အစုအာရုံသာဖြစ်၏။

ဓမ္မာရုံတွင် ပါဝင်သော အာရုံ (၆) မျိုးတို့၏ တရားကိုယ်မှာ ပသာဒရုပ် (၅) ပါး၊ သုခုမရုပ် (၁၆) ပါးဟူသော ရုပ်တရားအစုအာရုံ၊စိတ် (၈၉) ပါးနှင့် စေတသိက် (၅၂) ပါးဟူသော နာမ်ရုပ်တရားအစုအာရုံ၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်အာရုံနှင့် ပညတ် အာရုံတို့ ဖြစ်သည်။

ထိုအာရုံ (၆) ပါးတို့၏ တရားကိုယ် အာရုံများကို အချုပ်အားဖြင့် ခွဲခြားလျှင် အောက်ပါအတိုင်း (၄) မျိုးရှိသည်။

| | |
|---|---|
| ၁။ ကာမအာရုံ | ၂။ မဟဂ္ဂုတ်အာရုံ |
| ၃။ ပညတ်အာရုံ | ၄။ လောကုတ္တရာအာရုံ (နိဗ္ဗာန်) |

အာရုံဟူ၍ခွဲခြားပြသောအခါ အာရုံ(၆)ပါးဖြစ်စေ၊ အာရုံ(၄)ပါးဖြစ်စေ၊ တရားကိုယ်မှာ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ပညတ်ဟူသော တရား(၅)ပါးကိုသာ တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် ထိုတရား(၅)ပါးကိုပင် အောက်ပါအတိုင်း အာရုံ(၄)ပါးနှင့် တရားကိုယ်များကို ခွဲခြားထားကြောင်း တွေ့နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## အာရုံ ၆ ပါးကို အာရုံ ၄ မျိုး ခွဲပြပုံ။

| စဉ် | အာရုံ (၄) ပါးအခေါ် | ပါဝင်သော နာမ်၊ ရုပ်၊ ပညတ်၊ နိဗ္ဗာန်အာရုံများ | အာရုံ (၆) ပါးအခေါ် |
|---|---|---|---|
| ၁ | ကာမအာရုံ (ပရိတ္တာရုံ = အာနုဘော်သေးငယ်သောအာရုံ) | ၁။ ကာမစိတ် ၅၄ ပါး<br>၂။ စေတသိက် ၅၂ ပါး<br>၃။ ရုပ် ၂၈ ပါး | တေကာလိက တရားများဖြစ်သော အာရုံ(၆) ပါးပင်ဖြစ်သည်။ |
| ၂ | မဟဂ္ဂုတ်အာရုံ (အာနုဘော်ကြီးကျယ်သော) | ၁။ မဟဂ္ဂုတ်စိတ် ၂၇ ပါး<br>၂။ စေတသိက် ၃၅ ပါး | တေကာလိကတရားများဖြစ်သော ဓမ္မာရုံ။ |
| ၃ | ပညတ်အာရုံ | ကသိုဏ်းပညတ်စသည် | ကာလဝိမုတ် ဓမ္မာရုံ |
| ၄ | လောကုတ္တရာအာရုံ (အပ္ပမာဏာရုံ အတိုင်းမရှိ အာနုဘော်ကြီးကျယ်သော အာရုံ) | ၁။ လောကုတ္တရာစိတ် ၈ ပါး<br>၂။ နိဗ္ဗာန် ၁ | တေကာလိကနှင့် ကာလဝိမုတ်ဖြစ်သော (နိဗ္ဗာန်) ဓမ္မာရုံ |

### အာရုံနှင့်စိတ်

အာရုံ(၄)မျိုးကို မည်သည့်စိတ်များက ကေန်–အနေကန်အာရုံပြုနိုင်ခြင်းကို ခွဲခြားဝေဖန်ပြသော အပိုင်းဖြစ်သည်။ စိတ်တို့၏ စွမ်းအားအလိုက် ဆိုင်ရာအာရုံများကိုသာ အာရုံပြုနိုင်ကြသည်။

### (၁) ကာမကေန်အာရုံပြုစိတ် ၂၅ ပါး

ပဉ္စဝိညာဏ်၊ ကိုယ်စီရုံ၊ ငါးတန်ရှုပါဒီ။

ဇော

ပ ပဝိ သံ ဏ ဝု | ရုံ = ၂၅ ပါး

၁ ၁၀ ၂ (၃) | +၁ ၈

၃ ၃

မနော ဓာတုံ၊ ငါးအာရုံ၊ နှစ်စုံဆယ့်သုံးရှိ။ တဒါ၊ ဟသ၊ ဆယ်နှစ်ဝ၊ ကာမကိုသာသိ၊

ပစ္စုပ်ကေန်၊ ရုပ်ကေန်၊ အမှန်တွေးယူညို။

### (က) ပစ္စုပ္ပန်ကေန်၊ ရုပ်ကေန် ၁၃ ပါး

၁။ ဒွေးပဉ္စဝိညာဏ် ၁၀ ပါးသည် ဆိုင်ရာ ပစ္စုပ္ပန်အာရုံအသီးသီးကို အာရုံပြုသည်။

(က)စက္ခုဝိညာဏ်ဒွေးတို့သည် ပစ္စုပ္ပန် ရူပါရုံကိုသာ အာရုံပြုကုန်၏။

(ခ) သောတဝိညာဏ်ဒွေးတို့သည် ပစ္စုပ္ပန်သဒ္ဒါရုံကိုသာ အာရုံပြုကုန်၏။

(ဂ) ဃာနဝိညာဏ်ဒွေးတို့သည် ပစ္စုပ္ပန် ဂန္ဓာရုံကိုသာ အာရုံပြုကုန်၏။

(ဃ)ဇိဝှါဝိညာဏ်ဒွေးတို့သည် ပစ္စုပ္ပန်ရသာရုံကိုသာ အာရုံပြုကုန်၏။

(င) ကာယဝိညာဏ်ဒွေးတို့သည် ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံကိုသာ အာရုံပြုကုန်၏။

(စ) ပဉ္စဒွါရာဝဇ္ဇန်းစိတ် ၁ ပါးနှင့် သမ္ပဋိစ္ဆိုင်းဒွေးဟူသော မနောဓာတ် (၃) ပါးသည် ပစ္စုပ္ပန်

www.burmeseclassic.com

www.burmeseclassic.com



ပဉ္စာရုံကိုသာ အာရုံပြုကုန်၏။

ထို ၁၃ ပါးသော စိတ်တို့သည် ကာမအာရုံကို အာရုံပြုရာ၌ ချုပ်ပြီးသော အာရုံတို့ကို အာရုံပြုသည်မဟုတ်။ မဖြစ်သေးသော အနာဂတ်အာရုံများကိုအာရုံပြုသည်လည်းမဟုတ်၊ ဥပါဒ်၊ ဌီ၊ ဘင်၊ တည်ဆဲပစ္စုပ္ပန်အာရုံများကိုသာ အာရုံပြုကြ၏။


ထို့ကြောင့် ထိုစိတ် ၁၃ ပါးတို့သည် ပစ္စုပ္ပန်ကိုသာ ကေန်အာရုံပြုကြကုန်၏။ ရုပ်တရားကိုသာ ကေန်အာရုံပြုကြကုန်၏။

### (ခ) တဒါ၊ ဟသနဆယ့်နှစ်ဝ၊ ကာမကိုသာသိ

တဒါရုံ **စိတ်** ၁၁ ပါး၊ ဟသိတုပ္ပါဒ်စိတ် ၁ ပါး၊ ဤ ၁၂ ပါးသော စိတ်တို့သည် ပစ္စုပ္ပန်၊ အတိတ်၊ **အနာဂတ်** ဖြစ်သော ကာမစိတ် ၅၄ ပါး၊ **စေတသိက်** ၅၂ ပါးနှင့် ရုပ် ၂၈ ပါးဟု ဆိုအပ်သော ကာမအာရုံ ၆ ပါးကိုသာ အာရုံပြုကြသည်။

### ၂။ မဟဂ္ဂုတ်ကေန်အာရုံပြုစိတ် ၆ ပါး

ဝိညာဏဉ္စာယတနစိတ် ၃ ပါးနှင့် နေဝသညာနာသညာယတနစိတ် ၃ ပါးဖြစ်ကြသည့် စိတ် ၆ ပါးတို့သည် မဟဂ္ဂုတ် အာရုံကို ကေန်အာရုံပြုကြသည်။




(က) အရူပစိတ် ၁၂ ပါးတို့တွင် ဒုတိယာရုပ္ပဝိညာဏ်ဖြစ်သော ဝိညာဏဉ္စာ ယတန **ကုသိုလ်**စိတ်၊ **ကြိယာ**စိတ်၊ **ဝိပါက်စိတ်** ၃ ပါးတို့သည် မိမိသန္တာန်၌ ဖြစ်ဖူးသော ပဌမာရုပ္ပဝိညာဏ် ဖြစ်သည့် အတိတ်အာကာသာနဉ္စာယတနစိတ်တည်းဟူသော အတိတ်မဟဂ္ဂုတ် ဓမ္မာရုံကိုသာ အာရုံပြုသည်။

(ခ) စတုတ္ထာရုပ္ပဝိညာဏ်ဖြစ်သော နေဝသညာနာသညာယတနစိတ် (၃) ပါးတို့သည် မိမိသန္တာန်၌ ဖြစ်ဖူးသော တတိယာရုပ္ပဝိညာဏ်ဖြစ်သည့် အတိတ်အာကိ ဉ္စညာယတနစိတ် တည်းဟူသော အတိတ်မဟဂ္ဂုတ် ဓမ္မာရုံကိုသာ အာရုံပြု၏။

ထို့ကြောင့် ဝိညာဏဉ္စာယတန ကုသိုလ်စိတ်၊ ဝိပါက်စိတ်၊ ကြိယာစိတ် (၃) ပါးနှင့် နေဝသညာနာသညာယတန ကုသိုလ်စိတ်၊ ဝိပါက်စိတ်၊ ကြိယာစိတ် (၃) ပါး၊ ပေါင်း ဤ ၆ ပါးသော စိတ်တို့သည် **အတိတ်မဟဂ္ဂုတ်အာရုံကို ကေန်အာရုံပြုကြသည်။**

### ၃။ ပညတ်ကေန်အာရုံပြု ၂၁ ပါး

အဘိညာဏ်ခွေးကြဉ်သော ရူပါဝစရစိတ် ၁၅ ပါး၊ အာကာသာနဉ္စာယတနစိတ် (ကု၊ ဝိ၊ ကြိ)၃ ပါး၊ အာကိဉ္စညာယတနစိတ် (ကု၊ ဝိ၊ ကြိ) ၃ ပါး၊ ဤ ၂၁ ပါးသောစိတ်တို့သည် ကာလဝိမုတ်ဖြစ်သော ကသိုဏ်းစသည့် ပညတ်ဓမ္မာရုံကိုသာ အာရုံပြုကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



* ဘိညာကြဉ်မူ၊ ဆယ့်ငါးရူ၊ အရူပ၊ တ၊ ဆို။

* ပညတ်ကေစ်၊ နှစ်ဆယ့်တစ်၊ စင်စစ်အမှန်သိ

၁ | ၁ ၁ = ၃

၁ | ၁ ၁ = ၃

၅ | ၅ ၅ =၁၅

ပ ပဝိ သံ ဏာ ဝ —— ရုံ ၂၁ ပါး

(က) ရူပါဝစရ ပထမဈာန်စိတ် ၃ ပါးတို့သည် အောက်ပါ ၂၅ ပါးသော ပညတ်အာရုံတို့တွင် တစ်ပါးပါးကို အာရုံပြုကြသည်။

| | |
|---|---|
| ကသိုဏ်းပညတ် | ၁၀ ပါး |
| အသုဘပညတ် | ၁၀ ပါး |
| ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံပင်အစရှိသော ကောဋ္ဌာသပညတ် | ၁ ပါး |
| အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ် | ၁ ပါး |
| မေတ္တာ၏အာရုံဖြစ်သော သုခိတ၊ ဒုက္ခိတ သတ္တဝါပညတ် | ၁ ပါး |
| ကရုဏာ၏အာရုံဖြစ်သော ဒုက္ခိတသတ္တဝါပညတ် | ၁ ပါး |
| မုဒိတာ၏အာရုံဖြစ်သော သုခိတသတ္တဝါပညတ် | ၁ ပါး |
| | ပေါင်း၂၅ ပါး |

**(ခ) ရူပါဝစရဒုတိယဈာန်စိတ် ၃ ပါး၊ တတိယဈာန်စိတ် ၃ ပါးနှင့် စတုတ္ထဈာန်စိတ် ၃ ပါး၊ ဤ ၉ ပါးသော စိတ်တို့သည် အောက်ပါ ၁၄ ပါးသော ပညတ်အာရုံတို့တွင် တစ်ပါးပါးကို အာရုံပြုကြသည်။**

| | |
|---|---|
| ကသိုဏ်းပညတ် | ၁၀ ပါး |
| အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ် | ၁ ပါး |
| မေတ္တာ၏အာရုံဖြစ်သော သုခိတ၊ ဒုက္ခိတ သတ္တဝါပညတ် | ၁ ပါး |
| ကရုဏာ၏အာရုံဖြစ်သော ဒုက္ခိတသတ္တဝါပညတ် | ၁ ပါး |
| မုဒိတာ၏အာရုံဖြစ်သော သုခိတသတ္တဝါပညတ် | ၁ ပါး |
| | ပေါင်း၁၄ ပါး |

(ဂ) ရူပါဝစရပဉ္စမဈာန်စိတ် ၃ ပါးသည် အောက်ပါ ပညတ်အာရုံတို့တွင် တစ်ပါးပါးကို အာရုံပြုကြသည်။

| | |
|---|---|
| ကသိုဏ်းပညတ် | ၁၀ ပါး |
| အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ် | ၁ ပါး |
| ဥပေက္ခာ၏အာရုံဖြစ်သော ခပ်သိမ်းသောသတ္တဝါပညတ် | ၁ ပါး |
| | ပေါင်း၁၂ ပါး |

(ဃ) အာကာသာနဉ္စာယတနစိတ် ၃ ပါးတို့သည် အာကာသကသိုဏ်း ကြဉ်သောကသိုဏ်း ၉ ပါးတို့တွင် တစ်ပါးပါးကိုခွာ၍ ရအပ်သော ကောင်းကင်ပညတ် (ကသိဏုဂ္ဃာဋိမာကာသပညတ်) ကို အာရုံပြုသည်။

www.burmeseclassic.com

www.burmeseclassic.com




(င) အာကိဉ္စညာယတနစိတ် ၃ ပါးသည် အာကာသာနဉ္စာယတနစျာန်၏ မရှိခြင်းတည်းဟူသော နတ္ထိဘောပညတ်ကို အာရုံပြုသည်။


## (၄) နိဗ္ဗာန်ကေန်အာရုံပြု ၈ ပါး

မဂ် ၄ပါး၊ ဖိုလ် ၄ပါးဟူသော လောကုတ္တရာစိတ် ၈ ပါးတို့သည် နိဗ္ဗာန်ကိုသာ ကေန်အာရုံပြုကြသည်။

* လောကုတ္တရာ၊ စိတ်ရှစ်တန်၊ နိဗ္ဗာန်ကိုသာသိ။




## (၅) လောကုတ္တရာကြဉ် အလုံးစုံအာရုံပြု အပါး (၂၀)





* အကုဆယ့်နှစ်၊ ရှစ်ဝိပ္ပယုတ်၊ ကု- ကြိယုတ်၊ လောကုတ်ကြဉ်၍ သိ။

အကုသိုလ်စိတ် ၁၂ ပါး၊ မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် ၄ ပါး၊ မဟာကြိယာ ဉာဏဝိပ္ပယုတ်စိတ် ၄ ပါး၊ ဤစိတ် အပါး (၂၀) တို့သည် လောကုတ္တရာကြဉ်သော ကာမအာရုံ၊ မဟဂ္ဂုတ်အာရုံနှင့် ပညတ်အာရုံ ၃ မျိုးတို့ကို အာရုံပြုနိုင်သည်။

တနည်းအားဖြင့် ဤ ၂၀ သော စိတ်တို့သည် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ဖြစ်သော လောကီစိတ် ၈၁ ပါး၊ စေတသိက် ၅၂ ပါး၊ ရုပ် ၂၈ ပါးနှင့် ကာလဝိမုတ်ဖြစ်သော ပညတ် အာရုံဟူသည့် အာရုံ ၆ ပါးကို အာရုံပြုကြကုန်သည်။

လောကုတ္တရာတရားတို့သည် အလွန်နက်နဲသိမ်မွေ့သောကြောင့် မနောဒွါရာဝဇ္ဇန်းမှတစ်ပါး ဉာဏ်နှင့်ယှဉ်သော စိတ်တို့သာ လောကုတ္တရာတရားကို အာရုံပြုနိုင်သည်။

## (၆) အရဟတ္တမဂ်, ဖိုလ်ကြဉ်အလုံးစုံ အာရုံပြု ၅ ပါး




* ကာမကုဉာဏ်၊ ကုဘိညာဏ်၊ ငါးတန်စိတ်မနိ။
* အရဟတ်မဂ်ဖိုလ်၊ ကြဉ်စေလို၊ ကြွင်းကိုအကုန်သိ။

မဟာကုသိုလ်ဉာဏ သမ္ပယုတ်စိတ် ၄ ပါးနှင့် ပဉ္စမစျာန် ကုသိုလ်အဘိညာဉ်စိတ် ၁ ပါး၊ ဤစိတ် ၅ ပါးတို့သည် ကာမအာရုံ၊ မဟဂ္ဂုတ်အာရုံ၊ ပညတ်အာရုံနှင့် လောကုတ္တရာအာရုံတွင် အရဟတ္တမဂ်၊ ဖိုလ်ကြဉ်သော အောက်မဂ် ၃ ပါး၊ ဖိုလ် ၃ ပါးတို့ကို အာရုံပြုကြကုန်၏။

တနည်းအားဖြင့် ထိုစိတ် ၅ ပါးတို့သည် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ဖြစ်သော (အရဟတ္တမဂ်၊ အရဟတ္တဖိုလ်စိတ် ၂ ပါးကြဉ်သော) စိတ် ၈၇ ပါး၊ စေတသိက် ၅၂ ပါး၊ ရုပ်

www.burmeseclassic.com

www.burmeseclassic.com



၂၈ ပါး၊ ကာလဝိမုတ်ဖြစ်သော ပညတ်၊ နိဗ္ဗာန်ဟူသော အာရုံ ၆ ပါးကို အာရုံပြုနိုင်ကြသည်။

မဟာကုသိုလ်ဉာဏသမ္ပယုတ် စိတ်များနှင့် ကုသိုလ်အဘိညာဉ်တို့သည် သေက္ခပုဂ္ဂိုလ်နှင့် ပုထုဇဉ်ပုဂ္ဂိုလ်တို့ သန္တာန်၌သာဖြစ်သောကြောင့် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို အာရုံမပြုနိုင်ချေ။ မိမိတို့ မရအပ်ဖူး သေးသော အထက်တန်းတရားများကို မသိနိုင်ကြ။

## (၇) အလုံးစုံအာရုံပြု ၆ ပါး

| | | | |
|---|---|---|---|
| မ / ၁ | ၁ / ၄ | ရုံ = | ၆ ပါး |

* ကာမ ကြိဉာဏ်၊ ကြိဘိညာဏ်၊ ဝုဋ္ဌန် မနောဆိ။
* ခပ်သိမ်းအာရုံ၊ အလုံးစုံ၊ အကုန်ပြုလေဘိ။

မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄ ပါး၊ ကြိယာအဘိညာဉ်စိတ် ၁ ပါး၊ မနောဒွါရာဝဇ္ဇန်းစိတ် ၁ ပါး၊ ဤ ၆ ပါးသောစိတ်တို့သည် ကာမအာရုံ၊ မဟဂ္ဂုတ်အာရုံ၊ ပညတ်အာရုံနှင့် လောကုတ္တရာအာရုံ အလုံးစုံကို အာရုံပြုနိုင်ကြသည်။

တနည်းအားဖြင့် အဆိုပါ စိတ် ၅ ပါးတို့သည် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ဖြစ်သော စိတ်တစ်ခု ယုတ်ကိုးဆယ်၊ စေတသိက် ၅၂ ပါး၊ ရုပ် ၂၈ ပါး၊ ကာလဝိမုတ်ဖြစ်သော ပညတ်နှင့်နိဗ္ဗာန်၊ ဤအလုံးစုံသော အာရုံ ၆ ပါးတို့ကို အာရုံပြုနိုင်ကြသည်။

### မနောဒွါရာဝဇ္ဇန်းစိတ် အလုံးစုံအာရုံပြုဆိုရာဝယ်

မနောဒွါရာဝဇ္ဇန်းသည် အလုံးစုံကို အာရုံပြုသည်ဆိုရာ၌ ဘုရား သန္တာန်၌ ဖြစ်ခိုက်မှာသာ အလုံးစုံကို အာရုံပြုနိုင်သည်။ ကျန်ပုဂ္ဂိုလ်များ၌ အလုံးစုံကို အာရုံမပြုနိုင်ချေ။

### သဗ္ဗညုတဉာဏ်

သဗ္ဗညုတဉာဏ် ဆိုသည်မှာ ဆင်ခြင်လိုက်သောအခါ အဆီးအတားမရှိ မည်သည့်အာရုံကိုမဆို သိနိုင်ခြင်းဖြစ်သည်။

သဗ္ဗညုတဉာဏ်၏ တရားကိုယ်မှာ မဟာကြိယာညာဏသမ္ပယုတ် ၄ ပါး၌ရှိသော ပညာစေတသိက်ပင်ဖြစ်သည်။

မဟာကြိယာညာဏသမ္ပယုတ် ၄ ပါး၊ ကြိယာအဘိညာဉ် ၁ပါးနှင့် မနောဒွါရာဝဇ္ဇန်း ၁ပါး၊ ဤ ၆ ပါးတို့သည် ဘုရားရှင်၏ သန္တာန်တော်၌ဖြစ်ခိုက် အလုံးစုံကို အကုန်မချန် အာရုံပြုနိုင်သည်။

### ပဉ္စဒွါရာဝဇ္ဇန်းနှင့်မနောဒွါရာဝဇ္ဇန်းအထူး

ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် မနောဓာတ်ဖြစ်၍ အာရုံကို သာမန်သိရုံမျှသာဖြစ်၏။ ပစ္စုပ္ပန် ကာလ၌ဖြစ်သော အာရုံငါးပါးကိုသာ ဆင်ခြင်ရုံမျှ သိနိုင်သည်။

မနောဒွါရာဝဇ္ဇန်းစိတ်သည်မနောဝိညာဏဓာတ်ဖြစ်၍ ပစ္စုပ္ပန်၊အတိတ်၊အနာဂတ်ဟူသော ကာလ (၃)ပါးနှင့် ကာလဝိမုတ် အာရုံတို့ကိုပါ သိနိုင်သည်။ အာရုံကိုသိရာ၌ ထိထိမိမိ သေသေချာချာသိနိုင်၏။

ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စတစ်မျိုးသာ ဆောင်ရွက်၏။ မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စ၊ ဝုဋ္ဌောကိစ္စ (၂) မျိုးဆောင်ရွက်၏။

www.burmeseclassic.com

www.burmeseclassic.com



## အာရမ္မဏသင်္ဂဟဇယား (စိတ်နှင့်အာရုံ)

| အာရုံခွဲ | စိတ်သရုပ် | အာရုံ (တရားကိုယ်) | | | | |
|---|---|---|---|---|---|---|
| | | စိတ် ၈၉ | စေ ၅၂ | ရုပ် ၂၈ | ပညတ် | နိဗ္ဗာန် |
| **ကေန်(၄)ပါး**<br>၁။ ကာမကေန်<br>အာရုံပြု (၂၅) | ပဥ္စဝိညာဏ် ၁၀<br>မနောဓာတ် ၃<br>တဒါရုံ ၁၁ +ဟသိ ၁ ၁၂ | ကာမစိတ်၅၄ | ၅၂ | ပစ္စုပ္ပန်<br>ပဥ္စာရုံ<br>အသီးသီး<br>ပစ္စုပ္ပန်<br>ပဥ္စာရုံ<br>၂၈ | - | - |
| ၂။ မဟဂ္ဂုတ်ကေန်<br>အာရုံပြု<br>(၆) | ဝိညာဏဥ္စာယတနကု,ဝိ,ကြိ ၃<br>နေဝသညာနာသညာယတန ၃<br>ကု၊ ဝိ၊ ကြိ ၆ | အတိတ်<br>မဟဂ္ဂုတ်<br>ဓမ္မာရုံ | - | - | - | - |
| ၃။ ပညတ်ကေန်<br>အာရုံပြု<br>(၂၁) | အဘိညာဉ်ခွေးကြဉ်<br>ရူပါဝစရစိတ် ၁၅<br>-အာကာသာနဥ္စာယတန<br>ကု၊ ဝိ၊ ကြိ ၃<br>- အာကိဉ္စညာယတန<br>ကု၊ ဝိ၊ ကြိ ၃<br>၂၁ | - | - | - | ပညတ် | - |
| ၄။လောကုတ္တရာကေန်<br>အာရုံပြု (၈) | လောကုတ္တရာစိတ် ၈ | | | | | နိဗ္ဗာန် |
| **အနေကန်(၃)ပါး**<br>၅။ လောကုတ္တရာကြဉ်<br>အလုံးစုံအာရုံပြု<br>(၂၀) | - အကုသိုလ်စိတ် ၁၂<br>-ဉာဏဝိပ္ပယုတ်<br>မဟာကုသိုလ်၊ မဟာကြိယာ ၈<br>၂၀ | လောကီစိတ်<br>၈၁ | ၅၂ | ၂၈ | ပညတ် | - |
| ၆။ အရဟတ္တမဂ်၊<br>ဖိုလ်ကြဉ်အလုံး<br>စုံအာရုံပြု (၅) | - မဟာကုသိုလ်<br>ဉာဏသမ္ပယုတ် ၄<br>- ရူပကုသိုလ်အဘိညာဉ် ၁<br>၅ | စိတ် ၈၇ | ၅၂ | ၂၈ | ပညတ် | နိဗ္ဗာန် |
| ၇။ အလုံးစုံအာရုံပြု<br>(၆) | - မဟာကြိယာ<br>ဉာဏသမ္ပယုတ် ၄<br>- ရူပကြိယာအဘိညာဉ် ၁<br>- မနောဒွါရာဝဇ္ဇန်း ၁<br>၆ | စိတ် ၈၉ | ၅၂ | ၂၈ | ပညတ် | နိဗ္ဗာန် |

www.burmeseclassic.com

www.burmeseclassic.com



## အဘိညာဉ်၏အာရုံ

(အဘိညာဉ်=အဘိ=အလွန်+ဉာ=သိခြင်း)

အဘိညာဉ်ဟူသည်မှာ အလွန်အကျူး အထူးသိတတ်သောတရားဖြစ်၏။ အလွန်အကျူး အထူးသိတတ်သော ရူပပဉ္စမဈာန်နှင့် ယှဉ်သောဉာဏ်ကို အဘိညာဉ်ဟုခေါ်သည်။

အဘိညာဉ်၏ ပရမတ္ထတရားကိုယ်မှာ ရိုးရိုးပဉ္စမဈာန်ထက် အလွန်အကျူး အထူးသိတတ်သော **ဉာဏ်နှင့် ယှဉ်သည့် ပဉ္စမဈာန်စိတ်**ပင်ဖြစ်သည်။

ပဉ္စမဈာန်ကုသိုလ်အဘိညာဉ် (၁) ပါးနှင့် ပဉ္စမဈာန် ကြိယာအဘိညာဉ် (၁) ပါးဟူ၍ အဘိညာဉ် (၂) မျိုးရှိ၏။

ရူပ ပဉ္စမဈာန်ကို အခြေခံ၍ အဘိညာဉ်ရရန် အားထုတ်ပါက အဘိညာဉ် (၇) ပါးကို ရနိုင်၏။

၁။ **ဒိဗ္ဗစက္ခုအဘိညာဉ်။** ။ နတ်မျက်စိကဲ့သို့ ဝေးသောအဆင်း၊ ဖုံးကွယ်သောအဆင်းနှင့် သေးငယ်သော အဆင်းကို မြင်သိနိုင်သော အဘိညာဉ်။

၂။ **ဒိဗ္ဗသောတအဘိညာဉ်။** ။ နတ်နားကဲ့သို့ ဝေးသောအသံ၊ တိုးတိုးအသံတို့ကို ကြားသိနိုင်သော အဘိညာဉ်။

၃။ **ဣဒ္ဓိဝိဓအဘိညာဉ်။** ။ မြေလျှိုးမိုးပျံ၊ ကိုယ်ပွားတစ်ထောင် ဖန်ဆင်းနိုင်ခြင်း စသည့် တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်သော အဘိညာဉ်။

၄။ **ပရစိတ္တဝိဇာန နအဘိညာဉ်။** ။ သူတစ်ပါး၏ စိတ်အကြံကို သိနိုင်သောအဘိညာဉ်။

၅။ **ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်။** ။ ရှေးရှေးဘဝ၌ ဖြစ်ခဲ့သမျှအကြောင်းတို့ကို ပြန်ပြောင်း၍ အောက်မေ့နိုင်သော အဘိညာဉ်။

၆။ **ယထာကမ္မူပဂအဘိညာဉ်။** ။ ကံအားလျော်စွာ ထိုထိုဘုံများ၌ ဖြစ်ကြရသော သတ္တဝါများကို မြင်သိနိုင်သည့် အဘိညာဉ်။

၇။ **အနာဂတံသအဘိညာဉ်။** ။ အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သော အကြောင်းအရာများကို သိမြင်နိုင်သည့် အဘိညာဉ်။

ကုသိုလ်အဘိညာဉ်ကို ဒိဗ္ဗစက္ခုကုသိုလ်အဘိညာဉ် စသဖြင့် ကုသိုလ်အဘိညာဉ် (၇) ပါး၊ ကြိယာအဘိညာဉ်ကို ဒိဗ္ဗစက္ခု ကြိယာအဘိညာဉ် စသဖြင့် ကြိယာအဘိညာဉ် (၇) ပါးရှိ၏။

### အဘိညာဉ်စိတ်ဖြင့် ထူးထူးခြားခြား အာရုံပြုနိုင်သည့်အာရုံများ

| စဉ် | အဘိညာဉ်စိတ် | အာရုံ |
|---|---|---|
| ၁ | (က) ဒိဗ္ဗစက္ခု ကုသိုလ် အဘိညာဉ်<br>(ခ) ဒိဗ္ဗစက္ခုကြိယာ အဘိညာဉ် | ဒူရ၊ ပဋိစ္ဆန္န၊ သဏှ၊ သုခုမ ဖြစ်သော **ပစ္စုပ္ပန် ရူပါရုံကို အာရုံပြုသည်။** |
| ၂ | (က) ဒိဗ္ဗသောတကုသိုလ် အဘိညာဉ်<br>(ခ) ဒိဗ္ဗသောတကြိယာ အဘိညာဉ် | ဒူရ၊ ပဋိစ္ဆန္န၊ သဏှ၊ သုခုမ ဖြစ်သော **ပစ္စုပ္ပန် သဒ္ဒါရုံကို အာရုံပြုသည်။** |

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | အဘိညာဉ်စိတ် | အာရုံ |
|---|---|---|
| ၃ | (က) ဣဒ္ဓိဝိဓကုသိုလ် အဘိညာဉ် | ပါဒကဖြစ်သော ရူပကုသိုလ် ပဥ္စမဈာန်နှင့် သတ, သဟာသစသော နိမ္မိတရုပ်ဟုဆိုအပ်သော **အာရုံ (၆) ပါးကို** အာရုံပြုသည်။ |
| | (ခ) ဣဒ္ဓိဝိဓ ကြိယာ အဘိညာဉ် | ပါဒကဖြစ်သော ရူပကြိယာ ပဥ္စမဈာန်နှင့် သတ, သဟာသ အစရှိသော နိမ္မိတရုပ်ဟု ဆိုအပ်သော **အာရုံ (၆) ပါးကို** အာရုံပြုသည်။ |
| ၄ | (က) စေတောပရိယ ကုသိုလ်အဘိညာဉ် | လွန်လေပြီးသော (၇) ရက်မှစ၍ လာလတ္တံ့သော (၇) ရက်တိုင်အောင် ကာလ (၃) ပါး၌ တည်သော သူတစ်ပါးတို့၏ (အရဟတ္တမဂ်၊ ဖိုလ် ကြဉ်) သော **စိတ် (၈၇) ပါး၊** စေတသိက် (၅၂) ပါးဟုဆိုအပ်သော **ဓမ္မာရုံကို** အာရုံပြု၏ (သိ၏။) |
| | (ခ) စေတောပရိယ ကြိယာ အဘိညာဉ် | လွန်လေပြီးသော (၇) ရက်မှစ၍ လာလတ္တံ့သော (၇) ရက်တိုင်အောင် ကာလ (၃) ပါး၌ တည်သော သူတစ်ပါးတို့၏ **စိတ် (၈၉) ပါး၊**စေတသိက် (၅၂) ပါးဟုဆိုအပ်သော ဓမ္မာရုံကို အာရုံပြု၏။ |
| ၅။ | (က) ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ် အဘိညာဉ် | ပုဗ္ဗေနိဝုဋ္ဌဖြစ်သော (အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကြဉ်)သောစိတ် (၈၇)ပါး၊ စေတသိက် (၅၂) ပါးနှင့် ရုပ် (၂၈) ပါးဟုဆိုအပ်သော ခန္ဓာ (၅) ပါး၊ ထိုခန္ဓာ (၅) ပါးမှ အစဉ်လျှောက်၍သိအပ်သော နိဗ္ဗာန်အမည်အမျိုးစသော ပညတ်ဟု ဆိုအပ်သည့် **အာရုံ (၆) ပါးကို** အာရုံပြုသည်။ |
| | (ခ) ပုဗ္ဗေနိဝါသာ နုဿတိကြိယာ အဘိညာဉ် | ပုဗ္ဗေနိဝုဋ္ဌဖြစ်သော စိတ် (၈၉) ပါး၊ စေတသိက် (၅၂) ပါးနှင့် ရုပ် (၂၈) ပါးဟု ဆိုအပ်သော ခန္ဓာ (၅) ပါး၊ ထိုခန္ဓာ (၅) ပါးမှ အစဉ် လျှောက်၍ သိအပ်သော နိဗ္ဗာန်အမည်အမျိုးစသောပညတ်ဟုဆိုအပ်သည့် အာရုံ (၆)ပါးကို အာရုံပြုသည်။ |
| ၆။ | (က) ယထာကမ္မူပဂကုသိုလ် အဘိညာဉ်<br>(ခ) ယထာကမ္မူပဂကြိယာ အဘိညာဉ် | အတိတ်ဖြစ်သော လောကီ ကုသိုလ်ကံ အကုသိုလ်ကံဟု ဆိုအပ်သော **ဓမ္မာရုံကို** အာရုံပြုသည်။ |
| ၇။ | (က) အနာဂတံသကုသိုလ် အဘိညာဉ် | အနာဂတ်ဖြစ်သော (အရဟတ္တမဂ်၊ ဖိုလ်ကြဉ်) သော စိတ် (၈၇) ပါး၊ စေတသိက် (၅၂) ပါးနှင့် ရုပ် (၂၈) ပါးဟုဆိုအပ်သော ခန္ဓာ (၅) ပါး၊ ထိုခန္ဓာ (၅) ပါးမှ လျှောက်၍ သိအပ်သော နိဗ္ဗာန်အမည်အမျိုး အစရှိသော ပညတ်ဟု ဆိုအပ်သော **အာရုံ (၆) ပါးကို** အာရုံပြု၏။ |
| | (ခ) အနာဂတံသကြိယာ အဘိညာဉ် | အနာဂတ်ဖြစ်သော စိတ် (၈၉) ပါး၊ စေတသိက် (၅၂) ပါးနှင့် ရုပ် (၂၈)ပါးဟု ဆိုအပ်သော ခန္ဓာ (၅) ပါး၊ ထိုခန္ဓာ (၅) ပါးမှ လျှောက်၍ သိအပ်သော နိဗ္ဗာန်အမည်အမျိုးအစရှိသော ပညတ်ဟုဆိုအပ်သော **အာရုံ (၆) ပါးကို** အာရုံပြု၏။ |

www.burmeseclassic.com

www.burmeseclassic.com



## အာရုံနှင့်စိတ်ကို ကေန်အနေကန်အားဖြင့်ခွဲပြခြင်း

### ကေန်အာရုံပြု

(ကေန်=ကေန္တ=ကေ=တစ်ခု+အန္တ=အဖို့အစု)

ကေန်အာရုံပြုခြင်းဆိုသည်မှာ ထိုတရားမျှကိုသာ သီးသန့်အာရုံပြုခြင်းဖြစ်သည်။ ဥပမာ လောကုတ္တရာစိတ် ၈ ပါးသည် နိဗ္ဗာန်ကိုသာ အာရုံပြုသည်။ အခြားအမျိုးမတူသော ကာမအာရုံ မဟဂ္ဂုတ်အာရုံတို့ကို အာရုံမပြု။

### ကေန် ၄ ချက်

၁။ စက္ခုဝိညာဏ်ဒွေးသည် အာရုံ ၆ ပါးတွင် ရူပါရုံတစ်ပါးကိုသာ အာရုံပြုနိုင်၏။ ရူပါရုံသည် ကေန်အာရုံဖြစ်ခြင်း။

၂။ ရုပ်နာမ် (၂) ပါးတို့တွင် ရုပ် (၁) ပါးသာဖြစ်ခြင်း။

၃။ ကာလ (၃) ပါးတွင် ပစ္စုပ္ပန် (၁) ပါးသာဖြစ်ခြင်း။

၄။ ကာမ, မဟဂ္ဂုတ်, ပညတ်, လောကုတ္တရာဟု အာရုံ (၄) မျိုးရှိရာ ရူပါရုံသည် ကာမအာရုံ (၁) ပါးသာ ဖြစ်ခြင်းတို့ကြောင့် "ကေန်" ဖြစ်ပါသည်။

### အနေကန်အာရုံပြု

(အနေကန္တ=အနေက=များသော+အန္တ=အဖို့အစု)

အနေကန်အာရုံပြုဆိုသည်မှာ ထိုတရားအပြင် အခြားအမျိုးမတူ တရားကိုပါ အာရုံပြုနိုင်ခြင်း ဖြစ်သည်။ ဥပမာ ကာမအနေကန်ဆိုရာ၌ ကာမတရားအပြင် အခြားပညတ်၊ နိဗ္ဗာန်တို့ကိုပါ အာရုံပြုနိုင်၏။

### အနေကန် (၃) ချက်

စက္ခုဝိညာဏ်ဒွေးသည် ၁။ မိမိ၏အတွင်းအဇ္ဈတ္တ ရူပါရုံကိုလည်းကောင်း၊ ၂။ သူတစ်ပါးဟူသော အပြင် ဗဟိဒ္ဓရူပါရုံကို လည်းကောင်း၊ ၃။ (၂) ပါးစုံကိုလည်းကောင်း အာရုံပြုနိုင်၏။

ထို့ကြောင့် စက္ခုဝိညာဏ်ဒွေး၏ အာရုံဖြစ်သော "ရူပါရုံ" သည် အနေကန်အားဖြင့် (၃)ချက် ရသည်။

### ကေန်၊ အနေကန် (၂)ရပ်ပေါင်းစိတ်

ကေန်၊ အနေကန်(၂)ရပ်ပေါင်းစိတ်ကိုရှာလိုသော် အောက်တွင်ဖော်ပြထားသော ကေန်အာရုံပြု၊ အနေကန်အာရုံပြု စိတ် (၂)ရပ်ပေါင်းသော် ရရှိမည်ဖြစ်ပါသည်။ ဥပမာ–ရူပါရုံကို ကေန်အာရုံပြုစိတ်မှာ စက္ခုဝိညာဏ်စိတ် (၂)ပါး ဖြစ်၏။ အနေကန်အာရုံပြုစိတ်တို့မှာ မနောဒွါရာဝဇ္ဇန်း–၁၊ ကာမဇော–၂၉၊ တဒါရုံ–၁၁။ အဘိညာဉ်–ဒွေး–အားဖြင့် (၄၆)ပါးဖြစ်၏။ ကေန် အနေကန် (၂) ခုပေါင်းသော် ရူပါရုံကို အာရုံပြုနိုင်သော စိတ် (၄၈)ပါး ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



## အာရုံအကျယ်ကိုကေန်အာရုံပြုစိတ်၊ အနေကန်အာရုံပြုစိတ်ဟူ၍ ခွဲခြားပြပုံ

| စဉ် | ကေန်အာရုံပြု | အနေကန်အာရုံပြု |
|---|---|---|
| ၁။ | ကာမကေန်အာရုံပြုစိတ် ၂၅ ပါး | ကာမအနေကန်အာရုံပြုစိတ် ၃၁ ပါး |
| ၂။ | မဟဂ္ဂုတ် ။ ။ ၆ ပါး | မဟဂ္ဂုတ် ။ ။ ၃၁ ပါး |
| ၃။ | နိဗ္ဗာန် ။ ။ ၈ ပါး | နိဗ္ဗာန် ။ ။ ၁၁ ပါး |
| ၄။ | နာမ် ။ ။ ၁၄ ပါး | နာမ် ။ ။ ၄၃ ပါး |
| ၅။ | ရုပ် ။ ။ ၁၃ ပါး | ရုပ် ။ ။ ၄၃ ပါး |
| ၆။ | ပစ္စုပ္ပန် ။ ။ ၁၃ ပါး | ပစ္စုပ္ပန် ။ ။ ၄၃ ပါး |
| ၇။ | အတိတ် ။ ။ ၆ ပါး | အတိတ် ။ ။ ၄၃ ပါး |
| ၈။ | အနာဂတ် ။ ။ မရှိ | အနာဂတ် ။ ။ ၄၃ ပါး |
| ၉။ | ကာလဝိမုတ်။ ။ ၂၉ ပါး | ကာလဝိမုတ် ။ ၃၁ ပါး |
| ၁၀။ | ပညတ် ။ ။ ၂၁ ပါး | ပညတ် ။ ။ ၃၁ ပါး |
| ၁၁။ | ပရမတ် ။ ။ ၃၉ ပါး | ပရမတ် ။ ။ ၃၁ ပါး |
| ၁၂။ | အဇ္ဈတ္တ ။ ။ ၆ ပါး | အဇ္ဈတ္တ ။ ။ ၅၆ ပါး |
| ၁၃။ | ဗဟိဒ္ဓ ။ ။ ၂၆ ပါး | ဗဟိဒ္ဓ ။ ။ ၅၆ ပါး |
| ၁၄။ | ပဉ္စာရုံ ။ ။ ၁၃ ပါး | ပဉ္စာရုံ ။ ။ ၄၆ ပါး |
| ၁၅။ | ဓမ္မာရုံ ။ ။ ၃၅ ပါး | ဓမ္မာရုံ ။ ။ ၄၃ ပါး |
| ၁၆။ | ကံ၊ကမ္မ၊ဂတိနိမိတ် ။ ၁၉ ပါး | ကံ၊ ကမ္မ၊ ဂတိနိမိတ် မရှိ |

### အာရုံအကျယ်ကိုကေန်၊ အနေကန်လေ့ကျင့်နည်း။

အာရမ္မဏ သင်္ဂဟဇယား (စိတ်နှင့်အာရုံ)တွင် ဖော်ပြထားသော ကေန် (၄) ပါး၊ အနေကန် (၃) ပါး၊ ပေါင်းအာရုံခွဲ(၇) ပါးကို ကြည့်၍ ခွဲခြားလေ့ကျင့်နိုင်ပါသည်။

၁။ **ကာမကေန်အာရုံပြုစိတ် (၂၅) ပါး** ဆိုသည်မှာ ကာမအာရုံကိုသာ အာရုံပြုသော ကေန်အာရုံခွဲ (၁) ရှိ (၁၀ +၃+ ၁၂) စိတ်တို့ဖြစ်ပါသည်။

**ကာမအနေကန်အာရုံပြုစိတ်(၃၁)ပါး**ဆိုသည်မှာ ကာမအာရုံကိုသာမက အခြားအာရုံ(၃)မျိုးကိုပါ အာရုံပြုနိုင်သောအာရုံခွဲ(၅၊၆၊၇)ရှိ (၂၀+၅+၆)စိတ်တို့ဖြစ်သည်။

၂။ **မဟဂ္ဂုတ်ကေန်အာရုံပြုစိတ် (၆) ပါး**ဆိုသည်မှာ အာရုံခွဲ (၂) ရှိစိတ်များဖြစ်၏။

**အနေကန်အာရုံပြုစိတ် (၃၁) ပါး** ဆိုသည်မှာ မဟဂ္ဂုတ်အာရုံကိုသာမက အခြားအာရုံများကိုပါ အာရုံပြုနိုင်သော အထက်ပါစိတ်( ၃၁) ပါးပင်ဖြစ်သည်။

၃။ **အနေကန်အာရုံပြု (၁၁) ပါးသည်** နိဗ္ဗာန်အာရုံကိုသာမက အခြားအာရုံများကို အာရုံပြုနိုင်သော အာရုံခွဲ (၆၊ ၇) ရှိ (၅+ ၆) စိတ်တို့ဖြစ်သည်။

၄။ **နာမ်ကေန် အာရုံပြုစိတ် (၁၄) ပါး** တို့မှာ နာမ်အာရုံကိုသာ အာရုံပြုသော အာရုံခွဲ (၂၊၄) ရှိ (၆+၈) စိတ်တို့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



**အနေကန် (၄၃)** ပါးဆိုသည်မှာ နာမ်အာရုံပါမက အခြားအာရုံများပါဝင်သော အာရုံခွဲ (၁၊ ၅၊ ၆၊ ၇) ရှိ (၁၂+၂၀+၅+၆) စိတ်တို့ဖြစ်သည်။

၅။ **ရုပ်ကေန်အာရုံပြုစိတ် (၁၃)** ပါးဆိုသည်မှာ ရုပ်ကိုသာ အာရုံပြုသော အာရုံခွဲ(၁) ရှိ (၁၀+၃) စိတ်တို့ဖြစ်သည်။

**အနေကန် (၄၃)** ပါးဆိုသည်မှာ နာမ်အာရုံသာမက အခြားအာရုံများပါဝင်သော အာရုံခွဲ(၁၊ ၅၊ ၆၊ ၇) ရှိ (၁၂+ ၂၀+ ၅+ ၆) စိတ်တို့ဖြစ်သည်။

၆။ **ပစ္စုပ္ပန်ကေန်အာရုံပြုစိတ် (၁၃)** ပါးဆိုသည်မှာ ပစ္စုပ္ပန်ကိုသာ အာရုံပြုသည့် အာရုံခွဲ(၁) ရှိ (၁၀+ ၃) စိတ်များဖြစ်သည်။

**အနေကန် (၄၃)** ပါးဆိုသည်မှာ ပစ္စုပ္ပန်ကို သာမက အခြားကာလကို အာရုံပြုနိုင်သည့် အထက်ပါ စိတ်များပင်ဖြစ်သည်။

၇။ **အတိတ်အာရုံပြုစိတ် (၆)** ပါးဆိုသည်မှာ အာရုံခွဲ (၂) ရှိ စိတ် (၆) ပါးပင်ဖြစ်သည်။

**အနေကန်အာရုံပြု (၄၃)** ပါးဆိုသည်မှာ အတိတ်အာရုံကိုသာမက အခြားကာလကိုပါအာရုံပြုနိုင်သည့် အထက်ပါစိတ်များပင်ဖြစ်သည်။

၈။ **အနာဂတ်ကေန် အာရုံပြုစိတ်ဟူ၍** မရှိပါ၊

**အနေကန် အာရုံပြုစိတ် (၄၃)** ပါးဆိုသည်မှာ အထက်ပါစိတ်များပင်ဖြစ်သည်။

၉။ **ကာလဝိမုတ်ကေန်အာရုံပြုစိတ် (၂၉)** ပါး ဆိုသည်မှာ အာရုံခွဲ (၃၊ ၄) ရှိ (၂၁+၈) စိတ်များဖြစ်သည်။

**အနေကန် (၃၁)** ပါးဆိုသည်မှာ အာရုံခွဲ (၅၊၆၊၇) ရှိ (၂၀+၅+၆) စိတ်များပင်ဖြစ်သည်။

၁၀။ **ပညတ်ကေန်အာရုံပြုစိတ် (၂၁)**ပါးဆိုသည်မှာ အာရုံခွဲ (၃) ရှိ စိတ်တို့ပင်ဖြစ်သည်။

**အနေကန် (၃၁)** ပါးဆိုသည်မှာ ပညတ်အာရုံကို သာမက အခြားအာရုံများကိုပါ အာရုံပြုနိုင်သည့် အထက်ပါစိတ် (၃၁) ပါးပင်ဖြစ်သည်။

၁၁။ **ပရမတ်ကေန်အာရုံပြုစိတ် (၃၉)** ပါးဆိုသည်မှာ ပညတ်အာရုံမပါသော အာရုံခွဲ (၁၊ ၂၊ ၄) ရှိ (၂၅+ ၆+ ၈) စိတ်တို့ဖြစ်သည်။

**ပရမတ်အနေကန် (၃၁)** ပါးဆိုသည်မှာ အထက်ပါ စိတ် (၃၁) ပါးပင်ဖြစ်သည်။

၁၂။ **အဇ္ဈတ္တကေန် အာရုံပြု (၆)** ပါးဆိုသည်မှာ အတွင်းသန္တာန်ကိုသာ အာရုံပြုသော အာရုံခွဲ (၂) ရှိ စိတ် (၆) ပါးဖြစ်သည်။

**အနေကန် (၅၆)** ပါးဆိုသည်မှာ အာရုံခွဲ (၁၊ ၅၊၆၊၇) ရှိ (၂၅+ ၂၀+ ၅+၆) စိတ်တို့ဖြစ် သည်။

၁၃။ **ဗဟိဒ္ဓကေန် အာရုံပြုစိတ် (၂၆)** ပါးဆိုသည်မှာ အာရုံခွဲ (၃၊၄) ရှိ (အာကိံကြဉ် ၁၈ + ၈) စိတ်တို့ဖြစ်ပါသည်။

**အနေကန် (၅၆)** ပါးဆိုသည်မှာ အထက်ပါ စိတ်တို့ဖြစ်သည်။

**မှတ်ချက်**။ ။ အာကိဉ္စညာယတနစိတ် (၃) ပါး အာရုံပြုသော နတ္ထိဘော ပညတ်သည် အဇ္ဈတ္တ၊ ဗဟိဒ္ဓ (၂) ပါးလုံးမှ အလွတ်ဖြစ်သည်။ (အဇ္ဈတ္တ၊ ဗဟိဒ္ဓဝိမုတ်)

www.burmeseclassic.com

www.burmeseclassic.com



၁၄။ **ပဋ္ဌာရုံကေန် အာရုံပြုစိတ် (၁၃) ပါး**ဆိုသည်မှာ အာရုံခွဲ(၁) ရှိ (၁၀+၃) စိတ်တို့ဖြစ်သည်။
**အနေကန် (၄၆) ပါး** ဆိုသည်မှာ ပဉ္စဒွါရာဝဇ္ဇန်းစိတ် (၁)ပါး၊ သမ္ပဋိစ္ဆိုင်းစိတ် (၂)ပါး၊ မနောဒွါရာဝဇ္ဇန်းစိတ် (၁) ပါး၊ ကာမဇော (၂၉) ပါး၊ အဘိညာဏ်ဒွေး၊ တဒါရုံ (၁၁) ပါး တို့ဖြစ်သည်။

၁၅။ **ဓမ္မာရုံကို ကေန်အာရုံပြုစိတ် (၃၅) ပါး**ဆိုသည်မှာ အာရုံခွဲ (၂၊ ၃၊ ၄) ရှိ (၆၊ ၂၁၊ ၈) စိတ် တို့ဖြစ်သည်။
**အနေကန် (၄၃) ပါး**ဆိုသည်မှာ အာရုံခွဲ (၁၊၅၊၆၊၇) ရှိ (၁၂+ ၂၀+ ၅+ ၆) စိတ်တို့ဖြစ်သည်။

၁၆။ **ကံ, ကမ္မ, ဂတိ နိမိတ်ကို ကေန်အာရုံပြုစိတ် (၁၉) ပါး**ဆိုသည်မှာ **ဘဝင်စိတ် (၁၉) ပါး ဖြစ်သည်။**
အနေကန် အာရုံပြုစိတ်ဟူ၍ မရှိပါ။

**ဘုံနှင့်အာရုံ**

၁။ ကာမဘုံ၌ အာရုံ (၆)ပါးလုံးကိုရသည်။
၂။ ရူပဘုံ၌ ရူပါရုံ၊သဒ္ဒါရုံ၊ ဓမ္မာရုံ (၃)ပါးကိုရသည်။
၃။ အရူပဘုံ၌ ဓမ္မာရုံ(၁)ပါးကိုသာရသည်။

**ရုပ်အာရုံ (၅)ပါး**

ရူပါရုံစသော အာရုံ(၅)ပါးတို့မှာ ရုပ်ပရမတ်တစ်မျိုးတည်းသာဖြစ်သည်။

**ပရမတ် (၄)ပါးနှင့် ပညတ်အာရုံ**

ဓမ္မာရုံ၌ ရုပ်လည်းပါ၏။ နာမ်လည်းပါ၏။ ပညတ်လည်းပါ၏။ ထို့ကြောင့် ပရမတ် (၄)ပါးနှင့် ပညတ်အာရုံဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ပညတ်တို့ကို အာရုံအားဖြင့် အကျယ်ခွဲခြားပြခြင်း

| အာရုံ- ၆ ပါး | အာရုံ ၄- ပါး | ကာလ- ၄ -ပါး | သန္တာန်- ၂ပါး | ပရမတ်၊ပညတ်၂ ပါး | ရုပ်၊ နာမ်၂ပါး |
|---|---|---|---|---|---|
| **၁။ ပဥ္စာရုံ - ၅**<br>(က) ရူပ ၁<br>(ခ) သဒ္ဒ ၁<br>(ဂ) ဂန္ဓ ၁<br>(ဃ) ရသ ၁<br>(င) ဖောဋ္ဌဗ္ဗ ၁<br>(ပ, တေ, ဝါ) | **၁။ ကာမအာရုံ**<br>(က) ကာမစိတ် ၅၄<br>(ခ) စေတသိက် ၅၂<br>(ဂ) ရုပ် ၂၈ | (၁) **ပစ္စုပ္ပန်အာရုံ**<br>ဖြစ်ဆဲ- စိတ်၊ စေ၊ ရုပ်<br>(၂) **အတိတ်အာရုံ**<br>ဖြစ်ပြီး-စိတ်၊ စေ၊ရုပ် | **၁။ အဇ္ဈတ္တအာရုံ**<br>အတွင်းသန္တာန်၌ဖြစ်သော<br>စိတ်၊ စေ၊ ရုပ် | **၁။ ပရမတ်အာရုံ**<br>စိတ်၊ စေ၊ ရုပ်၊<br>နိဗ္ဗာန် | **၁။ ရုပ်အာရုံ**<br>ရုပ် ၂၈ ပါး |
| | **၂။ မဟဂ္ဂုတ်အာရုံ**<br>(က)မဟဂ္ဂုတ်စိတ် ၂၇<br>(ခ) စေတသိက် ၃၅ | (၃) **အနာဂတ်အာရုံ**<br>မဖြစ်ပေါ်သေးသော<br>စိတ်၊ စေ၊ ရုပ် | **၂။ ဗဟိဒ္ဓအာရုံ**<br>ပြင်ပသန္တာန်၌<br>ဖြစ်သော စိတ်၊ စေ၊<br>ရုပ်၊ နိဗ္ဗာန်၊ ပညတ် | **၂။ ပညတ်အာရုံ**<br>ပညတ် (၂၅) ပါး | **၂။ နာမ်အာရုံ**<br>စိတ်၊ စေ၊ ရုပ်၊<br>နိဗ္ဗာန်။ |
| **၂။ ဓမ္မာရုံ ၁ပါး**<br>(က) ပသာဒ ၅<br>(ခ) သုခုမ ၁၆<br>(ဂ) စိတ်(၈၉) ၁<br>(ဃ) စေ ၅၂<br>(င) နိဗ္ဗာန် ၁<br>(စ) ပညတ် ၁<br>**ပေါင်း = ၇၆** | **၃။ လောကုတ္တရာအာရုံ**<br>(က)လောကုတ္တရာ ၈<br>(ခ) စေတသိက် ၃၆<br>(ဂ) နိဗ္ဗာန် ၁<br>**၄။ ပညတ်အာရုံ**<br>ပညတ် ၁<br>(၂၅) ပါး | (၄) **ကာလဝိမုတ်အာရုံ**<br>နိဗ္ဗာန်၊ ပညတ် | **မှတ်ချက်**<br>အာကိဉ္စညာယတနစိတ်၏<br>အာရုံဖြစ်သော နတ္ထိဘော<br>ပညတ်သည် ပထမာရုပ္ပ<br>ဝိညာဏ် ဟူသော အဇ္ဈတ္တ<br>တရား၏ မရှိခြင်း သဘာဝ<br>ပညတ်သာဖြစ်၏။ ဗဟိဒ္ဓ<br>အာရုံစစ်စစ် မဟုတ်၍<br>အဇ္ဈတ္တ၊ဗဟိဒ္ဓဝိမုတ်ဖြစ်၏။ | | * ပညတ်အာရုံ<br>ရုပ်၊ နာမ်၊ အာရုံ<br>မှ အလွတ်ဖြစ်၏။ |

www.burmeseclassic.com

www.burmeseclassic.com



## အာ ရုံ မည် မျှ ကို မည် သည့် စိတ် တို့ ကအာ ရုံ ပြု နိုင် ပုံ ကို ပြ ခြင်း

| စဉ် | အာရုံခွဲ | အာရမ္မဏိက တရား (စိတ်) |
|---|---|---|
| ၁ | (၁) ပါးကေန်အာရုံပြု<br>(၂၈)ပါး<br>(တစ်ပါး ဌဝိ) | (တစ်ပါးစီပြကေန္တ၊ ပဥ္စဝိညာဏ်ဒွေး။ အာကာ,အာကိဉ်ခြောက်ခုချိန်, ဝိညာ–နေဝါလေး။ ကြိယာပစ်, လောကုတ်ရှစ်, ပေါင်းစစ်ဌဝိသေး။<br>(က) – ဒွေးပဥ္စဝိညာဏ် ၁၀ ပါး<br>(ခ) – အာကာသာနဥ္စာယတန (ကု၊ ဝိ၊ ကြိ) ၃ ပါး<br>(ဂ) – အာကိဥ္စညာယတန (ကု၊ ဝိ၊ ကြိ) ၃ ပါး<br>(ဃ) – ဝိညာဏဉ္စာယတန (ကု၊ ဝိ) ၂ ပါး<br>(င) – နေဝသညာနာသညာယတန (ကု၊ ဝိ) ၂ ပါး<br>(စ) – လောကုတ္တရာစိတ် ၈ ပါး<br>ပေါင်း = ၂၈ ပါး |
| ၂ | (၂) ပါး ကေန်အာရုံပြု<br>(၂) ပါး<br>(ဒွေနှစ်လီ) | (ဝိညာဏ်နေဝါ၊ ကြိယာနှစ်ဖြာကေန်ရေး။)<br>၁။ ဝိညာဏဉ္စာယတန ကြိယာစိတ် ၁ ပါး<br>၂။ နေဝသညာနာသညာကြိယာစိတ် ၁ ပါး<br>ပေါင်း = ၂ ပါး |
| ၃ | (၅) ပါးကေန်အာရုံပြု<br>(၃) ပါး<br>(ငါးလီမှာသုံး) | (မနောဓာတ်ဟု၊ ဤသုံးခု၊ ငါးခု ကေန်တွေး)<br>– ပဥ္စဒွါရာဝဇ္ဇန်းစိတ် ၁ ပါး<br>– သမ္ပဋိစ္ဆိုင်းစိတ် ၂ ပါး<br>ပေါင်း = ၃ ပါး |
| ၄ | (၁၂) ပါးကေန်အာရုံပြု<br>(၃) ပါး<br>(ဆယ့်နှစ်သုံးပင်) | (ပဥ္စမဈာန်, ရူပမှန် ကေန်ဆယ့်နှစ်ပေး။)<br>– ရူပါဝစရပဥ္စမဈာန် (ကု၊ ဝိ၊ ကြိ) ၃ ပါး |
| ၅ | (၁၄) ပါးကေန်အာရုံပြု<br>(၉) ပါး<br>(ဆယ့်လေးကိုးလီ) | (ဒု၊ တ၊ စတုတ္ထ၊ ယင်းရူပ်၊ ကေန်တစ်ဆယ့်လေး)<br>(က) ရူပါဝစရ ဒုတိယဈာန် (ကု၊ ဝိ၊ ကြိ) ၃ ပါး<br>(ခ) ရူပါဝစရ တတိယဈာန် (ကု၊ ဝိ၊ ကြိ) ၃ ပါး<br>(ဂ) ရူပါဝစရ စတုတ္ထဈာန် (ကု၊ ဝိ၊ ကြိ) ၃ ပါး<br>ပေါင်း = ၉ ပါး |
| ၆ | (၂၅) ပါးကေန်အာရုံပြု<br>(၃) ပါး<br>(ပဥ္စဝိသုံးတန်) | (နှစ်ဆယ့်ငါးတန်၊ ပြုကေန်၊ ဈာန်ပထမတေး)<br>– ရူပါဝစရ ပဌမဈာန် (ကု၊ ဝိ၊ ကြိ) ၃ ပါး |

www.burmeseclassic.com

www.burmeseclassic.com



## စေတသိက်တို့၏အာရုံများ

၁။ စေတသိက် (၅၂) ပါးရှိသည့်အနက် အပ္ပမညာစေတသိက်၏ (၂) ပါးသည် ကာလဝိမုတ်ဖြစ်သော ဒုက္ခိတသတ္တဝါ၊ သုခိတသတ္တဝါ ပညတ်တရားကို အာရုံပြု၏။ သတ္တဝါပညတ်ကိုသာ အာရုံပြုသဖြင့် ဓမ္မာရုံကိုသာ အာရုံပြုသည်လည်း မည်၏။ ရူပါရုံအစရှိသော အာရုံ (၅) ပါးကို အာရုံမပြု။

၂။ အပ္ပမညာစေတသိက်မှ ကြွင်းသော စေတသိက် (၅၀) တို့သည် အာရုံ (၆) ပါးလုံးကို အာရုံပြုနိုင်ကြ၏။ ထို့ကြောင့် စေတသိက် (၅၂) ပါး၏ အာရုံကို အောက်ပါအတိုင်း ခွဲခြားနိုင်၏။

(က) ပညတ်တည်းဟူသော ဓမ္မာရုံကိုသာ အာရုံပြုနိုင်သော အပ္ပမညာစေတသိက် (၂) ပါး။

(ခ) ရူပါရုံ စသော အာရုံ (၅) ပါးကို အာရုံပြုနိုင်သော စေတသိက် အပါး (၅၀)။

(ဂ) ဓမ္မာရုံကို အာရုံပြုနိုင်သော စေတသိက် (၅၂) ပါး။

### လောကီကိုသာအာရုံပြုသောစေတသိက် (၁၄) ပါး

အကုသိုလ် စေတသိက် (၁၄) ပါးတို့သည် အကုသိုလ်ဖြစ်သည်နှင့်အညီ လောကီအာရုံများ ဖြစ်ကြသော တေကာလိကအဇ္ဈတ္တ, ဗဟိဒ္ဓဖြစ်ကြသည့် လောကီစိတ် (၈၁) ပါး၊ စေတသိက် (၅၂) ပါး၊ ရုပ် (၂၈) ပါးနှင့် ပညတ် (၁) ပါး အာရုံတို့ကို အာရုံပြုကြသည်။ လောကုတ္တရာကိုအာရုံမပြု။

### ဗဟိဒ္ဓကိုအာရုံပြုသော စေတသိက် (၃) ပါး

ဣဿာအကုသိုလ်စေတသိက် (၁) ပါးသည် မိမိမှတစ်ပါးသော ဗဟိဒ္ဓပုဂ္ဂိုလ်ကို အာရုံပြု၏။

သောဘနစေတသိက်များ ဖြစ်ကြသော အပ္ပမညာ (၂) ပါးသည် ကာလဝိမုတ်ဖြစ်သော ဗဟိဒ္ဓ၊ ဒုက္ခိတသတ္တဝါ၊ သုခိတ သတ္တဝါ ပညတ်တရားကို အာရုံပြု၏။

ထို့ကြောင့် ထိုစေတသိက် (၃) ပါးတို့သည် အဇ္ဈတ္တ (မိမိသန္တာန်၌ရှိသော) တရားကို အာရုံမပြု၊ ဗဟိဒ္ဓ(အပြင်အပ)အာရုံကိုသာ အာရုံပြုကြသည်။

### အဇ္ဈတ္တကိုအာရုံပြုသောစေတသိက် (၁) ပါး

အကုသိုလ်စေတသိက်ဖြစ်သော မစ္ဆရိယ (၁) ပါးသည် မိမိဟုဆိုအပ်သော အဇ္ဈတ္တကိုသာ အာရုံပြု၏။

### ပစ္စုပ္ပန်၊ အနာဂတ်၊ ကာမရုပ်, နာမ်ကို အာရုံပြုသောစေတသိက် (၃) ပါး

လောကီဝိရတီစေတသိက် (၃) ပါးသည် ပစ္စုပ္ပန်၊ အနာဂတ်၊ ကာမတရားစုဖြစ်သော ရုပ်, နာမ် တရားတို့ကို အာရုံပြု၏။

### နိဗ္ဗာန်ကိုအာရုံပြုနိုင်သောလောကုတ္တရာဝိရတီ (၃) ပါး

လောကုတ္တရာ၌ယှဉ်သော သမုစ္ဆေဒဝိရတီသည် နိဗ္ဗာန်ကို အာရုံပြုနိုင်၏။

### အလုံးစုံအာရုံပြုနိုင်သာ စေတသိက် (၃၃) ပါး

အညသမာန်းစေတသိက် (၁၃) ပါး၊ သောဘနသာဓာရဏ စေတသိက် (၁၉) ပါး၊ ပညိန္ဒြေစေတသိက် (၁) ပါး၊ ဤ (၃၃) ပါးသော စေတသိက်တို့သည် အလုံးစုံကို အာရုံပြုနိုင်ကြ၏။

အာရမ္မဏသင်္ဂဟပြီး၏။

www.burmeseclassic.com

www.burmeseclassic.com



# ၆။ ဝတ္ထုသင်္ဂဟ

## Summary of Bases

"စိတ်၏တည်ရာမှီရာ၊ မြေပမာ၊ လွန်စွာကျေးဇူးထုတ်"

မြေကြီးသည် သစ်ပင်တောတောင်စသည်တို့၏ တည်ရာ၊ မှီရာ ဖြစ်သကဲ့သို့ စိတ်စေတသိက်တို့၏ တည်ရာမှီရာဖြစ်သော စက္ခုပသာဒစသော ဝတ္ထုရုပ် (၆) ပါးတို့သည် ဝတ္ထုမည်ကြ၏။

သစ်ပင်အပေါင်းတို့သည် မြေကြီးကိုမှီ၍ ပေါက်ရောက်ဖြစ်ပွားကြရသကဲ့သို့ စိတ်စေတသိက်တို့သည်လည်း ဝတ္ထုရုပ်ကို မှီ၍သာ ဖြစ်ပေါ်ကြရ၏။

ကျောင်း၏တည်ရာ မှီရာမြေကို "ဝိဟာရဝတ္ထု=ကျောင်းနေရာ"ဟု ခေါ်ဆိုသကဲ့သို့ စိတ်စေတသိက်တို့၏ မှီရာရုပ်ကို "ဝတ္ထု" ဟုခေါ်ဆိုသည်။ ဝတ္ထုရုပ် (၆) ပါးရှိရာ ထိုဝတ္ထုရုပ်တို့ကိုအခြေခံ၍ စိတ်, စေတသိက်တို့ကို သင်္ဂြိုဟ်ပေါင်းစု ရေတွက်ခြင်းကို "ဝတ္ထုသင်္ဂဟ" ဟုခေါ်သည်။

**ဝတ္ထုရုပ် (၆) ပါး၏ တရားကိုယ်နှင့် ဆိုင်ရာဝတ္ထုကိုမှီ၍ဖြစ်သော ဝိညာဏဓာတ်။**

| စဉ် | ဝတ္ထုရုပ်– ၆ ပါး | | တရားကိုယ် | ဆိုင်ရာဝတ္ထုရုပ်ကိုမှီ၍ဖြစ်သော | ဓာတ် ၇ ပါး |
|---|---|---|---|---|---|
| ၁ စက် | စက္ခုဝတ္ထု eye-base | ပဉ္စဝတ္ထု | စက္ခုပသာဒ eye sense- organ | ၁။ စက္ခုဝိညာဏဓာတ် | ပဉ္စဝိညာဏဓာတ် |
| ၂ သော | သောတဝတ္ထု ear-base | | သောတပသာဒ ear sense- organ | ၂။ သောတဝိညာဏဓာတ် | |
| ၃ ဃာ | ဃာနဝတ္ထု nose-base | | ဃာနပသာဒ nose sense- organ | ၃။ ဃာနဝိညာဏဓာတ် | |
| ၄ ဇိ | ဇိဝှါဝတ္ထု tongue-base | | ဇိဝှါပသာဒ tongue sense- organ | ၄။ ဇိဝှါဝိညာဏဓာတ် | |
| ၅ ကာ | ကာယဝတ္ထု body-base | | ကာယပသာဒ body sense- organ | ၅။ ကာယဝိညာဏဓာတ် | |
| ၆ ဟဒီ ခြောက်လီဝတ္ထုရုပ် | ဟဒယဝတ္ထု heart - base | ဟဒယဝတ္ထု | ဟဒယ heart - base (နှလုံးသွေးအစုဌ် တည်သောကမ္မဇရုပ်) | ၆။ မနောဓာတ်<br>၇။ မနောဝိညာဏဓာတ် | မနောဓာတ်<br>မနောဝိညာဏဓာတ် |

စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထုနှင့် ကာယဝတ္ထု (၅) ပါးကို "ပဉ္စဝတ္ထု" ဟုခေါ်ဆို၏။ ထိုဝတ္ထုရုပ် အသီးသီးတို့သည် စက္ခုဝိညာဏဓာတ်၊ သောတဝိညာဏဓာတ်၊ ဃာနဝိညာဏဓာတ်၊ ဇိဝှါဝိညာဏဓာတ်နှင့် ကာယဝိညာဏဓာတ်ဟူသော ပဉ္စဝိညာဏဓာတ် (၅) ပါးတို့၏ မှီရာဝတ္ထုရုပ်များဖြစ်ကြသည်။

ဟဒယဝတ္ထုရုပ်သည် မနောဓာတ်နှင့် မနောဝိညာဏဓာတ် (၂) ပါးတို့၏ မှီရာဝတ္ထုရုပ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## စိတ် (၃) ပါး + အသိ (၃) မျိုး

စက္ခုဝတ္ထုစသော ဝတ္ထုရုပ် (၆) ပါးကိုမှီသော ဝိညာဏစိတ် (အသိစိတ်) တို့ကို သဘောတူသတ္တိဖြင့် ပေါင်းစည်းယူပါလျှင် (၁) မနောစိတ်၊ (၂) ပဉ္စဝိညာဏစိတ်နှင့် (၃) မနော ဝိညာဏစိတ်ဟူ၍ စိတ် (၃) ပါးရှိသည်။

### ၁။ မနောစိတ်

မနောစိတ်၏ တရားကိုယ်မှာ ပဉ္စဒွါရာဝဇ္ဇန်းစိတ် (၁) ပါးနှင့် သမ္ပဋိစ္ဆိုင်းစိတ်ဒွေးတို့ဖြစ်ကြသည်။ စိတ်(၃)ပါးကို မနောစိတ် (၃) ဟုခေါ်ဆိုသည်။

ဝီထိစိတ်ဖြစ်စဉ်တွင် ဘဝင်စိတ်များဖြစ်ပြီးခါစ ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် မြင်စိတ်၊ ကြားစိတ်စသဖြင့် စိတ်တစ်ခုဖြစ်လာရန် အာရုံအသစ်ကို ရှေးဦးစွာ တစ်ကြိမ်မျှ ယူခွင့်ရ၏။ ထို့ပြင် မှီရာဝတ္ထုချင်း မတူသော ပဉ္စဝိညာဏ်အား အနန္တရသတ္တိဖြင့် ကျေးဇူး ပြုရ၍လည်း အားနည်းရပြန်၏။

ထို့အတူ သမ္ပဋိစ္ဆိုင်းဒွေးသည် မှီရာဝတ္ထုချင်း မတူသော ပဉ္စဝိညာဏ်မှ အနန္တရသတ္တိဖြင့် ကျေးဇူးပြုခံရ၍ မှီရာတူစိတ်မှ ကျေးဇူးပြုခံရသလောက် အားမရှိချေ။

ထို့ကြောင့် မနောစိတ် (၃) သည် အာရုံ (၅) ပါးကို ဆင်ခြင်ရုံမျှ, ခံလင့်ရုံမျှ, သိရုံမျှသာဖြစ်၍ အာရုံ (၅) ပါးကို သိကာမျှသာ, သိရုံမျှသာဖြစ်သော စိတ်ဖြစ်၏။ အသိအနည်းဆုံးစိတ်ဖြစ်သည်။

### ၂။ ပဉ္စဝိညာဏစိတ်

ပဉ္စဝိညာဏစိတ်၏ တရားကိုယ်မှာ ဒွေးပဉ္စဝိညာဏ် (၁၀) ပါးပင်ဖြစ်သည်။ စက္ခုဝိညာဏ်ဒွေး၊ သောတဝိညာဏ်ဒွေး၊ ဃာနဝိညာဏ်ဒွေး၊ ဇိဝှါဝိညာဏ်ဒွေးနှင့် ကာယဝိညာဏ်ဒွေးဟူသော ပဉ္စဝိညာဏ် (၁၀) ပါးတို့ကို "ပဉ္စဝိညာဏစိတ်"ဟု ခေါ်ဆိုသည်။

ပဉ္စဝိညာဏစိတ်သည် မိမိတို့မှီရာဝတ္ထုရုပ်၌ တိုက်ရိုက်ထင်လာသော အာရုံ (၅) ပါးကိုယူရသဖြင့် မနောစိတ်ထက်ထူးသောသိခြင်းရှိ၏။ အသီးသီးသော အာရုံ (၅) ပါးတို့ကို ထင်ရှားသိ၏။

သို့ရာတွင် မှီရာမတူသော အာဝဇ္ဇန်းမှ အနန္တရသတ္တိဖြင့် ကျေးဇူးအပြုခံရသဖြင့် အားမပြည့်တတ်ချေ။

### ၃။ မနောဝိညာဏစိတ်

မနောဝိညာဏစိတ်၏ တရားကိုယ်မှာ ဒွေးပဉ္စဝိညာဏ် (၁၀) နှင့် မနောစိတ် (၃) ပါးတို့မှ ကြွင်းသောစိတ် (၇၆) ပါးပင်ဖြစ်သည်။

မနောဝိညာဏစိတ်သည် မနောစိတ်ကဲ့သို့ သိရုံမျှသာမက ပဉ္စဝိညာဏစိတ်ကဲ့သို့ ထင်ရှားသိရုံမျှသာမက အာရုံကို ပိုင်းခြား၍ (အထူးသိနိုင်သောစိတ်ဖြစ်သည်။)

ဤကဲ့သို့ အထူးသိရခြင်းမှာ ဝီထိစိတ်ဖြစ်စဉ်တွင် မနောဝိညာဏစိတ်၌ အကျုံးဝင်သော စိတ် (၇၆) ပါးတို့သည် အာရုံအသစ်ကို ရှေးဦးစွာ မယူရခြင်း၊ မှီရာတူသော စိတ်တို့မှ အနန္တရသတ္တိဖြင့် ကျေးဇူးပြုခံရခြင်းတို့ကြောင့် အားပြည့်ဝကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဝိညာဏစိတ် (၇) ပါး

အသိစိတ် (၃) မျိုးတွင် ပဉ္စဝိညာဏစိတ်ကို (၅) မျိုးခွဲခြားနိုင်သဖြင့် ဝိညာဏစိတ် (၇) မျိုးဟူ၍လည်း ခွဲခြား ဆိုနိုင်သည်။

| စဉ် | မှီရာဝတ္ထု | စိတ် (၃) ပါး | စိတ် (၇)ပါး | တရားကိုယ် |
|---|---|---|---|---|
| ၁ | ဟဒယဝတ္ထု | ၁ မနောစိတ် | ၁။ မနောစိတ် | - ပဉ္စဒွါရာဝဇ္ဇန်းစိတ် ၁<br>- သမ္ပဋိစ္ဆိုင်းဒွေး ၂ |
| ၂ | ပဉ္စဝတ္ထု | ၂ ပဉ္စဝိညာဏစိတ် | ၂။ စက္ခုဝိညာဏစိတ်<br>၃။ သောတဝိညာဏစိတ်<br>၄။ ဃာနဝိညာဏစိတ်<br>၅။ ဇိဝှါဝိညာဏစိတ်<br>၆။ ကာယဝိညာဏစိတ် | - စက္ခုဝိညာဏ်ဒွေး<br>- သောတဝိညာဏ်ဒွေး<br>- ဃာနဝိညာဏ်ဒွေး<br>- ဇိဝှါဝိညာဏ်ဒွေး<br>- ကာယဝိညာဏ်ဒွေး |
| ၃ | ဟဒယဝတ္ထု | ၃ မနောဝိညာဏ စိတ် | ၇။ မနောဝိညာဏ စိတ် | - ဒွေးပဉ္စဝိညာဏ်(၁၀) ပါး နှင့် မနောစိတ် (၃) ပါးမှ ကြွင်းသော စိတ် (၇၆) ပါး |

## ဘုံ (၃) ပါး

ပရမတ္ထသဘောအားဖြင့် သတ္တဝါဆိုသည်မှာ ရုပ်၊ နာမ် (၂) ပါးကို ပေါင်းစုထားခြင်းပင်ဖြစ်သည်။ ခန္ဓာရရှိမှုဦးရေကို မူတည်၍ သတ္တဝါများ မှီတင်းနေထိုင်ရာဘုံကို ခွဲခြားလျှင် ဘုံ (၃) ပါးရှိသည်။

### ၁။ ပဉ္စဝေါကာရဘုံ

"ဝေါကာရ"ဆိုသည်မှာ "ခန္ဓာ"ပင်ဖြစ်သည်။ ရုပ်၊ နာမ် အစုံရှိသော သတ္တဝါကို "ပဉ္စဝေါကာရသတ္တဝါ"ဟုခေါ်သည်။

ရုပ်ခန္ဓာဖြစ်သော **ရူပက္ခန္ဓာ (၁) ပါး**နှင့် **ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဖြစ်သော**နာမ်ခန္ဓာ (၄) ပါးဟူ၍ ရုပ်၊နာမ်ခန္ဓာ (၅) ပါးရှိ၏။ ခန္ဓာ(၅)ပါးအပြည့်အဝရှိသော သတ္တဝါများ နေထိုင်ရာဘုံကို **ပဉ္စဝေါကာရဘုံ**ဟုခေါ်သည်။

ခန္ဓာ (၅) ပါးရှိသော ပဉ္စဝေါကာရဘုံတို့မှာ ကာမ (၁၁) ဘုံနှင့် ရူပ (၁၅) ဘုံ၊ ပေါင်း (၂၆) ဘုံရှိသည်။

### ၂။ စတုဝေါကာရဘုံ

အရူပဗြဟ္မာတို့မှာ ရုပ်ကိုတပ်မက်ခြင်းကင်းသော ဘာဝနာ၏အစွမ်းကြောင့် ရုပ်မရှိဘဲ နာမ်သက်သက်သာ ရှိကြ၏။ အရူပ (၄) ဘုံတို့သည် နာမ်ခန္ဓာ (၄) ပါးရှိသော အရူပဗြဟ္မာများ နေထိုင်ရာ စတုဝေါကာရဘုံများ ဖြစ်ကြသည်။

### ၃။ ဧကဝေါကာရဘုံ

အသညသတ်ဗြဟ္မာတို့သည် နာမ်တရားကို အပြစ်မြင်ပြီး နာမ်တရားကင်းအောင် အားထုတ်ခဲ့သော ဘာဝနာအစွမ်းကြောင့် နာမ်တရားကင်းမဲ့သော ရုပ်ချည်းသက်သက် ဖြစ်ကြရ၏။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ခန္ဓာ တစ်မျိုးသာရှိသော အသညသတ်ပြဟ္မာများကို "ဧကဝေါကာရ သတ္တဝါများ" ဟုခေါ်၏။

အသညသတ်ပြဟ္မာများ နေထိုင်ရာ အသညသတ် (၁) ဘုံကို "ဧကဝေါကာရဘုံ"ဟု ခေါ်ဆိုသည်။

**ဘုံအားဖြင့်ရထိုက်သောဝတ္ထုနှင့်ဝိညာဏစာတ်**

၁။ ပဉ္စဝေါကာရဘုံ၌ ရထိုက်သော ဝတ္ထုများနှင့် ဝိညာဏဓာတ်များ။

**(က) ကာမ (၁၁) ဘုံ**

**(ဝတ္ထုခြောက်စုံ၊ ကာမဘုံ၊ အကုန်ရသည်သာ)**

ပဉ္စဝေါကာရ (၂၆) ဘုံအနက် အပါယ် (၄) ဘုံ၊ လူ့ဘုံနှင့် နတ်ပြည် ၆ ထပ် ဟူသော ကာမ (၁၁) ဘုံ၌ ဝတ္ထုအာရုံ ကာမဂုဏ်ကို တောင့်တသော ကာမတဏှာသည် ကာမဘုံ၌သာ ဖြစ်ခွင့်ရှိ၏။ ကာမဘုံ၌ စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယဝတ္ထုနှင့် ဟဒယဝတ္ထုဟူ၍ ဝတ္ထု (၆) ပါးလုံးကို ရနိုင်၏။

ဝတ္ထု (၆) ပါးကို စုံစုံလင်လင် ရရှိသောကြောင့် ဝိညာဏဓာတ် (၇) ပါးလုံးကိုရရှိ၏။

**(ခ) အသညသတ်ကြဉ် ရူပ (၁၅) ဘုံ**

**"စက်, သော, နှစ်တန်ဟ ဒယ်၊ သုံးတန်ရူပမှာ။"**

ပဉ္စဝေါကာရဘုံတွင် ပါဝင်သော (အသညသတ်ကြဉ်) ရူပ (၁၅) ဘုံတို့၌ **စက္ခုဝတ္ထု၊ သောတဝတ္ထုနှင့် ဟဒယဝတ္ထုဟူ၍ ဝတ္ထု** ၃ ပါးတို့ကိုသာ ရရှိသည်။

ရူပဗြဟ္မာတို့သည် ကာမဂုဏ်တရားများကို ငြီးငွေ့သော ကာမဝိရာဂ ဘာဝနာ ကံအစွမ်းကြောင့် ကာမတဏှာ၏ အသုံးအဆောင်သက်သက်ဖြစ်သော ဃာန၊ ဇိဝှါ၊ ကာယဝတ္ထု (၃) ပါးတို့ကိုမရကြ။ ဘုရားဖူးမြင်ရန်နှင့် တရားနာကြားနိုင်ရန်အတွက် စက္ခုဝတ္ထုနှင့် သောတဝတ္ထုတို့ကိုသာ ရကြ၏။ သို့ရာတွင် နှာခေါင်း၊ လျှာ၊ ကိုယ်ခန္ဓာပုံသဏ္ဌာန်တို့ကား အချိုးကျကျ အပြည့်အစုံ ရှိကြ၏။

ဝိညာဏဓာတ်အားဖြင့် စက္ခုဝတ္ထုကိုမှီ၍ ဖြစ်ရသော စက္ခုဝိညာဏဓာတ်၊ သောတဝတ္ထုကိုမှီ၍ ဖြစ်ရသော သောတဝိညာဏဓာတ်၊ ဟဒယဝတ္ထုကိုမှီ၍ဖြစ်ရသော မနောဓာတ်နှင့် မနော ဝိညာဏဓာတ်ဟူ၍ ဝိညာဏဓာတ် (၄) ပါးကို ရရှိသည်။

**၂။ စတုဝေါကာရဘုံ**

**"အရူပမူ၊ ဝတ္ထုဟူ၊ မြူမျှမရှိပါ။"**

စတုဝေါကာရဘုံဟူ၍ ခေါ်ဆိုသော အရူပ (၄) ဘုံတို့၌ ဝတ္ထုရုပ်ဟူ၍ မြူမျှမရှိပေ။

ရုပ်ဟူသမျှကို ငြီးငွေ့စက်ဆုပ်သော ရူပဝိရာဂဘာဝနာကံကြောင့် ရုပ်မရှိဘဲ နာမ်သက်သက် ဖြစ်ရသောကြောင့် **ဝတ္ထုရုပ် (၆) ပါးလုံးကို** မရကြ။ ဓာတ်အားဖြင့် **မနောဝိညာဏဓာတ် (၁) ပါး**သာရ၏။

**၃။ ဧကဝေါကာရဘုံ**

ဧကဝေါကာရဘုံဖြစ်သော အသညသတ် (၁) ဘုံ၌ နာမ်ကိုငြီးငွေ့သော အရူပဝိရာဂ ဘာဝနာ အစွမ်းကြောင့် နာမ်ဟူ၍ အလျင်းမရှိကြ။ ရုပ်ခန္ဓာ (၁) ပါးသာ ရှိကြသည်။ နာမ်တရားများ မရှိ၍ **ဝတ္ထုရုပ် (၆) ပါးလုံးနှင့်** ဝိညာဏဓာတ်(၇)ပါးလုံး မရအပ်ဟု မှတ်သားအပ်၏။

www.burmeseclassic.com

www.burmeseclassic.com





ဘုံ (၃) ပါး၌ရအပ်သော ဝတ္ထု၊ ဝိညာဏဓာတ်

| စဉ် | ၃၁- ဘုံ | ရသောဝတ္ထုရုပ် | ဝတ္ထုကိုမှီ၍ဖြစ်ရသော ဝိညာဏဓာတ် |
|---|---|---|---|
| ၁ | ပဉ္စဝေါကာရ (၂၆) ဘုံ<br>(က) ကာမ ၁၁ ဘုံ | ၁။ စက္ခုဝတ္ထု<br>၂။ သောတဝတ္ထု<br>၃။ ဃာနဝတ္ထု<br>၄။ ဇိဝှါဝတ္ထု<br>၅။ ကာယဝတ္ထု<br>၆။ ဟဒယ ဝတ္ထု<br><br>The six kinds of bases are found in the Sense-sphere. | ၁။ စက္ခုဝိညာဏဓာတ်<br>၂။ သောတဝိညာဏဓာတ်<br>၃။ ဃာနဝိညာဏဓာတ်<br>၄။ ဇိဝှါဝိညာဏဓာတ်<br>၅။ ကာယဝိညာဏဓာတ်<br>၆။ မနောဓာတ်<br>၇။ မနောဝိညာဏဓာတ် |
| | (ခ) ရူပ ၁၅ ဘုံ (အသညသတ်ကြဉ်) | ၁။ စက္ခုဝတ္ထု<br>၂။ သောတဝတ္ထု<br>၃။ ဟဒယဝတ္ထု<br><br>In the Form-sphere three bases such as nose, tongue and body are not found. The remaining bases are found. | ၁။ စက္ခုဝိညာဏဓာတ်<br>၂။ သောတဝိညာဏဓာတ်<br>၃။ မနောဓာတ်<br>၄။ မနောဝိညာဏဓာတ် |
| ၂ | စတုဝေါကာရ(၄)ဘုံ<br>(အရူပ ၄-ဘုံ) | In the Formless sphere no base exists.<br>မရှိ | မနောဝိညာဏဓာတ် |
| ၃ | ဧကဝေါကာရ(၁)ဘုံ<br>အသညသတ် (၁) ဘုံ | Asannasatta<br>မရှိ<br>no base | မရှိ<br>born without a consciousness |

www.burmeseclassic.com

www.burmeseclassic.com



| သင်္ဂဟအခွဲ | အမှီခံဝတ္ထု | မှီသောစိတ်များ |
|---|---|---|
| ဝတ္ထုရုပ်ကို ကေန် မှီသောစိတ် (၄၃)ပါး<br>(မှီစတုတေး။)<br><br>43 arise dependent on a base. | |  |
| | ပဉ္စဝတ္ထု | **(က) ပဉ္စဝိညာဏဓာတ်-၁၀**<br>ဒွေးပဉ္စဝိညာဏ် ၁၀ ပါး<br>**(ခ) မနောဓာတ်-၃**<br>၁။ ပဉ္စဒွါရာဝဇ္ဇန်းစိတ် ၁ ပါး<br>၂။ သမ္ပဋိစ္ဆိုင်းစိတ် ၂ ပါး |
| | ဟဒယဝတ္ထု | **(ဂ) မနောဝိညာဏဓာတ်-၃၀**<br>၁။ သန္တီရဏစိတ် ၃ ပါး<br>၂။ မဟာဝိပါက်စိတ် ၈ ပါး<br>၃။ ဒေါသမူ ၂ ပါး<br>၄။ ဟသိတုပ္ပါဒ် ၁ ပါး<br>၅။ ရူပါဝစရစိတ် ၁၅ ပါး<br>၆။ သောတာပတ္တိမဂ် ၁ ပါး<br>**ပေါင်း = ၄၃ ပါး** |
| ဝတ္ထုရုပ်ကိုအမြဲမမှီသော စိတ် ၄ ပါး<br>**"မမှီလေး"**<br>(အရူပဝိ၊ စတုညီ၊ အမှီမရှိဘူး။) | | အရူပဝိပါက်စိတ် ၄ ပါး<br><br>The Formless Resultants arise without any base. |
| ဝတ္ထုရုပ်ကို ရံခါမှီ ရံခါမမှီသောစိတ် (၄၂) ပါး<br>(ဝတ္ထု အနေကန်မှီ)<br>"စဒွေး မှီ-မမှီ"<br><br>42 arise with or without a base. | | <br>**မနောဝိညာဏဓာတ် ၄၂ ပါး**<br>၁။ လောဘမူစိတ် ၈ ပါး<br>၂။ မောဟမူစိတ် ၂ ပါး<br>၃။ မနောဒွါရာဝဇ္ဇန်းစိတ် ၁ ပါး<br>၄။ မဟာကုသိုလ်စိတ် ၈ ပါး<br>၅။ မဟာကြိယာစိတ် ၈ ပါး<br>၆။ အရူပကုသိုလ်စိတ် ၄ ပါး<br>၇။ အရူပကြိယာစိတ် ၄ ပါး<br>၈။ သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာစိတ် ၇ ပါး<br>**စုစုပေါင်း ၄၂ ပါး** |

www.burmeseclassic.com

www.burmeseclassic.com



## ရှင်းတမ်း

၁။ ဒွေးပဉ္စဝိညာဏ် (၁၀) ပါးသည် စက္ခုဝတ္ထုစသော ပဉ္စဝတ္ထု (၅) ပါးကို အမှီပြု၍ ဖြစ်ရသောကြောင့် ပဉ္စဝတ္ထုရုပ်ရ ကောင်းသော ပဉ္စဝေါကာရဘုံ၌သာ ဝတ္ထုရုပ်ကို အမြဲ မှီ၍ ဖြစ်ရသည်။

(က) မနောဓာတ် (၃) ဟုခေါ်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ် ၁ ပါးနှင့် သမ္ပဋိစ္ဆိုင်း ၂ ပါးတို့သည် ပဉ္စဒွါရစိတ်ဖြစ်တိုင်းဖြစ်၏။ အရူပဘုံ၌ ဖြစ်ရန် ပဉ္စဒွါရမရှိ၍ ပဉ္စဝေါကာရဘုံ၌သာ ဟဒယဝတ္ထုရုပ်ကို အမြဲ မှီ၍ ဖြစ်ရသည်။

(ခ) ၁။ သန္တီရဏ (၃) ပါးသည် ပဉ္စဒွါရဝီထိ၊ မနောဒွါရဝီထိတို့၌ သန္တီရဏကိစ္စ၊ တဒါရုံကိစ္စတပ်၍ ဖြစ်၏။ အရူပဘုံ၌ ပဉ္စဒွါရမရှိ၊ တဒါရုံ ကိစ္စတပ်ရန်အတွက်လည်း တဒါရုံ ဖြစ်ရမည့် ကာမသတ္တဝါ၊ ကာမအာရုံ၊ ကာမဇော ဟူ၍ အင်္ဂါ(၃) ပါး မပြည့်စုံသော အရူပဘုံ၌ တဒါရုံကိစ္စမရှိ။ ထို့ကြောင့် သန္တီရဏ (၃) ပါးသည် ကာမ ရူပဘုံ၌ ဟဒယဝတ္ထုရုပ်ကို အမြဲ မှီ၍ ဖြစ်ရသည်။

၂။ ကာမာဝစရကုသိုလ်ကံသည် ဝတ္ထုအာရုံ ကာမဂုဏ်ကို တောင့်တခံစားလိုသော ကာမတဏှာအရင်းခံရှိ၏။ ထိုတဏှာ၏အလိုကျ ထိုကံ၏ မဟာဝိပါက်စိတ် (၈) ပါးသည်လည်း ကာမဘုံ၌သာ ဟဒယဝတ္ထုရုပ်ကို အမြဲ မှီ၍ဖြစ်သည်။

၃။ ဒေါသမူ (၂) ပါးသည် နီဝရဏတရား အစစ်ဖြစ်၏။ ဈာန်တရား၏ကျက်စားရာ နီဝရဏ ကင်းသော ရူပဘုံ၊ အရူပဘုံတို့၌ ဖြစ်ခွင့်မရ။ ကာမဘုံ၌သာ ဖြစ်ခွင့်ရှိသည်။

၄။ ဘုရားရဟန္တာတို့၏ ပြုံးရယ်စိတ်ဖြစ်သော ဟသိတုပ္ပါဒ်စိတ် (၁) ပါးသည်ခန္ဓာကိုယ် မရှိသော အရူပဘုံ၌ မဖြစ်နိုင်၊ ကာမဘုံ ရူပဘုံ၌သာ ဟဒယဝတ္ထုကိုမှီ၍ ဖြစ်ရ၏။

၅။ ရုပ်ရှိသော ရူပဘုံသို့ ရောက်ကြောင်းဖြစ်သော ရူပါဝစရစိတ် (၁၅) ပါးသည် ရုပ်ကင်းမဲ့သော အရူပဘုံ၌ မဖြစ်နိုင်။

၆။ သောတာပတ္တိမဂ်ရရန် (၁) သပ္ပုရိသသံသေဝ– သူတော်ကောင်းကို မှီခိုရခြင်း (၂) သဒ္ဓမ္မဿဝန– တရားသံနာကြားရခြင်း၊(၃)ယောနိသောမနသိကာရ–သင့်တင့်အောင် နှလုံးသွင်းရခြင်း၊ (၄) ဓမ္မာနုဓမ္မပဋိပန္န–ဝိပဿနာအကျင့်ကို ကျင့်ရခြင်းဟူ၍ အကြောင်း (၄) ပါးရှိ၏။ တရားနာရန် ရုပ်ခန္ဓာမရှိသော အရူပဘုံ၌ "ပရတော–ဃောသ=သူတစ်ပါးထံမှနာကြားရသော တရားသံ" ကင်းသောကြောင့် သောတာပတ္တိမဂ်မရနိုင်။

သောတာပတ္တိမဂ် ကို ရပြီးလျှင် တရားကို မနာရသော်လည်း အလိုလို တရားသားတက်၍ အထက်မဂ်များကို ရနိုင်သည်။

၂။ ရုပ်၌ တပ်မက်ခြင်းကင်းသော အရူပဘာဝနာ ကုသိုလ်အစွမ်းကြောင့် အကျိုးပေးရာ (အရူပဘုံ၌) အရူပဝိပါက်စိတ် (၄) ပါးသည် အခါခပ်သိမ်း ဝတ္ထုကိုမမှီဘဲ ဖြစ်ကြသည်။ ထိုစိတ် ၄ ပါးသည် အရူပ ဗြဟ္မာတို့၏ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်များ ဖြစ်ကြသည်။

၃။ (၄၂)ပါးသော စိတ်တို့သည် မှီရာဝတ္ထုရုပ်ရှိသော ခန္ဓာ (၅)ပါးရှိသည့် ကာမဘုံ၊ ရူပဘုံ၌ ဖြစ်ခိုက်ဝယ် ဝတ္ထုရုပ်ကိုမှီ၍ ဖြစ်ကြသည်။

ရုပ်မရှိ၊ နာမ်ခန္ဓာ (၄)ပါးရှိသော အရူပ (၄) ဘုံ၌ ဖြစ်ခိုက်ဝတ္ထုရုပ်ကို မမှီဘဲဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဝတ္ထုသင်္ဂဟဇယား

| မှီရာဝတ္ထု | ဟဒယဝတ္ထု | | | ပဉ္စဝတ္ထု | | | | | ဟဒယဝတ္ထု | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | စက္ခုဝတ္ထု | သောတဝတ္ထု | ဃာနဝတ္ထု | ဇိဝှာဝတ္ထု | ကာယဝတ္ထု | | | | | | |
| မှီသောစိတ် | ပဋိသန္ဓေ | ဘဝင် | အာဝဇ္ဇန်း | စက္ခုဝိညာဏ်၂ | သောတဝိညာဏ်၂ | ဃာနဝိညာဏ်၂ | ဇိဝှာဝိညာဏ်၂ | ကာယဝိညာဏ်၂ | သမ္ပဋိစ္ဆိုင်း | သန္တီရဏ | ဝုဋ္ဌော | ဇော | တဒါရုံ | စုတိ |
| မှီသောဓာတ် | မနောဝိညာဏဓာတ် | | မနောဓာတ် | ပဉ္စဝိညာဏဓာတ် | | | | | မနောဓာတ် | မနောဝိညာဏဓာတ် | | | | |
| ကိစ္စဝဏ္ဏ | ၄ ၅ ၈ −၂ | ၄ ၅ ၈ −၂ | ၁ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | +၁ −၂ | ၁ | ၈ / ၄ ၄ / ၅ ၅ / ၈ ၈ / +၁ / ၁၂ | ၈ +၁ −၂ | ၄ ၅ ၈ ၂ |
| ၁။ ဝတ္ထုဧကန်မှီ ၄၃<br>−ပဉ္စဝတ္ထုမှီပဉ္စဝိညာဏ်ဓာတ် ၁၀<br>−ဟဒယဝတ္ထုမှီမနောဓာတ် ၃<br>−ဟဒယဝတ္ထုမှီ မနောဝိညာဏဓာတ် ၃၀ | ၈ | − | ၁<br>− | | | ၁၀ | | | ၂ | ၃ | | ၁/ / ၅ ၅ ၅ / +၁ / >၂ | | |
| ၂။ ဝတ္ထုရုပ်အနေကန်မှီ မနောဝိညာဏဓာတ် ၄၂ | | | မ / ၁ | | | | | | | | | ၇ / ၄ ၄ / ၈ ၈ / ၁၀ | | |
| ၃။ ဝတ္ထုရုပ်အမြဲမမှီ ၄ မနောဝိညာဏဓာတ် | ၄ | | | | | | | | | | | | | |

### ဝတ္ထုရုပ်ကိုမှီသောစေတသိက်များ

### ဝတ္ထုရုပ် (၆) ပါးကို ရံခါမှီ ၇ ပါး

"ရံခါမှီမှု၊ ဆဝတ္ထုက၊ ခုနစ်ဝတည်း။"

ဝတ္ထုရုပ် ၆ ပါးကို ရံခါမှီ၍ ရံခါမမှီသော စေတသိက်များကား သဗ္ဗစိတ္တသာဓာရဏ (၇)ပါး ဖြစ်သည်။

ပဉ္စဝေါကာရဘုံ၌ဖြစ်ခိုက် ဆဝတ္ထုကိုမှီ၍ စတုဝေါကာရဘုံ၌ဖြစ်ခိုက် ဆဝတ္ထုကိုမမှီ။

### ဟဒယဝတ္ထုကို အမြဲမှီ ၆ ပါး

"ဟဒယစွဲ၊ မှီမြဲခြောက်ဖြာ"

ဟဒယဝတ္ထုကို အမြဲအစွဲမှီသော စေတသိက် ၆ ပါးတို့မှာ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စနှင့် အပ္ပမညာဒွေးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါစတုက် ၄ ပါးသည် ကာမဘုံ၌သာ ဖြစ်သောကြောင့် ဟဒယဝတ္ထုကို အမြဲမှီသည်။

သတ္တဝါအကောင်အထည် ပညတ်ကို အာရုံပြုသော အပ္ပမညာဒွေးသည် ရှေးဦးစွာ ပုံသဏ္ဌာန်ကို မြင်ရမှ သတ္တဝါပညတ်ကို အာရုံပြုနိုင်သည်။ ရုပ်မရှိသော အရူပဘုံ၌ အပ္ပမညာဒွေး မရထိုက်။ ကာမရူပဘုံတို့၌သာ ဖြစ်ရသောကြောင့် ဟဒယဝတ္ထုကို အမြဲမှီခြင်းဖြစ်သည်။

**ရုံခါမှီ ၃၉-ပါး**

"ရုံခါမှီမျိုး၊ သုံးဆယ့်ကိုး"

အထက်ပါစေတသိက် ၁၃ ပါးမှ ကြွင်းသော စေတသိက် (၃၉) ပါးသည် ကာမရူပဘုံများ၌ဖြစ်ခိုက် ဟဒယဝတ္ထုကိုမှီ၍၊ အရူပဘုံ၌ဖြစ်ခိုက် ဟဒယဝတ္ထုကိုမမှီ။

**ဝေဒနာဒိသင်္ဂဟဖြင့်ဝေဖန်ပြခြင်း**

စိတ်တစ်မျိုးစီကို ဝေဒနာ, ဟိတ်,ကိစ္စ,ဒွါရ,အာရုံ,ဝတ္ထုအားဖြင့်ခွဲခြမ်းဝေဖန်နိုင်ရန် လေ့ကျင့်ရမည် ဖြစ်သည်။ ပကိဏ်း (၆)မျိုးကို ဇယား, သင်္ကေတဖြင့် ပြပုံကို ကျေညက်လျှင် လွယ်ကူပါမည်။

ဥပမာ လောဘမူစိတ် (၈)ပါးကို ဝေဒနာဒိသင်္ဂဟဖြင့်ခွဲခြားပြလျှင် အောက်ပါအတိုင်းတွေ့ရပါမည်။

၁။ **ဝေဒနာအားဖြင့်** သောမနဿဝေဒနာ (၄)ပါး၊ ဥပေက္ခာဝေဒနာ (၄)ပါး။

၂။ **ဟိတ်အားဖြင့်** ဒွိဟိတ် (လောဘဟိတ်+မောဟဟိတ်)

၃။ **ကိစ္စအားဖြင့်** ဇောကိစ္စ (ကာမဇော)

၄။ **ဒွါရအားဖြင့်** (၆)ဒွါရ

၅။ **အာရုံအားဖြင့်** လောကုတ္တရာကြဉ်အလုံးစုံအာရုံပြု

၆။ **ဝတ္ထုအားဖြင့်** ဟဒယဝတ္ထုရုပ်ကိုရုံခါမှီ,ရုံခါမမှီ။

ကြွင်းသောစိတ်တို့ကိုလည်း ထိုကဲ့သို့ စီစစ်ရှာဖွေလေ့ကျင့်ကြရမည်။

**ဝတ္ထုသင်္ဂဟပြီး၏။**

**ပကိဏ်းပိုင်းပြီး၏။**

www.burmeseclassic.com

www.burmeseclassic.com



## သာသနာရေးဦးစီးဌာနက ကျင်းပခဲ့သည့် အဘိဓမ္မာ (ရိုးရိုး) စာမေးပွဲ မေးခွန်းဟောင်းများ

### ပက်ိဏ်းပိုင်း

**၁၉၅၄- ခုနှစ်**

၁။ ဣန္ဒြိယဘေဒအားဖြင့် သုခသဟဂုတ်စိတ်ကို ထုတ်ပြ၍ ၎င်းနှင့် ယှဉ်သော စေတသိက်၊ ၎င်း၏ ကိစ္စ၊ ဒွါရ၊ အာရုံ၊ ဝတ္ထုတို့ကိုလည်း ထုတ်ပြခဲ့ပါ။

၂။ သုံးကိစ္စ သုံးဌာန၊ လေးကိစ္စလေးဌာန၊ ငါးကိစ္စ ငါးဌာနတပ်သော စိတ်တို့ကို ဖော်ပြ၍ ထိုစိတ်တို့ကို ဝေဒနာ၊ ဟိတ်အားဖြင့် ဝေဘန်ခဲ့ပါ။

၃။ တစ်ဒွါရဉ္ဖြစ်သော စိတ်တို့၏ အပေါင်းသင်္ချာကို ထုတ်ပြပြီးလျှင် ထိုစိတ်တို့ ယှဉ်နိုင်သော စေတသိက်တို့ကိုလည်း ထုတ်ပြခဲ့ပါ။

၄။ ကာမအာရုံ၊ မဟဂ္ဂုတ်အာရုံ၊ ပညတ် အာရုံ၊ နိဗ္ဗာန်အာရုံကို အာရုံပြုသော စိတ်တို့၏ သရုပ်ကို အပေါင်းသင်္ချာမျှ အသီးသီးထုတ်ပြခဲ့ပါ။

**၁၉၅၅- ခုနှစ်**

၁။ (က) အနုဘဝန လက္ခဏာအားဖြင့် ပြားသော သုခဝေဒနာ၊
(ခ) ဣန္ဒြိယဘေဒအားဖြင့် ပြားသော သုခဝေဒနာတို့၏ ခြားနားပုံကို ရှင်းလင်းပြပြီးလျှင်
(ဂ) ဥပေက္ခာဝေဒနာနှင့် ယှဉ်သော စိတ်သရုပ်အသီးသီးကိုလည်း ရေတွက်ပြပါ။

၂။ (က) လောကီသဟိတ်စိတ်နှင့် (ခ) လောကီ တိဟိတ်စိတ်တို့၏ သရုပ်ကို ဇာတိဘေဒအားဖြင့် ရေတွက်ပြပါ။

၃။ အောက်တွင် ဖော်ပြထားသော ပုဒ်များကို တစ်ခုစီ အဓိပ္ပာယ်ရှင်းလင်းပြပါ။
(က) ဘဝင်ကိစ္စ (ခ) ဇောကိစ္စ (ဂ) တဒါရုံကိစ္စ

၄။ (က) ခြောက်ဒွါရ၌ဖြစ်သော စိတ် (ခ) ရံခါခြောက်ဒွါရ၌ဖြစ်၍ ရံခါခြောက်ဒွါရမှ လွတ်သော စိတ်။ (ဂ) အချင်းခပ်သိမ်းခြောက်ဒွါရမှ လွတ်သော စိတ်တို့ကို ရေတွက်ပြပြီးလျှင် အဘယ်အစွမ်းဖြင့် ခြောက်ဒွါရမှ လွတ်သည်ကိုလည်းဖြေပါ။

**၁၉၅၆- ခုနှစ်**

၁။ (က) ဝတ္ထုရုပ်ကို မှီ၍သာဖြစ်သောစိတ်
(ခ) ဝတ္ထုရုပ်ကိုမှီ၍၎င်း မမှီ၍၎င်း ဖြစ်သောစိတ်။
(ဂ) ဝတ္ထုရုပ်ကို မမှီမူ၍ဖြစ်သော စိတ်တို့သည် မည်မျှစီရှိကြောင်းကို ဖြေဆိုခဲ့ပါ။

၂။ ဌာနနှစ်ဆယ့်ငါးပါးကို ရေတွက်ဖော်ပြပြီးလျှင် အာဝဇ္ဇန်းနှစ်ဌာနကိုလည်း ဖော်ပြပါ။

၃။ ကာယဒွါရ၌ ဖြစ်သော စိတ်၊ စေတသိက်များကို ဖော်ပြပြီးလျှင် ကာယဒွါရိက စိတ်များမှ ဇောဒွါရိက စိတ်၊ ပဉ္စဒွါရိက စိတ်များကိုလည်း ဖော်ပြပါ။

၄။ မဟာကုသိုလ် ဉာဏ သမ္ပယုတ်စိတ်သည် အရဟတ္တဖိုလ်ကို အာရုံပြုနိုင်၊ မပြုနိုင်အကြောင်းပြ၍ ဖြေဆိုပါ။

၅။ ရူပါဝစရ ပဉ္စမဈာန် ပဋိသန္ဓေစိတ်၊ နေဝသညာနာသညာယတန ပဋိသန္ဓေစိတ်တို့သည်

www.burmeseclassic.com

www.burmeseclassic.com



အဘာယ်ကို အာရုံပြုသည်ကို ဖော်ပြပါ။

၆။ အဘယ့်ကြောင့် ပါဒကစျာန်၊ အဘယ့်ကြောင့် ဝုဋ္ဌာနဂါမိနိဝိပဿနာဇော ခေါ်ရသည်ကို ဖော်ပြရှင်းလင်းခဲ့ပါ။

**၁၉၅၇- ခုနှစ်**

၁။ ဝေဒနာသည် အနုဘဝနအားဖြင့် မည်မျှ၊ ဣန္ဒြေအပြားအားဖြင့် မည်မျှရှိသနည်း။ ၎င်းတို့ချင်း အရေအတွက် ညီမျှအောင် မည်သည့် ဝေဒနာကို မည်သည့် ဝေဒနာထဲထည့်သင့်သနည်း။

၂။ ဒွါရခြောက်ပါးတို့၏ သရုပ်အဓိပ္ပာယ်ကို ဖော်ပြပြီးလျှင် နာမ်ဒွါရ၊ ရုပ်ဒွါရ ခွဲခဲ့ပါ။

၃။ မည်သည့်အရာကို ဟဒယဝတ္ထုခေါ်သနည်း။ ၎င်း ဟဒယဝတ္ထုသို့မှီသော ဝိညာဏဓာတ်များကို ဖော်ပြပါ။

၄။ အောက်ပါစိတ်များကို ထုတ်ပြပါ။

(က) မဟဂ္ဂုတ်ကိုသာ အာရုံပြုသောစိတ်

(ခ) ပညတ်ကိုသာ အာရုံပြုသောစိတ်

(ဂ) နိဗ္ဗာန်ကိုသာ အာရုံပြုသောစိတ်

**၁၉၅၈ ခုနှစ်**

၁။ ဒွိဟိတ်စိတ်တို့၏ သရုပ်ကို ဖော်ထုတ်ပြီးလျှင် ဒွိဟိတ်အရ မည်သည့် ဟိတ်များကို ယူရမည်ဟု ပြဆိုခဲ့ပါ။

၂။ ဧကဒွါရိက စိတ်တို့၏ သရုပ်ကို ထုတ်ပြပြီးလျှင် ထိုစိတ်တို့တွင် မည်သည့်စိတ်သည် မည်သည့် ဒွါရ၌ဖြစ်သည်ဟု ဖော်ပြခဲ့ပါ။

၃။ ဒွါရ ဝိမုတ်စိတ်တို့၏ သရုပ်ကို ထုတ်ပြပါ။

၄။ အလုံးစုံသော အာရုံကို အာရုံပြုသော စိတ်တို့၏ သရုပ်ကို ထုတ်ပြပါ။

၅။ ဝတ္ထုရုပ်ကို မှီ၍၎င်း မမှီမူ၍၎င်း ဖြစ်သော စိတ်တို့၏ အပေါင်းသချာကို ပြပြီးလျှင် ၎င်းတို့သည် မည်သည့်အခါ ဝတ္ထုရုပ်ကို မှီ၍ မည်သည့်အခါ ဝတ္ထုရုပ်ကို မမှီဘဲဖြစ်သနည်း။

**၁၉၇၂- ခုနှစ်**

၁။ ဒေါသမူသွေး၌ ရနိုင်သော ဝေဒနာ- ဟိတ်- ကိစ္စတို့ကို ဖော်ပြပါ။

၂။ ၅- ဒွါရ၌ဖြစ်သော စိတ်နှင့် ပညတ်ကို ဧကန်အာရုံပြုသော စိတ်တို့ကို ထုတ်ပြပါ။

၃။ အလုံးစုံသော အာရုံကို အာရုံပြုနိုင်သော စိတ်တို့ကို ရေတွက်ပြ၍ ကာမဘုံ-ရူပဘုံ အရူပဘုံတို့၌ ဖြစ်သော ဝတ္ထုရုပ်များကို အသီးသီးဖော်ပြပါ။

**၁၉၇၅- ခုနှစ်**

၁။ ၅- ကိစ္စတပ်သော စိတ်များကို ထုတ်ပြ၍၊ ၎င်းကိစ္စများကိုလည်း ဖော်ပြပါ။

၂။ နိဗ္ဗာန်ကို (က) ဧကန်အာရုံပြုသောစိတ်၊ (ခ) အနေကန်အာရုံပြုသောစိတ်တို့ကို ရေတွက်ပြပါ။

၃။ ဟဒယဝတ္ထုရုပ်ကို - (က) အမြဲမှီသော လောကုတ္တရာစိတ်၊

(ခ) ရံခါမှီ- ရံခါမမှီသောစိတ်တို့ကို ထုတ်ပြပါ။

www.burmeseclassic.com

www.burmeseclassic.com



**၁၉၇၆- ခုနှစ်**

၁။ ပကိဏ်းပိုင်းလာ သင်္ဂဟ ၆- ပါးကို ရေတွက်ပြ၍ တိဟိတ်စိတ် ၄၇- ပါးကို ရေတွက်ပြပါ။

၂။ (က) လေးကိစ္စတပ်သော စိတ်နှင့် (ခ) ငါးဒွါရ၌ဖြစ်သော စိတ်တို့ကို ရေတွက်ပြပါ။

၃။ ဓမ္မာရုံ ၆-ပါးကို ရေတွက်ပြ၍၊ ဟဒယဝတ္ထုရုပ်ကို အမှီမှီသောစိတ်တို့ကို ရေတွက်ပြပါ။

**၁၉၇၇- ခုနှစ်**

၁။ ဝေဒနာ ဘယ်နှစ်မျိုးရှိပါသနည်း၊ မိမိခြေထောက်၌ ဆူးစူးခံရလျှင် မည်သည့် ဝေဒနာမျိုးဖြစ်ပါသနည်း။

၂။ လူတို့ ပဋိသန္ဓေနေသောအခါ- အိပ်ပျော်သောအခါ- သေသောအခါတို့၌ဖြစ်နိုင်သော စိတ်တို့ကို ရေတွက်ဖော်ပြပါ။

၃။ လောကုတ္တရာစိတ် ၈-ပါးကို ဝေဒနာ-ဟိတ်- ကိစ္စ- ဒွါရ- အာရုံ-ဝတ္ထုအားဖြင့် ဝေဖန်ပြပါ။

**၁၉၇၈- ခုနှစ်**

၁။ အောက်ပါစိတ်များကို ရေတွက်ပြပါ။

(က) မျက်စိ- နား-နှာ-လျှာ-ကိုယ်ဟူသော ဒွါရ ၅-ပါး၌သာဖြစ်သောစိတ်၊

(ခ) မနောဒွါရ၌သာဖြစ်သောစိတ်။

၂။ စိတ်-စေတသိက်များကို မှီ၍ဖြစ်ရသော လူကိုယ်ရှိ ဝတ္ထုရုပ် ၆-ပါးကို ရေတွက်ပြ၍၊ ဖောဋ္ဌဗ္ဗာရုံကို ကေန်အာရုံပြုနိုင်သည့်စိတ်များကို ရေတွက်ပြပါ။

၃။ ကျောင်းသားတစ်ယောက်သည် စာမေးပွဲ ဖြေရန် စာကျက်နေစဉ် အိပ်ပျော်သွားရာ အိပ်ပျော်နေစဉ် သူ၏ စိတ်သည် မည်သည့်ဒွါရ၌ဖြစ်ပြီး မည်သည့် အာရုံကို အာရုံပြုပါသနည်း။

**၁၉၇၉- ခုနှစ်**

၁။ သဟိတ်စိတ် မည်မျှရှိသည်ကို သင်္ချာမျှ ဖော်ပြ၍၊ ဧကဟိတ်-ဒွိဟိတ်စိတ်-တိဟိတ်စိတ်များကို ခွဲခြားပြပါ။

၂။ လူ၌ ဒွါရ ၆-ပါးရှိရာ တဒွါရစိ၌သာဖြစ်သော စိတ်တို့ကို ဖော်ပြ၍၊ စိတ်နှင့်ဒွါရတို့ကို အသီးသီးယှဉ်တွဲပြပါ။

၃။ အာရုံ ၆-ပါးတို့တွင် ဓမ္မာရုံဖြစ်ထိုက်သော တရားတို့ကို အဘိဓမ္မာသင်္ဂြိုဟ်လာအတိုင်းကောက်ပြခဲ့ပါ။

၄။ လူ၏ စိတ်ကို ဓာတ်အားဖြင့် ခွဲခြားရာ၌ ပဉ္စဝိညာဏဓာတ်-မနောဓာတ်- မနောဝိညာဏဓာတ်တို့သည် မည်သည့် ဝတ္ထုရုပ်တို့ကို မှီ၍ဖြစ်ကြောင်းအသီးသီးယှဉ်တွဲဖော်ပြခဲ့ပါ။

**၁၉၈၀- ခုနှစ်**

၁။ စိတ် ၈၉-ပါးတို့တွင် အရှိန်အဟုန်ပြင်းစွာ ဖြစ်ပေါ်တတ်သော ဇောစိတ်များ မည်မျှရှိပါသနည်း၊ ရေတွက်ပြပါ။

၂။ နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို မည်သည့်စိတ်မျိုးဖြင့် မုချသိမြင်နိုင်ပါသနည်း။

၃။ ဤမေးခွန်းလွှာကို ကြည့်မြင်စဉ် ခဏ၌ ဖြစ်ပေါ်သော ဝိညာဏဓာတ်နှင့် ၎င်း၏ မှီရာဝတ္ထုကို ဖော်ပြခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



**၁၉၈၁- ခုနှစ်**

၁။ အောက်ပါအခါတို့၌ မည်သည့် ဝေဒနာများဖြစ်ပါသနည်း။

(က) ထန်းလျက်ကို စားသောအခါ

(ခ) လက်ကို မီးလောင်သောအခါ

၂။ လူ၌ရှိသော ဒွါရ ၆-ပါးတို့ကို ရေတွက်ဖော်ပြ၍၊ စက္ခုဒွါရ၌ဖြစ်သော စိတ်များကို သချာမှုဖော်ပြခဲ့ပါ။

၃။လူ၌ရှိသော ဝိညာဏဓာတ် ၇-မျိုးတို့ကို ရေတွက်ဖော်ပြခဲ့ပါ။

**၁၉၈၂- ခုနှစ်**

၁။ ကေဟိတ်-ဒွိဟိတ်-တိဟိတ်ဆိုသောစကား၌ အသီးသီးပါဝင်နိုင်သောဟိတ်တရားများကို ဖော်ပြပါ။

၂။ လူ၏ ကိုယ်၌ရှိသော ဒွါရ ၆-ပါး၏ အမည်များကို ဖော်ပြ၍၊ ၎င်းဒွါရ ၆- ပါးလုံး၌မဖြစ်သော စိတ်များကို ဖော်ပြပါ။

၃။ အာရုံ ၆-ပါးရှိသည့်အနက် စက္ခုပသာဒသည် မည်သည့် အာရုံ၌ပါဝင်သည်ကို ဖော်ပြပါ။

၄။ စိတ်တိုင်းသည် နှလုံးသား ဟဒယဝတ္ထုရုပ်ကို မှီ၍ဖြစ်သလော၊ မှီ၍သာဖြစ်သောစိတ်၊ လုံးဝမှီ၍ မဖြစ်သောစိတ်တို့ကို ခွဲခြားဖော်ပြပါ။

**၁၉၈၃- ခုနှစ်**

၁။ အောက်ပါ အဘိဓမ္မာသိဖွယ်ရာတို့ကို ဖော်ပြပါ။

(က) ခံစားချက်ဝေဒနာ ၃- မျိုး

(ခ) အကုသိုလ်ဟိတ် ၃- မျိုး

(ဂ) အဗျာကတဟိတ် ၃- မျိုး

၂။ မနောဒွါရ၌ဖြစ်သော စိတ်များကို ရေတွက်ဖော်ပြပါ။

၃။ ဓမ္မာရုံဟူသည် မည်သည့်တရားမျိုးဖြစ်ပါသနည်း၊ ရုပ်သည် ဓမ္မာရုံဖြစ်နိုင်ပါသလော၊ ရှင်းလင်း ဖြေဆိုပါ။

**၁၉၈၄- ခုနှစ်**

၁။ "သောမနဿသဟဂုတ်- လက်ဘက်က သုံးလေးလုပ်- ကြက်သွန်ကြော်များများနှင့် ဗိုက်ကား အောင်တုတ်ပြီးလျှင်- ထိုသောစာချိုးအရ စိတ် ၈၉- ပါးတို့"တွင် သောမနဿ သဟဂုတ်စိတ်ပေါင်း မည်မျှရှိသည်ကို ရေတွက်ပြပါ။

၂။ လျင်မြန်စွာ ပြေးသော ယောက်ျားကဲ့သို့ အရှိန်အဟုန်လျင်စွာဖြစ်သော ဇောစိတ်၊ မည်မျှရှိသည်ကို ဖော်ပြပြီးလျှင် ကုသိုလ်-အကုသိုလ်-ကြိယာအားဖြင့်လည်း ခွဲခြားဖော်ပြပါ။

၃။ စက္ခုစသော ဒွါရ ၆-ပါးတို့၌ မဖြစ်သော စိတ်များကို ရေတွက်ဖော်ပြပါ။

၄။ အဆင်း-အသံ-အနံ့-အရသာ-အတွေ့ဟူသော အာရုံ ၅-ပါးလုံးကို အာရုံပြုနိုင်သော စိတ်များကို မှန်ကန်စွာ ဖော်ပြပါ။

**၁၉၈၅- ခုနှစ်**

၁။ လူ့ဘဝ၌ လူသားတစ်ဦးအနေဖြင့် ပဋိသန္ဓေကိစ္စတပ်၍ဖြစ်နိုင်သော စိတ်တို့ကို ရနိုင်သမျှ ရေတွက်ဖော်ပြခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



၂။ လူသားတစ်ဦးအတွက် တနေ့တာအတွင်း ခံစားရနိုင်သမျှသော ဝေဒနာတို့ကို ကုန်စင်အောင် ဖော်ပြပါ။

၃။ အလှူမင်္ဂလာပွဲတစ်ခုသို့သွားရန် အဝတ်အစားသစ်များကို ဝတ်ဆင်လိုက်ရာ၌ မိမိကိုယ်တွင် ထိတွေ့ခံစားမှုအရ ဖြစ်ပေါ်နိုင်သော စိတ်တို့ကို ရေတွက်ဖော်ပြခဲ့ပါ။

၄။ မနောဒွါရ၌ဖြစ်နိုင်သမျှသော စိတ်တို့ကို အဘိဓမ္မတ္ထသင်္ဂြိုဟ်နည်းအရ ပြည့်စုံစွာ ရေတွက်ဖော်ပြခဲ့ပါ။

**၁၉၈၆– ခုနှစ်**

၁။ အသံကွဲသီချင်းသံကို ကြားသောအခါ ဖြစ်ပေါ်လာသော ကြားသိစိတ် (သောတဝိညာဏ်)၏ အာရုံခံစားမှုဝေဒနာကို ဖြေဆိုပြီးလျှင် ဌာနငါးခုတွင် ပါဝင်၍ ကိစ္စငါးမျိုးကို ထမ်းဆောင်နိုင်သော စိတ်သရုပ်ကိုလည်း ထုတ်ပြပါ။

၂။ ဓမ္မာရုံတွင် ပါဝင်သော တရားဓမ္မတို့ကို ထုတ်ပြပြီးလျှင် အာရုံ (၆) ပါးမှ တစ်ပါးအခြား "ဆဋ္ဌမအာရုံ" ဟူ၍ ရှိနိုင် မရှိနိုင် ဆုံးဖြတ်ပါ။

၃။ ဟဒယဝတ္ထုရုပ်ကို မှီသော စိတ်များကို ကုန်စင်အောင် ရေတွက်ပြပါ။

**၁၉၈၇– ခုနှစ်**

၁။ သန့်စင်ပန်းအလှကို မြင်ရသောအခါ ဖြစ်ပေါ်လာသော မြင်သိစိတ် (စက္ခုဝိညာဏ်)၏ အာရုံခံစားမှု ဝေဒနာကို ဖော်ပြပြီးလျှင် ကုသိုလ် ဒွိဟိတ်စိတ်သရုပ်ကိုလည်း ထုတ်ပြပါ။

၂။ မနောဒွါရာဝဇ္ဇန်းစိတ်၏ ကိစ္စများကို ဖော်ပြပြီးလျှင် ယင်းစိတ်သည် အဘယ်ကိစ္စဖြင့် အဘယ်ဒွါရ၌ ဖြစ်ပါသနည်း၊ အသီးသီးဖြေဆိုပါ။

၃။ အာရုံငါးပါးနှင့် ဝိညာဏ်ငါးမျိုးတို့ကို ယှဉ်တွဲဖော်ပြပြီးလျှင် အာရုံငါးပါးမှ လွတ်သော အခြား အာရုံရှိ– မရှိကိုလည်း ဖြေဆိုပါ။

**၁၉၈၈– ခုနှစ်**

၁။ အဟိတ်စိတ် ၁၈– ပါးတို့တွင် ဟိတ်တစ်ပါးသာရှိသော (ဧကဟိတ်) စိတ်ကို ဖော်ပြပါ။

၂။ ကြည့်သောသူမြင်၏ဟုဆိုရာဝယ် မြင်မှုကိစ္စကို အဘယ်စိတ်က ဆောင်ရွက်ပေးပါသနည်း၊ ဖြေဆို၍ ယင်းစိတ်၏ အာရုံကိုလည်း သိသာရုံဖော်ပြခဲ့ပါ။

၃။ အဘယ်ဓာတ်ကို မနောဓာတ်ဟုခေါ်ပါသနည်း။ ဖော်ပြ၍ ယင်းမနောဓာတ်၏ မှီရာဝတ္ထုကိုလည်း ဖြေဆိုပါ။

**၁၉၈၉– ခုနှစ်**

၁။ အကြောင်းတရားဖြစ်သော ဟိတ်ခြောက်ပါးသရုပ်ကို ဖော်ပြ၍ ယင်းဟိတ်ခြောက်ပါးကို ကုသိုလ်၊ အကုသိုလ်၊ အဗျာကတဟိတ်အားဖြင့် ဝေဖန်ပြပါ။

၂။ လူတို့၌ ချမ်းသာမှု (သုခ)၊ ဆင်းရဲမှု (ဒုက္ခ) ဝေဒနာတို့ကို ခံစားရသည့်အခါ ယင်းဝေဒနာတို့နှင့်တကွ ဖြစ်သော စိတ်တို့ကို ခွဲခြားရေးပြပါ။

၃။ သင်၏ ခန္ဓာကိုယ်၌ရှိသော ဒွါရခြောက်ခုတို့တွင် "မနောဒွါရ" ဟူသည် အဘယ်အရာကို ခေါ်ဆိုပါသနည်း။ ဖော်ပြ၍ ယင်းမနောဒွါရ၌ ဖြစ်သော စိတ်တို့ကိုလည်း အကျဉ်းသချုပ်

www.burmeseclassic.com

www.burmeseclassic.com



သရုပ်မျှရေးပြပါ။

၄။ ကာမဘုံသား လူသားတိုင်း၌ ရရှိသော ဝတ္ထုရုပ်များကို ရေတွက်ပြ၍ အရူပ ဗြဟ္မာများ၌ မည်သည့် ဝတ္ထုရုပ်များရှိသည်၊ မရှိသည်ကိုလည်း ရှင်းလင်းရေးသားခဲ့ပါ။

**၁၉၉၀- ခုနှစ်**

၁။ ဝေဒနာ (၃) ပါး၊ ဝေဒနာ (၅) ပါးဟု ပြောဆိုကြရာ၌ (၃) ပါး၊ (၅) ပါးတို့၏ သရုပ်ကိုထုတ်ပြ၍ သုခဝေဒနာနှင့်တကွ ဖြစ်သော စိတ်ကိုလည်း ညွှန်ကြားပြပါ။

၂။ ကိစ္စ (၁၄) ပါးကို မမှားအောင်ရေတွက်ပြပါ။

၃။ စိတ် (၈၉) ပါးအနက် အခါခပ်သိမ်း ဒွါရခြောက်ပါးမှ လွတ်သော စိတ်များကို ညွှန်ကြားပြပါ။

၄။ စိတ် (၈၉) ပါးအနက် လောကုတ္တရာ အာရုံမှ တစ်ပါး ကျန်အာရုံများကို အာရုံပြုနိုင်သော စိတ်များကို သိသာရုံမျှဖော်ပြပါ။

**၁၉၉၁- ခုနှစ်**

၁။ ပကိဏ်းပိုင်းလာ ဟိတ်ခြောက်ပါးသရုပ်ကို ထုတ်ပြ၍ စိတ် (၈၉) ပါးကို ဧကဟိတ်၊ ဒွိဟိတ်၊ တိဟိတ်စိတ်တို့ဖြင့် အကျဉ်းသချှာမျှဝေဖန်ခဲ့ပါ။

၂။ ဌာနဆယ်ပါးကို မှန်ကန်အောင် ဖြေဆို၍ သုံးကိစ္စ၊ သုံးဌာနတပ်သော စိတ်များကိုလည်း အကျဉ်းချုပ်ဖော်ပြခဲ့ပါ။

၃။ လောကတွင် "မနောဓာတ်"ဖြင့် အတတ်ပဟာသည်ဆိုရာ၌ အဘယ်အရာကို မနောဓာတ်ခေါ်ဆိုပါသနည်း။ ဖြေဆို၍ ယင်းမနောဓာတ်၏ တည်ရာမှီရာဒွါရ၊ အာရုံ၊ ဝတ္ထုတို့ကိုလည်း ညွှန်ပြရေးသားခဲ့ပါ။

**၁၉၉၂- ခုနှစ်**

၁။ စိတ်၊ စေတသိက်တို့သည် စာဖြေသူတို့၏ ခန္ဓာအိမ်သို့ မည်သည့်တံခါးပေါက်များမှ ဝင်ရောက်လာကြပါသနည်း။ ဝင်ရောက်လာသည့် တံခါးပေါက်၏ အမည်များကို ဖော်ပြ၍ ယင်းတံခါးပေါက်များမှ ဝင်ရောက်မလာနိုင်သည့် စိတ်တို့ကိုလည်း ညွှန်ပြပါ။

၂။ "ဈာန်အဘိညာဉ်" ဟူသော စကားဝယ် "အဘိညာဉ်" ၏ ပရမတ္ထတရားကိုယ်ကို ဖော်ပြ၍ ယင်းအဘိညာဉ် ထူးထူးခြားခြားအာရုံပြုသိရှိနိုင်သည့် အရာများကိုလည်း ဖြေဆိုပါ။

၃။ ဗုဒ္ဓဘာသာဝင်ဖြစ်သူတိုင်း "နိဗ္ဗာန်ကို အာရုံပြု၍ လှူဒါန်းသည်" ဆိုရာ၌ နိဗ္ဗာန်ကို ကေန်အာရုံပြုနိုင်သော စိတ်သရုပ်ကို ထုတ်ပြ၍ လောကီအာရုံများနှင့် ပျော်မွေ့လျက်ရှိသော စိတ်တို့ကိုလည်း ရေတွက်ပြပါ။

၄။ စိတ်၊ စေတသိက်တို့၏ တည်ရာမှီရာ ဝတ္ထု (၆) ပါးကို ရေတွက်ပြ၍ ယင်းဝတ္ထုရုပ်များကို လုံးဝမရှိဘဲဖြစ်သော စိတ်တို့ကိုလည်း ဖြေဆိုပါ။

**၁၉၉၃- ခုနှစ်**

၁။ "ကိစ္စများမြောင် ဤလူ့ဘောင်ဝယ်" ဟူသည်နှင့်အညီ လူသားတစ်ယောက်အတွက် မွေးသည်မှ သေသည်အထိ မလွှဲမဖယ်ပြုဖွယ်ကိစ္စများကိုထုတ်ဆောင်ပြ၍ ယင်းကိစ္စတို့၏ ဖြစ်ရာဌာနများကိုလည်း ညွှန်ပြခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



၂။ ဒွါရခြောက်ပါးတို့တွင် အဘယ်စိတ်ကို မနောဒွါရခေါ်ဆိုပါသနည်း။ ဖော်ပြ၍ ဒွါရအားလုံး၌ ဖြစ်သော စိတ်နှင့် ဒွါရအားလုံးမှ လွတ်သောစိတ်တို့ကိုလည်း ကွဲပြားအောင်ဖြေဆိုခဲ့ပါ။

၃။ ဓမ္မာရမ္မဏဟူသည် အဘယ်တရားများကို ခေါ်ဆိုပါသနည်း၊ ယင်းသရုပ်ကို ထုတ်ပြ၍၊ အာရုံ တိုင်း အာရုံပြုနိုင်သော စိတ်တို့ကိုလည်းမှန်ကန်အောင်ဖြေဆိုခဲ့ပါ။

**၁၉၉၄– ခုနှစ်**

၁။ "ခလုတ်ထိမှ အမိတ" ဟု ပြောဆိုလေ့ရှိကြရာ ခလုတ်ထိစဉ် နာကျင်မှုဝေဒနာနှင့်တကွဖြစ်သော စိတ်ကို ညွှန်ပြ၍ ဟိတ် (၂) ပါးနှင့် ယှဉ်သော စိတ်တို့ကိုလည်း ယှဉ်ရာဟိတ်နှင့်ယှဉ်တွဲ ဖော်ပြပါ။

၂။ လူမှာ လူ့ကိစ္စရှိသကဲ့သို့ စိတ်မှာလည်း လုပ်ငန်းကိစ္စရှိရာ၊လုပ်ငန်းကိစ္စအများဆုံးသော စိတ်တို့ကို ဆိုင်ရာကိစ္စနှင့်တကွ ဖော်ပြ၍ ဒွါရ (၅) ပါး၌ ဖြစ်သော စိတ်တို့ကိုလည်း ညွှန်ပြပါ။

၃။ ကာမဂုဏ်အာရုံများ၌သာ မွေ့လျော်ပျော်ပိုက်သော စိတ်သရုပ်ကို ဖော်ထုတ်ပြီးလျှင် ရူပဘုံ၌ ရရှိနိုင်သော ဝတ္ထုသရုပ်နှင့် ဝိညာဏစိတ်တို့ကိုလည်း အကျဉ်းချုပ်တင်ပြပါ။

**၁၉၉၅– ခုနှစ်**

၁။ "သိပ်ဘဝင်မကျဘူး" ဟူသော လူသုံးများလှသည့် စကား၌ "ဘဝင်" အရကို ဖော်ပြ၍ စက္ခုဒွါရ၌ဖြစ်သော စိတ်တို့ကိုလည်း ရေတွက်ပြပါ။

၂။ ရုပ်မြင်သံကြား ကြည့်ရှုနေစဉ် ခဏ၌ အရုပ်ကို မြင်ရသောအခါ, အသံကိုကြားရသောအခါ တို့ဝယ်ဖြစ်သောစိတ်များကို ဖော်ပြ၍၊ ဉာဏဝိပ္ပယုတ်စိတ်လေးပါးတို့၏ အာရုံများကိုလည်း ညွှန်ပြပါ။

၃။ "သွားလဲစိတ်၊ စားလဲဒီစိတ်" ဟု ဆိုရာ၌ စိတ်ဟူသော ဝိညာဏ်သည် မည်သည့်အရာ၌တည်ရှိ သည်ကို မှန်ကန်စွာ ညွှန်ပြ၍၊ ပသာဒဝတ္ထုရုပ်ငါးပါးကို မှီသောစိတ်သရုပ်ကိုလည်း ဖော်ပြပါ။

**၁၉၉၆ ခုနှစ် (ပထမဆင့်မေးခွန်းများ)**

၁။ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းဖောက်တံတားဆောက်ရာ၌ တစ်ဦးတစ်ယောက်မျှ မတိုက်တွန်းရဘဲ ပျော်ပျော်ရွှင်ရွှင် အသိဉာဏ်ယှဉ်ကာ ပါဝင်ဆောင်ရွက်နေသူ၏ သန္တာန်၌ ဖြစ်နိုင်သော စိတ်ကို ဖော်ပြ၍၊ "တမလွန်ဘဝဆိုတာရှိမှရှိပါလေစ" ဟု ယုံမှားတွေးတောနေသူ၌ ဖြစ်သောစိတ်ကိုလည်း ဖော်ပြပါ။

၂။ လှပသော ပန်းတစ်ပွင့်ကို မြင်တွေ့ရာခဏ၌ ဖြစ်သောစိတ်ကိုဖော်ပြ၍၊ ကာမာဝစရသောဘနစိတ် (၂၄) ပါးတို့တွင် အကြောင်း, အကျိုးမှ လွတ်သောစိတ်ကို ဝေဒနာဘေဒ, ဉာဏဘေဒ, သင်္ခါရဘေဒအားဖြင့် ခွဲခြားပြပါ။

၃။ စိတ်အကျဉ်း (၈၉) ပါးတို့တွင် "လောကမှ ထွက်မြောက်သောစိတ်" ဟူသည် မည်သည့်စိတ် ဖြစ်ပါသနည်း? တစ်ခုချင်းရေတွက်ပြ၍၊ ယင်းစိတ်ကို အကြောင်း, အကျိုးအားဖြင့် မမှားအောင် ခွဲခြားပြပါ။

www.burmeseclassic.com

www.burmeseclassic.com



၄။ "နေရာတိုင်းမှာ သူ့မျက်နှာ" ဟု ပြောရလောက်အောင် စိတ်တိုင်းစိတ်တိုင်းနှင့်ယှဉ်တွဲ၍ ဖြစ်နိုင်သော စေတသိက်တို့တွင် နောက်ဆုံးသုံးခု၏ ပရမတ္ထသဘာဝတို့ကို ဖြေဆို၍၊ "စဉ်းစားပြီးမှ ဆုံးဖြတ်ပါ" ဟူသော စကား၌ ပါဝင်သော စေတသိက်တို့၏ အမည်နာမတို့ကို လည်း ဖော်ပြပါ။

၅။ ဆယ့်သိန်းထီပေါက်သူတစ်ယောက်အား "ကြက်ကန်း ဆန်အိုးတိုးတာပါကွာ" ဟု မနာလိုသော စိတ်ထားဖြင့် ပြောဆိုသူ၏ သန္တာန်၌ဖြစ်သော စေတသိက်တို့ကို တိကျစွာဖော်ပြ၍၊ ယင်း စေတသိက်နှင့် ယှဉ်တွဲ၍ ဖြစ်နိုင်သော စိတ်တို့ကိုလည်း ရေတွက်ပြပါ။

၆။ "စိတ်မှန်သမျှ ကြံစည်မှုနှင့် မကင်းကြ" ဟု ပြောဆိုနေကြသော အဘိဓမ္မာအသိမဲ့ကြား အချို့ သော သူများ၏ စကားကို ချေပသောအားဖြင့် ကြံစည်မှုနှင့်ကင်း၍ ဖြစ်နိုင်သောစိတ်တို့ကို ဖော်ပြပြီးလျှင်၊ မတင့်တယ်သောစိတ်ဖြစ်သော်လည်း နိဗ္ဗာန်ကို အာရုံပြုနိုင်သောစိတ်ကို ဖြေဆိုပါ။

၇။ ရုပ်မြင်သံကြား ဂြိုဟ်တုသတင်း၌ ငတ်မွတ်ခေါင်းပါးဒုက္ခသည်များကို တွေ့မြင်ရ၍ ဖြစ်သော သနားကြင်နာမှုသည် ကုသိုလ်ရ, မရ ရှင်းပြ၍၊ ကိုယ်ပိုင်လုံ့လမရှိသောစိတ်တို့ကိုလည်း ထုတ်ဖော်ရေးသားပြပါ။

၈။ အလုပ်ကိစ္စအများဆုံး တာဝန်ယူဆောင်ရွက်နေသော စိတ်တို့ကို တစ်ခုချင်းဖော်ပြ၍၊ စာဖြေသူတို့ ပိုင်ဆိုင်ထားသော ခန္ဓာအိမ်ဝယ် တည်ရှိသည့် တံခါးခြောက်ပေါက်၌ အစဉ်ထာဝရ ဝင်ထွက် သွားလာနိုင်သော စိတ်တို့ကိုလည်း ရေတွက်ဖော်ပြပါ။

၉။ ဤမေးခွန်းလွှာကို ကြည့်ရှုနေစဉ်ခဏဝယ် ဖြစ်ပေါ်လာသော ဝိညာဏစိတ်ကို မှီရာဝတ္ထုနှင့်ယှဉ်တွဲ ဖော်ပြပြီးလျှင်၊ နှလုံးသား (ဟဒယဝတ္ထု) ကို လုံးဝမမှီခိုသော စိတ်တို့ကိုလည်း ပြည့်စုံစွာ ရေးသားပါ။

၁၀။ "အာရုံ သိပ်များနေတယ်" ဟူသော လူသုံးများလှသည့် စကား၌ အာရုံတို့၏ သရုပ်ကို ထုတ်ပြ၍၊ သောမနဿသန္တီရဏစိတ်၏ ဆောင်ရွက်သည့် ကိစ္စ, မွေ့လျော်ရာအာရုံတို့ကိုလည်း တိကျစွာ ဖြေဆိုပါ။

www.burmeseclassic.com

www.burmeseclassic.com



## ၁၉၉၆- ခုနှစ်

၁။ အလုပ်ကိစ္စအများဆုံး တာဝန်ယူဆောင်ရွက်နေသော စိတ်တို့ကို တစ်ခုချင်းဖော်ပြ၍၊ စာဖြေသူတို့ ပိုင်ဆိုင်ထားသော ခန္ဓာအိမ်ဝယ်တည်ရှိသည့် တံခါးခြောက်ပေါက်၌ အစဉ်ထာဝရ ဝင်ထွက်သွားလာနိုင်သော စိတ်တို့ကိုလည်း ရေတွက်ဖော်ပြပါ။

၂။ ဤမေးခွန်းလွှာကို ကြည့်ရှုနေစဉ်ခဏဝယ် ဖြစ်ပေါ်လာသော ဝိညာဏဓာတ်ကို မှီရာဝတ္ထုနှင့်ယှဉ်တွဲဖော်ပြပြီးလျှင်၊ နှလုံးသား(ဟဒယဝတ္ထု)ကို လုံးဝမမှီခိုသော စိတ်တို့ကိုလည်း ပြည့်စုံစွာရေးသားပါ။

၃။ "အာရုံတွေ သိပ်များနေတယ်"ဟူသော လူသုံးများလှသည့်စကား၌ အာရုံတို့၏သရုပ်ကို ထုတ်ပြ၍၊ သောမနဿသန္တီရဏစိတ်၏ ဆောင်ရွက်သည့်ကိစ္စ, မွေ့လျော်ရာအာရုံတို့ကိုလည်း တိကျစွာ ဖြေဆိုပါ။

## ၁၉၉၇- ခုနှစ်

၁။ ဝေဒနာတို့သည် အာရမ္မဏာနုဘဝနနည်းအားဖြင့် သုံးပါးပြားရာ ယင်းနည်းဖြင့် စိတ်အကျယ်(၁၂၁)ပါးကို ဝေဖန်ပြ၍၊ ဟိတ်သုံးပါးနှင့်ယှဉ်သော စိတ်တို့ကိုလည်း ယှဉ်ရာဟိတ်နှင့်တကွဖော်ပြပါ။

၂။ စိတ်တို့၏လုပ်ငန်းကိစ္စ များစွာရှိရာတွင် နှစ်ကိစ္စကိုသာ ဆောင်ရွက်သောစိတ်တို့ကို ဆိုင်ရာကိစ္စနှင့် တွဲစပ်ဖော်ပြ၍၊ ဒွါရခြောက်ပါး၌ ရုံခါဖြစ်၍, ရုံခါမဖြစ်သောစိတ်များကိုလည်းညွှန်ပြပါ။

၃။ အကောင်းအဆိုး အာရုံမျိုးစုံကို တွေ့မရှောင်ဘဲ အာရုံပြုနိုင်သောစိတ်များကို ထုတ်ဖော်ပြ၍၊ "မနောဓာတ်"အမည်တပ်ရသော စိတ်တို့ကိုလည်း မှီရာဝတ္ထုနှင့်တကွ ဖော်ပြပါ။

## ၁၉၉၈- ခုနှစ်

၁။ ဝေဒနာအပြားကို ဣန္ဒြိယဘေဒနည်းအားဖြင့် ဖော်ပြ၍၊ (က) စိတ်အကျယ် ၁၂၁-ပါးတို့တွင် သောမနဿသဟဂုတ်စိတ်ကို ဘူမိဘေဒနည်းအားဖြင့် ခွဲခြားရေတွက်ပြပြီးလျှင်၊ (ခ) ဒွိဟိတ်စိတ်များကိုလည်း ယှဉ်ရာဟိတ်နှင့် တွဲစပ်ဖော်ပြပါ။

၂။ ကိစ္စ(၁၄)ပါးရှိပါလျက် ကိစ္စဖြစ်ရာဌာနမှာ အဘယ့်ကြောင့် (၁၀)ပါးသာ ဖြစ်ရပါသနည်းဖြေဆို၍၊ အလုပ်ကိစ္စအနည်းဆုံးဖြစ်သော စိတ်များကိုလည်း ဆိုင်ရာကိစ္စနှင့် အသီးသီးတွဲစပ်ဖော်ပြပါ။

၃။ လောက၌ ရှိသမျှဉသုံ အလုံးစုံသော အာရုံတို့တွင် အကျယ်ဝန်းဆုံးဖြစ်သော အာရုံကိုသရုပ်နှင့်တကွ ဖော်ပြ၍၊ ယင်းအာရုံကို ယူနိုင်သောစိတ်များကို ဖြစ်ရာဒွါရ,မှီရာဝတ္ထုတို့နှင့်တွဲစပ်ဖြေဆိုပါ။

## ၁၉၉၉- ခုနှစ်

၁။ စိတ်၏ ဆောင်ရွက်ဖွယ်ကိစ္စ(၁၄)ပါးရှိရာဝယ် ကိစ္စအများကို မဆောင်ရွက်ဘဲ တစ်ကိစ္စထဲကိုသာ ဆောင်ရွက်သည့်စိတ်တို့ကို ရေတွက်ပြ၍၊ ဟိတ်ခြောက်ပါးတို့တွင် ကုသိုလ်ဟိတ်သုံးပါးကိုလည်း ဖော်ပြပါ။

www.burmeseclassic.com

www.burmeseclassic.com



၂။ စာဖြေသူများ ပိုင်ဆိုင်ထားသည့် ဒွါရခြောက်ပါး၌ လုံးဝဝင်ထွက်သွားလာခွင့်မရသော စိတ်တို့ကို ရေးသား၍၊ ဟသိတုပ္ပါဒ်စိတ်၏ ဆောင်ရွက်သည့်ကိစ္စ, ပျော်မွေ့သည့်အာရုံတို့ကိုလည်း ဖြေဆိုပါ။

၃။ ရုပ်မြင်သံကြားကို ကြည့်ရှုနေစဉ်ခဏ၌ ဖြစ်ပေါ်နေသော မြင်သိစိတ်, ကြားသိစိတ်တို့၏ မှီရာဝတ္ထုတို့ကို ဖော်ပြ၍၊ ဝတ္ထုရုပ်ခြောက်ပါးကိုလည်း ကာမဘုံ, ရူပဘုံ, အရူပဘုံအားဖြင့် ဝေဖန်ပြပါ။

BURMESE CLASSIC .com

## ၂၀၀၀- ပြည့်နှစ်

၁။ ဓမ္မကထိကဆရာတော်များ တရားဟောကြားခြင်းသည် "သမ္မာဝါစာ" ဖြစ်/မဖြစ် သမ္မာဝါစာ၏ လက္ခဏာကိုရှုကာ စိစစ်ဆုံးဖြတ်၍၊ ဝေဒနာတို့သည် ဣန္ဒြိယဘေဒနည်းအရ ငါးမျိုးကွဲပြားရာ ယင်းငါးမျိုးတို့၏ အမည်တို့ကိုလည်း ဖော်ပြပါ။

၂။ မနောဒွါရာဝဇ္ဇန်းကို "ဝုဋ္ဌော"ဟု ခေါ်ဆိုနိုင်သည့်အခါကို ဖြေဆို၍၊ စက္ခုဒွါရ၌ဖြစ်သောစိတ် (၄၆)ပါးကိုလည်း မမှားအောင် ရေတွက်ဖော်ပြပါ။

၃။ စာဖြေသူများပိုင်ဆိုင်ထားသော ခန္ဓာအိမ်ဝယ် တည်ရှိနေသော ဒွါရခြောက်ပါး၌ အစဉ်ထာဝရ ဝင်ထွက်ခွင့်ရသော စိတ်တို့ကို ဖော်ပြ၍၊ အာရုံခြောက်ပါးတို့တွင် အကျယ်ဝန်းဆုံးဖြစ်သော "ဓမ္မာရုံ"သရုပ်ကိုလည်း ထုတ်ဖော်တင်ပြပါ။

၄။ ဗုဒ္ဓဘာသာဝင်သူတော်စင်များသည် "နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလို၏"ဟု ဆုတောင်းတတ်ကြရာ နိဗ္ဗာန်ကို မျက်မှောက်(ဧကန်အာရုံ)ပြုနိုင်သည့်စိတ်ကို တိကျစွာဖြေဆို၍၊ အသညသတ်ကြဉ်သော ရူပ(၁၅)ဘုံ၌ ရနိုင်သည့် ဝတ္ထုရုပ်နှင့် ဝိညာဏဓာတ်တို့ကိုလည်း ဖြေဆိုပါ။

## ၂၀၀၁- ခုနှစ်

၁။ ဒုစရိုက်လုပ်ငန်း လုပ်ဆောင်ရန် အခြေခံ အမြစ်ရင်းသဖွယ်ဖြစ်သော အကုသိုလ်ဟိတ်တို့ကို ဖြေဆို၍ ဒွိဟိတ်စိတ်(၂၂)ပါးကိုလည်း ရေတွက်ပြပါ။

၂။ လူ့ခန္ဓာအိမ်ရှိ တံခါးခြောက်ပေါက်ကို အစဉ်တကျ ရေတွက်ပြ၍ ယင်းတံခါးခြောက်ပေါက်ဝယ် လုံးဝ ဝင်ထွက်ခွင့်မရသောစိတ်ကိုလည်း ဖော်ပြပါ။

၃။ ရုပ်မြင်သံကြားကို ကြည့်ရှု,နားထောင်နေစဉ်ခဏ၌ ဖြစ်ပေါ်နေသော ဝိညာဏဓာတ်နှစ်ပါးကို မှီရာဝတ္ထုနှင့်တကွ တွဲစပ်ဖော်ပြ၍ ဟဒယဝတ္ထုရုပ်ကို အမြဲမှီသောစိတ်များကိုလည်း ဖော်ပြပါ။

www.burmeseclassic.com

www.burmeseclassic.com



## ကျမ်းကိုးစာရင်း

၁။ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၏ အခြေပြုသဂြိုဟ် (ပြဋ္ဌာန်းစာအုပ်)။

၂။ ဆရာတော်အရှင်ဇနကာဘိဝံသ၏ သဂြိုဟ်ဘာသာဋီကာနှင့် ဝီထိနှင့်သုံးချက်စု။

၃။ လယ်တီဆရာတော်ဘုရားကြီး၏ ပရမတ္ထသံခိပ်။

၄။ တိပိဋက မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရမတ္ထသံခိပ် အဖြေစကားပြေကျမ်း။

၅။ သာသနာရေးဦးစီးဌာနကျမ်းပြုဌာန၏ ဗုဒ္ဓဓမ္မာ စေတသိက်များအဖွင့် အတွဲ–၁/အတွဲ–၃။

၆။ ဆရာကြီး ဦးကျော်ထွန်း၏ မဉ္ဇူသကပဋိစ္စသမုပ္ပါဒ်၊ မဉ္ဇူသကပဋ္ဌာန်း။

၇။ ပါဠိဆရာကြီး ဦးဆိုင်ရေးသားစီရင်တော်မူအပ်သော အဘိဓမ္မာဂူဠတ္ထဒီပနီကျမ်း။

၈။ လယ်တီပဏ္ဍိတ– ဆရာဦးမောင်ကြီး (M.A)ဖွင့်ဆိုရေးသားအပ်သော ပရမတ္ထသံခိပ်ဋီကာ။

၉။ ဆရာကြီးဦးထွန်းတင်(သထုံ)၏ အခြေပြုအဘိဓမ္မတ္ထသင်္ဂဟကျမ်း၊ သင်္ကေတအတိုမှတ်နည်း၊ သက်ကြီးသင်တန်း– ပထမတွဲ၊ ဒုတိယတွဲ၊ စတုတ္ထတွဲ။

၁၀။ **A MANUAL OF ABHIDHAMMA**
**by**
**NARADA THERA (COLOMBO)**
**Second Printing, May, 1992.**

---

**ဆုထူးပန် – ဆရာတန်၏**
**ဆုထူးပန်အဘိဓမ္မာ ဒုတိယတွဲနှင့် တတိယတွဲများ ဆက်လက်ထွက်ပါမည်။**

ဤဆုထူးပန် အဘိဓမ္မာကို လေ့လာပြီးလျှင်–
အမြိုက်ကျောင်းသင်္ချိုင်းဆရာတော် "အရှင်အာစိဏ္ဏ၏ မဇ္ဈိမ ပဋိပဒါအမြိုက်ကျင့်ထုံး ဝိပဿနာကျမ်း" ကို ဖတ်ရှုခြင်းဖြင့် ပရိယတ်မှ ပဋိပတ်သို့ တက်လှမ်းအားထုတ်နိုင်ပါသည်။

**အဘိဓမ္မာသင်ကြားလိုသူများ**
ဆုထူးပန်အဘိဓမ္မာထွန်းကားပြန့်ပွားရေးအသင်း စာသင်ခန်းမ
(၁) မြတ္တဝိဟာရဓမ္မာရုံ၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း။
ဖုန်း – ၅၄၆၁၀၈
(၂) မဟာသန္တိသုခကျောင်းတော်၊ (နတ်ချောင်း)ရပ်ကွက်၊ တာမွေ။
ဖုန်း – ၅၄၄၉၃၈၊ ၅၄၄၆၆၅
**တရားစခန်းဝင်လိုသူများ**
ဆုထူးပန်တရားရိပ်သာ၊ ရွှေနံ့သာရပ်ကွက်၊ ပုလဲ၊ မင်္ဂလာဒုံ။
ဖုန်း – ၆၃၈၃၉၉
(မှတ်ချက် ။ ။ တစ်နှစ်လျှင် တရားစခန်း (၄)ကြိမ်ရှိပါသည်။)

www.burmeseclassic.com

www.burmeseclassic.com

ဆုထူးပန် ဆရာဟန်၏ ဤ "ဆုထူးပန်အဘိဓမ္မာကျမ်း" စာအုပ် ဖြစ်မြောက်ရေးအတွက် (အခြေခံဖြစ်သော) ကွန်ပျူတာစာစီမှုအစုစု ကုန်ကျစရိတ်ကို ဆုထူးပန်အဘိဓမ္မာ အကျိုးဆောင်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးအုန်းခင် (ငြိမ်း) နှင့် ဒေါ်သန်းရီ (ကစလ) မိသားစုတို့မှ စေတနာသဒ္ဓါပြည့်ဝစွာဖြင့် ကုသိုလ်ပြုလှူဒါန်းပါသည်။

ဤကုသိုလ်အမှု နတ်လူသာဓုခေါ်စေသော်(ဝ်)

www.burmeseclassic.com

www.burmeseclassic.com



## ဆုထူးပန်– အဘိဓမ္မာမြင်ကွင်း

* အဘိဓမ္မာကိုမှ အထိုက်အလျောက် နားမလည်လျှင် ကံကောင်းချင်ပါလျက်၊ ကံကောင်းအောင် လုပ်နည်းကိုပင် သိနိုင်မည်မဟုတ်။

တိပိဋကဓရ အရှင်သိရိန္ဒာဘိဝံသ (ယော)

* အချောင်ကြီးပွားရေးအတွက် တန်ခိုးရှင်၊ ကယ်တင်ရှင်များနောက်သို့ တကောက်ကောက်လိုက်လို့၊ ငွေကုန်၊ လူပမ်း၊ အယူမမှားကြဘို့၊ ဆုထူးပန် အဘိဓမ္မာသင်တန်းကို ဖွင့်ထားတယ်။ အဘိဓမ္မာ ပညာအခံရှိမှ အခက်အခဲတိုင်းကို ရှင်းတတ်တယ်။

ဆုထူးပန်–ဆရာတော်

* ဆရာဟန်အသုံးပြုသော သင်နည်းမှာ ဆရာအတတ်သင်ကြားသော နည်းစနစ်ဖြစ်ပေသည်။ အဘိဓမ္မာအချက်အလက်များကို သင်္ကေတများ၊ စာရင်းဇယားများဖြင့်မွမ်းမံ၍ အဓိပ္ပာယ်တို့ကို လိုရင်းတိုရှင်းနည်းဖြင့် ရှင်းလင်းသင်ပြနည်းဖြစ်သောကြောင့် ခေတ်မီသည်ဟု ခေါ်ရမည်ကဲ့သို့ဖြစ်ပါသည်။ ခေတ်စကားဖြင့် ဆိုခွင့်ရပါမူ "သိပ္ပံနည်း" ဟုခေါ်ရမည်ကဲ့သို့ပင်။

စာရေးဆရာကြီး–ဦးတက်တိုး

* အဘိဓမ္မာပညာအခံရှိမှ ဘဝတိုးတက်ရေးနှင့် လွတ်မြောက်ရေးအတွက် ကုသိုလ်ပြုတတ်မည်။ ဤသို့ မဟုတ်လျှင် အကန်းလမ်းလျှောက်ရောက်ချင်ရာရောက်မည်။

ဗိုလ်မှူးကြီးအုန်းခင် (အငြိမ်းစား) ဆုထူးပန်အဘိဓမ္မာ
အကျိုးဆောင် (ဥက္ကဋ္ဌ)

* ဆုထူးပန်အဘိဓမ္မာ၏ ကျေးဇူးကြောင့် ရရှိထားသော အဆင့်မြင့် နိုင်ငံခြားဆေးပညာကို ပါရမီကုသိုလ်ဖြစ်အောင် "အကျိုးသိမြင်ဉာဏ်နှင့်ယှဉ်၍" အသုံးချကတတ်သွားပါသည်။

ဒေါက်တာဦးဦးကျော်–ခွဲစိတ်ဆရာဝန်ကြီး
ရန်ကုန်အလုပ်သမားဆေးရုံ။

* ဘုရားသာသနာနှင့် ကြုံကြိုက်တုန်း "ကုလားစာမသင်ဘဲ၊ ဘုရားစာသင်ပါ" ဟု လယ်တီဆရာတော်ကြီး၏ ဩဝါဒကို ဆုထူးပန်အဘိဓမ္မာကို လေ့လာပြီးမှပဲ ရှင်းလင်းသွားပါသည်။

ဦးထိန်လင်း၊ ရန်ကုန်

www.burmeseclassic.com